
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေဥဒေါင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ် ဩဂုတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

| | |
|---|---|
| သျှင်မ | ၈၉၅.၈၃ |
| ရွှေနဲ့ မြသား ဂဟေဆော်ထား၍/ သျှင်မ၊ | |
| ရန်ကုန်၊ ရွှေဥဒေါင်းစာပေ၊ ၂၀၁၅။ | |
| ၃၅၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။ | |
| (၁) ရွှေနဲ့ မြသား ဂဟေဆော်ထား၍ | |




## အခန်း (၁)

"သားက လူချောလေးပဲ .."

ပြုံးကြည့်နေသည့် မျက်နှာထက်မှာ မိတွေးတို့၏ ရာဇမောန်ကို တွေ့ရပေ။ ဖြူလွှသော ခေါင်းအုံးထက်မှာ ဆံနွယ်တွေ ဖရိုဖရဲဖြန့်ခင်းလျက် ဖြူဖျော့နေသည့် နှုတ်ခမ်းသားတို့က ရောဂါတာရှည်နေခြင်းကို ဖော်ပြနေကြ၏။

ပြုံးနေပေမယ့် အားနည်းသောအပြုံးတို့နှင့် ဖြစ်လျက် ...၊

"သားနာမည်က 'တင်ကိုကို' ဟုတ်လား .."

"ဟုတ်ကဲ့ .. အန်တီ .."

"ဟွန်း .."

အန်တီဆိုသည့်ခေါ်သံနောက်မှာ သူမ ပြုံးလိုက်ပုံက နွမ်းယဲ့ယဲ့ရှိနေခဲ့ပြီး ...၊

"နောက်ဆိုရင်တော့ မေမေလို့ခေါ်နော် သား .."

သူ့လက်ခုံပေါ်မှာ ထပ်အုပ်ကိုင်လိုက်သည့် နွေးထွေးမှုက ဟန်ဆောင်ထားသည့်မေတ္တာ၏ သက်ရောက်မှုတွေလား ...။

ဒေါ်နွေးနွေး က သူ့လက်ကိုဆုပ်ကိုင်၍ အပြုံးတို့နှင့် ငေးစိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့လျက် ..၊

"သားကိုလေ .. သားရဲ့အဖေက .."

"ငါ့သဘောထားကို မင်း ရှင်းပြနေစရာမလိုဘူး မွေး .."

ဦးမြတ်တင် က အပြင်သွားဝတ်စုံမည်ပုံစံနှင့် ဝင်လာကာ လက်မှာ နာရီကိုပတ်နေလျက်နှင့် ဒေါသတွေကဲ ကိုကို့ဆီမှာ တန်းမတ်စွာ ..၊

"မင်း ခုမှ ရောက်လာတာမဟုတ်ဘူး၊ လူနာမေးပြီး ပြန်မှာလည်း မဟုတ်ဘဲနဲ့၊ ရပ်ကြည့် လှည့်ပြန် လိုရင်းပဲလုပ်သွားတော့ .."

"အစ်ကိုရယ် .."

"မင်းအတွက်ပြောနေတာ၊ ခုမှ နလံထစ ကိုယ့်စိတ်ကို အေးချမ်း အောင်နေ .."

နှစ်ယောက်စလုံးကို တစ်ကြောတည်းအမိန့်ထုတ်ကာ ကိုကို ထွက်မသွားမချင်း စူးစိုက်ကြည့်နေ၏။ ကိုကို နေရာမှထကာ ဖအေကို တစ်ချက်ပဲမျက်လွှာပင့်ကြည့်သည်။

ဒါတောင် မျက်လုံးချင်းဆုံမိတဲ့အထိ မရောက်လိုက်ဘဲ ခေါင်းငုံ့ ပစ်မိရင်း ..၊

"ကျွန်တော် ခုပဲ သွားမလို့ပါ .."

"အဲဗာ .. သွားဆိုတာကို ထွက်သွားလိုက်ရင် ပြီးပြီ၊ ဘာကိုစွ အထွန့်တက်သေးတာလဲ .."

သူ တမ်းတခဲ့သော ချစ်လှစွာသော မွေးသဖခင်ကြီးပါ။

ကိုကို့မျက်နှာမှာ ဆွေးရိပ်သမ်းလျက် မချိတရိအံကြိတ်တာလည်း ရှိကာ ..၊

"ကျွန်တော်က ဖေဖေ့သားပါ ဖေဖေ .."

နာကျဉ်စွာ ရေရွတ်မိ၏။ ပြီးတော့ အပြင်ကိုတစ်လှမ်းချင်းထွက် လာခဲ့မိသည်။

ထိုစဉ် ဖုန်းက လက်တို့ခေါ်သလို မြည်သံပေးလာသဖြင့် ထုတ်ကြည့်



လိုက်မိ၏။ ပြီးတော့ ဖွင့်လိုက်ပြီး ..၊

"ပြော .. ညီ .."

"ခရီးသွားက ပြန်လာတာ အမောကိုဆို့သွားတာပဲကွာ ..၊ မင်း ဆော်တော်ပဲ သူဌေးသားဖြစ်ချင်တယ် ဟုတ်လား ကိုကို .."

"လျှောက်ပြောမနေနဲ့ .. ဘယ်လောက်ပြောပြော မေတ္တာတရားဆို တာ မင်း နားလည်မှာလည်းမဟုတ်ဘူး၊ မင်း သိတာ ငွေပဲ .."

"မင်းလည်း ငွေကြောင့် သွားနေတာပဲကွ၊ သူဌေးသားဖြစ်တော့ ကိုယ် မပင်ပန်းဘဲ ပိုက်ဆံသုံးရတာပေါ့ .."

"ကျွတ် .."

"ကျွတ်မနေနဲ့ .. မင်း ငါတားနေတဲ့ကြားက သွားတာ၊ ကိုယ့်သမိုင်း နဲ့ကိုယ်နေဘ်၊ တစ်သက်လုံးက ဘာမှမသိ လှည့်မကြည့်ခဲ့တဲ့ အဲ့ဒီဘိုးတော် ကြီးကို ကျွန်တော့်မှာ အမွှာညီရှိပါသေးတယ်လို့ လုံးဝ သွားမပြောလိုက် နဲ့ .."

"ပူမနေနဲ့ .. ပြောပြလည်း မင်းကို လှမ်းမယ့်သူမရှိဘူး .."

"မင်းကိုရော ရှိလို့လား .. ဟား .. ဟား .. ဟား .."

ဒီကောင် အဲဒီလိုရယ်နေတိုင်း အသည်းယားယားနဲ့ မျိုသိပ်နေခဲ့ရ တာ တော်တော်ခံရခက်လေသည်။ ဟိုတုန်းတည်းက ..။

'အေးပေါ့ .. မင်း ရယ်နိုင်တာပဲ ရယ်ပါ' လို့ပြောပြီး ချေပစရာ စကားလုံး ရှားပါးခဲ့ရတာလည်း သူပါပဲ။

"ဘာလို့တိတ်သွားတာလဲ .. မင်းရဲ့ ဝဲဘက်ရင်အုံကို ငါဘာနဲ့မှ လှမ်းမပစ်ဘဲနဲ့ ဟက်(ထ်)ကိုတည့်တည့်ထိသွားတာလား .."

"မင်း ငါ့ကို နှုတ်ပိတ်ဖို့လား .. ငါ့မှာ အလုပ်ကိစ္စတွေသွားဆို့နေ သေးတယ် .."

"ဟား .. ဟား .. ဟား .."

"ညီညီ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ – ကုလားထိုင်တွေ၊ ရုံးခန်းတွေ သွားထိုင်လိုက်ပါဦး၊ ဒါပေမယ့် လုံးဝ မောလိုက်နဲ့နော် …၊ ဦးမြတ်တင် ရဲ့ သားက မင်းတစ်ယောက်ပဲ…"

ပြောပြီးတာနဲ့ ဖုန်းချသွားတာ တီခနဲ …၊

ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ပြီး ကိုယ်ကိုင်ထားသည့် အိတ်ကို မြမ်းငုံကြည့်မိသည်။ ပြီးတော့ ညီညီ ရယ်သွားသည့်အသံကို ကြားနေမိ၏။

ဟုတ်တော့လည်း ဟုတ်ပါသည်။ သူ ဘာမှ နားမလည်သေးသည့် အလုပ်တွေကို ခုမှ ကျွမ်းကျင်သူတွေနဲ့ ရောယောင်ဆည်းပူးနေရတုန်းပါ။

ဒီကြားထဲ ဖေဖေ ရောက်လာလျှင် သူရွှေးသားရယ်လို့ မော်ကြွား ရမယ့်အဖြစ်ထက် ဖေဖေ့အကြည့် စကားသံတွေကြောင့် သူ့ခေါင်းအမြဲ ငုံ့နေရတာ ကြာရင် ခေါင်းမော့တတ်ခြင်းကိုတောင် မေ့သွားနိုင်၏။

"တစ်သက်လုံး ဒီတိုင်းပဲနေလာခဲ့တာ ကိုကို၊ မေမေလည်း ငါတို့ကို ဒီအခြေအနေနဲ့ပဲ ရှာကျွေးခဲ့တာ ခုမှ အဖေကို တမ်းတမနေစမ်းပါနဲ့…"

"တမ်းတတာမဟုတ်ဘူး ညီ … ငါတို့မှာ မေမေလည်းမရှိတော့ ဘူး၊ ဒေါ်လေးနဲ့ ဦးသူ ကလည်း ကျန်းမာရေးသိပ်ကောင်းကြတာမဟုတ် ဘူးလေ …"

"လူတွေက ပျင်းလာရင် နေမကောင်းဘူးပြောကြတာပဲ …"

မေမေဆုံးသွားတာနှင့် ဖေဖေ့ဆီကို သွားတွေ့ဖို့ သူပဲ စတင်စိတ် ကူးခဲ့တာဖြစ်သည်။ ဒေါ်လေးနဲ့ ဦးသူ တို့ကလည်း ဝမ်းသာအားရတိုက် တွန်းခဲ့တာမို့ ညီညီ နဲ့က တစ်ရန်တစ်ဆောင် …၊

"အဲဒီ ဖေဖေဆိုတဲ့ပုဂ္ဂိုလ်က မေမေ့ ဂုဏ်သိက္ခာကိုလည်း စော်ကား ခဲ့တယ်၊ ငါတို့ကိုလည်း မျိုးမစစ်ကောင်တွေလို့ သတ်မှတ်ပြီး ဖြတ်တောက် ထားခဲ့တာ၊ ငါကတော့ အဲဒီပုဂ္ဂိုလ် ကမ္ဘာ့အချမ်းသာဆုံး နံပါတ်တစ်ဖြစ် နေရင်တောင် ပြန်လှည့်မကြည့်ဘူး …"

"ငါကလည်း အဲဒါကို ရှင်းပြချင်တာ၊ မေမေနဲ့ ဦးချိုအေး ဆိုတဲ့လူကြီး ကို ဖေဖေက …"



"နေပါဦး … မေမေနဲ့ ဦးချိုအေး ဘာမှ ဟုတ်တာမဟုတ်တာ ကိုကို က ဘယ်လိုသက်သေတွေနဲ့ သွားရှင်းမှာလဲ …"

"ဟာ … မင်းပြောပုံက မေမေကပဲ …"

"မေမေ ဟုတ်ဟုတ်မဟုတ်ဟုတ် မေမေမှ မရှင်းခဲ့တာ၊ ဒါကို ရှင်းလင်းပေးပြီး အမေ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်ပေးကြပါ သားတို့ ရယ်လို့ မှာသွားခဲ့တာရောရှိလား …"

"ညီညီ …"

"ပြောပြတာ … ငါတို့အမေကို ငါတို့ယုံကြည်တယ်၊ ဟိုအရင်တည်း က ခုချိန်ထိ လေးစားမပျက်ဘူး၊ ပတ်ဝန်းကျင်မှာလည်း မေမေ သူ့ဂုဏ် သိက္ခာနဲ့သူ အေးဆေးခေါင်းချသွားတာ …"

"ဒါက မအေတွေပဲ ညီ …၊ လူကြီးတွေ ထိန်းသိမ်းချုပ်တီးသွားမေ မယ့် သားသမီးတွေက သိတတ်ရမှာပဲ …"

"ခေါင်းစဉ်ကတော့ လန်းတယ် …"

"ငါတို့လည်း လန်းသင့်တာပဲကွ …၊ ဖေဖေ့မှာ သားသမီးလည်း မရှိခဲ့ဘူး၊ တဖြည်းဖြည်းချမ်းသာလာတာ တိုက်တွေခြံတွေလည်းအများ ကြီးပဲ …"

"အဲဒီတော့ ကျွန်တော် သားကြီးသြရသပါဆိုပြီး အမွေသွားတောင်း မယ်ဆိုပါတော့ …"

"တောင်းစရာမလိုဘူးလေ … ဆက်ခံမယ့်လူက ငါတို့ပဲရှိတာ –"

"မင်းပါပဲ … အဲဒီထဲမှာ ငါ မပါဘူး၊ မင်းဘာသာ ဆက်သွယ်ဖို့ ကြိုးစားချင်ရင် ကြိုးစား၊ ငါ့ကို လုံးဝဆွဲမထည့်နဲ့…"

"စဉ်းစဉ်းစားစား ပြောနော် … အမွေဆိုတဲ့ အသံကြားမှ …"

"မလိုဘူး ကိုကို – ငါက ပုဆိုးနိုင်အောင်ဝတ်တတ်ပြီးကတည်းက ကိုယ့်မုန့်ဖိုး ကိုယ်ရှာနိုင်တယ် …"

"ဘာလဲ … ဂျင်ပေါက်၊ ဘောကန်ပြီး လောင်းကြေးတွေနဲ့လား –"

www.burmeseclassic.com

www.burmeseclassic.com



"ရေလိုက်ငါးလိုက်ရင် ရေပေါ်လာဖို့ပဲ .. ဘယ်လို ရလာသလဲဆိုတာ မလိုဘူး .."

"ဥပမာတွေက လှပေမယ့် လက်တွေ့နဲ့ယှဉ်ရင် အံဝင်ခွင်ကျ သိပ်မဖြစ်တတ်ဘူးကွ၊ လူ့ဘဝမှာ ဂုဏ်သိက္ခာက ပိုအရေးကြီးတယ်၊ ဒါကြောင့် ငါ ဖေဖေ့ဆီကို သွားမယ် .."

"သွားပေါ့ .. မင်းက 'ဝင်ကစွပ်' ကောင်ပဲ .."

"ဘာ .."

"ဝင်ကစွပ်ကောင်တွေက ကိုယ်ပိုင်အခွံမရှိကြဘူးလေ၊ ဘယ်လို ခရုခွံပဲတွေ့တွေ့ ဝင်စွပ်နေလိုက်တာပဲ .."

"ညီနော် .. မင်း ငါ့ကို စော်ကားနေတာ .."

"ပြောပြတာပါ၊ မင်း ဒီမှာနေလည်း မေမေရှိတုန်းက မေမေ၊ ဖေါ်လေးတို့ ရောင်းဝယ်နေကြတော့လည်း အဆင်ပြေ၊ ခုတော့ လူကြီးတွေလည်း ငြိုင်းလာပြီ .."

"ညီညီ .."

"ဟား .. ဟား .. ဟား .. စိတ်လျှော့ဦး .. ပြောပြတာ .."

မနေ့တစ်နေ့က အဖြစ်တွေပေမယ့် ဒါတွေပဲ အမြဲတမ်းကြားလာခဲ့ရတာမို့ အတိတ်လို့ ခေါ်နိုင်သလို ပစ္စုပ္ပန်မဟုတ်ခဲ့တာလည်း သေချာပါသည်။

အဘယ့်ကြောင့်ဆိုလျှင် နောက်ထပ်ပြီး ဒီလိုစကား၊ ဒီလိုရယ်သံတွေကို ထပ်ကြားရစရာအကြောင်းမှ မရှိတော့ဘဲ ..။

ညီညီ့ကိုချစ်ပေမယ့် ဒီလို စကားတွေကြောင့် နာကျင်ခဲ့ရတာတွေကို မမေ့နိုင် ..။

ကြားနေခဲ့တုန်းက လွယ်လွယ်ကူကူပျောက်ပျက်သွားတတ်ကြပေမယ့် မကြားရတော့သည့်အခါမှာ နောက်ထပ် ဘယ်တော့မှ မကြားလိုတော့ခြင်းက ရင်မှာကျန်ရစ်သည့် အနာတရတို့ကို ဖွင့်လှစ်နေခဲ့လေသည်။

"အစ်ကိုလေး .."



အိပ်မက်ထဲမှာလို အတွေးများနှင့် တလှမ်းချင်းလှမ်းနေသည့် သူ့ဆီးကို ဒရိုင်ဘာရောက်လာ၏။ သူ့ကိုခေါ်ပြီး လက်ထဲက အိတ်ကို တရိုတသေလှမ်းယူသည်။

ပြီးတော့ ကမန်းကတန်းလှည့်သွားပြီး ကားတံခါးကိုဖွင့်ထားပေး၏။ သူ ဝင်ထိုင်ပြီးမှ ပြန်ပိတ်လိုက်သော ခပ်သိမ့်သိမ့်တံခါးပိတ်သံက ညီကြောင့် ပူလောင်နေသည့် သောကအလွှာကို တံခါးရဲ့အပြင်မှာ ခွာချ စည်းခြားပစ်လိုက်သလိုပင် ..၊

ကားထဲမှာ ဆိုဖာတွေမှာ မွေးပြီးအိနေသည်။ လေအေးစက်က စိမ့်စိမ့်လေး အေးစေလျက် ဆီးကြိုနေ၏။

"ငါက အလုပ်မလုပ်ချင်တာမဟုတ်ဘူးကွ ..၊ တစ်နေ့သူဌေးဖြစ်မယ့်ကောင်၊ ကားနဲ့ ဒရိုင်ဘာနဲ့ အေးစိမ့်နေတဲ့ ရုံးခန်းထဲမှာ တကာယ့်ဂရိတ်(ထ်)စတိုင်နဲ့ ထိုင်မယ့်သူ .."

"ဆုတောင်းလေ .. မီးရှူးမီးပန်းတွေတောင် ဖောင်းခနဲပွင့်ပြီး ကောင်းကင်မှာ လှလှပပဖြာထွက်သွားတာ ဘာကြောင့်လဲ ..၊ မီးရှို့ခံရလို့လေ၊ ပူပူလောင်လောင်နဲ့ လွင့်ထွက်သွားရှာတာ မမြင်ကြဘူး၊ လှလိုက်တာဆိုပြီး မော့ကြည့်ကြတာပဲရှိတာ .."

"မင်း ပြောသလိုပဲပေါ့ကွာ .. အဲဒါ မီးရှူးတစ်စရဲ့ဘဝပေါ့၊ လှလှပပ ပေါက်ကွဲသွားဖို့ပဲလိုတာ၊ မီးရှို့တာပြောကျတာ ငါတို့အလုပ်မဟုတ်ပါဘူး .."

"အောင်မြင်မှုတိုင်းမှာ ရင်းနှီးမှုဆိုတာရှိတယ်၊ အခု မင်းအသာလေးရမယ်ထင်တဲ့ သူဌေးသားဘဝကို အသာလေးမရနိုင်ဘူးဆိုတာ ငါပြောရဲတယ် .."

"ဒါကတော့ ရှင်းရလင်းရမှာတွေတော့ ရှိတာပေါ့ .."

"ဟား .. ဟား .. ဟား .. လုပ်ကြည့်လေ ကိုကို၊ ငါကြားတာတော့ မင်း မျှော်လင့်နေတဲ့ ပုဂ္ဂိုလ်ကြီးက လောဘ,ဒေါသ, ခေပာတွေနဲ့ ပြည့်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ကြားနေတယ်ဆိုပဲ ..."

"မင်းပြောတဲ့အတိုင်းပဲလေ၊ အောင်မြင်ဖို့အတွက် ရင်းနှီးရမှာပေါ့"

"လုပ်စမ်းပါ .. ကိုယ်ပိုင်ဒိုင်ယာလော့လေး ကြားချင်တယ်၊ တစ်ခါလောက် .."

ညို ဝါးစင်က သူ့ဘက်က အမှားထောက်ပြီး နိဗ်ကွက်ဖို့ဆို ဘယ်နေရာမှ မလွှတ်ခဲ့ပေ။ သူကလည်း သူပါပဲ .. ငယ်စဉ်ကတည်းက ဒီအရွယ်ထိ ကျောင်းနဲ့အိမ်ရယ် အကြောင်းကိစ္စနဲ့သွားလာဖို့ရယ်ကလွဲပြီး စီးပွားရေး ကြံ့ပွားရေးတွေအတွက် စဉ်းလည်းမစဉ်းစား၊ လှုပ်ရှားသွားလာဖို့ဆိုတာ အဝေးကြီးပင် .."

မေမေရှိတုန်းက အထည်ဆိုင်ဖွင့်ထားခဲ့သည်။ တစ်ဖက်မှာလည်း ချုပ်ထည်တွေရောင်းသေးသည်။ ပြီးတော့ ရစ်ကွက်ထဲမှာ ရွှေတိုရွှေစ ဈေးနည်းလေးတွေ အပေါင်ခံထားတာလည်းရှိသည်။

နောက်ပိုင်းမှာ ကျန်းမာရေး မကောင်းတော့ဘဲ အထည်ဆိုင်မထွက်နိုင်တော့သည့်အထိဖြစ်လာခဲ့၏။ ထိုမှစ၍ တစ်ခုပြီးတစ်ခု ဖြုတ်လိုက်ရတာ ကျန်းမာရေးအတွက် လုံးဝနားလိုက်ရသည့်အခါမှာ အားလုံးဖြုတ်ပြုန်းခဲ့၏။

ညီညီက စာလည်းတော်သည်။ ဉာဏ်လည်းကောင်းသည်။ ငယ်ငယ်တည်းက ဘယ်အလုပ်မှာဖြစ်ဖြစ် သူ ဝင်ပါတတ်ကာ လူချစ်လူခင်လည်းများသည်။

အိမ်မှာဆို တောက်တိုမယ်ရ ဘာမဆို 'သားငယ်ရေလာပါဦး'၊ 'အငယ်ကောင်ရေ' စသဖြင့် သူပဲမပါရင် မပြီး။ လျှပ်စစ်မီး၊ ရေစက်၊ မီးစက်၊ တီဗီ ဘာမဆို နိုက်တတ်ချွတ်တတ်လေးရှိသဖြင့် အလွယ်တကူ ခေါ်ကြည့်နိုင်ကြပေမယ့် 'မုန့်ဖိုး လက်ဖက်ရည်ဖိုး' ဆိုတာတွေထွက်လာတတ်၏။

ထို့နောက်မှာတော့ ဘာပြင်ရင် ဘယ်လောက်ဆိုသည့် လက်စား



အဆင့်ဖြစ်လာသည်။ ကားတွေသောက်သောက်လဲပေါများလာသည့်အချိန်မှာလည်း သူက ကျွမ်းကျင်အဆင့်နှင့် ဆရာကြီးဖြစ်နေပြီမို့ ညီတို့ ခေတ်က အောင်မြင်မှုတွေနှင့် ဝေဝေဆာဆာ ...။

ထို့ကြောင့် တစ်လျှောက်လုံးမှာ သူ့သာလျှင် 'အကြီးဖြစ်ပြီး သုံးစားမရတဲ့ကောင်' ဆိုသည့်နေရာကို အလိုလိုရောက်လာခဲ့၏။

ဘယ်သူကမှ လက်ညှိုးမထိုးကြပေမယ့် သူ ခံစားနားလည်လာခဲ့တာ အဲဒီအတိုင်း ...။

"မင်းလည်း ကျောင်းပြီးနေပြီလေ ကိုကိုရယ် .. အလုပ်လေးဘာလေး ရှာပါလား .."

ဒေါ်လေးက စတင်တိုက်တွန်းပြီး ကဲ့ရယ်စပြုခဲ့သည်။

"ငါ့မှာလည်း စက်ချုပ်ရတာ ခါးချိတော့မယ်၊ ခုခေတ်မှာ ဒီနိုင်ငံမှာ လက်ရာတွေချည်း သောက်သောက်လဲခေတ်စားနေတာ၊ ငါတို့ချုပ်တဲ့ ပုံတုံးတွေက သိပ်မတိုးချင်တော့ဘူး .." ဆိုတာက တစ်မျိုး ...၊

"ငါလည်း အဆင်မပြေဘူး ကိုကိုရေ .."

လို့ ဦးသူ ကလည်း အိမ်ရှေ့ကနေ လှမ်းအော်တာတွေ ခဏခဏ...။

"ကားတွေဘာတွေ မောင်းတတ်ရင်လည်း အကောင်းသား၊ စပေါ်လေးရှာပြီး တက္ကစီဆွဲရင် သိက္ခာလည်းရှိ၊ ပိုက်ဆံလည်းရ ...၊ ခုတော့ စက်ရုံမန်နေဂျာဆိုတာ ဘာများတိုးတက်မှုရှိလို့လဲ၊ တခြားမန်နေဂျာတွေ ဝင်ငွေဖြောင့်နေကြတာတော့ အားကျပါရဲ့၊ ဒါပေမယ့် ငါက သတ္တိမရှိဘူး၊ ငါက မိုးစားတာဆို ရေတောင်အရိုးစူးတဲ့ကောင် .."

ဦးသူ က သဘောကောင်းပါသည်။ အဒေါ်ရင်းကသာ တစ်ခါတစ်ခါ ဆူပူညည်းညူတတ်ပေမယ့် ဦးသူ က ပြုံးစွနေသည့်ပုံစံနဲ့ ဘာပဲတော့မှ မဆက်ဆံ ...၊

သူက ပြောပြီဆို သူပြောချင်တာကို အစအဆုံးပြောသွားတတ်တာ ပဲရှိကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"အငယ်ကောင်ကလည်း 'အစ်မ' အတွက် ဆေးဖိုးကုန်နေတုန်းက ထောက်ပံ့သေးတယ်၊ အစ်မလည်းဆုံးသွားရော အိမ်ကိုလှည့်ကို မကြည့်တော့ဘူး၊ ယောကျ်ားလေးမို့ မသိတတ်တာလား၊ သူ့ရှာတာ သူ မလောက်ဖြစ်နေတာလား မသိပါဘူး .."

"သူက အိမ်ကိုမကပ်တာ ဘယ်လိုလုပ်ပြောမလဲ .."

ဒေါ်လေးကလည်း ညီ ကိုဆို ပိုဆိုးသေးသည်။

"အငယ်ကောင်ရယ် .. နင့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့ရတာ ငါဖြင့် ဝမ်းရေစပ်ပါ့ .."

"ဝမ်းရေစပ်ရမယ့်သူက မရှိတော့ဘူး၊ စပ်စရာမရှိတာကို စပ်နေဖြန်ပြီ .."

"ဟဲ့ .. ငါက မမွေးခဲ့ရပေမယ့် နင်တို့လောက်လောက်လားလား သွားလာတတ်တဲ့အထိ ချီပွေ့ထိန်းကျောင်းခဲ့ရတာ၊ ခုလည်း မမ မဆုံးခင်တည်းက လာနေခဲ့တာလေ .."

"ဒေါ်လေးတို့ အိမ်မီးလောင်သွားတာ ပြန်ဆောက်စရာမရှိလို့ မဟုတ်ဘူးလား .."

ညီက ဤကဲ့သို့ တစ်ခွန်းမှ နောက်ကျမခံတဲ့သူ ..၊

"အစ်ကိုလေး ရောက်ပြီ .."

"ဟင် .."

ကိုယ့်အားမှာ တံခါးတောင်ဖွင့်ပေးထားပြီဖြစ်သည်။ သူ ငုတ်တုတ်မှေနေတုန်း ..၊

အောက်ထပ်ကနေ အပေါ်ကိုတောက်လျှောက်တက်လာခဲ့လျှင် လေ့ကားတစ်ဆစ်ချိုးကို ကွေ့တက်လိုက်တာနှင့် ဦးကျော်ညွန့် တို့လူစုကို တစ်စုတစ်ဝေးတည်း ရင်ဆိုင်လိုက်ရကာ ..၊

"ငါတို့ သူဌေးသားက နောက်ကျနေတာကိုး၊ ဒီနေ့ ရုံးချုပ်မှာ အစည်းအဝေးရှိတယ်နော် .."



"ဗျာ .."

"မင်းကို စီနီယာလုပ်ခိုင်းထားတဲ့ ပရော့ဂျက် တစ်ခါတည်းတင်ရမှာ .."

"အန်ကယ်ကျော် .."

လျှောက်ထွက်သွားကြကာမှ ပြန်လှည့်ကြည့်ကြတော့လည်း အုပ်စုလိုက် ..၊

"ကျွန်တော့်ကို မီတင်တက်ရမယ်လို့ စီနီယာက မပြောထားဘူး"

ဦးကျော်ညွန့် က ရယ်ပြီး ပြန်လှည့်လာကာ တခြားလူတွေတပြုံးပြုံး ..၊

"မီတင်ရှိတာကို တစ်ရက်နှစ်ရက်ကြိုပြောထားတာ မဟုတ်ဘူးလေ၊ ဒီမနက်မှ ဥက္ကဋ္ဌက မက်ဆေ့ချ်ပို့လိုက်တာ .."

"ဖေဖေက .."

"ဟုတ်တယ် .."

ပြုံးသွားသည့်မျက်နှာတွေက 'ဒီကောင်တော့ကွဲပြီ' လို့ ပြောသွားကြသလိုလို ..၊

သူရောက်တာမှ တစ်ပတ်ပဲရှိသေးသည်။ 'မင်း လေ့လာရမှာတွေ အများကြီးပဲနော်' လို့ စီနီယာကလည်း ပြောသည်။ သူလည်း လေ့လာနေတာပဲ ..၊

ဒါပေမယ့် ဘာမှမသိသေးဘဲ ဘာကိုပရော့ဂျက်လုပ်ရမလဲ၊ ခုလုပ်ထားတယ်ဆိုတာတွေက စီနီယာပဲ ဦးဆောင်စုဆောင်းထားခဲ့တာကို ကိုယ်က ကိုယ်တိုင်လုပ်ထားသလို ဘယ်လိုပြောရမလဲ ..၊

ဒီပရော့ဂျက်ကို ဘယ်လိုရှင်းပြရမလဲ ..၊

"ဆရာ .. ဆရာ့ လက်ပ်တော့ပ် ပြင်ပြီးသွားပါပြီ .."

"ဟင် .. ဪ .."

ကြောင်တောင်တောင် ခေါင်းညိတ်လိုက်သည်။ ရုံးခန်းထဲဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ ဘေးခွဲနောက်ထိုသွားခဲ့ပြီး လှပ်ကုလားထိုင်နားမှာ ရပ်နေမိပြန်သည်။

တင်ကိုကို … မင်း ကြောင်မနေနဲ့၊ အသုံးမကျဘူးဆိုတဲ့ အသိတွေ ရောက်ဝင်လိုက်တော့ …၊

ရှက်ရှောင်ကုပ်အကြိတ်၍ ကုလားထိုင်မှာ ခြေညားစွာ ထိုင်ချလိုက်သည်။

"ကဲ … ပရောဂျက်ကို ပြန်ဖွင့်ပြီး မြန်မြန်ကြည့်လိုက်စမ်း …"

ကိုယ့်စိတ်ကိုတင်းပြီး လက်ပ်တော့ပ်ကိုဖွင့်လိုက်၏။

"ဟား … ဟား … ဟား …"

ညို ရယ်သံကြီး ကိုယ့်ဘာသာ အမှတ်ရလိုက်ပြီး လူက တောင့်ခနဲ ဖြစ်၏။

ခွေးသူနိုးလေး မင်း နောက်ထပ်မရယ်ရစေဘူး …၊



## အခန်း(၂)

"ဟော့ … ဘာဖြစ်နေတာလဲ …"

ကားပျက်လို့ စိတ်ညစ်နေတုန်း ဖေဖေ့ကားကို တွေ့လိုက်တော့ ဝမ်းသာသွားသည်။ ပြီးတော့ ဖေဖေနဲ့အတူတူ ကားစီးရဖို့ အခွင့်အရေးလည်းရှိလာတာမို့ …၊

"ကားပျက်နေလို့ ဖေဖေ …"

"ငါ မြင်တယ်လေ …"

ကားပေါ်ကဆင်းလာပြီး သူ့မျက်နှာကိုကြည့်၍ ပြောသွားသေးသည်။ ပြီးမှ ဒရိုင်ဘာ မြေးလာတာကို ခါးထောက်ကြည့်နေပြီး …၊

"ပြော … ဘာဖြစ်သွားတာလဲ …"

"တဖြည်းဖြည်း လေးလာပြီး ထိုးရပ်သွားတာ သူဌေး၊ ကျွန်တော် အပြစ်ရှာတာလည်း မတွေ့ဘူး …"

"တွေ့တွေ့မတွေ့တွေ့ မင်း အပြစ်ရှာနေတုန်း သူများက အပြစ်မမြင်အောင် စုံမီးဖွင့်ထားလိုက်လေ …"

www.burmeseclassic.com



ဦးမြတ်တင် က လမ်းမပေါ်ကနေ ရှေ့နောက်လှမ်းကြည့်ပြီး ...

"လမ်းလယ်ခေါင်မှာ ဆင်းပြီး ထင်တိုင်းလုပ်နေရလား၊ အမြေ့ကြည့်လို့ မတွေ့ရင် ဝပ်စ်ရှော့ကို ဖုန်းဆက်ရမယ်ဆိုတာတော့ နားလည်မှပေါ့ ..."

ဦးမြတ်တင် က ဖုန်းဆက်နေတုန်း ဒရိုင်ဘာက မီးတွေပြေးဖွင့်သည်။ လမ်းပေါ်မှာ ကားကို တခြားကားတွေ ကွေ့ရှောင်သွားနေကြတော့ ကိုကို့ မျက်နှာ စိတ်ပျက်စွာမဲ့၏။

လမ်းဘေးတစ်နေရာမှာ လွတ်လွတ်ကင်းကင်းနေရာယူထားပြီး ဖြစ်သော ဦးမြတ်တင် ရဲ့ မီးခိုးရောင် ပရာဒိုကို လှမ်းကြည့်ရင်း မျက် မရဲတွေလည်း ဖြစ်နေခဲ့၏။

လမ်းလယ်မှာ ကားပျက်ကြီးကို ဝိုင်းရံပတ်ခွေပြီး ရပ်စောင့်နေရမယ့် အစား နောက်တစ်စီးပေါ် ပြောင်းတက်ပြီး ခန့်ခန့်ညားညားပြန်သွားရ အရှက်ပြေသေးသည်။

အဖြူရောင် ကားလှလှလေးပေါ်က ကောင်မလေးနှစ်ယောက် သူ့ ကို လှမ်းကြည့်ပြီး ရယ်သွားကြသည်။ ကားပျက်ရတာတောင် ကား အကောင်းစားဆို တော်သေးသည်။ ခုတော့ အဖြူရောင်တောင် မပီပြင် တော့သည့် ခရောင်းနက်ကား ခပ်စုတ်စုတ်လေး ...၊

အိမ်က ဂိုဒေါင်ထဲမှာ အနက်ရောင်ကားအသစ်တစ်စီးရှိသေးသည် ဒါကိုတော့ ဘာဖြစ်လို့ စီးခွင့်မရှိရတာလဲ ...။ ဖေဖေ ကိုယ်တိုင်က အ အမှတ်မပြုနိုင်တဲ့ သားဖြစ်နေလို့လား၊ ဒါမှမဟုတ် ရောက်ကာစမို့ အတွက် နေရာတကာ ဂရုမစိုက်ခဲ့တာလား ...၊

ရောက်ကာစကတော့ ကိုယ်ပိုင်ကားပေါ် ထိုင်လိုက်ရသည့် ဗီလ



နဲ့ လူက မြောက်ကြွနေသလိုပင် ...။ ဒါပေမယ့် ခုကျတော့ ဒီကား သူ့ကို အရှက်ခွဲတာ နှစ်ကြိမ်နှစ်ခါ ...။

ကားလဲပေးဖို့ မပြောရဲပေမယ့် ...၊

"ဂျီး .."

"ဟာ .."

"ထိပြီဟ .."

"ဟော့ .. ဟော့ .. ရပ်စမ်း"

ကိုယ့်ကားကို တခြားကားက ချိတ်သွားသဖြင့် ဖုန်းဆက်နေရာ ကနေ ဦးမြတ်တင် ဒေါသတကြီးလှည့်လာ၏။ တစ်ဖက်ကားက ခေါင်း တိုဖင်တိုကားလုံးလေးဖြစ်ကာ စီးရောင်အသစ်လေး ...၊

"မင်းက ပျက်နေတဲ့ကားကို ဝင်ချိတ်တယ်ဟုတ်လား .."

"ခင်ဗျားတို့က ကားလည်းရပ်ထားသေးတယ်၊ လူတွေကလည်း လမ်းပေါ်မှာ၊ ကားရော လူရော လွတ်အောင် ရှောင်ရတာလွယ်မလားဗျ.."

အသက်သုံးဆယ်လောက်လူက ကားနောက်မြီးဘေးမှာရပ်နေသည့် ကိုကို့ကို လှည့်ကြည့်ပြီး သူကပဲ ဒေါသတွေကြီးနေကာ ...၊

"ကျွန်တော့်ကားက ဝယ်လာတာ သုံးလပဲရှိသေးတယ် .."

"အောင်မာ .."

"ခင်ဗျားကား ဘေးပဲပွန်းတာ၊ ကျွန်တော့်ကား မီးလုံးကွဲသွားပြီ"

"မီးလုံးပဲကွဲကွဲ ခေါင်းပဲကွဲကွဲ မီးတွေဖွင့်ပြီး အချက်ပြထားရဲ့ သားနဲ့ ... ဒီမှာ ဆော်ဒီပြန်ထုရတော့မယ်၊ ဆေးတွေလည်း ပွန်းကုန်ပြီ."

"အဲဒါ ဘာလုပ်ပေးရမလဲ .. ကျုပ်က မီးလုံးကွဲကုန်တာ၊ ခင်ဗျား ကတောင် ပြန်လျော်ပေးသင့်သေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .."

"သူခွေး .. သူခွေး .."

နှစ်ယောက်ရင်ဆိုင်မိသည်နှင့် ဒရိုင်ဘာက ပြေးဝင်တားကာ ကိုကိုကလည်း ဦးမြတ်တင် လက်တစ်ဖက်ကိုဆွဲ၍ ..၊

"လမ်းပေါ်မှာ တော်ပါတော့ ဖေဖေ .."

"ဖယ်စမ်း .."

ဦးမြတ်တင် က ကိုကို့ လက်ကို ဖယ်ချပစ်ကာ မျက်နှာကို စူးစိုက်ကြည့်၏။ ပြီးမှ ဆတ်ခနဲ လှည့်ပစ်ကာ ..၊

"မင်း ငါ့ကားကို လျော်မပေးရင် ဒီနားက တစ်ဖဝါးမှခွာဖို့ စိတ်မကူးနဲ့ .."

"ဟာဗျာ .. ခင်ဗျားက လွန်တာကို .."

"လွန်တယ်ထင်ရင် မင်း သွားလိုက်လေ .."

ဟိုလူ လက်ခါခေါင်းခါနှင့် ရှုံ့ရှုံ့ရှားရှားတွေဖြစ်သွား၏။ လူတွေလည်း ဝိုင်းအုံလာပြီဖြစ်ကာ မကြာခင် ရဲပါလာတော့မှာကို အားလုံးသိနေ၏။

ဖေဖေ့ကိုပဲ ကိုကို အုံ့ဩပြီးရင်း အုံ့ဩနေတော့သည်။ ပြောရမယ်ဆို သားအရွယ် တူအရွယ်လောက်နဲ့ ဖေဖေ ရန်ဖက်ဖြစ်နေတာပါ။

ပြီးတော့ ဒီလျော်ကြေးရမှ ကိုယ့်ကားကို ပြန်ပြင်နိုင်မယ့် အခြေအနေမျိုးလည်း မဟုတ်ဘဲနဲ့ လူတွေဝိုင်းအုံကြည့်နေတာကိုလည်း ဂရုမစိုက် ..၊

ဒီလူရွယ် လူငယ်ပီပီ ငါ့ကို ပြန်ထိုးသွားမလားဆိုတာလည်း မတွေးတာလား၊ ဂရုမစိုက်တာလား၊ ဒီနေ့အဖြစ်ကိုတော့ သူ တကယ်ကို မွေ



တော့ပါ။

ညနေ ဒရိုင်ဘာက ကားရေဆေးရင်း ရယ်မောရင်းနှင့် ..၊

"အစ်ကိုလေးက အံ့ဩနေတာလား၊ သူခွေးက အဲ့ဒီအတိုင်းပဲ။ သူ မှန်တယ်ထင်ရင် ဘယ်တော့မှ အလျှော့မပေးဘူး၊ သတ္တိရှိတယ်၊ အတ်မြက်တယ်၊ လိုက်လျောစရာရှိရင်လည်း သူခွေးလောက် ရက်ရောတာမရှိဘူးနော် .. အဲဒါ တကယ်၊ ကျွန်တော်တို့ကတော့ သူခွေးကို ချစ်တယ်၊ လေးလည်းလေးစားတယ် .."

သူ ကျေနပ်မိပေမယ့် ဒါတွေစိတ်ထဲကပါလို့ ပြောတာဟုတ်ရဲ့လားလို့တော့ တွေးခဲ့မိ၏။ ဘာပဲဖြစ်ဖြစ် အသက်အရွယ်အရဆို ဒါက ကလေးဆန်လွန်းတာမဟုတ်ဘူးလား ..။

ရန်ဖြစ်ခြင်းက ရှက်စရာလို့မြင်ခဲ့သည့် သူ့အတွက် ကိုယ့်လောက်တောင် ဖေဖေက သည်းခံထိန်းချုပ်နိုင်စွမ်းမရှိခဲ့သလိုလို ..၊

ဒါဆို ဘယ်သူမှားနေတာလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘယ်သူမှ မမှားဘူး ညီညီ .."

"ကျွန်တော်ပဲ မှားတာပေါ့ .."

"ဟုတ်တယ်၊ ရန်ဖြစ်တယ်ဆိုတာ ချိတ် (ဂျိတ်)ချိတ်ချင်းမို့ ချိတ်မိတာ၊ ဘယ်သူကစစ မခံနိုင်လို့ ပြန်လုပ်တယ်၊ စတဲ့လူက မခံနိုင်အောင်စလို့ပဲ မဟုတ်ဘူးလား .."

"ဟား .. ဟား .. ဟား .."

ညီက အင်္ကျီလဲရင်း ရယ်နေကာ ဒီဘက်လှည့်လာတော့ ဘီးကိုင်လျက်နှင့် ဖြစ်ကာ ..၊

"ဖြစ်ကြောင်းကုန်စင်တွေ စိတ်ဝင်စားမနေပါနဲ့ ဦးသူ ရာ၊ ဒါရုံးတင်စစ်ဆေးရမယ့်ကိစ္စလည်းမဟုတ်ဘူး၊ ကျွန်တော့်ကြောင့် ဦးသူတို့လည်း ဇွဲဆုပ်ဝိုက်ပြီး လိုက်ရှင်းဖို့မလိုဘူး .."

"ဟိုဘက်က လာတိုင်တာကျတော့ ငါတို့ကိုလေ .."

ဒေါ်နုရီ က အခန်းထဲဝင်မလို့ဟာ မဝင်ဘဲ ပြန်လှည့်လာ၏။

"ညီညီ ရယ် .. နင် လက်ရဲဇက်ရဲလုပ်တတ်တာတွေ ဆင်ခြင်စမ်းပါ၊ ပြောတော့ နင် လူပေါင်းစုံထဲမှာ ဝင်ဆုံနေပြီဆို .."



"ဘယ်သူပြောတာလဲ .."

"အားလုံးပြောကြတာပဲ .. နင့်လောက် ပေါင်းသင်းဆက်ဆံရေးကောင်းတာမရှိဘူး၊ နင့်လောက်လည်တာလည်း နင်ပဲ .."

"ဒါဆို မှတ်ထားလိုက်ပေါ့၊ ဗုဝ်ရင်ပေါတယ် ဟုတ်ရင်ကျော်တယ် .."

"ငါတို့ပြောတာတွေကိုတော့ နင် ဝန်ခံတယ်ပေါ့ .."

"ဟုတ်တယ် .. နာမည်ကျော်ဖို့ဆိုတာ ကျော်ချင်တိုင်း ကျော်လို့ရတာမဟုတ်ဘူး၊ လူရှိန်တယ်ဆိုတာမှာလည်း အမျိုးမျိုးသော အကြောင်းတွေရှိသေးတယ် .."

"လူမိုက်တွေကို လူတိုင်းကြောက်တတ်တာပဲ၊ မင်းက အဲဒါမျိုးကိုရယူနေတာလား .."

"လူမိုက်မဟုတ်ဘဲ ကြောက်နေတာကို လူရှိန်တယ်လို့ခေါ်တယ်၊ အဲ့ဒါ ဆေးသားညီ .."

ဒေါ်နုရီ တရားကျသည့်အကြည့်တွေနဲ့ ခေါင်းညိတ်လေသည်။

"ငါတော့ နာမည်ကသာ ဆေးသားညီ လို့ထင်တာပဲ .."

"ဟား .. ဟား .. ဟား .."

"ရယ်ပေါ့ .. မင်းအစ်ကို အဲဒီရယ်သံတွေကို မုန်းလွန်းလို့ ထွက်သွားတာလည်း ဖြစ်နိုင်တယ် .."

"ဟုတ်မှာပေါ့ .. ကျွန်တော်က အမြဲတမ်းရယ်နိုင်တဲ့သူ၊ သူမှ မရယ်နိုင်တာ .."

ဦးသူအောင် က ရယ်မလိုပြုံးမလိုကြီး လှည့်ကြည့်ပြီး ခေါင်းကုတ်၏။

ညီ က ဘီးနဲ့ဆံပင်တွေကိုဖြစ်သလို ဟိုခြစ်ဒီခြစ် ဖိသပ်ချပြီး ဘီးကိုမှန်တင်ခုံပေါ် လှမ်းပစ်တင်၏။

"ဒေါက် .."

"ဟဲ .. ဟဲ .."

www.burmeseclassic.com

www.burmeseclassic.com



မှန်နဲ့ စင်ကလေးက ကိုယ့်ခေါင်းနားမှာမို့ ဒေါ်နုရီ ခေါင်းကိုလက်နဲ့ထောက်ပြီး အလန့်တကြားထအော်သည်။

ပြီးတော့ ဒေါ်သာတွေကြီးကာ ..။

"ညီညီ နင် လုပ်လိုက်ရင်လေ .."

"ဘာမှမဖြစ်ဘူး၊ အဲဒီနေရာကို နောက်ပြန်ပစ်လို့တောင်ရတယ်၊ ပစ်ပြရမလား .."

"ဟား .. ဟား .. ဟား .."

"ဩော် .. ရှင်ကပါ ရယ်တယ်ဟုတ်လား .."

ဦးသူအောင် က ရယ်လက်စမျက်နှာကို တစ်ဖက်လှည့်သွားပေမယ့် ရယ်သံက ကျန်ခဲ့လျက် ..။

"မင်းဖြစ်သွားပုံက ရယ်စရာကြီး မနုရဲ့ .. ဟွန်း .."

မှန်နဲ့ ဒီလောက်ဝေးနေကာမှ တစ်ထွာသာသာလေးရှိတဲ့ အပြားလေးပေါ်ကို ဘီးလှမ်းပစ်လိုက်တာ မလန့်ရဘူးလား ..။

ဒေါ်နုရီ နှစ်ယောက်စလုံးကို မျက်စောင်းရွယ်မိကာ ...

"ကတဲ .. မပြောချင်တော့ပါဘူး .."

"ပြောပါဦးကွာ .. မင်းပဲ ဒီကောင်လေးပြန်လာရင်တော့ ပြောကိုပြောရဦးမယ်ဆို၊ မင့်တူကို မိဖို့က လင်ဗန်းဖင်ဆုပ်ရသလိုပဲနော် .."

"ဟုတ်လား .. ဒေါ်လေး ပြောလေ၊ ကျွန်တော် ခု မြို့ထဲမှာရှိမှာပေမယ့် ပြန်လာမှာမဟုတ်ဘူး၊ ညနေ မော်လမြိုင်ဆင်းမှာ၊ ပြီးရင် မြဝတီကို ဆက်သွားမှာ .."

"မင်းက ဘာအလုပ်တွေရှုပ်နေတာလဲ .."

"ကျွန်တော့်အလုပ်မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်အတွက် ရေရှည်အကျိုးပေးနိုင်မယ့်လမ်းမို့လည်း လိုက်သွားမှာ .."

ဝတ်ထားသော ဂျင်းနံ့ဆောင်းဘီ ဂျင်းဂျက်ကက်နှင့်၊ ဆံပင်ကမတိုမရှည်ပဲကို တစ်ခါမှ သေသေသပ်သပ်ပုံကျအောင် ဖြီးသင်ထားတာ



မရှိတော့ မရှည်ပေမယ့် အမြဲတမ်းခပ်ပွပွ ..။

"ပြောလေ .. မပြောရင်လစ်ပြီ .."

"ဟဲ့ .. နေပါဦး .."

လစ်ပြီဆိုပြီးခြေလှမ်းပြင်လိုက်တာ တစ်ခါတည်း တံခါးနား ရောက်သွားသဖြင့် ဖျာဖျာသလဲတားဆီးရကာ ..။

"နင် ငါတို့ကို ဗိုက်ဆံလေးဘာလေး နည်းနည်းပါးပါးပေးဖို့ရော စိတ်ကူးလေးဘာလေး မရှိဘူးလား ညီညီ .."

"မရှိဘူး .."

"ဩော် .. ဩော် .."

"ကျွန်တော့်မှာမှ အပိုအလျှံမရှိတာ .."

"မင်း ဒီအရွယ်မရောက်ခင်တုန်းကတောင် မင်းအမေအတွက်ဆိုဆေးဖိုးလေးထွက်လာလိုက်၊ လူမမာစာလေးတွေ ဝယ်လာလိုက် —"

"အခု အိမ်မှာ လူမမာရှိလို့လား .."

"ညီညီ ရယ် .. လူကြီးသူမကို မသေခင် ကျွေးမွေးပြုစုမှပေါ့ —"

"ဟာ .. ဒေါ်လေးတို့ အလတ်ကြီးရှိသေးတယ်၊ မသေနိုင်ပါဘူး —"

"ဟဲ့ .. မထနိုင် မကြွနိုင် မစားသောက်နိုင်တော့မှ ဘယ်လောက်ကောင်းတာတွေလာကျွေးကျွေး အပိုပဲလေ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"ဒေါ်လေးတို့ ကိုကို့ကို ရပေါက်ရလမ်းမြင်လို့ တိုက်တွန်းနှိုးဆွလွှတ်လိုက်တာ သူပေးမှာပေါ့၊ ကျွန်တော့်ဆီက တစ်ပဲခြောက်ပြားကို ဘာလုပ်ဖို့လဲ .."

"အံမယ် .. နင်က နင့်အစ်ကိုကို ငါတို့တိုက်တွန်းလွှတ်လိုက်တယ်လို့ ထင်နေတယ်ပေါ့ .."

"မထင်ပါဘူး၊ သူ့စိတ်နဲ့သူ ဆုံးဖြတ်သွားတာသိသားပဲ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးတို့ တိုက်တွန်းချက်ရော မပါလို့လား ..”

ဒေါ်နှင်းရီ ယောက်ျားဖြစ်သူကိုကြည့်သည်။ ဦးသူအောင် က ဒီစကား တွေကို ကြားသလိုပုံစံနှင့် အိမ်ရှေ့ထွက်သွား၏။ ဒီတိုင်းပဲ ဒီလူ ..၊

‘မင်းတို့ ထုဝရိုးချင်း ဘာပြောပြော တင့်တယ်တယ်၊ ငါက ပြော များဆိုမှာဖြစ်သွားရင် တစ်မိန်း’ ဆိုတဲ့ စကားနဲ့ သူ မပါချင်ဘူးဆို လုံးဝ နှုတ်ဆိတ်နေတဲ့လူ ..။

“ညီညီ စထပြန်ထိုင်ဦး ..”

“ဘာလုပ်မလို့လဲ .. ကျွန်တော့်မှာ ပိုက်ဆံမပါဘူး၊ ခုလည်း သွား ရောရှိတယ် ..”

“ပိုက်ဆံကိစ္စ ပြောဖြစ်တာက မင်း ဘယ်တုန်းကမှ သိတတ်မှု မရှိ ခဲ့တာကို ပြောနေကျမို့ အကျင့်ပါနေတာ မရဘူးဆိုတာလည်းသိတယ်၊ ပြောချင်တာ အဲဒါ အဓိကမဟုတ်ဘူး ..”

“ဒါဆိုပြော .. ထိုင်လို့တော့ မဖြစ်ဘူး ..”

သူကပဲ နာရီတကြည့်ကြည့်နှင့် ..၊

ဒေါ်နှင်းရီ သူ့ရှေ့ထိသွားပြီး မျက်နှာကို သေချာမော့ကြည့်ပြီး ခေါင်းခါ၏။

“ဘာဖြစ်တာလဲ .. ကျွန်တော့်မျက်နှာမှာ ကြက်ခြေခတ်တွေပေါ် နေလို့လား ..”

“ကြက်ခြေခတ် မပေါ်ပေမယ့် မင်း အယူလွဲနေတယ် ညီညီ ..”

“ဟွန်း ..”

ဒေါ်နှင်းရီ မျက်လုံးတွေထဲကို စိုက်ကြည့်လိုက်တာနှင့် ဒီစကားတွေ ဘယ်အရပ်က ဘယ်လေတိုက်လို့လွင့်လာတာလဲဆိုတာ သူသိသည်။ ထို့ကြောင့် ဆံပင်သပ်ရင်း ခပ်မဲ့မဲ့ပြုံးမိလျက် ..၊

“ဦးမြတ်တင် ဆိုတဲ့ ပုဂ္ဂိုလ်ကို အဖေ မခေါ်ချင်တဲ့ကိစ္စလား ..”

“အဲဒီမှာ စော်ကားခြင်းပြီးမြောက်သွားတာ ..”

“ဟုတ်တယ် မမြင်ရရင် အဲဒီမှာတင် ပြီးမြောက်သွားမှာ၊ မြင်နေ



ရရင် သံသရာခရီးဆက်ဖို့ ဖြစ်ကုန်မှာပဲ၊ ဘာဖြစ်လို့လဲ ဒေါ်လေး၊ အခု ကိုကို အဲဒီကိုရောက်သွားပြီမို့လား၊ လောဘမကြီးစမ်းပါနဲ့ ..”

“ငါ့ကို မစော်ကားနဲ့ ညီညီ .. ငါက နင့်အတွက်ပြောနေတာ ..”

“ကျွန်တော့်အတွက် အဖေ သူဌေးကြီးတစ်ယောက် ဘွားခနဲ ပေါ် ပေါက်ပေးဖို့မလိုဘူး၊ တစ်သက်လုံး ဒီတိုင်းပဲနေလာတာ ..”

“နေဦး ..”

ဖအေအကြောင်းပြောပြီဆို စနောက်ရယ်မောရင်း ပြီးသွားတဲ့အခါ ဘာမှမဟုတ်သလိုနှင့်၊ နည်းနည်းအကျယ်ချဲ့ပြောဖြစ်လာတာနှင့် ညီညီ မျက်နှာက ပုပ်သိုးသွားတတ်ပြီး ..၊

“ခဏနေဦး .. ကိုတင့် ကို မင်း အထင်လွဲနေတာ ..”

“မေမေ့ကို သူ အထင်လွဲတဲ့ပုဒ်မနဲ့ ပစ်ထားခဲ့တာ တစ်သက်လုံး..”

“အဲဒါက အချစ်ကြီးလို့ အမျက်ကြီးကြတာ ..”

“ကျွန်တော်ကတော့ အဲဒါတွေအယုံအကြည်မရှိဘူး၊ ယောကျ်ား တစ်ယောက်နဲ့ ပုတ်ခတ်ပြောဆိုခံခဲ့ရတဲ့ မိန်းမက တစ်သက်လုံး သားနှစ် ယောက်ကို လက်ဆွဲပြီး အထီးကျန်စွာနေရင်း အဆုံးသတ်ခဲ့ရတယ်၊ ချစ်လွန်းလို့ အမျက်ကြီးပါတယ်ဆိုတဲ့လူကတော့ ရွှေနဲ့မြသားဂေဟာထား ပြီး တိုက်ကြီးပေါ်မှာ ..”

“ဒါတော့ မပြောနဲ့လေ .. တစ်ခါတစ်လေ တိုက်ဆိုင်မှုတွေက တမင်ဖန်တီးထားတာတွေထက်ပိုပြီး ကြောက်စရာကောင်းတယ်၊ သူ အထင်လွဲသွားတယ်ဆိုတာလည်း ..”

“မှားနေရင် အမှန်တရားရှိသေးတယ်ဆိုတာ ပြန်ရှာရမှာပဲ ..”

“သူက သူ မှန်တယ်ထင်နေတာလေ ..”

“မှားနေပါတယ်လို့ မေမေက မပြောဘူးလား၊ ရှင်းပြဖို့ရော မကြိုးစား ခဲ့လို့လား ..”

ဒေါ်နှင်းရီ မဖြေရှင်းတတ်တော့ဘဲ စိတ်ပျက်သည့်မျက်နှာကြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ငါ မ်ပြောတတ်လို့မဟုတ်ဘူး ညီညီ၊ မင်းကလည်း ဒါဆိုဒါ၊ ထယ္ယသန့်ရွှတဲ့သူပဲ၊ ဖအေကိုသာ အပြစ်ထောက်နေတာ မင်းကမှ အဖေ တူသား .."

"ဟား .."

"မဟားနဲ့ မင်းအဖေ ငယ်တုန်းကလည်း မင်းအတိုင်းပဲ၊ အများနဲ့ ပြိုင်နိုင်ရမှ သူ ပြောတာပဲမှန်နေမှ .."

ပြောနေရင်း ဒေါ်နုရီ စိတ်ပါလက်ပါကြီး ဖြစ်သွားကာ အတိတ်ကို ပြေးမြင်မိတဲ့အတိုင်း ..၊

"သူတို့က ငယ်သူငယ်ချင်းတွေမို့လို့ ပိုပြီးသံယောဇဉ်ကြီးကြတယ်၊ ချစ်လည်းချစ်တယ်၊ ဒါပေမယ့် မတည့်အတူနေပဲ၊ တစ်ခါတစ်ခါငြင်းခုန်ပြီး မခေါ်ဘဲနေကြရင် အကြာကြီး .."

ပြောရမယ်ဆို ချိုအေး ဆိုသည့် လူငယ်လေးတစ်ယောက်က နယ်ကပြောင်းလာတာဖြစ်သည်။ အထက်တန်းကျောင်းသူအရွယ်လေးတွေမို့ ကောင်းလေးနှစ်ယောက်နှင့် ကောင်မလေးတစ်ယောက် သုံးပွင့်ဆိုင်အတွဲလေးကို လူသိတော်တော်များခဲ့သေးသည်။

မြတ်တင် သည် အစတုန်းက မြတ်တင့် ဖြစ်ကာ နောက်ကျမှ အောက်ကမြင့်ပျောက်ပြီး ဘယ်လိုဘယ်ပုံ မြတ်တင် ဖြစ်သွားခဲ့သည်ဆိုတာ မသိ ..။

ဒါပေမယ့် မြတ်တင် နဲ့ ချိုအေး ဆိုသည့် ခပ်တုံးတုံးနာမည်တွေနဲ့ ဝတ်သက်၍ မကျေနပ်ဖွယ် သိသယမြူလေးတစ်မှုန်က ထိုမှစခဲ့တာဖြစ်လေသည်။

"ချိုအေး တဲ့ .. ဟား .. ဟား .. ဟား .. မင်းနာမည်ကလည်းကွာ ရေခဲချောင်းစားချင်စိတ်တောင် ပေါက်သွားတယ် .."

"နင် သူများကိုမစပါနဲ့ .. နင့်နာမည်ကရော ဘယ်လောက်လှနေ



လို့လဲ .. မြတ်တင် တဲ့ .."

ရယ်နေသည့် မြတ်တင် ပါးစပ်က ဟိုမရောက်ဒီမရောက်ဖွင့်လျက် နှင့် အသံတော့ရပ်သွားခဲ့၏။ ပြီးတော့ သူ့မျက်လုံးတွေ ဖွေး ရဲ့ မျက်နှာလေးပေါ် စူးစိုက်ကျရောက်လာကာ ..၊

"ငါ့နာမည်က မြတ်ထွတ်တင် နော် ဖွေး ..၊ အဘွားတို့က ဒီလို မမှဲ့ကောင်းဘူးဆိုပြီး 'ထွတ်' ကိုဖြုတ်ပစ်လိုက်တာ .."

"ငါသိတယ်လေ .. နင့်ကို သူများနာမည်ကို မကဲ့ရယ်ဖို့ပဲပြောတာ"

ဒီလိုတွေ ငြင်းကြဖြစ်ကြတာ။ ညီမဖြစ်သည့် နုရီ ရှေ့မှာပဲမို့ စုထိမှတ်မိနေသေးတာပါ။ ကျောင်းသွားကျောင်းပြန် အတူတူသွားဖြစ်ကြတာပဲများကာ တစ်ခါတစ်လေ ကျောင်းတက်ခေါင်းလောင်း မတီးမချင်း နုရီ က ဖွေး ရဲ့ ဘေးမှာပဲရှိနေတတ်၏။

ပြီးတော့ ကိုယ်ကငယ်သေးပေမယ့် အစ်မ ဖြစ်သူမှာ ယောကျ်ားလေးသူငယ်ချင်းချောချောလေးတွေရှိနေတာကို ကြိတ်ပြီးအားကျနေခဲ့တာလည်းရှိသည်။

မြတ်တင် နဲ့ ချိုအေး မှာ လုံးဝကွဲပြားသည့်စရိုက်သဘာဝတွေနဲ့ ဖြစ်ကာ မြတ်တင် က စိတ်ဆတ် အငြင်းသန်သလောက် ချိုအေး က အေးလွန်းသည့်နေရာမှာ ရေခဲတုံးနဲ့ ဖက်မွေးလာသလားထင်ရ၏။

တစ်ယောက်က ယောယောဒိုင်းဒိုင်း၊ တစ်ယောက်က မြုံစိစိ ချိုသိမ်ခံစားတတ်သူ ..။

ချိုအေး က အေးဆေးတတ်တာကိုသိနေသဖြင့် တော်ရုံငြင်းခုံတတ်ကြပြီဆို ဖွေး က ချိုအေး ဘက်က ကာကွယ်သည်။ ချိုအေး နဲ့ဆို သူက အလျှော့ပေးတတ်၏။

မြတ်တင် နဲ့ဆို ဘာဖြစ်ဖြစ် မားထမ်း တုတ်ထမ်းငြင်းမည်။ ရန်ဖြစ်မည်။ ပြီးရင် မခေါ်ဘဲနေကြတော့မည်။

မြတ်တင် က ကြာကြာမခေါ်ဘဲလည်း မနေနိုင်၊ ဒါပေမယ့် မတော့ချင်

www.burmeseclassic.com

www.burmeseclassic.com



တာတို တစ်ခုပေါ်တစ်ခုဆင့်ပြီး တေးမှတ်ထားတတ်၏။

ဒါပေမယ့် ချစ်သူတွေဖြစ်ခဲ့ကြသည်။ လူကြီးတွေ သဘောမတူ သည့်ကြားက ခိုးပြေးကြ၏။ ထိုအချိန်မှာ ချိုအေး က နယ်ပြန်သွားသည့် ကာလဖြစ်တာ ပြန်ရောက်လာတာနှင့် အရင်လိုခေါ်ပြောဆက်ဆံဖြစ်ကြရင်း…၊

"မပယ့်ဘူး .. အဲဒီကောင် အုံ့ပုန်းမြူစိ၊ ပါးစပ်ကမပြောဘဲ မျက်လုံး နဲ့ စကားပြောတတ်တာသူပဲ၊ ငါ အဲဒီလိုပညာတွေ မတတ်ဘူး၊ မတတ် လို့ နင့်ကို ငါ မစည်းရုံးနိုင်ဘူး၊ ဒါကြောင့် နင့်စိတ်ကို ငါ မပိုင်ခဲ့တာ လေ .."

"မဟုတ်ဘူး .. ဒီဓာတ်ပုံက .."

"သတိရတိုင်း အလွမ်းပြေကြည့်ဖို့လို့ နောက်မှာရေးထားတာ ငါ မြင်တယ်လေ၊ ငါ အကန်းမှ မဟုတ်တာ၊ ဒါ ဘယ်တုန်းကပေးထား တာဖြစ်ဖြစ် မင်းနဲ့ ငါ့ရဲ့ အမှတ်တရတွေထဲမှာ ဒီအချိန်ထိ မင်း ထည့်သိမ်း ထားတာက .."

"အမှတ်တမဲ့ပါ မြတ်ထွတ် ရယ် .. နင် တစ်ခုခုပြောပြီဆို ဘာဖြစ်လို့ ဒါမှဒါ ဖွတ်တရွတ်ပြောနေရတာလဲ .."

"သိနေလို့ပေါ့ .. ဒီကောင် အိမ်လည်ရောက်လာတိုင်း မင်းမျက်နှာ ကို ငါသိတယ်၊ ပြန်သွားတိုင်း မင်းစိတ်က ကိုယ်မှာမကပ်ဘူး .."

ဒီအဖြစ်တွေကို ပြောပြမိတာလည်းရှိကာ တစ်ချို့ကိုတော့ ဒေါ်နုရီ တွေးရင်း ငေးရင်းနဲ့ပဲ ချန်လှပ်ထားခဲ့မိ၏။ သူတို့ အတူနေထိုင်ကြတာ လည်း သူမတို့အိမ်မှာမို့ လင်မယားဘာဖြစ်ကြ ဖြစ်ကြ တစ်အိမ်လုံးသိ ကြသည်။

ဒါတွေကို ဖွေး ကလည်း နာကျင်မှုတွေအဖြစ် စုပုံမှတ်သားခဲ့၏။

"ငါ သူ့ကို ဘယ်တုန်းကမှ အလျှော့ပေးခဲ့တာမဟုတ်ဘူး၊ အခု ငါ့မိဘ မိသားစုတွေကြောင့် အများကြီးလျှော့ထားခဲ့တာ၊ ဘယ်လောက် အနိုင်နဲ့ပိုင်းနေနေ သူ့မှာ အားမ...ရှိုင်ဘူး .."



"ကိုချိုအေး ကလည်း သူ့ကြောင့် မမတို့ အဆင်မပြေဖြစ်နေကြမှန်း သိသားနဲ့ ဝင်တာထွက်တာ ဆင်ခြင်ပါလား၊ သူ့ရဲ့ အမှတ်တမဲ့တွေက လည်း တိုက်ဆိုင်လိုက်တာ၊ ကိုတင် မရှိတဲ့အချိန်တွေချည်းပဲ .."

"ငါတို့ ရိုးသားတယ် အရီ .. ချိုအေး ကို ငါ့စိတ်ထဲမှာ သဘော ကောင်းတဲ့ သူငယ်ချင်းကောင်းတစ်ယောက်အဖြစ်ထက် ဘယ်တုန်းကမှ မပိုခဲ့ဘူး .." တဲ့ ..။

ဒီစကားတွေကိုလည်း မမက အထပ်ထပ်ပြောနေတာပါ။ ဒါပေမယ့် ကိုတင် က သံသယတွေမပြေယ်ခဲ့ဘဲ နောက်ဆုံးမှာ လင်မယားကွဲကြတဲ့ အထိ ဖြစ်ခဲ့ကြ၏။

ကံမကောင်းချင်တော့ ကွဲကြပြီဆိုမှ ကိုယ်ဝန်ရှိနေမှန်းသိခဲ့သည်။ ကိုတင် က သူ့ဒေါသနဲ့သူ စွပ်စွဲပေမယ့် ပြန်တော့ ရောက်လာခဲ့ပါသေး သည်။

ဒါပေမယ့် ဖွေး က နှင်ချခဲ့သည်။

"နင့် ကိုယ်ဝန်မဟုတ်ဘူးထင်ရင် ဘာလာလုပ်တာလဲ၊ ဟုတ်တယ် ရက်တွက်ကြည့်ပါလား .. ကလေးက ခုမှ ဗိုက်ထဲမှာ နှစ်လပဲရှိသေး တာလေ .."

ကိုတင် ရှုးရှုးရှားရှားထဖြစ်တော့ ဖွေး က ငိုနေရင်း ဟားတိုက် ရယ်၏။

"ငါ သည်းခံခဲ့တဲ့ကာလ ကုန်သွားပြီ၊ အခု သည်းမခံနိုင်တော့တဲ့ ရာသီလို့ မှတ်လိုက်၊ ဒီကလေးက နင့်ကလေးမဟုတ်ဘူး .."

"ဒါဆို ဘယ်သူ့ကလေးလဲ နင့်ပါးစပ်က ပြောလိုက်စမ်းပါ .."

"နင်ပဲ မျက်လုံးက စကားပြောတာမှ အမှန်တရားဆို နင် ငါ့ကို ကြည့်လိုက်၊ ငါ ဘာပြောနေသလဲ .."

အဖြစ်တွေက ဤသို့ရှိခဲ့တာဖြစ်သည်။ မြတ်ထွတ် က ထွက်သွား လိုက်တာ လှည့်မကြည့်စတမ်းပဲဖြစ်ကာ ဖွေး ကလည်း အညှံ့မခံ ..။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုရီ က တစ်ချို့ကိုပြောပြရင်း ညီညီ မျက်နှာကိုကြည့်ကာ...

"မင်းအမေ မီးဖွားရက်ရောက်တော့လည်း သူ ရောက်လာပါသေးတယ်၊ ငါတို့ဆိုသော မင်းအမေရဲ့ ဆန္ဒအတိုင်း ကလေးကို တခြားနေရာမှာ သွားမွေးခဲ့တာ သူတွေ့မသွားဘူးပေါ့ .."

"ပြောလို့ပြီးပြီလား ဒေါ်လေး .."

"ညီညီ .. မင်းကို ငါ ဒီနေ့ ရှုမှာဘယ်ကားပြနေသလဲ သတင်းပေးနေတာမဟုတ်ဘူး၊ အရမ်းအရေးကြီးတဲ့ လွဲမှားမှုတစ်ခုကို မင်း တစ်သက်လုံးအမြင်စောင်းမသွားအောင် ပြောပြနေတာ .."

"တစ်သက်လုံးလွဲတဲ့သူက လွဲနေခဲ့တာပဲ .. ကျွန်တော်က ဘာဖြစ်လို့ တည့်မတ်ဖို့ကြိုးစားရမှာလဲ .."

"လွဲနေတာမဟုတ်ဘူး .. အချစ်ကျွန်ဖြစ်နေကြတာ၊ မမကို သူ သိပ်ချစ်တာ ငါတို့သိတယ် .. မမ သူ့ကိုရွဲ့ပြောတာမှန်းလည်း မသိလို့မဟုတ်ဘူး၊ အဲဒီလိုပြောထွက်ရက်တာကို သူ နာကြည်းနေတာ ညီ ..၊ တကယ်သာ သူသားလို့မထင်ရင် မင်းအစ်ကို ဆက်သွယ်လိုက်တာနဲ့ ချက်ချင်းလက်ကမ်းကြိုပါ့မလား .."

"သူ့မိန်းမ ကလေးမမွေးနိုင်လို့ မျိုးတုံးမှာစိုးတာလေ .."

"ဟုတ်တယ်လေ .. မျိုးတုံးမှာစိုးတယ်ဆိုတာက သူ့မျိုးဆက်ကိုပဲ အလိုရှိမှာပေါ့၊ သူ့သွေးသားမဟုတ်ဘူးထင်ရင် .."

"တော်တော့ ဒေါ်လေးရာ၊ ကျွန်တော်က ပါးစပ်ဖြစ်ဖြစ် ခြေထောက်ဖြစ်ဖြစ် ပြောရသွားရပြီဆို ဘာကိုမှ အလကားမသုံးဘူး၊ ရင်နှီးလိုက်ရပြီဆို ပြန်ရမှ .."

"ဖြစ်ရလေ .."

"ဒီပုဂ္ဂိုလ်အကြောင်းပြောရင်း အချိန်ကုန်မခံနိုင်ဘူး .. လစ်ပြီ .."

ဒီတိုင်းပဲ ကြည့်နေလိုက်ရကာ ပြောတာလည်း မအောင်မြင်၊ ပိုက်ဆံတောင်းတာလည်းမရသဖြင့် ဒေါ်နုရီ စိတ်ညစ်လက်ညစ်နှင့် ခေါင်းခါ



နေမိ၏။

"ကိုသူ .."

"ဟင် .."

"ရှင်ကလည်း လာပါဦး .. စိတ်ညစ်လိုက်တာ .."

ဦးသူအောင် က နောက်ဖေးကို တန်းဝင်သွားမည့်ခြေလှမ်းတွေကို ရပ်လိုက်ပြီး ..၊

"ပြောချင်တာ ပြောလိုက်ရတယ်မို့လား .. ပိုက်ဆံမရလိုက်တာတော့ မပြောနဲ့ .. ငါ သိတယ် .."

"ဟုတ်တယ် နှစ်ခုစလုံးပဲ .. ဒီကောင်လေးကို ဘယ်လိုပြောရမှန်းကို မသိတော့ဘူး ကိုသူ ရယ် ..၊ အိမ်ကိုတစ်စက်လေးမှလည်း မခင်တွယ်ဘူး၊ ဒီဖအေကို တစ်သက်လုံးအကောင်းမမြင်တော့ရင် ဘယ်လိုလုပ်ကြမလဲ .."

"ဒီတိုင်းပဲ ထားလိုက်တော့ ခေါင်းရှုပ်တယ် .."

"ထားလို့မရဘူးလေ၊ အခု ကိုကိုက ဟိုမှာအသားကျနေပြီ၊ သူကတော့ အမှာညီရှိတယ်ဆိုတာတောင် မပြောရဘူးလို့ တားထားသတဲ့.."

"အဲဒါကို မင်းက သွားပြောလိုက်ချင်လို့လား .. မလုပ်နဲ့နော်၊ မင့်တူအကြောင်း မင်းအသိဆုံး .."

"ကိုသူ ရယ် .."

"သူ့ရှေ့ရေးအတွက် မင်း စိတ်ပူနေတာ ငါသိတယ်၊ ဖအေက တစ်ယောက်ကိုပဲ အသိအမှတ်ပြုသွားရင် ခက်ပြီဆိုပြီးတော့ .."

"ဟုတ်တယ်လေ .. ဟိုက မကြင်နာရတဲ့အထဲ သူက ဂရုမစိုက်ရင်သွားပြီပေါ့ .."

"လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်ရတာပဲ ..၊ ခုလည်း ဖြစ်စေချင်သလို ဖြစ်မလာမှတော့ ဖြစ်လာမှာကိုပဲ လက်ခံရတော့မှာပေါ့၊ ဒါပေမယ့် ငါ တစ်ခုတော့ ပြောရဲတယ်၊ မင်းတူ သူ့အဖေကို မုန်းနေတာမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .."

ဦးသူအောင် က အိမ်ထဲကိုပဲ နောက်ထပ်ခြေလှမ်းပြင်ရင်း ပြုံးကာ..၊

"ဟုတ်တယ် .. မင်း စဉ်းစားမကြည့်လို့ မသိတာ၊ ကိုကို မရောက်ရောက်အောင်သွားတာက ချမ်းသာချင်လို့ရယ်၊ ညီညီ တစ်စက်မှ ခြေဦးမလှည့်တာက အကြောင်းနာကို လိုချင်လို့၊ ဒါတွေ မင်း သိချင်မှ သိမှာပေါ့ကွာ .."

"အံမယ် .."

ခေါ်နရီ မခံချင်ဖြစ်သွားပေမယ့် ဘာပြောရမှန်းလည်းမသိ ..။

ဒါက ဖြစ်နိုင်စရာရော ရှိရဲ့လား ..၊



## အခန်း (၄)

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ နွေး ရယ် .. ကိုယ်က အစတည်းက ဒါကိုတွေးပြီး မချင့်မရဲဖြစ်နေတာ .."

"ဘာကိုလဲဟင် .."

"ဩော် .. ကိုယ့်မှာ သမီးတစ်ယောက်ရှိတယ်လေ၊ အဲ့ဒီတော့ ကိုယ်ယုံကြည်စိတ်ချရဆုံး မိတ်ဆွေရင်းဆိုတာလည်း နွေး တို့ပဲရှိတာ၊ နွေး မှာမျှားသားလေးတစ်ယောက်လောက် မွေးထားရင်းကောင်းမှာပဲလို့ တွေးနေမိတာပေါ့၊ သားလေးက ဘယ်သူ့သားဖြစ်ဖြစ် နွေး နဲ့ ကိုမြတ်တို့ရဲ့ ရင်သွေးဆိုရင် ပြီးတာပဲ .."

သားကို အထင်အမြင်သေးသွားမလား စိုးရိမ်နေမိသည့်စိတ်က ခေါ်ယဉ်ဆွေ ရဲ့ စကားတွေကိုကြားရမှပဲ ချမ်းသာသွားခဲ့သည်။

"သားက သူ့အမေဆီ ရောက်လာတာ သိပ်မကြာသေးဘူး၊ ဒါပေမယ့် လုပ်ငန်းထဲမှာ တော်တော်အကူအညီရနေပြီ ဆွေ ရဲ့ .."

"ဟုတ်လား .. ကောင်းတာပေါ့ နွေး ရယ် .."

"နွေး လည်း သားနဲ့ ဒီလိုပဲ နွေးနွေးထွေးထွေး နေချင်သေးတာ၊ ဒါပေမယ့် ကိုယ့်ကျန်းမာရေးက မကောင်းတော့ မိဘဝတ္တရားရှိတဲ့အကိုင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ထောင်ရေးလေးကို စီစဉ်ပေးခဲ့ချင်တယ် ..."

"ပြောတော့မယ် နွေး ရယ် .. နွေး ခုမှ လေးဆယ်ကျော်ပဲရှိသေးတာ၊ ပြီးတော့ ချူချာတဲ့လူတွေက အသက်ရှည်တယ် နွေး ရဲ့၊ ကျန်းမာ ရေး ကောင်းပါတယ်ဆိုတဲ့လူတွေက တစ်ခါဖြစ်တစ်ခါ ပြင်းပြင်းထန်ထန် ဖြစ်တတ်ကြတာပါ .."

"ဒါပေမယ့် ရောဂါသည်လိုဖြစ်နေတော့လည်း ကိုယ့်ကိုယ်ကိုယ် စိတ်ချမထားနိုင်တော့ဘူး ဆွေ ရယ် .."

သားနဲ့ သူ့အဖေနဲ့က ပြေလည်ကြတာမဟုတ်ပေ။ တစ်ယောက် သဘော တစ်ယောက် နားမလည်ကြခြင်းမှာ ကိုယ်သာ တစ်ခုခုဖြစ်သွားခဲ့လျှင် ကြိုးမပြေသေးဘဲ လွှတ်ချသည့် ပုတီးကုံးလိုဖြစ်သွားနိုင်သည်။

သူမရင်ထဲမှာ ဒီကလေးနဲ့ အစ်ကို့ကို နွေးထွေးချစ်ခင်စေချင်သလို သူမကိုယ်တိုင်က မီခင်တစ်ယောက်လိုချစ်ခင်ယုယချင်သည်။ ပြီးတော့ သားကလည်း ကိုယ့်အပေါ်မှာ ယုံကြည်လေးစားစိတ်ဖြင့် ခင်တွယ်တာမျိုး ကို လိုချင်၏။

ဒါမှသာ ကြင်နာနွေးထွေးသည့်မိသားစုဘဝမျိုးဖြင့် သူမ မသေခင် စိတ်ချမ်းသာစွာ နေထိုင်သွားဖို့ အခွင့်အရေးရနိုင်မှာဖြစ်သည်။

"နွေး နေကောင်းရဲ့လားဟင် ..၊ သက်တောင့်သက်သာမရှိရင် သွားနားလေ .."

"မနားနိုင်နဲ့ မဆွေ သူ အဲ့ဒီသားအတွက်ဆို ထိုင်ရာမထလုံးပမ်း နေရမှ နေထိုင်ကောင်းတာ .."

"ဟော့ .. အပွန်း .."

ဦးမြတ်တင် က ရေမိုးချိုးပြီးစ ဝင်းကြည်နေသည့် မျက်နှာနှင့် ဒေါ်နွေးနွေး ဆီမှာ ဝင်ထိုင်လိုက်ကာ ..၊

"အခု .. မင်းသားကိုစွပြီးမြောက်သွားပြီမို့လား .. သွားနားလေ .."

"နွေး နေကောင်းနေပါပြီ အစ်ကိုရယ်၊ သက်သာတုန်းလေးမှ



အလှူထောင်ထောင်မနေရရင် ဘယ်သူက အိပ်ရာထဲမှာချည်း နေနိုင်မှာ လဲ .."

"ဟုတ်ပါတယ် ကိုတင် ရယ်၊ ကဲပါ .. တစ်ယောက်က စိုးရိမ်၊ တစ်ယောက်က နားမထောင်နဲ့ စကားတော့ ထမများကြနဲ့နော် .."

ဒေါ်ယဉ်ဆွေ က ရယ်နေရင်း နောက်နေသေးသည်။ တကယ်တမ်း ဆိုတော့ ဒေါ်နွေးနွေး မျက်ဝန်းတွေထဲမှာ ဦးမြတ်တင် ပြောချလိုက်သည့် စကားတွေကြောင့် စိတ်မကောင်းခြင်းတွေ ဖြစ်နေခဲ့လျက် ..၊

"အစ်ကို ထမင်းမစားရသေးဘူးမို့လား .."

"ထမင်းစားတာ ဘာအရေးကြီးလို့လဲကွ ..၊ ဒီမှာ ညည်းသည်ကိုထားပြီး ကိုယ်က ထမင်းစားခန်းထဲ ဝင်နေရမလား .."

ဦးမြတ်တင် ကလည်း နားလည်နေခဲ့သည်။ ကိုကိုနဲ့ ပတ်သက်ပြီး ပြောနေကျအတိုင်း ဝင်ပြောလိုက်မှာကို စနိုးဖြစ်သူ စိုးရိမ်နေသည် ကိုး ..။

"ကဲပါ .. ဆွေ လည်းပြန်တော့မှာပါ၊ နောက်ဆို ဆွေမျိုးတွေဖြစ် ကြတော့မှာ မသိတဲ့တစိမ်းတွေမဟုတ်ဘူး ညည်းခံမနေနဲ့ .."

ရယ်ရယ်မောမောပြောရင်း အိတ်ထဲကနေ ဓာတ်ပုံလေးတစ်ပုံ ထုတ်လိုက်ကာ ..၊

"ဒီမှာ သမီးဓာတ်ပုံလေး ယူထားလိုက်ပါဦး၊ သားက သမီးကို မြင်ဖူးမှာမဟုတ်တော့ ကြိုသိထားရအောင်ပေါ့ .."

"ဓာတ်ပုံ .. အဲ .. ဟုတ်ပါရဲ့ သား ဓာတ်ပုံကတော့ .."

"မပူနဲ့ နွေး ရေ .. သားကို သမီးက ခပ်လှမ်းလှမ်းကနေ မြင်ဖူးပြီးသား .."

"ဟုတ်လား .. ကောင်းလိုက်တာ၊ ဘယ်တုန်းကများလဲ .."

"မနေ့ကမှပါ .. ဆွေ နဲ့ သမီးတို့ ကိုမြတ် တို့ ကုမ္ပဏီရှေ့နားက ဒိန်းနှပ်ဆိုင်မှာ မုန့်စားနေကြတာလေ၊ သူတို့သားအဖ ထွက်လာကြတာ

www.burmeseclassic.com

www.burmeseclassic.com



မြင်လို့၊ ဒါလေးကတော့ ကိုမြတ် သားပဲဆိုပြီး သမီးကို တစ်ခါတည်း ပြထားလိုက်တာ ..."

"ဟုတ်လား .. လူတွေဘာတွေ မှားပါဦးမယ် .."

"မမှားနိုင်ပါဘူး နွေး ရယ် .. မဟာနဖူးထောင့်လေးတွေပေါ်ပြီး နှာတံကိုစင်းနေတာပဲ ..၊ အတူတူယှဉ်ကြည့်လိုက်တာနဲ့ သားအဖမှန်း ဒီလောက်သိသာနေတာကို .."

ဒေါ်နွေးနွေး မျက်နှာ ပြုံးသွားကာ ဦးမြတ်တင် ကတော့ မျက်နှာ ပျက်လေသည်။ ခင်ပွန်းဖြစ်သူကို မသိမသာအကဲခတ်မိရင်း ဒေါ်နွေးနွေး ခေါင်းတညိတ်ညိတ်နှင့် ..၊

"ဟုတ်တယ်နော် .. သွေးသားဆိုတာ တစ်နေရာမှာတော့ ဇာတိ ပြနေတာပဲ၊ သားကို နွေး က အစောကြီးတည်းက ခေါ်ချင်ခဲ့တာ၊ ကိုယ့် အကြောင်း ကိုယ်သိလိုက်တည်းက မိသားစုအသိုက်အမြုံလေးတစ်ခုကို တော့ ဆုံးရှုံးမခံနိုင်တာလေ နော် .."

"ဟုတ်တယ်ပေါ့ နွေး ရယ် .. နွေး ကိုက စိတ်ထားကောင်းပြီး လင်သားဖြစ်သူအပေါ်မှာလည်း ချစ်တတ်လွန်းတာပါ၊ ကိုယ်က မမွေး နိုင်ပေမယ့် လင်ပါသားကို မလိုလားတဲ့ မိထွေးတွေရှည်းပဲ တွေ့ဖူးခဲ့တာ၊ နွေး ကတော့ တကယ်ရှားတယ် .."

ဦးမြတ်တင် မျက်နှာပူရပြန်၏။ ဒီဇနီးသည်ဟာ သူ့အပေါ်မှာဆို ဘာမှ လိုလေသေးမရှိ သည်းခံမြတ်နိုးခဲ့ရှာသူပါ။

ဒါပေမယ့် ..၊

"ကဲ .. သားရေးသမီးရေး ပြေလည်ပြီဆိုတော့ စေ့စပ်ဖို့ လက်ထပ်ဖို့ တွေပြေးပြီး စိတ်ကူးယဉ်လိုက်ဦးမယ်၊ အိမ်မှာလည်း ဘကြီးလုပ်တဲ့သူ က သူ့တူမနဲ့ ပတ်သက်ရင် ဘာဖြစ်ဖြစ် သူ သိရမှ၊ သူ့ကို မတိုင်မပင်ဘဲ ကျော်လုပ်ရင် နည်းနည်းမှကို မကြိုက်တာ .."

နှုတ်ဆက်ပြီး ထပြန်သွား၏။ ဒေါ်ယဉ်ဆွေ က ခင်ပွန်းသည်မရှိ



တော့ပေ။ သမီးလေးတစ်ယောက်ကို အစ်ကိုကြီး လက်ထဲမှာထားပြီး စီးပွားရေးလုပ်ငန်းလေးတွေကို အလျှင်မပြတ်အောင် တစ်ယောက်တည်း ကြိုးစားနေရတဲ့သူဖြစ်သည်။

ပြောရမယ်ဆို သူမတို့ စီးပွားရေးလုပ်ငန်းဆိုတာလည်း ဘာမှ သိပ်ရှိလှတာမဟုတ်ပေ။ ဒါပေမယ့် ရိုးသားကြိုးစားကြသည့်ဂုဏ်ရှိသည်။ ပြီးတော့ မျိုးရိုးစဉ်ဆက်မှာ မကောင်းသည့်သတင်းအနံ့မျိုးလည်း မကြား ခဲ့ရပေ။

သူမရဲ့ သမီးလေးကို ဒေါ်နွေးနွေး ကိုယ်တိုင်ရွေးချယ်ခဲ့တာဖြစ် တာ ဦးမြတ်တင် ကလည်း မကန့်ကွက်ခဲ့ပေ။

"ဒီကောင်လေးကိစ္စကို မင်းက ကိုယ့်ဖိရင်ဖိကြိုးစားနေတာပဲ ..၊ မင်းလုပ်နေတော့ ငါလည်း သက်သာတယ်၊ ဒါပေမယ့် မင်းမှာ မိထွေး ဆိုတဲ့ ပြစ်ချက်ရှိနေတယ် နွေး .. သားက ကိုယ့်သားပေမယ့် မင်းလို စအေမျိုးကို စော်ကားပြောဆိုလာရင် ကိုယ် သည်းခံနိုင်မှာမဟုတ်ဘူး.."

ဒေါ်ယဉ်ဆွေ ပြန်သွားသည်နှင့် စကားသံထွက်လာတော့ ဒေါ်နွေးနွေး က လှည့်ကြည့်သည်။

"အစ်ကို ဘာဖြစ်လို့ အဲလိုထင်ရတာလဲ .."

"ဘာဖြစ်လို့လဲဆိုတာ ကိုယ် ပြောရင် အစက ပြန်ဆွဲထုတ်နေရ လိမ့်မယ် နွေး ..၊ ပြန်ပြောချင်စရာလည်း မရှိဘူး၊ ပြောဖို့လည်း စိတ်ကူး မရှိဘူး၊ လိုရင်းကိုပြောရရင် ကိုယ့်ရင်ထဲမှာ ဒီလိုရှိနေသလို သူ့ရင်ထဲမှာ လည်း ရှိနေနိုင်တယ် .."

"ဒီလိုဆိုတာက .."

"ကိုယ် သူ့ကို ဒီအရွယ်ထိ တစ်ချက်မှ ပြန်ကြည့်ခဲ့တာမဟုတ်ဘူး"

"ဒါကတော့ အစ်ကိုရယ် .."

"မဟုတ်ဘူး နွေး .. အထူးသဖြင့် သားဖြစ်နေလို့ ပိုဖြစ်နိုင်တယ်၊ သူ့ ..က်က ကိုယ့်အပေါ်မှာ အနာခံရှိနေမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သားပုံစံက အစ်ကို့ကို အုံဖွဲ့မှုတွေနဲ့ ဆက်ဆံနေတာမျိုးမဟုတ်ပါဘူး၊ အဲဒါ နွေး အကဲခတ်မိတယ် .."

"ဒါဆိုလည်း သူ့အဖေက ချမ်းသာနေလို့ မှီခိုချင်တာကြောင့်ပဲ.."

ဖြစ်ရလေ ..၊

အစ်ကို ဘာဖြစ်လို့ တစ်ဖက်သားအပေါ်မှာ အထင်မကြီးတတ်တာလဲ ..။ ပြောရလျှင် အထင်မကြီးတာထက်တောင် ပိုနေပါပြီ။

နေရာတကာမှာ မှုတတွေးခေါ်မှုရှိခဲ့ပေမယ့် သူက ဒါဆို ဒါ..၊ ဒီတိုင်းသတ်မှတ်ပြီးရင် ဟိုလိုပါလို့ ဘယ်လိုပြောပြော မရတော့ပေ။

အထူးသဖြင့် ကွဲကွာခဲ့ကြသည်ဆိုသော ဖြူဖြူမွေး တို့ မိသားစုနှင့် ပတ်သက်သမျှ ဘာတစ်ခုမှ အကောင်းမမြင် ..။

ကျန်ခဲ့ကြသည့် ကလေးဆိုသည့်အပေါ်မှာလည်း ဥပေက္ခာနဲ့ အကြပ်နာရဲ့ ကြားကမ္ဘာမှာ အတော်ပင် စိမ်းကားပြတ်တောက်နိုင်တဲ့သူဖြစ်၏။

"မင်းက ငါ့ကို ဘာကြည့်တာလဲ .. လက်သည်းဆိတ်ရင် လက်ထိပ်က နာတယ်ဆိုတာ မင်း ကြားဖူးမှာပါ၊ အခု သိပ်တော့ မဆိုင်ပေမယ့် သူ့ရင်ထဲမှာ အဖေဆိုတာကို တမ်းတတတ်ခဲ့ရင် ဒီအဖေ ရက်စက်လှချေလားဆိုတဲ့ အတွေး ရှိကိုရှိရမယ် .."

"ဒီလိုစိတ်မွေးလို့ မရလောက်အောင် သူ့အဖေရဲ့မေတ္တာကို ဝေးမှတ်တမ်းတနေခဲ့တာ မဖြစ်နိုင်ဘူးလား အစ်ကို .."

"ဟွန်း .."

ဦးမြတ်တင် ရဲ့ မဲ့ပြုံးက အထာမကျသည့်စကားကို ခနဲ့လိုက်သည့် လှောင်ပြုံးဖြစ်သည်။ ဒေါ်နွေးနွေး စိတ်မသက်သာစွာ သက်ပြင်းချမိ၏။

"ဘာလဲ အစ်ကို .. ကလေးကို ယောက်ျားမာနမရှိလို့လို့ ခေါင်းစဉ်တပ်ချင်တာလား .."

"မင်းတောင် တွေးမိသေးတာပဲ၊ ဒါ မဖြစ်နိုင်စရာ ဘာရှိလို့လဲ.."

"ဖြစ်နိုင်ပေမယ့် သား ဒီလို စိတ်မရှိဘူး အစ်ကို၊ ဖအေကိုချစ်လို့



တောကနေ လိုက်လာပြီး လက်ရှိညီအစ်ကိုမောင်နှမတွေ မိထွေးနှိပ်စက်သမျှခံရတာတွေ၊ ဒီလိုဒုက္ခတွေခံပြီး ကပ်တွယ်နေကြတဲ့ ကလေးတွေရော မရှိကြလို့လား .."

"ဘယ်မှာလဲ .. ဇာတ်လမ်းတွေထဲမှာလား .."

"အစ်ကိုရယ် .. ကိုကိုက အစ်ကို့သားလေးပါ၊ တင်ကိုကို ဆိုတာ နွေး က မွေးထားတာမဟုတ်ပါဘူး .."

"မင်းလိုမိန်းမို့လို့လည်း ငါ့ရင်ထဲမှာရှိတဲ့အတိုင်း ပြောပြနေတာ နွေး .. ပြီးတော့ မင်းကို ပုတ်ခတ်စော်ကားသွားမှာ မလိုချင်ဘူး .."

"စော်ကားမယ်ဆိုလည်း စော်ကားပါစေ၊ သားသမီးကို မငြိုငြင်ပါနဲ့ အစ်ကိုရယ် .. အခု နွေး က မိထွေးဖြစ်ပြီး သားကို ကိုယ့်သားလေးလို ပြုစုစောင့်ရှောက်ခွင့်ရချင်နေတာလေ၊ မိထွေး နဲ့တောင် မတူဘူးလို့ အစ်ကို ခံစားမိနေတယ်မို့လား ..၊ သားကိုလည်း အစ်ကို နားလည်ပေးရမှာပေါ့၊ အရာရာဟာ ဖြစ်စဉ်တွေအတိုင်းရှိနေမှာမဟုတ်သလို ကိုယ်က ဒီလိုမျှော်လင့်နေပေမယ့်လည်း ဒီတိုင်းဖြစ်လာချင်မှ လာမှာ .."

ဒေါ်နွေးနွေး က ပြောနေရင်း စိတ်လိုက်မာန်ပါဖြစ်လာကာ ဦးမြတ်တင် အကြိုက် ကိုယ်လေးတစ်ခြမ်းလှည့်လာ၏။ ကျောလောက်ထိ ရှည်သည့် ဆံပင်က နဂိုကောက်မို့ ဒီတိုင်း ကလစ်နဲ့ စုညှပ်ထားလိုက်တာနှင့် ခပ်ပွပွ သေသေသပ်သပ်လေးဖြစ်နေတတ်သည်။

ပြီးတော့ ဒေါ်နွေးနွေး က အသားလတ်ရုံပဲရှိကာ မျက်နှာလည်းလိုတာထက်နည်းနည်းပိုရှည်သည်။ နှုတ်ခမ်းသားတွေကလည်း ခပ်ပြည့်ပြည့်ပင် ..

အရပ်လေး မနိမ့်မမြင့်နှင့် သူမလည်း ဒီအချိန်ထိ ကြည့်ကောင်းရှုကောင်းရှိနေဆဲဖြစ်သည်။ လှုမမာပုံလေးသာ ဖြစ်မနေလျှင်တော့ လှနေတုန်းပဲလို့ ပြောရမည်သာ ..။

ဦးမြတ်တင် က စိုက်ကြည့်နေသလို ဒေါ်နွေးနွေး ကလည်း သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်သည့် မျက်ဝန်းတို့နှင့်ကြည့်၍ ...၊

"သားအပေါ်မှာ အစ်ကိုဘာကြောင့်ပဲ မကျေနပ်သေးတာရှိရှိ အဲ့ဒါ အချစ်ကြောင့်လို့ပဲ နွေး က သတ်မှတ်တယ် .."

"ဘယ်လို .."

"အစ်ကို့သားကို အစ်ကိုချစ်တယ်၊ ချစ်လို့သာ သားက ငါ့ကိုချစ်နေရဲ့လားလို့ တွေးမိပြီး မုန်းနေမှာကို စိုးရိမ်နေတာ .."

"ကိုယ် ဟန်ဆောင်နေတာလို့ မင်း ထင်တယ်ပေါ့ .."

"မဟုတ်ဘူး .. အစ်ကို့စိတ်ကို အစ်ကို နားလည်ဖို့မကြိုးစားတာ၊ သားကို ကိုယ့်သားမှန်း လက်ခံလို့ ဒီထိ .."

"မင်း ခေါ်လာခဲ့တာ နွေး .. သူတို့ဘယ်မှာရှိနေသလဲ မင်းပဲ စုံစမ်းခဲ့တာ .."

"နွေး က အစ်ကို့အတွက် သားသမီးရတနာမွေးမပေးနိုင်တော့ဘူးလေ .."

"အဲဒီတော့ ကမ္ဘာပြိုသွားနိုင်သလား .."

"ပြိုသွားနိုင်တာပေါ့ အစ်ကို၊ စကြဝဠာကမ္ဘာမပြိုနိုင်ပေမယ့် မိမိရဲ့ကမ္ဘာလေး သဲအိမ်လေးလို ပြိုကျပျောက်ရှသွားနိုင်တယ်၊ သတ္တဝါတိုင်းဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်ကမ္ဘာလေးတွေမှာ ပျော်မွေ့ကြတာ၊ နွေး တို့မှာတော့ ကိုယ့်ကမ္ဘာကိုတောင် လှပသာယာအောင် မဖန်တီးနိုင်ကြဘူး၊ အဲဒါ နွေး မှာပဲ အပြစ်ရှိခဲ့တာ .."

"မင်း အဲဒါတွေ ဘာဖြစ်လို့ တစ်စုတစ်ဝေးတည်း ဖော်ထုတ်နေရတာလဲ .."

"အစ်ကိုနဲ့ သားနဲ့ မပြေလည်သရွေ့ အေးဆေးငြိမ်းချမ်းတဲ့ဘဝကို မရနိုင်ဘူး၊ အဲဒီထဲမှာ သွေးမတော်ဘဲ ချစ်နေရတဲ့ နွေး ရဲ့ဘဝကို အစ်ကို စာနာကြည့်ပါဦး .."

"မင်းရဲ့စိတ်ဓာတ်ကို ကိုယ် လေးစားတယ် နွေး၊ ဒါပေမယ့် မင်း



လုပ်ရပ်တွေအတွက်တော့ ကျေးဇူးမတင်ဘူး၊ ဖြစ်လာတာ မလာတာကြောင့်လည်း မင်းကို အပြစ်တင်ဖို့မရှိဘူး၊ ကိုယ့်စိတ်ထဲမှာ အတိတ်ကို နည်းနည်းမှကို လှည့်မကြည့်ချင်တော့တာ၊ အဲ့ဒါကြောင့် ဒါကို မင်းသွားပြီး တူးဖော်ထုတ်လာတာ ကိုယ် ဘဝင်မကျခဲ့ဘူး .."

"အတိတ်ကို လှည့်မကြည့်ချင်တော့ပေမယ့် လှည့်ကြည့်ရမှန်း သိလာတဲ့အခါ ဒီကလေးကို ဘယ်လိုမှ နွေးထွေးခွင့်ရတော့မှာ မဟုတ်ဘူး အစ်ကို .."

"ဒါကို ကိုယ်က .."

"ဂရုမစိုက်ဘူးလို့ မပြောနဲ့ အစ်ကို၊ အစ်ကို ဂရုစိုက်ရမှန်း ကိုယ့်ကိုယ်ကိုယ် သိလာတဲ့နေ့မှာ အစ်ကို့တစ်ယောက်တည်း ဘယ်လိုမှ .."

"နွေး ..."

"အစ်ကို့ကို နွေး အဲဒီလို အထီးကျန်တစ်ကိုယ်တည်း မကျန်စေချင်ဘူး .."

ဒေါ်နွေးနွေး ဦးမြတ်တင် ရဲ့ ပခုံးတစ်ဖက်ပေါ်မှာ ခေါင်းလေးတင်လိုက်ပြီး မျက်ရည်စတွေကို မျက်ဝန်းတို့ဖိမှိတ်ပစ်၍ ပြုံးစေခဲ့၏။

ဒီကောင်လေးအပေါ်မှာ ကိုယ့်သားလေးလို ဂရုစိုက်ကြင်နာချင်ခဲ့တာ သူမ ရင်ထဲမှာ ဟန်ဆောင်ခြင်းအလျှဉ်းကင်းခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဆိုင်ထဲဝင်လာရင်း ထိုင်နေကျစားပွဲကို တန်းတန်းမတ်မတ်သွားတော့ နာရီကြည့်ရင်း ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရုပ်တစ်ဘူးယဲ မှာလိုက်ပြီး ဖုန်းထဲမှာ မက်ဆေ့ချ်ဝင်လာသဖြင့် ဖွင့်ကြည့်လိုက်၏။

"ငါ လာဖြစ်မှာမဟုတ်တော့ဘူး ဆေး ...၊ အပျိုကြီး ဒီနေ့လာလိမ့်မယ်ထင်တယ် .."

သူ မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ပြန်ပို့လိုက်၏။

"ငါမှ မမြင်ဘူးတာ လာရင်ဘာလုပ်ရမှာလဲ .."

"ငါတို့အလုပ်ကိစ္စလေးနည်းနည်းပြောပြလိုက်ရုံပဲ ...၊ သူက ကထိကသာဆိုတာ ပါချုပ်ထက်တောင် ပိုဆိုးတာနော် .."

သူ စိတ်မရှည်တော့ဘဲ ဖုန်းခေါ်လိုက်တော့သည်။ သူငယ်ချင်းမိတ်ဆွေတွေအားလုံးကတော့ သူ့ကို ဆေး လို့ပဲ ခေါ်ကြတာပါ။ ညီဆိုတာက ကိုယ့်ဆွေမျိုးသားချင်းလောက်ပဲဖြစ်သည်။

ဟိုဘက်က ဖုန်းကိုင်လိုက်တာနှင့် စိတ်ညစ်သံရှည်ကြီးနဲ့ ဖြစ်တာ ...၊

"မင်းက ဖုန်းပြောရင် ရစ်တော့မှာ ငါသိတယ် ဆေး ရာ ...၊ လုပ်



ပါကွာ .. ဒါလေးပဲ .."

"ကိုနောင် .. မင်း တမင်မလာတာမို့လား .."

"မဟုတ်ရပါဘူးကွာ .. ဒီအပျိုကြီး ပြောဆိုမကောင်းတာ ငါသိပါတယ်၊ ဒါပေမယ့် .."

ဆေး မျက်လုံးအပြင့်မှာ သူ့ရှေ့တည့်တည့်ကနေ ပြုံးဝိုင်းနေအောင် ငေးကြည့်နေသည့် မျက်ဝန်းလေးတစ်စုံနှင့် ပက်ပင်းတိုး၏။

သူ့စိုး လူမိသလို ရှက်ကိုးရှက်ကန်းဖြစ်သွားရမည့်အစား သူမက ပြုံးပြနေသေးသည်။

ဘာလဲ .. သိလို့လား ...၊

မောရှောလုပ်ပြီး ပြန်ပြုံးပြဖို့ အစီအစဉ်မရှိသည့်နောက်မှာ မျက်လုံးတွေက တခြားကို အချိန်မဆိုင်း ရွေ့လျားသွားခဲ့ပြီး ...၊

"ဘာ .. ပြန်ပြော .."

"ဟာကွာ .. ဒီမှာ ဖက်ဖက်မောအောင် ရှင်းပြပြီးမှ .."

"ပြန်ပြော .."

"အသားညိုစိမ့်စိမ့်လေး နှာတံပေါ်တယ်၊ မျက်ခုံးထူခဲခဲလေးနဲ့ နှုတ်ခမ်းပြည့်ပြည့်ပဲ .."

"ယောကောင် .. ငါ ပန်းချီပြန်ရေးမှာ မဟုတ်ဘူး .."

"ဒါပေမယ့် .."

"အရပ်အမောင်း ပုံစံပဲပြော .."

"အရပ်မြင့်မြင့် ကိုယ်လုံးလှလှပဲကွာ ...၊ သိသာထင်ရှားအောင်ပြောရရင် ဆံပင်က အရှည်ကြီးပဲ၊ သူက လည်ကပ်ဆွယ်တာတွေ အနီအနက်တွေ အဝတ်များတယ်၊ ကုတ်အင်္ကျီထပ်ဝတ်ရင်လည်း အနီအနက်တွေပဲ .."

လည်ကပ်ဆွယ်တာ အနီအနက်တွေ ...၊

ဖုန်းနားထောင်ရင်း သူ့မျက်လုံးတွေရှေ့က မျက်လုံးဝိုင်းဆီရောက်

www.burmeseclassic.com



သွား၏။ အသားညိုစိမ့်စိမ့် နှာတံပေါ်ပေါ် မျက်ခုံးကအစ ကိုနောင် ပြောသလို တစ်ထပ်တည်း ..။

အကျီဖတ်ထားပုံကလည်း ဒီတိုင်းပဲဖြစ်ကာ ဆံပင်ကတော့ ပခုံးသာသာလောက် စတက်ပ်ဒီဇိုင်းလေးပဲဖြစ်၏။

သူ မျက်လုံးတွေပြန်လွှဲကာ ..၊

"သူ့ဆံပင်က ဘယ်လောက်ရှည်လဲ .."

"ကိုမိုးသဲ ပြောတာတော့ အရှည်ပဲကွ၊ ဆံပင်ရှည်သလောက် သိပ်ရစ်တာလို့ ပြောစမှတ်တွင်နေတာတဲ့၊ နေပါဦး မင်းက သေချာမေးနေတော့ ပုံစံတူတဲ့သူ မြင်နေရလို့လား .."

"ဟုတ်တယ် .. ဆံပင် မရှည်ဘူး .."

"ဖြစ်နိုင်တာပဲကွ .. တစ်ပတ်လောက်အတွင်း ညှပ်ရင်ညှပ်ချပစ်နိုင်တာပဲ၊ ငါပြောတာအားလုံးတူနေရင် ဝင်ရောလိုက်တော့ ဆေး ..၊ လုပ်ပါကွာ .. ငါမလာဖြစ်တာလည်းကောင်းတယ် သူနဲ့ပြောဆိုကောင်းဖို့က မသေချာဘူး၊ ငါ့ကြောင့် လွဲသွားရင် ငါ့ဆီတိုက်ရိုက်ထိမယ့်လေဆာက တကယ့်အပြင်းစားကြီး .."

"ငါ့ကြောင့် လွဲသွားရင်တော့ မင်းကို မထိဘူးပေါ့ .."

"မင်းလွဲသွားရင် ငါ မသွားဖြစ်လိုက်ဘူးပေါ့၊ အိုခေရင်တော့ အသားလေးဝင့်ကရုံပဲ .."

"ဪ .."

"မင်း သူ့သဘောသိရအောင် နည်းနည်းလေးပဲ ချက်(ခ်)လုပ်လိုက်ပါ၊ အိုခေပြီထင်မှ ငါ့နာမည်ပြောလေ၊ နော် .. မင်း လုံးဝအကျိုးမယုတ်စေရဘူး .."

"နာမည်ထပ်ပြော .."

"ဒေါ်ယဉ်မေလွင် .."

သူ နေရာမှ ထရပ်လိုက်သည်။ ကိုယ်ကမသိဘဲနဲ့တောင် သူမက





စပြီးပြုံးပြခဲ့သေးသည်။ နာမည်ကိုပဲ တိုက်ရိုက်မေးလိုက်ရင် ရပြီ ..၊

ပြောစကားတွေအရ ဆံပင်ရှည်သလောက် ရစ်သည်ဆိုတာ ယုံချင်စရာပင်မရှိ။ သူမ မျက်နှာမှာ တင်းမာစူးရဲဟန် ဘာမှရှိမနေဘဲ သူ့ခြေလှမ်းတွေ ရှေ့တိုးရွေ့လျားသွားတဲ့အတိုင်း မျက်ဝန်းလေးတွေက ပိုပိုဝိုင်းလာ၏။

ပြီးတော့ အုံ့ပြဲရိပ်လေးတွေထင်ကာ နှုတ်ခမ်းလေးတွေပြုံးယောင်သမ်းလာခဲ့ပြီး ..၊

သူလည်း ငါ့ကို သိသွားပြီ ..၊

သူမ ပျော်သွားခဲ့၏။ ထို့အတူ တွေးမိတာက မေမေ ပြောခဲ့တဲ့စကား ..၊

"သမီး ဓာတ်ပုံတွေထဲက အလှဆုံးပုံကို မေမေ ပေးခဲ့တာပါ၊ မလှမှာ ဘာဖြစ်လို့ပူနေတာလဲ သမီးရယ်၊ မေမေ့ သမီးက အသားလေးညိုပေမယ့် ရှေ့ရှည်သွန်းထားသလိုလေးရယ်၊ အသားဖြူတဲ့ မိန်းကလေးတိုင်း လှကြတာမှ မဟုတ်တာ .." တဲ့ ..။

မေမေက ကိုယ့်သမီးမို့ နှစ်သိမ့်နေတာများလားလို့ တွေးမိခဲ့သေးသည်။ ဒါကလည်း 'တင်ကိုကို' ဆိုသည့် ယောကျ်ားကို စတင်မြင်ဖူးလိုက်ကာမှ တွေးမိခဲ့သည့် ပထမဆုံး သိမ်ငယ်စိတ်ပဲဖြစ်သည်။

"ဟိုမှာလေ .. ကိုတင့် ဘေးမှာ ဖအေထက်တောင် အရပ်ကြီးတာ မြင့်မားနေသေးတယ်၊ ဖြူဖြူတောင့်တောင့် ခန့်ချောလေး၊ အဲ့ဒီကောင်လေးက 'တင်ကိုကို' တဲ့ .."

မိတ်ဆက်ပေးခွင့်မရသေးဘဲ ခပ်လှမ်းလှမ်းတစ်နေရာကနေ မေမေ ပြထားလို့ မြင်ဖူးခဲ့သည်။ ကိုယ်နဲ့ စေ့စပ်မည့်သူအဖြစ် သိလိုက်ရတော့ ကျေနပ်သွားမိ၏။

အသက်အစိတ်မှ ပုခက်မချိတ်ရလျှင် အပျိုဟိုင်းကြီးဖြစ်ပြီလို့ ပြောကြပါပြီ။ သူမကတော့ အသက်အစိတ်တောင် ကျော်နေပြီဖြစ်သည်။

ဒါပေမယ့် တင်ကိုကို ဆိုသူကိုသာ မမြင်ဖူးခဲ့လျှင် သူမ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အသက်တိုယ်လည်း သတိရမိခဲ့ည်မထင်။ သူက ငါ့ထက်များ အသက်ငယ်လေသလို့တွေ့ပြီး စိုးရိမ်စိတ်ဝင်မိတာမျိုးလည်း ခံစားရမှာမဟုတ်…၊

နောက်တော့ သူကိုယ်တိုင် ကိုယ့်ရှေ့ကို ရောက်လာခဲ့ပြီဖြစ်ကာ …၊

"ဒီမှာ …"

"ဟင်!… ရှင် … အဲ …"

သူမ တစ်ယောက်တည်း အယောင်ယောင်အမှားမှားတွေဖြစ်လို့…၊

ဒါလား ပြောမကောင်းဆိုမကောင်း အရစ်ရှည်တဲ့ အဖျားကြီးပွကျကျ…။

မျက်နှာကို တစိုက်မတ်မတ် မော့ငေးနေတာ သူမရှေ့မှာ ခြေစုံရပ်မိသည်အထိ တစ်ချက်မှ မလွှဲခဲ့ …၊

ဆေး နည်းနည်းတော့ ချဉ်သွားမိကာ မျက်နှာသည် စိတ်ထဲဖြစ်လာတဲ့အတိုင်း မဲ့ချင်ချင်နှင့် …၊

"ခင်ဗျားက ဒေါ်ယဉ် … အဲ … ဒေါ်ယဉ် …"

"ယဉ်စစခင် ပါ …"

"ဘယ်လို …"

ဒီနာမည်မဟုတ်တာကို သိလိုက်သည်။ ဒါပေမယ့် စဉ်းစားလို့လည်းမရ …၊

သူမက သွားတန်းလေးတွေပေါ်အောင် ရယ်ပြကာ မတ်တပ်ထရပ်တော့မလို လှုပ်လှုပ်ရှားရှားလေးဖြစ်နေပြီး …၊

"ဟိုလေ … ရှင် … ရှင်သိရဲ့သားနဲ့ … ယဉ်စစခင် …"

"မဟုတ်ပါဘူး …"

"ဟင်!…"

"ဆောရီး လူမှားလို့ …"

သူ ချာခနဲလှည့်ထွက်သွားသည်။ ရယ်လက်စမျက်နှာကို ဆယ်သွားလွှင့်ပစ်ရမှန်းမသိ၊ ရယ်ထားရတဲ့ ဒီပါးစပ်ကြီးက သွားတွေအခွေလိုက်ကို ဘေးက လူတွေရှေ့မှာ ချက်ချင်းကြီး ဘယ်လိုပြန်ပိတ်ရမလဲ …။



ရှက်လိုက်တာ …

သေလိုက်စမ်း စစ …၊

မျက်နှာကို ငုံ၍ ပါးကုတ်သလိုလို နှာခေါင်းပွတ်သလိုလိုနှင့် သွားတွေကို ပြန်ကာကွယ်နေရသည်။

ဒီလူ ငါ့ကို တမင်အရှက်ခွဲသွားတာ၊ ငါ့ ခေတ်ပုံကိုကြည့်ပြီးပြီ၊ သူ ငါ့ကိုသိတယ်၊ သိရက်နဲ့လုပ်သွားတာ …။ သူမ အိမ်ကထွက်လာခဲ့တာ ပြက္ခဒိန်ကြည့်ခဲ့သေးသည်။

ဒီနေ့ ရက်ရာစာပါ။ ဒီစားပွဲမှာ ထိုင်မိလို့ ပြဿဒါးဖြစ်သွားတာလား …၊

မဟုတ်ဘူး … အဲဒီ အကုသိုလ်နဲ့ မျက်နှာချင်းဆိုင်မိလို့ …၊

စစ တစ်ယောက်တည်း ပွစိပွစိရေရွတ်နေမိ၏။ ပြီးတော့ ကရုဏာမေတ္တာများစွာဖြင့် …

ကားပေါ်တက်ရင်း ခြေချော်ပါစေ၊ မိန်းကလေးထုထုရှေ့မှာ ခလုတ်တိုက်ပါစေ …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ကျွန်တော်မှ အင်္ဂလိပ်စကားပြော မကျွမ်းကျင်တာ .."

"မလိုဘူး .. မင်းအတွက် ဂိုက်(ဒ်)တစ်ယောက်ရှိလိမ့်မယ်၊ လိုအပ်တာက ဒီလူတွေနဲ့ ဆွေးနွေးရမယ့်ကိစ္စ မင်း ဖြစ်မြောက်လာဖို့ပဲ .."

ဦးမြတ်တင် က အနားသတ်အမိန့်တစ်ရပ်နှင့် လှည့်ထွက်သွား၏။ ကိုကို့ မျက်နှာမှာ စိုးရိမ်စိတ်ကြောင့် မှုန်မှိုင်းနေခဲ့၏။

"သား .."

ဒေါ်နွေးနွေး က သူ့နားရောက်လာကာ ..၊

"သားက အတွေ့အကြုံနည်းသေးလို့ပါ၊ တစ်ခါလောက် အဆင်ပြေသွားရင် နောက်ဆို တွေ့ဆုံဆွေးနွေးပွဲတွေ ဒင်နာတွေ သား ခဏခဏ တက်ရတော့မှာ၊ စီးပွားရေးလုပ်ငန်းတစ်ခုမှာ အောင်မြင်လာရင် ကိုယ့်ပတ်ဝန်းကျင်သေးသေးလေးမှာပဲ နေလို့မရတော့ဘူး သားရဲ့၊ သား လုပ်နိုင်ပါတယ် .."

"မေမေ .."

"အင်း .. ပြောလေ သား .."

"ကျွန်တော်က .."



"အင်း .."

"ဘယ်လိုပြောရမှန်းမသိတော့ဘူး .."

"ပြောချင်တာကို ပြောပေါ့သားရယ်၊ သား မေမေကလည်း မျှသိပ်တာကို မကြိုက်ဘူး၊ ခွဲခြားနားလည်မှုနဲ့ သည်းခံတတ်တာမျိုးက တစ်မျိုးလေ၊ နေရာတကာ မျှသိပ်နေတာကျတော့ အုံဖွဲ့မှုကနေ အဆိပ်အတောက်ဖြစ်လာတတ်တယ် .."

"ကျွန်တော် မမျှသိပ်ပါဘူး၊ ဒါပေမယ့် မေမေ့ရှေ့ရောက်တိုင်း မပြောရဲမဆိုရဲဖြစ်သွားတာတော့ အမှန်ပဲ၊ အလုပ်နဲ့ပတ်သက်တာမှာလည်း ကျွန်တော် မလုပ်နိုင်မှာထက် မေမေ ငြိုငြင်မှာကို ပိုပြီး စိုးရိမ်တယ်.."

"သားကိုလည်း အောင်မြင်တဲ့လူတစ်ယောက်ဖြစ်စေချင်လို့ အောင်မြင်နေတဲ့ လူတွေနဲ့ သား မေမေက တွေ့စေချင်တာပဲ၊ ဒါက အစမို့ပါ သားရယ် .. သား ကိုယ့်ကိုယ်ကိုယ် ကော့ဖစ်ဒန့်(စ်)ရှိသွားပြီဆိုရင် အားလုံးကို အေးဆေးကျော်ဖြတ်သွားနိုင်မှာပါ .."

အားပေးနေပေမယ့်လည်း ကိုကို့ မျက်နှာက ကြည်လင်မှုနည်းပါးနေဆဲ ..၊

"မေမေ့ကို ကျွန်တော် တစ်ခုလောက်မေးလို့ရမလားဟင် .."

"မေးလေ သား .."

"ဟိုလေ .. ကျွန်တော့်ကွယ်ရာမှာ မေမေက ကျွန်တော့်ကိုမုန်းတဲ့အကြောင်းတွေ ပြောသေးလားဟင် .."

"မပြောပါဘူး သားရယ်၊ သားကို မေမေကတောင် ချစ်နေသေးတာ၊ သားရဲ့ မေမေက မုန်းနေစရာလား .. ဘာဖြစ်လို့ အဲလိုထင်ရတာလဲ.."

"ဟွန့် .. ဟို .."

ကိုကိုက မျက်နှာငုံ့သွားပြီး ဘာမှမဖြစ်သလိုရယ်သည်။ ပြီးတော့ ခေါင်းခါ၏။

"ဘာမှ ဖြစ်လို့မဟုတ်ပါဘူး .. ဒါပေမယ့်လေ .."

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ဆိုပြီး နောက်စကားက ပါမလာခဲ့ပေ။ တစ်ခုခုပြော တော့မည်ဆို သူ့စကား မှားသွားမှာစိုးလို့ ထိန်းချုပ်ရှာ၏။ ဖအေ မျက်နှာ ကို တကြည့်ကြည့်နှင့် မျိုသိပ်မှုတွေနဲ့သာ လုံးထွေးနေခဲ့မှန်း ဒေါ်နွေးနွေး သိနေသည်။

ထို့ကြောင့် စိတ်မကောင်းဖြစ်မိရရင်း …၊

"သား အဖေနဲ့ သား အဆင်ပြေချင်ရင်တော့ သူ့လိုလူ ဖြစ်မှပဲ ရမှာ .."

"ဟင် !..."

"အံ့ဩသွားလား သား .. ဟုတ်တယ်၊ အင်္ဂလိပ်စကားပြောကျွင် သလိုပေါ့ကွယ်၊ များများပြောနေမှ များများတတ်တာ၊ ငါ့အသံထွက် မှားသွားရင် သူများတွေရယ်တော့မှာပဲဆိုပြီး ရှက်ကြောက်နေရင်း မပြော ရဲရင်း မပြောဖြစ်ရင်းနဲ့ မပြောတတ်တော့ဘူးလေ၊ လူမှုဆက်ဆံရေးဆိုတာ လူတိုင်းတစ်ဖြောင့်တည်း ကောင်းမွန်သွားတာမရှိဘူး၊ မှန်တာရှိသလို မှားယွင်းမှုတွေလည်းရှိလာမှာပဲ၊ ချစ်ခင်သူတွေ တိုးပွားလာနိုင်သလို မုန်းကြတာတွေလည်း ပါမှာပေါ့ .."

မဟုတ်ဘူးလားဆိုသည့်အကြည့်နှင့် မေးဆတ်တော့ ကိုကို ခေါင်း ညိတ်မိသည်။ ဒေါ်နွေးနွေး က ခုချိန်ထိ ဆိုဖာနားမှာရပ်နေဆဲရှိသည့် ကိုကို့ လက်ကိုဆွဲ၍ အတူတူထိုင်လိုက်သည်။ ပြီးမှ …၊

"ကိုယ်ပြောမှားဆိုမှားဖြစ်သွားမှာကိုတောင် သား ဂရုစိုက်နေရင် လက်တွေ့ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ဘယ်လိုကျေပြွန် မလဲ .."

ကိုကို အငေးသားကြည့်နေရင်း ဘာမှမပြောနိုင် …။

"သား အဖေ သဘောမကျဖြစ်နေတာ အဲ့ဒါပဲ၊ သားက ကိုယ့်ကိုယ် ကိုယ် ကော့ဖစ်ဒဲန့်(စ်)အပြည့်ရှိရမယ်၊ အဖေ အားကိုးနိုင်တဲ့ သားကောင်း တစ်ယောက် ဖြစ်ကိုဖြစ်ရမှာလေ .. မဟုတ်ဘူးလား .."



မဟုတ်ဘူး အန်တီ .. ဖေဖေ့မှာ သားနှစ်ယောက်ရှိတာ …၊

စိတ်ထဲကပြောရင်း ဆေး ကို သတိရမိသည်။ ဖေဖေ လိုအပ်နေတဲ့ သားမျိုးက ဆေး ပဲထင်ပါသည်။ သူ ဒီလိုဖြစ်နိုင် မဖြစ်နိုင် မသေချာ ပေမယ့် ဆေး ကမှ အဖေတူသားဖြစ်ဖို့ရှိနေတဲ့သူ …။

"ကဲ .. သား သွားပြင်ဆင်လိုက်တော့ ပြီးရင် အိမ်ရှေ့မှာ ပရာဒိုနဲ့ ဒရိုင်ဘာစောင့်နေလိမ့်မယ် .."

"ဟုတ်ကဲ့ .."

ကိုကို ထွက်သွားတော့ ဒေါ်နွေးနွေး ဆိုဖာမှာ ခပ်လျှော့လျှော့မှီနေ လိုက်ရင်း အသက်တစ်ဝကြီးရှိုက်သွင်းမိ၏။

ခုတစ်လော နေရထိုင်ရာတာ ကြည်ကြည်လင်လင်ရှိပေမယ့် စိတ် ချမ်းသာပျော်ရွှင်မှုကိုတော့ မရခဲ့သေးပေ။ ကိုကို့ပုံစံက မျိုသိပ်သလောက် အေးစက်စက်ဖြစ်နေတာမျိုးဆိုလျှင် ပိုမှန်လိမ့်မည်။

ဖအေကိုလည်း မပွင့်လင်းရဲ ကိုယ့်အပေါ်မှာလည်း လှိုက်လှဲတွယ် တာပုံမျိုး မရှိခဲ့ဘဲ …။

"မမကြီး ဖုန်းလာနေတယ် .."

"အေး .. ကြားတယ် .."

ဖုန်းမြည်နေတာသိပေမယ့် ကိုယ့်ဘာသာ အထိုင်အထ လေးနေ သဖြင့် တော်တော်ကြာမှ ကိုင်ဖြစ်ခဲ့၏။

"ဟလို .."

"နွေး ရေ .. ကိုယ်ပါ .."

"အေး .. ဆွေ ပြောလေ .."

"နေကောင်းရဲ့လား နွေး .."

"ကောင်းတာပေါ့ .. ပြောချင်တာပြောလို့ရတယ် .."

"အဟွန်း .. ပြောချင်တာကတော့ သားရေးသမီးရေးပဲ နွေး ရယ်၊ နွေး တို့ မိသားစုကို အိမ်မှာထမင်းစားဖိတ်ချင်တာ ဒါပေမယ့် ကိုတင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အလုပ်ရှုပ်တဲ့သူ၊ နွေး ကလည်း ကျန်းမာရေးမကောင်းတော့..."

"သိနေရင်လည်း မွေ တို့ပဲ လာလိုက်ပါလား မွေ ရယ်၊ အချင်းချင်းတွေပဲ .. ဒီမှာ .. အရိုးပွဲ .. အချည်ပွဲတွေ စုံစုံလင်လင်ပြင်ပြီး ရှယ်ဖြစ်နေစေရမယ် .."

"ဟွန်း .. ဟွန်း .. ဟုတ်ပါပြီ လာခဲ့ပါမယ်၊ နွေး တို့ အဆင်ပြေမယ့်တစ်နေ့နေ့ပေါ့နော် ..၊ ကလေးချင်းလည်း မျက်မှန်းတန်းမိအောင်လို့လေ .."

"ဟုတ်တယ် .. အဲဒါ အရေးကြီးတယ် .."

မိဘချင်းက ပြေလည်နေပေမယ့် သားကို ဓာတ်ပုံပြလိုက်တာ ကိုကို့မျက်နှာမှာ လိုလားနှစ်သက်ဟန် ဘာမှမမြင် ..။ ထို့ပြင် မေမေတို့ သဘောစိစဉ်ပါလို့လည်းမပြော၊ လက်မထပ်ချင်သေးပါဘူးလို့ ငြင်းတာလည်းမဟုတ် ..။

မျိုးသိပ်နိုင်လွန်းတဲ့လူတွေကို အကဲခတ်ရတာလည်း မလွယ်ပါလား ..၊



## အခန်း (၇)

"ဓေစဝ်ထားရုံပါပဲ သားရယ်၊ လက်ထပ်ဖို့က သားတို့ချင်း ရင်းနှီးမှပါ .."

"သူက မေမေ့မိတ်ဆွေလား .. အလုပ်ထဲက လူကြီးပိုင်းတွေ ကျွန်တော်သိတယ် .."

"မဟုတ်ဘူး သားရဲ့ .. လုပ်ငန်းတူစီးပွားဘက်မဟုတ်ဘူး၊ ပြောရရင်သူတို့ပတ်ဝန်းကျင်မှာတော့ ချမ်းချမ်းသာသာ နေနိုင်တဲ့ အဆင့်အတန်းမျိုးပါပဲ၊ သစ်ခွဲစက်နဲ့ အရောင်းအဝယ်လုပ်ငန်းရှိတယ်၊ ခုတော့ မွေရဲ့ မောင်ကပဲ အလုပ်ကိုရော သူတို့သားအမိကိုရော စောင့်ရှောက်ထားတယ် .."

ကိုကို့ ရင်ထဲမှာ ဟင်ခနဲဖြစ်သွားသည်။ သူရောက်တာဖြင့် တစ်လကျော်-နှစ်လပဲရှိသေးသည်။ အန်တီ ဘာဖြစ်လို့ အိမ်ထောင်ချပေးဖို့စီစဉ်နေတာလဲ ..၊

စိတ်ထဲရှိတာ ပြောဆိုတဲ့အတိုင်း ပြောလိုက်ရရင်တော့ ဒီတိုင်းမေးလိုက်ချင်၏။ ဒါပေမယ့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ မေမေတို့နဲ့ ဘယ်လိုအဆက်အသွယ်တွေရှိခဲ့တာလဲ .."

ဒီလိုအဆင့်အတန်းမျိုးနဲ့ မေမေတို့နဲ့ ဘာဆိုင်လို့လဲလို့ မေးလိုက်ချင်တာဖြစ်သည်။ ဒါပေမယ့် ဘာဖြစ်ဖြစ် လွှတ်ခနဲမပြောတတ်သည့် အကျင့်ကြောင့် ဒီတိုင်းတော့ မမေးဖြစ်ခဲ့ဘဲ ..၊

"ဒီလိုပါ .. မေမေ့ မိတ်ဆွေလား .. မေမေ့ဘက်က .."

"မေမေတို့နဲ့ အရမ်းရင်းနှီးခင်မင်ကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေပေါ့ သားရယ်၊ လုပ်ငန်းထဲက အကျိုးတူစီးပွားရေးဘက်ဆိုတာကမှ ငွေကြေးနဲ့ ကျော်ကြားမှုကြောင့် အစဉ်သဖြင့် ကောင်းနိုင်ချင်မှ ကောင်းမှာ၊ သူတို့ကျတော့ အရမ်းဖြူစင်တယ်၊ လောဘသဏ္ဍာယလည်း နည်းတယ် .."

"အဟွန့် .."

"ဘာရယ်တာလဲ သားက .."

"ဘာမှမဟုတ်ပါဘူး .."

'လောဘဆိုတာ ရှိကိုရှိရတယ်ကွ' လို့ ဖေဖေ သူ့ကိုကြည့်ပြီး တစ်လုံးတစ်ခွကြီး ပြောခဲ့ဖူးတာ အန်တီ မကြားခဲ့ဖူးထင်သည်။

"ပုထုဇဉ်ဖြစ်ပြီး လောဘမရှိပါဘူး၊ ရှောင်ရှားနိုင်ပါတယ်ဆိုရင် အဲဒီကောင်မျိုး သွားပြီ .." တဲ့ ..။

စိတ်ထဲမှာ အထာမကျတာတွေ ကြားရတတ်ပေမယ့် မေးလည်း မမေးဖြစ်၊ စိတ်ထဲရှိသလိုလည်း မပြောဖြစ်ခဲ့ပေ။ လောလောဆယ် ခါးသီးစွာ ခံစားနေရတာက သူ လက်မထပ်ချင်သည့်အဖြစ် ..၊

"သား တစ်ခုခု အလိုမကျတာရှိရင် ပြောလေ .."

"အဲ့လိုမဟုတ်ပါဘူး .."

"အဲ့လိုမဟုတ်ရင် ဘာလဲ .."



"မဟုတ်ပါဘူး မေမေ .. ဒီလိုပဲ မေးကြည့်တာပါ .."

"ဒါဆို သား တွေးနေတာကို မေမေ ခန့်မှန်းကြည့်ရမလား .."

ဒေါ်နွေးနွေး က မေးလိုက်ပြီး ဖြေတာကိုမစောင့်ဘဲ ..၊

"သားရောက်လာတာ မကြာသေးဘဲနဲ့ လက်ထပ်ပေးတာကို နားမလည်ဖြစ်နေတာမို့လား .."

တစ်ခုကတော့ တန်းခနဲမှန်သွားလေသည်။ ကိုကို ထိတ်ခနဲဖြစ်သွား၏။ နောက်ထပ် ခန့်မှန်းမိနေပြီလား ..။ ဒီတိုင်းများ ပြောချလိုက်မလား ..။

ဒေါ်နွေးနွေး သူ့အပေါ်မှာ နွေးထွေးစွာ ဆီးကြိုခဲ့ပေမယ့် မေမေ့ ထက်လည်း အရာရာမှာ နူးညံ့ကြင်နာခဲ့တာတောင် မိထွေး ဆိုသည့် အမြင်အရ ကိုယ့်ကိုအလိမ္မာသုံးပြီး ခွဲထုတ်ချင်တာလားလို့ တွေးမိခဲ့တာကတော့ အတိအကျရှိနေသေး၏။

"သားရယ် .. မေမေ့ ကျန်းမာရေးကို မေမေ စိတ်မချလို့ပါ၊ မင်းအဖေကိုပြောရင် 'မင်း ဘာမှမဖြစ်နိုင်ဘူး ပူမနေနဲ့' ဆိုတာချည်းပဲ၊ သားအတွက် မေမေက အမေတစ်ယောက်လို မပူပင်ရတော့ဘူးလား.."

သူ့လက်မောင်းတစ်ဖက်ကို ဖွဖွဆုပ်ကိုင်၍ မျက်နှာကိုသေချာကြည့်နေသည်။ ပြီးတော့ ...

"သားနဲ့ သားရဲ့အဖေ ဒီလိုပုံစံအတိုင်းရှိနေရင်း နှစ်ယောက်တည်း ဖြစ်သွားကြရင် ဒီအိမ်မှာ ဘယ်လိုဆက်ပြီး စည်းစည်းလုံးလုံးနေကြမလဲ၊ သားအဖရဲ့ အပြန်အလှန်နွေးထွေးမှုတွေ ရှိမလာတဲ့အပြင်၊ ပြိုကွဲပျက်စီးမှုတွေက အရင်ဖြစ်သွားမှာ၊ မေမေ အဲ့ဒီလိုအဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် နူးညံ့အေးချမ်းပြီး မေတ္တာတရားကို တန်ဖိုးထားတတ်တဲ့ မိန်းကလေး တစ်ယောက် သား ဘေးမှာ ရှိနေစေချင်တာ .."

ဘာဆိုင်လို့လဲ ချစ်ခြင်းမေတ္တာဆိုတာကို လက်သပ်မွေးမြူလို့ရ

www.burmeseclassic.com

www.burmeseclassic.com



လေး ... ဒီမိန်းမကရော ဘာမို့လို့ သားအဖကြားမှာ ပေါင်းကူးတံတား ဖြစ်စေမှာလဲ ...၊

"စစ ကို မေမေ ယုံကြည်တယ်၊ သူလေးက မိဘကိုသိတတ်တယ်၊ နားခံတတ်တယ်၊ ရုပ်ရည်အရွယ်လေးလည်းရှိပြီး ပညာတတ် သမီး အလိမ္မာလေးပဲ .."

ဆင်းရဲတာကြီးကတော့ ဆိုးပါတယ် အန်တီ ...၊ ကျွန်တော် မေမေ့ဆီ ရောက်လာတာ ဖေဖေ့သားဖြစ်ချင်လို့၊ ပြီးတော့ လူကုံထံအဆင့်အတန်းထဲမှာ အောင်မြင်တဲ့ သူဌေးဖြစ်ချင်လို့ ...။

"ဓနီးမယားကောင်းရဖို့မှာ သူ့ရဲ့စိတ်ဓာတ် အရည်အချင်းနဲ့ သတ်မှတ်တာ ပိုမှန်ပါတယ် သားရယ်၊ ရွှေငွေရတနာတွေ ပါလာဖို့မှမလိုတာ.."

ဒါဖြင့် ဖေဖေ့ မိဘတွေကတော့ ဖေဖေတို့တောင် ချမ်းသာတဲ့ အန်တီ့ကို ဘာဖြစ်လို့ရွေးချယ်လက်ထပ်ပေးခဲ့တာလဲ ...။ မေမေ့ကိုတော့ ဘာဖြစ်လို့ သဘောမတူဖြစ်ရတာလဲ ...။

ဘာကြောင့်လဲ .. မေမေက စိတ်ဓာတ်မကောင်းလို့လား၊ ဒါမှမဟုတ် အရည်အချင်းမရှိလို့လား ...၊

ဆင်းရဲလို့ ကျန်ခဲ့ရတာ ရှင်းရှင်းကြီးကို ဘာဖြစ်လို့ ကြားကောင်းအောင် စကားလုံးလှလှတွေသုံးနေတာလဲ ...။

"သား .. သားက စစ ကို သဘောမကျလို့လား .."

"မဟုတ်ပါဘူး .."

"ဟုတ်ပါတယ် .. သား တစ်ခုခုကိုတော့ ခံစားနေရတာပဲ .."

"ဟို ..လက်မထပ်ချင်သေးတာပါ၊ ဒါပေမယ့် မေမေတို့က စေ့စပ်ပေးရုံပဲဆိုတော့ .."

"စေ့စပ်ထားရုံပဲဆိုပေမယ့် လက်ထပ်မယ့်ဇနီးလောင်းကို ရွေးထုတ်



လျှာထားလိုက်တာပဲ သား၊ သားက လက်မခံနိုင်ရင် .."

"မဟုတ်ပါဘူး .."

ဒေါ်နွေးနွေး ရဲ့ စကားကို သူ အပြတ်အသတ်တော့ ငြင်းဖို့စိတ်မကူးနဲ့ပါ။ ဖေဖေက မကြည်လင်ရတဲ့အထဲ မိထွေးကပါ ငြိုငြင်သွားမယ်ဆိုရင် သူ့အတွက် နေစရာရှိတော့မှာ မဟုတ် ...။

"မေမေ့စကားကို ကျွန်တော် နားထောင်မှာပါ၊ ဒါပေမယ့် .. လက်ထပ်ဖို့ အချိန်ကိုတော့ ကျွန်တော်တို့ပဲ ဆုံးဖြတ်မယ်နော် .."

ဒေါ်နွေးနွေး ဝမ်းသာသွားသည်။ နာရီကြည့်လိုက်တော့ သားရဲ့ အဖေလည်း ပြန်လာတော့မှာဖြစ်၏။

ဒီနေ့ စစ တို့သားအမိ ရောက်လာကြလျှင် ကလေးတွေရဲ့ တွေ့ဆုံပွဲကို အကဲခတ်နိုင်ပြီမို့ ...၊

အဆင်ပြေပါစေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ကဲ .. သား အဖေတော့ မလာသေးဘူး၊ ဒါပေမယ့် ဒီ့ထက်နောက်ကျဖို့လည်းရှိတော့ လက်ဆုံစားပွဲလေးကို တို့တွေပဲ အရင်စလိုက်ရအောင်လေ၊ စားသောက်စကားပြောရင်း စောင့်ကြတာပေါ့ .."

"ဟုတ်တယ် .. ဟုတ်တယ် .."

"မဟုတ်သေးဘူးလေ မေမေ .."

"ဟင် !..."

အမေနှစ်ယောက်က သမီးဖြစ်သူကို လှည့်ကြည့်ကြ၏။ စစ ကလည်း သူမကို ဘာလို့အံ့သြနေတာလဲဆိုသည့်အကြည့်လေးနှင့် ခပ်အမ်းအမ်းဖြစ်သွားပြီးမှ ..၊

"အန်ကယ်လ်က အားလုံးထဲမှာ အကြီးဆုံးလေ၊ ပြီးတော့ သမီးတို့မှာလည်း သားအမိနှစ်ယောက်တည်း .."

သူမ ဘာကိုဆိုလိုချင်မှန်း အမေတွေက ခုထိနားမလည် ..။

"အန်ကယ်လ်ပါပါတော့ မိသားစုထမင်းဝိုင်းလေးနဲ့ တူတာပေါ့၊ သမီးတို့ စားလက်စဖြစ်နေမှ အန်ကယ်လ် ဝင်ထိုင်တာလည်း မကောင်းပါဘူး၊ လူစုံမှပဲ စားရအောင်ပါ .."



"သမီးရယ် .."

ဒေါ်နွေးနွေး သဘောတွေကျသွားကာ ရယ်နေသည့် နှုတ်ခမ်းလွှာတွေပင် မစေ့တော့ပေ။ အကျီကြယ်သီးတွေတပ်ရင်း လှေကားတစ်ဝက်ကို ရောက်နေပြီဖြစ်သည့် ကိုကို့ နှုတ်ခမ်းတွေကတော့ တစ်ဖက်ဆွဲချိတ်မဲ့သွားတာ တော်တော်နဲ့ ပြန်မကျနိုင် ..။

"ခုမှ ကုလားဇာတ်လမ်းတွဲကြည့်နေရတာပဲ၊ ချွေးမကောင်းဖြစ်ဖို့ တာထွက်တည်းက ချွေးပြန်အောင်ကြိုးစားနေပြီ .."

နှုတ်မှ ရေရွတ်ရင်း မဲ့မိပြန်သည်။ ပြီးတော့ အသာလေးကုန်းကွဆင်းလာပြီး ဧည့်ခန်းထဲကို ချောင်းကြည့်မိ၏။ ဓာတ်ပုံထဲမှာတော့ ရယ်နေလိုက်တာ သွားစွယ်တွေထပ်နေသည့် ပါးစပ်က ကြောက်စရာကြီး..။

အန်တီကတော့ 'သွားစွယ်လေးတွေ ချွန်နေတာ လူချစ်လူခင်ပေါတဲ့ပုံလေး တွေ့လား သား ..၊ စစ က သိပ်ချစ်ဖို့ကောင်းတာ' တဲ့ ..။

အပြင်မှာ ဘယ်လိုပုံလဲ သိတော့သိချင်မိ၏။ သို့သော် ..၊

"သမီးက မိသားစုနွေးထွေးမှုကို တန်ဖိုးထားတဲ့ မိန်းကလေးပဲ.. အန်တီ စိတ်ချမ်းသာသွားပြီ .."

"ဟုတ်တယ် နွေး ရယ် .. သမီးက သူ့အဖေရင်းထက် ကိုလွင့်ကို ပိုခင်နေတာ၊ အမေဆိုတာလည်း ငယ်ငယ်တည်းက မြင်ဖူးခဲ့တာ မဟုတ်တော့လေ .."

"ဒါပေါ့ ဆွေ ရယ်၊ သူလေးက ဆွေ တို့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့တာကိုး .."

မွေးစားသမီး ..၊

ဝင်သွားသင့်ပြီဆိုပြီး အကျအနပြင်လိုက်သည့် ခြေလှမ်းက နှေးခနဲ ပြန်ဖြစ်၏။ ဒီမိသားစုထဲကမို့လို့ ဆင်းရဲလိုက်တာလို့ မှတ်ခဲ့သည်။

သူမက မွေးစားသမီးဖြစ်နေသည့်အဖြစ် ..၊

"သားရေ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွေးနွေး ခေါ်သံကြောင့် မဖြစ်မနေ ဝင်သွားရသည့်နောက်..၊

"ဘယ့်နှယ် သားက အိမ်ရှင်ဖြစ်ပြီး နောက်ကျနေရတာလဲ .. မေမေတ မိတ်ဆက်ပေးမလို့ .."

"ဟုတ် .. ဟိုလေ .. ဖေဖေ ခိုင်းထားတာလေး လက်စသတ်နေလို့ပါ .."

"ဩော် .. သားကလည်း အဖေတူသားပီပီ အဖေ့ခြေရာနင်းတော့မှာကိုး .."

ဒေါ်ယဉ်ဆွေ ကလည်း သမက်လောင်းကိုကြည့်ပြီး ကျေနပ်နေခဲ့လျက် ..၊

"ကြိုးစားနော် သား .. သမီးရဲ့ ဖေဖေဆိုလည်း အရမ်းတော်တာ၊ သူ့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတော့ သူ့သမက်ကိုလည်း တော်စေချင်မှာပဲ .."

ဖြစ်မှဖြစ်ရလေ အန်တီဒေါ်ယဉ်ဆွေ ..။

သစ်ခွဲစက်လောက်ကို အုပ်စီးပြီး တော်ခဲ့တာကိုများ ဘယ်ကျောက်စာနဲ့ ကမ္ပည်းတင်ထားခဲ့တာလဲ ..။ ရင်ထဲမှာ စကားတွေပြောမိရင်း နှုတ်ခမ်းတွေကတော့ ခပ်ယဲ့ယဲ့ပြုံးပြနေရကာ ..၊

"ဟုတ်ကဲ့ .."

"သား .. သူလေးက ဆွေ့ သမီးလေးလေ .. ယဉ်စစခင် ဆိုတာလေး .."

မျက်လုံးချင်းဆုံမိကြတော့ သူမက စပြီးပြုံးပြသည်။ သူကတော့ သူမထက် ၂၃ဂုံ လောက်လျှော့ချ ပြုံးပြပြီး ..၊

"ကျွန်တော်က တင်ကိုကို ပါ .."

သိသားပဲ .. လူကို စားသောက်ဆိုင်ထဲမှာ အတည်ပေါက်ကြီး ခေါင်းခါပြီး လှည့်ထွက်သွားတာ ရှင်ပဲ ..။

ခုကျတော့လည်း ခုမှ မြင်ဖူးသလိုလို ဘာပုံစံလဲ ..၊



..သူမကတော့ ဒီညနေ တွေ့ဆုံကြဖို့ကို တော်တော်ကြီး စိတ်ဝင်စားနေခဲ့တာဖြစ်သည်။ ဆိုင်ထဲမှာတုန်းက ကိုယ့်ကိုမသိသေးလို့ဆိုရင်တောင် ခု ထပ်တွေ့ကြတာကို မသိသလိုပဲ ထပ်လုပ်နေလိမ့်မည်လို့ မထင်ခဲ့မိပေ ..။

တကယ် အတည်အတံ့ကြီး သရုပ်ဆောင်ကောင်းနေတာကို သူမဘယ်လိုမှ မယုံနိုင်အောင်ပင် ..။

ထို့ကြောင့် သူ့အပြုံး သူ့မျက်လုံးတွေကိုပဲ သေချာကြည့်နေမိသည်။ ဒီလိုကြည့်နေမိလို့ တစ်ဖက်က လူတွေ ဘယ်လိုထင်သွားမလဲဆိုတာ ရှတ်တရက် မတွေးခဲ့မိဘဲ ..၊

"သမီး .."

"ရှင် .."

ကိုယ့်သမီးလေး တွေ့ခြေပျက်လောက်အောင် သဘောကျနေရှာပါလားလို့ တွေးမိပေမယ့် တစ်ဖက်က သားရှင်ရှေ့မှာမို့ ဒေါ်ယဉ်ဆွေ မျက်နှာပူနေမိကာ ..၊

"သားနဲ့ သမီးတို့ စကားစမြည်ပြောကြပါလား .."

ကိုယ်ပဲ ဒီတိုင်းဖွင့်ပြောလိုက်ရ၏။ ဒေါ်နွေးနွေး က ခေါင်းညိတ်၍..

"ဟုတ်တယ် .. မေမေတို့လည်း တိုင်ပင်စရာတွေရှိသေးလို့၊ သားက သမီးကို ဥယျာဉ်ထဲခေါ်သွားလိုက်လေ၊ ပန်းခြံထဲမှာ စကားပြောကြပေါ့.."

"ဟင် .. သွားမလား .. သွားမယ်လေ .."

ယောင်နန သူ့မျက်နှာပေါ်က ခံစားချက်မဲ့နေခြင်းကို အကဲခတ်မိကာ စ,စ မျက်နှာလေးငယ်သွား၏။ ကိုယ်က အရင်မြင်ဖူးထားပြီး သဘောကျနေခဲ့ပေမယ့် သူနဲ့ ရင်းနှီးဖို့လည်း လိုလားမိသော်ငြား ..၊

"ရပါတယ် .. မသွားတော့ဘူး .."

ကောင်းတာပေါ့ ..၊ အဲဒါကောင်းတယ် ယဉ်စစခင် ..။

မင်းက ချစ်ဖို့တော့ကောင်းပါတယ်။ ဒါပေမယ့် ငါလိုချင်တာ

www.burmeseclassic.com



ခင်းလိုမိန်းကလေးမဟုတ်သေးဘူး ...၊

ဈေးစပ်ပွဲမလုပ်ဖြစ်ရင်တောင် ကျေးဇူးတင်နေရမှာမို့ သူမဘက်က စတင်ငြင်းဆန်ခြင်းကို ကျေနပ်နေမိသည်။

"သားထက် အသက်နှစ်နှစ်လောက်ကြီးမယ်ထင်တယ်၊ ဒါပေမယ့် မိန်းကလေးက နုပါတယ်" လို့ မေမေပြောတုန်းက မိန်းကလေးမို့ ယောကျ်ားလေးထက် အရိပ်လေးပိုနိမ့်ပြီး အလှတွေပြင်ဆင်ထားမှာမို့ နုငယ်မှာမျိုးပဲ ထင်ခဲ့သည်။

နာမည်ကလည်း ယဉ်စစခင် ဆိုတော့ ...၊

"ဒီမှာ .."

ခပ်တိုးတိုး ကပ်ခေါ်လိုက်တာ လှည့်မကြည့် ...၊

"ယဉ်စစခင် .."

နာမည်နဲ့တကွ အသံတိုးချဲ့ကျယ်လောင်သွားမှ ...

"ရှင် ခေါ်လိုက်တာလား .."

ဩသေးတယ် ...၊

တစ်ချိန်လုံး လူကိုပြူးပြဲစိုက်ကြည့်နေပြီး ခုကျမှ အမှတ်တမဲ့နေနေသလိုလို၊ ဂရုမစိုက်မိသလိုလို ...။

"ခဏလောက် .."

လူကြီးတွေ စကားပြောရင်း ခပ်လှုပ်လှုပ်ထွက်သွားကြတော့ နှစ်ယောက်တည်း နောက်ချန်နေခဲ့သလိုဖြစ်လျက် ...၊

"မင်းမှာ ရည်းစားမရှိဘူးလား .."

"ဟင့်အင်း .."

"ဒါဆို .."

ကိုယ့်မှာလည်း မရှိဘူးဆိုတော့ ပြီးပြီ ...၊

ခုချိန်မှာ ငါ့မှာတော့ ရှိတယ် ...၊ အဲဒါကြောင့် ဈေးစပ်ဖို့အတွက် ငါတို့ညှိရအောင် ဘာညာပြောနိုင်လျှင် လူကြီးတွေမသိလိုက်ဘဲ ဒီပွဲကို



အသာလေးရှင်းနိုင်လိမ့်မည်။

ဒါပေမယ့် သူ ဘာပြောရမှန်းမသိတော့ဘဲဖြစ်နေသည်။ ခုနေ ညီများ သူ့ကိုမြင်လျှင် ဟားတိုက်လိမ့်မည်။

"ကိုကိုရာ .. ဦးချင်တာလည်း ပြာလို့ နေးလိုက်တာလည်း ရှာလို့'" လို့ ပြောမှာလည်း အတိအကျပင် ...။

စကားတစ်ခွန်းကို လက်လွှတ်စပယ်ပြောမထွက်အောင် သူ့ မွေးတုန်းက မေမေ ဘာဆေးတွေကျွေးထားခဲ့လို့လဲ ...။ ဒေါ်လေးကတော့ ပြောသည်။ 'အဲဒီလို ချင့်ချိန်တာ ကောင်းတာပေါ့ ကိုကိုရယ်၊ မင်းညီ ကတော့ မပြောချင်ပါဘူး၊ တကယ့်ကို မအေတူသား၊ စိတ်ကလည်းမြန်၊ အငြင်းကလည်းသန် ..' တဲ့ ...။

ဘာဖြစ်လို့ ညီကပဲ ဖေဖေနဲ့ရော မေမေနဲ့ပါ တူနေခဲ့ပြီး သူက တွဲပြားနေခဲ့တာလဲ ...။

တခြားလူတွေလိုသာ ပုံမှန် အကြီးနဲ့ အငယ် မွေးသလို နှစ်ပိုင်းခြားပြီး မွေးလာခဲ့လျှင် ဒါက တကယ်ကို တွေးစရာဖြစ်လာနိုင်သည်။

ခုတော့ ညီညီ နဲ့ သူက ဆယ်မိနစ်စီခြားပြီး မွေးခဲ့သည့် အမွှာညီအစ်ကို ...၊

"ရှင် ဘာပြောစရာရှိလို့လဲဟင် .. ဟိုမှာ လူကြီးတွေက ပြန်စောင့်နေရပြီ .."

"ဟုတ်လား .. အဲ .. ဘာဖြစ်လဲကွာ ...၊ မင်းနဲ့ ငါ့ကို စကားပြောခွင့်ပေးထားတာပဲ .."

"အဲဒါက ခုမှမဟုတ်တာ .. ပြန်ကြမယ်ဆိုမှ .."

"မင်းရော ပြောစရာမရှိတော့ဘူးလား .."

သူမက စူးစိုက်ကြည့်ပြန်သည်။ တိုစိပ်စိပ် မျက်တောင်လေးတော့ တော့ပေမယ့် ထူထူခဲခဲလေးမို့ မျက်ဝန်းညိုလေးတွေကို သောင်းခတ်ပေးထားသလိုရှိကာ သူမရဲ့ မျက်တောင်တစ်ခတ်တိုင်းက ပို၍ကြည့်

www.burmeseclassic.com

www.burmeseclassic.com

တောင်းနေ၏။

မျက်ခုံးတန်းတို့ကလည်း မသွယ်ပေမယ့် ထူထူနက်နက်လေးတွေပဲဖြစ်သည်။ နှုတ်ခမ်းသားလေးတွေ ဖြည့်နေသဖြင့် ဘယ်လောက်ပဲရယ်ရယ် အလှမပျက် ...။

သူထင်ထားသလို ယဉ်စစ ဟန်ပန်တို့နှင့် ခပ်တုံးတုံးအပျိုကြီးစတိုင်လ်နဲ့တော့ လုံးဝတခြားစီပါ။ သူမက ကိုယ်လုံးလည်းလှသည်။ အရပ်လေးလည်း အနေတော်ထက်တောင် ပိုနေသေးသည်။

ပခုံးအောက် ဆံနွယ်လေးတွေ ခပ်နွဲ့နွဲ့နှင့် နဖူးကဆံပင်တစ်ချို့ကို သိမ်းလှန်ပြီး ထိပ်မကျတကျမှာ ကလစ်လှလှလေးနဲ့ ဖိညှပ်ထား၏။

သူမ မျက်နှာလေးနဲ့ ဆံပင်က ရှိရင်းစွဲအသက်ထက်တောင် ပိုပြီးနငယ်သွားစေသည်။ မျက်လုံးချင်းဆုံလိုက်မိသည်။ သူမရဲ့ အလှထရားတို့ကို သူ အနီးကပ်ဖတ်ရှုနေမိ၏။ လှတာကိုတော့ ဝန်ခံရမှာပါ။ -

ဒါပေမယ့် သူလိုချင်တာက မိန်းမလှလေးတစ်ယောက် မဟုတ်ပေ။ ယောကျ်ားမဆန်ဘူးပဲဆိုဆို ကိုယ်လည်းဘဝမြင့်မားအောင် လမ်းစရှာခဲ့ရသည်။ ကိုယ့်ရဲ့ လက်တွဲဖော်ကလည်း ကိုယ့်ထက် မမြင့်မားရင်တောင် ဂုဏ်ရည်တူတော့ ဖြစ်သင့်တာပဲ ...။

မေမေ သဘောကျသည့် ကောက်နှုတ်ချက်အားလုံးဟာ သူ့အတွက်ကတော့ မိုင်းနက်(စ်)ဇီးရိုးပဲ ဖြစ်နေခဲ့ရာ ...။

"ဆောရီး ..."

သူ အကြာကြီး တွေးနေခဲ့သဖြင့် သူမကို အားမနာတမ်းစိုက်ကြည့်နေသလိုဖြစ်သွားခဲ့သည်။

"ဆောရီးနော် .. ဟိုလေ .. ပြောချင်တာကို ပြောသင့်ပါ့မလားလို့.."

"စစ ကို အားနာစရာဖြစ်နေတဲ့ စကားမျိုးလား .."

"အဲ .."

"ပြောပါ .. ဘာလဲ ရှင့်မှာ ချစ်သူရှိနေလို့လား .."




"မ .. အဲ .. ရှိတယ်၊ ဒါပေမယ့်ကွာ .. လူကြီးတွေကလည်း .."

"ဟုတ်တယ် .. စစ ကတော့ မမေ့စကားကို နားထောင်ပါ့မယ်လို့ ခေါင်းညိတ်ပြီးပြီ .."

"ဒါ .. ဒါဆို .."

"ရှင်က ငြင်းချင်ရင်တော့ ငြင်းလိုက်ပါ .."

"ဟာ .. နေ .. နေပါဦး .."

သူ့စကားတွေ ထစ်ငေါ့ကုန်လျှင် လူကြီးတွေကိုလည်း လှမ်းကြည့်မိလျှင် လူမိမှာစိုးနေရသည့် သူ့မိုးနဲ့တူနေပြီလား မသိ ...။ ဒါပေမယ့်တောတ်နိုင် ...၊

ချစ်ခင်နှစ်လိုဖွယ်စကားတွေ ပြောနေတာမဟုတ်တော့ မျက်နှာတွေကို လှမ်းမြင်လိုက်တာနှင့် လူကြီးတွေ ရိပ်မိသွားနိုင်သည်။ ထို့ကြောင့်သူမရှေ့ကကွယ်၍ လူကြီးတွေကို ကျောခိုင်းထားလိုက်မိကာ ...၊

"အဲလိုတော့ မလုပ်ချင်ဘူးလေ၊ ဒါပေမယ့် ဟို .. ဇာစပ်မှာတွေသတ်ထပ်မှာတွေကို မင်းနဲ့ငါ ညှိထားလို့ရတာပဲ ဟုတ်တယ်မို့လား.."

ဒီလူ ဘယ်လိုလူလဲ၊ ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောပေါ့။ ပြောသင့်ဘူးထင်နေရင် မျိုသိပ်ထားလိုက်တော့ ...၊ ဒီလိုမဟုတ်ဘဲ တစ်ဖက် မိန်းကလေးတစ်ယောက်ကို မညှာတာတဲ့စကားတွေပြောနေပြီး အားနာသလိုလို ပြောမထွက်သလိုလို အမူအရာတွေက ဘာလဲ ...။

ကိုယ့်စိတ်ကိုယ်တင်းပြီး မျက်နှာကြောကိုပါ ဒီပုံစံ မနည်းလုပ်နေရတာကို စစ ငိုချင်လာမိသည်။ သူငယ်ချင်းတစ်ယောက်ပြောသလို ယောကျ်ားတစ်ယောက်ကို ကိုယ်က စချစ်မိရင် ရှုံးတာပဲ တဲ့ ...။

"ငါတို့ကတော့ မိဘပေးစားတာကိုပဲ အေးအေးခေါင်းခေါက်ရွေးတော့မယ် .. ကိုယ်ကစပြီး ရင်မခုန်ဖို့က ဒီနည်းပဲရှိတာ .." လို့ ပြောသေးသည်။

ခုတော့ သူမအဖြစ်က မိဘပေးစားမယ့်ယောကျ်ားကိုတောင် ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကပဲ စမြင်ဖူးပြီး ကိုယ့်ဘာသာသဘောကျနေတဲ့ အဖြစ် …၊

ဒါပေမယ့် သူမ ရင်ခုန်သံတော့ မဖြစ်မိသေးဘူးထင်ပါသည်။

"သမီး …"

"ရှင် …"

ကားပေါ်မှာထိ သူမ ငေးငိုင်နေဆဲရှိကာ ဒေါ်ယဉ်ဆွေ သမီးကို အကဲခတ်၍ …၊

"သမီးနဲ့ ကိုကို တို့ တစ်ခုခုပြောခဲ့ကြတာလား …"

"ဟင် …"

"ထမင်းစားနေတုန်းကလည်း သမီးတို့ချင်း အတွေးကိုယ်စီနဲ့ မေမေ သိတယ်၊ သမီးက ငိုင်နေရင် ဟိုက ကြည့်နေတယ်၊ ဟိုကတွေးနေရင် သမီးက လှမ်းကြည့်တယ်၊ သမီးတို့ မျက်လုံးချင်း မဆုံပေမယ့် တစ်ခုခုကို တွေးနေကြတာတော့ လုံးဝသေချာတယ် …"

စစ ဘာပြောရမှန်းမသိ …၊

"ပြန်ထွက်လာကြတော့ သမီးကို သူလာစပြီး စကားပြောတာလား …"

"ဟုတ်တယ် မေမေ …"

"ဘာပြောလိုက်တာလဲ … သူ သမီးကို တစ်ခုခု …"

"မဟုတ်ပါဘူး …"

စစ ခေါင်းခါပစ်လိုက်သည်။ သူမ သိက္ခာမဲ့ရာကျသွားပြီလား မသိပေမယ့် မေမေ သိပြီး ပြတ်တောက်ရပ်စဲကုန်ကြမှာကို မလိုချင်ပေ …။

သူ့ကို လိုချင်လွန်းလို့ မျှော်လင့်နေတာမဟုတ်သော်လည်း သူနဲ့ ဆက်လက်ပတ်သက်လိုနေသေးတာတော့ အမှန်ပင် …၊

ဒါဟာ ကိုကို နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ငြိခဲ့မိသည့် စွဲလမ်းမှုလား…၊

www.burmeseclassic.com



## အခန်း (၉)

ရုံးခန်းထဲမှာ တာဝန်ရှိသူတွေအကုန်လုံးကိုခေါ်ပြီး တစ်ယောက်ချင်းစီ ဆေးစစ်သလိုမေးသည်။ ဖြစ်ရသည့်ပြဿနာက သေးသေးကွေးကွေး မဟုတ်သည်မို့ ဒေါသကလည်း အစုလိုက်အပြုံလိုက်ဖြစ်နေတာပင် …။

ဒါပေမယ့် ဒီထဲမှာ ကိုယ်သားက ကန့်လန့်ပါနေတာမို့ …၊

"နေစမ်းပါဦး ကိုဇေယျာ … ခင်ဗျားကို ကျုပ်အားလုံး ယုံယုံကြည်ကြည် လွှဲထားခဲ့တာ …"

"ကျွန်တော်လည်း သေသေချာချာလုပ်ခဲ့တာပါ၊ ဒီပရောဂျက်ကို ယူတာအစ်တုန်းက အဲဒီကသူဌေးကိုယ်တိုင်တောင် ပါသေးတယ်၊ စမ်းပြသွားတာလည်း အားလုံး အိုခေနေတာပဲ …"

"ကျုပ် အဲ့ဒါတွေ မေးနေတာမဟုတ်ဘူး …"

"ဟုတ်ပါတယ် … ပြောချင်တာက မထင်မှတ်တဲ့ error တက်လာတော့ ဖုန်းလည်းသေချာဆက်တယ်၊ သူတို့နဲ့ သေချာကွန်တက်(ခ်)လုပ်ပြီးမှ ကိုကို့ကို လွှဲခဲ့လိုက်တာ …"

"ဒီကိစ္စတွေမှာ တခြားလူနဲ့ ဘယ်တုန်းက ခိုင်းခဲ့ဖူးလို့လဲ၊ ခင်ဗျား အဲဒီလို ဘယ်တုန်းကစပြီး လုပ်တတ်နေတာလဲ …"

www.burmeseclassic.com

www.burmeseclassic.com



ဦးဓေယျာ မျက်နှာက ချက်ချင်း တင်းခနဲ ထဖြစ်၏။

"ကိုကိုက တခြားလူလား ကိုမြတ်တင် .."

"အလုပ်ထဲမှာ ကျုပ်ကို ခွေမျိုးစပ်မပြနဲ့ ကိုဓေယျာ၊ ကိုကို့ကို ကုမ္ပဏီမှာထားပေမယ့် ဘယ်နေရာမှာမှ သက်မှတ်ပြီး နေရာပေးထားတာမဟုတ်ဘူး၊ ခင်ဗျားယူထားတဲ့ တာဝန်ကို .."

"ဒါကတော့ ကိုမြင်တင် ရယ်၊ အလုပ်စည်းကမ်း ခင်ဗျား အလေးထားသလို ကျွန်တော်တို့လည်း မချိုးဖောက်ခဲ့ဖူးပါဘူး၊ ပြီးတော့ ကျွန်တော်တို့ အတူတူအလုပ်လုပ်နေကြတာ .. လူတွေ စက်ရုပ်တွေမှ မဟုတ်ဘဲ.."

"အဲဒီတော့ .."

"လူလူချင်းက ရိုင်းပင်းကူညီမှုတွေ .. သိတတ်နားလည်မှုတွေရှိကြတာပဲ .. ကိုကိုက သိပ်ကို သိချင်တတ်ချင်တဲ့ ကောင်လေးပါ၊ ဦးမြတ်တင် ရဲ့ သားဆိုတာနဲ့ပဲ ကျွန်တော်တို့က နေရာပေးညာတာ .."

"ကိုဓေယျာ .."

ဦးမြတ်တင် မျက်နှာက တင်းမာနေသလို ဦးဓေယျာ ကလည်း ပေါက်ကွဲလုလု ဒေါသများနဲ့ ဖြစ်ကာ ..၊

"ကျွန်တော် ဆုံးအောင် ပြောပါရစေ၊ ခုကိစ္စက ပြဿနာရှိလို့သာပါ၊ အလုပ်ထဲမှာ ပရိဂရမ်မာတွေနဲ့ ကွန်ပျူတာ ဒီလိုပဲ တက်တာမရှိခဲ့ဘူးတာလည်း မဟုတ်ပါဘူး၊ တမင်တကာ ကြားဝင်ကြည့်ချင်တဲ့လူက အလစ်ချောင်းမနေခဲ့ရင်လည်း ဒီပြဿနာရှိလာမှာ မဟုတ်ဘူး .."

"အဲဒီတော့ ကျုပ်တို့ လုံခြုံရေးထဲဝင်ပြီး အရေးကြီးတဲ့ ဒေတာတွေ ခိုးသွားတာကလည်း သူတို့သာ ခိုးမသွားခဲ့ရင် ပါသွားမှာမဟုတ်ဘူးဆိုပြီး ထားလိုက်ရတော့မလား .."



"ကျွန်တော် ပြောချင်တာက .."

"ခင်ဗျား ပြောချင်တာတွေ ပြောခွင့်မပေးနိုင်ဘူး ကိုဓေယျာ၊ ကျုပ် ခင်ဗျားကို သတိထားမိနေတာကြာပြီ .."

"ကိုမြတ်တင် .."

"ထားလိုက်တော့ .. အခု ဖြစ်လာတာက ကျုပ်သားမို့ ယုံကြည်မိပါတယ်ဆိုတာ အဲ့ဒါ သုံးစားမရတဲ့အကြောင်းပြချက်ပဲ၊ ကျုပ်သားကို ကျုပ်ကိုယ်တိုင် ယုံကြည်ထိုက်တဲ့သူပါလို့ မသတ်မှတ်ခဲ့သေးဘူး .."

ဟင် !..၊

ရှေ့မှာ ငုတ်တုတ်ကြီးထားပြီး ပြောခံလိုက်ရသဖြင့် ကိုကို ဆတ်ခနဲ ဖြစ်သွားသည်။ ရှိနေတဲ့လူတွေကလည်း မျက်လုံးတွေဝေ့လာကြ၏။ ဦးဓေယျာ ရဲ့ မျက်လုံးတွေကတော့ ရဲရဲတောက်ဖြစ်ကာ ..၊

"သူ့ကို ယုံရသည်ဖြစ်စေ မယုံရသည်ဖြစ်စေ ကိုယ်နဲ့ တစ်ခါတွေ့ဆုံပြောခဲ့ဖူးတဲ့လူတွေကို ငါးရက်လောက် အကြာလေးမှာ မမှတ်မိတော့ဘူးဆိုတာ ဖြစ်သင့်တဲ့ကိစ္စမှမဟုတ်ဘဲ၊ ဒါ အလုပ်ပေါ်မှာ အရမ်းကိုအမှုမထားလွန်းလို့ဖြစ်ရတဲ့ကိစ္စ၊ ပြီးတော့ သူက ကိုမြတ်တင် ရဲ့ သား.."

ဦးဓေယျာ က ရဲတင်းစွာထောက်ပြပြီး ကိုကို့ ကို စူးစူးရဲရဲကြည့်၏။

"ဒီလောက် တော်ပြီး အလုပ်ရဲ့ စည်းကမ်းအပေါ်မှာ အတိမ်းအစောင်းမခံတဲ့ ကိုမြတ်တင် ကို အားလုံးက ကြောက်ရွံ့လေးစားပါတယ်၊ ဒီလို အမှားမျိုးကို ဘယ်သူမှ လုပ်မှာမဟုတ်ဘူး .. အခု .."

"မေမေ .."

ကိုကို က ခေါ်ပြီး နေရာမှ ထရပ်လိုက်လျှင် ဦးမြတ်တင် မျက်လုံးတွေ စူးရဲကျဉ်းမြောင်းသွား၏။ တစ်ချက်လေးမှ လှည့်မကြည့်ဘဲ အဲတို့တင်းနေအောင် ကြိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် .. ကျွန်တော် အဲဒီကိစ္စကို .."

"ပြောပါ ကိုကို .. မင်း တစ်ခုခုပြောသင့်နေတာကြာပြီ .."

ကိုကို စကားဟလိုက်တာနှင့် ဦးဓေယျာ အသံကသာ ကျယ်လောင်နေကာ ..၊

"မင်းကို အဲဒီနေ့က .."

"ကိုဓေယျာ .."

ဦးမြတ်တင် ၏ အထင်မြင်သေးသော အကြည့်တွေက အေးစက်နေခဲ့လျက် ..၊

"ဒီကိစ္စကို စုံစမ်းနေတာ ခင်ဗျားမဟုတ်ဘူး .."

ဦးဓေယျာ မျက်နှာ တင်းသွားသည်။

"မဟုတ်ပါဘူး .. မှန်ပါတယ်၊ ဒါပေမယ့် သူက သူ့အဖေရှေ့မှာတော့ မှားမှားယွင်းယွင်းနဲ့ မှန်တာကို ပြောရဲမှာမဟုတ်ဘူးလေ၊ သူ့အဖေကို သူ ဘယ်လိုကြောက်ရတယ်ဆိုတာ .."

"ကိုဓေယျာ .."

ခေါ်သံက မိုးခြိမ်းသံထက် ဟိန်းသွားခဲ့၏။ ဦးမြတ်တင် က စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ ရှေ့ကိုငုံ့လိုက်ကာ ..၊

"ခင်ဗျား ပခုံးပေါ်မှာ ထမ်းထားရတာ လေးလာပြီဆိုရင် အဲဒီဝန်ထုပ်ဝန်ပိုးကို တွန်းချပစ်လိုက်၊ တခြားလူကို လွှဲချဖို့ စိတ်မကူးနဲ့.."

"ကျွန်တော် မကူးပါဘူး၊ ဒါပေမယ့် ကိုမြတ်တင် ခင်ဗျားပြောတဲ့ စည်းကမ်းနည်းလမ်းတွေက လက်တွေ့ကျတော့ တစ်ကွက်ချန်ထားခဲ့တာပဲဗျ .. ခင်ဗျားသားကို ထိခိုက်ဖို့ရှိလာတော့ .."

"ခင်ဗျား .."

ဦးမြတ်တင် ကိုယ့်စိတ်ကိုယ် အတော်ထိန်းချုပ်လိုက်ရကာ ..၊



"ခင်ဗျားရဲ့ တရားခံရှာတတ်တဲ့ အကျင့်ကိုပြင် .. ခုကိစ္စက .."

"ကျွန်တော် တစ်ယောက်တည်းမှာပဲ အပြစ်ရှိနေတာလား ကိုမြတ်တင်.."

စစ်မေးခံထားရသည့် မန်နေဂျာနှင့် ဝန်ထမ်းတစ်ချို့က လှုပ်လှုပ်ရှားရှားဖြစ်ကြကာ ..၊

"အားလုံးကို စစ်မေးနေတာပဲဗျာ .. စီအီးအိုတစ်ယောက်တည်းကို မေးနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် တာဝန်ယူထားတဲ့ လူကတော့.."

"အဲဒါကို ကျုပ်ပြောနေတာ .."

"ခဏလေး စီအီးအို .. အခု ကျွန်တော်တို့က ဖြစ်ရတဲ့အကြောင်းရင်းကိုပဲ ရှင်းကြရမှာပါ၊ မဆိုင်တာတွေ ပါလာရင် မလိုလားအပ်တဲ့ အဖုအထစ်လေးတွေ ရှိလာနိုင်တယ် .."

တစ်ယောက်တစ်ခွန်းတင်ပြနေကြတာကို စီအီးအိုဖြစ်သည့် ဦးဓေယျာ မျက်နှာက မာနနှင့် တင်းခံနေ၏။ ပြီးတော့ သူ့စိတ်ထဲမှာ အမြဲတမ်းတင်းကျပ်နေခဲ့တာက သူ့ကိုပဲ တိတ်ဆိတ်စွာ စောင့်ကြည့်အကဲခတ်နေခဲ့သည့် ဦးမြတ်တင် ၏ မျက်လုံးတွေပဲဖြစ်၏။

ဥက္ကဋ္ဌလိုလူကို ကိုမြတ်တင် လို့ သူတစ်ယောက်ပဲ ခေါ်ခွင့်ရခဲ့သည်။ ပြီးတော့ သူယူထားခဲ့သည့် တာဝန်က စီးအီအိုတာဝန် ..။

တခြားဝန်ထမ်းတွေနဲ့ တန်းတူစစ်မေးခံရတာကို ဘယ်လိုမှ မကျေနပ်နိုင် ..။ ဝန်ထမ်းတွေကလည်း သူ့စိတ်သဘောကို နားလည်နေကြကာ..၊

"ဥက္ကဋ္ဌကြီး ဒီကိစ္စနဲ့ပတ်သက်ပြီး စီအီးအို မရိုးသားဘူးဆိုတာ ကျွန်တော်တို့သိတယ် .."

ဦးမြတ်တင် အိမ်အပြန်လမ်းမှာ လက်ထောက်မန်နေဂျာက ကားနားမှာလာစောင့်ပြီး ပြောသည်။ ပြီးတော့ နောက်ကားပေါ်တက်သွား

www.burmeseclassic.com

www.burmeseclassic.com



အည့် ကိုကို ကို လှမ်းကြည့်ကာ ...၊

"ကိုကို က ..."

"ငါသဘောပေါက်တယ် ထွန်းထွန်း .. မင်းတို့လည်း သိနေလို့ ကျေနပ်တယ်၊ ဒါပေမယ့် ဒီအမှန်တရားကို ဖော်ထုတ်မှဖြစ်မယ် .."

အလုပ်လုပ်နေရာမှာ လူမှုရေးတွေ ရောထွေးလာလို့မဖြစ်မှန်း သူ သိသည်။ ဒီစည်းကမ်းကိုလည်း သူ ထုတ်ပြန်ထားခဲ့သေးသည်။ ဒါပေမယ့် သူ ကိုယ်တိုင် ဒီကွန်မှာ ငြိမိခဲ့၏။

ဦးမြတ်တင် မျက်လုံးတွေက ထွက်သွားသည့် ကိုကိုတို့ ကားဆီမှာ ငေးစိုက်နေခဲ့လျက် ...၊



## အခန်း (၁၀)

"အို .. အစ်ကိုရယ် .. အစ်ကို မလုပ်ပါနဲ့ .."

"ဒုန်း .."

ဦးမြတ်တင် ကို ဒေါ်နွေးနွေး အသည်းအသန်ဆွဲထားလိုက်ရတာ စားပွဲပေါ်က ပန်းအိုးလဲကျသွားခဲ့၏။ ထို့ပြင် လိမ့်ထွက်သွားပြီး ကိုကို ထိုင်နေသည့် ရှေ့ကို ပြုတ်ကျတော့ ခြေထောက်ပေါ်တည့်တည့် ...၊

ရှောင်ချိန်မရလိုက်သဖြင့် ခြေဖမိုးတစ်ခုလုံး အောင့်တက်ထုံကျင်သွား၏။ ဒါပေမယ့် သူ ဖေဖေ့ကို မကြည့်ရဲခဲ့ပေ ...။

"ဟိတ်ကောင် .. မင်း မျက်နှာမော့စမ်း ...၊ အဲ့ဒီလို မျက်လွှာချပြီး တိတ်တိတ်ဆိတ်ဆိတ်မနေနဲ့၊ မင်း အဲဒါကမှ ငါ့ကို တိုက်ခိုက်နေတာ.."

"အစ်ကိုရယ် .."

"နွေး .. မင်း အသာနေလိုက် .."

ဦးမြတ်တင် ဒေါ်နွေးနွေး လက်တွေကို ဖယ်ချကာ ဆိုဖာပေါ်မှာ ထိုင်လျက် ပြန်ကျသွားအောင် ဖိတွန်းပစ်လိုက်ပြီး ...၊

"ငါ မှန်းတာ အဲဒီပုံစံတွေပဲ၊ ယောကျ်ားဖြစ်ပြီး ယောကျ်ားစာ မင်းမှာ ရှိလား .."

www.burmeseclassic.com

[illegible] မှာ ဆက်ခံနေလေလာ၏။

"ဟုတ်ပြီ – ချော – စိတ်ထဲမှာရှိတာ တစ်ခုခုပြောလိုက်စမ်း .." ဟုကို မပြောနိုင်ပါ။ ဦးမြတ်တင် ၏ ဒေါသတွေကို ခဏသာ ရင်ဆိုင် ကြည့်နိုင်ခဲ့ပြီး မျက်နှာလွှဲမိလျက် ...။

"ကျွန်တော် တာနရှိပါတယ် ဖေဖေ .."

"ရှိရင် ကိုယ့်ကို အသုံးမကျဘူးပြောနေတာ မင်းကို ပန်းနဲ့ပေါက် နေတယ်ထင်လို့လား .."

"သူက ဖေဖေ့ မိတ်ဆွေလည်းဖြစ်တယ်၊ ပြီးတော့ စီအီးအို ...၊ သူက ဖေဖေ့အတွက် ဘယ်လိုလူမှန်းမသိလို့ ပြဿနာမဖြစ်ရအောင်ပါ.."

"သြော် .. ကြီးမားတဲ့ မြော်မြင်မှုပါလား၊ ကိုယ်ကျိုးစွန့် အနစ်နာ ခံတဲ့သူကြီးပေါ့ .."

ဒေါသက နှစ်ပေါင်းများစွာ နောက်ပြန်ဆုတ်၍ ကျောင်းသားဘဝ တအတိုင်း ပွက်ပွက်ဆူ၏။

"ချိုအေး ကို နင်ချည်းပဲ ခနဲ့လိုက် ရွဲ့လိုက်လုပ်နေတာ မြတ်ထွတ်၊ သူ့ခမျာ ငါတို့ထက် ဆင်းရဲပါတယ်၊ နင့်လိုလူနဲ့ ဘာမှကို ဆက်စပ် မရဘူး၊ သူ့ကိုယ်သူလည်း အရမ်းအားငယ်နေတတ်တာ .."

"ဟုတ်လား .. 'အားနွဲ့သူပါဗျာ' ဆိုတာ ခုမှပဲကြားဖူးတော့တယ်"

"လူတစ်ယောက်ရဲ့ ပင်ကိုယ်စရိုက်ကို နင် သိပ်ကဲ့ရယ်တာပဲ မြတ်ထွတ်၊ ဘာပဲဖြစ်ဖြစ် သူ နင့်ကိုလည်း နားလည်သည်းခံတယ်၊ ငါတို့ သုံးယောက်ထဲမှာ စိတ်ထားနူးညံ့ပြီး အနစ်နာခံတတ်တဲ့စိတ်လည်းရှိ တယ် .."

"ငါကတော့ မရှိဘူးပေါ့ .."

"နာမည်ကိုက မြတ်ထွတ်တင် လေ .. နင်က သူများကို တင်ရမှ ကြော်ရမှ စားဝင်အိပ်ပျော်တဲ့သူ၊ အနစ်နာခံတူညီမှုတာများရှိရင် ထောက် ပြစမ်းပါ၊ ပင်လယ်ရေတွေ မီးလောင်ပြာကျကုန်ပြီလား မြေးကြည့်ရအောင်.."



သူ့ကိုဆို ဘယ်တော့မှ အကောင်းမမြင်တတ်ခဲ့တဲ့ မြတ်မြွေး ...၊ သူကလည်း သူများအကောင်းမြင်ခံရဖို့အတွက် ကိုယ်ရည်ရွယ် ရာကို စွန့်လွှတ်အနစ်နာခံဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့တဲ့သူမဟုတ် ...

ဖွေး နဲ့ သူ့ရဲ့ ကမ္ဘာထဲကို ချိုအေး ဆိုတဲ့လူတစ်ယောက် ဝင်လာခဲ့ ခြင်းဟာ မတည့်အတူနေ သူငယ်ချင်းအချစ်တို့ကို ပန်းနုရောင်လွှင်ပြင် ဆီသို့ တွန်းပို့လိုက်သလို ဖြစ်ခဲ့တာလည်းရှိကာ ထိုအချစ်ကြောင့် နေ့ ညမပြတ် ပူလောင်နေရခြင်းကြောင့် ချိုအေး က သူ့အတွက် မီးပွားတစ်စ ဆိုရင်လည်း မှန်၏။

သဝန်တိုဒေါသငွေ့ကြောင့် ချစ်တဲ့စိတ်တွေ ပွင့်ကန်သွားခဲ့သည်။ ဖွေး ရဲ့ အချစ်ကိုလည်း သူရခဲ့သည်။ ဒါပေမယ့် ချိုအေး ကို သနားကြင်နာ ဖွယ်အဖြစ် မြင်နေသည့် ဖွေး ရဲ့စိတ်ကို သူ မပြောင်းလဲနိုင် ...။

"ဒီကောင် နင့်ကို ကြိုက်နေတာ .."

"ဒါတော့ သူ့ရင်ထဲက ကိစ္စလေ ...၊ နင်နဲ့ ငါ ချစ်နေတာ သူသိ တာပဲ .."

"ချစ်နေတာ ညားနေတာမှမဟုတ်တာ၊ နင့်ရဲ့ သနားကရုဏာတွေ နဲ့ ပတ်သက်ပြီး ဒီကောင်မျှော်လင့်နေတာ .."

"မျှော်လင့်နေလည်း ငါ ပြန်ချစ်မှဖြစ်တာ ကိုမြတ် .."

ဖွေး က မြတ်ထွတ်တင် ဆိုသည့် နာမည်ကို တင်စားတွေခေါ်ချင် သည့်အခါတွေမှာ အမှတ်ရသည်။ တစ်ခါတစ်လေ စိတ်ကောင်းလေး ဝင်နေလျှင်လည်း မြတ်ထွက် ...၊

မြတ်တင် ဆိုသည့်နာမည်ကို မကြိုက်၊ 'မြတ်' လို့ခေါ်လိုက်တိုင်း ဒေါသထွက်တတ်သော သူ့ကို ဖွေး က ဤသို့ကွဲပြားအောင်ခေါ်ပြီး အမှတ်တရတွေလုပ် ထားတတ်သေးသည်။ သူများစော်ကားတာကို သူ နည်းနည်းလေးမှ သည်းမခံတတ်ပေမယ့် ချိုအေး က အမြဲတမ်း ချွန်းရေ ရေးသမားအဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မွေး နှင့် သူရော ရှုစုံနေပြီဆို ချိုအေး ရဲ့ အမူအရာ တွေက အကြောက်တကယ်လေးလှဘာသလို အပြုံးနှင့် ခေါင်းငုံ့နေတတ်သည်။

ရှက်မှုလွှဲ၍ ခေါ်မဆိုတတ်နေ၏။ ထိုသူဟာ လည်းခံနားလည်တတ် လွန်းသူဖြစ် မွေး က သတိမှတ်သည့်အခါ ...၊

"တောက် .."

သူတောက်ခေါက်သံကြောင့် ဒေါ်နွေးနွေး က မွေ့ရာစပ်မှာထိုင်လိုက် ပြီးတာမှ လှမ်းကြည့်၏။

"ခုချိန်ထိ ဒေါသမီးက မငြိမ်းသေးဘူးလား အစ်ကို .."

ဟိုတုန်းက မွေး နဲ့ ရန်ဖြစ်နေကြအတိုင်း 'မငြိမ်းသေးဘူး' လို့ တင်းနဲ့ပြောလိုက်ချင်သည်။ စိတ်က အတိတ်ကို ပြန်လှည့်သွားမိသည်။ ပစ္စုပ္ပန်မှာ မြတ်တင် မရှိခဲ့ဘူးလိုလို အတိတ်နဲ့ ပစ္စုပ္ပန်က လုံးထွေးနေ တတ်၏။

ဒါပေမယ့် ငါလူကြီးတစ်ယောက်ဖြစ်နေပြီဆိုသည့် စိတ်ကို ပြန်ဆွဲ တင်း၍ ...၊

"မင်း မသိဘူး နွေး၊ ဒီနေ့ ကုမ္ပဏီမှာ သူ့ကြောင့် ကိုယ် အစော် ကားခံခဲ့ရတယ် .."

"သူကလည်း အစ်ကို့ ဂုဏ်သိက္ခာကို ငဲ့လို့ပဲ အစ်ကို့ရယ်၊ ခုတ် ရာတခြား ရှရာတခြားဖြစ်ခဲ့တာကို အစ်ကိုက နားလည်ပေးလိုက်ပါ၊ သားက စိတ်ထားနူးညံ့တယ်၊ ပင်ကိုစိတ်ကိုက သူများအပေါ် ငဲ့ညှာ.."

ထိုစကားကြောင့် ဒေါ်နွေးနွေး ကို သူ မျက်ခုံးငဲ့ကြည့်မိ၏။ ဒေါ် နွေးနွေး ကလည်း ဆက်မပြောဘဲ ပြန်၍အံ့သြသွားကာ ...၊

"ဘာဖြစ်လို့လဲ အစ်ကို .. နွေး စကားမှားသွားလို့လား .."

သူ ခေါင်းမခါမိသလို ဘာမှမဖြေ ...၊

ဒါပေမယ့် စိုက်ကြည့်နေသည့် မျက်လုံးတွေက တဖြည်းဖြည်း ရှုံ့ရလာ၏။ ခဏကြာမှ တစ်ဖက်လှဲသွားကာ ...၊



"သည်းခံတတ်တဲ့ လူကို အထင်မကြီးတတ်တဲ့ ငါ့အတွက် မင်းရဲ့ နှစ်သိမ့်စကားတွေက အရာထင်မှာမဟုတ်ဘူး နွေး ...၊ အဲဒီလိုမျိုးကို ငါ့ရှေ့မှာ သနားစဖွယ်လာမပြောနဲ့ .."

"သူက အစ်ကို့သားပါ .."

"ငါ့သွေးပေမယ့် ငါ့စိတ်မဟုတ်ဘူး .."

"လူတစ်ကိုယ် စိတ်တစ်မျိုးပဲ အစ်ကိုရဲ့၊ အစ်ကိုက မွေးတိုင်း အစ်ကို့စိတ်မျိုး ဖြစ်လာပါ့မလား၊ သားသမီးတွေ နှစ်ယောက်သုံးယောက် ရှိနေရင်လည်း အစ်ကို့စိတ်နဲ့ သားမျိုး ပါရင်ပါလာနိုင်မယ်၊ ဒီသား တစ် ယောက်ပဲရှိတာ အစ်ကို ဘာဖြစ်လို့ လောဘကြီးနေတာလဲ .."

"ဒါတွေ မင်းကို ငါပြောပြီးသား နွေး .. ငါ့ကို နားလည်ပါလို့ လည်း မဆိုလိုဘူး၊ ဒါပေမယ့် ငါ မကြိုက်တာကိုပဲ မင်း ခဏခဏပြော နေရင်း မင်း မကြားချင်တာတွေပဲ ငါတလည်း ပြောနေမှာ .."

"အစ်ကို့ခနီးလည်းမရှိတော့ပါဘူး၊ ပြီးတော့ သူ့ကို အစ်ကိုမုန်းခဲ့ တာလည်းမဟုတ်ဘူး .."

"မုန်းတာရဲ့နောက်မှာ ပိုနက်နဲတဲ့ အကန့်တွေ အများကြီးရှိသေး တယ်ကွ၊ သူ့ကို ငါ ဘယ်တော့မှ မမေ့ဘူး၊ အဲဒါချစ်လို့ မင်းထင်ရင်.."

"ချစ်နေတာ ရှင်းနေတာပဲ ကိုရယ် .."

"မဟုတ်ဘူး နွေး .."

"ဟုတ်တယ် .. သိပ်စိတ်နာရင် သိပ်ချစ်လို့ပဲ၊ အစ်ကို့အချစ်တွေ က ခုချိန်ထိ လောဘတကြီးရှိနေတုန်းပဲ .."

ဖွပ်စွဲလာသည့် ဒေါ်နွေးနွေး ရဲ့ စကားသံတို့က ပြတ်သားနေခဲ့ သျှက် နာကျင်မှုတွေလည်း ရှိနေခဲ့ပြီး ...၊

"နွေး ကို အစ်ကို အားမနာရင်နေပါ၊ ကိုယ့်ရင်သွေးမျက်နှာကို တော့ ငဲ့ပါဦး၊ ဒီကလေးကို နွေး ကိုယ်တိုင် မရအရဆက်သွယ်မှုတွေ ပြီး သွားခေါ်နိုင်ခဲ့တာ သူ့ရဲ့ အစ်ကို့မေတ္တာကို လိုချင်လွန်းလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာငတ်မွတ်တာတွေ၊ အထီးကျန်လို့ ငိုညည်းတာတွေ ငါ မသနားတတ်ဘူး၊ ငါဆိုရင်လည်း ငါ့ကို မလိုလားတဲ့သူဆီက မေတ္တာကို ဘယ်တော့မှ မတောင်းခံဘူး၊ မျှော်လည်း မမျှော်ဘူး .."

"ဒါက အစ်ကို့စိတ်ပဲ .."

"ငါ့သားက ငါ့စိတ်ဆိုရင်လည်း ငါ့လိုလူဆီက မေတ္တာကို လိုချင်တာအတွက်နဲ့ ငါ့ရှေ့ရောက်အောင် လာမှာမဟုတ်ဘူး .."

"ဘယ်လို .. အစ်ကို ဘယ်လိုပြောလိုက်တယ် .."

"ငါကမှ ဂရုမစိုက်ခဲ့တာ .."

ဦးမြတ်တင် ရဲ့ ပြောစကားတွေက အစွန်းရောက်ပြတ်သားနေကာ ..၊

"မင်းကို ငါ ပြောပြီးသားလေ နွေး၊ ငါ့လို အဖေကို တစ်သက်လုံး စိတ်နာသွားရမှာ၊ ဘယ်လိုတုံ့ပြန်မလဲပဲဆိုတာ စဉ်းစားနေမှာ .."

"အစ်ကိုကရော အဲဒီလို တကယ်ဖြစ်စေချင်တာလား .."

"ဟုတ်မယ်ထင်တယ်၊ ငါ့ကို အဲဒီလိုမာနတွေပြိုင်နေရင် ဒီစိတ်မျိုးကို ငါ စိတ်ဝင်စားမိနိုင်တယ် .."

"အစ်ကို ချစ်လွန်းလို့ နာကျင်နေတာပါ၊ ဒီသားကိုလည်း အစ်ကို့စိတ်နဲ့သူ့ကို .."

"တော်ပြီ နွေး .. ငါ မင်းနဲ့ ရန်မဖြစ်ချင်ဘူး .."

"ဒါပေမယ့်-ခုကိစ္စကိုတော့ သားအပေါ်မှာ ဖြစ်နေတဲ့ ဒေါသတွေ နည်းနည်းလျှော့လိုက်ပါ အစ်ကို၊ အတိတ်နဲ့ ပစ္စုပ္ပန်ကို ခွဲခြားနိုင်တဲ့ တစ်နေ့ မိဘနဲ့ သားသမီးရဲ့ နှောင်တွယ်မှုတွေကို အစ်ကို မက်မောလာမှာ၊ အဲ့ဒီအခါမှာ ပြန်ပြီးတောင်းပန်ရှုတ်သိမ်းဖို့ မလွယ်ကူနိုင်တော့တဲ့အထိ အစ်ကို့ ဒေါသ ဥပေက္ခာတွေ သား အပေါ်မှာ နစ်ကျွံမနေစေချင်ဘူး .."

နောက်ထပ် ဥပေက္ခာစကားတွေကို ထပ်မကြားလိုတော့သည်မို့



ဒေါ်နွေးနွေး စိပ်ပုတီး ဘွဲ၍ ဘုရားခန်းကို ထွက်လာခဲ့မိသည်။ မျက်ဝန်းမှာတော့ မျက်ရည်တွေ ရစ်သိုင်းနေခဲ့ပါပြီ။

အစ်ကိုရဲ့ ချစ်တဲ့စိတ်တွေ ဘယ်လောက်ပြင်းထန်နိုင်မာသလဲဆိုတာ နွေး ထက် ဘယ်သူပိုသိမှာလဲ အစ်ကို ..။ အစ်ကိုက သည်းခံတတ်တာကို အထင်မကြီးပေမယ့်၊ အထင်ကြီးခံချင်တာလည်း မဟုတ်ဘဲ အစ်ကို့အပေါ်မှာ နွေး ဘဝနဲ့ရင်းပြီး အနစ်နာခံခဲ့တာတွေ အစ်ကို သိရင်ရော..၊

ရှင် နွေး ကို မုန်းမှာပဲလားလို့ သိချင်တယ် အစ်ကို ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကော်ဖီဆိုင်မှာတစ်ယောက်တည်း ငိုင်နေမိတုန်း ချထားသည့် ဖုန်းမှာ မက်ဆေ့ချ်ဝင်လာသဖြင့် ကောက်ကြည့်လိုက်မိသည်။ ဖွင့်ဖတ်လိုက်တော့ ညို ဆီက …၊

"ဘာလဲ၊…"

ဖတ်ပြီး မျက်နှာမဲ့သွားသည်။ သူ မေးထားတာတွေ အများကြီး ပြန်ပို့တော့ 'ဘာလဲ' တဲ့ …၊

ဖုန်းဆက်တိုင်းလည်း မကိုင်၊ မက်ဆေ့ချ်တွေ ပို့လိုက်တိုင်းလည်း ညို ဆီက ပြန်လာရင် စကားလုံးနှစ်လုံးသုံးလုံးထက်ပိုသွားပါတယ်ဆိုတာ လက်ချိုးရေလို့ရသည်။

ဒါပေမယ့် သူက မနေနိုင်တဲ့သူ …၊

"ငါ မင်းနဲ့ စကားပြောချင်တယ်၊ အချိန်ရရင် ပြန်ခေါ်ကွာ …" လို့ ထပ်ပို့လိုက်တော့ …၊

"မရဘူး …"

လို့ ပြန်လာ၏။

"ဒီနေ့တော့ ပြောဖို့လိုတယ် ညို …၊ ငါ သေချင်လောက်အောင်



ညစ်နေတာ၊ ခု ချက်ချင်း ပြောချင်တယ်ကွာ၊ မင်း ဘာလုပ်နေလို့လဲ ဘယ်မှာလဲ …"

ပို့လိုက်တာနှင့် သိပ်မကြာခင် ဖုန်းဝင်လာလေသည်။

"ပြော …"

"မင်းဘယ်မှာလဲ ညိုညို …"

"ရန်ကုန်မှာ …"

"ဘာ၊…"

ဖုန်းကိုင်ထားရင်း အံ့သြပြီး ခါးပါဆန့်သွား၏။

"ရန်ကုန်မှာ ဟုတ်လား … ဘယ်နေရာမှာလဲ …"

"မင်းနဲ့ မဝေးပေမယ့် မင်း ငါ့ကို ဘယ်တော့မှ မြင်ရမှာမဟုတ်ဘူး ပူမနေနဲ့ …"

"ဘယ်ကပူရမှာလဲ … ငါ မင်းနဲ့တွေ့ချင်နေတာ …"

"ဘာလုပ်ဖို့လဲ …"

"လိုအပ်နေလို့ပေါ့ကွာ …၊ ခုနေ မင်း ငါ့နားမှာရှိနေရင် ငါ့ရဲ့ လိုအပ်ချက်တွေကို ဖေဖေ ကဲ့ရယ်နိုင်မှာမဟုတ်ဘူး …"

"ခုမှ နောင်တရနေရင် အချိန်မနှောင်းသေးဘူး၊ အနားမှာရှိတဲ့ နံ့ရံ နဲ့ခေါင်းနဲ့ ပြေးဆောင့်လိုက် …"

"မင်းက ငါ့ကို တကယ်သေစေချင်တာလား …"

"ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့ ကိုကို၊ မင်းကို ဘယ်သူက ကြိုးတုပ်ပြီး ပို့တာလဲ …"

"ဟုတ်တယ် … ငါ့သဘောနဲ့ငါ …"

"အဲ့ဒါကို ငါက ဝိုင်းငိုပေးရမှာလား …"

"ညိုညို … မနေ့က ဖေဖေနဲ့ ငါ အကြီးအကျယ်ကွိုင်တက်တာ…"

ဒီတစ်ခါ ပက်ခနဲပြန်ပြောသံမကြားရဘဲ ညိုညို ဘက်က ငြိမ်သွား၏။ သူ့ဦးဖေယျာ အကြောင်းတွေပါ ပြောပြမိရင်း …၊

www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီမှာ ပြဿနာတက်တယ်ကွာ .."

ဖြစ်သမျှကို သူ ပြောပြလိုက်မိ၏။

"အဲ့ဒီ ဘိုးတော်က ငါ့ကို ညှာတယ်၊ ငါ သိသင့်တာဘာဖြစ်ဖြစ် စိတ်ရှည်လက်ရှည် ပြောပြတယ်၊ သူနဲ့ ငါ အရင်းအနှီးဆုံးပဲ .."

"ပြဿနာလည်း ဖြစ်လာရော မင်းကို ရိုက်ချလိုက်ရောလား .."

"ဟုတ်တယ် .. ငါ ဒီလူကြီး အဲ့ဒီလိုဖြစ်သွားမယ်လို့ ထင်ကိုမထင်ဘူး .."

"မင်းက သူများပြောရလောက်အောင် တုံးတာကိုးကွ၊ ဒီလောက် ပုပ်သိုးနေတဲ့ အစုတ်ထုပ်က အနံ့မထွက်ဘဲ မနေဘူး .."

"ဟုတ်တယ် .. ငါ မင်းလို လူကဲခတ်မတော်ဘူး .."

"မတော်တာ မတတ်တာတွေ ပြောမနေနဲ့၊ ညစ်နေရင် သစ်အောင် လုပ်လိုက် .."

"ဘာလုပ်ရမလဲ .."

"ဘာလုပ်ရမလဲ မင်း ဆုံးဖြတ်ပေါ့ကွ .."

"ငါ့ကို ပြန်လာခိုင်းတာလား .."

"ငါခိုင်းသာ မင်းလုပ်ခဲ့ရင် ခုလို ဒူးနဲ့မျက်ရည်သုတ်နေရမှာ မဟုတ်ဘူး .."

ညီညီ က သူ့ကို ဒီတိုင်းပြောနေကျမို့ စိတ်ဆိုးဖို့လည်း မေ့နေခဲ့ဝါပြီ။

"တကယ်က အဲ့ဒီ ပရိဂရမ်မာတွေကို ဟိုတစ်ခါလူတွေမဟုတ်မှန်း ငါသိတယ် .."

"သိတော့ ဒီလို ထူးခြားလာတာကို တစ်ယောက်ယောက်ကို မပြောလိုက်ဘူးလား .."

"မပြောမိဘူး .. ဒါပေမယ့် သူတို့ကအထွက် ဦးဇေ က ပြန်လာတာနဲ့ ကားပါကင်မှာ ဆုံခဲ့ကြတယ်၊ သူတို့ချင်း မျက်လုံးချင်းဆုံတယ်၊



သူ အထဲရောက်လာတော့လည်း 'ခုနက ဦးဇေ နဲ့ တွေ့တဲ့လူတွေပဲ .. ဆော့ဖ်ဝဲမှ တက်နေတဲ့ကိစ္စ error လာပြန့်ရှင်းကြတာ' လို့ ငါ ချက်ချင်း ပြောတာ .."

"အင်း .."

"ဟုတ်လားတဲ့ .. ဒါပဲပြောပြီး သူ အထဲဝင်သွားတာ လုံးဝမတွေ့တော့ဘူး၊ ငါ ဒီကိစ္စကို ဒီတိုင်းထားခဲ့မိတာ အပြစ်ရှိပါတယ် .. ဒါပေမယ့် .."

"ကွိုင်တက်ကြတော့ မင်း အဲ့ဒါတွေ ပြောပြလိုက်သေးလား .."

"ပြောမလို့ပဲ .. ဒါပေမယ့် .."

"မင်းရဲ့ ပြောမလို့ပဲ .. လုပ်မလို့ပဲတွေ ဒီတစ်ခါ အတိအကျ အထိနာသွားပြီမို့လား .."

"ဟုတ်တယ် .."

"နေစမ်းပါဦး၊ မင်းက ဘယ်မျက်နှာကိုထောက်ပြီး 'ပြောမလို့ပဲ' မှာ ငုတ်တုတ်မေ့သွားတာလဲ .."

"ပြောတော့ ညီ .. ငါလည်း ငါ့ကိုယ်ငါ ဒေါသထွက်နေတာပဲ၊ ငါက သူခိုးမိရင်တောင် သူခိုးကို သနားလို့မအော်ဘဲ ပြေးခိုင်းခဲ့တဲ့ ကောင်–"

"ဂုဏ်ယူနေပြန်ပြီ .."

"မယူပါဘူး .. ငါ အခု အထိနာသွားပြီ၊ အဲ့ဒါတွေကလည်း လုံးဝတို-သပ်စွဲတဲ့အကျင့်ဖြစ်နေပြီဆိုတော့ ငါ့အကျင့်က ဒီတိုင်းသွားတော့မှာပဲ၊ ဘာဖြစ်ဖြစ် သူများနဲ့ ရင်ဆိုင်ပြောမိပြီဆို ငါပဲ ဆွံ့အကျန်ခဲ့တာ .."

"အဲဒီတော့ လိုရင်းက ဘာလဲ .."

"လိုရင်း မပါသေးဘူး၊ ငါ ခံစားရတာတွေ မင်းကိုပြောချင်လို့ အဲ့ဒီခံစားချက်တွေကမှ ငါ့ဘဝ .."

"မှားနေပြီ ကိုကို၊ ခံစားချက်တွေနဲ့ ဘဝကို တည်ဆောက်လို့ မရဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်ကွာ .."

"ထားလိုက်တော့ ဟော့ကောင် .. မင်း အသံကြားရတာ ငါ့အစ်ကိုနဲ့ စကားပြောနေပါလားဆိုတာတောင် မေ့တော့မလိုဖြစ်လာပြီ၊ တကယ်ပဲကွာ .. တရော်ကျနေတာပဲ .."

"ကျွတ် .."

"ကျွတ်မနေနဲ့ မြန်မြန်ပြော ငါ အလုပ်ရှိသေးတယ် .."

"ထားလိုက်စမ်းပါကွာ .. မင်းကလည်း တစ်မျိုး .."

ဖုန်းပြောနေရင်း စိတ်ပျက်လာကာ သောက်လက်စ ကော်ဖီပန်းကန်ကိုပါ ဘေးကိုခပ်ဆောင့်ဆောင့် ရွှေ့ပစ်မိ၏။ ဒီကိုရောက်ရောက်ချင်း အိမ်ထောင်ပြုဖို့ဖြစ်လာရသည့် စိတ်ပျက်ဖွယ်တွေကိုလည်း ပြောချင်သေးသည်။

ဒါပေမယ့် ညီညီ က နားထောင်ပေးမှာမဟုတ်မှန်းသိနေသဖြင့်..၊

"ညက ဖေဖေ ငါ့ကို ထိုးတော့မလို့ အန်တီ ဝင်တားလို့သိလား.."

"အစတည်းက မင်းက မျက်နှာပြောင်ပြောင်နဲ့ သွားတာကိုးကွ.."

"ကိုယ့်အဖေပဲလေ .. ပြီးတော့ အန်တီနွေး နဲ့လည်း သားသမီးရတာမဟုတ်ဘူး၊ အန်တီနွေး ကလည်း ငါ့ကို ဂရုစိုက်တယ် .."

"ဒါပေမယ့် မင်း စိတ်ချမ်းသာလို့လား .."

"ဖေဖေ ငါ့ကို တစ်နေ့နေ့တော့ ချစ်လာမှာပေါ့ကွာ .. ဒါပေမယ့် ညတုန်းကတော့ ဖေဖေတို့ပြောနေတဲ့ စကားတွေကို ငါ ခိုးနားထောင်ခဲ့မိတယ် .."

"မင်းကို တော်တော်ချစ်နေတာတွေ ပြောနေရောလား .."

"အေး .."

ရင်ထဲမှာ နာကျင်မှုက ညီ့ ရယ်သံကြောင့် ပို၍ရှုံ့နစ်သွားသလိုပင်..။

"ကိုကိုရာ .. ဟား .. ဟား .. ဟား .. မင်း ခုမှ .."

"ဟုတ်တယ် .. ငါ အဲ့ဒါတွေကြားရလိမ့်မယ်လို့ မထင်ခဲ့မိတာ



အမှန်ပဲ .."

သူ ကြားရမျှကို ညီ့ ကို ပြောပြနေမိကာ ..၊

"ငါ့နေရာမှာ မင်းဆိုရင် ဖေဖေနဲ့ မင်း အဆင်ပြေသွားမှာ .."

"မင်း နေရာမှာ ငါ ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး ကိုကို၊ ဘာဖြစ်လို့လဲ သိလား .. မေတ္တာငတ်လို့ မသေနိုင်ဘူး .."

"မေမေကတော့ ဖေဖေ့စိတ်နဲ့ ဆုံးသွားခဲ့တာ အားလုံး သိပါတယ်ကွာ .."

"အဲ့ဒါကို မေတ္တာငတ်တာလို့ မင်းက ခေါင်းစဉ်တပ်လိုက်တာလား .."

"မဟုတ်ဘူးလေ၊ ဒါပေမယ့် လူကြီးတွေရဲ့ သံသယမာနတွေကို ငါတို့က .."

"မင်း အကြောင်း မင်းပြော .."

"အေးပါ .. ငါပါပဲ၊ သားသမီးမျက်နှာမြင်ရတော့ ဖေဖေ့ သံသယအမုန်းတွေ ပျော်ကျသွားမှာပဲလို့ ငါထင်ခဲ့တယ်၊ ဒါပေမယ့် ဖေဖေက ပိုပြီး မာကျောလာတာ၊ ငါ့စိတ်ခတ် ငါ့အကျင့်ကို ဖေဖေ မကြိုက်ဘူး၊ ပျော့ညံ့တာကို အပြစ်လို့ မြင်တာ မဆန်းပေမယ့် ဖေဖေ့ အထင်သေးမှုတွေမှာ အစွဲကပ်နေတာ ငါ၊ သိလိုက်ရတယ် .."

ဒေါ်နွေးနွေး ဖြောင့်ဖျနေတာကိုရော ဖေဖေ့စကားတွေကိုပါ ပြောပြရ၏ ..၊

"ဖေဖေ့ အမုန်းတွေ ယုတ်လျော့သွားဖို့အတွက် ငါက ခပ်ရိုင်းရိုင်းခပ်ကြမ်းကြမ်းကောင် ဖြစ်ရမှာလား၊ ဒါမှမဟုတ် သူ့လိုမျိုး မဟုတ်မခံ အနိုင်မခံ အရှုံးမပေးစိတ်နဲ့ သားအဖချင်းပဲ အတိုက်အခံဖြစ်ရဖြစ်ရ .."

"စိတ်ကူးယဉ်နေတာလား .. တကယ်ပြောင်းလဲမလို့လား .."

"ပြောင်းလဲလို့ရတတ်ရင်လည်း ကောင်းသားကွာ၊ ဒါပေမယ့် ငါ ဘယ်တော့မှ ဖေဖေ့ အမုန်းစက်ကွင်းက လွတ်မှာမဟုတ်ပါဘူး၊ ဒီတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပဲ အထင်မြင်သေးပြီး ..”

“ဒီတိုင်း တစ်သက်လုံးသွားတော့မယ်ဆိုရင်လည်း မင်းက ကျေနပ်သွားမှာပဲလား ..”

“မကျေနပ်ရင်လည်း ငါ နောက်မဆုတ်ဘူး ညီ ..”

“ဒါပေါ့ .. မင်းက သူဌေးသားမှ မဖြစ်ရရင် သေသွားရင်တောင် ကျွတ်လွတ်မှာစိုးလို့ သာရုမခေါ်ဘဲ နေမယ့်ကောင် ..”

“အစက ဟုတ်ပါတယ်၊ ငါ အဲဒါကိုပဲ ရူးသွပ်ခဲ့တာ၊ ဒါပေမယ့် ခု ဖေဖေ့ အရေးပေးမှုကို လိုချင်လာတဲ့ဆန္ဒတွေ ထပ်တိုးနေတယ်၊ ငါ ဖွဲ့မလျှော့ဘူး ..”

“ငါ့ကို တကူးတက ပြောချင်တာ အဲ့ဒီ ဖွဲ့တွေ ထုတ်ပြမလို့ပေါ့ ..”

“ညီရာ .. ငါ မင်းလို နေနိုင်ရင် သိပ်ကောင်းမှာပဲ ..”

“ဆုတောင်းလေ .. နောက်ဘဝ ..”

ပြောပြီး ဟားတိုက်ရယ်သည်။ ပြီးတော့ သူ့ဟာသူ နှုတ်ဆက်ရင်း…၊

“နောက်ဘဝ မရောက်ခင် မင်းလိုချင်တာတွေ မြန်မြန်ရအောင် ငါ ကူညီမယ် ..”

“ဟင်!… ဘာ ..”

သူ ရှုပ်ထွေးသွားပေမယ့် ညီ က ဖုန်းချသွားပြီဖြစ်၏။

ညီ ဘယ်လိုကူညီမှာလဲ …၊



## အခန်း (၁၂)

ဟိုတုန်းက ထရေးဒါးဆိုတာကိုတောင် ရှေ့ကဖြတ်မလျှောက်ခဲ့ဖူးပါ။ ရှုန်ဂရီလာ ဖြစ်သွားပြီဆိုတော့လည်း သူ အထဲဝင်ခွင့်မရခဲ့ပါလား…။

“ဒရိုင်ဘာမရှိလို့ မင်းကိုခေါ်လာတာ၊ အထဲကို လိုက်စရာမလိုဘူး ဒီကပဲစောင့် ..”

ကားထဲမှာ ကျန်ခဲ့ရင်း ကိုယ့်အဖြစ်ကို တွေးနေမိသည်။ ဟိုတယ်လ်ထဲကို လိုက်ခွင့်မရပေမယ့် ဖေဖေ့ကို လိုက်ပို့ခွင့်ရတာနဲ့ပဲ ကျေနပ်စရာလို့ ဖြေသိမ့်နေရမလား …၊

ကိုယ့်အဖြစ်ကို သဘောပေါက်ဖို့တောင် တော်တော် မလွယ်ပါလားလို့ တွေးနေရင်း …၊

ဟင် .. ညီ …၊

ဖုန်းလာနေလို့ ငုံ့ကြည့်လိုက်တော့ ညီ ဖြစ်နေသဖြင့် အံ့ဩသွား၏။ ပြီးတော့ ဝမ်းသာသွားကာ …၊

“ညီ .. အတော်ပဲကွာ …၊ ငါ မင်းကို မေးစရာတွေရှိလို့၊ ညတာ မင်းဆီကို မေးလ်ပို့မယ်ဆိုပြီး ..”

“မင်း အခု ဘယ်မှာလဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ အပြင်မှာလေ၊ ရှန်ဂရီလာရေ့မှာ .. ဖေဖေက အထဲမှာ နိုင်ငံခြားဧည့်သည်နဲ့ သွားတွေ့နေတယ် .."

ကိုယ့်ကို ကူညီမယ်ပြောထားပြီး ဖုန်းတွေဘာတွေ စခေါ်နေသဖြင့် ကိုကို ဝမ်းသာအားရကြီးဖြစ်နေရကာ သူ့အခက်အခဲတွေကို ပြောပြနေမိသည်။

ပြီးတော့ သီချင်ဂ္ဂတာတွေရော သူလုပ်ရမှာတွေရော ပြောပြနေရင်း..၊

"မဖြစ်ပါဘူး .. ငါ မင်းနဲ့ တွေ့ချင်တယ်ကွာ ..၊ ပြီးတော့ မင်း ငါနဲ့ နီးနီးလာနေပေးရင် ပိုအဆင်ပြေမှာ၊ ငါ့ကို တကယ်ကူညီမယ်ဆိုရင်တော့ အဲဒါကို မင်းစဉ်းစားပေးရမယ် ညီ၊ ငါ စဉ်းစားဆုံးဖြတ်ဖို့ ခက်ခဲနေတာတွေက မင်းဆိုရင် အားလုံးအေးဆေးပဲ၊ မင်းနဲ့ငါ ပူးပေါင်းမှဖြစ်မှာ .."

ပြောနေရင်း ညီ ထံမှ စကားမပြန်တာကို သတိထားမိကာ ..၊

"ဟလို .. ညီ .. ညီညီ .."

"…. …. …."

မဟုတ်ပါဘူး ဒီကောင် ဖုန်းမချသေးဘဲနဲ့ ..၊

"ဟလို .."

"ဒေါက် .. ဒေါက် .."

ဖုန်းကမဖြေဘဲ အေးမှန်ကို တစ်စုံတစ်ယောက်က လာခေါက်သဖြင့် လှည့်ကြည့်လိုက်လျှင် ..၊

"ညီ .."

"ခဏ ဆင်း .."

လက်ပြခေါ်ထုတ်နေသဖြင့် သူ တံခါးဖွင့်ဆင်းလိုက်လျှင် ဆေး က မြင်နေကျအတိုင်း ဂျင်းဘောင်းဘီ ဂျင်းဂျက်ကက်နဲ့ဖြစ်လျက် အတွင်းခံ ဝတ်ထားသည့် စပို့ရှပ်အနီရဲရဲက ထင်းနေ၏။

အမှာညီအစ်ကိုပေမယ့် အကြိုက်ချင်းလည်း ဘယ်နေရာမှ မတူ..။



ငယ်ငယ်လေးတည်းက အိမ်ရှေ့အိမ်နောက် ဘယ်နေရာမှာအိပ်အိပ် နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ဆေး က စောင်ခြုံမှအိပ်တက်သည်။ သူကတော့ ကိုယ်ပေါ်က အဝတ်စားကိုတောင် နွေဆိုလျှင် ပါးသထက်ပါးအောင်ဆင်သည်။

ဆောင်းတွင်ဆို ထူထူဝတ်ရမှ၊ ရာသီအလိုက် အဆင်ပြေသလိုနေတတ်တာ သူပဲဖြစ်ကာ၊ ဆေး က အကျင့်တစ်ခုကို ဒီတိုင်းတသမတ်တည်း သွားတဲ့သူ ..။

အကျီအဝတ်စားဆိုလည်း ခုချိန်ထိ ညီ က နှစ်ထပ်ဝတ်တတ်၏။ အတွင်းခံ စွတ်ကျယ်နဲ့ဆို သုံးထပ် ..။

သူ့ကိုမြင်လိုက်ရတိုင်း ကိုယ်ပေါ်မှာ ဂျင်းဂျက်ကက်မပါတဲ့အခါ မရှိပေ။ ဒါက နွေမိုးဆောင်း သုံးရာသီစလုံး မပြောင်းလဲသည့် ဆေးသာညီ စတိုင်လ် ..။

ခွဲထွက်လာပြီးမှ ပထမဆုံး ပြန်တွေ့ရတာမို့ ဆေး ကို သူ သေချာကြည့်လိုက်မိသည်။ သူ အိမ်ကထွက်လာခဲ့တုန်းက အိမ်မှာ ညီ မရှိပေ။ ရှိနေရင်လည်း အဖေ့အိမ်ကို မင်း လိုက်မသွားပါနဲ့လို့ တားမယ့်သူ မဟုတ်မှန်း သိပြီးသားပါ။

"ဘာကြည့်နေတာလဲ .. ဇာတ်လမ်းတွေထဲကလို ညီလေး ကိုကြီး ဆိုပြီး ပွေ့ဖက်ချင်လို့လား .."

"မဖက်ပါဘူး .. ဒါပေမယ့် ငါ မင်းကို တကယ်လွမ်းတာကွ.."

"ငါကတော့ မလွမ်းဘူး .."

ဆေး က ပြတ်တောက်စွာ ကြေညာပြီး ကိုကို့ နောက်ကကားကို ကြည့်သည်။ ပြီးတော့ ကိုကို့ ဆီကို မျက်လုံးပြန်မရောက်ဘဲ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ထားပြီး ..၊

"ငါ မင့်ကားကို ခဏ ငှားချင်လို့ .."

"ဟမ်!.. ဘာ..."

"ခဏပဲ သိပ်မကြာဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ညီ .."

"မင်း ဘိုးတော်ကြီး ပြန်ထွက်မလာခင် အမီ ပြန်ပို့မယ် .."

"ဟာ .. မင်း .."

"ကဲ .. ကားပေါ်တက်စမ်းပါကွာ .."

"ဟာ .."

သူ တဟားဟားတဟင်ဟင်နှင့် ကားပေါ်ပြန်ရောက်သွားခဲ့ပြီး...၊

"ညီ .. မင်း အဲဒါ မဖြစ်ဘူးနော်၊ ဖေဖေနဲ့ ငါ အလိုလိုကာမှ အဆေး မကာမိရတဲ့ထဲ .. ဘယ်ထိသွားမှာလဲ ဘာကိစ္စမို့လို့လဲ .."

ဆေး က သူ တညီတည်းညီပြီး မေးခွန်းတွေထုတ်နေသမျှ ဘာတစ်ခုမှ ပြန်မဖြေဘဲ ကားကို ပါကင်ထဲကထုတ်သည်။ ကိုကို့ မျက်နှာ ဖြူဖတ်ဖတ် ဖြစ်နေခဲ့လျက် လမ်းပေါ်ရောက်လာတဲ့အထိ ဘာမှလည်း သူပြောသမျှ တိုးမပေါက် ...၊

"ကဲ .. ဒီမှာဆင်း .."

"ဘာ !..."

"ဘာဖြစ်တာလဲ .. ပြူးတူးပြဲတဲနဲ့ .."

"ငါက ဆင်းနေခဲ့ပြီး ဘာလုပ်ရမှာလဲ .."

"လှုကြည့်စေချင်ရင်တော့ ဇော်ဂျီက,လေး ဘာလေး က,ပေါ့ .."

"ညီ .."

"ဘာလဲ .. မင့်ကားကို ငါ ခိုးပြေးမယ်ထင်လို့လား .."

"မထင်ပါဘူး .. ဒါပေမယ့် ဒါ ငါ့ကားလည်းမဟုတ်ဘူး၊ ဖေဖေ သီးသန့်စီးတဲ့ကား .."

အနက်ရောင် ဖိတ်ဖိတ်လက်နေသည့် ဆိုက်ဂ်နက်ကားကြီးက 'ငါ့ကိုထိရဲထိကြည့်' လို့ ပြောနေသလိုပင် ...။ ဒါပေမယ့် ဆေး က ထိရဲ လို့ ထိသွားခဲ့ပြီး ...၊

"ညီ .. ငါ့ကို မင်း ဒုက္ခမပေးနဲ့နော် .. ခဏပတ်မောင်းပြီး ပြန်ခဲ့.."



သူ့ညီလေး ဒီလိုကားမျိုး မောင်းကြည့်ချင်လို့များလို့ တွေးပြီး သူ ဆင်းနေခဲ့လိုက်သည်။ ဆေး လိုလူက ကားမောင်းကြည့်ပါရစေလို့ သူ့ကို ချော့မော့ပြောမှာ မဟုတ်ပေ။

ထို့ကြောင့် အစ်ကိုဖြစ်သည့်သူကပဲ ညီဖြစ်သူ၏ ဆန္ဒအတွက် အလို လိုက် အလျှော့ပေးဖို့ ဆုံးဖြတ်၍ ...၊

"ကျွတ် .."

ဆယ်မိနစ်ကြာသွားတော့ ဖုန်းခေါ်ကြည့်တာလည်း ဆေး က ဖုန်း မကိုင် ...၊

သူ ခေါင်းတဖြည်းဖြည်းပြန့်ကားကြီးမားလာကာ နာရီကြည့်နေ ရင်း ကိုယ်ပူတွေပါ ပြန်လာသလားမသိ၊ အချိန်တရွေ့ရွေ့ကုန်သွားကာ...

"ညီ .."

ဖုန်းဝင်လာတော့ ဝမ်းသာအားရဖြစ်သွားပြီး နားထောင်လိုက်မိ၏။

"ဗဟန်းဈေးက လမ်းကွေ့ထဲကို ခု မြန်မြန်လာခဲ့ .."

"ဟင် .. ညီ .. ညီ ဘာဖြစ် .."

ဖုန်းချသွားပြီမို့ ပြဿနာတစ်ခုခုဖြစ်ပြီကို သိလိုက်သည်။

ငါ့ကိုသာ သိတ်လိုက်တော့ ညီ ချွေးကောင်လေး ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"မင်းကို ငါ ဘာမှမပြောဘဲ ဒီတိုင်းပြန်လာခဲ့တာ ပြီးပြီလို့ မှတ်နေတာလား ကိုကို၊ ဟော့ကောင် မင်း ထွက်လာခဲ့စမ်း .."

"ဒုန်း .. ဒုန်း .."

"အစ်ကိုရယ် .. ကားအက်ဆီးဒင့်နဲ့ဖြစ်တာ လူမသေမပျောက်တာပဲ .."

"မင်း မသိဘဲ ပြောမနေနဲ့၊ ကားအက်ဆီးဒင့်နဲ့ဖြစ်တာ မဟုတ်ဘူး၊ ရပ်ထားတဲ့ကားကို တမင်ဝင်တိုက်တာ .."

"ဟိုကားက ဘက်ခ်ဆုတ်လိုက်တာလို့ သား ပြောပါတယ် အစ်ကိုရယ် .."

"ဘာဖြစ်ဖြစ် ဘက်ခ်ဆုတ်မယ့်ကားက ဆစ်ဂ်နယ်မီးပြတယ်၊ ဘယ်ကားမှ ဝေါခနဲ ပြန်မဆုတ်ဘူး၊ မင့်ကောင် ဝင်တိုက်ပစ်တဲ့အရှိန်က နည်းနည်းနောနောမှတ်နေလို့လား .."



ကိုကို အခန်းထဲမှာ ခေါင်းကိုပဲ စိတ်ရှိလက်ရှိ ဆွဲဖွနေမိသည်။ ပြီးတော့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိလိုက်၊ မွေ့ရာစပ်မှာ သွားထိုင်မိလိုက် ..၊

"ကျွတ် .. ခွေးကောင်လေး .."

ထိတ်လန့်မှုလောင်ခြင်းက ကိုယ်လုပ်တဲ့အလုပ်မဟုတ်တာကို ထုတ်လွှင့်ဖော်ပြလို့လည်း မဖြစ်၊ မျိုသိပ်နေပြန်တော့ ဖေဖေ့ဒေါသက မီးရှူးမီးပန်းတွေလို အခန်းထဲထိ လွင့်စင်လာနိုင်၏။

ညီ ..၊ ဆေးသားညီ .. ခွေးကောင် .. ကားကိုယူမောင်းသွားပြီး သူ့ကို ဒုက္ခပင်လယ်ဝေစေခဲ့တာ ..။

သူ ရောက်သွားတော့ ဝိုင်းအုံကြွနေသည့် လူထုက သူ့ထံမောင်းမဲလာကြ၏။

"ဟိုမှာ .. ဟိုမှာ ပြန်ဝင်လာပြီ .."

"ခုလေးတင် ဘယ်ထွက်ပြေးတာလဲ ဒီကောင် .."

"အံမာ .. ပုံစံက .."

"အေးလေ .. တတ်လည်း တတ်နိုင်တယ် .."

"တစ်ရေးလုံးကို ဖုံးကြဲပြီးမှ အကျိုပြေးလဲနိုင်သေးတယ်၊ ဟိုအားက လူမရှိသေးလို့ မလျော်ဘဲပြေးနိုင်ရင်ပြေးလေ၊ ငါ့ဆိုင်ပျက်စီးသွားတာတွေ နစ်ဆ ပြန်မလျော်ရင် အဲဒီကားကို ဘီးလေးဘီးစလုံး ဖြုတ်ထားလိုက်မှာ မယုံမရှိနဲ့ .."

"ငါလည်း ငါ့ပစ္စည်းတွေကို တက်ကြိတ်ထားတာ အလျော်တောင်းမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ရောက်သွားပြီး သူ ဘာလုပ်ရမှန်းမသိပေ။ ထို့ကြောင့် လူတွေပြောကြတဲ့ စကားသံတွေကိုပဲ ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့်နဲ့ နားထောင်နေရသည်။

ကွဲရှ လဲပြိုထားသည့် သစ်သီးတွေနှင့် လမ်းပေါ်မှာ ကားမီးခွက်ကွဲထားသည့် ဖန်ကွဲစတွေက ပြန့်ကျဲလင်းလက်နေ၏။

ပြီးတော့ ခပ်ကြဲကြဲရပ်ထားသည့် ကားသုံးစီးတန်း၏ ဘေးအစွန်ကားတစ်စီး၏ ဖင်မြီးပိုင်းနှင့် သူ့ကားခေါင်း ထိဆက်၍ ကြည့်နူးရည်ငံနေကြတာ ချစ်သူချင်း တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်ဝင်နေတာထက်တောင် ထပ်ကပ်နေသေးသည်။

သေလိုက်စမ်း ကိုကို၊ အဲ့ဒါတွေ မင်းနဲ့ထားခဲ့ပြီ ရှင်းလိုက်တော့..၊

ထိုနေရာမှာပဲ လူတကာ လက်ညှိုးထိုးတာ ခံယူရင်း သူ ကြက်သေသေနေခဲ့တာ မိနစ်များစွာ ..။

"လုပ်ချင်ရာလုပ်ပြီးမှ တိတ်နေရလား .. ဟေ့ကောင် .. မင်း မထွက်လာရင် ငါအပြင်ကနေ မီးနဲ့ ရှို့ရမှာလား .."

ဦးမြတ်တင် အသံကြီးဟိန်းထွက်လာတော့ ကိုကို့ အတွေးတွေပျောက်ကာ ခေါင်းနားပန်းကြီးသွား၏။

"သတိထားပါဦး အစ်ကိုရယ် .. လူငယ်ဗဲ .."

"မဟုတ်ဘူး .. ဒီကောင် ငါ့ကို မကျေနပ်လို့ တမင်ဒုက္ခပေးတာ၊ ဟိုဘက်ကားကိုကြည့်လိုက်တာနဲ့ တမင်ဝင်ကျူးပစ်ခဲ့တာမှန်း အသိသာကြီး၊ ဒီလိုနေရာမှာ ဒီလောက်အရှိန်နဲ့ ဘယ်လိုမှ ဝင်မရနိုင်မှန်း ကလေးချေးတောင် သိတယ် .."



ဦးမြတ်တင် ပြောတာတွေက ဟုတ်နေသဖြင့် ဒေါ်နွေးနွေး ဝင်ပြီးတော့သာ တားဆီးနေရပေမယ့် ထိရောက်သည့်စကားကိုလည်း မပြောနိုင် ..။

"သူများပစ္စည်းကိုလည်း လျော်ရသေးတယ်၊ လူတွေကိုလည်း တောင်းပန်ရခဲ့ရတယ်၊ အခု ကိုယ့်ကားတစ်စီးလုံးလည်း သံရည်ကျိုစက်ထဲ ပစ်ချဖို့ပဲရှိတော့တယ်၊ ယင်း အသုံးမကျတာတွေသိလို့ ဒီနေရာမှာနေ ဒါပဲလုပ်လို့ သေချာပြောခဲ့ကဲ့ .. ဖြစ်လာတော့ သူ တတ်နိုင်တာဘာရှိလို့လဲ .."

တက်ခေါက်သံတွေ နားထဲမှာဆက်တိုက်ဖြစ်နေကာ၊ ဖေဖေ တက်ချည်းပဲ ခေါက်နေတာလား၊ သူ့နားထဲမှာပဲ ပဲ့တင်စွဲကျန်ခဲ့တာလားဘာမှန်းမသိတော့ပေ။

သို့သော် .. ပူထူနေအောင် အပြောဆိုခံရလွန်းတော့ သည်းမခံနိုင်ခြင်းက ကိုယ်မှားခဲ့တာကိုလည်း ခဏတစ်ဖြုတ်မေ့၏။

"မင်းက ဘယ်သူ့ခွင့်ပြုချက်နဲ့ ငါထားသလိုမနေဘဲ ထွက်သွားတာလဲ၊ ဘာအားကိုးနဲ့လဲ .. ငါ့ကားကိုမောင်းခွင့်ရလိုက်တာနဲ့ မြောက်ကြွမာန်တက်သွားတာလား .. ဟင် .. ဟေ့ကောင်ပြောစမ်း .."

"အဲ့လောက်တော့ မပြောပါနဲ့ ဖေဖေ .. ကျွန်တော်က ဖေဖေ့သားပါ .."

"အံမာ .."

"ကျွန်တော်က ဖေဖေ့ကားကို မောင်းခွင့်မရှိတော့ဘူးလား .."

"ဟိတ်ကောင် .. နှပ်ချေးဝါးသံနဲ့ မပြောနဲ့ မင်းက မိန်းမလျှာ

www.burmeseclassic.com

www.burmeseclassic.com



လား ..."

နှာကျင်လို့ မျက်ရည်ကျတော့လည်း အခန်းထဲက မျက်ရည်ကို တောင် ကဲ့ရယ်လိုက်သေးသည်။ ကိုကို ကိုယ့်မျက်နှာကို ဖိပွတ်ပစ် လိုက်ကာ ...၊

"တောက် .. ငါသိတယ်၊ သင်း ငါ့ကို မကျေနပ်လို့ တိုက်ခိုင်ချင် နေတာ .."

"တိုက်ခိုက်တာ မဟုတ်ဘူး ဖေဖေ .. ကျွန်တော် .. ကျွန်တော် ခုမှ ဖေဖေ့ကားတစ်စီးတည်းပဲ ပျက်စီးစေခဲ့တာပါ၊ မတော်တဆဆိုတာ လည်း တကယ်ပါ၊ ကျွန်တော့် တစ်သက်လုံး ရှုံးသွပ်ခဲ့ရတဲ့ မိမ်ခံကား ကြီးကို ကျွန်တော်က ဘာဖြစ်လို့ တမင်တကာ ဖျက်ဆီးရမှာလဲ .."

ငိုသံမှန်းသိပေမယ့် ဒီတစ်ခါ ငိုသံကို ကဲ့ရယ်ဖို့မေ့သွား၏။ ကိုကို့ စကားတွေကြောင့် ဦးမြတ်တင် အသံတိတ်သွားခဲ့လေသည်။

"ဒီကားပျက်စီးသွားတာလေးကို ဖေဖေက ဒုက္ခပေးလှပြီထင်နေ တာ၊ ဖေဖေ မရှိဘဲ ကျွန်တော်တို့ တစ်သက်လုံး ဒုက္ခဆင်းရဲခံလာခဲ့ရ တာတွေကိုတော့ ဖေဖေ့အပေါ် ကျွန်တော် တစ်ချက်လေးမှ အပြစ်မမြင် ခဲ့ဘူး .."

"မင်း ..."

ဒုက္ခကို ခြေရာချင်းတိုင်းလာတော့ ဦးမြတ်တင် ဆတ်ခနဲဖြစ်သွား သည်။

"ဖေဖေက မုန်းပေမယ့် ကျွန်တော်က ဖေဖေ့ကို ဘယ်တုန်းကမှ ရှိသေလေးစား မပျက်ခဲ့ဘူး .."



ဒါက မှန်သောစကားပဲဖြစ်သည်။ ဖေဖေ ရက်စက်လိုက်တာလို့ တွေးခဲ့မိပေမယ့် ဖေဖေနဲ့ အတူနေရတော့မည်ဆိုတော့ ခံစားခဲ့ရသည့် ဒုက္ခတွေကို မေ့နိုင်ခဲ့၏။

ဖေဖေ ဘယ်လောက်ပဲချိုးဖဲ့နှိမ့်ချပြောပါစေ ကိုယ့်ကို ဘယ်လိုပဲ အထင်မြင်သေးနေနေ ဒီကားကြီးကို ဖျက်ဆီးပြီး အလားတူဒေါသတွေ နဲ့ တုံ့ပြန်တိုက်ခိုက်ဖို့ သူ ဘယ်တော့မှ စဉ်းစားမိမှာမဟုတ် ...၊

ဆေး ဘယ်လိုစိတ်တွေနဲ့ ဒီလိုလုပ်ပစ်ခဲ့မှန်းမသိပေမယ့် သူ့လို ဆေး က မခံစားခဲ့သလို ဆေး လို စိတ်ခါတ်မျိုးလည်း သူ့မှာ မရှိပေ။ ထို့ကြောင့် သူ့စိတ်ရင်းနဲ့ ပြောခဲ့မိတာဖြစ်၏။ သူ ဘယ်သောအခါ ဒီလို တမင်တကာလုပ်မှာမဟုတ် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဒီနေ့ ပြီးပါ့မလား အစ်ကို .."

"မိုးက ရွာနေတော့ မပြီးနိုင်ဘူး၊ ဆေးက အထိမခံသေးဘူးလေ.."

ကိုကို စိတ်ညစ်သွား၏။ ဆော်ဒီထုတာ ဆေးမှုတ်တာနဲ့တင် ငါး ရက်ကြာနေပြီဖြစ်သည်။

"အဲဒီကား မပြီးမချင်း ဆော်ဒီရုံမှာ မင်း သွားစောင့်ရမယ်၊ ပြီးသွား ်လည်း အိမ်ကကားနဲ့ ငါမသိဘဲ ဘယ်မှမသွားရဘူး .."

ဖေဖေက တစ်သံတစ်မိန့်နှင့် စည်းသားခဲ့သည်။ အန်တီကိုယ်တိုင် ဖေဖေ့ကို ဘာမှပြောမရတော့လို့ နေ့စဉ်ကြောင်းလမ်းရေးကိစ္စတွေကို ရှေ့ဆိုင်းနေခဲ့ရ၏။

"ဒီရက်ပိုင်းမှာ သားက လိမ္မာရမယ်နော် .. ဖေကြီးနဲ့ ဆုံမိရင် စကား ား‌စေနဲ့၊ သူ ပြောနေရင် ခွန်းတုံ့မပြန်နဲ့ .." တဲ့ ..။

ပြန်မပြောတော့လည်း 'အဲဒီလို မျိုသိပ်သည်းခံနေရသလိုလို ပုံတွေ လာမဖမ်းနဲ့' လို့ ပြောသေးသည်။ ထိုနေ့က 'ခံစားရလွန်းလို့ ကိုယ့်ခံစား ချက်လေးကို ပြောခဲ့မိတော့လည်း နောက်ထပ်မပြောဖြစ်အောင် တားနေ ပြန်သည်။



သူ့စိတ်တွေ ကားနဲ့အိမ်မှာ ခေါက်တုံ့ခေါက်ပြန်ကူးနေရင်း ညို့ နေသည့် မိုးကောင်းကင်ကို ထွက်ကြည့်နေမိ၏။

ထိုစဉ် ဖုန်းဝင်လာသဖြင့် ..။

"ဟင်!..."

ညီ မှန်းသိလိုက်တာနှင့် ကြက်သီးတွေပါ ဖျန်းခနဲထ၏။

"ဟလို .."

"ဘာလဲ .. ဖုန်းကိုင်ပြီး ငုတ်တုတ်မေ့သွားတာလား .."

"ညီ .."

"ဆော်ဒီထုလိုက်ရတာ ဘယ်လောက်ကုန်လဲ .."

"မင်း တော်တော် ရက်စက်တဲ့ကောင်ပဲ ညီ .."

"ဘာကို ရက်စက်တာလဲ .."

"မင်းကြောင့် ငါ ဘယ်လောက်ရင်ဆိုင်လိုက်ရလဲ သိလား၊ မင်း ထူညီမယ်ဆိုတာ ဘာလဲ .. ငါ့ကို အိမ်ပေါ်က ဖေဖေ တစ်ခါတည်း တနေချအောင်လား .."

"ခု ဂ ,န့်ချလိုက်ပြီလား .."

"မင်း ကပ်သပ်မပြောနဲ့၊ ငါ့ကို ဖေဖေ ငြိုငြင်နေပါတယ်ဆိုမှ.."

"အဲဒီတော့ အခု မင်းကို လက်သီးနဲ့ ဘယ်နှစ်ချက်လောက်ထိုးလဲ"

"ထိုးတာထက် ဆိုးတာပေါ့၊ ပြောလိုက်တဲ့ စကားလုံးတွေ လက် ပစ်ဗုံးထက် ပြင်းတယ် .."

"မင်းက လက်ပစ်ဗုံးထိတာတောင် ခေါင်းငုံ့ပြီး ပြုံးပြုံးလေးနေ နေတာလား .."

"ငါ ...."

သူ့ခံစားချက်တွေ ပွင့်ထွက်ကုန်တာ ဘယ်လိုစကားတွေ ပြန်ပြော ခဲ့မိမှန်းတောင် မသိ ..။

"ဟား .. ဟား .. ဟား .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ .."

"မင်း ချုံးပွဲချ ငိုနေတဲ့ပုံကို မှန်းမြင်ပြီးတော့လေ .."

"ချုံးပွဲချတော့ မငိုဘူး ဟေ့ကောင် .."

"ပြောပါဦး ဘယ်လိုငိုခဲ့သလဲ .."

"ညီ .. မင်း ငါ့ကို ဒုက္ခမပေးပါနဲ့ကွာ ..၊ မင်းကိုလည်း အကူအညီ မတောင်းတော့ပါဘူး၊ နောက်ထပ်လည်း .."

"ရန်ဖြစ်လိုက် ပြန်ချစ်လိုက်မှ မနက်ဖြန်တွေက အဓိပ္ပာယ်ရှိတာ"

"ညီ .. မင်းကို ငါ ရည်းစားသနားအကြောင်း ပြောနေတာမဟုတ်ဘူး .."

"သိပ်မကွာပါဘူး၊ မင်း အပေါ်မှာ အေးစက်နေတဲ့ ဖေဖေ့ ခံစားချက်တွေ အရည်ပျော်သွားအောင် နည်းနည်းလေး မီးတိုက်ပေးလိုက်တာ.."

"ဘာ!.."

"အပိုတွေ လျှောက်ပြောမနေနဲ့တော့ကွာ ..၊ ငါက မင်းမျက်နှာကို ကြပ်ထုပ်ထိုးရာတွေ ပြည့်သိပ်နေပြီလားလို့ လာကြည့်တာ .."

ဟင် ..၊

ညီ ဒီနားမှာလား ..၊

ကိုကို့ မျက်လုံးတွေ ဟိုရောက်ဒီရောက် ဗျာများသွား၏။ ပတ်ဝန်းကျင်မှာတော့ ညီ ကို မတွေ့ပါ။

"ခု အဆင်ပြေနေသားပဲ .. ပျက်သွားတဲ့ကားက ပြင်လိုက်ရင်ပြီးတာပဲကွာ .."

"ပြီးပေမယ့် ဖေဖေနဲ့ ငါ့ကြားမှာ ဟိုတုန်းကထက် ပိုပြီးအေးစက်သွားပြီကွ .."

"မင်းထင်လို့ပါ .."

"တော်ပြီ ညီ .. ငါ ပြောပြီးပြီ မင်းကို .. နောက်ထပ် ငါ့ကို ဒုက္ခ[illegible]ပေးနဲ့တော့ .."



"ပြီးရောလေ .. မင်း ငါ့ဆီက ဘာအကူအညီမှ မလိုတော့တာ သေချာရင်ပြော .."

ကိုကို့ အသံ ရုတ်တရက်မထွက်ခဲ့ပေ။ သို့သော် ..၊

"သေချာတယ် .. ငါ့ပြဿနာ ငါ့ဘာသာရှင်းမယ် .."

"ဘယ်လိုပြဿနာပဲလာလာပေါ့ .."

"ဟုတ်တယ် .."

"အိုခေလေ .. တစ်ခုတော့ ပြောထားမယ်နော်၊ မင်းဘာသာ ကိုယ့်ပြဿနာကို ဘယ်လိုပဲရှင်းရှင်း 'ကျွန်တော့်မှာ အမွှာညီရှိသေးတယ်' ဆိုတဲ့စကား ဘယ်တော့မှ မပြောမိစေနဲ့၊ ဘယ်ဘက်မှာမှ စိတ်ချမ်းသာဖွယ် ဖြစ်လာမှာမဟုတ်ဘူး .."

"မင်းကိုယ်တိုင် မတောင်းဆိုသရွေ့ မပြောဘူး .."

"ဟား .. ဟား .. ဟား .."

မင်း ရယ်စမ်းပါ ညီရာ ..၊ မိဘရဲ့အရိပ်ကို ဘယ်တော့မှ မလိုအပ်ဘူးဆိုတဲ့လူ မရှိဘူး။

တစ်နေ့နေ့မှာ ဆေးသားညီ က 'အဖေ' ဆိုသည့် မေတ္တာရိပ်ကို မလွဲမသွေ လိုအပ်လာမှာပဲလို့ ကိုကို က တွက်ထားပြီးသား ..၊

"အေးပါ .. မင်း ကတိတည်ပါစေ၊ ဒါပေမယ့် ပြောလိုက်မိရင်တော့ ငါ မင်းကို ဒုက္ခတွေတစ်လုံးတစ်ဝပေးဖို့ အင်တိုက်အားတိုက်ကြိုးစားတော့မယ် မပြောရှိနဲ့၊ မင်း ဖြေရှင်းနိုင်တယ်ဆိုတာတွေထက်ဆယ်ဆ .."

"ဟာ .. ဒီကောင်တော့ .."

စိတ်တိုသွားပေမယ့် သူချည်းပဲ ငုတ်တုတ်မေ့ကျန်ခဲ့ရတာ ဖြစ်သည့်အတိုင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အခန်းထဲဝင်လိုက်တာနှင့် စားပွဲဝိုင်း၏ထိပ်မှာ ခန့်ညားစွာထိုင်နေသော လူကြီးနဲ့ မျက်နှာချင်းဆိုင်ပြီးသားဖြစ်သွား၏။ နဖူးက မကျဉ်းမကျယ်ဖြစ်ကာ နှာတံပေါ်ပေမယ့် အနည်းငယ်ပွချင်၏။

နှုတ်ခမ်းက မထူမပါး .. မျက်လုံးကလည်း မပြူးမဝိုင်းပဲဖြစ်၏။ သို့သော် တစ်နေရာမှာ စူးစိုက်ငြိမ်သက်နေခြင်းက တည်ငြိမ်လွန်းသဖြင့် ထူးခြားသည့် မျက်လုံးမျိုးဖြစ်လေသည်။

ဒီလူကြီးက သူ့ကို ဖုန်းဆက်ချိန်းသည့် ဦးကောင်းဓံ ဆိုသည့် လူကြီးပဲဖြစ်လိမ့်မည်။ ပြီးတော့ သူ့နောက်မှာ တောင့်မတ်စွာ ရပ်နေသည့် လူရွယ်တစ်ယောက်က ကျောက်ရုပ်တစ်ရုပ်လို ..။

"မောင် .. ဆေး .."

"ဆေးသားညီ .."

"သြော် .. အေး .. ထိုင်ပါဦး .."

စားသောက်စရာတွေမှာထားပြီးဖြစ်ပုံရကာ စားပွဲပေါ်မှာ စားသောက်ရန် အဆင်သင့်ပြင်ဆင်ထားတာကို တွေ့ရ၏။

"ကျုပ်တို့ စားသောက်ပြီးမှ ပြောကြတာပေါ့ .."



ဦးကောင်းဓံ က စားသောက်ဖွယ်တွေ လာချဖို့ အချက်ပြအံ့ဆဲဆဲ..၊

"ကျွန်တော့်ကို ဒီနေရာမှာ ချိန်းရတဲ့ကိစ္စကိုပဲ သိချင်ပါတယ်.."

"ဒီ့လိုလား .."

ဦးကောင်းဓံ က ခေါင်းညိတ်လိုက်ပြီးမှ ကုလားထိုင်မှာ ခပ်မတ်မတ်ကျောကပ်လိုက်ကာ ..၊

"ဒါဆိုလည်း ပြောကြတာပေါ့၊ ကျုပ်က ဂျပန်အိုင်တီကုမ္ပဏီက အထူးကိုယ်စားလှယ် ဦးကောင်းဓံ ပါ၊ လိုရင်းကိုပြောရရင် မင်းတကျုပ်တို့ ကုမ္ပဏီက အထက်တန်းရာထူးနဲ့ အင်ဂျင်နီယာသုံးဦးကို တခြားကုမ္ပဏီတစ်ခုနဲ့ ချိတ်ပေးလိုက်တဲ့ကိစ္စအတွက်ပဲ .."

"ဟုတ်တယ် .. ဒါပေမယ့် ဖရီးလန့်(စ်)မှာ အလုပ်သစ်တက်ရှာပြီး ဝန်ထမ်းတွေ အပိုဝင်ငွေရှာကြတာ ဘာဆန်းလို့လဲ .."

"ဆန်းတာပေါ့ ဆေးသားညီ .. ငါ့ဝန်ထမ်းတွေက ဖရီးလန့်(စ်)ကို မဝင်ကြဘူး .."

"ဘာနဲ့ သေချာနေတာလဲ .."

"မင်းကိုယ်တိုင် ချိတ်ဆက်ပေးလိုက်တယ်ဆိုတာ သိနေတာထက် ဘာပိုပြီး သေချာရဦးမှာလဲ၊ ပြောပါဦး မင်းက အွန်လိုင်းပွဲစားလား .."

"ဟွန်း .."

"ဆောရီး .. မင်းက လိုင်းပေါ်မတက်ဘဲ အလုပ်ဖြစ်နေတာပါ.."

ဆေး က အပြုံးမပျက်မျက်နှာနှင့် စီးကရက်ထုတ်ပြီး မီးညှိသည်။ ပြီးမှ ..၊

"အွန်လိုင်းမှာဖြစ်ဖြစ် အောက်(ဖ်)လိုင်းမှာဖြစ်ဖြစ်၊ အလုပ်ရှာတဲ့သူကိုရော အလုပ်ပေးတဲ့သူကိုရော အနိုက်ယ်လ် ဘယ်လိုတားခွင့်ရှိလို့လဲ .."

ရဲတင်းသည့် မေးခွန်းက အရိုင်းဆန်၏။ ဦးကောင်းဓံ မျက်နှာကြီးတင်းသွားသည်။

www.burmeseclassic.com

"ဟုတ်တယ် .. ချုပ်ကိုင်ထားဆီးလို့မရနိုင်တာတွေကြောင့် ကျုပ်ကိုယ်တိုင် ဆင်းလာခဲ့ရတာ .."

"စိတ်မကောင်းစရာပဲ .. အန်ကယ်လ်ဆင်းလာပေမယ့် ဘာမှမထူးဘူး ..",

ဦးကောင်းဖံ ရဲ့ မျက်လုံးသူငယ်အိမ်တစ်စုံ သေးငယ်ကျဉ်းမြောင်းသွားခဲ့၏။ သူ တကယ်ဆို မြန်မာနိုင်ငံက ကုမ္ပဏီမှာ အထိုင်ချရတော့မည်ဆိုမှ ရောက်လာခဲ့တာဖြစ်သည်။

မြန်မာနိုင်ငံသားစစ်စစ်ပေမယ့် မြန်မာနိုင်ငံက သူ့အတွက် စိမ်းသတ်နေပြီဖြစ်တဲ့ နေရာဒေသတစ်ခုသာဖြစ်၏။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ကြားလိုက်ရသည့် ပြဿနာတစ်ခုက မငြိမ်းချမ်းဖွယ် ဖြစ်ရကာ ..၊

"ထူးတာ မထူးတာကတော့ ငါတို့ရဲ့ ကာကွယ်မှုစံနစ်နဲ့ပဲ စကားပြောမှာပါ၊ ခု ထပ်သိချင်တာက MTN ကုမ္ပဏီမှာ ဒေတာတွေအခိုးခံရတယ် .."

ပြောပြီး မျက်လုံးဆုံလိုက်တော့ ဆေး ရဲ့ မျက်လုံးတွေ ရှုံးရဲသွားတာကို အကဲခတ်မိ၏။

"မင်းက ပွဲစားဆိုတော့ အဲဒီကိစ္စမှာရော မင်းနဲ့ ပတ်သက်မှုရှိနေမလားပဲ၊ ဒါက မမေးသင့်တဲ့ကိစ္စပါ၊ ကျုပ်ရဲ့ ကုမ္ပဏီနဲ့ ပတ်သက်နေတဲ့အတွက် ကျုပ်သိချင်တဲ့ ဆန္ဒသက်သက်နဲ့ ပြောပြတာ .."

"ဒါပဲလား .."

"ဒါပဲ .. အဲ .. ကျုပ်ထင်တာကတော့ ခု တစ်ထိုင်တည်းအကဲခတ်မိတဲ့ပုံကြမ်းအရ မင်းက သတ္တိရှိတဲ့ပုံပဲ၊ ဒါကို ခိုးယူတာ ပို့ပေးတာတွေ မင်းနဲ့ မဆိုင်ပေမယ့် လူတော်တစ်ယောက်က ခြေမလှုပ်လက်မလှုပ်ဘဲ.."

နှုတ်ခမ်းထောင်ကို လက်ညှိုးနဲ့ ထောက်ပြလိုက်ပြီး ..၊

"ဒါတွေ မင်းပဲ ဦးဆောင်တာဆိုရင် .."



"ခင်ဗျား ဘာလုပ်နိုင်လဲ .."

ချက်ချင်းပြောင်းလဲသွားသည့် အခေါ်အဝေါ်နှင့်အတူ အကြည့်တွေက ရိုင်း၏။ ပြီးတော့ ရဲတင်းစွာ စိန်ခေါ်မှုကို တည့်တည့်ကြည့်ပြီး မေးဆတ်မေးနေသည်။

ဦးကောင်းဖံ ကိုယ့်ရဲ့အသက်အရွယ်အရ ဖြစ်ပေါ်လာသည့် ဒေါသဂယက်ကို ထိန်းချုပ်ထားလိုက်ရင်း ..၊

"အခု မလုပ်နိုင်သေးဘူး ဒါပေမယ့် .."

"လူတော်တစ်ယောက်က သူ့အလုပ်သူ့အတွေးတွေကို အပိုတွေ လျှောက်ပြောပြမနေဘူး .."

"ငါက လူတော်မဟုတ်သေးလို့ပေါ့ ဆေးသားညီ၊ ဒါပေမယ့် မင်းကို ခုလိုခေါ်တွေ့လိုက်တဲ့အတွက် ငါ အမျှားကြီးရလိုက်တယ် .."

"ဒီမယ် ဦးကောင်းဖံ .."

ဆေး က သူ့ရှေ့က ထမင်းစားပန်းကန်ကို ဘေးကိုရွှေ့ပစ်လိုက်ပြီး လက်တင်ကာ ..၊

"အိပ်မက်တွေ မက်မနေနဲ့၊ တော်ကြာ အိပ်မက်က နိုးသွားရင် ခင်ဗျား သိမ်းကျုံးယူထားတာတွေ ဘာမှမရှိတော့လို့ ရူးသွားလိမ့်မယ်.."

မျက်နှာသည် ပြောနေရင်း ရှေ့ကိုထပ်တိုး၍ စေ့စေ့ကြည့်ကာ ..၊

"ကျုပ် ဘယ်သူလဲဆိုတာတောင် ခင်ဗျားမသိဘဲနဲ့ တစ်ယောက်တည်း ပထမရနေတာလား .."

"မင်းရဲ့ မမြင်ကွယ်ရာမှာ မဲ့ဘယ်နှစ်လုံးပါနေတာ ငါနဲ့ မဆိုင်ဘူးလေ၊ ငါလိုချင်တာ မင်းကို သူတို့ ဘယ်လောက်ပေးလို့ပွဲစားလုပ်နေတာလဲ .."

"ဒါပဲလား ."

"MTN က ဒေတာတွေ အခိုးခံရတဲ့ကိစ္စမှာ .."

"ခင်ဗျား ဒီညအိပ်ပျော်အောင် ပြောပြလိုက်မယ်၊ အဲ့ဒါ ကျုပ်နဲ့

www.burmeseclassic.com



မဆိုင်ဘူး ..."

ပြောပြီးတာနှင့် နေရာမှ ထရပ်လိုက်သည်။ ထိုင်ခုံကို ခြေထောက်နဲ့ နောက်ပြန်တွန်းရွှေ၍ ...။

"ခင်ဗျားရဲ့ ဝန်ထမ်းတွေအတွက် ကာကွယ်ရေးစနစ်တွေ သေချာဖွင့်ထားဖို့လည်း သတိပေးလိုက်မယ်၊ အဲ့ဒါက ဒေတာတွေခိုးဖို့ထက် လွယ်တယ် ..."

ဟုတ်ရဲ့လား ဆိုသည့် အကြည့်နှင့် မျက်ခုံးတွေ ပင့်ပြသည်။ ပြီးတော့ လှည့်ထွက်သွား၏။ ဦးကောင်းစံ တုတ်တုတ်မျှမလှုပ်ဘဲ မမှိတ်မသုန်သော မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်နေခဲ့လျက် ...။



## အခန်း (၁၆)

"အချိန်က ကပ်နေပြီ .. ကျွတ် .."

"အချိန်က ကပ်နေပေမယ့် ကားပျက်နေတာကို ကျွန်မက ဘာလုပ်ရမလဲ .."

စစ ကလည်း စိတ်တိုသံလေးနှင့် ပြန်အော်သည်။ ကိုယ်လည်း လမ်းလယ်ခေါင်မှာ ကားပျက်တာကို မရှက်ဘဲနေမလား ...။

"မင်းကိုလည်း ကိုယ် ဘာပြောလို့လဲကွာ .. စိတ်ညစ်ရတဲ့အထဲ.."

"ဘယ်သူ ဗျော်နေလို့လဲ .."

"ဟား .."

ကိုယ်မှလွဲ၍ အားလုံးက နှုတ်သွက်လျှာသွက် ဂျင်ခြေလည်တွေ ချည်းပါလား ...။ ယဉ်စစခင် ဆိုသည့် မိန်းကလေး၊ နာမည်လေးကလည်း ယဉ်သည်။ ကိုယ့်ထက်လည်း အသက်ကြီးသည်။

ဒါပေမယ့် လှုပ်ရှားပြောဆိုပြီဆို တကယ့်လှစ်လှစ်လေးရယ် ...

"ငါကိုယ်က ကံမကောင်းတာ .."

ကိုယ်ကိုယ်ကိုယ် အပြစ်တင်ညည်းညူမိတော့ သူမက ဖျတ်ခနဲ လှည့်ကြည့်၏။ သူမ ရန်မတွေ့ခင် လက်ကာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားလေရာမှာ ကားပျက်နေတာနဲ့ ပတ်သက်ပြီးပြောတာ.."

"ရှင်ကိုကလည်း ညည်းညူတာကို ဝါသနာပါတာပါ .."

"ဘာ .."

"ဟုတ်တယ် .. ထစ်ခနဲဆို ညည်းတော့တာပဲ .."

"နေပါဦး .. မင်းရှေ့မှာ ကိုယ် ဘယ်နှစ်ခါများ ဒီလိုဖြစ်ဖူးလို့လဲ.."

"ဟွန်း .."

"ဘယ်နှစ်ခါလောက် ညည်းမိခဲ့သလဲ ..၊ အပြင်ကို နှစ်ယောက်တည်း ထွက်ဖူးတာ ဒါ ပထမဆုံးပဲဟာ .."

ဒါကျတော့ သူမက မကြားချင်ယောင်ဆောင်ပြီး ဟိုဘက်လှည့်နေ၏။ ပြီးတော့ ပြန်လှည့်လာကာ ..၊

"ရှင် နည်းနည်းပါးပါး မကြည့်တတ်ဘူးလား .."

"လာပြန်ပြီ .."

"ကားမပြင်တတ်ဘူးဆိုရင်တောင် ဘာဖြစ်သွားတယ်ဆိုတာလောက်တော့ ပြောနိုင်တာပေါ့၊ ဖွင့်ကြည့်လိုက်ပါဦး စိတ်လျှော့တာက အရင်ပဲ .."

"ဖွင့်ကြည့်တာနဲ့ ဟိုပေဒီပေ ဖြစ်ပြီလေ၊ မီတင်ရှိပါတယ်ဆို .. မင်းကလည်း ခွတ် .."

"ဒါဖြင့်လည်း ရှင့်ဘာသာ ကားတစ်စီးတားပြီး တက်သွားလိုက်တော့ .."

"မင်းကရော .."

"စစ က အရေးမကြီးပါဘူး၊ အလုပ်ကိစ္စရှိကြတာချင်းတူပေမယ့် စစ သွားတွေ့ရမယ့် အဝယ်တော်က ကိုယ်ရောက်သွားမယ့်အချိန်ပဲ .."

"ဒါဆို ကျေးဇူးပဲကွာ .. ဒီနေရာက ကားတွေလည်း မပြတ်ပါဘူး၊ မင့်ဖုန်းအားပြည့်ရင် ဝပ်ခ်ရှော့တစ်ခုကို ဖုန်းဆက်လိုက်လေ၊ ဒါမှမဟုတ်ရင်လည်း ကိုယ့်ဒရိုင်ဘာကတော့ ဝပ်ခ်ရှော့တစ်ခုခုကိုသိ .."



"ရှင် ဖြောင့်ဖြောင့်သွားပါ၊ ဘာဖြစ်ဖြစ် မသိတော့ ဥပါဒ်လွတ်တာပေါ့ .."

ကိုယ့်ကို တာဝန်မဲ့သည်လို့ ပြောလိုက်တာမှန်းသိပေမယ့် မေမေ ပြုံးပြုံးခြင်မှာကို အားလုံးထက်ပိုစိုးသည်။ ပြီးတော့ သူတကယ် ကားအကြောင်း ဘာမှမသိတာဖြစ်၏။

ပိုဆိုးတာက ဘယ်ဝပ်ခ်ရှော့ ဘယ်ဖုန်းနံပါတ်ဆိုတာလည်း မသိ..။ ရန်ကုန်မြို့၏ ဘယ်နေရာနဲ့ ဘယ်နေရာ အနီးအဝေးတွေကို သူ ခုချိန်ထိ သေချာမမှတ်သားနိုင်သေးတာလည်း ဝန်ခံရမည်သာ ..။

လာနေသည့် တက္ကစီတစ်စီးကို လက်ပြတားပြီး တက်လိုက်ခဲ့မိသည်။ အဖြူရောင် ဝတ်စုံလေးနှင့် မတ်တပ်လေးရပ်ကျန်ခဲ့သည့် သူမကို မှန်ထဲက လှမ်းကြည့်ရင်း စိတ်တော့မကောင်း ..၊

စစ ကတော့ သူ ပျော်ပျော်ကြီးထွက်သွားတာကိုပဲ မြင်ယောင်ကာ စိတ်ထဲမှာ ဝမ်းနည်းမိသလိုလို စိတ်တိုမိသလိုလို ..။

ဘယ်အရေးကိစ္စ ဘယ်လောက်ပဲအရေးကြီးပါစေ ပျက်နေသည့် ကားတစ်စီးနဲ့ မိန်းကလေးတစ်ယောက်ကို သူ ဒီတိုင်းထားခဲ့စရာလား..၊

ဒီလိုတွေ ဖြစ်မှာစိုးလို့ ညတည်းက မေမေ အကြံပြုတာကို သူမ လက်မခံချင်ခဲ့တာဖြစ်သည်။

"သမီး ဒီလိုမှ အတူသွားလာဖို့တွေ မရှိခဲ့ရင် တစ်ယောက်သဘော တစ်ယောက် ဘယ်လိုလုပ်သိရမှာလဲ၊ ကိုယ်လည်းသဘောကျနေပြီပဲ သမီးရယ်၊ အခု တစ်ယောက်တည်းသွားတာထက် နှစ်ယောက်သွားရင် ပိုပြီးသင့်တော်မယ့်လမ်းလေ၊ ခေါ်ကြည့်လိုက်ပါ .. ဘာဖြစ်ဖြစ် သမီး အတွက် အချိန်ပေးသင့်တယ်ဆိုတာ မွေး တို့လည်း ပြောပြပါလိမ့်မယ်.."

မေမေက ပွင့်ပွင့်လင်းလင်း တိုက်တွန်းခဲ့သည်။ သူမကိုယ်တိုင်လည်း ဒီလိုတော့ ရှိစေချင်တာကြောင့် ဒီမနက်ချေ့သည်နဲ့သွားတွေ့မှာဖို့ လိုက်ပို့ပေးပါလို့ ကမ်းလှမ်းခဲ့မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ထွက်လာတော့ သူ့ကိစ္စနဲ့ သူ့လမ်းကြောင်းမှာ ကိုယ်ကတော့ ခရီးကြုံပါဆယ်ထုပ်ကြီးလို ...။

ကိုယ့်စိတ်နဲ့ကိုယ် မသင့်မြတ်ဖြစ်နေမိရင်း ကားထဲမှာ အားသွင်းထားသည့်ဖုန်းကို သွားဖြုတ်လိုက်သည်။ ဖုန်းအားသွင်းဖို့ ခဏခဏမေ့တတ်လွန်းသည့် ကိုယ့်အကျင့်ကိုလည်း မကျေနပ် ...၊

"သမီးရယ် .. လုံးဝပိတ်ကျသွားတဲ့အထိ အားကုန်အောင်များ အမေ့တလျှော့နေရလား .."

မေမေဆို သူမကို ဒီလိုဖြစ်တိုင်း အမြဲတမ်းတအံ့တသြ ...။

"တကယ့်သေရေးရှင်ရေးဆိုရင် ညည်းတော့ ဒုက္ခလှလှကြီး တွေ့တော့မှာသေချာတယ် .."

"ဒုက္ခတွေ့တာတော့ လှလှမဟုတ်ဘူး မေမေ .. ရုပ်ဆိုးပန်းဆိုးနဲ့ကို တွေ့ဖူးသေးတယ်၊ ဘက်ထရီမကုန်လည်း လိုင်းမမိလို့ ပြောမရ ပိုက်ဆံကုန်လို့ ပြတ်ကျ၊ ဖုန်းရှိနေမှကိုပဲ ဒုက္ခတွေနဲ့ မျိုးစုံကြီးခုန်နေရတာ၊ ရုံးမှာ ဘီလ်သွားဆောင်နေရတုန်းယ ပိုက်ဆံကုန်မှန်းလည်းမသိ မကုန်မှန်းလည်းမသိ၊ ကြွေးတင်ရင် မေမေ ဆပ်ပဲ .."

သူမ တကယ်ကို စိတ်ပျက်လက်ပျက် ပြောခဲ့ဖူးသည်။

"လူနေမှုအဆင့်အတန်း မြင့်မမြင့်တော့မသိဘူး၊ လူတွေ မျက်လုံးပြူးလျှာထွက်နေကြတာတော့ သေချာတယ်၊ သေကုန်တဲ့မသာတွေ မေမေကြည့်ပါလား .. ထွေခြေရရ ငြိမ်ငြိမ်သက်သက်တွေမဟုတ်တော့ဘူး မုံပျက်ဝန်းပျက်တွေချည်းပဲ .."

"ဒါတွေကအေ .. ဒီလိုသေရဖို့ကံပါလာတဲ့ သူ့အကြောင်းတရားတွေပါ .."

"ခုခေတ်သေကြတဲ့ မသာတွေကို မေမေ မကြည့်ရဲဘူးဆိုပြီး မကြည့်ဘဲမနေနဲ့ .. အဲဒီလို အသုဘကမ္မဋ္ဌာန်းမျိုး မေမေ ရှုမိရင် ကျောင်းဆယ်ခေါက်ပြေးနေစရာမလိုဘဲ နိဗ္ဗာန်ကို အော်တိုမစ်တစ်ရောက်နိုင်တယ်၊



တရားကျစရာတွေချည်းပဲ ...၊ လောက်လေးမှန် လှည်းနဲ့ ပြီး သေတဲ့ ငှက်သေ ခွေးသေတွေလို တကယ်ကို သေလွယ်ပျက်လွယ် .."

"ညည်းပဲ .. စစ်ကိုင်းချောင်သွားပြီး တရားစခန်းဝင်ပါတော့ စစရယ် .."

လို့ပြောတော့ စိတ်ရှိလက်ရှိ ပြောနေရင်းနဲ့ ရယ်မိသေးသည်။

တကယ်ပါ တစ်ခါတစ်လေ ကိုယ့်အတွက် သေရေးရှင်ရေးလောက် အရေးကြီးတဲ့ စကားမျိုး ပြောစရာရှိလို့ ခေါ်လိုက်မိလျှင် ပိုက်ဆံကုန်ပါပြီလို့ပြေတဲ့ အသံကိုကြားလိုက်ရတာလောက် ဒေါသဖြစ်ဖို့ကောင်းတာ မရှိ။

ဘက်ထရီအားကုန်တာက ကြိုသိခွင့်ရသေးသည်။ ပိုက်ဆံကုန်ပြီဆိုတာက ချက်ချင်း ...၊

ဒါက ကိုယ့်ရဲ့ပေါ့လျော့မှုပေမယ့် ဟိုအရင်တုန်းက ပူစရာမလိုခဲ့တာတွေကို သတိရတော့ စိတ်ပျက်မိသည်။ ခုလည်း ဘက်ထရီက စကားပြောလို့ရရုံ အားဝင်နေပြီပေမယ့် ပိုက်ဆံစစ်ကြည့်လိုက်တော့ အခြေအနေက မကောင်း ...၊

"ကိုယ်လည်း အပြင်ထွက်ခါနီးမှ အကြိုပြန်လဲလိုက်တာ ဖုန်းကျန်ခဲ့တယ် .." တဲ့ ...။

ကိုကို ဆိုတဲ့လူက ကိုယ့်ထက်တောင် ဆိုးနေသလားမသိ ...။

"ဟုတ်ကဲ့ (...)လမ်းမှာလေ .. အခု လာကြည့်ပေးပါနော်၊ မြန်မြန်လေး .. ဒီဖုန်းနံပါတ်မှတ်ထားပေးပါ ဒီမှာ ပိုက်ဆံကုန်နေလို့ .."

မီးလောင်ပြေးဒုက္ခသည်လို အပြေးအလွှားပြောရင်း ကိုယ့်ရဲ့ပေါ့ဆမှုကိုပါ ကြေညာလိုက်ရသည်။

ရှက်ပေမယ့် မတတ်နိုင် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"အို .. ဘယ်လိုလုပ်ကြတာလဲ၊ လူမမာကို ဝိုင်းတွဲပေးသလိုလို ဘာလိုလိုနဲ့ မရဘူး .. မပေးနိုင်ဘူး .."

"မ .. မလုပ်ကြပါနဲ့ကွာ .. ကျုပ်တို့မှာ .."

"ဟာ .. ဒီအဖိုးကြီး .."

တောင်ဝှေးတစ်ဖက်နှင့် လူကြီးက ပိုက်ဆံအိတ်ကို ပြန်ဆွဲထားပေးရင်း ရင်ဘတ်ကို အတွန်းခံလိုက်ရသဖြင့် ဖင်ထိုင်လဲကျသွား၏။ မိန်းကလေးကလည်း အိတ်ကိုမလွှတ်ဘဲ ဆွဲထားကာ ..၊

"ကျွန်မ အော်လိုက်မှာနော် .. ပိုက်ဆံအိတ်ကိုလွှတ် .."

"ချကွာ .."

"ညှာနေတာကို နားမလည်ဘူး .. ကဲဟာ .."

အိတ်ကို မရအရ ဆောင့်ဆွဲနေသူက လက်တစ်ဖက်လွှတ်၍ လက်ပြန်ရိုက်ချလိုက်၏။ သို့သော် ထိုလက်ကို နောက်ကနေ တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်ပြီး ..၊

"တော်တော် ဖြောင်ဖြောက်တဲ့သတ္တိပဲ .. လာ ဒီဘက်ကိုလှည့်.."

လက်ဆွဲခံရသည့်လူ မျက်နှာလှည့်လာပေမယ့် ခွပ်ခနဲ မီးပွင့်သွား



၏။ သောကလူတစ်ယောက်ကလည်း ဝင်ထိုးလျှင် ပိုက်ဆံအိတ်လုနေရင်းကနေ သတ်ပုတ်ပွဲဖြစ်သွားခဲ့၏။

သုံးယောက်နဲ့တစ်ယောက်ပေမယ့် သူများပစ္စည်းကို စလအောတိုးနဲ့ အနိုင်ကျင့်လုဖို့သာ အဖြစ်ရှိကြသည့် သုံးယောက်စလုံး ဝရုန်းသုန်းကားဖြစ်နေကြ၏။

လမ်းပေါ်ကနေ ကားရပ်နိုင်းကာ စစ မျက်လုံးတွေဝိုင်းနေ၏။

ကိုကို ..၊

လူကြည့်တော့ အေးစက်စက်၊ ငေါင်တောင်တောင်နှင့် ဒါမျိုးကျတော့ သွက်လှချေလား ..။

"ကဲ .. ကလေးမ ညည်းနဲ့သိလို့လား၊ ရန်ပွဲကို တမင်ကားရပ်ကြည့်တာ အန္တရာယ်များတယ်နော် .."

"ဒါဆို .. ဟိုဘက်ခပ်လှမ်းလှမ်းလေးမှာ ရပ်ပေးပါလားဟင် .. ကျွန်မ အသိလာ သို့ပါ .."

ကားဆရာလူကြီးက ခေါင်းလှဲ့ခါပြီးမှ ရှေ့ကိုဆက်မောင်းသွား၏။ ကိုကိုက ထွက်ပြေးသွားသည့် တစ်ယောက်နောက်ကို မလိုက်ဘဲ ဝိုင်းအုံလာသည့်လူတွေကို လဲကျနေသူနှစ်ယောက်ကို ပြ၍ ဘာတွေပြောနေသည်မသိ ..၊

မြေးအဘိုးဖြစ်ဟန်တူသည့်နှစ်ယောက်ကလည်း ကိုကို့ကို ကျေးဇူးတင်စကားတွေ ပြောနေကြတာ ပြုံးလို့ရွှင်လို့ ..၊

"ကလေးမ .."

"ဟုတ်ကဲ့ပါ ဦးလေး .. ခဏလေးပါ .."

ကိုကို ဒီဘက်ကိုလာပါစေလို့ ဆုတောင်းနေမိကာ လူစုခွဲကြတော့ ကိုကို တကယ်ပဲ သူမတို့ဘက်ကို လျှောက်လာတာမြင်လိုက်ရ၏။

စစ သောက မှန်ကို တစ်ဆုံးချပစ်လိုက်သည်။ ပြီးတော့ မျက်နှာကြီးတစ်ခုလုံးပေါ် လမ်းပေါ်ပြုတ်ကျမတတ်ဖြစ်အောင် ထွက်နေမိပေမယ့်..

www.burmeseclassic.com

www.burmeseclassic.com



ဟင် ...၊

ဩူ ဒီဘက်ကို လှမ်းကြည့်လိုက်ပါတယ် ...။ ဟုတ်တယ် ... ငါ့ကို သူမြင်တယ် ...၊ သိနေလျက်နှင့် ကိုယ်တိုင် ဇဝေဇဝါဖြစ်သွားမိသည်။ ကိုကို သိပ်မကြာသေးခင်ကမှ သူမနားကန ထွက်သွားတာ အကျီအဝတ် စားလဲချိန်တော့ ရလိုက်သားပဲ ...။

ပြီးတော့ ခြေလှမ်းတွေက မြင်နေကျထက် ပိုကျဲနေကာ ခြေထောက် ရှေ့ အနီးအဝေးလောက်မှာပဲ မျက်လုံးရှိနေပြီး ဘယ်ကိုမှမကြည့် ...၊

မျက်စိတစ်ဆုံးလိုက်ကြည့်နေမိပြီး တစ်စုံတစ်ခုကို တွေးမိလာ၏။ ကိုယ့်ကိုတော့ မီတင်ရှိပါတယ်၊ အရေးကြီးလို့ပါနဲ့ ထွက်သွားပြီး သူက နောက်ဆပ်လမ်းကြောင်းတစ်ခုနဲ့ရွှေ့ဖို့ အစီအစဉ်ရှိထားတာပဲ ...၊

ဒါကြောင့်လည်း အန်ကယ်လ်မြတ် နဲ့ ကိုကို အဆင်မပြေကြတာ ဖြစ်မည်။ အိမ်ကလူတွေရှေ့မှာတော့ မလိမ်ပိုးမလိမ္မာပုံလေးနဲ့ တစ်ခုခု အကျပ်ရိုက်ပြီဆို သူ့မှာ ခေါင်းငုံ့စကားတွေထစ်ပြီ ...၊

ခုကျတော့ အကြံအစည်နဲ့ လှမ်းနေတဲ့ ခြေလှမ်းတွေက မြန်ဆန် ရဲရင့်နေလိုက်တာ ...၊ ကိုကို လို့တောင်ထင်စရာမရှိ ...။

"ကလေးမ ... ဦးလေး မောင်းလို့ရပြီလား ..."

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ ..."

ကားက သူသွားတဲ့နောက်ကို လိုက်သလိုဖြစ်နေပြန်ကာ သူ့နားက ဖြတ်မောင်းတဲ့အခါ ကိုယ့်မျက်နှာကြီးကို နောက်ထပ်မြင်သာအောင် လိုက်ဖို့လည်း စိတ်ကူးလိုက်မိသည်။

သို့သော် ... သူ့ကိုမီလုမီခင်ကျကာမှ ကိုယ့်ရဲ့ကားက ဘယ်ဘက် ကို ကွေ့ချိုးသွားခဲ့လျက် ...၊

ရှင့်ကို မေးကိုမေးမှ ဖြစ်မယ် ကိုကို ... ရှင်တမင်လုပ်သွားတာ...။



## အခန်း (၁၈)

"သူက ဘယ်ပုဂ္ဂိုလ်ကို ဘယ်လိုတိုက်ခိုက်မယ်ဆိုတာမျိုးမဟုတ် ဘူး၊ ဒါပေမယ့် ဘယ်သူ့ကိုမှလည်း ချမ်းသာမပေးဘူးဗျ ..."

"အိုင်တီခေတ်ကြီးထဲမှာ အလုပ်ရှာတာတွေ၊ ပစ္စည်းဝယ်တာတွေ လိုချင်တာဘာဖြစ်ဖြစ် ကွန်ပျူတာရှေ့မှာ ထိုင်လိုက်ရုံနဲ့ ရနိုင်တာပဲမို့ လား ... ဒီလိုလုပ်တယ်ဆိုတာ ..."

"မဖြစ်နိုင်ပေမယ့် အခုရှိနေတယ် ကိုမြတ်တင် ..."

ဦးမြတ်တင် ယုံရခက်နေပေမယ့် ပြောပြနေတဲ့သူက မဟုတ်တာ တွေပြောပြီး ငိုချင်းချမယ့်လူမျိုးမဟုတ်တာသိနေသဖြင့် ခေါင်းညိတ်မိ သည်။

"ဒီလိုဗျာ ... စီးပွားရှာကြတာတွေအများကြီးရှိပေမယ့် ရှာကြပုံ ချင်းမတူဘူးလေ၊ အိုင်တီကုမ္ပဏီတွေထဲမှာ ကျုပ်တို့က လုပ်ငန်းကြီး တယ်၊ အလုပ်ထဲမှာ ထည့်ထားတဲ့ ဝန်ထမ်းအားလုံးကလည်း ပညာသင် မရှိဘူး၊ ပညာရှင်တွေချည်းပဲ အဲဒီမှာ သူတို့မျက်စိကျကြတာပဲ ..."

"ကျွန်တော် သဘောပေါက်ပြီ ..."

နှစ်ဦးမျက်နှာချင်းဆိုင်စကားပြောရင်း တစ်ခါမှမတွေ့ဖူးခဲ့ကြဘဲ

www.burmeseclassic.com



ရှင်နိုးသွားကြ၏။ ဦးကောင်းဖံ မျက်နှာက တည်ကြည်လေးနက်မှုများနှင့် ဖြစ်ကာ ...။

"ကုမ္ပဏီမှာ အလွယ်တကူအစားထိုးဖို့ မလွယ်ကူတဲ့ ပညာရှင်တွေချည်းပဲ ဆွဲထုတ်သွားတာ .."

"ဒါက ခင်ဗျားတို့နဲ့ မျက်နှာမပျက်ချင်တဲ့အတွက် ကြားလူသုံးပြီး ကြံစည်လိုက်တာပဲ .."

"ဟုတ်တယ် .. လူမှုရေးပိုင်းနဲ့ ပတ်သက်တော့လည်း ဒါက လူ့အခွင့်အရေးပဲလေ၊ စည်းကမ်းဥပဒေအရလည်း တရားဝင်တင်းကျပ်လို့မရဘူး၊ သူတို့က အလုပ်မှန်မှန်ဆင်းတယ်၊ ဒါပေမယ့် ကျုပ်ရဲ့အလုပ်ကိုဆင်းရတဲ့အချိန်က နားချိန်ဖြစ်နေတဲ့အတွက် အလုပ်ထဲမှာ မှားယွင်းမှုတွေချည်းဖြစ်လာတယ် .."

"အဲ့ဒီတော့ ခင်ဗျား ဘာမှလုပ်လို့မရတော့ဘူးပေါ့ .."

"ဟုတ်တယ် .. သူတို့လိုချင်တဲ့ တာဂတ်က အဲဒါပဲ၊ အချိန်ပို အလုပ်အတွက် အဆမတန်ပုံပေးပြီး ဓိဘက်က ပြုတ်ထွက်လာအောင် ဦးဆုံးစစ်ဆင်ရေးလုပ်လိုက်တာ .."

"ဒါနဲ့ စကားဖြတ်လို့ဗျာ .. နေရာတကာမှာ ဒီလူတစ်ယောက်တည်း လှုပ်ရှားနေတယ်ဆိုတာကတော့ .."

"မယုံမရှိနဲ့နော် ကိုမြတ်တင် .. ခင်ဗျားတို့ ကုမ္ပဏီက အရေးကြီးတဲ့ ဒေတာတွေအခိုးခံရတာလည်း အဲ့ဒီလူနဲ့ဆိုင်တယ် .."

ဦးမြတ်တင် မျက်ခုံးတွေ ပင့်တက်သွားသည်။

ဦးကောင်းဖံ က မြက်ခင်းပြင်ကို ငေးကြည့်နေပြီးမှ ဦးမြတ်တင်ဆီ မျက်လုံးပြန်ရောက်လာ ...။

"ဒီည ဒင်နာမှာ ခင်ဗျားကို အဲ့ဒါတွေပြောပြချင်လို့ အားလုံး လူစုခွဲတဲ့အထိ ကျုပ် စောင့်နေခဲ့တာပါ၊ အစတုန်းကတော့ ကျုပ်တို့ ကုမ္ပဏီက ဆော့ဖ်ဝဲမှာ error တက်တဲ့အတွက် ဖြစ်သွားခဲ့တဲ့ ပြဿနာမို့လို့



ဆိုယ့်တာဝန်မကင်းဘူးဆိုတဲ့ တာဝန်ယူစိတ်သက်သက်ပဲ၊ ဒါပေမယ့် ဒီတိုမလာဖြစ်သေးခင်မှာပဲ ကျုပ်ရဲ့ ကုမ္ပဏီမှာ အဲ့ဒီပြဿနာတွေဖြစ်လာခဲ့တာ .."

အင်းလျားလိတ်(ခ်) မြက်ခင်းပြင်မှာ သူတို့စားပွဲတစ်လုံးပဲရှိတော့တာ ရောင်စုံမီးတွေရှိနေပေမယ့် အလင်းရောင်က ခပ်ဖျော့ဖျော့ ...။

"ကျုပ် .. လုပ်ငန်းပါတနာတွေကို ဒီည ဖိတ်ပြီး အလုပ်ကိစ္စပြောကြည့်ပေမယ့် ကျုပ်လို အဖြစ်မျိုး သူတို့မှာ မဖြစ်ကြဘူး .."

"ဟုတ်တယ် .."

"ကိုတာယာ ပြောသွားတဲ့ ရှေ့ပင်းစင်တာတစ်ခုအတွက် ကားပါကင်ဆောက်မယ့် ကန်ထရိုက်ကိစ္စ ခင်ဗျား ကြားမှာပေါ့ .."

"ကြားတယ် ကိုကောင်းဖံ .. တကယ်ဆောက်ခါနီးမှ ကန်ထရိုက်ပြောင်းသွားတဲ့ကိစ္စ .."

"အဲဒါလည်း ဒီကောင်ပဲဗျ .."

နောက်ထပ် ဦးမြတ်တင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြန်သည်။ မိတ်ဆွေချင်းမို့ သူ့အခက်အခဲကို နားထောင်စာနာပေးနေရင်း ဒီလူက တိုယ်နဲ့ ငြိလာမလိုဖြစ်လိုက်၊ ဟိုလူဒီလူတွေကိစ္စနဲ့ ငြိနေလိုက် ...၊

ဒါတွေ တကယ်ဖြစ်နိုင်ပါ့မလား ...၊

"သူက မှောင်ခိုတော့ မှောင်ခိုလှုပ်ရှားနေတာပဲဗျ .. ဒါပေမယ့် ခုစရိုက်အလုပ်မှ မဟုတ်တာ၊ သူ့ကိုယ်သူလည်း ဒါကြောင့် တော်တော်လေး မာန်တက်နေတဲ့ပုံပဲ .."

"အသက်ဘယ်လောက်ရှိလဲ ကိုကောင်း .."

"အလွန်ဆုံးရှိလှ နှစ်ဆယ့်ငါးနှစ်ဆယ့်ခြောက်ပေါ့ ...၊ လူပုံက ခပ်ချောချောပဲ၊ ကြည့်တာပြောတာတွေက ရဲရင့်ပေမယ့် ရိုင်းတယ်၊ စကားလုံးနဲ့ သူ့ကို ချောင်ပိတ်ဖို့တော့ မလွယ်ဘူး၊ ငွေကိုကြော်လမ်းက ရချင်တဲ့ ညဉ်ဆိုးတစ်ခုသာမရှိရင် တော်တယ်လို့ပြောရမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဒိုင်တဲ့ရွှေကွက်တွေကတော့ အကြီးကြီးတွေပဲနော်၊ လူတွေက မကောင်းတဲ့ဘက်မှာ ပိုချွန်ကြတယ်ဆိုတာ မှန်နေတာပေါ့ .."

"ဟုတ်တယ် .. ကျုပ် ကြားရသလောက်တော့ အဲဒီကောင်လေးကလည်း အိုင်တီအင်ဂျင်နီယာပဲ၊ ဘယ်ကမှန်းမသိပေမယ့် ခုထိ ကြည့်ရတဲ့ပုံအရဆိုရင် ကမ္ဘာပတ်နေတဲ့လူလိုပဲ ပြောရတော့မလိုလို .."

"ဘာပဲဖြစ်ဖြစ် သူ့မှာ အလိုအပ်ဆုံးက ငွေပဲ ကိုကောင်း၊ ဒါကြောင့် ရတဲ့နည်းနဲ့ ငွေရှာနေတာ၊ ပုဒ်မတပ်ပြီး စွပ်စွဲလို့မရပေမယ့် ဒါ သူခိုးအလုပ်ပဲလေ .."

"သူတော့ တော်တော်ချမ်းသာနေလောက်ပြီ .."

"အေးဗျာ .. သူက လိုင်းပေါင်းစုံမှာငြိနေတော့လည်း 'ငါ့ကိုလား' ဆိုပြီး ပြေးပြီးတိုက်ခိုက်ဖို့လည်း မဖြစ်နိုင်ဘူး .."

"ခက်နေတာ အဲဒါပဲ .."

နောက်ဆုံးကျတော့ တိကျတဲ့အဖြေမရှာနိုင်ခဲ့ဘဲ ညည်းညူခြင်းနှင့် လမ်းဆုံးခဲ့၏။

"သူ့ကို သူခိုးလို့ပြောရမလား၊ ဂျစ်ပစီကြမ်းပိုးလို့ခေါ်ရမလား၊ အောက်တန်းကျကျလုပ်နေပေမယ့် ဘယ်သူမှ လိုက်လို့မမီဘူး .."

"အခု .. ခင်ဗျားရဲ့ ပညာရှင်တွေကို ခင်ဗျား ဖြုတ်ပစ်လိုက်ရပြီလား .."

"ဒါပဲရှိတော့တာလေ၊ သူတို့က လစာအပြင် အချိန်ပိုလုပ်ချင်တယ်၊ လူတစ်ယောက်ရဲ့ ထမ်းဆောင်နိုင်မှုထက်ပိုလာရင် အကျိုးယုတ်မှာကို မမြင်တော့ဘူး၊ ဒါက အချိန်ယူပြီး ပြုပြင်ပြောင်းလဲပေးဖို့ လွယ်ကူတဲ့ ကိစ္စမှ မဟုတ်တာ၊ အလုပ်က အတိမ်းအစောင်းမခံနိုင်တဲ့ အလုပ် .."

"မှန်တယ် .."

"သူတို့ရဲ့ စူးစိုက်မှုတွေ ပျက်ပြားနေကာမှ ဘာလုပ်လို့ရတော့မှာလဲ ... အဲဒါကြောင့် ကျုပ် ဆက်စပ်တွေးမိတာက .. ခင်ဗျားနဲ့ ကျုပ်တို့



ချိတ်ဆက်ထားတဲ့ အလုပ်မှာ ဒီတစ်ခါဖြစ်ခဲ့တဲ့ မှားယွင်းမှုက ဖြစ်ရိုးဖြစ်စဉ် မဟုတ်နိုင်ဘူးဆိုတာပဲ .."

ဦးမြတ်တင် လည်း ဒါကို စဉ်းစားရပါပြီ။

"ဒါပေမယ့် ကိုကောင်းစံ .. ကျုပ် ဆုံးရှုံးသွားတဲ့အရာက ပြန်တိုက်ယူလည်း ဘာမှ ထူးမှာမဟုတ်တော့တဲ့ နည်းပညာတွေ .."

"ဆောရီးပါဗျာ .. အဲ့ဒီအတွက်က .."

"ဟာ .. မလိုပါဘူး၊ ခင်ဗျားလည်း စိတ်ညစ်နေရတဲ့သူ၊ ဒါ ဘယ်သူ့ဘက်ကမှ တမင်တကာမဟုတ်ဘူးလေ၊ ပြီးတော့ ခိုးမယ့်သူက ဘယ်သူမှ မသိနိုင်တဲ့ နေရာကနေ ကျားချောင်းချောင်းနေတာ၊ လူဆိုးက လူလိမ္မာထက် အမြဲတမ်း တစ်ကွက်သာတယ်ဆိုတာ ဝန်ခံယူစရာတော့ မဟုတ်ပေမယ့် ဒါအမှန်ပဲဗျ ... ရိုးသားတဲ့စိတ်က မြင်နေရတာကိုပဲ တည့်တည့်ကြည့်တာ၊ မရိုးသားတဲ့လူကတော့ မမြင်ကွယ်ရာကိုပါ ကြည့်ကြတယ်.."

ဦးမြတ်တင် ပြုံးလိုက်ပြီးမှ ...

"မျဉ်းဖြောင့်နဲ့ မျဉ်းကောက်လိုပေါ့ .. မျဉ်းကောက်မှာ ဆုံမှတ်တွေ အများကြီးရှိနိုင်တယ်လေ .."

ဟိုစကားပြော ဒီစကားပြောနှင့် စိတ်ပြေရာပြေကြောင်း ပြောနေမိကြသည်။ ဟိုတယ်လ်မြက်ခင်းပြင်ကနေ ထလာကြတော့လည်း အတူတူပဲ ဖြစ်ကာ နှုတ်ဆက်ပြီး ကိုယ့်ကားပေါ်ကိုယ်တက်ပြီးကြမှ ...

"ဟာ .. ယော့ .."

ကားကို ပါကင်ထဲက ထွက်လိုက်ပြီး ဦးကောင်းစံ မျက်လုံးတွေ တစ်နေရာစီရောက်သွား၏။

"မင်း .. မင်း .. ယော့ .."

ထွက်သွားသည့် ဦးမြတ်တင် ၏ ကားကို မောင်းသွားသော သူသိနေတဲ့ ဆေးသားညီ ...

"သူ့ဒွေး ဘာဖြစ်လို့လဲ .. ကားနောက်ပြန်လိုက်ပေးရမလား .."

www.burmeseclassic.com

www.burmeseclassic.com



"ခလိုက်နဲ့ .."

ဦးကောင်းခံ ၏ ပျာယာခတ်လှုပ်ရှားသွားခြင်းတွေက ငုတ်တုတ်ထောင့်မတ်စွာ ငြိမ်သက်သွားခဲ့ပြီး ..၊

ဆေးသားညို .. ပြီးတော့ ဦးမြတ်တင် ..၊

ဒီကောင်နဲ့ ကိုမြတ်တင် ဘယ်လိုပတ်သက်နေတာလဲ၊ ဆေးသားညီ က ကိုမြတ်တင် ရဲ့ ဒရိုင်ဘာလား .. ဘာလဲ ..၊

"ကိုမှာ .."

"ဗျာ .. သူဌေး .."

"အခု .. MTN ကိုမြတ်တင် ရဲ့ ကားကိုမောင်းသွားတာ ဘယ်သူလဲ မင်းသိလား .."

"မသိဘူး သူဌေး .. ဒါပေမယ့် ဒရိုင်ဘာတော့မဟုတ်ဘူး၊ သူတို့ဒရိုင်ဘာကို ကျွန်တော်သိတယ် .."

"ဒါဆို .. အဲဒီကောင်လေးကို စုံစမ်းပေးစမ်း .."

"ဟုတ်ကဲ့ .."

"နာမည်နဲ့တကွ ဘယ်လိုပတ်သက်မှုရှိသလဲဆိုတာ .."

"စိတ်ချပါ သူဌေး၊ မနက်ဖြန်သိရပါစေမယ် .."



## အခန်း (၁၉)

"ဆောရီးကွာ .. ငါ မနက်ဖြန်ထိ မစောင့်နိုင်လို့ပါ .."

"ရပါတယ် .. ဒါပေမယ့် တို့က ဒါအဓိကလိုချင်တာမဟုတ်သေးဘူး၊ ဘယ်လိုလဲ .. မင်းရအောင် ယူပေးနိုင်မလား .."

ဦးဓေယျာ စဉ်းစားလိုက်သည်။ ခဏကြာမှ ..

"အဲဒါ နောက်မှဆွေးနွေးမယ်လေ၊ အခု ပြီးသွားတဲ့အလုပ်အတွက် ကျန်တာရှင်းလိုက် .."

"ဟုတ်ပါပြီ .. ရှင်းမှာပါ .."

တစ်ဖက်က လူနှစ်ယောက်က ခပ်ပြုံးပြုံးနှင့် ကိုင်လာသည့်အိတ်ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးတော့ အထဲက ငါးထောင်တန်အုပ်တွေ အထပ်လိုက်ထုတ်ယူပြီး အိတ်တစ်လုံးထည့်၏။

ပြီးတော့ ဦးဓေယျာ ဘက်ကို တိုးပေးလိုက်ပြီး ..၊

"မလွယ်မှန်းတော့ သိတယ် ကိုဓေယျာ၊ ကိုမြတ်တင် က ငွေညှစ်စားဖို့ခက်တဲ့ လူမျိုး .."

"အဟွန်း .."

'ဒါက လွယ်လွယ်လေးပါ' ဆိုသည့်အပြုံးနှင့် ဦးဓေယျာ က ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်သည်။

"ဒါပေမယ့် ကြိုးစားကြည့်ပါဦး၊ သူတို့ရဲ့ နေလောင်ခံ အေးခရင်(မ်) ထ နည်းပညာမြင့်တယ်၊ အဲဒီ ဖော်မြူလာကိုသာရရင် ခင်ဗျား ဒီထက် သုံးဆပဲ .."

"အဲ့ဒါလိုချင်ရင် ခင်ဗျားတို့ သူနဲ့ ညှိရမှာမဟုတ်ဘူး .."

စကားသံနှင့်အတူ သူတို့ဆောင်းမှာပဲ ခုံဆွဲချလိုက်သည့်အရိပ်ကြောင့် လှည့်ကြည့်မိကြ၏။ ဦးဇေယျာ မျက်နှာပျက်သွားသည်။ ပြီးမှ ခပ်တင်းတင်း ပြင်ဆင်ကာ ..၊

"ငါ့စီးပွားရေးအလုပ်ကိစ္စ ဆွေးနွေးနေတာ ကိုကို .."

"အဲဒါ ကျွန်တော်နဲ့ မဆိုင်ဘူးလား .."

ကိုကို မဟုတ်သည့် ဆေး ရဲ့ မျက်နှာက ခပ်ရွှံ့ရွှံ့အကြည့်တို့ဖြင့် ရယ်မြူးရိပ်သမ်းနေကာ ..၊

"ခင်ဗျားပဲ ကျွန်တော့်ကို ခုတုံးလုပ်ပြီး အလွတ်ရုန်းသွားတာ၊ ကျွန်တော်သာ ပါးစပ်ပိတ်မထားရင် .."

"လျှောက်ပြောမနေနဲ့ .. ငါတို့ အဲဒီကိစ္စနဲ့ မဆိုင်ဘူး .."

"ဟုတ်လား .. ဒါဆို ဘာကိစ္စနဲ့လဲ၊ ခုန ကိုမြတ်တင် ဆိုတာ ကြားလိုက်ပါတယ် .."

တစ်ဖက်က လူသုံးယောက်နှင့် ဦးဇေယျာ မျက်စိမျက်နှာပျက်နေကြလျက်၊ ဦးဇေယျာ က ပိုက်ဆံထုပ်ကို လှမ်းယူလိုက်သည်။ သို့သော် ဆေး က သူ့ထက်ဦးကာ ..၊

"ဘာဖြစ်ဖြစ် .. ဒါ ကျွန်တော် တစ်ဝက်ရသင့်တယ် .."

"ကိုကို .."

ဦးဇေယျာ က အတင်းပြန်လုတော့မလို ဖြစ်လာကာ ဆေး ဖြည်းချစွာ ပိုက်ဆံထုပ်ကို ရွှံ့ရွှံ့ရဲရဲကြည့်၍ ..၊

"မင်းကလည်း ဖအေရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုးလုပ်စား



နေတာလား ကိုကို .."

"ဟွန်း .."

"မင်း ငါ့ဆီက ဝေစုတောင်းတယ်ဆိုရင် မင်း ဘာကောင်ဖြစ်သွားပြီလဲ တွေးမိရဲ့လား .."

"တွေးမိတာပေါ့ .."

ဆေး က ဖြေလိုက်ရင်း သူ့မျက်နှာကို ငုံကြည့်ကာ ..၊

"ဒါပေမယ့် ဖေဖေ မေးရင် ကျွန်တော်ကပြောစရာရှိတယ်၊ ဒါ သူ ဖြစ်စေချင်တဲ့ပုံစံပဲ .."

"မင်းကို ထူးချွန်ထက်မြက်စေချင်တာကွ ..၊ အသားထဲက လောက် ထွက်တဲ့နည်းတွေသုံးတတ်ဖို့မဟုတ်ဘူး .."

"မလိုပါဘူး .. ကျွန်တော် မညံ့ဘူးဆိုတာ သက်သေပြဖို့က လိုရင်းပဲ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် .."

ပြောပြီးတာနှင့် ငါးထောင်တန်နှစ်အုပ်ကို သူ့ဘက်တွန်းပေးလိုက်ပြီး သုံးအုပ်ကို သူ့အိတ်ထဲထည့်လိုက်သည်။ ဦးဇေယျာ မျက်နှာကြီး တစ်ပြင်လုံး နီရဲ ခက်ထန်လာခဲ့ပြီး ..၊

"မင်းက ငါနဲ့ ပူးပေါင်းမယ်လို့ တရားဝင် ကြေညာလိုက်တာလား .."

"မကြေညာသေးဘူး၊ ခင်ဗျားက ကျွန်တော့်လောက်မှ လက်မချိုရင် ဆရာတင်ပြီး ဘာလုပ်မှာလဲ .."

"ငါလက်စရှိလာဖို့က မင်းနဲ့ပဲ သက်ဆိုင်တာပါ၊ မင်း တစ်ယောက် ဆုံးဖြတ်တာလား .."

"ဘာကိုလဲ .."

"မင်းအဖေနဲ့ ရင်ဆိုင်ဖို့ .."

"ဟွန်း .. ဟွန်း .."

"ဖြစ်တော့ဖြစ်သင့်ပါတယ်၊ ငါကိုက တုံးလွန်းလို့ မျက်စိလည်

www.burmeseclassic.com



သွားတာ၊ ဥက္ကဋ္ဌ မင်းအပေါ်မှာ ဒီလောက်ချစ်ခြားမောက်မာတာ မင်းဘက်က ဖြစ်သင့်တာပဲ .. ငါကတော့ ..”

“ခင်ဗျားက စမောဆွဲပြီး သုံးမကုန်ဖြုန်းမကုန် ဖန်ဆင်းပြနေတာလေး၊ ဒါကြောင့် ခင်ဗျားလိုလူ ဘယ်နေရာရောက်ရောက် ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် သစ္စာထားမှာမဟုတ်ဘူး ..”

ဒီတိုင်း ပွဲကြည့်ပရိသတ်လုပ်နေကြသည့် ဟိုလူသုံးယောက်ရှေ့မှာ ဦးဓေယျာ မျက်နှာသွေးစုတ်မရအောင် ဖြစ်နေခဲ့၏။ သူ သိထားသည့် ကိုကို ဆိုသော လူရွယ်တစ်ယောက်က ဒီလိုလူစားမှန်းနည်းနည်းလေးမှ မတွေးမိခဲ့တာ သူ့ အမှား ..။

ဖအေရှေ့မှာတော့ မစုတ်တတ်တဲ့ကြောင်လေးလို လက်သည်းဖုက်နေခဲ့တာ ဒီပုံစံဆိုတာ ထင်ရက်စရာမရှိ ..၊

လူတစ်ယောက်က ဒီလောက်ထိ မျိုးသိပ်ဟန်ဆောင်နိုင်သည်ဆိုလျှင် ကိုကို ပြောသလို သူကသာ ဆရာတင်ရမှာမျိုး ဖြစ်နေပြီမဟုတ်ဘူးလား ..။ သို့သော် ..၊

“မင်း ငါ့ထက် အသက်အများကြီး ငယ်ပါသေးတယ် ကိုကို .. ဟွန်း .. ငါနဲ့ပတ်သက်ပြီး ..”

“အသက်ကြီးလာရင် စမောဆွဲကြတယ်လို့ ပြောချင်တာလား .. ဟား .. ဟား .. ဟား ..”

ဆိုင်ထဲက လူတစ်ချို့ လှည့်ကြည့်ကြ၏။ ဒီရယ်သံကြောင့် ဦးဓေယျာ တနုံ့နုံ့ဒေါသတွေနှင့် အစံချိမခံသာဖြစ်နေခဲ့ရကာ ..၊

“မင်းတို့သွားနှင့်တော့ နောက်ကိစ္စ နောက်မှပြောမယ် ..”

ဟိုလူတွေက ဆေး ကို ပေစောင်းစောင်းကြည့်ပြီးမှ ခေါင်းညိတ်သွားကြသည်။ ထို့အတူ ဆေး ကလည်း ထရပ်လိုက်လျှင် ..၊

“နေဦးလေ .. မင်းနဲ့ငါ မပြီးသေးဘူး ..”

“ကျွန်တော်က ပြီးပြီ ..”



“ဘာ!..”

“ဟား .. ဟား .. ဟား ..”

ဆေး က ရယ်နေရင်း ထရပ်လိုက်ကာ ဖုန်းထုတ်ယူပြီး တစ်ယောက်ယောက်ကိုခေါ်၏။ ထိုအခါ သူတို့နားက ထွက်သွားကြသည့် နှစ်ယောက်၏ ခြေလှမ်းတွေ ကားနားရောက်ကာမှ တုံ့ရပ်သွားကြ၏။

ဦးဓေယျာ ရုတ်တရက် သတိမထားမိဘဲ ဆေး ရဲ့ နှုတ်ခမ်းတွေကိုသာ မော့ကြည့်နေမိ၏။

“ဦးမိုးကြီး နဲ့ ဦးစိုးကြည် ခင်ဗျားတို့ရဲ့ သူဌေးကို ပြောလိုက်စမ်းပါ၊ ဒီလို လုပ်ထုံးလုပ်နည်းတွေမှာ သောင်မရှိပေမယ့် ဘယ်လောက်အန္တရာယ်များသလဲဆိုတာ ကျွ ်တော် အခု လက်တွေ့ပြမယ်လို့ ..”

“ကိုကို ..”

ဘယ်သူ့ကို ပြောနေကာမှန်းသိလိုက်သဖြင့် ဦးဓေယျာ ဆတ်ခနဲ ထရပ်လိုက်ကာ ..၊

“မင်း ..”

ဆေး က သူ့ကိုလှည့်ကြည့်ပြီး ဖုန်းကိုင်သည့်လက်ကို ဆန့်ချထားလိုက်ကာ ..၊

“ခင်ဗျား အလှည့်လာမှာ သိပ်မှမနေ့..”

ပြောပြီးမှ ဆိုင်ပြင်ကို လျှောက်ထွက်သွားကာ ဒီဘက်ကို ပြန်လှည့်ကြည့်နေကြသည့် ဦးမိုးကြီး တို့နှင့် လှမ်းမြင်သာသည့်နေရာမှာ ရပ်တန့်လိုက်ပြီး ..၊

“စိတ်ဝင်စားရင် ဒီဖုန်းနံပါတ်ကို ပြန်ဆက်ဖို့ ပြောပြလိုက် ..”

ပြောပြီးတာနှင့် ဖုန်းကိုပြန်သိမ်းလိုက်၏။ ဦးဓေယျာ မျက်နှာချက်နှာပျက်လျက် အနားရောက်လာကာ ..၊

“ကိုကို မင်းက ဘာလဲ ..”

“လူဆိုးဖမ်းတဲ့သူ ..”

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုတော့ နောက်ကျောကိုဓားနဲ့ မထိုးနဲ့လေ၊ ငါက မင်း အပေါ်မှာ အများကြီးကောင်းခဲ့တာပါ .."

"ဟား .. ဟား .. ဟား .."

ဦးဓေယျာ မျက်လုံးကြီးပြူးနေအောင် စိုက်ကြည့်နေခဲ့၏။ ကိုကို့ကို သူတစ်ခါမှ မမြင်ဖူးခဲ့သည့် လူတစ်ယောက်လို ကြည့်နေမိကာ ..၊

"မင်း ဘယ်လိုလူလဲ .."

"ခင်ဗျားလို မဟုတ်တာတော့ သေချာတယ် .."

ဦးဓေယျာ ဒီတိုင်းရပ်နေရင်း ကျန်ခဲ့၏။

တကယ်ကို သူ ဘာမှမသိ ..၊



## အခန်း (၂၀)

"ညီ .. ငါ မင်းနဲ့တွေ့မှဖြစ်မယ် .."

"ငါ မအားသေးဘူး .."

"မင်း ဒါတွေလုပ်ဖို့ကျတော့ အားနေတာပဲ .."

"ဒါက .. ငါ့စီးပွားရေး .."

"ညီ .."

"ပြော .."

"မင်းရဲ့ စီးပွားက ငါ့ကိုကိုယ်စားပြုပြီးတော့လား .."

"ဟား .. ဟား .. ဟား .."

ရယ်ပြန်ပြီ ဒီခွေးကောင်လေး ..၊

သူ့မှာသာ စိတ်တွေညစ်ရ ချောက်ချားရနှင့် သူကတော့ ..၊

"ကိုကို .. မင်း ငါပို့လိုက်တဲ့ ဗီဒီယိုဖွင့်ကြည့်ပြီးပြီလား .."

"ကြည့်ပြီးလို့ ငါ မင်းနဲ့တွေ့ချင်တာပေါ့.."

"မင်း ငါနဲ့တွေ့ရမှာမဟုတ်ဘူး၊ အဲဒီ ဗီဒီယိုကို မင်းရဲ့ လေးနှင်း ချစ်ခင်မြတ်နိုးတွယ်တာရပါသော ပုဂ္ဂိုလ်ကြီးထံ ပို့ပေးလိုက်ရင် ပြီးပြီ.."

ဆေး ပြောတာကို နားထောင်ရင်း ခုလေးတင်ဖွင့်ကြည့်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် ဖုန်းဆီ သူ့အကြည့်တွေ ရောက်သွားခဲ့၏။ ဒီထဲမှာ ဆေး နဲ့ ဦးဇေယျာတို့ လူစု ပြောဆိုပေးယူနေကြတာတွေပါသည်။ ဘယ်ကမှန်းမသိသည့် လူတွေလည်းပါနေကာ ..။

"ငါဘာမှမသိတဲ့ကိစ္စတွေကို ငါ ရှင်းလိုက်သလိုလို ဝင်လုပ်ရမှာလား ညီ ..၊ ဒီလူတွေကိုတောင် ငါမသိဘဲနဲ့ .. ကျွတ် .."

"မင်းက ဦးဇေယျာ ဘယ်လိုလူလဲဆိုတာ ဖော်ထုတ်လိုက်ရုံပဲ ကိုကို၊ မင်း ဒီလောက်လေးတောင် အဖြစ်မရှိဘူးလား .."

"ဟုတ်တယ် .. အဖြစ်မရှိလောက်ဘူး၊ ငါ အဲဒီလောက် သတ္တိမကောင်းတာတော့ သေချာတယ် .."

စူးစူးရဲရဲကြည့်တတ်သည့် ဦးဇေယျာ့ နှုတ်ကို ဆွဲ့အစေသော မျက်လုံးတွေ၊ ဒေါသတွေနဲ့ အမြဲတမ်း အပြစ်မြင်နေတတ်သော ဖေဖေ့ရဲ့ အထင်တကြီးမရှိခဲ့သည့်အကြည့်တွေ၊ အပြောတွေ ..၊

ဒါတွေကို ရင်ဆိုင်ရတော့မည်။

ပြဿနာရှင်းကြပြီဆိုလျှင် အားလုံးမျက်နှာစုံညီရှေ့မှာ သူမသိတဲ့ အကြောင်းအရာတွေပေါ်မှာ သူ တကယ်လုပ်ခဲ့တာမဟုတ်ဘဲ ဘယ်လို အင်အားနဲ့ ဖြီးဖြန်းလိမ်ညာရမလဲ ..၊

ပြီးတော့ ညီ လုပ်ပုံက မိုက်ကြေးခွဲလိုက်တာတောင် ပါနေသေးသည်။ တရားခံပေါ်အောင် လုပ်ထုံးလုပ်နည်းတွေ ဘယ်လောက်ရှိသလဲ သူမသိပါ။ ဒါပေမယ့် သူ ဒီလောက်အဖြစ်မရှိဘူးဆိုတာ ဖေဖေက မသိဘဲနေမလား ..၊

"ညီ .. မင်း အဲဒီပိုက်ဆံကို တကယ်ယူသွားတာလား .."

"ဘယ်ကမလဲ .. သူများဒေတာတွေခိုးပြီး အချောင်ကောင်းစားချင်တဲ့ လူတွေဆီကလည်း ရဦးမှာ၊ သူတို့ ငါ့ကို ပူဇော်ပသမှုမပြုရင် လူမှုဇာတ်ပြုတ်သွားတဲ့အထိ ငါ ဒုက္ခပေးလို့ရတာ သူတို့သိသွားပြီ .."

"မင်းရဲ့ဝင်ငွေက မနည်းဘူးပဲ ညီ .."



"ဟား .. ဟား .. ဟား .."

"ဒါပေမယ့် မင်းက ငါနဲ့တူနေတဲ့အတွက် အဲ့ဒါတွေ ဆက်မလုပ်ပါနဲ့ .."

"ငါ မကောင်းမှု ဒုစရိုက်တွေလုပ်နေတာ မဟုတ်ဘူး ကိုကို၊ ဦးဇေယျာ နောက်ကို လိုက်ရတာ ငါ့အချိန်တွေကုန်တယ်၊ ကိုယ်ဖြစ်ချင်တာ အားလုံး လက်ပေါ်ရောက်လာအောင် တစ်ယောက်တည်း လှုပ်ရှားလို့ မရဘူး၊ အဲ့ဒီအတွက် အင်အားလိုတယ်၊ ဒါကြောင့် ငွေကုန်ခံရတယ် .."

ပြောသွားတာအားလုံး သူ အနစ်နာခံခဲ့ရတယ်ဆိုတာ မပါ။

"ငါ မပေးနိုင်ဆုံးအရာတွေ ဘာအတွက်ချခင်းနင်းခဲ့ရလဲသိလား၊ အဲ့ဒါ မင်းအတွက်၊ မင်းက ငါနဲ့တူလို့ စိတ်ညစ်နေရသလို ငါနဲ့တူနေတဲ့ မင်းက ငါဖြစ်နေတဲ့အတွက် ငါ့ဘက်မှာလည်း အောက်တာပဲ၊ အားလုံးကို ငါ အနိုင်နဲ့ ပိုင်းနိုင်တဲ့အချိန်မှာ ငွေက ငါ့အတွက်ဖြစ်လာတာ ဘာလို့ လက်လွှတ်ခံရမှာလဲ .."

"အေးပါ .. ရတာကိုယူပါ နောက်ထပ်ပြီး .."

"ဒီလိုငွေရဖို့ ငါ ကြံစည်ဖန်တီးခဲ့တာမဟုတ်ဘူး၊ ငါ လုပ်စရာရှိတာ လုပ်နေရင်းနဲ့ ရလာခဲ့တဲ့ အခွင့်အရေး၊ အဲဒီတော့ မင်း အဲ့ဒီမှာ ကြောက်ချေးပါပြီး ဒူးချင်းရိုက်နေရင် ရှင်းချင်မှရှင်း၊ ငါ့ကို ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါတွေ လာမပွားနဲ့ .."

"ညီ .. နေဦး .."

"နေတယ် .. ပြော .."

"ငါ့ကို စိတ်ဆိုးသွားတာလား၊ ဟုတ်ပါတယ် .. ငါက တုံးပါတယ်၊ အဲ့ဒါကြောင့် ဖေဖေနဲ့ ငါ့ကိစ္စတွေကို မင်း မကူညီပါနဲ့ .."

"ဘယ်လို .."

"ဒီလိုလေကွာ .. မင်းက ငါ့အစား ကြားဝင်ဖြေရှင်းပေးသည့် မင်း လုပ်သွားတဲ့ လုပ်ကွက်တွေက ငါ့ကာရိုက်တာနဲ့ တခြားစီကြီးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ နောက်ဆိုရင် မင်း မသိစေချင်တာတွေ ဖေဖေ သူ့ဟာသူ ရိပ်မိသွားနိုင်တယ်၊ ပြီးမှ ငါက ပြောပြလိုက်တာလားဆိုပြီး မင်း ငါ့ကိုတင်း မနေနဲ့ ..''

''ဒါကျတော့ မင်းက ကြိုတင်ယောက်နဲ့တွေတောင် ထုတ်လို့ပါလား၊ ငါ ဖော်ထုတ်လိုက်တဲ့ အမှန်တရားတစ်ခုကြောင့် မင်း တော်တော်ဖျားသွားတာပဲ ..''

''ရှင်းရှင်းပြောရရင် ဟုတ်တယ် ညီ ..၊ ဒီကိစ္စ ငါက မရှင်းတော့ဘူးဆိုရင်လည်း ဒီနေ့ မနက်ဖြန် တစ်ချိန်ချိန်မှာ ဖေဖေ့နားထဲ ရောက်လာမှာပဲ၊ ဦးဖေ ကလည်း ငါ့ကို ခပ်တုံးတုံးကောင်လို့ထင်ထားတာဆိုတော့ သူ အငိုက်မိသွားတဲ့ကိစ္စမှာ ဘယ်လိုမှ သက်သာမှာမဟုတ်ဘူး၊ အနည်းဆုံး ဖေဖေနဲ့ ငါ့ကို တို့ထောင်ပေးတော့မှာ ..''

''ဒါတွေလည်း ကြိုပူနေတာပဲလား ..''

''မဟုတ်ဘူး ဖြစ်ကိုဖြစ်လာမှာ၊ ငါ မင်းလို ရင်ဆိုင်ဖြေရှင်းရဲတဲ့ သတ္တိမရှိဘူး ညီ၊ အတိုက်အခံပြောကြကြေးဆို ငါ့ပဲ အမြဲတမ်းကျန်ခဲ့ရတာ ..''

''အဲ့ဒီတော့ ရှေ့မှာ အမြဲတမ်းချောနေအောင် မင်းရဲ့လျှာတွေကို လီဗာတပ်ထားလိုက် ..''

လီဗာဆိုကာမှ ညီ ကို ကျောင်းတင်စရာတစ်ခုအဖြစ် သတိရမိသည်။ သူ ကားမောင်းတတ်ခဲ့တာ ညီ ကြောင့်ဖြစ်သည်။ ဦးသူ က ကုမ္ပဏီက ကားကို တစ်ခါတစ်လေ အိမ်မှာ သိမ်းတတ်သည်။

အဲ့ဒီလို တစ်ခါတစ်လေတိုင်းမှာ ညီ က ခိုးမောင်း၏။ ခုနစ်တန်းကျောင်းသားအရွယ်တည်းက ဝပ်ရှော့မှာ ဝိုင်းလုပ်ဝိုင်းစားသွားနေခဲ့သည့် ညီ က မတောက်တခေါက်တော့ မောင်းတတ်နေခဲ့၏။

ထို့ကြောင့် ညီ က ကုမ္ပဏီကကားကို ခိုးမောင်းတော့ သူ့ကိုပါခေါ်သည်။ သန်းခေါင်ကျော်အချိန်တွေမှာ ညီအစ်ကိုနှစ်ယောက် ကား



ခိုးမောင်းရင်း မောင်းတတ်နေခဲ့တာ ရယ်စရာတော့ ကောင်းသား ..။

အရွယ်ရောက်စတည်းက ညီ က လူအများကြားမှာ ကျင်လည်ခဲ့တာဖြစ်ကာ ကျောင်းမှာလည်း စာတော်သူမို့ ဆရာ၊ ဆရာမတိုင်း ညီကို ချစ်ကြသည်။

သူကတော့ 'အကြီးကောင်က အေးတယ်' ဆိုသည့်ဂုဏ်သတင်းအဖြစ် ပတ်ဝန်းကျင်ပံ့ပိုးမှုဆိုတာ သူ့အပေါ်မှာ ဘာတစ်ခုမှ မထင် ..။

သူ့အတွက်က ညီ ကို တော်သည်တတ်သည်လို့ လူတွေပြောနေလည်း ညီ အပေါ်မှာ မနာလိုဖြစ်ဖွယ်မရှိပါ။ တစ်ခါတစ်လေမှာ ညီ အရိပ်ကြောင့် သူ့အတွက် အေးချမ်းခဲ့ရတာတွေတောင် ရှိတတ်သေးသည်။

ထိုအခါတွေမှာ ညီလေး က ငါ့လိုမဟုတ်တာတော်သေးသည်လို့တောင် တွေးပူမိခဲ့ဖူးပါသည်။ ကွာဟမှုများစွာနှင့် သီအစ်ကိုနှစ်ယောက်မှာ ကိုယ့်ဘဝကို ကိုယ်တိုင်ထုထောင်ဖို့သာ ကြိုးစားခဲ့သော ဆေးသားညီနှင့် ကိုယ့်အတွက် အရိပ်ကောင်းတစ်ခု မဖြစ်ခဲ့နေလိုအပ်နေပြီလို့ တွက်ရင်း ပူလေးင်နေတတ်ခဲ့သော တင်ကိုကို က ဘယ်နေရာမှာမှ မတွေ့ ..။

သို့သော် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"လာပြီ .. ငါ အခုလာပြီ .. မျက်ခြေမပြတ်စေနဲ့ .."

ဖုန်းပြောရင်း လှေကားထိပ်ရောက်နေကာမှ ချက်ချင်းပြန်လှည့်လိုက်လျှင် ..၊

"အ .."

"ဆောရီး .."

စစ မော့ကြည့်လိုက်တော့ ကိုကို ရယ် ..၊

ဒီတစ်ခါလည်း လူကို ဆောရီးလုပ်ပြီး လစ်ပြေးတော့မည့်ပုံ ..၊

"ရှင် ဒါတော့ လွန်သွားပြီ .."

"ဟ ..."

အင်္ကျီခါးစကို အငမ်းမရ ဖမ်းဆုပ်ဆွဲလိုက်သဖြင့် လှေကားပေါ် ချတော့မည့် ခြေထောက်က လူနောက်ပြန်ပါပြီး ယိမ်းယိုင်သွား၏။

"မင်း ဘာလုပ်တာလဲ .."

"သြော် .. ရှင်က ပြန်မေးတယ် ဟုတ်လား၊ ဒီက .."

"ဖယ်စမ်းပါ .."

သူမပြောတာကို နားမထောင်အားပေ ..။ ထို့ကြောင့် လက်ကို ခပ်



ဆတ်ဆတ်ခါချပစ်လိုက်ပြီး လှေကားထစ်တွေအတိုင်း ပြန်ပြေးဆင်းခဲ့၏။

လှေကားကို ပြောင်းပြန်ဆင်းတာတောင် တစ်ချက်မှမယိုင်နဲ့ဘဲ ပြေးသွားပုံကြောင့် စစ တအံ့တသြကျန်ရစ်ခဲ့၏။ ဘယ်လောက်တောင် ပြေးကျင့်ပါနေတဲ့ ခြေထောက်တွေလဲ ..။

အပြင်မှာတွေ့ရတာ ကိုကို ဆိုတဲ့လူ ပုံစံတစ်မျိုးပါလို့ ပြန်ပြောပြတော့ မေမေက နားလည်ပေးနေသေးသည်။

"မိဘမဲ့ နေလာခဲ့ရတဲ့ ယောကျ်ားလေးတစ်ယောက်က အများကြီး ပျက်စီးနိုင်တာပဲ သမီး၊ သူ့အဖေရှေ့မှာ ရိုရိုကုပ်ကုပ်လေး ပြန်နေနိုင်တာ လိမ္မာတယ်လို့ ပြောရမှာပဲ၊ သူ့အပြင်မှာ ဘယ်လောက်ဆိုးခဲ့ဆိုးခဲ့ မိဘကို လေးစားရိုသေရမှန်းသိနေတဲ့အတွက် ဒီကလေး ဘယ်လိုမှ လူဆိုးမဖြစ်ဘူး .." တဲ့ ..။

သူမကတော့ မထင်ပါ။

ဖအေ ရှေ့မှာ မခုတ်တတ်တဲ့ကြောင်လိုနေပေမယ့် အပြင်မှာဆို ကိုကို ဆိုတဲ့လူလို့ထင်စရာတောင်မရှိ။ သူဘယ်လောက်ပဲ ပြောင်းလဲပါစေ သူ့အဖေ ကွယ်ရာမှာမို့ ငယ်ကျင့်အတိုင်း လွတ်လွတ်လပ်လပ်နေတယ်ပဲထား၊ ကိုယ့်ကို မသိသလိုနေတာ ကောင်းသလား ..။

သူသာ ပြောပြတိုင်ပင်မယ်ဆို ဒီက ပြေးတိုင်ပြောမှာတဲ့လား ..၊

ဆေး ကတော့ မိန်းမတစ်ယောက်နဲ့တိုက်မိပြီး လက်လွတ်သွားခဲ့ရသည့် အခွင့်အရေးအတွက် တက်တခေါက်ခေါက်ဖြစ်နေခဲ့လျက် ..၊

"တော်တော်ရှုပ်တဲ့ မိန်းမ .."

"ကိုဆေး ဘာတွေတင်းနေတာလဲ .."

"ထားလိုက်ပါကွာ .. မင်း အဲဒီကိစ္စ ဆက်လိုက်ထားလိုက်၊ ငြိမ်းနိုင် မောင်ဝင်း ကို ဘဏ်မှာပိုက်ဆံသွားထုတ်ခိုင်းပြီး ဘာလုပ်ရမယ်ဆိုတာ မင်းသိတယ်နော် .."

"သိတယ် .. ဆရာသမား အေးဆေးလုပ်စရာရှိတာလုပ် .."

www.burmeseclassic.com

www.burmeseclassic.com



"အေး .."

တဗ္တာစီတားပြီး ဝင်ထိုင်လိုက်တော့လည်း တက်ခေါက်မိကာ ..၊

"စထရင်းဟိုတယ်လ်ကို မောင်းဗျာ .."

ထိုစဉ် ဖုန်းဝင်လာခဲ့ပြီး ..၊

"ညီညီ .. မင်းလွှဲလိုက်တဲ့ ပိုက်ဆံ ဒေါ်လေးတို့ ခုထိမထုတ်ရသေးဘူး .."

"ထုတ်ချင်တဲ့အချိန် သွားထုတ်ပေါ့ ဒေါ်လေးရာ .."

"အဲ့ဒါက .."

"ထပ်မတောင်းနဲ့ဦး၊ ခုကစပြီး တစ်လအတွင်း မလွှဲနိုင်သေးဘူး၊ အလုပ်လုပ်စရာရှိသေးလို့ .."

"ဟဲ့ .. အောင်မယ်လေးဟယ် .. ပြောသွားလိုက်တာ တစ်သက်လုံး ခုမှပဲ ငွေလေး သုံးသိန်းလွှဲတာကို .."

"ခုမှလွှဲလို့ မလိုချင်လည်း နေလေ .. ဒီမှာ အာရုံနှောက်နေတာ.."

"ဟုတ်ပါပြီ .. ရှင်ပဲ နောက်စရာတွေရှိတာပါ၊ အခု ငါက ဘဏ်မှာ ရောက်နေတာ၊ ပိုက်ဆံမထုတ်ရသေးတာက ဒေါ်နုနုရီ နဲ့ ဒေါ်နုရီ နာမည် မတူလို့တဲ့ .."

"ဘာ!..."

"မင်းက လွှဲလိုက်တာ ဒေါ်နုနုရီ ဖြစ်နေတယ်၊ မှတ်ပုံတင်ထဲမှာက ဒေါ်နုရီ လေ .."

"မဟုတ်ပါဘူး .. ဒေါ်နုရီ ပဲ ပြောလိုက်တာကို .. ကျွတ် .."

"ဟုတ်တယ်ဟေ့ .. မှတ်ပုံတင်နံပါတ်လည်း အတူတူပဲ၊ ဒီမျက်နှာအချောအလှကလည်း မှတ်ပုံတင်ထဲမှာနဲ့ ဘာမှမကွာပါဘူး ..၊ အဲဒါကို လူကြီးငုတ်တုတ်ထားပြီး ဖုန်းတွေဆက်နေတာ မပြီးတော့ဘူး .."

"ကျွန်တော်ကလည်း ဘဏ်ကိစ္စတွေ လုပ်မပေးနိုင်သေးဘူး .."

ပြောရလျှင် ငွေလွှဲတာ အပ်တာတွေကို သူဘာမှလုပ်ခဲ့တာမဟုတ်၊



ဖုန်းဆက်ဖြေရှင်းမယ်ဆိုရင်တောင် မောင်ဝင်း နဲ့ ဒီကိစ္စကို လောလောဆယ် မပြောအားသေးပေ ..။

"ခက်တော့တာပဲ ဒီနေ့ အချိန်လည်းမရှိတော့ဘူး၊ နောက်နေ့မှ ထုတ်တော့ ဒေါ်လေးရာ .. ပိုက်ဆံလွှဲနိုင်းထားတဲ့ကောင်က ခု မအားသေးဘူး .."

"ဖုန်းလေးတစ်ချက်ပဲ ဆက်ရုံပဲဟာ .."

"အဲဒါတွေ ဘဏ်က လုပ်နေတယ်မို့လား .. မောင်ဝင်း ကို ဖြစ်စုံစမ်းပါလိမ့်မယ် .."

"အဲဒီ မောင်ဝင်း ကိုက နှစ်လုံးပြောမိတာဆိုရင် ဒေါ်လေး ဘယ်လိုလုပ်ရမလဲ၊ တကယ်ပါပဲ တစ်လုံးနဲ့ နှစ်လုံးပဲ မှားရတယ်လို့၊ ဘဏ်တစာရေးမတွေ မှားတာဆိုရင်တော့ ဒီကောင်မလေးတွေ အလုံးကျွဲအောင် သေချာကြည့်ကြပါလို့ ပြောကိုပြောပစ်ဦးမယ် .."

ဒေါ်လေး မကျေမနပ်ပြောနေသံကြောင့် စိတ်ညစ်နေရှင်း ရယ်ချင်သွား၏။ ဒါပေမယ့်သူ မရယ်ဖြစ်လိုက်ဘဲ နောက်ထပ်ဝင်လာသည့် အစည်မသိဖုန်းကို နားထောင်လိုက်ရသည်။

"ဟလို .."

"ငါ .. မိုးကြီး ပဲ .."

"အဲ့ဒီတော့ .."

"မင်းနဲ့ ဒီည ကိုးနာရီ ဟိုဆိုင်မှာပဲ ဆုံမယ် .."

"ဘာကိစ္စနဲ့လဲ .."

"လျှောက်မေးမနေနဲ့ ကိုကို၊ ဘာကိစ္စလဲဆိုတာ မင်း သိတယ်.."

"သိသိ မသိသိ ခင်ဗျားတို့ တွေ့ချင်တဲ့အချိန်မှာ ကျွန်တော်က မတွေ့ချင်ဘူးဖြစ်နေတာ၊ မတတ်နိုင်ဘူး .."

"ကောင်လေး မင်း လိုချင်တာ ပေးဖို့အတွက် ငါတို့တလာမှာနော် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ပေးရတယ်ဆိုတာ ထည့်ပြောစမ်းပါ၊ ကျုပ်က သူ့ တောင်းစားမဟုတ်ဘူး .."

"ဟုတ်ပြီ .. မင်း ဘယ်အချိန်အားမလဲ .."

"ပြီးရင် မက်ဆေ့ချ်ပို့လိုက်မယ် .."

"မင်းဘက်က ပေးသင့်လုပ်သင့်တာတွေအားလုံး အတိအကျပါလာ ဖို့လိုတယ်နော် .."

"ဟား .. ဟား .. ဟား .."

"မင်း ဘာရယ်တာလဲ .."

"ကျုပ်ဘဝမှာ အလကားဘယ်သူ့ကိုမှ အကျိုးဆောင်မပေးဘူး.."

တစ်ဖက်က အသံတိတ်သွားသည်။

"စာရွက်စာတမ်း သက်သေပစ္စည်းအတွက်ဆိုရင် နှစ်ဖက်ညှိနှိုင်း ဈေး၊ နှုတ်ကတိဆိုရင် နှစ်ဆ .."

"ဘာ!.."

"အဆင်ပြေမယ်ဆိုရင် ညှိလို့ရပြီ .."

ဖုန်းချလိုက်ပြီး သူ ရယ်မိသည်။ ပြီးတော့ ကိုကို့ မျက်နှာကို မြင် ယောင်မိ၏။

"မင်းရဲ့ စီးပွားရေးက ငါ့ကို ကိုယ်စားပြုပြီးတော့လား .." တဲ့..။

မင်းအတွက်လုပ်ခဲ့တာပဲ ကိုကို .. မင်း ပါနေရတာ စိတ်တော့ မကောင်းပါဘူး ..။



## အခန်း (၂၂)

"ကျွတ် .. ဒီကောင် ဘာလုပ်တာလဲ .."

ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဘယ်လိုတွေးတွေးအဖြေရှာလို့ မရဘဲ ဖြစ်နေ၏။ နာရီကိုမော့ကြည့်ပြီးမှ လက်ကနာရီကို ပင့်ကြည့် မိပြန်၏။

ဖုန်းဆီ ပြန်သွားပြီး ကောက်ကိုင်လိုက်ကာ တစ်ချက်နှိပ်လိုက် ပြီး ..၊

"ကိုကို မရောက်သေးဘူးလား .."

"ဟုတ်ကဲ့ သူ့ဒွေး မရောက်သေးဘူး .."

ဖုန်းကို ဝှက်ခနဲချပစ်လိုက်ပြီး လက်နှစ်ဖက်နောက်ပစ်၍ လမ်း လျှောက်ခြင်းကို တစ်ကပြန်စ၏။ ပြီးတော့ ဦးကောင်းဇံ ပြောတာတွေ ကို ကြားယောင်နေမိ၏။

"ကျုပ် သေချာမှ ဆက်တာပါ၊ သူ့ကိုယ်သူ ဆေးသားညှိလို့ခံယူ ပြီး မျက်နှာတစ်ဖက်ဖွင့်ထားတာ ခင်ဗျားရဲ့ သား တင်ဒိုကို ပဲ .."

"သူက မိဘမဲ့ဘဝနဲ့ အင်ဂျင်နီယာဖြစ်လာအောင် သူ့အားသူကိုး ခဲ့တာ၊ အဲ့ဒီတော့ ဘာဖြစ်ဖြစ် မလုပ်ရဲတာမရှိဘူး.. ဒီအရွယ်ကျမှ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ဆီ ရောက်လာတာဆိုတော့ သူ့အကျင့်တွေကို ရုတ်တရက် မပြင်နိုင်ဘူးလေ ..."

"ခင်ဗျားသားက ဖအေရှေ့မှာ တစ်မျိုး၊ ကွယ်ရာမှာတစ်မျိုး လှုပ်ရှားနေတာ ..

"သူများမိသားစုကိစ္စမှာ ဝင်မပါသင့်ပေမယ့် ဆက်စပ်မှုတွေအရ ပြောရရင် ခင်ဗျားက အရမ်းဖိနှိပ်လွန်းတော့ တစ်ဖက်မှာ ထွက်ပေါက်ရှာတာမျိုး ဖြစ်လိမ့်မယ် ကိုမြတ်တင်၊ သူ ငွေအရမ်းလိုနေတာ အမှန်ပဲ..၊ ဒီပုံစံဆို သူ ရလည်း ရနေတာပဲ .."

"ကျုပ် စိုးရိမ်တာ 'ယမဟာ' ကုမ္ပဏီနဲ့ သူ ပတ်သက်နေတယ်၊ အဲဒီက ညီအစ်ကိုသုံးယောက်က စီးပွားရေးမှာ အောင်မြင်သလောက် ပါတနာဆိုတာကိုလည်း အလေးထားတာမဟုတ်ဘူး၊ ဖြစ်လာရင် ခင်ဗျားထိခိုက်နိုင်တယ်နော် .."

"ကျုပ်ကတော့ ကျုပ်နဲ့ ဆက်ငြိလာဖို့မရှိရင် ပြီးခဲ့တာတွေကို ထားလိုက်နိုင်ပါတယ်၊ သူက ခင်ဗျားရဲ့ တစ်ဦးတည်းသော သားဖြစ်နေတာကိုး၊ ခုချိန်ထိ သူ လှုပ်ရှားနေတာ ခင်ဗျားနဲ့ မသက်ဆိုင်ဘူးလို့လည်း ယုံကြည်ပါတယ် .." တဲ့ ...။

ကိုယ်နဲ့ သက်ဆိုင်သည်လို့သာ ထင်ဖွယ်ရှိလာလျှင် ဦးကောင်းစံလိုလူက အခင်မင်ပျက်ရမှာကိုလည်း ဂရုစိုက်မှာ မဟုတ်ပေ။

သူကလည်း ဒီအတွက်တော့ ဂရုမစိုက်ပါ။ ဒါပေမယ့် ကိုယ်မွေးထားသည့်သားက ကိုယ့်ကို ဒုက္ခပြန်ပေးသည်ဆိုတဲ့ ရာဇဝင်တော့ အတွင်မခံနိုင် ...။

ပြီးတော့ ကိုကို့ကို ဒီလိုပြောင်းလဲနိုင်သည့် လူမျိုးလို့ သူ ဘယ်လိုမှ မယုံနိုင်သေးပေ။ လူတစ်ယောက်ရဲ့ ကာရိုက်တာက ဒီနှားနဲ့ ဟိုနားလေး အရောက်မှာ ဒီလောက်ထိ ခြားနားသွားနိုင်ပါ့မလား ...။

ကိုကို့ မျက်လုံးတွေကို ပြန်စဉ်းစားရင်း ခေါင်းသာခါနေမိတော့



သည်။ တုံ့ပြန်ရင်ဆိုင်နိုင်ခြင်းမရှိသော ကိုကို့ရဲ့ အလင်းမျှော်မျက်ဝန်းတွေမှာ ဟန်ဆောင်ခြင်းလုံးဝမရှိတာ သူ သိနေသည်။

ဒီလို ဒိတ်ဒိတ်ကျဲလုပ်ငန်းရှင်သူဌေးကြီးတွေကို စိန်ခေါ်ရန်ပြီး စီးပွားရှာရလောက်အောင် ကိုကို ဂျင်ခြေလည်ပါသည်ဆိုတာ မဖြစ်နိုင်..

"ဟလို .."

"နွေး .. ကိုယ်ပါ .."

"အစ်ကို ဘာဖြစ်လို့လဲဟင် .. ဒီအချိန် မဆက်စဖူး .."

"ဘာမှမဖြစ်ဘူး .. မင့်သား အိမ်မှာရှိနေလား .."

"မရှိဘူးလေ .. အစ်ကို ထွက်သွားပြီး သူလည်း လိုက်တာပဲ၊ နေ့တိုင်း ဒီလိုပဲဟာ ..၊ အခုကုမ္ပဏီကို မရောက်သေးလို့လား .."

"အေး .. ဒါပဲနော်၊ စိတ်မပူပါနဲ့ .. သူ့ကို မေးစရာရှိလို့ ဘာမှမဖြစ်ဘူး .."

ဖုန်းချလိုက်ပြီးမှ စိတ်ထဲမှာ ကသိကအောင့်ဖြစ်ကျန်ရစ်၏။ မဖြစ်နိုင်ဘူးလို့ ထင်နေရင်း စိတ်ပူလာခဲ့သည်။ ဒီကောင်လေး နေ့တိုင်းဒီလိုပဲလား ..၊

လိုအပ်မှ ခေါ်တွေ့ခဲ့မိသည့် ကိုယ့်ရဲ့ အမှတ်တမဲ့နေခဲ့ခြင်းတွေကိုပဲ အပြစ်တင်ရတော့မလိုလို ..။

ထိုစဉ် ဖုန်းဝင်လာကာ ...

"သူဌေး .. အစ်ကိုလေး ရောက်လာပါပြီ .."

ဦးမြတ်တင် ဖုန်းချလိုက်တာနှင့် တံခါးပွင့်သွားပြီး ကိုကို့ ကို မြင်လိုက်ရ၏။ စတိုင်လ်ဆောင်းဘီ ရှားရင့်ရောင် နက်ရွှေးရွှေးနှင့် ရှပ်အင်္ကျီအနီကို ဝတ်ထားကာ ကုတ်အင်္ကျီအနက်ကို ထပ်ဝတ်ထား၏။

ချောမှန်နေသည့် မျက်နှာက ရောက်ကာစကထက် ပိုပြီးသန့်ခန့်နေတော့သည်။ ဒါပေမယ့် သူ့ရှေ့ရောက်တာနှင့် မျက်လွှာချခေါင်းငုံ့သွားတတ်သည့်ပုံစံကတော့ အရင်ကအတိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ .. ကျွန်တော့်ကိုခေါ်တယ်ဆိုလို့ .."

"ဟုတ်တယ် .. မင်း ဒီကိုမလာခင် ဘယ်မှာ ဘာဝင်ဝင်လုပ်နေတာလဲ .."

ဟင် ..၊

ကိုကို ဖျတ်ခနဲမော့လာပြီးမှ ပြန်ငုံ့သွား၏။ ဘယ်မှာဘာဝင်ဝင်လုပ်နေသလဲဆိုတဲ့ မေးခွန်းအရ သူ့ အမြဲတမ်းဖြစ်နေသည်လို့ ဖေဖေ ပြောလိုက်တာလား ..၊

"ယော့ .. မေးနေတာကိုဖြေစမ်း .."

"မ .. မသွားပါဘူး .. ဒီနေ့ မေမေ့ မွေးနေ့ဆိုလို့ အပြန်ကျလက်ဆောင်ပေးချင်တာနဲ့ ဈေးဝင်လိုက်တာပါ .."

ဦးမြတ်တင် မျက်မှောင်ကုတ်သွားသည်။ ဟုတ်သည်ပဲ .. ဒီနေ့ နွေး ရဲ့ မွေးနေ့ ..၊

ကိုယ့်မွေးနေ့ကိုလည်း နွေး က ပြောမှ သတိရတတ်ကာ၊ နွေး ရဲ့ မွေးနေ့ကိုလည်း သူ ဘယ်တော့မှ သတိမရခဲ့ပါ။

ထို့ကြောင့် ညရှစ်နာရီ ကိုးနာရီကျမှသာ လင်မယားအတူထွက်ပြီး အပြင်မှာ စားသောက်လည်ပတ်ဖြစ်ကြသည်။ ကားတစ်စီးနဲ့ ဟိုဝင်ဒီဝင်နှင့် ဒီလိုပဲ လျှောက်ပတ်မောင်းရင်း မွေးနေ့မှာ အမှတ်တရဖြစ်စေခဲ့ရတာ သူ့ဘက်က ပျက်ကွက်မှုဖြစ်၏။

ထို့ပြင် နောက်နေ့ကျမှ မွေးနေ့လက်ဆောင်ဆိုတာလေး နွေး လက်ထဲကို ထည့်ပေးဖြစ်ခဲ့၏။

ဒီနှစ်လည်း ဒီတိုင်းပဲ ဖြစ်တော့မှာမို့ ..၊

"မွေးနေ့လက်ဆောင် ဘာဝယ်ခဲ့သလဲ .."

လက်ဆောင်ကို မြင်ချင်တာမဟုတ်ဘဲ သူ့ကို မယုံကြည်လို့ မေးမှန်း ကိုကို သိသည်။ ထို့ကြောင့် အိတ်ထဲက ဘူးလေးကို ထုတ်ယူပြီး လက်ဝါးပေါ်တင်ပြလိုက်၏။



"ရင်ထိုးလေးပါ .. ရွှေဆိုင်က ရွေးပြီး ဝယ်လာခဲ့တာ .."

ဦးမြတ်တင် က စားပွဲနောက်ကိုလျှောက်ထွက်သွားပြီး ခုံမှာ အေးအေး အနေထိုင်လိုက်၏။ ပြီးမှ ..၊

"ဆေးသားညို ဆိုတာ ဘယ်သူလဲ .."

"ဟင်!..."

ဒီတစ်ခါ နှုတ်မှ အလန့်တကြားထွက်သွားကာ မျက်လုံးတွေပါ ပြူးသွားခဲ့၏။

"မင်း ဒီနာမည်နဲ့ လှုပ်ရှားနေတာတွေ ငါ အားလုံးသိတယ်ဆိုရင် ဘာတွေလုပ်ခဲ့သလဲ မင်း ရှု ဝန်ခံမလား .."

"ကျွန်တော် .. ဟို .."

"တိတ်စမ်း .."

"ဘုန်း!..."

စားပွဲကို ပုတ်ချလိုက်သံမှာ ကိုကို့ တစ်ကိုယ်လုံးပါ တုန်ခနဲဖြစ်သွား၏။ ဦးမြတ်တင် က ကိုကို့ မျက်လုံးတွေကို စိုက်ကြည့်နေကာ ..၊

"တစ်ခုပဲ မေးစရာရှိတယ်၊ မင်းကို ငါက အသုံးမကျဘူးပြောလို့ ဖြတ်စား လာဘ်စားနည်းတွေ တတ်အောင် လေ့ကျင့်နေတာလား .."

"မဟုတ်ဘူး ဖေဖေ .."

"မဟုတ်ရင်ဘာလဲ .. ပြော၊ မင်း မျက်လုံးထဲက အသုံးမကျတဲ့ မြစိမ်း ကုပ်ချောင်းချောင်းပုံစံတွေက တမင်လုပ်ယူထားတာလား၊ ဆေးသားညို နာမည်နဲ့ လှုပ်ရှားတာတွေက ဟန်ဆောင်နေတာလား .."

သွားပြီ .. သူ ဘယ်လိုမှ ဖြေရှင်းဖို့ လွယ်ကူမှာမဟုတ်သော မေးခွန်းတွေနှင့် ချောင်ပိတ်မိခဲ့ပြီ ..။ ဖုန်းထဲက ဗီဒီယိုမှာတော့ ညီ သူ့ကိုယ်သူ ကိုကို အဖြစ်နဲ့ ရှိနေခဲ့တာပဲ ..။

ဒါဆို .. ဦးဓေယျာ နဲ့ ကိစ္စကို ဖေဖေ ပြောနေတာမဟုတ်ဘူးလား..၊

"တင်ကိုကို .."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ .."

"ငါက မေးရင်ဖြေမှ ကြိုက်တာနော် .."

"ကျ .. ကျွန်တော် မဟုတ်ပါဘူး ဖေဖေ .."

"ဘာကိုမဟုတ်တာလဲ .."

"ဟို .. အဲဒါ .. ဖေဖေ ပြောတဲ့ဟာ .."

"တောက် ..."

"ဒါပေမယ့် .."

"ကိုကို .. မင်း .. မင်း ငါ့ကို အရူးလုပ်နေတာလား .."

ဦးမြထိတင် နေရာမှ ထရပ်လိုက်တာနှင့် ကိုကို ပျာယီပျာယာနှင့် နောက်ကို ခြေလှမ်းဆုတ်မိကာ ...၊

"ကျွန်တော် ဖေဖေ့ကို မညာပါဘူး၊ ဒါ .. ဒါပေမယ့် ကျွန်တော် ဒေါ်လေးတို့နဲ့ နေတုန်းက .."

ပြောလိုက်စမ်း ကိုကို၊ အဆင်ပြေပြေ ပြောနိုင်အောင်ပြော ...၊ မင်းတို့ အတူတူနေတုန်းက ဆေး ဘာတွေလုပ်နေခဲ့သလဲ၊ အခု ဘာတွေလုပ်နေနိုင်သလဲ ...။

နှစ်ယောက်ပေါင်းစပ်လို့ရအောင် ပြီးပြန်းနိုင်မှ မင်းရမယ် ...။ လုပ်လိုက်တော့ ...၊

ခြောက်သွေ့နေသည့် အာခေါင်က တံတွေးမျိုချတာနှင့် နာကျင်သွားခဲ့၏။ ပြဿနာက 'အဲဒါလည်း ဖေဖေ့ သားပါပဲ' လို့ ပြောလိုက်ရင် ပြီးမှာပေမယ့် ...၊

"မင်း ဖွင့်ပြောလိုက်လို့ကတော့ မင်းရင်ဆိုင်ရမယ့် ပြဿနာတွေ ထက် ဆယ်ဆ .."

ညို့ မျက်နှာကို မြင်ယောင်ကာ ချွေးပြန်လာ၏။

"ဆက်ပြောလေ .. မင်းက ရူးတာလား၊ ငါက ရူးနေတာလား၊ မင်းပြောတာတွေကို နားထောင်မယ် .."



ဦးမြတ်တင် က သူ့ကို မပြတ်အကဲခတ်နေရင်း မေးခွန်းထောက်၏။

"ဒီ .. ဒီလိုပါ ဖေဖေ ..၊ ကျွန်တော်တို့ ဒေါ်လေး .. အဲ .. ကျွန်တော် ဒေါ်လေးတို့နဲ့ နေတော့ သူတို့ကလည်း မပြေလည်တာနဲ့ .."

ပြောနေတုန်းမှာ ဖုန်းဝင်လာသဖြင့် ဦးမြတ်တင် နားထောင်လိုက်၏။

"သူဌေးနာမည်နဲ့ ပါဆယ်ထုပ်တစ်ထုပ် ရောက်လာလို့ပါ၊ အခု လာပို့ရမလား အမိန့်ရှိပါရှင် .."

"ဝင်လာခဲ့ .."

အပြင်က စာရေးမလေး လာပို့သွားတော့ ပါဆယ်ထုပ်ဆိုတာက ရွှေဘူးလောက်ပဲရှိကာ ဦးမြတ်တင် က ချက်ချင်းဖွင့်လိုက်၏။

ကိုကို လည်း ဘူးဆီကို အာရုံရောက်သွားကာ ထိတ်လန့်စိတ်တို့ အနည်းအကျဉ်းလျော့သွားခဲ့၏။ သို့သော် အထဲက ထွက်လာသည့် စတစ်လေးတစ်ခုကို မြင်လိုက်တာနှင့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်မိလျက် ...၊

ဒါ .. ဘာဖြစ်နိုင်သလဲ ...၊

ကိုယ့်ဆီကို လာသည့်ပစ္စည်းလည်းမဟုတ်ဘဲနှင့် စိုးရိမ်စိတ်တွေ ဖြစ်သွားခဲ့၏။

"ရော့ .. ကွန်ပျူတာမှာ သွားချိတ်လိုက် .."

ခေါင်းညိတ်ရင်း ပစ်ချပေးသည့် စတစ်ကို ဖောက်ယူကာ ကွန်ပျူတာမှာ သွားတပ်လိုက်ပြီး ...၊

"ဘာတွေမှန်းမသိဘူး .. ပြဿနာတွေတစ်ခုပြီးတစ်ခု လာနေတယ် တောက် .."

ဦးမြတ်တင် ခုံမှာဆောင့်ခနဲပြန်ထိုင်ချလိုက်ကာ မော်နီတာဆီကို စူးစိုက်ကြည့်နေခဲ့၏။

ပေါ်လာသည့် ပုံရိပ်များကို မြင်လိုက်ရလျှင် ...၊

"ဟာ!..."

ကိုကို ဟာခနဲဖြစ်သွားကာ ဦးမြတ်တင် ကိုယ်ကြီး တောင့်မတ် သွား

www.burmeseclassic.com

www.burmeseclassic.com



ခါ။ ပြီးတော့ ခေါ်နီတာပေါ်က သူ့ရဲ့ပုံတူကို စူးစိုက်ကြည့်နေလေသည်။

ဦးဓေယျာ နဲ့ ဆေး …၊

ဒါပေမယ့် ဖေဖေကတော့ သေချာပေါက် ကိုကို လို့ ထွက်သွားမည်သာ …၊

"ကဲ .. မင်း ဘာပြောမလဲ .."

ကိုကို့ ခေါင်းကို မိုးကြိုးခွင်းလေသည်။ သူ ဘာလုပ်ရမလဲ၊ အမှန်အတိုင်းပြောလို့ ဘယ်လိုမှ မဖြစ်တာကို သိနေပေမယ့် စူးရဲသည့် ဖေဖေ့ မျက်လုံးတွေကိုကြည့်ပြီး ဘယ်လိုလိမ်ညာပြောရမှန်းလည်း မသိ …။

"မင်း ငါ့ကားကို မျက်ဆီးပြီး တစ်ခါလက်စွမ်းပြခဲ့တယ်၊ ခုထပ်ပြီး သစ္စာဖောက်နဲ့ မိုက်ကြေးခွဲနေတယ် .."

"ဖေဖေ .."

"အင်း .. ပြောပါဦး၊ ခုန ကိုဓေယျာ ကိုပြောနေတဲ့ မျက်နှာမျိုးနဲ့ လုပ်စမ်းပါ၊ ဘာလဲ .. ခုနစ်ထွေက,က နေတာလား .."

"ကျွန်တော် မိုက်ကြေးခွဲနေတာမဟုတ်ပါဘူး ဖေဖေ၊ သစ္စာဖောက်တဲ့လူကို ဖော်ထုတ်တာပါ .."

ကိုယ်ပဲ ခေါင်းခံဖြေရှင်းဖို့ စိတ်ကူးလိုက်ပေမယ့် …၊

"ဖော်ထုတ်တာ ဟုတ်လား .. ငါက အရူးမို့ မင်းပြောတာကို ယုံမှာလား၊ ဒီ စီးပွားမထိခိုက်အောင် ကာကွယ်တယ်ဆိုရင် မင်း ဘာဖြစ်လို့ ဖုံးကွယ်ထားတာလဲ၊ ဒါကိုပို့လိုက်တဲ့လူက မင်းရဲ့ စေတနာတွေ ငါသိပါစေဆိုပြီး တမင်တကာ ဗီဒီယိုရိုက်ပြီး တကူးတက ပို့ပေးလိုက်တာပေါ့.."

'ဟုတ်တယ် .. အဲဒါ ကျွန်တော့်ညီ ဖေဖေ့ရဲ့ သားမို့လို့ ..' လို့ ပြောပေးလိုက်ရင် ပြီးပြီ …။

သို့သော် …၊

"ဟွန်း .. မင်းက 'ယမဟာ' က လူတွေကိုတောင် လှမ်းပြီးခြိမ်းခြောက်လိုက်သေးတယ်၊ ဒီလိုနည်းနဲ့ ငွေရှာတာ ဘယ်လိုနေလဲ ကိုကို.."



သူ ဘာမှမပြောတတ်တော့ပေ။ ဆေး လုပ်လိုက်ပုံက မှားနေတာလား၊ သူကိုယ်က သွက်လက်ချက်ချာစွာ ဖြေရှင်းနိုင်တဲ့သတ္တိမပါခဲ့တာလား …၊ ဒါမှမဟုတ် ဖေဖေ သူ့အပေါ်မှာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အကောင်းမြင်ပေးဖို့ စေတနာဆုတ်ခမ်းနေခဲ့သည်လား …။

မေးခွန်းတစ်ခုကြားလိုက်ရတိုင်း ပြန်ဖြေဖို့ထက် ဒီမေးခွန်းဘယ်လိုဖြစ်လာခဲ့သလဲဆိုတာပဲ တွေးနေတတ်သည့် သူ့ရဲ့အကျင့်ဆိုးတစ်ခုကြောင့် …၊

"ငါသိပြီ ကိုကို .. မင်းက မင်းဘယ်လောက် လည်ကြောင်း ငါသိအောင် သက်သေပြချင်တာ .."

သူ ဆတ်ခနဲတုန်သွားသည်။ ထိုပုံစံကို ဦးမြတ်တင် ကလည်း မလွတ်တမ်းကြည့်နေခဲ့၏။ ဦးကောင်းဓံ ပြောသွားတာတွေကို ပြန်တွေးကြည့်တော့ စီးပွားရေးလောကမှာ အလုပ်ကိစ္စတွေ၊ အရောင်းအဝယ်ကိစ္စတွေသာမက တစ်ခါမှ မကြားဖူးခဲ့သည့် အကျိုးဆောင်ကိစ္စတွေကိုပါ စွဲစားလည်းမဟုတ်၊ ရှေ့နေလည်းမဟုတ်ဘဲ လက်တစ်လုံးခြား လှည့်ပတ်စားနေသည့် လူငယ်တစ်ယောက် …၊

အရိပ်မဲ့ လှုပ်ရှားနေသည်က တစ်ကိုယ်တော်လို့ပဲ အားလုံးသိထားကြကာ ပညာမဲ့တစ်ယောက်လည်းမဟုတ် …၊

"စုံစမ်းကြည့်တော့ သူက အင်ဂျင်နီယာတစ်ယောက်ပဲ .." တဲ့…။

ဒီထိ ဘာဖြစ်လို့ ကိုကို မှန်း မသိကြတာလဲ …၊

"ကျုပ်က မြန်မာနိုင်ငံမှာသိပ်နေတာမဟုတ်တော့ .. ပြီးတော့ ဒီလုံခြုံရေးဆော့ဖ်ဝဲကိစ္စကြောင့်သာ ခင်ဗျားနဲ့ သိကျွမ်းခဲ့တာလေ၊ ခင်ဗျားသားဆိုတာလည်း ဖြစ်နိုင်မလားလို့ တွေးကြည့်သင့်တဲ့လူမှ မဟုတ်တာ၊ ဆေးသားညီ နာမည်နဲ့ ကျုပ်ကို စကားပြောသွားတဲ့တစ်ယောက်ကို [illegible] ကျုပ်ကိုယ်တိုင် ပြောလိုက်ရတာမဟုတ်ဘူးဆိုရင် ခင်ဗျား သားပါလို့ သူများပြောလည်း ကျုပ် ယုံမှာမဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းစံ့ ဘက်က ဒါကိုလျှော့သွားပေမယ့် သိပ်တော့ ကျေလည်ပုံမရပေ ..။ ဒါပေမယ့် ကိုယ့်သားရဲ့ မျက်လုံးတွေကို စိုက်ကြည့်နေရင်း ဒါ မဖြစ်နိုင်ဘူးဆိုသည့် ခံစားချက်တွေသာ ဖိစီးနေခဲ့တာ ဘာကြောင့်မှန်းမသိ ..၊

သို့သော် ဗီဒီယိုထဲမှာ မြင်လိုက်ရတာကလည်း တကယ်ပဲ ကိုကို..။

ဦးမြတ်တင် စိတ်တွေက ဒေါသမဟုတ်တော့ဘဲ ရှုပ်ထွေးခြင်းမှာပဲ ငြိတွယ်နေခဲ့လျက် ..၊

"မင်းသွားတော့ ကိုကို၊ ဒါတွေ ဘာကြောင့်လုပ်သလဲဆိုတာ ငါ ကျေနပ်လောက်တဲ့ ဖြေရှင်းမှုမျိုး မင်း ပေးဖို့စဉ်းစားထား .."

ရုတ်တရက် သွားတော့ဆိုတော့ ကိုကို အံ့သြသွား၏။ ဦးမြတ်တင် မျက်နှာကို လက်ဖဝါးနဲ့ ဖိပွတ်ပစ်ရင်း ..၊

"တစ်ယောက်တည်း ခုနစ်ထွေက,ကတာက အပေါ်ရုံချုတ်လဲရုံ၊ ခေါင်းဆောင်းလဲလိုက်ရုံပဲ၊ ဘဝဇာတ်ခုံမှာ အမျိုးစုံကြီးခုန်ချင်ရင် အရေခွံလဲရုံနဲ့ မရဘူး .."

မျက်ဝန်းတွေထဲကို တည့်တည့်စိုက်ကြည့်ပြီး မဲ့လိုက်တော့ ကိုကို့ရင်ထဲမှာ ဒိန်းခနဲမြည်သွားသည်။

"အခု ငါ့ရှေ့က မျက်လုံးတွေက အစစ်ပဲဆိုတာ ငါသိတယ်၊ ဆေးသားညီ ဖြစ်သွားတဲ့အချိန်မှာ ဘယ်ရင်ဘတ်နဲ့ ကောက်ချိတ်လိုက်တာလဲ၊ နောက်တစ်ခါ မင်းကို ငါခေါ်ရင် အဲ့ဒါကို ရှင်းနိုင်မယ့် သက်သေပါ ပါလာပါစေ .."

ဆုပ်ဖမ်းလို့မရနိုင်သည့် တစ်စုံတစ်ရာကို စိတ်ကသိနေသည်။ သက်သေပြဖို့ကမရှိ ..၊ ကိုကိုက ဆေးသားညီ မဖြစ်နိုင်ဘူးဆိုတာက ထင်နေတာပဲရှိပေမယ့် ဒါမှလွဲ၍ တခြားဖြစ်နိုင်စရာ အကြောင်းလည်းမရှိခဲ့ရာ ..၊



## အခန်း (၂၃)

အဖြစ်နိုင်ဆုံးက ဘာလဲဆိုတာ တွေးရင်း ညအိပ်မပျော်တဲ့အထိ ဖြစ်လာခဲ့၏။ ဦးမြတ်တင် ဝရန်တာမှာထွက်ရပ်နေရင်း မှောင်မိုက်နေသည့် မိုးကောင်းကင်ကြီးကို မော့ငေးနေမိသည်။

ကြယ်ရောင်လည်း မမြင်၊ လလည်းမသာ၊ မိုးသားတို့နှင့် မှောင်မိုက်နေသောညက သက်တမ်းနုနုနှင့် ရင့်ရော်နေခဲ့သည်။ ငုံ့ကြည့်လိုက်တော့ ခြံထဲမှာရှိနေသည့် မီးတိုင်တို့၏ အလင်းရောင်နှင့် တိတ်ဆိတ်ခြင်းက အထီးကျန်ဆန်နေပြန်၏။

ကိုကို့ မျက်နှာကို ဘယ်နေရာမှာပဲဖြစ်ဖြစ် ငုံ့လျှက်သား ဒါမှမဟုတ် မျက်လွှာချ၍ မြင်နေခဲ့ရလျက် ငါ့သားဆိုသည့် ခံစားမှုထဲမှာ ဘာကြောင့် ရောထွေးပျော်ဝင်မနေခဲ့တာလဲ ..၊

ဒီလို ညှိုးနွမ်းအားငယ်မှုတွေ မျိုသိပ်အုံ့ပွဲ့မှုတွေကို သူ့ အမုန်းဆုံး..။ မုန်းနေသည့်အမူအကျင့်တွေက ကိုယ့်သားသမီးဆီမှာ ဘာဖြစ်လို့ တင်းပြည့်ကျပ်ပြည့် ရှိနေခဲ့တာလဲ ..။

ငါကပဲ ခုချိန်ထိ တယူသန်အတ္တကြီးနေခဲ့တာလား၊ မင်းရဲ့ အသွေးအသားထဲမှာပဲ ဒီဟန်ပန်တွေ တကယ်စွဲစွဲလမ်းလမ်းမှီခိုဝင်နေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



လား ဖွေး ...၊

မဟုတ်ဘူးဆိုရင် ချိုအေး ဆိုတဲ့ကောင် အကျင့်စရိုက်တွေ အမူအရာတွေ ကိုကို့ မှာ ဘာဖြစ်လို့ ပါနေခဲ့တာလဲ ...။ မင်းရဲ့ စွဲလမ်းမှုတွေက သားရဲ့ပုံရိပ်မှာ ထင်စေတာမဟုတ်ဘူးဆိုရင် ကိုကို က ဘာဖြစ်လို့ ချိုအေး နဲ့ တူနေခဲ့တာလဲ ...၊

မင်း တော်တော်ရက်စက်တဲ့ မိန်းမပဲ ဖွေး ...၊

မင်းကို ငါ မေ့ဖို့ကြိုးစားနေခဲ့တာ ဒီလောက်နှစ်တွေကြာပြီးမှ ကိုကို့ ကို ဒီပုံစံနဲ့ ငါ့ဘဝထဲကို မင်း ပြန်လွှတ်ခဲ့တယ် ...၊

ရင်ထဲမှာ နာကျင်နေသည့် ငိုညည်းသံတွေ ပဲ့တင်ထပ်နေခဲ့သည်။ ဝရန်တာ အုတ်ဘောင်မှာ လက်တင်ထားရင်း ဖိဆုပ်နေမိတာ လက်တွေ နာကျင်လာမှ သတိရသည်။

ကိုကိုက ကိုယ့်သားမှန်းသိသည်။ ဖွေး ရဲ့ သစ္စာတရားကိုလည်း သူ နားလည်နေသည်။ ဒါပေမယ့် ဖွေး ရဲ့ စိတ်ကို သူ့တစ်ယောက်တည်း လုံးလုံးလျားလျား ပိုင်ဆိုင်ခွင့်မရခဲ့သည့်အဖြစ်ကို သည်းမခံနိုင် ...။

'မာနကြီးတယ်ဆိုတာ ချစ်လွန်းလို့ ...' လို့ သူ့ကိုယ်သူ ယုံကြည်သည်။ 'အချစ်က မာနကြီးတယ်' လို့လည်း သူ ကိုယ်တိုင် ဖွေး ကို ပြောခဲ့ဖူး၏။

ဒီ မက်သတ်အရ ဖွေး ကို သူ အရှုံးမပေးခဲ့ပေ။ ဒါပေမယ့် ဖွေး က ပြန်ပြီး မာနထားတာကျတော့ မခံစားနိုင် ...၊

"မင်းရဲ့ ဖွေး က မဟုတ်သေးပါဘူးကွာ၊ တကယ်ချစ်ရင် ဘယ်ကောင်မှ မာနမကြီးနိုင်ဘူး ..." လို့ သူငယ်ချင်းတွေ ဖွေး ကို ကဲ့ရဲ့ကြတော့လည်း ကိုယ့်မာနတွေကို မမြင်ဘဲ သူ မာနကြီးတာကိုသာ ရှုံ့မဲ့မယ်ဖွဲ့ အပြစ်မြင်ခဲ့သည်။

"မင်းက ယောကျ်ားပဲ ... မင်းဘက်က လျှော့လိုက်ပါကွာ၊ ပြီးတော့ မင်းတို့က ဟိုတုန်းကလို သူငယ်ချင်းတွေမဟုတ်ကြတော့ဘူးနော် ...



လင်မယားဖြစ်နေပြီ ..."

သူတို့ လက်ထပ်ပြီးကြတော့ သူငယ်ချင်းတစ်ချို့က ဖွေး တို့အိမ် ထိရောက်လာပြီး အားပေးကူညီခဲ့ကြသည်။ ငယ်သူငယ်ချင်းတွေလည်း ဖြစ်သလို သူ့ကိုလည်း ရင်းနှီးနေကြသဖြင့် ဖွေး ဘက်က လူကြီးတွေ ကလည်း နှစ်ဖက်မိဘ မစုံပေမယ့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။

"ခိုးပြေးကြပြီဆိုတော့လည်း အန်တီတို့က သမီးရှင်လေ၊ သားတို့ သမီးတို့ရဲ့ အိမ်ထောင်ရေး မပြိုကွဲအောင် စောင့်ရှောက်ပေးရမှာပဲ ..."

လူကြီးတွေ မျက်နှာမကောင်းပေမယ့် သူတို့နှစ်ယောက်ကိုတော့ ပြီးပြည့်စုံတဲ့ အိမ်ထောင်ရေးလေးဖြစ်စေခဲ့လေသည်။ ဖွေး ကလည်း ဟိုတုန်းကလိုတော့ အတိုက်အခံမက်ပြိုင်မှုတွေ သိပ်မလုပ်တော့ဘဲ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နှင့် အိမ်ထောင်ရေးက သာယာခဲ့သည်။

မသာယာမှုတွေကို သယ်ဆောင်လာခဲ့တာက ချိုအေး ပဲ ဖြစ်၏။ သူငယ်ချင်းတွေမို့ အလည်အပတ်လာသလိုလို အကြောင်းရှိလို့ နေရသလိုလို နှင့် သူတို့ပတ်ဝန်းကျင်မှာပဲ ချိုအေး တဝဲလည်လည်ဖြစ်နေခဲ့၏။

အစတည်းက မကြည်လင်ခဲ့သည့် သူ့စိတ်ကို ဘယ်လိုမှ ချိုးနှိမ်ထားလို့မရခဲ့ဘဲ ရန်လိုစောင်းမြောင်းမှုတွေရှိလာခဲ့ရင်း ဖွေး တလည်း သည်းခံမှုတွေအားလုံးကို စွန့်လွှတ်၏။

"ငါ့မိဘက နင့်ကို သည်းခံနားလည်ခဲ့တယ် မြတ်ထွတ် ... နင့်ဘက်က လူကြီးတွေ လူမဆန်တာတောင် ငါတို့ဘက်က ..."

"နင် ငါ့မိဘတွေကို ဒီလောက်ထိမပြောနဲ့၊ ဟိုမှာ မင်္ဂလာပွဲတန်းလန်းကြီးနဲ့ ငါ နင့်ကို ခိုးပြေးခဲ့တာ၊ ဒီလောက်ထိ အရှက်ခွဲခဲ့တဲ့ သားကို ဘယ်မိဘက ..."

"ဘာပဲဖြစ်ဖြစ် ငါကလည်း ဇွတ်တရွတ်ခိုးပြေးလို့ လက်ထပ်ခဲ့ရတာပဲ ...၊ နင့်ကို လိုချင်လွန်းလို့ မင်္ဂလာဆောင်မယ့်ဆဲဆဲသာနေ ဆွဲထုတ်ယူခဲ့တာမဟုတ်ဘူး၊ ငါ့မိဘတွေ ငါ့ကြောင့် ဘယ်လောက်မျက်နှာငယ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလဲ .. နင်ကတော့ ငါ့ကို အနိုင်ပိုင်းပြီး ရန်ဖြစ်မယ် သမုတ်မယ် တွေ့ရာလူနဲ့ စွပ်စွဲပြီး .."

"တွေ့ရာလူနဲ့ မဟုတ်ဘူး၊ ချိုအေး ဆိုတဲ့ကောင်ပဲ .. အဲဒီ ညောင်နာနာ မြို့စိစိနဲ့ အုံ့ပုန်းကောင်ကိုမှ .."

"နင် တော်တော့ .."

ရန်ပွဲက အကြီးအကျယ်ဖြစ်သွားခဲ့သည်။ ဒါပေမယ့် ချိုအေး ၏ မြို့စိစိ ရှိုးသားသယောင် ခြေလှမ်းတွေက မရပ်နဲ့တဲ ဘာလိုလို အခြေအနေတစ်ခုကနေ ပြင်းထန်စွာပေါက်ကွဲခြင်းသို့ ရောက်ခဲ့ရ၏။

ကိုယ်ဝန်ရှိနေပြီဆိုတာ သိတော့ သူ့စိတ်တွေ ပျာယာခတ်သွားခဲ့သည်။ ဒီတိုင်းပြောလွှတ်မှာပဲဆိုတာသိသိနှင့် ရင်သွေးဆိုသည့်အသိနှင့် ရောက်အောင်သွားခဲ့မိသည်။

'နင့်ကလေးမဟုတ်ပါဘူး' လို့ ပြောလွှတ်လိုက်တာ ဒီနေ့ထိ သူမရဲ့အသံ သူမရဲ့မျက်နှာ မမေ့နိုင် ..။

သူမ မီးဖွားပြီးတဲ့အထိ သူ့စိတ်တွေ ဒေါသနှင့် ရှုပ်ထွေးလေးလံကာ မိဘ စီစဉ်ပေးမှာကိုလည်း လက်မခံနိုင်ခဲ့ပေ။

"သားကို ပြတ်လို့တောင် ကလေးကို တခြားမှာ သွားမွေးခဲ့တာ၊ သားက ဘာဖြစ်လို့ စိတ်တန်းနေရတာလဲ၊ မွေးမွေး က သားကို နားလည်ခွင့်လွှတ်ပြီး ချစ်လာခဲ့ရှာတာ၊ အားနာလိုက်လျော့တာမျိုးဖြစ်ဖြစ် ခေါင်းညိတ်လိုက်ပါ သားရယ် .. တစ်ဖက်က သည်းခံနားလည်နေတဲ့အတွက် ကြာရင် သားတို့ အပြန်အလှန်နားလည်မှုတွေ ရသွားကြမှာ .."

ဤသို့ ဖျောင်းဖျနားချနေတာတွေကို ဥပေက္ခာအမျိုးမျိုးနှင့် ရှောင်ဖယ်ရင်း မွေး နဲ့ ပြတ်တောက်ခဲ့ပြီး နှစ်နှစ်နဲ့ ရှစ်လကြာမှ မွေး နဲ့ လက်ထပ်ဖြစ်ခဲ့သည်။

ဒါပေမယ့် မွေး အပေါ်မှာ သူ နူးညံ့လိုက်လျောပေးနိုင်ခဲ့တာက သပ်သပ်၊ မွေး ကို ဘယ်လိုမှ မေ့မရအောင် တနုံ့နုံ့နာကြည်းနေမိတာက



တခြား ..။

မေ့မရခြင်းမှာ ဘယ်လိုအကြောင်းကြောင်းကြောင့်ဖြစ်ဖြစ် ဒါဟာ အချစ်ကြောင့်ပဲဆိုလျှင် ..၊

"အစ်ကို .."

ဟင် ..၊

အတိတ်သောင်ပြင်မှာ တစ်ယောက်တည်းလျှောက်ပြေးနေသလို လွင့်မျောနေသည့်စိတ်က ပစ္စုပ္ပန်ကို ပြန်ရောက်လာတာတောင် မတည်ငြိမ်ချင် ..၊

"အစ်ကို ဘာတွေတွေးနေတာလဲ .. မွေး က လူမရှိဘူးမှတ်လို့ တံခါးပိတ်ပြီး ပြန်သွားတော့မလို့ .."

ဒေါ်မွေးမွေး က သူ့ဘေးကိုရောက်လာတဲ့အထိ ပြန်ငဲ့ကြည့်မိပေမယ့် စကားမဆိုဖြစ် ..၊

ညပေမယ့် ဝရန်တာမှာ အလင်းရောင်ရှိနေကာ အဖြူရောင် အပေါ်ထပ် ဆွယ်တာလေးနှင့် ဒေါ်မွေးမွေး ရဲ့မျက်နှာကို ဦးမြတ်တင် မြင်နေရ၏။ နလံထစ လူမမာပုံလေးတောင်ပျောက်နေပြီမို့ မျက်ဝန်းတွေထကြည်လင်နေ၏။

သားကို သွားခေါ်ပါရစေလို့ ပူဆာခဲ့တာ သူမပဲဖြစ်ကာ တိုတို့ကိုလည်း သားအရင်းတစ်ယောက်လိုပဲ ဂရုစိုက်ရှာ၏။

"ဒီမှာလေတိုးတယ် မွေး .."

"ဒီလောက်မဟုတ်ပါဘူး အစ်ကိုရယ် ရပါတယ်၊ အစ်ကို ညလယ်စာတစ်ခုခုစားမလားဟင် .. မွေး .."

"မစားချင်ပါဘူးကွာ ..၊ ဒီရက်ပိုင်းမှာ စိတ်ညစ်စရာတွေသည်းကြုံနေရတာ မင်းရဲ့ ကျန်းမာရေးကိုတောင် ကိုယ် ဂရုမစိုက်နိုင်ခဲ့ဘူး—"

"မွေး က မထနိုင် မကြွနိုင်တဲ့ လူမမာကြီးမှ မဟုတ်တာ အစ်ကိုရဲ့—"

"ဒါပေမယ့်ကွာ .."

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ အခက်အခဲတွေကို နွေး ဘာမှ ဖြေရှင်းမပေးနိုင်တဲ့အတွက် ပဲ နွေး က စိတ်မကောင်းဖြစ်နေတာ .."

ဦးခြတ်တင် သက်ပြင်းချလိုက်ရင်း ရှေ့ကို ပြန်လှည့်ငေးကာ ..၊

"ဒါတွေ မင်းခေါင်းထဲ မထည့်ပါနဲ့ နွေး ရယ်၊ ကိုယ့်ကျန်းမာရေး ကိုပဲ မင်း ဂရုစိုက်ပါ .."

"မထည့်လို့တော့ မရဘူး အစ်ကို၊ အစ်ကို့ ပြဿနာတွေက သားနဲ့ ဝတ်သက်နေတာ .."

ဖြစ်ပျက်နေသမျှကို အတော်အသင့်တော့ သိထားပြီးပြီမို့ ခေါ်နွေးနွေး က ဒါကိုပြောဖို့လာခဲ့တာဖြစ်သည်။

"ဆေးသားညီ ဆိုတဲ့ နာမည်နဲ့ သားက အပြင်မှာ စီးပွားရှာနေတဲ့ အတွက် .."

"စီးပွားရှာတယ်လို့ ဘာလို့ပြောတာလဲ နွေး၊ ဒါ စီးပွားရှာတဲ့ နည်းမှမဟုတ်တာ .."

"စီးပွားရှာနည်းဆိုတာ ဘယ်သူပြုစုခဲ့တဲ့ ကျမ်းမျိုးလဲ အစ်ကို၊ ကျွမ်းကျင်ရာလိမ္မာဆိုတဲ့ စကားကို ဘယ်သွားထားမှာလဲ .."

"ဒါဖြင့် ကိုကို က ဒီလို ဖြတ်လမ်းနည်းတွေကိုမှ ကျွမ်းကျင်နေ တာပေါ့ .."

"ဖြတ်လမ်းဖြစ်ဖြစ် ၳမ်းဟောင်းဖြစ်ဖြစ် ဒါ အစ်ကိုဖြစ်စေချင်တဲ့ အတိုင်းပဲလေ .."

"ကျွတ် .."

"အစ်ကိုပဲ စဉ်းစားကြည့်ပါဦး .."

"မလိုတော့ဘူးလေကွာ .. ဘာမှစဉ်းစားဖို့မလိုဘူး၊ စီးပွားရှာနေ တာမှမဟုတ်တာ၊ မင့်သား မသမာတဲ့နည်းတွေနဲ့ ငွေရှာတာ သူများ ကုမ္ပဏီက ဝန်ထမ်းကောင်းတွေကို .."

"သူများက ပိုပေးလို့ ပိုရတဲ့ဆီ သူတို့ဘာသာပြောင်းကြတာပဲ၊



သားက ကြိုးတုပ်ခေါ်သွားတာမှ မဟုတ်တာ၊ ပြီးတော့ သူတို့လည်း လစာအပြင် အပိုဝင်ငွေလေးဘာလေး လိုချင်မှာပေါ့၊ ညဘက်အလုပ်တစ် ခု ထပ်လုပ်ပြီး သူတို့အလုပ်ချိန်ကိုလည်း ဆင်းပေးတာပဲ .."

"ခက်နေပြီ နွေး .. အလုပ်လုပ်တဲ့နေရာမှာ .."

"စည်းမျဉ်းစည်းကမ်းတွေရှိနေတာကို သူ့အလုပ်ရှင်နဲ့ သူ့အလုပ် သမားတွေပဲ သိပါစေ .. သားက သိတတ်စောင့်ထိန်းဖို့မလိုပါဘူး ဈေးစိစစ် ရေးနေကြတဲ့ အင်ဂျင်နီယာတွေကို ကိုယ့်အလုပ်ပဲလုပ်ရမယ်လို့ သူတို့ ထိန်းချုပ်ထားလို့မရဘူး .."

"အဲဒါက ဟုတ်တယ် .. အဲဒီလိုအလုပ်လုပ်ချင်တဲ့ လူတွေလည်း ဖရီးလန့်(စ်)မှာ အလုပ်ဝင်ရှာနေကြတာပဲ၊ အခု ကိုကိုက အဲဒါထက် ပိုနေတာ၊ စည်းရုံးသိမ်းသွင်းတဲ့အဆင့်ထိ .."

"မကျေနပ်စွာ ကျန်ရစ်ခဲ့တဲ့လူတွေ ခေါင်းစဉ်တပ်တာပါ အစ်ကို ရယ်၊ သူတို့လူ သူတို့မြဲချင်ရင် သူများမခေါ်နိုင်အောင် ပံ့ပေးထားပေါ့ လား၊ အောင်မြင်မှုရှိလာရင် အဲ့ဒီလူနောက်ကို စီးပွားရေးသမားတွေ လိုက်ကြတာပဲ .. ပါတဲ့လူတွေလည်း ပါကြတာပဲလေ .. ငွေမလိုချင်တဲ့ လူမှမရှိဘဲ .."

"ဒီအလုပ်တွေကို မင်းသားက လုပ်နေတာ ဆိုးရွားမနေဘူးလား နွေး ..၊ တစ်ဖက်က စီးပွားရေးသမားတွေရဲ့ လက်ကိုင်တုတ်ဖြစ်နေတဲ့ ကောင်က ငါ့သားဖြစ်နေတာ ရှက်ဖို့မကောင်းဘူးလား .."

"မနေ့တစ်နေ့ကမှ ငါ့သားဖြစ်ခဲ့ရရှာမှန်း သူတို့မသိသေးလို့ပါ.."

"နွေး .."

"အစ်ကို သတိမထားမိမှာစိုးလို့ ပြောပြတာပါ၊ သားက အဒေါ်နဲ့ တစ်မိန်းလူရဲ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာ၊ ဒါတောင် အင်ဂျင်နီယာ တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သေးတယ်၊ ရည်မှန်းနာခံတတ်တဲ့ ကလေးတစ်ယောက်ဖြစ်လာသေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွေးနွေး ဒါတွေကိုပြောဖို့အတွက် တကူးတက ရောက်လာခဲ့တာမှန်း ဦးမြတ်တင် နားလည်သွားသည်။ ပြီးတော့ ကိုယ့်သားအတွက် သူ့ရင်သွေးမဟုတ်သည့် မအေက တိုက်ပွဲဝင်နေတာ မယုံနိုင်စရာ ..။

ဖြန့်လည်ချေပချင်သည့် စကားတွေက စိတ်မကောင်းခြင်းများစွာဖြင့် ပျောက်ဆုံးခဲ့ရ၏။ ကိုကို့ အပေါ် ဖြစ်နေခဲ့သမျှသော ဒေါသတို့သည် ဒေါ်နွေးနွေး ၏ တိုက်စစ်အောက်မှာ လုံးထွေးအားလျော့ခဲ့ရင်း..၊

"မင်း ငါ ရင်ဆိုင်နေရတာကို နားမလည်ဘဲနဲ့ နွေး ရာ .."

"ဟုတ်ပါတယ် .. နွေး နားမလည်ပါဘူး၊ ဒါပေမယ့် အစ်ကို့စိတ်ကိုတော့ သိတယ် အစ်ကို၊ ဒီကလေးရောက်လာတည်းက မျိုသိပ်နိုင်လွန်းတယ်၊ ခေါင်းငုံ့နေတယ်၊ မြစ်စိစိဆိုတဲ့ စကားတွေနဲ့ အစ်ကိုပဲ ကြိတ်မှိန်ခံမရဖြစ်နေခဲ့တာ၊ ခု ဒီပုံစံဖြစ်နေပြန်တော့လည်း ဖြတ်စားလာဘ်စားကောင်တဲ့ .."

"ဟုတ်တယ် ကိုယ် လောဘတွေကြီးနေတာလား .. ဒါမှမဟုတ်.."

"အဲဒီခံစားချက်တွေ ဘယ်ကမြစ်ဖျားခံနေသလဲဆိုတာ နွေး နားလည်ပါတယ်၊ ဒါပေမယ့် ပစ္စုပ္ပန်မှာရှိနေတဲ့ လူငယ်တစ်ယောက်ရဲ့ ပစ္စက္ခအခြေအနေကိုပဲ အစ်ကို့ကို နားလည်စေချင်တာ၊ ဆေးသားညီဖြစ်ခဲ့တဲ့ ဗီဒီယိုဖိုင်ကို အစ်ကိုဖွင့်ပြလို့ နွေး လည်း ကြည့်ခဲ့ရတာပဲ .."

"ဒါနဲ့တောင် နွေး ရယ် .. မင်း ဒီကောင်လေးဘက်ကို အကောင်းမြင်ပေးဖို့တစ်ခုကိုပဲ ဦးတည်နေတာက .."

"သူက လူဆိုးမှ မဟုတ်ဘဲ အစ်ကို၊ ဆောက်လုပ်ရေးကိစ္စတွေမှာ ကြားပွဲစားလုပ်ပြီး ဖြတ်ခုတ်သလိုဖြစ်ခဲ့တယ်၊ အဲဒါလည်း သူတို့အလုပ်ဖြစ်ချင်ရင် ဖြစ်မယ့်ဈေး ပြန်ပြင်ရုံပဲ ..၊ သားက သေနတ်နဲ့တော့ ဓားနဲ့ထောက်ပြီး ခြိမ်းခြောက်တာမှမဟုတ်ဘဲ .."

"ဒါဆို ကိုဇေယျာ နဲ့ အပေးအယူတွေဖြစ်နေတဲ့ကိစ္စကရော ငါက သူများအထုပ်ဖြေပြမှ သိခဲ့ရတာ၊ သူ ဒါကို ဘာကြောင့် လျှို့ဝှက်ခဲ့တာလဲ.."



"စေတနာအမှားဆိုတာ ရှိတတ်တာပဲမို့လား အစ်ကိုရယ်၊ ပြီးတော့ ကြောက်ရတဲ့လူရှေ့ရောက်ရင် ကြောက်တဲ့စိတ်ကြောင့် ပိုပြီးမှားယွင်းတတ်ပါတယ် .."

"ဆေးသားညီ ရဲ့ မဲပြုံးတွေ အကြည့်တွေကို မင်း မမြင်ဘူးလား။ အဲဒီလိုလူက ငါ့ကိုကြောက်ပြီး မှားယွင်းနေတယ်ဆိုတာ ဘယ်လိုမျက်စိမှိတ်ပြီး ယုံလိုက်တာလဲ .."

"အဲ့ဒီ မဲ့ပြုံးတွေက ဦးဇေယျာ ရှေ့မှာလေ၊ အစ်ကို့ရှေ့မှာတော့ တုတ်တုတ်တောင် မလှုပ်ရဲလို့ မပြုံးရဲတာပေါ့၊ သား ဒီလိုတွေ လုပ်နေတာ အစ်ကိုမကြိုက်ရင် ပြေပြေလည်လည်ပြောပြပါလား အစ်ကို၊ သားက ပညာတတ် လူရည်မွန်လေးပါ .."

"ဟွန်း .."

ဦးမြတ်တင် က ပြုံးလိုက်ပြီး ခေါင်းခါ၏။

"မင်း စကားထဲမှာ အဖြေပါနေပြီ နွေး .."

"ဘာလဲဟင် .."

"တင်ကိုကို က ဆေးသားညီ ဖြစ်သွားတဲ့ကိစ္စ ငါဘယ်လိုမှ တွေးလို့မရဘူး၊ ကြောက်တတ်တဲ့လူက ရဲရင့်တဲ့ဘက်ကို ကူးပြောင်းသွားတတ်တာ မှန်တယ်၊ ဒါပေမယ့် အဲ့ဒီလို ပြောင်းလဲသွားနိုင်တဲ့ အကြောင်းရင်းဆိုတာလည်း ရှိတာပဲ၊ မကြောက်တတ်တဲ့လူ ကြောက်ဟန်ဆောင်ရင်လည်း အသံတွေတုန် ခေါင်းငုံ့ထားပြီး သရုပ်ဆောင်လို့သာရရင်ရမယ်၊ သူ့မျက်လုံးတွေကို ဟန်ဆောင်လို့မရဘူး .."

"အစ်ကိုက သားကို ဆေးသားညီ မဖြစ်နိုင်ဘူးလို့ ထင်နေတာလား.."

ဦးမြတ်တင် က ပြန်မဖြေခဲ့ပေ ..။

"ကိုကို နဲ့ ဆေးသားညီ တစ်ယောက်စီလို့ထင်နေတာဆိုရင်တော့ အစ်ကို့စိတ် အရမ်းကို ဇီဇာချဲ့လွန်းနေပြီလို့ ပြောရတော့မယ် –"

ဦးမြတ်တင် လှည့်ကြည့်တော့ ဒေါ်နွေးနွေး က ခေါင်းညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



တာ ...

"ဒီဒီယိုထဲမှာ သားကို မြင်နေလျက်နဲ့ ..."

"မသိဘူး ... ကိုကို့ကို စိုက်ကြည့်မိတဲ့အချိန်မှာ ဆေးသားညီ မဖြစ်နိုင်ဘူးလို့ ကိုယ် ခံစားမိနေတယ် ..."

"ဒါဆိုလည်း ရှင်းသွားအောင် မေးလိုက်ရုံပဲရှိတာပေါ့ ..."

နာရီဝင်္ကြည့်လိုက်တော့ ကိုးနာရီတောင် မထိုးသေးပေ။ ဒေါ်မြွေးမြွေး အိမ်ထဲပြန်ဝင်ပြီး ဖုန်းနံပါတ်ရှာရင်း ပြန်ထွက်လာ၏။

ဦးမြတ်တင် မတားဆီးဘဲ ကြည့်နေလိုက်မိသည်။

တစ်ခါတစ်လေမှာ ရိုးရှင်းစွာရှိနေသည့်အဖြေကို မိမိဘာသာ စက်ခဲ ဝင်ဝန်းစွာ တွက်မရဖြစ်နေတတ်သောကြောင့် ...।



အခန်း (၂၄)

"တောက် ... ဒီမိန်းမ တော်တော်လွန်လာပြီ ..."

"အချိန်မရှိမှ ဘယ်က မိန်းမလဲကွ ... ငါ့ဘက်က အရှုပ်ဖယားမရှိဘူးနော် ..."

ရေစိုလက်စခေါင်းကို တဘက်နဲ့ပွတ်သုတ်ရင်း ဦးသူအောင် က ထင်ကြေးနဲ့ စွတ်တင်နေ၏။ ဒေါ်နုရီ က ဖုန်းကို စားပွဲပေါ်တင်လိုက်ပြီး အိပ်ရာပေါ် နောက်ပြန်ဆောင့်ခနဲထိုင်သည်။

"အရေးထဲမှာ ကြော်ငြာဝင်နေပြန်ပြီ၊ ရှင့်လို အန်း(ဒ်)ဒိတ်(ထ်)ကြီးကို အရှုပ်ဖယားခင်းမှာ ပူနေစရာလား၊ စိတ်ကူးတွေ ယဉ်နေသေးတယ် ..."

"ဒစ်(စ်)ကောင့်(ထ်)လေးဘာလေး ချခင်းရင်တော့ ဆွဲရင်ဆွဲသွားမှာပါကွာ ...၊ မင်းကလည်း ပြောလိုက်ရင် တစ်ဆုံးပဲ ..."

"ဟွန်း ..."

"အေးပေါ့ ... ငါသာ ခုနေ သူဌေးကြီးဆိုရင် အနားမှာ အရှုပ်ဖယားလေးတွေနဲ့ ..."

"ဒုက္ခပါပဲနော် ... သူ့ကိုယ်သူ လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ ချာတိတ်

www.burmeseclassic.com

www.burmeseclassic.com



လေးရှုတ်နေသလားမသိဘူး၊ ဟိုမိန်းမကြောင့် ဒေါသထွက်နေရတဲ့ကြား ထဲ ..."

"ငါ ညပ်နေပြီလား .."

"ကိုသူ .."

"မေးကြည့်တာပါကွာ .. ပြော .. ဘယ်မိန်းမလဲ .."

ဦးသူအောင် က တဘက်ကို တန်းပေါ်ဖြန့်တင်လိုက်ပြီးမှ အနားမှာ ထိုင်ကာ ..၊

"ဒေါ်စိန်မကြီးလား .. ငါတို့ သူ့အတိုး လစဉ်မှန်မှန်ပေးနေတာပဲ.."

"မဟုတ်ပါဘူး အရီ တို့က သူများကြွေးမကင်းပေမယ့် ကိုယ့်ဂုဏ်သိက္ခာကို တစ်ပြားဖိုးမှ ထိခိုက်ခံခဲ့တာမဟုတ်ဘူး၊ အခု ဖုန်းဆက်တာ ဟိုမိန်းမ နွေးနွေး .."

"နွေးနွေး .. ကိုတင့် မိန်းမလား .."

"ဟုတ်တယ် .."

ဦးသူအောင် စိတ်ဝင်စားသွားသည်။

"သူက ဒီအချိန်ကြီး ဖုန်းဆက်ပြီး ဘာပြောတာလဲ၊ ကိုကို အိမ်က ထွက်သွားလို့လား .."

"ကိုကို ထွက်သွားတာမဟုတ်ဘူး၊ အခု ညီ ကို ထပ်လိုချင်နေတာ၊ မိန်းမကိုက ကြီးလိုက်တဲ့လောဘ၊ အတောမသတ်နိုင်ဘူး .."

"နေပါဦးကွ .. ညီ ရှိနေသေးတာ သူတို့မှမသိဘဲ ကိုကို ပြောပြလိုက်တာလား .."

"သိလို့မဟုတ်ဘူး ကိုသူ .. မသိလို့မေးတာ၊ ကိုကို့မှာ အမွှာညီအစ်ကို ရှိတာလားတဲ့ .."

"ဟင် !..."

"ညီ က ရန်ကုန်ရောက်နေတော့ တစ်နေရာရာမှာ တွေ့လို့ဖြစ်မှာပေါ့.."

"အင်း ..."



ဦးသူအောင် ၏ သက်ပြင်းချသံကြီးက အရှုံးပေးလိုက်ဖို့ ခက်ခဲ ဝင်ပန်းစွာ ဆုံးဖြတ်ချက်ချလိုက်တာမျိုး ..၊

"ရှင့်ရဲ့ အင်း သံကြီးက ဘယ်လိုကြီးလဲ ကိုသူ .."

"တွေးမိလို့ပါကွာ .. လူနှစ်ယောက်ရှိနေတာကို တစ်ယောက်ကို ဖျောက်ထားဖို့က လွယ်တဲ့ကိစ္စမှမဟုတ်တာ၊ တစ်နေ့မဟုတ် တစ်နေ့ သိမှာပဲ၊ မင်း ပြောပြလိုက်တာ ကောင်းပါတယ် .."

"ဘယ်သူက ပြောပြမှာလဲ .. ဝေးသေးတယ် .."

"ဟင် .. မင်း .. မင်း အခု .."

"မရှိဘူးလို့ပြောလိုက်ကယ် .. ပြောင်ပြောင်ပဲ .."

"အရီ ရာ .. တစ်နေ့သိသွားရင် ငါတို့က လူကြီးတွေဖြစ်ပြီး မကောင်းပါဘူး .."

"ဘာကို မကောင်းရမှာလဲ ကိုသူ၊ အဲ့ဒီတစ်ယောက်က ပြောရမယ် ဆို မမရဲ့ လင်လုဘက်ပဲ .."

"ဒါကလည်း ပြောရမယ်ဆိုရင် မင်းအစ်မနဲ့ ပြတ်စဲသွားမှ .."

"ရှင်က ဘာဖြစ်လို့ ဟိုဘက် ဖာထေးပြောနေတာလဲ၊ ဖုန်းထဲက နည်းညံ့ယသွားတဲ့ အသံလေးကိုကြားပြီး စေတနာတွေ ပွားသွားတာလား.."

"မဟုတ်ပါဘူး .. အခု သူက ကိုကို့ ရဲ့ မိခင်နေရာမှာရှိနေတာ လေ၊ ကိုကို ကလည်း ဒီမိထွေးက သဘောထားကြီးပါတယ်လို့ ဖုန်း ဆက်တုန်းက ပြောတာပဲ .."

"သဘောထားကြီးပြီပေါ့ သူမှ ကလေးမမွေးနိုင်တာ .."

"ငါတို့မှာလည်း ကလေးမရခဲ့ဘူးလေ .. သူများကို ကဲ့ရဲ့မနေ စမ်းပါနဲ့ .."

"အရီ တို့က ကားအက်ဆီးဒင့်ဖြစ်ပြီး ကိုယ်ဝန်ပျက်ကျလို့ ကလေး ယူလို့မရတော့တာ၊ သူ့လို အမြုံမဟုတ်ဘူး .."

"သြော် .. ကဲ .."

www.burmeseclassic.com

www.burmeseclassic.com



“အခု သူက ကိုယ်တိုင်မမွေးရဘဲ လောက်လောက်လားလားအရွယ်ကြီးတွေကို အသာလေးဆွဲခေါ်သွားတာ၊ ကိုကို့ ကို ကုမ္ပဏီမှာ ခိုင်းနေတာ အဆင်ကိုပြေလို့ ..”

“မိဘစီးပွား သားသမီးလက်ဆင့်ကမ်းတာပဲကွ ..၊ နို့ .. မင်းပဲ ငါ့တူကြီး ကောင်းစားတော့မှာ ခေါ်လေးတို့ကို မမေ့နဲ့ဆိုပြီး ကြည်ကြည်သာသာ ထည့်ပေးလိုက်တာ မဟုတ်ဘူးလား ..”

“အစက ကြည်သာခဲ့ပေမယ့် အခု မကြည်သာတော့ဘူး ..”

“ဘာဖြစ်သွားတာလဲ ..”

“နားလည်သွားလို့လေ .. ပြီးတော့ စေ့စေ့တွေးလေ ရေးရေးပေါ်လေ၊ တစ်သက်လုံး လှည့်မကြည့်ခဲ့ဘဲနဲ့ အခု ခိုင်းလို့ကောင်းတဲ့အရွယ်ကျမှ ..”

“ဒါကတော့ ငါတို့က သူတို့နဲ့ဝေးရာကို ရောက်နေကြတာပဲကွာ..”

“နောက်ပြီး ကိုတင် က ခေါ်တာမဟုတ်ဘူး၊ ဖအေကတောင် သတိမရဘဲနဲ့ မိထွေး က ..”

“ဘယ့်နှယ် ခုမှ မကောင်းမြင်းတရားတွေချည်း ထိုင်ရှုတ်နေတာလဲ အရီ ..၊ ခုခေတ် ဘွဲ့ရပညာတတ်ဆိုတာလည်း ဘွဲ့လက်မှတ်လေး ပိုက်ဒီတင်နဲ့ လစာတစ်သိန်းခွဲ နှစ်သိန်းလောက်ရဖို့ ခြေတိုအောင် သွားလာကြိုးစားကြရတာ ..”

“အရီ့ တူတွေက အင်ဂျင်နီယာတွေပါ၊ အိုင်တီခေတ်မှာ အလုပ်မရှားဘူး၊ တစ်နှစ်လုံးမှာ ဆယ်ရက်လောက်ပဲ ကျောင်းလေးပြေးတက်ပြီး ရထားတဲ့ဘွဲ့မဟုတ်ဘူး ..”

ဒေါ်နုရီ က ပြောပြီဆို ဖွတ်တရွတ် ..၊

“ညီညီ့ မာနကိုကြိုက်တယ်၊ အဲ့ဒီကို ဘယ်တော့မှ မသွားလေကောင်းလေပဲ ..”

“ဟုတ်တယ် .. သူ သွားချင်ပြီဆို မင်းတားလို့မရဘူးဆိုတာလည်း



တည်းက ခံနိုင်ရည်ရှိအောင် ကြိုတွေးထား ..”

“ခံနိုင်ရည်မရှိစရာအကြောင်းလည်း မရှိဘူး ကိုသူ၊ အရီ တို့ဟာ တော်စပ်မှုပဲရှိတာ၊ သူတို့လေးတွေကို မပိုင်ဘူး၊ အဲဒါကို နားလည်ပြီးသား၊ ခု ဖြစ်နေရတဲ့ ဒေါသက ဘယ်က ထဖြစ်လာမှန်းကိုမသိဘူး၊ ဒီ ဖုန်းဝင်လာကာမှ ဖြစ်တာ၊ သူ့အသံကြားတာနဲ့ မမ မျက်နှာကို ပြေးမြင်ပြီးတော့ ..”

ဒေါ်နုရီ၊ အသံတွေ မသိမသာတုန်လာတော့ ဦးသူအောင် သက်ပြင်းချမိ၏။ ဟုတ်ပါသည်။ ကိုကို့ကို ခေါ်ပါရစေလို့ ဆက်သွယ်လာတုန်းက သူမတို့ချင်း ဖုန်းပြောခဲ့တာမဟုတ်ပေ ..။

“ကိုကို့ ကို ပေးလိုက်ပြီးမှ အထီးကျန်ဆန်သလိုလည်း ခံစားနေရတယ်၊ ညီညီ က အစတည်းက အရီ တို့ကိုသိပ်ကပ်တာမှမဟုတ်တာ၊ သူ့ပတ်ဝန်းကျင် ...ရာပြီး သူ့စိတ်ကြိုက် လွတ်လပ်မှုတွေရအောင်ယူတာ၊ ကိုကို က ..”

“ကဲပါကွာ .. ...ဘ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့၊ မင်းရင်ထဲမှာ အသိတရားရှိနေတာပဲ၊ လက်သည်းဆိတ်လို့ လက္ခဏ်ထိပ်နာတယ်ဆိုတာ မင်း မှန်ပါတယ်၊ တစ်နေ့နေ့ ညီညီ့ ကို သူတို့သိသွားရင်လည်း ကလေးတွေအပေါ်မှာ မင်း သံဝန်တိုတာ သဘာဝကျပါတယ်၊ သူတို့ ဘာသာဆုံးဖြတ်ထားကြတဲ့ကိစ္စ ငါတို့ကြားဝင်သွေးခွဲထားတာမှ မဟုတ်တဲ..”

ဦးသူအောင် ဇနီးသည်ကို နှစ်သိမ့်ရင်း ညီအစ်ကိုနှစ်ယောက်ကို မြင်ယောင်နေမိသည်။

သူတို့ကရော တစ်သက်လုံး တစ်ယောက်တစ်ခြားစီ နေသွားကြမှာတဲ့လား ..၊

သူတို့ပဲ ဆုံးဖြတ်ကြပါစေ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ကားတွေ ညအိပ်ရပ်နားစခန်းထဲမှာ ကိုယ့်ကားကို ထိုးထားခဲ့ရတာ ကြာပါပြီ။ ဦးမြတ်တင် လက်ကိုင်အိတ်ကြီး ချိုင်းကြားညှပ်ထားရင်း ထိုင်စရာမရှိ၊ ရပ်နေလို့မကောင်းသည့်နေရာမှာ ဟိုနားလျှောက် ဒီနားလျှောက်နှင့် အချိန်ဖြုန်းနေရ၏။

"သူဌေး အဲ့ပြင်က ကော်ဖီဆိုင်မှာ သွားထိုင်နေပါလား၊ ကျွန်တော်ပဲ ပွဲစားကို စောင့်နေလိုက်ပါ့မယ် .."

"မဖြစ်ဘူး .. ငါ့မှာ အဲဒီလောက်အချိန်မပိုဘူး၊ ပွဲစားဆီ ဖုန်းဆက်စမ်း .."

ဒရိုင်ဘာကို ဖုန်းဆက်ခိုင်းကာ တန်းစီ၍ တစ်မျိုး၊ ဖြစ်သလိုတစ်မျိုး ရပ်ထားကြသည့်ကားတွေကို စိတ်မသက်သာစွာကြည့်နေမိသည်။

ဟိုအရင်တုန်းကလို ဝယ်ရောင်းလုပ်ကြသည့်ကားပွဲစားတန်းဆိုတာ သတ်မှတ်ချက်မရှိတော့ပေ ..။ အားလုံးက ဝယ်ချင်ရင် ကားရှိုးရွမ်းကို သွားကြသည်။ ပြန်ရောင်းကြတော့ ဒီလိုပဲ အခုဆင်ပြေသလို လုပ်သွားကြ၏။

ကိုကို့ ကြောင့် ပြင်ဆင်ထားရသည့်ကားကို အကောင်းတိုင်းပြန်ရ



ပြီဆိုပေမယ့် သူ မလိုချင်တော့ပေ ..။ ထို့ကြောင့် ဒီကားကို ပြန်ရောင်းဖို့ ကြိုးစားနေခဲ့တာဖြစ်သည်။

"သူဌေး ပွဲစားက သူဌေးနဲ့ ပြောမယ်တဲ့ .."

သူ ဖုန်းယူလိုက်ကာ ..၊

"အေး .. ပြောကွာ .. မောင်ကိုဦး .."

"အန်ကယ်လ်မြတ် ကို အားနာတယ်ဗျာ .. အဆင်ပြေရင် အနောက်ဘက် ဝင်းထဲကို ပတ်လာခဲ့ပါလား .."

"ဟင် .. မင်းပဲပြောတော့ .."

"ဟုတ်တယ် အန်ကယ်လ် .. အခု ဝယ်လက်က တစ်ဦးတည်း၊ ကားက အမျိုးအစားတူမော်ဒယ်တူ နှစ်စီးဖြစ်နေတာ .."

"ဟ .. မင်းပြောတုန်းက ငါ့ကားကို မြင်ရင် တန်းကြိုက်မှာ၊ ထွက်ရစေမယ် စိတ်ချပါဆို .."

"ကားက တစ်ရက်တည်း နှစ်စီးဖြစ်သွားလို့ပါ အန်ကယ်လ်ရာ.."

"အေး .. ရောင်းတော့ ရောင်းထွက်ချင်တယ်၊ ဒါပေမယ့် ငါ ဒီနေ့ အချိန်သိပ်မရတော့ဘူး .. နေပေ့စေတော့ကွာ .."

"အင်း .. ဒါဆိုလည်း .."

"မောင်ကိုဦး .."

"ဟုတ်ကဲ့ ပြောပါ အန်ကယ်လ် .."

"ငါ ဒရိုင်ဘာနဲ့ လွှတ်လိုက်မယ်၊ အဆင်ပြေတယ်မို့လား .."

"ဖြစ်တယ် .. ဖြစ်တယ်၊ ကျွန်တော်လည်း သူတို့ခေါ်လာမယ့် လူထက် ပိုတော်တဲ့ မတ္တင်းနစ်ကို ဆွဲထားပါတယ်၊ အန်ကယ်လ့်ကား အတွက် အိတ်စိုက်ဖလားစိုက် ကြိုးစားပေးမှာပါ .."

"ဟွန်း .."

"ဟာ .. အန်ကယ်လ် အထင်မလွဲနဲ့နော် .. ဒါက ပွဲစားသစ္စာ၊ ကားတွေ ဒုံးကြမ်းပေါ်နေလို့ ပွဲစားတွေ အိပ်နေရပေမယ့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က အမြဲတမ်း သစ္စာနဲ့နေတဲ့ သူပါ ..”

“အေးပေါ့ကွာ ..”

“အန်ကယ့်လ်ဆီက ထုံးစံအတိုင်းထက် ဘာမှ ပိုမယူဘူး၊ ကျွန်တော် အာမခံထားတဲ့ ကတိအတွက် ကြိုးပမ်းပေးမှာ ..”

ကိုဦးက ဖုန်းချပြီးတာနှင့် ရောက်နေပြီဖြစ်သည့် ကားဆီပြေးသည်။ ကားပိုင်ရှင် အမျိုးသမီးကြီးကလည်း လက်ဆွဲအိတ်ကြီး တရမ်းရမ်းနှင့် စောင့်နေတာဖြစ်လျက် ..၊

“မင်းရဲ့ ဝယ်လက်က ဘယ်အချိန်လာမှာလဲ ..”

“လာမှာပါ အန်တီ၊ သူက နယ်ကဆိုတော့ မြို့မှာ သွားတာလာတာ မကျွမ်းဘူးလေ၊ သူ စီးလာတဲ့ကားလမ်းကြောင်း ပိတ်နေလို့ ကွေ့ရှောင်မောင်းရင်း ပိုကြာနေတာပါ၊ ဖုန်းပြောပြီးပါပြီ၊ ပြီးတော့ .. ဒီနေ့ပြဖို့ ကားက နှစ်စီးရှိနေတော့ ..”

“ဟင် .. ဟုတ်လား ..”

“ဟုတ်တယ် .. အန်တီ့ ကားမျိုးပဲ၊ ဒါပေမယ့် သူက တစ်လက်ကိုင်ပဲရှိသေးတာ၊ နယ်ဝေးလည်း သိပ်မထွက်ဘူး ..”

“အိုကွယ် .. ဒါကတော့ မိုင်လစ် ကို စစ်ကြည့်လိုက်ရင် သိတာပဲ..”

“မဟုတ်ဘူးလေ အန်တီ၊ အဲဒီလို စစ်လို့ရတာ ဟုတ်တယ်၊ ကျွန်တော် ပြောတာက ..”

“ကဲပါကွယ် .. သူတို့လည်း စစ်ကြည့်ဦးမှာပါ၊ မင်းကလည်း မင်းကို အားကိုးမှပဲ ငါ့ကားကို ကားသချိုင်းပြေးပို့ရမလို ဖြစ်နေပြီ ..”

“မဟုတ်ပါဘူး အန်တီရဲ့၊ ကျွန်တော်တို့ကတော့ ဈေးခြောက်လေ ပိုရလေပါ၊ နှစ်ဦးနှစ်ဖက် ပြေလည်ဖို့ကျတော့ အန်တီတို့ပဲ ဆုံးဖြတ်ရမှာ ..”

ရွှေလက်ကောက်တွေ ကွင်းနှစ်ဆယ်လောက် ဝတ်ထားကာ လက်ချောင်းမှာလည်း ကျောက်ရောင်စုံနှင့် ရွှေလက်စွပ်ကွင်းတွေ ထပ်ညပ်နေ၏။



ကြည့်လိုက်တာနှင့် ဒီအမျိုးသမီးကြီးလည်း နယ်ခံဓာတ်ထဲကပဲ ဖြစ်နိုင်မှန်း ကိုဦး က တွက်သည်။ ကားနှစ်စီးဆုံပြီးသည့်အချိန်နှင့် သိပ်မကွာခင် ဝယ်မည့်သူ ရောက်လာကာ ပွဲစားတွေရော နှစ်ဖက်က အဖော်တွေပါ ကားနားမှာ လူတွေများလာ၏။

ဒေါ်စုစု ဆိုသည့် အမျိုးသမီးကြီးက သူ့ကားကို အမျိုးမျိုးကြွားဝါ ဖော်ညွှန်းနေလျက် ကြိုက်သလို စမ်းလို့ရကြောင်းတွေပြော၍ အာမခံနေ၏။

ဝယ်မည့် ဇနီးမောင်နှံက ခေါင်းတညိတ်ညိတ်ရှိနေပြီးမှ ..၊

“မောင်ဆေးသားညီ လုပ်ပါ .. ကြည့်ပေးစမ်းပါ ..”

သူတို့ကိုယ်တိုင်ကတော့ မောင်းတတ်ပေမယ့် ဘာမှ သိပ်သိပုံ မပေါ်ပေ။ ဆေး က ကားထဲဝင်ထိုင်ပြီး စက်မဖွင့်သေးဘဲ ဒက်ရှ်ဘုတ်ကို ဖွင့်၍ ကားကို ဆာဗစ်ဆင်း(န်)လုပ်ထားသည့် စာရွက်စာတမ်းတွေကို ထုတ်ကြည့်နေ၏။

ပြီးတော့ စက်နှိုးကြည့်သည်။ သူ့ဆီမှာ အားလုံးအာရုံရောက်နေစဉ် တစ်ဖက်မှာ ရပ်စောင့်နေသည့် ဦးမြတ်တင် ၏ ဒရိုင်ဘာ စိန်သောင်း ကတော့ တအံ့တသြကြီးဖြစ်နေခဲ့လျက် ..၊

“အစ်ကိုလေး ..”

နှုတ်မှ ရေရွတ်လိုက်မိရင်း မျက်လုံးတွေပါ ပြူးဝိုင်းနေခဲ့၏။ အိမ်မှာ ဒရိုင်ဘာ နှစ်ယောက်ရှိသည်။ သူကတော့ ကိုကို့ ထက် အသက်ကြီးပါသည်။ ဒါပေမယ့် ကိုကို လို့လည်း မခေါ်ရဲတာမို့ အစ်ကိုလေးလို့ပဲ ခေါ်ကြ၏။

မယုံနိုင်အောင် ဖြစ်နေမိကာ ရှေ့ကိုတိုးသွားမိလျှင် ကားထဲက ထွက်လာသည့် ဆေး ရဲ့ မျက်လုံးတွေကလည်း ရပ်ထားသည့်ကားဆီ ရောက်သွားတာနှင့် တိုး၏။

ပြီးတော့ သူ့ထံ ဝေ့ခနဲရောက်လာပြီး လွှဲသွားကာ ..၊

“အန်ကယ်လ်တို့ ဒီကောင်ဆိုရင် နောက် သုံးလလောက်ဆိုရင် အနည်းဆုံး ဆယ်သိန်းဝန်းကျင်လောက် ကုန်ဖို့ရှိတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လက်တွေကို မျက်နှာချင်းဆိုင်ပြောတာပေမယ့် အမျိုးသမီးကြီးက ပြုံးပြုံးရွှေ့တိုးလာကာ ...၊

"ဘယ်လို ... ဘယ်လို ... ငါ့ကားက ပြင်ရတော့မယ် ဟုတ်လား၊ ဆားဗစ်စင်တာမှာ ကားပို့ထားရင်တောင် မြန်မြန်စစ်ပေးပါဆိုတိုင်း စစ်လို့ရတာမဟုတ်ဘူး ..."

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"ငါ့ကား ဒီနေ့ထိ အကြီးစားဘာမှ မဖြစ်ခဲ့ဘူး .."

" 'အော်တိုကား' ကားတွေက ဒီလိုပဲ၊ ဒါပေမယ့် အတွင်းက ပစ္စည်းတိုင်းမှာ သူ့သက်တမ်းနဲ့သူ ရှိတယ်၊ ဆားဗစ်ဆင်း(န်)မတင်ဘဲ လွှတ်ခိုင်းနေလို့မရဘူး၊ ကျွန်တော် ပြောတာတွေ အခု စမ်းပြလိုက်မယ်.."

ကားတစ်စီးရဲ့ဘေးမှာ ရောင်းသူဝယ်သူနဲ့ ပရိသတ်က စိုပြည်နေသည်။ ပြေပြေလည်လည်တော့ မဟုတ်ပေ ...၊ ဒရိုင်ဘာ စိန်သောင်းကတော့ ကိုကိုနဲ့ ဆေးသားညီ ရှင်းမရဖြစ်နေဆဲ ပြဿနာတွေကို သိမထားခဲ့သဖြင့် ကိုကို ကားအကြောင်း ဒီလောက်သိနေတာတောင် ဟိုတစ်ခါ လမ်းမပေါ်မှာ ဒုက္ခရောက်တုန်းက ဘာဖြစ်လို့ ခေါင်းကုတ်လက်ကုတ် မှိုင်းချနေရသလဲဆိုတာ တွေးမရနိုင် ဖြစ်နေခဲ့၏။

ထိုစဉ် က 'ကား ဘာဖြစ်သွားသည်' ဆိုတာလောက်တော့ ပြောပြသင့်သည်မို့လား၊ ပြောခဲ့လျှင် သူ့ခြေးလည်း ဒီလောက် ခေါ်ပွသွားမှာ မဟုတ် ...။

ကိုယ့်ကားအလှည့်ကိုရောက်တော့လည်း ကိုကို့ မျက်နှာက တအားတင်းနေသဖြင့် စိန်သောင်း ပါးစပ်ပိတ်နေလိုက်ရ၏။

ထိုနေ့မှာ ကားရောင်းထွက်ဖို့ အဆင်ပြေသွားခဲ့သည်။

"မင်းပွဲခ ဘယ်လောက်ရလဲ ကိုကို .."

မျက်နှာရှေ့မှာ ဖေဖေ့ကို ဘွားခနဲမြင်လိုက်ရသဖြင့် ကိုကို့ စိတ်ထဲမှာ သတိအနေအထားဖြစ်သွားခဲ့၏။ ဆေး က ဖုန်းဆက်ထားပြီးပြီမို့



ကိုယ်ဘာပြောရမလဲဆိုတာကို ကြိုတွေးထားပြီးဖြစ်သည်။

"ငါကတော့ ငါ့စီးပွားရေးအတွက် လှုပ်ရှားနေရမှာပဲ ကိုကို၊ အဲဒါ မင်းကို ကူညီချင်တာလည်း မဟုတ်ဘူး၊ နှောင့်ယှက်တာလည်းမဟုတ်ဘူး၊ မင်းဘက်က မင်းဘာသာ လည်သလို ကာကွယ်ဖို့ပြင်ထား ..." တဲ့ ...

ပြောတော့ လွယ်လွယ်လေး ...၊

"ပြောပါဦး မင်းက ဘာအတွက် ဒီလောက်တောင် စုဆောင်းနေတာလဲ .."

နောက်ထပ် မေးခွန်းတစ်ခု ရောက်လာသည်။ ဒါကိုတော့ မဖြစ်မနေ ဖြေရမှာကို သိကာ ...၊

"ကျွန်တော် .."

ဒီလောက် ကြိုးစားစုစည်းထားခဲ့တာတောင် ဖေဖေ့ မျက်လုံးတွေရှေ့မှာ သတ္တိတွေက အရောင်ဖျော့နေခဲ့လျက် ...၊

"ကျွန်တော့်အတွက် အဲ့ဒါတွေက အစတည်းက အသက်မွေးဝမ်းကျောင်းအလုပ်ပါ ဖေဖေ .."

"ဟုတ်လား .. ဒါဆို အိမ်ကကား ဖျက်တုန်းက ငါ့ဆီက လက်မ... မရမှာစိုးလို့ မတတ်သလိုနေလိုက်တာပေါ့ .."

"ဗျာ!.."

ဒါက သူ ထင်မထားသည့် မေးခွန်းဖြစ်သည်။ ဒီနေရာမှာ ညီ လို... ပါးစပ်မျိုးမဖြစ်ခဲ့တာကို ရင်နာသွားမိသည်။

ညီ သာဆို သူ့လို ဆွံ့အငိုင်တွေသွားခဲ့မှာ မဟုတ် ...၊

"ဟွန်း .. ငါ့ကားကို မင်းပဲ ဖျက်ဆီးခဲ့တာမို့လို့ ပြန်ရောင်းထွက်... အောင် ကူညီတာလို့ မှတ်လိုက်ရမှာပေါ့၊ မဆိုးပါဘူး မင်း လှုပ်ရှားပုံ... ရိုးရိုးလေးနဲ့ ဆန်းပါတယ်၊ ဒါပေမယ့် ငါ့သားဖြစ်နေတဲ့ကောင်က ဒီလို ပုံစံ ငွေရှာနေတာ ငါ ခွင့်မပြုနိုင်ဘူး .."

ဒါဆို ဘယ်လိုပုံစံ ရှာရမလဲ ဖေဖေ ...၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ မေးခွန်းတစ်ခု ဖြစ်သွားခဲ့သည်။ ဦးဓေယျာ ပြဿနာကြောင့် ဒီနေ့ထိ သူ့ကို ကုမ္ပဏီမှာ နေရာမပေးခဲ့ဘဲ ကားထဲနဲ့အပြင် ဝန်ထမ်းတွေနဲ့ စကားသွားပြောတာအောင် မကြိုက် ..။

ပြီးတော့ ဝရမ်းပြေးတရားခံတစ်ယောက်လို စောင့်ကြည့်ခြင်းခံနေရတာ အဆိုးဆုံး ..၊

"သား .."

သားအဖနှစ်ယောက်၏ အခြေအနေ တင်းမာခြင်းသို့ မရောက်မီ အစိမ်းနုရောင်အပေါ်ထပ်ဆွယ်တာလေးနှင့် ဒေါ်နွေးနွေး က ကိုကို့ ဆီးကို ရောက်လာကာ ..၊

"ရေချိုးခန်းထဲက ထွက်လာပြီး ရေလည်းစင်အောင်မသုတ်ဘဲ ဘာလုပ်နေတာလဲ သားရဲ့ ..၊ လာ .. လာ .. အအေးပတ်လိမ့်မယ် တော်ကြာ ချေစပ်ပွဲနီးနေမှ သတို့သားလောင်းက ဖျားနေရင် ပွဲပျက်လိမ့်မယ် .."

ဦးမြတ်တင် ကိုတော့ ခွင့်တောင်းသလိုတစ်ချက်ကြည့်သေးသည်။ ပြီးတော့ ကိုကို့ ကို လက်ဆွဲခေါ်သွား၏။ ဇနီးသည် တမင်ခေါ်ထုတ်သွားတာမှန်း ဦးမြတ်တင် က သိသည်။

သူ တစ်ယောက်တည်းနေရာမှာ ကျန်ခဲ့မှ မျက်မှောင်ကုတ် ငြိမ်သက်နေရင်း နှုတ်ခမ်းတွေမှာ တပြည်းပြည်းပြုံးယောင်သမ်းလာခဲ့၏။ နားထဲမှာ ဒရိုင်ဘာ စိန်သောင်း ၏ သတင်းပေးချက်တွေကိုလည်း ပြန်လည်ကြားယောင်လာခဲ့သည်မို့ ..၊

"ကျွန်တော် တကယ် အံ့ဩသွားတာ၊ မျက်နှာကလည်း တည်တည်တင်းတင်းကြီးဗျာ၊ ကားကို စက်ဝင်နှိုးကြည့်ပြီး စစ်ဆေးနေတာ တကယ့် မကျွင်းနစ်ပဲ၊ စက်ပစ္စည်းတွေကို ဖွင့်လှန်ကိုင်တွယ်နေတာလည်း ကျွမ်းကျင်သလား မမေးနဲ့၊ သူ့ခြေးက အဲဒီမှာ အစ်ကိုလေးရှိနေလိမ့်မယ်ဆိုတာ ကြိုပြောမထားတော့ သွားတောင်မေးမိတော့မလို့ .."

စိန်သောင်း က ဘာမှသိမထားဘဲ အားပါးတရပြောပြသည်။ ဦး



မြတ်တင် ကလည်း ဘာမှမပြောဘဲ ဒီတိုင်းနားထောင်နေခဲ့တာဖြစ်သည်။ ဒါပေမယ့် စိတ်ထဲမှာတော့ စိုးရိမ်သွားမိတာအမှန် ..။

ကိုယ့်ကားကို ပြန်အမွှန်းတင်ပြီး ပွဲစားဆီက ပိုက်ဆံတစ်ပတ်ရိုက်သည့်အဖြစ်မျိုး သူများက ထင်သွားနိုင်၏။ ကိုကို အိမ်ရောက်လာတာ မကြာသေးသည်မို့ လူသိနည်းသေးပေမယ့် လျှို့ဝှက်စကားက ပိုပြီး ဆေါက်ကြားလွယ်တတ်သည်။

ကိုယ်ကတော့ တမင်လျှို့ဝှက်တာမဟုတ်ပေ ..။ သို့သော် သိတဲ့လူက ဖော်လိုက်လျှင် မကောင်း ..၊

ဒါပေမယ့် အင်ဂျင်ပိုင်းဆိုင်ရာကို ကျွမ်းကျင်စွာ စစ်ဆေးပြနိုင်သည်ဆိုတော့ ဒါက မဟုတ်ကဟုတ်က လိမ်လည်ပြောခိုင်းရသည့် ကိစ္စတော့ မဟုတ် ..။

နွေး ပြောသလို ကိုကို က ထိုဘဝမှာပဲ အံသေလာခဲ့ပြီးမှ ကိုယ့်ဆီက မေတ္တာကို အလိုရှိနေလို့ ဒီနေရာမှာတစ်မျိုး၊ ဟိုနေရာမှာ တစ်မျက်နှာနှင့် နေနေတာလား ..၊

ဒါလည်း မဖြစ်နိုင် .. လူတစ်ယောက်က စရိုက်နှစ်မျိုးနဲ့ ရှင်သန်နိုင်သည်ဆိုတာ စိတ်ဝေဒနာတစ်မျိုးမျိုးစွဲကပ်နေသူသာ ဖြစ်နိုင်သည့်ကိစ္စ ..၊

ကိုကို့ကို အကဲခတ်မိတိုင်း ဆေးသားညီ နှင့် ဆင်ဆင်တူသော မျက်နှာအမူအရာ ပြောဆိုပုံကအစ ဘာတစ်ခုမှ မရှိခဲ့ပေ ..။

ခုနက စကားပြောကြည့်တဲ့အထိ သူ့ ရှေ့မှာ စကားသံတွေ ထစ်ငေါ့နေတုန်း ..၊

ဒါကို တွေးမိတိုင်း သူ ရခဲ့တာအဖြေတစ်ခုပဲရှိသည်။

တစ်ခုခုတော့ လွဲနေပြီ .. ဟု ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"မနက်ဖြန် ရေစပ်တော့မယ် သားရယ် .. သားက .."

ဒီမေးခွန်းမျိုး ထပ်ထွက်လာမှာစိုးလို့ မေမေ့ ကို သူ ရှောင်နေခဲ့တာ ဖြစ်သည်။

"ကျွန်တော် စိတ်ညစ်နေတာတော့ အမှန်ပဲ မေမေ၊ ဒါပေမယ် ရေစပ်မှာနဲ့တော့ မဆိုင်ပါဘူး .."

"သား အဖေကြောင့်လား .."

"ကျွန်တော် .."

"သားရယ် .. မေမေ သဘောပေါက်ပါတယ်၊ သားရဲ့ အဖေက သားကို မချစ်လို့မဟုတ်ပါဘူး .."

"သားသမီးကိုတော့ မိဘက ချစ်မှာပဲလို့ ကျွန်တော် တွေးခဲ့ဖူးပါတယ်၊ ဒါကြောင့်လည်း ဒီနေရာထိ ကျွန်တော် စွန့်စားပြီး ဝင်လာတာပါ .."

"အဲ့ဒါ သား မမှားဘူး၊ သား အခု မှားနေတာ သားအဖေကို အစွန်းရောက်အောင် ကြောက်နေတဲ့အချက်ပဲ .."

ဒေါ်နွေးနွေး က သူ့အတွက် ထုတ်ပေးသည့် ကုတ်အကျီကို ဒီတိုင်း



ကိုင်ထားရင်း သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။

"ဆေးသားညီ လို ကာရိုက်တာမျိုးနဲ့ သားက ကွယ်ရာမှာပဲ လှုပ်ရှားနေတာ၊ တကယ်တော့ အဲ့ဒီလို စခဲ့တဲ့ သားရဲ့ဘဝကို သူ နားလည်နေပါပြီ၊ ပြီးတော့ သူကလည်း အဲဒီလို ရဲရင့်သွက်လက်တာမျိုးကို ကြိုက်တယ်၊ သားက ဒီမှာပြန်ပြီး တင်ကိုကို လို ပြန်ဖြစ်နေတဲ့အတွက် အခြေအနေတွေကို သူ ရှုပ်ထွေးနေတာ၊ သားကို သားအဖေက ဒီ့ထက် ရှင်းရှင်းလင်းလင်း နားလည်ချင်တာ .."

ကိုကို့ မျက်နှာက ကြည်လင်မလာဘဲ ပို၍ မှိုင်းရီသွားခဲ့၏။ မေမေ သဘောကျနေတာ ကျွန်တော့်ကိုမှ မဟုတ်ဘဲ အန့်တီ ..။

"သား နေတတ်သလိုပဲ နေလိုက်ပါ၊ သားက ဖအေကို ကြောက်ရွံ့ရှိသေပြီး ခေါင်းငုံ့မျိုသိပ်နေလေ သူက စိတ်တိုင်းမကျတိုင်း ပြောနေလေဖြစ်မှာ .."

'ခေါင်းငုံ့မျိုသိပ်တတ်တာ ကျွန်တော့်အကျင့်ပဲ၊ အဲဒါ တင်တို့ထိုပါပဲ ..'

လို့ပြောနေမိပေမယ့် ရင်ထဲမှာ ဖြစ်ကာ တစ်ဆက်တည်း နာကျင်စွာ တွေးမိတာက ဖေဖေ့ရဲ့ အထင်တကြီးရှိမှု၊ လိုလားနှစ်သက်မှုတွေကို သူရဖို့မလွယ်ကူခြင်းပဲဖြစ်လေသည်။

လောကကြီးက 'လိုလျှင်မပေး၊ မလိုလျှင်ပေး' လုပ်တတ်သည်လား ..။ ဒါမှမဟုတ် လူတွေကိုက 'လိုတာမရ ရတာမလို' ဖြစ်နေတာလား၊ ဒါမှမဟုတ်လျှင် နှစ်မျိုးစလုံး မှန်နေသည်လား ..။

"သား ကိုကို .."

"ဗျာ .."

"မေမေ ပြောတာကြားရဲ့လား .."

"ဟုတ်ကဲ့ .."

"ယောကျာ်းပဲ သားရယ်၊ အဆင်မပြေတာတစ်ခုခုနဲ့ ကြုံလာရပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆို စွဲခံပြီး တောင့်ထားရမှာပေါ့၊ တစ်ချို့ပြဿနာတွေက ဖြေရှင်းမှ ပြီးသလို တစ်ချို့ကိစ္စတွေက ရဲရဲရင့်ရင့် ကျော်ဖြတ်သွားနိုင်တဲ့ ဖွဲ့သတ္တိပဲလိုတာ၊ သားတို့ သားအဖကြားမှာ နည်းနည်းလေးပဲ လွဲနေတာပါ၊ သားကို သူ အခု ဆူနေတာတွေက သားဘက်က ပွင့်လင်းစေချင်လို့ပဲ.."

"ကျွန်တော့်ကိုက ကလိမ်ကကျစ်ဆိုတဲ့ စွဲချက်တစ်ခုတိုးလာတာမဟုတ်ဘူးလား မေမေ၊ ဘယ်ကိစ္စမှာဖြစ်ဖြစ် ကျွန်တော် မမှန်ကန်တာကျွန်တော်ပဲ တစ်ပတ်ရိုက်တာ .."

"အဲဒါ သားဘဝ အမှန်ပါပဲ ဖေဖေရယ်လို့ သားက ဝန်ခံလိုက်လေ၊ အဲဒါ ရဲရင့်တာပဲ သားရဲ့ .."

"ကျွန်တော် ဝန်ခံခဲ့ပါတယ် .."

"မဟုတ်သေးဘူး သား .. မတူဘူး၊ သားက ဝန်ခံတာပေမယ့် ဖုန်းကွယ်ရာရှာတာနဲ့ တူနေတာ .."

သူ ဒီလိုလုပ်မိမှန်းတောင် သူ့ကိုယ်သူ မသိခဲ့ပါလား ..၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ ခြေလှမ်းတိုင်းက မှားယွင်းမှုတွေပဲဆိုတာ ကြာလာလေ သေချာလေ ..၊

"မေမေ့ကို ကျွန်တော် တစ်ခု ပြောပါရစေ .."

"ပြောလေ သား .. ဘာလဲ .."

ဒါကို ပြောဖို့ သူ အတန်တန်စဉ်းစားခဲ့ရတာဖြစ်ကာ ဒီလိုပဲလုပ်သင့်သည့်အဖြေကို အထပ်ထပ်ရကာမှ ဆုံးဖြတ်ချက်ချနိုင်ခဲ့တာဖြစ်၏။

"ကျွန်တော့်မှာ ကိုယ်ပိုင်အရည်အချင်း ဘာမှမရှိဘဲနဲ့ မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ဖို့က .."

"လုပ်ပြီ သားရယ် .. သားက ဘာဖြစ်လို့ အရည်အချင်းမရှိရမှာလဲ၊ သားကြောင့်ပဲ အခု ပြဿနာတွေ ပြေလည်သွားတာ ဘယ်နှစ်ခုရှိပြီလဲ .."

"ဖေဖေက အဲ့ဒီလို မထင်ခဲ့ဖူးလေ .."



"အားလုံး အထင်တကြီးဖြစ်သွားခဲ့ကြပြီး သားအဖေတစ်ယောက်ပဲ ကဲ့ရယ်ရှုံ့ချနေတာမို့လား၊ အဲဒါ သားကို ဒီ့ထက်အရှုံးကြီးဆိုတော့ စေချင်တဲ့ လောဘတွေလေ .."

"ကျွန်တော့်ကို နောက်ထပ် ဘာမှ မလုပ်ရှားရဘူးလို့ အမိန့်ထုတ်ပြီးပြီ .."

"ဟုတ်လိမ့်မယ်၊ ဒါကို သားက ဖြေရှင်းယူရမှာ၊ မေမေလည်းရှိတာပဲ သားရယ်၊ အဲ့ဒါကို ဘာဖြစ်လို့ မျှော်တွေးပြီး စိတ်ပူနေတာလဲ.."

ကိုကို ခေါင်းခါမိလေသည်။ ဒါကို သူ မဖြေရှင်းတာ ကိုယ့်ဘာသာသိနေသည်။ ဆေး ကလည်း သူ့အလုပ်သူ ဆက်လုပ်နေမှာပဲဖြစ်သည်။ ရုပ်ချင်း ခွဲမရအောင် တူနေသည့် ဘြင့် ဆေး လှုပ်ရှားသမျှ ပုံရိပ်ထင်မှာက သူ့ပုံပဲဖြစ်၏။

ထိုအခါ သူ့ကို ဂရုမစိုက်ဘဲ ဆက်လုပ်နေသလားဆိုပြီး ဖေဖေ ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ် ..၊

"ကျွန်တော့် စိတ်ကူးအတိုင်းဆို မိန်းကလေးတစ်ယောက်က အထင်တကြီးဖြစ်ဖို့မရှိဘဲ ကျွန်တော် စေ့စပ်မထားချင်ဘူး .."

သူ ဒါကိုပဲ ထပ်ပြောမိသည်။ ဒေါ်ရွှေးရွှေး သက်ပြင်းချလိုက်မိ၏။ ကိုကို့ စိတ်က ဘာဖြစ်လို့ ဖအေ့အပေါ်မှာပဲ ဒီလောက်တောင် ညှုံ့သတ်နေခဲ့တာလဲဆိုတာ တွေးစရာဖြစ်နေပါပြီ။

'လူတစ်ယောက်တည်းက ကာရိုက်တာနှစ်မျိုးဖြစ်နေတယ်ဆိုတာ ကိုယ် လက်မခံနိုင်ဘူးဖြစ်နေတာ' လို့ အစ်ကိုတဖွဖွပြောနေတာတို ပြန်တွေးမိ၏။

သားလေး တကယ်ပဲ စိတ္တဇဆန်ဆန် အစွဲကြီးနေခဲ့ပြီလား ..၊

တစ်ယောက်တစ်မျိုးတွေးနေရင်း ဘာတစ်ခုမှ မပြောင်းလဲနိုင်ခဲ့ပေ။ ထို့ကြောင့် မနက်ဖြန်စေ့စပ်ဖြစ်မှာကလည်း သေချာနေခဲ့၏။

ရောက်ကာစက သူ့ခြေသားဖြစ်ရပြီဆိုသည့် ပျော်ရွှင်မှုတွေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တုန်းပြီလဲ ..။ ယဉ်စစခင် ဆိုသည့် မိန်းကလေးကို ကိုယ့်လိုအဆင့် အတန်းမဟုတ်လို့ နှာခေါင်းရှုံ့ခေါင်းခါမိတာတွေလည်း ခုတော့ ထိုခံစား ချက်တွေက အဓိက ကနေ သာမညဖြစ်ခဲ့ပြီဖြစ်၏။

တစ်လောကလုံးမှာ ကိုယ့်လောက် ညံ့ဖျင်းပြီး ဘာဖြစ်ဖြစ် အသုံး မကျတာ ကိုယ်ပဲရှိနေသလိုလို ..၊

တကယ်ဆို ဒီနေရာကို ရောက်လာရမှာ ဆေး သာ ဖြစ်သင့်သည် မဟုတ်ဘူးလား ..။

တစ်ယောက်တည်း အကြံလဲပြီး ခပ်လှုပ်လှုပ်ထွက်လာခဲ့၏။ သို့သော် အပြင်ကိုသွားဖို့ ခြေလှမ်းတွေက သားတံခါးကနေ ခြံထဲကိုရောက်လာခဲ့၏။

ပြီးတော့ သူ့လက်ထဲမှာ ဖုန်းကိုင်လျက်ဖြစ်ကာ ..၊



## အခန်း (၂၇)

ဒီမိန်းမ သူ့ကိုပဲ ဘာဖြစ်လို့ လိုက်ကြည့်နေတာလဲ ..၊

အလုပ်ကိစ္စမှာ အနှောင့်အယှက်တွေဝင်လို့ ရှင်းနေရတာတစ်ဖက်၊ ဟိုနေရာကနေ ဒီနေရာရောက်လာလည်း ကိုယ့်နား မနီးမဝေးမှာ သူမ က ရှိနေခဲ့လျက် ..၊

"ပြော .. ကိုပေါက် .."

ဖုန်းပြောရင်း မျက်နှာလွှဲနေလိုက်မိသည်။ ဗိုလ်ချုပ်ဈေးအပြင်ထောင့် မှာ လူတွေရှုပ်ယှက်ခတ်နေကာ စကားပြောရတာလည်း သိပ်အဆင်မပြေ..။

"ဟုတ်တယ် .. သုံးရက်ရှိပြီလေ၊ ခင်ဗျားကို ချိန်းထားတာ လေး ရက်ပဲ .."

".... .... ...."

"ရရစေမယ် စိတ်ချနေ၊ ကျုပ်က အလုပ်လုပ်ပြီဆို အလုပ်နဲ့တူ အောင်လုပ်တာ၊ နာမည်ပျက်မခံဘူး .."

ဖုန်းပြောနေရင်း လှည့်ကြည့်မိတော့ သူမက ကိုယ်ရှိရာကို လျှောက် လာနေပြီဖြစ်ကာ မလှမ်းမကမ်းမှာပဲ ခလုတ်တိုက်လဲ၏။

"အား .. ကျွတ် .."

www.burmeseclassic.com

www.burmeseclassic.com



စစ ပုံပျက်ပန်းပျက်လဲမသွားတာပဲ တော်သေးသည်လို့တွက်ရင်း သတိရလို့ ကမန်းကတန်းပြန်မော့လိုက်တော့ ကိုကိုက မရှိတော့ပေ…။

ချိန်းထားတော့ တစ်နေရာမှာ လှမ်းတွေ့လိုက်တော့ ဈေးနားမှာ…၊

ထို့ကြောင့် သူမ ကားပေါ်ကဆင်းနေခဲ့တာဖြစ်သည်။ ကိုကိုနဲ့ ချိန်းလိုက်တိုင်း တစ်ခါမှ အဆင်မပြေခဲ့ပေ။ ကိုယ်ကသာ သူ ချိန်းပြီဆို မပျက်မကွက် သွားခဲ့ရတာဖြစ်ကာ သူ့ဘက်က အကြောင်းအမျိုးမျိုးနှင့် ပျက်ကွက်ခဲ့သည်။

"သူ သမီးကို သဘောမကျဘူးထင်တယ် မေမေ …"

သူ သဘောမတူပါဘူးဆိုတာ သိပေမယ့် မေမေ့ကိုတော့ ဒီတိုင်း မပြောဖြစ်ခဲ့ပါ။

"အဲဒါကို နွေး နဲ့ မေမေ ပြောဖြစ်ခဲ့တယ် သမီး၊ ကလေးတွေ ဆန္ဒမပါဘဲ မစီစဉ်ချင်ဘူးလို့လည်း မေမေ ပြောခဲ့တယ်၊ ဒါပေမယ့် နွေး က ရှင်းပြတယ် သမီးရဲ့ … ကိုကို့ မှာ ချစ်သူတော့မရှိတာသေချာပါတယ်၊ သူ့အဖေက သူ့အပေါ်မှာ အထင်မြင်သေးတယ်ဆိုပြီး မျိုသိပ်ခံစားနေရတဲ့ သောကတော့ရှိတယ်တဲ့ …"

ထိုနေ့ကပဲ ကိုကိုတို့ သားအဖ၏ မပြေလည်မှုတစ်ချို့ကို မေမေက သိလာခဲ့ရတဲ့အတိုင်း ပြောပြခဲ့သည်။

"ကိုတင် က အိမ်ထောင်ရေးနာကျင်မှုရှိခဲ့တယ်၊ ကိုကို့ အပေါ်မှာ အဲဒီဂယက်ရိုက်နေတာပဲ၊ နွေး လို သဘောထားပြည့်ဝတဲ့ မိန်းမမျိုးက လည်း ရှားပါတယ်၊ ယောကျ်ားကိုလည်း နားလည်တယ်၊ မိထွေးပေမယ့် ကောင်လေးအပေါ်မှာလည်း သူ့ သားလေးလိုပဲ … ဒီစေ့စပ်ပွဲကို သူက ဖြစ်စေချင်နေတာ …"

"မေမေကရော အဲဒီလို ပြဿနာတစ်ခုခုရှိခဲ့တဲ့ မိသားစုထဲက လူတစ်ယောက်နဲ့၊ ပြီးတော့ ကိုကိုက အန်ကယ်လ်မြတ် လို တော်တာ လည်းမဟုတ်ဘူး၊ အန်ကယ်လ်လို အိမ်ထောင်ရေးကံတူနေရင်လည်း



ကောင်းတဲ့ အလားအလာပဲ … မေမေ ဘာလို့ သမီးနဲ့ သဘောတူခဲ့တာလဲ…"

"ဘာလို့ သဘောတူတာလဲဆိုတော့ သူ့ကို ပြလိုက်တည်းက သမီး ရဲ့ မျက်လုံးထဲမှာ သဘောကျတဲ့အရိပ်တွေ ဖြစ်သွားတာ မေမေ နား လည်လို့လေ …၊ သမီးက မြန်မာပြည်မှာပဲ အခြေချချင်တဲ့သူ၊ မြန်မာပြည် မှာ အရင်းနှီးဆုံးလူဆိုလို့လည်း မေမေတို့ပဲ ရှိတာ၊ သမီးကို စိတ်ချရတဲ့ မိသားစုတစ်ခုမှာ ပြည့်ပြည့်စုံစုံလေးဖြစ်သွားစေချင်တာ မေမေ့ ဆန္ဒပဲ…"

"သမီးကတော့ မဟုတ်ဘူး၊ သူ့ကို သဘောကျတာက သပ်သပ်၊ သူ့နေရာမှာ တခြားယောကျ်ားဖြစ်ခဲ့ရင်လည်း ဂုဏ်ကျက်သရေအတော် အသင့်ရှိတဲ့လူဆို ပြီးတာပဲ … သမီးက စေ့စပ်ဖြစ်ဖို့ပဲ မျှော်လင့်တာ …"

"ဘယ်လို …"

"သမီး သူငယ်ချင်းတွေ အိမ်ထောင်ကျကုန်လို့ ကလေးတွေတောင် ရကုန်ကြပြီ မေမေရဲ့၊ သူတို့နဲ့ ဆုံတဲ့အခါတိုင်း သမီးကို သနားစရာလေး လိုကြည့်တယ်၊ ပြီးတော့ … သူတို့ယောကျ်ားတွေကို လှည့်ကြည့်ပြီး 'ရှင့် သူငယ်ချင်းတွေထဲက ကျွန်မ သူငယ်ချင်းအတွက် တစ်ယောက်ယောက် တော့ ရှာပေးရမယ်' လို့ ပြောတာမျိုးတွေ၊ 'အပျိုကြီး ခုထိ မစွံသေးဘူး လား' ဆိုတာတွေ၊ အဲဒါတွေကို မကြားချင်တော့ဘူး …"

သူမ ပြောပြလိုက်တော့ မေမေက 'ဖြစ်ရလေ' လို့ညည်း၏။ တစ်ချို့ ဆို သုံးဆယ်ကျော် သုံးဆယ်ကျမှ ယူကြတာပါလို့ ပြောပြီး နှစ်သိမ့်ဖို့ ကြိုးစားရှာ၏။

သူမကတော့ 'ငါ့မှာ စေ့စပ်ထားတဲ့သူရှိတယ်' လို့ ပြောနိုင်ဖို့သာ လိုချင်ဆုံး …။ 'ငါ စေ့စပ်ပြီးပြီ' လို့ပြောရဖို့အတွက် တကယ် စေ့စပ်ပြီး နိုဝဲလိုသည်။

ပြီးတော့ ကိုကို က မြင်လိုက်ရတိုင်း တင့်တယ်နေသည့် ရုပ်ရည် အဆင့်အတန်းလည်းရှိလေသည်။ ကိုကို့ကို မြင်လိုက်တာနှင့် သူမ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကျူးထဲက ဖူးစာရှင်မျိုးပဲလို့ သတ်မှတ်ခဲ့မိတာက သဘောကျခြင်းအရာ မြောက်ခဲ့သည်ဆိုလျှင် ...၊

"အင့် .."

"ဆောရီး .."

လူတစ်ယောက်က ပခုံးတစ်ဖက်ကို ဝင်တိုက်သွားမှ အတွေးလွန်နေတာတွေ ဖျတ်ခနဲပျောက်သွားခဲ့ပြီး ကို ကို့ကို ရှာဖို့ သတိရလာ၏။

"ဘယ်ရောက်သွားပြီလဲ .."

ခေါင်းတစ်ခုလုံး ချာလပတ်ရမ်းအောင် လှည့်ပတ်ရှာမိလျှင် ကိုကို့ကို ကားတစ်စီးဆီ သွားနေတာ မြင်လိုက်ရင်း ...၊

မဖြစ်ပါ .. မနက်ဖြန်ဆို စေ့စပ်တော့မည်။ သူ့ဘက်က ဒီစေ့စပ်ပွဲကို ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေတာလား၊ ဒီလောက်ထိ ဖြစ်နေခဲ့ရင်လည်း လူကြီးတွေကို ကိုယ်တိုင်ပြောပြီးငြင်းရဲသည့်သတ္တိ မွေးရမှာပေါ့ ...။

သူ မပြောရဲရင်လည်း ကိုယ်ကတော့ သိရဖို့ကြိုးစားရလိမ့်မည်။ ကိုယ့်ဘက်က ဒီပွဲကို ဖြစ်မြောက်ချင်တာ မှန်ပေမယ့် မဖြစ်မြောက်တော့ဘူးဆိုရင်လည်း ပွဲဖြစ်ပြီးမှ ဖျက်သိမ်းလိုက်ရတာမျိုးတော့ အဖြစ်မခံနိုင်ပါ။

ဟင် .. ကားပေါ်တက်တော့မယ် ...၊

"ဒီမှာ .."

မထူးတဲ့ အဆုံးမှာ လှမ်းခေါ်လိုက်မိ၏။ သူက တံခါးဖွင့်နေရင်း လှည့်ကြည့်သည်။ ပြီးတော့ ...၊

"ဒီမှာ .. ကိုကို .. ရှင့်ကို စစ ပြောစရာရှိတယ်နော် .. ရှင် မသွားနဲ့ဦး .."

ဒီအခါပါ ဖြစ်လာကာ စကက်ရှည်ကိုဆွဲ 'မ' လိုက်ပြီး နောက်က ပါစင်ဂျာဆင်းသွားသည့် တက္ကစီကို တားလိုက်မိ၏။



ခုမှ ဘယ်လိုဖြစ်ရတာလဲ စစ ...၊

နင် မြင်သားနဲ့ တစ်ခါတည်း တန်းမေးလိုက်ပါလား၊ နင်လုပ်ပုံကြောင့် ဟိုကတစ်မျိုးထင်ပြီး မာန်တက်နေတာ သိရဲ့လား ...။

"တောက် .."

သူမ တက်ခေါက်လိုက်သဖြင့် တက္ကစီဒရိုင်ဘာ မှန်ထဲကလှမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ အစ်မ .. အလျှင်လိုနေလို့လား .."

"မဟုတ် .. အဲ .. ဟိုရှေ့က ကားနောက်ကိုလိုက်ပေးပါ၊ မျက်ခြည်မပြတ်ပါစေနဲ့ .."

"ကားအခြေအနေတွေနဲ့ သိပ်တော့ အာမ မခံနိုင်ဘူးဗျ .."

အရေးထဲ ရစ်နေသေးသည်။ သူမကိုက ကိုကို့ကို အပြင်မှာမြင်လိုက်ရတိုင်း တစ်ခုခုကို အံ့ဩသလိုလို ဇဝေဇဝါဖြစ်သွားတတ်ပြီး ကြည့်နေမိတာက အရင်ဖြစ်နေခဲ့၏။

အပြင်မှာ မြင်ရသည့်အခါလည်း ဘောင်းဘီဂျင်းဂျက်ကက်နဲ့ဖြစ်နေတတ်ခဲ့ပြီး သူမနဲ့ ဆုံဖူးသမျှမှာ ဒီလိုပုံစံ လုံးဝမဟုတ် ...။ ထို့အတူ ကိုကိုနဲ့ သူမ သိပ်မရင်းနှီးသေးပေမယ့် စကားပြောဖြစ်တဲ့အခါမှာ စိမ်းသက်နေကြတာမျိုးမရှိ ...၊

ကိုယ်က သွားခေါ်နှုတ်မဆက်ရဲစရာ မရှိသလို၊ သူကလည်း မျက်မှာထားကြီးနဲ့ မသိသလိုနေစရာလိုလို့လား ...။

စတွေ့တည်းက လှမ်းမခေါ်မိတာ ကိုယ့်အပြစ် ဖြစ်ရပါလျှင် သူက မသိသလိုနေတာ ဘာသဘောလဲ ...၊

ကားနှစ်စီးက သိပ်အလှမ်းမကွာသည့် အ[illegible] အထားမျိုးနှင့်[illegible]လာ၏။ ရှေ့ကားမှာ ဖုန်းပြောနေသည့် ဆေး ကလည်း [illegible]ကတား ထဲမှာ သူမ ပါလာတာကို သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ သူ့နောက် လိုက်လာတာရော နောက်ကားတစ်စီးတားပြီး အမီလိုက်လာတာရော အားလုံးကို သူသိနေ၏။ မအားလပ်သည့် အလုပ်ကိစ္စတွေထဲမှာ သူမက တွေးစရာတစ်ခုအဖြစ် အလုပ်ပိုလာတာ မတွေးဘဲနေဖို့ ကြိုးစားတာလည်းမရ ..။

"တောက် .."

"ဟင်!.. ဘာဖြစ်တာလဲ .. ဆေး .."

"နောက်က ကားပေါ်မှာ မိန်းမတစ်ယောက် လိုက်နှောင့်ယှက်နေတယ် .."

"ဟင်!..."

နေမျိုး က ကားမောင်းနေရင်း နားရှုပ်သွားသလို လှည့်ကြည့်သည်။ မိန်းမတစ်ယောက်က သူ့ကားပေါ်မှာကနေ လှမ်းနှောင့်ယှက်တယ်ဆိုတာ ဘယ်လိုနည်းနဲ့လဲ ..။

"နေမျိုး ရာ .. မင်းကလာပြီး ပြူးပြူးပြဲပြဲနဲ့ .."

စိတ်တိုသွားပြီး မှန်ထဲက ကြည့်မိပြန်သည်။ တက္ကစီ စီးတာတောင် နောက်ကမထိုင်ဘဲ ဒရိုင်ဘာဘေးမှာ ခေါင်းတမော့မော့နဲ့ ..။

ကြည့်မရသည့်ပြစ်ချက် တစ်မျိုးတိုးသွားသည်။ သူမကို လူမှားပြီး နာမည်သွားမေးမိတည်းက မှတ်မိသည်။ ပုံစံလေးက လန်းသည်။ မျက်နှာလေးကလည်း ချစ်စဖွယ်လေးပဲဖြစ်သည်။

ဒါပေမယ့် လူ့ကို မြင်လိုက်တိုင်း ဟိုကကြည့်၊ ဒီကကြည့်နှင့် ပြူးပြဲဖို့ ကြိုးစားတာက ရှိသေးသည်။ ဒီမိန်းမ စိတ်မှ နှံ့ရဲ့လား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်နဲ့ မှားတာလား ..။

လူမှားတာဆိုရင်လည်း 'ရှင်က ဘယ်သူလား ဘာညာ' လာမေးလိုက်ရင် ပြီးပြီ ..။

သူ ရှင်းပြလိုက်မှ နေမျိုး က ရယ်ကာ ..။



"မင်းကလည်း ဒါများကွာ .. ယောက်ျားဖြစ်ပြီး အထာကိုင်နေပြန်ပြီ .."

"ဘာကို အထာကိုင်ရမှာလဲ၊ ဘာမှန်းညာမှန်းမသိတာကြီးကို၊ မောင်းစမ်းပါကွာ .. တော်ကြာ လေလံပွဲမမီတော့ဘဲနေဦးမယ် .."

"ဟုတ်တယ် .. ဒီလေလံမှာပြန်ရမှ ငါတို့ ကိုပေါက် ကိစ္စကို ရှင်းနိုင်မှာ၊ မင်းရဲ့ ဦးနှောက်ကို အမြဲတမ်းကလီးယားဖြစ်နေအောင် ထားစမ်းပါ ဆေး ရာ၊ ဘာမဟုတ်တဲ့ကိစ္စလေးကို ဘာမှရဖို့မရှိဘဲနဲ့ အန်နာဂျီတွေ စိုက်ထုတ်မနေစမ်းပါနဲ့ .."

"မဟုတ်ဘူး .. ငါ သူ ဘယ်ထိလိုက်လာမှာလဲဆိုတာကို စိတ်ဝင်စားနေတာ .."

"ဝင်စားမနေနဲ့ .. အသာလေးလျှော့လိုက်ပြီး မီလာတာနဲ့ ဆွဲချိတ်ပစ်လိုက်မယ် .."

"ဟိတ်ကောင် လျှောက်လုပ်မနေနဲ့ .."

ပြောနေရင်း ဖုန်းဝင်လာသဖြင့် ဆေး မျက်နှာရှုံ့တွတွဖြစ်သွားသည်။ အလုပ်လုပ်ရတာ အဆင်ပြေနေရင်တော့ ဖုန်းတွေဆက်တိုက်ပြောနေရတာကို ပျော်သည်။ တစ်ခုခု ငြိနေပြီဆို ငြိနေတာကို မရှင်းရသေးခင် ဖုန်းပြောနေရတာ အဆိုးဆုံး ..။

"ဘယ်ကလဲ .."

"ကိုကို့ ဆီကပါ .."

သူ ဖုန်းနားထောင်လိုက်တော့လည်း ကိုကိုက ငိုချင်းရှည်ကြီးနှင့်..။

"ကိုင်သေးတယ် ညီ ရာ၊ မင်းကို ငါ မနေ့ညတည်းက ဖုန်းဆက်တယ်၊ မက်ဆေ့ချ်ပို့တယ် ဘာတစ်ခုမှ ပြန်မလာဘူး .."

"ကဲ .. အခု ကိုင်နေပြီကွာ .. ဘာလဲ ပြော .."

"မက်ဆေ့ချ်တော့ ဖွင့်မှာပဲဆိုပြီး အကုန်လုံးရွှေ့ထည့်ထားတယ်

www.burmeseclassic.com

www.burmeseclassic.com



လေကွာ .. နှစ်ခါပြန်ပြောရမှာ အောက်တာပေါ့ကွ .."

"ဘယ်ဖုန်းကိုလဲ .. ငါ့ဖုန်းတွေ အများကြီးပဲ ဒါက အလုပ်ဖုန်း.."

"ဖုန်းတွေများသလောက် ကိုယ်နဲ့မကွာ မထားနိုင်ရင် ဘလွဲတွေ ဖြစ်ကုန်မှာပေါ့ကွ၊ မင်းကလည်း မင်းသားထက် ဆိုးနေပြီ .."

"မင်းသားထက် မဆိုးရဘူးလို့ ဘယ်သူက သတ်မှတ်လိုက်တာလဲ၊ ငါ့မှာ ကိုယ့်အလုပ်နဲ့ကိုယ် တိုင်ပင်ကိုက်ထားတာတွေ စံတော်ချိန်ထက် တောင် တိကျသေးတယ် .."

"သြော် .."

"မင်းလို ခိုတစ်ကောင်နဲ့ပတ်သက်ပြီး အချိန်ပြည့် အားမနေနိုင် တာ ကြံဖန်ပြည့်တွေးပြီး သာမုခေါ်လိုက် .."

"ညီညီ .."

"ပြော .."

"မင်း အခု ဘယ်မှာလဲ .."

"ဘာလုပ်မလို့လဲ .."

"ဘယ်မှာဆို ပြီးတာပဲကွာ .. ရှည်လိုက်တာ .."

"ဘယ်မှာဆိုတာ ဘယ်တော့မှ မပြောချင်ဆုံး ကိုကို၊ မင်း ပြောစရာ ရှိတာပြော .."

"အေး .. ဒါဆိုလည်းပြောမယ်၊ ထပ်ပြောရတာဆိုတော့ လိုရင်းပဲ ကွာ .. ငါ့ကို မင်းတစ်ခုလောက် ကူညီပါ .."

"မင်းကတိကို မင်း မတည်ပေမယ့် ငါက ခေါင်းထဲကထုတ်ပြီး သားကိစ္စကို ပြန်မထည့်တတ်ဘူး .."

"ညီရာ .. မင်းကလည်း တစ်မျိုး၊ ဖေဖေ ကားရောင်းတုန်းက မင်း ဝင်လုပ်လိုက်တာလည်း မင်းကို ငါ ထင်ပြီး ဖေဖေ ငါ့ကို ကျိုင်းရှာတာပဲ မင်းကျတော့ .."



"ငါ့စီးပွားရေးကို ငါလုပ်မှာပဲဆိုတာ မင်းကိုပြောပြီးသား –"

ကားက အဝေးပြေးလမ်းမဘက်ကို ဦးတည်လာခဲ့ပြီဖြစ်သည်။ ဆေး က ဖုန်းပြောရင်း မျက်လုံးစွေကြည့်လိုက်ကာ နောက်ကကား ထပ်ချပ်မကွာပါလာတာကို မြင်တော့ မဲ့သွား၏။

စိတ်ဝင်စားမှုက နောက်ကိုရောက်သွားသဖြင့် ကိုကို ဘာတွေပြော နေမှန်းပင် မသိလိုက်။ လူရှင်းရာရောက်လာတာနှင့် နေမျိုး ကလည်း အရှိန်ကို လျှော့ချလိုက်သည်။ ထို့ကြောင့် ..၊

"သိပ်မလုပ်လိုက်နဲ့ ဟေ့ကောင် .."

"ဘာ!.."

"မင်းကို ပြောတာမဟုတ်ဘူး .."

နေမျိုး နဲ့ ဆေး အပေးအယူတွေနဲ့ ပြောနေကြစဉ် ကိုကို တတ ဖက်ကကြားသမျှကို ပြန်မေးနေ၏။

"ငါ့ကို ဒီနေ့ အဲဒီ အမျိုးသမီးနဲ့ သွားတွေ့ခိုင်းတာ .."

"ဘယ်အမျိုးသမီးလဲ .."

"ဟာ .. ခုပဲ ပြောနေတာကွာ .."

"မကြားလိုက်ဘူး .."

"ငါနဲ့ စေ့စပ်ထားမယ့် အမျိုးသမီး .."

"အဲ့ဒါ ဘာဖြစ်လဲ .. စေ့စပ်တော့မှာ မဟုတ်ဘူးလား .."

"ငါ ဘယ်လိုမှ ရင်ခုန်လို့မရဘူး၊ ငါ့အတွက်က ရင်ခုန်သံ နားထောင်ချိန်ကို မရှိတာ ညီ ..၊ ဖေဖေနဲ့ ငါ အခုထိမပြောသေး ဒီမိန်းမကို .."

"ကိုယ်လိုချင်မှ ဖြစ်တာကွာ .. ကျွတ် .. အဲ့ဒါတွေ နောက် ပြောကွာ .. ဖုန်းချလိုက်တော့မယ် .."

"ဟာ .. နေဦး .. ခဏလေး ညီ၊ မင်းကလည်း ငါ အရေးအရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးနေလို့ပါ ..”

“ငါလည်း အရေးကြီးတဲ့ခရီးတစ်ခုကို ဖြတ်သန်းနေတာပဲ ..၊ အဲ့ဒါ ဘာဖြစ်လဲ မြန်မြန်ပြော ..”

“ဂျိမ်း ..”

“ဟာ ..”

“ဒေါက် ..”

အမှတ်တမဲ့ ဆောင့်ချိုးချိုတ်သွားသည့်အသံက ကျယ်လောင်သွားတာ ဆေး လက်ထဲက ဖုန်းလည်း လွတ်ကျသွား၏။

“ဘာတွေဖြစ်ကုန်တာလဲ ..”

“ချိုတ်ပေးလိုက်တာလေ ..”

“ဟိုကား ဘာဖြစ်ကျန်ခဲ့ပြီလဲ မသိဘူး၊ မင်းကို တအားမလုပ်ပါနဲ့ ပြောထားတာတောင် ..”

“ငါကတော့ ဖြည်းဖြည်းလေးပါပဲ .. တက္ကစီကိုက ပျော့တာ ..”

ကားက လမ်းဘေးနိမ့်နိမ့်ထဲကို ခေါင်းစိုက်ဆင်းကာ ရပ်တန့်နေခဲ့လျက် တံခါးဖွင့်ကာ လှုပ်ရှားတာလည်း မတွေ့ ..၊

“နောက်မှာ ဘာကားမှ ပါမလာဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ ဆေး ရာ .. အေးဆေး ..”

“ဟလို ..”

လွတ်ကျသွားသည့် ဖုန်းက ထပ်ခေါ်နေသဖြင့် ပြန်ကောက်ကိုင်လိုက်တော့လည်း ကိုကို က ဆက်ရန်ရှိသေးကာ ..၊

“ဘာဖြစ်သွားတာလဲ .. ဘာသံကြီးလဲ ..”

“ကားချင်းငြိသွားတာ ..”

“ဘာ ..”

“ပြောမှာသာပြောကွာ ..”



“မင်း မောင်းနေတာလား .. ကားချင်းငြိတာ ဘာမှမဖြစ်ကြဘူးလား ..”

“ကိုကို .. မင်း ငါ သေမသေ သိချင်တာဆို အခု ငါ ဖုန်းပြောနေတယ် .. အိုခေ ..”

ကိုကို့ အသံ တိတ်ကျသွားသည်။ ပြီးမှ ..၊

“မင်း အခု ဘယ်ရောက်နေနေကွာ .. ငါ့ကိုယ်စား အဲဒီ အမျိုးသမီးနဲ့ ခဏ သွားတွေ့ပေးစမ်းပါ ..”

“ဘာ ...”

သူ့ အလန့်တကြား ထအော်သဖြင့် နေမျိုး က လှမ်းကြည့်သည်။

“မင်း ဘာပြောလိုက်တယ် ..”

“မင်းကို ငါ့ကိုယ်စား စေ့စပ်လိုက်ပါလို့ပြောတာမဟုတ်ဘူး ခု ခဏလေးပဲ သွားတွေ့ပေးဖို့၊ ပြီးတော့ ငါ့ကိုယ်စား ငါ့ဘက်က မလိုလားတာတွေ မင်း နည်းနည်းပါးပါး အရိပ်ပြလိုက်စမ်းပါ ..”

“အဲ့ဒါတွေက ငါလုပ်မှုဖြစ်မှာလား၊ မင်း ယောက်ျားပဲ ကိုယ် မကြိုက်ရင် မကြိုက်ဘူးပေါ့ ..”

“ပြောလို့ မကောင်းတာတွေ ရှိလို့ပေါ့ ညီ ရာ ..”

“အဲဒါ ငါက ပြောချလိုက်တော့ရော ..”

“ပြောဖြစ်သွားပြီးရင် ကျန်တာ ငါ ဒိုင်ခံရှင်းပါ့မယ်၊ ငါ့ပါးစပ်ကမိန်းကလေးတစ်ယောက်ကို ငြင်းရမှာ ဘယ်လိုမှ ပြောထွက်မှာမဟုတ်ဘူး ..”

“သြော် .. ငါကတော့ ဒါမျိုးတွေ ကြိမ်ဖန်များစွာ ပြောထွက်နေကျကိုး ..”

“အဟွန်း ..”

ကိုကို့ ရယ်သံကို ရှားပါးစွာကြားရတော့လည်း ဆေး ရဲ့ ငြင်းဆန်

www.burmeseclassic.com

www.burmeseclassic.com



ရှာ ပေါ်ပေါက်လာသည့် ဥပေက္ခာအင်အားတွေက ရုတ်ချည်းလျော့ကျသွားခဲ့၏။

"လူကြီးတွေက ဈေးစပ်ပွဲအတွက် လိုအပ်တာဝယ်ကြဆိုလို့ ငါသူ့ကို မင်္ဂလာဈေးမှာ ချိန်းလိုက်တာ .."

တော်တော် စူးရောက်တဲ့ ရွှေဉာဏ်တော်ပါ။ မိန်းကလေးနဲ့ ဈေးဝယ်ထွက်တာ မင်္ဂလာဈေးမှာ ချိန်းသည်တဲ့ ..၊

"ငါ ကြိုချိန်းလိုက်တာ သူ့ဟာသူ စိတ်ပျက်ဒေါပွသွားရင်လည်း လှည့်ပြန်သွားပါစေဆိုပြီးတော့ .."

"ဒါဆို ပြန်သွားပြီ ပူမနေနဲ့ .."

"ပူရတယ်ကွ .. သူ ပြန်မှာမဟုတ်ဘူး၊ သူကြည့်ရတာ ဒီနှစ်ထောင့်ဆယ့်ငါးမှ ရက်မချိတ်ရရင် အိပ်ပျော်မှာမဟုတ်တဲ့ ပုံပဲ .."

"ဆောရီးပဲ .. ငါကလည်း မင်းရဲ့ မင်္ဂလာဈေးနဲ့ အဝေးကြီးကို ရောက်နေတာ၊ အဲဒီတော့ သူ့ဟာသူ စိတ်ပျက်ပြီး လှည့်ပြန်သွားတာ ထိုင်စောင့်နေလိုက် .."

"ဟာ .. မလုပ်နဲ့လေ၊ လူကြီးတွေကို ပြန်ပြောလိုက်ရင် ငါ ဘယ်သွားနေလဲဆိုပြီး ထပ်ပြီး ကျိုင်ပူမှာ ..၊ မင်းရဲ့ကိစ္စတစ်ခုခုကို ထားလိုက်ပြီး သူ့ဆီကို လာမယ်လို့ မက်ဆေ့ချ်ပို့ထားလိုက်ကွာ၊ ပြီးရင် သွားတွေ့လိုက်ပါ၊ ငါ့ကို မင်း ဒါလေးပဲ ကူညီစမ်းပါ၊ သူ့နာမည်က ယဉ်စစခင်တဲ့ ..၊ ငါ ညက သူ့ဓာတ်ပုံ မင်းဆီ ပို့ထားတယ်၊ ရှာကြည့်လိုက် ဖုန်းနံပါတ်ပါ ပါတယ် .."

ကိုကိုက အရင်ဖုန်းချသွားသည်။ သူ ဘာလုပ်ရမှန်းမသိတော့ပေ။ ဒါပေမယ့် စိတ်ကသာဗျာများသွားပေမယ့် သူ့ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ဖို့တော့ စိတ်မကူးပါ။

ဒါမျိုး စိတ်အနှောင့်အယှက်မဖြစ်ချင်လို့ ကိုယ့်မှာ ရည်းစားတောင်



မထားအားခဲ့တာ ..။

"ဟင် !..."

ဓာတ်ပုံပို့ထားတာကို ရှာပြီး ဖွင့်ကြည့်လိုက်မိလျှင် ဆေး မျက်လုံးပြူးသွား၏ 'ယဉ်စစခင်' ..။

ဟုတ်သည်။ ဒီနာမည်ကိုပါ သူ ကြားဖူးခဲ့သည်ပဲ ..။

"ရပ် .. ရပ်လိုက် နေမျိုး .. ကားရပ် .."

နေမျိုး က ကားကိုဘေးချပြီး ချက်ချင်းရပ်၏။

"ဘာလဲ .."

"နောက်ပြန်လှည့်လိုက် .. ခု ပြန်လှည့် .."

ဒီလမ်းပေါ်မှာ ရုတ်တရက် အကူအညီရနိုင်ဖို့ သိပ်မလွယ်ပေ။ ကားကို ချက်ချင်းကွေ့ချိုးပြီး ပြန်ခေါက်တာတောင် လမ်းမဘေးကို ထိုးစိုက်ကျနေသည့် ကားက ဒီတိုင်းပဲရှိသေးကာ ရှေ့ခန်းမှာ နှစ်ယောက်စလုံး လူးလူးလွန့်လွန့်ဖြစ်နေဆဲ ..၊

"တော်သေးတာပေါ့ .. မင်းကိုငါ သိပ်မလုပ်နဲ့လို့ ပြောထားရက်နဲ့ ခွေးကောင် .."

"သိပ်မလုပ်လို့ မင်း သွေးသံရဲရဲ မမြင်ရတာပေါ့ကွ ..၊ လုပ်မနေနဲ့ အသက်နဲ့ အဝေးကြီး .."

ဒရိုင်ဘာကလည်း ဒဏ်ရာမရှိဘဲ သတိလစ်နေကာ ခုမှ ရှုံ့မဲ့မဲ့ညည်းနေပြီး မျက်စိမပွင့် ..၊

"မင်း ပါးစပ်ကို ပိတ်ထားဦး .."

မျက်လုံးဖွင့်ကြည့်ပြီး တစ်ခုခုပြောတော့မလို ပွင့်သွားသည့် ပါးစပ်ကို လက်နဲ့လည်း ဖမ်းဆုပ်ကာ နားနားကပ်ပြောပြီး ကားထဲက ဆွဲခေါ်ချလိုက်သည်။

"အ .."

www.burmeseclassic.com

www.burmeseclassic.com



"မအော်နဲ့ .."

"ဒီမှာ နာနေတာ .."

"ဟိုရောက်မှ ဆက်နာ .."

ကြည့်စမ်း ..၊

စစ တစ်ခုပြောမလိုပြင်လိုက်စဉ် သူက တစ်ဖက်ကားထဲထိုးသိပ် ထင်လိုက်ပြီး တံခါးပိတ်ပစ်လိုက်၏။ ပြီးတော့ ကားပေါ်မတက်ခင် နေမျိုး နားကိုသွားကာ ..၊

"ငါ့ကို ကိုကို လို့ပဲခေါ် .."

ဒီလောက် ကပ်ပြေ ဘထားလိုက်လျှင် ရပြီဆိုတာသိသည်။ ကား ပြန်ထွက်ခဲ့တော့ နေမျိုး က တစ်ခုမှ နားမလည်သည့်မျက်နှာနှင့် ကား မောင်းရင်း လှည့်ကြည့်၏။ သူကလည်း ဘာမှမပြော ..၊

"ကိုကို .. ရှင် ဘာတွေလုပ်နေတာလဲဟင် .."

ဘယ်သူမှ အသံမထွက်ပေမယ့် သူမ အသံ ထွက်လာကာ မေးပုံက လည်း မသိလို့မေးတာနှင့် မတူဘဲ မသက်သာလို့ စစ်ဆေးတာမျိုး ..။

"အား .. အောင့်သွားတာပဲ .. ကျွတ် .. ကျွတ် .."

သူမ ရင်ဝကို နှိပ်လိုက်၊ ရဲညိုနေသည့် နဖူးစောင်းကို ပွတ်လိုက် နှင့် ရှုံ့မဲ့နေကာ ..၊

"ရှင်တို့ စစ တို့ တက္ကစီကို တမင်ဝင်တိုက်ပစ်တာမို့လား၊ ခုလည်း ဒရိုင်ဘာနဲ့ ကားကို တာဝန်ရှိသလို လုပ်မပေးဘဲ ထွက်ပြေးလာတယ်၊ ရှင်တို့မှာ ပြစ်မှုမကင်းဘူးနော် .."

နေမျိုး က မှန်ထဲကနေ သူ့ကိုကြည့်သည်။ ဆေး ကလည်း ပြန် ကြည့်၏။ ဒါပေမယ့် ပါးစပ်ပိတ်နေဆဲ ..၊

"အခု ဘယ်ကိုသွားနေတာလဲ၊ ရှစ်နဲ့ စစ ချိန်းထားတာကို လာတွေ့ ဖို့ စိတ်ကူး ရှင့်မှာ မရှိဘူးမို့လား .."



မေးလိုက် ရပ်စောင့်ကြည့်လိုက်လုပ်နေပေမယ့် ဆေး ထံမှ စကား ပြန်မရလျှင် စစ စိတ်တိုလာမိ၏။

"နေ့စပ်ဖို့ကိစ္စကို ရှင့်ဆန္ဒရှိသလို ဆုံးဖြတ်ခွင့်ရှိပါတယ်၊ လှည့်ပတ် ရှောင်ပြေးနေဖို့မလိုဘူး၊ ဒါပေမယ့် အဲ့ဒါကိုလည်း စစ ကပဲ အရင်သိချင် တာ၊ အဲ့ဒါကြောင့် သူ ရှင့်ကိုမေးချင်လို့ စကားပြောဖို့ကြိုးစား .."

"ဟာ .. တိတ်စမ်းပါကွာ .."

စိတ်ရှိလက်ရှိ အော်ချပစ်လိုက်သဖြင့် စစ ကိုယ်လေးတုန့်ခနဲဖြစ် သွား၏။ ဆေး ကလည်း ဒေါသတော်တော် ထွက်နေပြီဖြစ်ကာ ကူရှင် နှစ်ခုကြားက အလယ်အံဖုံးလေးကို ဘုန်းခနဲ ပုတ်ပစ်လိုက်ပြီး ..၊

"မင်းပါးစပ်ကို ပိတ်ပြီး အေးဆေးလိုက်ခဲ့ .."

"ဘာ !..."

"အခု ငါ့မှာ အလုပ်ရှိသေးတယ်၊ မင်း စကားတွေကြောင့် အာရုံ နောက်တယ် ယဉ်စစခင် ..၊ ထပ်မပြောဘူး .. တစ်ခွန်းမှ မဟနဲ့ .."

"ဘာပြောလိုက်တယ် .."

"ဟိုကားဒီဘက်ကို မောင်းဆွဲလာတာ နေမျိုး၊ ဘေးသိပ်မချုနဲ့ ချောက်ထဲကျလိမ့်မယ် .."

"အဲ့ဒါ ကိုနိုင့် ကောင်တွေထင်တယ် .."

"အရှိန်မချနဲ့ .. သွားကပ်မှ ဘယ်ဝိုက်ချလိုက်၊ နောက်ရှင်းတယ်.."

ရန်တွေ့ရပြီး တုံ့ပြန်မည့်သူမရှိသဖြင့် သူတို့ဘာတွေပြဿနာ တက်နေကြသလဲဆိုတာ စစ လည်ပင်းလေးရှည်ကြည့်လိုက်မိ၏။ ထိုစဉ် တည့်တည့်ကြီး ပစ်ဝင်လာသည့် ကားဦးခေါင်းကြီးက ရင်ခွင်ထဲ ခုန်ဝင် လာသလို ဘွားခနဲ ..၊

"အမလေး .."

"ဂျိုး .."

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း … ဒုန်း …"

ရင်ထဲမှာ လှပ်ခနဲ အေးစိမ့်သွားသည်။ မျက်လုံးတွေကို အလန့်တကြား မှိတ်ပစ်လိုက်မိပေမယ့် ဆောင့်ခုန်သွားသည့်ကားက ကားချင်းတိုက်မိတာတော့ မဟုတ်နိုင် …၊

"ဂျိမ်း …"

"ဂျိမ်း …"

မျက်လုံးဖွင့်လိုက်တော့ ကိုကို တို့က တစ်ဖက်စီကနေ အပြင်ထွက်သွားကြပြီဖြစ်ကာ ဟိုဘက်တော်တော် လွန်သွားခဲ့သည့်ကားထဲက လူသုံးယောက်ထွက်လာကြ၏။

"ဘာလဲ ဆေးသားညီ … ပွဲဖျက်ဖို့ အမီပြေးလာတာလား …"

"အေး … မင်းလည်းငါ့ကို တားဖို့ အမီပြေးလာတာဆိုရင် မရတော့ဘူး …"

"ဟွန်း … မင်း ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတဲ့ ကောင်ပဲ၊ မင်း ကြွားလုံးထုတ်နေသလောက် တကယ်ဟုတ်လား မဟုတ်ဘူးလား အခု သိရမှာပါ …"

"လုပ်လေ … ငါက ငါလိုချင်တဲ့ငွေကို ငါ့လက်နဲ့ ရအောင်ရှာနိုင်တယ်၊ သူများရဲ့ လက်ကိုင်တုတ်မဟုတ်ဘူး၊ ဘယ်အချိန်မှာဖြစ်ဖြစ် ဆေး ဆိုတဲ့ငါက ဆေးသားညီ ပြီးသား …"

တိုက်ကွက်တွေကတော့ မျက်စိလည်သွားလောက်အောင် မြန်သည်။ ကားထဲကနေ လှမ်းကြည့်ရင်း စစ မျက်လုံးပြူးရပြန်၏။

သူမ ကိုကို့ကို ဒီလိုမြင်ခဲ့ရတာ နှစ်ခါရှိလေပြီ။ သူမရဲ့ စိတ်အာရုံထဲမှာ ဂျင်းဂျက်ကက်နဲ့ ကိုကိုက တစ်ယောက်အကောင်းစားရှပ်တွေ ထည်လဲဝတ်ပြီး ကုတ်အင်္ကျီတကားကားနှင့် အမြဲတမ်း စမတ်(ထ်)ကျကြရှနေသည့် ကိုကိုက တစ်ယောက် …၊



တစ်ယောက်တည်းကို စရိုက်နှစ်မျိုးနှင့် မြင်နေရတာသိပေမယ့် တစ်ယောက်စီလို ခံစားနေရကာ …၊

"ဒါနဲ့တောင် မပွင့်လင်းရဲတဲ့ပုံနဲ့ လျှို့ဝှက်ဆန်တဲ့ အကျင့်တွေက ခုနဲ့တော့ တခြားစီပါလား …"

လူကို ဖုန်းပြောတာတောင် မပွင့်လင်းခဲ့ဘဲ အားနာသလိုလို မပြောချင်သလိုလို …။

တကယ်တမ်းကျတော့ ခက်ထန်တောက်ခါးတတ်တဲ့အကျင့် ရှိနေကာ ခုနက လိပ်ပြာလွင့်အောင် အော်လိုက်တာ သက်သေပဲဖြစ်သည်။

သူတို့နှစ်ယောက်စလုံး ကားထဲပြန်ရောက်လာကြတော့ ဟိုလူတွေ ကုန်းကွလဲပြိုကျန်ခဲ့ကြလျက် …၊

"တောက် …"

"မင်း ဒီ့ထက် ပညာပေးရမှာ၊ ခွေးသူတောင်းစားတွေ ထန်းလျက်ခဲ ကျွေးပြီး မွေးထားတဲ့ ခွေးတွေကျနေတာပဲ …"

နေမျိုး က ဒီတစ်ခါ မောင်းသူနေရာမှာ မဟုတ်တော့ဘဲ မျက်နှာပေါ်က အညိုအမည်းတွေ ခပ်စမ်းစမ်းနှင့် တက်ခေါက်၏။

ဆေး က မျက်မှောင်ကြီးကုတ်နေကာ ဘာမှ မပြောဘဲ ကားကို မြားပစ်သလို ဆောင့်ထွက်၏။

ဒီတစ်ခါ ကားတစ်စီးလုံး တိတ်ဆိတ်ငြိမ်သက်နေခဲ့ပြီ …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အားလုံး အမှန်အကန်တွေ ဟုတ်ရဲ့လား .."

"သေချာ စစ်ကြည့်ထားတာပါ၊ အားလုံး ကျွန်တော်တို့ သိတဲ့လူတွေချည်းပဲ .."

လေလံပွဲမစခင်တည်းက တစ်ဖက်ကလည်း ကြိုတင်စီစဉ်ထားတာတွေရှိသည်။ သို့သော် ကြမ်းခင်းဈေး ကြေငြာလိုက်တာနှင့် သူထက်ငါ တိုးသွားသည့် ဈေးကွက်က တစ်နေ့တည်းမှာပဲ ရုပ်တန့်သွားခဲ့၏။

"ငါးရာ့ငါးဆယ် တစ်ကြိမ် .. ငါးရာ့ငါးဆယ် နှစ်ကြိမ် .."

"ခြောက်ရာ .."

တစ်သုံထွက်လာတော့ ဝမ်းသာအားရဖြစ်သွားကြ၏။ သို့သော်..၊

"ခြောက်ရာတစ်ကြိမ် .. နှစ်ကြိမ် .. သုံးကြိမ် .."

နောက်ထပ်တိုးမည့်သူမရှိတော့လျှင် ရုပ်ထု၏ ပိုင်ရှင်နှင့် ကြေညာသူတွေ မျက်နှာပျက်ကုန်ကြ၏။ ရုပ်ထုသည် နတ်သားခေါင်းဆောင်းနှင့် အကျီမပါသော သုံးလေးနှစ်သားအရွယ် ယောကျ်ားလေးက ခြေထောက်တစ်ဖက်ကွေးပြီး တစ်ဖက်က ဒူးခေါင်းမှာ ပြန်ချိတ်ထား၏။ လက်မှာ ကြက်လိုလို အမောက်တော်တော်ကြီးသည့် သတ္တဝါတစ်ကောင်ကို တစ်ဖက်က ပွေ့ထားသည်။ တစ်ဖက်လက်က ခြေဦးထိပ်နှစ်



ဖိုက်လောက်အကွာကို လက်ညှိုးထိုးထားပြီး ရုပ်နေပုံက အသက်ဝင်နေ၏။

ထို့ပြင် ဝင်းလက်နေသည့် ကြေးသားရောင်က ပါးမို့လေးနှစ်ဖက်နှင့် ဗိုက်ပြောင်ပြောင်ပူပူလေးမှာ ဝင်းလက်တောက်ပနေကြ၏။

ဆံပင်ကောက်ကောက် နားရွက်ကုပ်နှင့် မျက်နှာပြားသည့်ပုံက ဘယ်လူမျိုး ဘယ်ခေတ်က လက်ရာဆိုတာ ရုတ်တရက် ပြောနိုင်ဖို့က မလွယ်ပေ ..။

"တော်က် .. ငါသိတယ်၊ ဒါ ဟိုကောင်လုပ်တာ .."

"သူ ဒီလောက် မတတ်နိုင်ပါဘူး ဆော့စ်ရယ် ..၊ အခု ကွင်းထဲမှာ ရှမ်းဇော်ဘွားတွေတောင်ပါတယ် .."

"မဟုတ်ဘူး .. နောက်ထပ် ဈေးထပ်တိုးလိုက်တာနဲ့ သူ့ကိုယ်သူ ဘာကွယ်လိုက်တာ၊ ဒီကောင် ရုပ်တုအကြောင်း မဟုတ်တမ်းတရားတွေ ပြောပြီး ဈေးဦးချိုးထားတာကွ .."

"ဟုတ်တယ် ဆရာ .. သူ့ကောင်တွေလည်း ကျွန်တော်တို့တွေ့တယ်၊ သူ့လက်ချက်မကင်းဘူးဆိုတာတော့ သေချာပါတယ် .."

"သေချာတယ် .. ဟုတ်လား၊ မင်းတို့ကို ငါ ဒီလောက် ဂရုစိုက်နိုင်းထားတာတောင် .."

"ကျွန်တော်တို့ ချိုကြီး တို့ကို လမ်းကနေတောင် ပိတ်ခိုင်းထားတာ ဆော့စ် .. အဲဒါ .."

"တော်တော့ဟေ့ .."

သူဌေး ဦးကျင်စွမ် က စကားသံ မပီတပီနှင့် အကုန်လုံးကို ဖိဟောက်နေ၏။ သူ့မှာ မြတ်ဖို့နေနေသာသာ အရင်းပြန်ရလိုက်တာတောင် ကံကောင်းလို့ပါလား ..။

ဆေးသားညီ ဆိုတဲ့ သတ္တဝါလေး တစ်ပြားမှ အရင်းမပါဘဲ သူများဦးနှောက်တွေချည်း လိုက်ဖောက်စားနေတာ ဘယ်သူတွေက ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



တောင် သည်းခံနေကြတာလဲ ..။

"ဒီကောင်က မြေရာမထင်အောင် ပါးပါးလေး အကွက်ရွှေ့နေတာ တော့စ် .. ဘယ်မှာဖြစ်ဖြစ် ဘယ်နယ်သွားသွား သူနဲ့ မရင်းနှီးတဲ့လူကို မရှိဘူး .. ပြီးတော့ သူက အရမ်းလက်ဖွာတာ .."

"ရှိတဲ့သူတွေ သူ့ကို ပုံချပေးချင်လာအောင် သူက လုပ်ပြနိုင်တာ.."

"တိတ်စမ်း .. နင် .. နင်တို့ကို တန်းစီပြီး ပါးရိုက်မိတော့မယ်၊ ဒီကောင့် ကောင်းကြောင်းတွေ ဘာမှလာမပြောနဲ့ .."

"ဟုတ်ကဲ့ပါ တော့စ် .. ကျွန်တော်က သူနဲ့ တစ်နှစ်လောက် တွဲခဲ့ဖူးလို့ သိ .."

"ဖောင်း .."

လည်ဝုတ်မှာ ပူထူသွားကာ ပြောနေသည့်သူ စိုက်ခနဲ ကုန်းကျသွားသည်။ ဦးကျင်စွမ် ဘယ်လောက်ထိ ဒေါပွနေသလဲဆိုတာ အားလုံးသိကြသည့်ပြင် ဆေး တို့လည်း သိနေကြကာ ..၊

မကျေနပ်ရင် ကြိုက်သလို ရှင်းလိုက်ရုံ ..။



## အခန်း (၂၉)

"ဒါဆို .. ငါ သွားမယ် .. ညကျ မင်း ဖုန်းဆက်မလား .."

"မသိဘူး .."

"အိုခေ .. သွားပြီ .."

ပိုက်ဆံထုပ်ကြီးက နည်းတာမဟုတ်ပေ။ ဒါကို ဟိုတစ်ယောက်က ဆွဲထွက်သွားကာ သူက ခေါက်ဆွဲစားနေရာက မော့တောင်မကြည့်..။

နာရီ ကြည့်လိုက်တော့ ညနေ လေးနာရီခွဲတော့မည်။ ရွှပ်ယှက်ခတ်နေကြသည့် ကိစ္စတွေနောက်မှာ သူမကတော့ ကားထဲမှာ ငုတ်တုတ်တုတ်နှင့် ..၊

"ဒီမှာ ကိုကို .. ရှင့်ကို မှောင်ခိုတွေလုပ်နေတယ်တောင် ထင်တာ၊ ဒါပေမယ့် ရှင်က လေလံဝင်ဆွဲနေတာဆိုတော့ ထင်တာက ပျောက်သွားပါပြီ၊ ဒါပေမယ့် ရှင် လုပ်နေတာတွေ မရိုးသားဘူးထင်တယ် .."

ဆေး က ခေါက်ဆွဲကို တူနဲ့ဆွဲ 'မ' လိုက်ပြီးမှ မျက်လွှာပင့်ကြည့်သည်။ စစ ကလည်း မျက်လုံးတစ်ချက်လေးမှ မလွှဲဘဲ သူ ဘာပြောမလဲ စောင့်ကြည့်နေ၏။

ပြီးတော့ ဘာမှ ပြန်မဖြေလျှင် ..၊

www.burmeseclassic.com



"ရှင် စစ ကို စကားမပြောချင်သလို လုပ်နေတာတွေ တော်သင့်ပြီ ကိုကို၊ ခုလည်း ရှင်နဲ့တစ်နေကုန်ရှိနေခဲ့ရပြီး စစ ကို စကားသုံးလုံးကွဲအောင် မပြောဘူး .."

"အဲဒီ ယောကျ်ားမာနကြီးလှချေလားဆိုပြီး မင်းလည်း မျက်နှာလွှဲနေလိုက်လို့ရတာပဲ၊ ဘာလို့ လျှောက်လိုက်နေတာလဲ .."

မြုပ်စိမြုပ်စိဝါးနေရင်း မေးဆတ်မေးပုံက အဲ့ဒီတစ်ဖက်ဖောင်းနေသည့် ပါးကို ဖြောင်းခနဲ ရိုက်ချလိုက်ဖို့သာ ကောင်းလေသည်။

ခေါက်ဆွဲဖတ်တွေ ဖွတ်ခနဲ ပြန်ထွက်ပြီး လျှာထွက်နေကာမှ ကျကျနန ခါးထောက်၍ ..၊

"ရှင့်ကို လိုချင်လွန်းလို့လေ .. စေ့စပ်ချင်လွန်းလို့" လို့ ပြောချပစ်ချင်၏။ ဒါပေမယ့် ..၊

"ဟုတ်တယ် .. လျှောက်လိုက်သလိုဖြစ်နေတယ် .. အဲဒါ ရှင်က ထွက်ပြေးနေလို့လေ .."

"ဟွန်း .."

"ရှင် ဘာရယ်တာလဲ ..၊ စစ က မိန်းကလေးတန်မယ့် သိက္ခာနည်းတယ်ဆိုပြီးတော့လား .."

"ဘာရှိသေးလို့လဲ .."

ကြည့်စမ်း ..၊

"ဒီမှာ .."

စားပွဲကို လက်ဖျားနဲ့ ပုတ်ပစ်လိုက်သဖြင့် သူမရှေ့က အအေးပုလင်းလေး ကျိမ်းတုတ်တုတ်ဖြစ်သွား၏။

"ခေါင်းစဉ်မှားတွေ မတပ်နဲ့ ယောကျ်ားဝီပီသသ တွေး၊ ရှင်ပဲ လူကြီးတွေ စေ့စပ်တာကို လက်ခံခဲ့တာ၊ ကျွန်မဘက်က စပြီးမငြင်းနိုင်ပါဘူးဆိုတာ အစတည်းက ရှင် သိပြီးသား .."

"ဘာဖြစ်လို့ မငြင်းနိုင်တာလဲ .."



တည့်တည့်ကြည့်မေးလိုက်တော့ သူမ ပါးပြင်လေးတွေ ရဲတွတ်သွားသည်။ ပြီးမှ မျက်နှာလေးမော့လာ၍ ..၊

"ခေါင်းညိတ် ခေါင်းခါမလုပ်ချင်လို့ပေါ့၊ စစ တို့ ခေါင်းညိတ်လို့ လူကြီးတွေက သေချာစီစဉ်နေကြတာ .."

ဒေါသတွေနဲ့ရောကာ 'စစ' ဖြစ်လိုက် 'ကျွန်မ' ဖြစ်သွားလိုက်နှင့် ကိုယ့်ဟာကိုယ်လည်း သတိမထားမိ ..။

"ရှင် ရဲရင့်မှုမရှိတာပဲ ထည့်ပြောစမ်းပါ၊ ကိုယ် မလိုချင် ငြင်းလိုက်ပေါ့၊ အခု စေ့စပ်ဖို့ထိ သေချာကုန်ကြပြီ၊ အတူတူရှောပင်းထွက်ကြဖို့ ဖြစ်လာတဲ့အထိ ရှင် ကုတ်ချောင်းချောင်းလုပ်နေတုန်း .."

"ကုတ်ချောင်းချောင်းဖြစ်ဖြစ် ခြသေ့ချောင်းဖြစ်ဖြစ် လိုရင်းက စေ့စပ်ဖို့ကို သူ မလိုလားဘူး၊ မင်းက လိုလားလို့ လိုက်နေတယ် .. ဒါပဲ.."

"ဘာ!.. ဘယ်သူ မလိုလားတာလဲ .."

ဆေး ခပ်အမ်းအမ်းဖြစ်သွားသည်။ ဒါပေမယ့် မဖြေရှင်းဘဲ ခေါက်ဆွဲကြော်ကို ဆက်စားနေလိုက်၏။

"ကိုကို .. ရှင် အခု စေ့စပ်ပွဲဖျက်မယ်လို့ ပြောလိုက်တာလား .."

သူက ဘာမှပြန်မဖြေဘဲ နှာရှုံ့ကြည့်သည်။ ပြီးတော့ ခေါက်ဆွဲတစ်ဝက်ကျရုံနှင့် ပန်းကန်ကို ဘေးကိုဖယ်လိုက်ပြီး အအေးပုလင်းဆွဲယူ၏။

စိတ်ထဲမှာ ဘယ်လိုလှိုက်ဟာသွားမှန်းမသိဘဲ စစ ဘာပြောရမှန်းလည်းမသိ ..။

သူ မြုံစိစိလုပ်နေပေမယ့် ဒီလောက်ထိတော့ ပြတ်ပြတ်သားသား ပြောလာမည်လို့ မထင်ခဲ့ပေ။ သူမ တိတိပပ သိချင်ခဲ့တာက သူ့ဘက်က အိမ်တွင်းရေးတစ်ခုခုကြောင့်သာ စိတ်ညစ်နေရသည့်ပုံဖြစ်နေခဲ့ခြင်းဖြစ်ကြောင်း ..။

"ရှင် .. ဖြေလေ .."

www.burmeseclassic.com

www.burmeseclassic.com



မကြားချင်ပေမယ့် ထပ်မေးလိုက်မိသည်။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် သူနဲ့ ဓေ့စပ်ခွင့်ရချင်မိသည်။ ဟိုအစက သူ့ပုံစံကိုကြည့်ပြီး စိတ်ပျက်သလို ဖြစ်မိပေမယ့် သူ ငြင်းမယ်ဆိုရင်လည်းငြင်းလိုက်ပေါ့ဆိုသည့် စိတ်မျိုးလည်း ထားနိုင်ခဲ့သော်ငြား ...၊

ခုကျမှ ဝမ်းနည်းသလိုလို သိမ်ငယ်မိသလိုလိုနှင့် ...၊

"စစ နားလည်ပြီ၊ ရှင် ဒီလောက် ခက်ထန်တာ အားနာထာတ်မယ့်သူလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မ သိက္ခာအတွက် တစ်ကွက်ချန်ပေးတာ ကျေးဇူးတင်ပါတယ် .."

ပြောပြီးတာနှင့် ဆိုင်ပြင်ကို သူမ ဘာလိုက်ရှာနေသည်မသိ ...၊ ဆေးက ဘာမှမပြောဘဲ အအေးသောက်ရင်းကြည့်နေသည်။

ထူနက်သော မျက်ခုံးတန်းလေးတွေနှင့် တိုစိပ်စိမျက်တောင်နက်လေးတွေအောက်မှာ မျက်ရည်တွေပြည့်နေတာ သူ မြင်နေရသည်။

ပြီးတော့ ဟိုဒီလိုက်ရှာနေရင်း မျက်တောင်တွေ တဖျတ်ဖျတ်ခတ်၍ မျက်ရည်တွေကို ပြန်သိမ်းနေသေးသည်။

ပြီးမှ သူမ ရှာတာကို တွေ့သွားသလိုမျိုး နေရာမှ ဖျတ်ခနဲထရပ်သည်။ ထိုင်ခုံထဲက ထွက်လိုက်ပြီး သူ့ကို ပြန်လှည့်ကြည့်ကာ ...၊

"စစ ပြန်တော့မယ် .. တော်ကြာ မိုးချုပ်သွားမှာစိုးလို့ .."

ပြောပြီးတာနှင့် ထွက်လာခဲ့၏။ နေ့လယ်တုန်းကတော့ မေမေ ဖုန်းဆက်သေးသည်။ ကိုကို နဲ့အတူရှိနေကြောင်းနှင့် စိတ်မပူဖို့ မက်ဆေ့ချ် ပြန်ပို့ထားလိုက်တာ နောက်ထပ် ဖုန်းဆက်မလာတော့ပေ...။

တွေးလိုက်မိတုန်းမှာ ဖုန်းဝင်လာသဖြင့် ကြည့်လိုက်တော့ မေမေ့ဆီက ...၊

သူမ မကိုင်ဘဲ 'စိတ်မပူနဲ့ မေမေ ကိုကို အလုပ်ကိစ္စရှင်းနေလို့ စောင့်နေရတာ ပြန်လာပြီ' လို့ မက်ဆေ့ချ်ပဲ ပြန်ပို့လိုက်၏။

အချိန်က နေစောင်းနေပါပြီ။ လာခဲ့ကြသည့် အကွာအဝေးအရ



မိုးမချုပ်ခင် ဘယ်လိုမှ အိမ်ပြန်မရောက်နိုင်တာသိပေမယ့် ရှတ်နေမိသည့်စိတ်က သူနဲ့ကြာကြာ ဆက်ရှိမနေချင်တော့ပေ ...။

"ရန်ကုန်ပြန်မှာလား .. ကျုပ်က မျက်စိသိပ်မကောင်းဘူး မလိုက်နိုင်ဘူး၊ ဟိုဘက်မှာ သွားမေးကြည့် .."

"မလိုက်ဘူး .."

တက္ကစီတွေက ခေါင်းပဲခါနေကြ၏။ နောက်တစ်စီးက ခပ်ဝေးဝေးမှာ ရပ်ထားတာဖြစ်ကာ ဒရိုင်ဘာက သူမဆီကို လျှောက်လာပြီး ခြေဆုံးခေါင်းဆုံးကြည့်၏။

ပုစွန်ဆီရောင်လေးနဲ့ ဇာအဖြူအထူစားကို စကက်မှာရော အကျီမှာပါ ဆန္ဒင်းမကင်းပုံလေးတွေဖော်ပြီး ခေတ်ပုံချုပ်ထားသဖြင့် သူမရဲ့ တင်းပြည့်လှပသည့် ကိုယ်ပေါ်မှာ ရှမငြီးဖွယ်ရှိနေလေသည်။

ထို့ပြင် စတက်(ပ်)ပုံ ဆံနွယ်ပျော့လေးတွေနှင့် ဖွေးနုသည့် မျက်နှာလေးက နုနုဖတ်ဖတ် သန့်စင်နေကာ ...၊

"ငါလိုက်မယ် ဘယ်လောက်ပေးမှာလဲ .."

"ရှင်က ကားသမားပဲ ပြောကြည့်ပေါ့ .."

"ညည်းက ကြိုက်မှလိုက်မှာလို့ ပြောချင်တာလား ...၊ ဟဲ .. ဟဲ.. ပြန်မှဖြစ်မှာဆိုရင် ဒီအချိန် ဘယ်ကားမှ လိုက်မှာမဟုတ်ဘူး၊ ညည်းကြိုက်တဲ့ဈေး ဟုတ်ဟုတ် မဟုတ်ဟုတ် ငါခေါ်တဲ့အတိုင်း ညည်းလိုက်ရမှာ၊ ဘယ်လိုလဲ ပြောရမလား .."

တခြားကားသမားတွေ မျက်နှာကပါ ပြုံးစိစိဖြစ်နေကြသဖြင့် စစ မျက်နှာလေး တင်းသွားသည်။ ခုနေ ကိုကို များ အနားရောက်လာမလား လို့ တွေးမိလိုက်သေးသည်။

ဒါပေမယ့် ကိုယ့်ပြဿနာ ကိုယ်သာရှင်းရမှာမို့ ...၊

"ပြော .. ဘယ်လောက်လဲ .."

"အော်ဒါကြေး .. ငါးသောင်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဝေးမယ် ... လမ်းကြုံမတင်ရဘူး၊ ဒီကစပြီး လူပိုမပါရဘူး ..."

"အိုး ..."

စစ က မျက်နှာတည့်တည့် ကြည့်ပြောသဖြင့် ဒရိုင်ဘာ့ မျက်နှာမှာ အံ့သြဟန်တွေနှင့် မျက်ခုံးတွေပါ မြင့်တက်သွား၏။ ပြီးတော့ သေးလူတွေကိုပါ လှည့်ကြည့်တော့ အားလုံးက ရယ်ချင်ပက်ကျိမျက်နှာတွေနှင့် ...၊

"ဟုတ်ပါပြီ ... လမ်းရောက်မှ လိုအပ်မယ့်ကိစ္စလေး ညည်းနဲ့ငါ ဆက်ညှိတာပေါ့ ..."

"ဘာ!..."

"ဩော် ... တကယ်လို့ ကားပျက်ခဲ့ရင် ဘာညာပြောတာပါ ..."

"အဲဒါလည်း ရတယ်၊ တကယ် ကားပျက်တာ မပျက်တာ ကျွန်မ ကြည့်တတ်တယ် ..."

စိတ်တွေ ထွေပြီး စိန်ခေါ်သလိုပြောနေမိပေမယ့် မိန်းမသားတစ်ယောက်ဖြစ်နေခြင်းက အရာရာ အရှုံးဘက်က ဆိုတာမသိလို့တော့ မဟုတ်ပေ။

ကားပေါ်ရောက်ပြီဆိုတည်းက အိတ်ထဲမှာ အမြဲထည့်ဆောင်ထားခဲ့သည့် ဓော်တိုဓားလေးကို ထုတ်၍ အိတ်နဲ့ကွယ်ပြီး ကိုင်ထားလိုက်သည်။

'ဒီလူ တော်တော် ရက်စက်ပါလား' ဆိုသည့်စိတ်က နောက်မှာ ကျန်ခဲ့ကာ ရှေ့ကိုကြည့်နေရင်း တစ်ချက်တစ်ချက် သတိက လွှတ်နေတတ်၏။

မှောင်ရီပျိုးစကို ချဉ်းနင်းရောက်လာခဲ့လျှင် လမ်းက ဘယ်ကို ကွေ့ဝင်သွားကာ တစ်မျိုးမြင်ကွင်းဖြစ်သွားခဲ့၏။

"ကျွန်မ လာခဲ့တုန်းက ဒီလမ်း မဟုတ်ဘူး ..."

"ဟုတ်တယ် ... မြို့ဟောင်းကြီးကို ပတ်မနေချင်လို့ ဖြတ်လမ်းက လာတာ ..."





"ပတ်စရာရှိရင် ပတ်ရမှာပေါ့ ကျွန်မ မသိတဲ့လမ်းထဲ ခေါ်သွား နဲ့ ..."

"ညည်းက ကားသမားမဟုတ်ပါဘူး၊ ငါက မောင်းနေတဲ့သူပါ၊ ဘယ်လမ်း ဘယ်ခရီးကို တိုတာရှည်တာ ညည်းထက် ငါ ပိုသိပါတယ် ..."

လမ်းက တစ်ဖက်တစ်ချက်မှာ ပြောင်းဖူးပင်တွေလား ကိုင်းပင် တွေလား အမှောင်ထုကြောင့် သိပ်မသည်းကွဲပေ၊ ထိုစဉ် နောက်က ကား ရောင်က သူတို့ကားထဲထိ ဝင်းထိန်သွား၏။ ထို့ဖြင့် ...၊

အနားကပ်လာပြီး ဟွန်းတွေတအားတီးနေလျှင် ...

"တောက် ... လူလွန်မသား ... ဒီလောက်ကျဉ်းတဲ့လမ်းကို လမ်း တောင်းနေတယ်၊ သူ့ပတွေး လမ်းများမှတ်နေသလား ..."

ပက်ပက်စက်စက်ဆဲပြီး လမ်းလယ်ခေါင်က တမင်မောင်းပစ်လိုက် ၏။ စစ နောက်ကကားကို လှည့်ကြည့်ရင်း ကိုကို လိုက်လာတာများ လားလို့ တွေးလိုက်မိ၏။

သို့သော် ဒီအချိန်မှာ ဒီကားထဲက ဘယ်သူဖြစ်ဖြစ် ဒီတိုင်းသဲနောက် ကနေ ကပ်လိုက်နေစေချင်သည်။ ကိုယ့်ကားကို ကျော်တက်သွား ကျန်ခဲ့မည့် ကိုယ့်အဖြစ်ကို ချောက်ချားသလိုစိတ်က ချက်ချင်း ထဖြစ်လာ၏။

သူမ အရဲစွန့်ထွက်လာခဲ့တာ မှားပြီလား ...၊ ကိုကို တကယ် သူမ ထွက်လာတာကို ဒီတိုင်းကြည့်နေခဲ့တာလား ...။

စိတ်တွေ ယောက်ယက်ခတ်လာခဲ့စဉ် နောက်ကားက ဟွန်း ဆူညံနေအောင် တီးတော့သည်။

"တောက် ... မအေပေး ကား ... သွားစမ်းကွာ ..."

ဒရိုင်ဘာက နောက်ထပ်ဆဲလိုက်ပြီး ကားကို ကိုင်း ဘေး သေးချကပ်ပေးလိုက်၏။ ထိုအခါကျမှ နောက်ကားက ကျော်တက်သွား လျှင် ...၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ ကား ...၊

စစ နှုတ်ခမ်းလေးပင် ပြန်မစေ့နိုင် ...။

တစ်ဆက်တည်းမှာ မျက်ရည်တွေ အိခနဲပြည့်တက်လာကြ၏။ သူမ အံ့ဩငေးမောသွားခဲ့ရင်း ကား၏ နောက်မီးနီနီလေးတွေက မြင်ကွင်းထဲက ပျောက်သွား၏။

သို့သော် ခဏအတွင်းမှာပင် မီးရောင်တွေ စူးရောက်လာခဲ့ပြီး သူမတို့ရှိရာ ဦးတည်ပြေးလာခဲ့သည်။

ပြီးတော့ တိမ်းရှောင်သွားတာမဟုတ်ဘဲ ခေါင်းချင်းထိပ်တိုက်ဝင်ဆောင့်တော့မလို နီးကပ်လာကာ ...၊

"ဟာ .. ဘာလဲဟ .."

ဒီဘက်က ဒရိုင်ဘာ သူ့ကားကို ကမန်းကတန်းဘရိတ်အုပ်သည်။ ဟိုဘက်က ကားသည် ဆေး ရဲ့ ကားပဲဖြစ်လျက် ...၊

"ဆင်းခဲ့ .."

သေးကတံခါးကို ပုတ်လိုက်တာနှင့် စစ ကလည်း တံခါးဖွင့်၍ ဆင်းလိုက်ပြီးဖြစ်ကာ ...၊

"ကိုကို .. ကျွန်မ .."

"ဟေ့ .. ဟေ့ .. ဘာလုပ်တာလဲ .. ဆင်းမယ်ဆိုလည်း ငါ့ကားခ ကျသလောက်ပေးသွားဦး .."

ကားသမားက တံခါးဖွင့်ပြီး အမောတကောဆင်းတောင်းသည်။ ဆေး က စစ ရဲ့ လက်ကို တစ်ဖက်ကဆွဲထားကာ ဒီဘက်လက်နှင့် ကားသမား၏မျက်နှာကို လက်ပြန်ဖောင်းခနဲ ရိုက်ပစ်လိုက်ပြီး ...၊

"တစ်ပြားမှ မပေးဘူး .."

ထိုလူ သူ့ကားပေါ် သူ ပြန်လဲကျသွားကာ တော်တော်နဲ့ မထနိုင်ပေ။ ဆေး ကားကို လာလမ်းအတိုင်းပြန်မောင်းလာခဲ့၏။

ကားနှစ်စီး ကပ်ရှောင်ခဲ့စဉ် သေးက ကိုင်းတောကို တိုးကြိတ်ထွက်



ရသဖြင့် တိုးတိုက်သံတွေ ဆူညံသွား၏။

"တောက် .. ကုန်ပြီ .."

ဆေး ခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး စတီယာရင်ကိုထုပစ်တာ...၊

"ငါ့လက်ထဲ ရောက်တာနဲ့ ဘာဖြစ်ဖြစ် ရုတ်ပြတ်သပ်သွားတာပဲ တကယ့် ချီးထုပ် .."

"ရှင်က စိတ်မြန်လက်မြန် ဝုန်းဒိုင်းကြဲမောင်းတာကိုး .."

"ဝုန်းဒိုင်းကြဲလိုက်မလာရင် မင်း ဘာဖြစ်သွားမယ်ထင်လဲ .."

"ဟင်!..."

"အဲဒီကား ဘယ်ကိုသွားနေတာလဲ မင်းသိလား .."

"ဖြတ်လမ်း .."

"ဘာဖြတ်လမ်းလဲ .."

သူ အော်လိုက်သဖြင့် ဇဝေဇဝါပြောနေသည့် ပခုံးလေး ဆတ်ခနဲ ကျုံ့သွား၏။ ဒါပေမယ့် အအော်ခံရတာကို ဒေါသထွက်ရကောင်းလည်း သိနေသေးသည်။

"မြို့ပေါင်းကြီးဘက်က ပတ်နေရင် ကြာလို့လို့ သူ ပြောလို့ပြောပြတာ .."

ပြန်အော်လိုက်တော့ ကားမောင်းနေသည့် မျက်နှာက သူမဘက် လှည့်လာ၏။

"အဲဒီက တည့်တည့်သွားမှ ရွာပေါင်းကိုရောက်တာ၊ ဟိုဘက်မှာ ကားသွားလို့မရဘူး၊ အဆောက်အဦးပျက်တွေက သွပ်ဆူးကြိုးစတွေ သံတိုသံစတွေနဲ့ လမ်းပေါ်ပုံထားတဲ့ မြေကြီးတွေ အုတ်ကျိုးတွေနဲ့ ဆိုင်ကယ်တွေတောင် မသွားဘူး .."

ဘုရား .. ဘုရား ...၊

"မင်း ဘယ်လို မိန်းမလဲ ယဉ်စစခင် .. မင်းကို ငါ [illegible]မထင်ဘူး—"

"ဘာကို မထင်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေထဲက တစ်ယောက်ယောက်ကို ယုံယုံကြည်ကြည် လက်တွဲထွက်သွားလိမ့်မယ်လို့ .."

"ဘာ .. ရှင် ဘာပြောလိုက်တယ် .."

"ကြားတဲ့အတိုင်းပဲ .."

"တက္ကစီမို့ ငှားစီးတာ လက်တွဲထွက်သွားတာမဟုတ်ဘူး .."

"ဘာဖြစ်ဖြစ် .. ယုံကြည်မှုနဲ့ အလုပ်လုပ်ပြီဆိုရင် လက်တွဲတာပဲ.. မင်းလို မိန်းကလေးမျိုးကို .. တောက် .. ငါကိုက မနေတတ်တာ .."

"ဩော် .. ရှင်က နောင်တရနေတယ်ပေါ့၊ စစ ဒီထိအောင်ပါလာခဲ့တာ ရှင့်ကြောင့် .."

"ဘာ!.."

စေတနာစော်ကားလိုက်တာကို ဒေါသက ဆောင့်ခုန်ထွက်၏။ ဟိုကားထဲမှာ ဒရိုင်ဘာနဲ့အတူ သတိလစ်ကျန်ရစ်ခဲ့ပြီး သင်းဘာဖြစ်သွားမယ်ထင်သလဲ ..၊

ခုလို မယုံကြည်ထိုက်တဲ့သူကို မျက်လုံးစုံမှိတ်ပြီး ယုံပစ်လိုက်တာ ရော ဘယ်လောက်တောင် အန္တရာယ်ကြီးသလဲ ..။

ကိုကို နဲ့ ပတ်သက်နေတာကြောင့် မဖြစ်မနေ ကယ်ဆယ်ရေး လုပ်နေရတာကို ပြောချလိုက်ရင် ပွဲက ကြည့်ကောင်းဦးမည်။

"တော်တော့ ယဉ်စစခင် မင်း ပါးစပ်ကိုပိတ်ပြီး အေးဆေးလိုက်ခဲ့.."

"ရှင် အဲဒီလို လုံးမချနဲ့လေ .. ရှင့်ရှေ့မှာပဲ ငုတ်တုတ်ထိုင်နေပြီး ရှင် သွားလာသမျှ တစ်ကောက်ကောက်လိုက်နေရအောင် အချိန်ကိုကြည့်ဦး .."

"ခုရော .. မင်း အိမ်ကို အချိန်မီ ပြန်ရောက်သွားလား .."

"အဲ့ဒါ ရှင် နေနိုင်လို့ဖြစ်ရတာ .."

"ဘာကွ .."

"ဟုတ်တယ် .."



စစ အသံလေးတစ်ချက်တော့ တုန်ခါသွားသည်။

"ကျွန်မ ပြန်ဖို့ ပြင်နေတည်းက ရှင် ပြန်ပို့ဖို့ သတိရမှာပဲလို့ထင်တာ .."

"ဩော် .. ဩော် .."

"ကားငှားနေတည်းက ရှင် ထလိုက်လာရင် ပြီးပြီ .."

"ဒါဖြင့် မင်းက ငါ လိုက်လာမှာပဲဆိုပြီး ရဲရဲဝံ့ဝံ့ တက်လိုက်သွားတာပေါ့ .."

"ဟင့်အင်း ကားပေါ်ထိ ရောက်သွားတော့ ရှင့်ကို မမျှော်တော့ဘူး .."

"ဟာ .. ဒါဆို ငါက ပိုမိုက်မဲတာပေါ့၊ မင်းကတောင် လိုက်မလာနိုင်တော့ဘူး ထင်ပြီးသားကို .."

"အဲဒီတော့ နောင်တတွေရပြီး အခု ကားထဲက ထွက်တော့လို့ ပြောချင်လို့လား .."

"မပြောဖြစ်အောင် မင်း အေးအေးချမ်းချမ်း နေလိုက် .."

စိတ်ထဲမှာတော့ အောင့်သက်သက်ပါ။ ဒါပေမယ့် ကျေးဇူးတင်နေမိသည့် စိတ်ကလည်း ရှိနေသဖြင့် ညအမှောင်ထဲကို လှည့်ငေးရင်း သူနဲ့ ဘာမှ မပြောမိအောင်နေလိုက်သည်။

လုံးဝ တိတ်ကျသွားတော့ ကားမောင်းနေရင်း ဆေး က လှည့်ကြည့်သည်။ ထိုစဉ် ဖုန်းဝင်လာသဖြင့် နားကြပ်တပ်လိုက်ပြီး ..၊

"ပြော .."

"..... ..... ....."

"ဖတ်ပြီးပြီ .. မတတ်နိုင်ဘူး။ ငါ့အလုပ်ကို ငါ ဘယ်တုန်းကမှ အပျက်ခံခဲ့တာမဟုတ်ဘူး .."

"..... ..... ....."

"သဘောပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"…… …… ……"

"အေး .. အခု ပြန်လာနေပြီ .."

ဖုန်းထဲက ကိုကို့ ညည်းညူသံကြီးကြောင့် သူ စကားမပြတ်ဘဲ တမင်ပိတ်ပစ်လိုက်သည်။ နောက်ထပ် မက်ဆေ့ချ်တွေ ဝင်နေပေမယ့် မဖတ်တော့ဘဲ ကားကိုပဲ အာရုံစိုက်မောင်းနေလိုက်သည်။

လူရှင်းကားရှင်းမို့ လီဗာကို နင်းပစ်လိုက်သည်နှင့် ခွေးတစ်ကောင် ကားရှေ့က ဖြတ်ပြေးသွားလျှင် ..၊

"ကျွီ .."

"အမေ့ .."

ကားက ဘေးကို ဝိုက်ဆွဲလိုက်သဖြင့် လူးခါသွား၏။ စစ ဘေး ဘောင်နဲ့ ကိုင်ရိုက်လိုက်သလို ဖြစ်သွားကာ မျက်လုံးထဲမှာ ပြာဝေမှုန်ကုပ် သွား၏။

"အား .. သေပါပြီ .."

"ဆောရီး .. ခွေးကို တက်ကြိတ်မိမှာစိုးလို့ .."

သူမက မျက်စောင်းထိုးသလို သူ့ဘက်ကို မျက်နှာလေး နည်းနည်း တော့ ငဲ့လာသေးသည်။ သို့သော် နဖူးကို လက်လေးတစ်ဖက်နဲ့အုပ်ထား ရင်း မျက်နှာလွှဲမြဲလွှဲနေ၏။

ဆေး သူမကိုပဲ မကြာခဏ လှည့်ကြည့်နေမိကာ ..၊

"ဟော့ .. ခေါင်းမှာ တစ်ခုခုဖြစ်သွားလို့လား .."

"ဖြစ်တော့ ဘာဖြစ်လဲ .. ရှင့်ကို နားမပူဘူး၊ မြို့ထဲ မြန်မြန်ရောက် အောင်သာ မောင်းပေး .."

"ပြီးတာပဲ .."

ပြောလည်ရာပြောလည်ကြောင်း စပေးရက်နဲ့ မတည့်ရာမတည့်ကြောင်း သောတီးတော့လည်း နေပေါ့ ..။

ဒါပေမယ့် ကားကိုတော့ အရှိန်ထပ်မြှင့်ပြီး မြို့ထဲ မြန်မြန်ရောက်



နိုင်အောင် မောင်းပေးလိုက်သည်။

"ရှေ့မှာ ဆေးခန်းထင်တယ် .. ကျွန်မကို ချပေးခဲ့တော့ .. ရပြီ .."

"အိမ်ကို အဝေးကြီးလိုသေးတယ် ..၊ မြို့ထဲရောက်နေမှ ဘာဖြစ် တာလဲ .."

"ကျွန်မ မူးနေပြီ .. ရပ်လိုက်ပါဆိုမှ .."

သူမ ပိုက်ဆံအိတ်လေးကိုင်ပြီး ဆေးခန်းထဲဝင်သွားသည်။ လူစည် သည့်နေရာမှာပေမယ့် ဆေးခန်းကလည်း လူရှင်းနေသည်။ သူမ ဒဏ်ရာ ကိုလည်း ချောချောမောမောကုပေးလိုက်ပေမယ့် ..၊

"ပိုက်ဆံရှင်းပြီးပြီ .."

သူမ ကောင်[illegible] သွားရပ်လိုက်တာနှင့် သူက ဆေးထုပ်ကို ကိုင်ထားလျက် အားမှာလာရပ်ကာ ..၊

"သွားမယ် .."

ဒါကျတော့လည်း သူမ အလွယ်တကူ ပြန်ပါလာကာ ..၊

"ရှင် အိမ်ထိကိုက်ပို့ပေးမှာလား .."

"မြို့ထဲကိုနောက်ထပ် နာရီဝက်လောက် မောင်းရဦးမှာ .. ကားကြပ် နေရင် တစ်ရီကျော်သွားမှာပဲ၊ ဘာလဲ မင်းက တက္ကစီငှားစီးချင်သေးလို့ လား .."

စစ ထံမှ အကြည့်တစ်ချက်သာ ရောက်လာပြီး နှုတ်ဆိတ်နေသဖြင့် သူ မသိမသာပခုံးတွန့်မိ၏။ ဒီမိန်းကလေး သူ့ကို တကယ်လန့်သွား တာလား၊ ဒါမှမဟုတ် ရွံ့တာလား ..။

"ရှင် ဆေးဖိုး ဘယ်လောက်ပေးလိုက်ရလဲ .."

"နည်းနည်းပါ .."

"ရှင် ဘယ်သွားတာလဲ ကိုကို .."

"ဒီဆိုင်မှာ စားစရာတွေရေးထားတာ အများကြီးပဲ .. မင်းကြိုက် တာ စားလို့ရတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အို .. မဖြစ်ဘူး၊ စစ ပြန်ရမှာ အရမ်းနောက်ကျနေမှာပေါ့ .."

ဆိုင်ရှေ့ရောက်မှ စစ ခြေလှမ်းရပ်ပစ်လိုက်တော့ သူက ပြန်လှည့်ကြည့်သည်။ ပြီးတော့ မပြောမဆို လက်ကို ဆတ်ခနဲဆွဲလိုက်ပြီး ဆိုင်ထဲ တန်းတန်းမတ်မတ်ဝင်၏။

"ခေါက်ဆွဲပြုတ်တစ်ပွဲ .."

မထိုင်ရသေးဘဲ လှမ်းမှာသည်။ ထို့ပြင် သူ အရင်ထိုင်လိုက်ပြီးမှ စစ ကို ခုံဆွဲပေးကာ ..၊

"ထိုင် .."

သူမက ထိုင်လိုက်ပေမယ့် ..၊

"ကိုကို .. ခေါက်ဆွဲပြုတ်က စစ အတွက်လား .."

"ဟုတ်တယ် .. မင်း ဒဏ်ရာက သွေးထွက်သံယိုဖြစ်ထားတာ၊ ဆေးသောက်ရမယ်၊ မင်း ဟိုမှာလည်း ဘာမှမစားခဲ့ဘူး .."

"ဒါပေမယ့် စစ ဒီလိုဆိုင်မျိုးမှာ ဘယ်တော့မှ မစားဘူး .."

"ဘာ .."

စစ က ခုံပေါ်မှာ ရေစိုကွက်တစ်ချို့နှင့် စိုထိုင်းထိုင်းစားပွဲမျက်နှာပြင်ကို မျက်လွှာလေးစင်းကြည့်သည်။ ထို့နောက် ကော်ခွက်ထဲမှာ ရေတစ်ဝက်နှင့် ရေနွေးသောက် ပန်းကန်လုံးတွေ အသည့်စိမ်ထားတာကို စိုက်ကြည့်၏။

ပန်းကန်လုံးတစ်ချို့က နှုတ်ခမ်းမှာ အက်ကြောင်းရာတွေရှိနေကာ ကြေးစွန်းနေသည့် အကွက်တွေက ဒီတိုင်း၊ ယင်ကောင် တစ်ကောင်စ နှစ်ကောင်စ ပျံသန်းနေတာကို မြင်လျှင် သူမကိုယ်မှာ လာနားမှာစိုးရိမ်သလို ပခုံးလေးကျုံ့သွားပြီး မျက်နှာလေးမဲ့၏။

သူမကိုကြည့်ပြီး ဆေး က ခပ်မဲ့မဲ့ပြုံး၍ ..၊

"လက်ဖက်ရည်ဆိုင်နဲ့ တွဲနေတဲ့ စားသောက်ဆိုင်တွေက ဒီလိုပဲ၊ အချိန့်ရှိနေတော့ .."



"မဟုတ်ဘူး .. စစ အပြင်မှာကိုပဲ နေရာတကာ စားသောက်တာ ကိုယ်တိုင်ချက်ပြုတ်ရတဲ့ ထမင်းဟင်း ဒါမှမဟုတ် အိမ်ထမင်းဟင်းပေါ့၊ အဆာပြေလုပ်စားတာကအစ အိမ်တွင်းဖြစ်ကိုပဲ ကြိုက်တာ .."

"မင်းက မွေးစားသမီးဆို .."

ကိုကို ပြောပြဖူးသည့်အကြောင်းတွေထဲက တစ်ချို့ပါ။ ချမ်းသာချင်သည့် ပုဂ္ဂိုလ်က သိပ်မဟုတ်လောက်သည့် မိသားစုထဲက မွေးစားသမီးကိုမှ လက်ထပ်ခွင့်ကြုံရသည့်အဖြစ်ကြောင့် ရင်ခံနေတာက ကိုကို။

သူ့ မေးခွန်းကြောင့် စစ က သူ့မျက်နှာကိုကြည့်၍ ..၊

"မိဘရင်းနဲ့ မနေရဘဲနဲ့ စစ ရဲ့ လိုက်(ဖ်)စတိုင်လ် အဲလိုဖြစ်နေတာကို ရှင် ပြောချင်တာလား .."

"မသိဘူး .. ဘာဖြစ်လို့ မေးလိုက်မိမှန်းတောင် ကိုယ့်ဘာသာ မသိလိုက်ဘူး၊ ဒါပေမယ့် အဲဒီလို အစားကြေးများတဲ့လူတွေက မထင်မှတ်တဲ့ နေရာဒေသစိမ်းတစ်ခုခုကို ရောက်သွားရင် ဒုက္ခရောက်တာပဲ၊ အခု မင်း ဖြစ်သလိုပေါ့ .."

"စစ ဒုက္ခလို့ မထင်ပါဘူး၊ ပေးပါ .. ရေသန့်ဘူးတစ်ဘူးပဲ မှာပေး ဆေးသောက်လိုက်မယ် .."

သူမ တကယ်ပဲ ဘာမှမစားခဲ့ပေ။ ရောက်လာသည့် ခေါက်ဆွဲပြုတ်ကို ဘာသားနဲ့မှန်းမသိဘဲ ဘာသားဖြစ်ဖြစ်စားသည့် သူ့ပဲ သောက်လိုက်ရကာ ..၊

"ဖင်တကြွကြွဖြစ်မနေနဲ့ ယဉ်စစခင် ..၊ မင်း ခရီးလွန်နေတယ်ဆိုတာ ငါ မက်ဆေ့ချ်ပို့ထားတယ်၊ နောက်ကျလည်း ဘာမှမဖြစ်ဘူး .."

ပြောပြီး ခေါင်းက ပွမ်းနဲ့ပလပ်စတာကို မျက်လုံးဝေ့သွားကာ ..၊

"ခေါင်းမှာလည်း ဒဏ်ရာနဲ့ .. မင်းကို ဘယ်သူမှ တစ်မျိုးမထင်ဘူး .."

"ဘယ်သူတစ်မျိုးထင်ကြသလဲဆိုတာ လိုက်မေးကြည့်ဖို့ရတာမှ မဟုတ်ဘဲ၊ ပြီးတော့ စစ က ရှင်နဲ့ တစ်နေကုန် .."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတည်း ညားသွားလေသတည်းဆိုရင် မင်း စိတ်ဆိုးဖို့မရှိဘူးမို့လား .."

"ဘာပြောတယ် .."

စစ ပါးမို့လေးတွေ ရဲတက်လာတော့ မီးစားသည်ပဲပြောရမလား၊ မီးရောင်အောက်မှာ မျက်ခုံးမျက်လုံးလေးတွေ ပို၍ နက်ထင်းနေလျက် အလှသွေးကြွယ်နေလေသည်။

"ရိုင်းသွားလား .. မတတ်နိုင်ဘူး၊ ငါက လိုရင်းကိုပြောရတာကြိုက်တယ် .."

"ရှင့်လောက် လိုရင်းကို မရောက်နိုင်တာ ရှင်ပါပဲ .."

သူမကလည်း တည့်တည့်မတ်မတ် ဝေဖန်လေသည်။ ဆေး ကိုယ့်ဘာသာ စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်ပြီးမှ ကိုကို့ကို သတိရသွားသည်။

စစ ကလည်း ဘာ့ကိုသတိရသွားသည်မသိဘဲ ခပ်ငေးငေးလေးဖြစ်သွားသည်။

"ရှင့်ကို မြင်လိုက်ကာစက ကျေနပ်သွားသေးတယ်၊ ရုပ်ရည်အသိုင်းအဝိုင်း အရည်အချင်း ဘာမှ ပြောစရာမရှိတော့ .."

"ကျေနပ်သွားသေးတယ်ဆိုတော့ .."

"ဟုတ်တယ် နောက်တော့ စိတ်ညစ်လာတယ် .."

"ဘာဖြစ်လို့လဲ .."

"ရှင် စိတ်ဆိုးမလားမသိဘူး၊ စစ က ရှင့်ထက်တော့ အားနာတတ်ပေမယ့် စိတ်ထဲရှိတာကို မျိုသိပ်လိုက်ရရင် တစ်နေကုန်ဘဲ ဒီစိတ်က နှိပ်စက်နေတာ .."

သူ ပြုံးလိုက်မိကာ ..၊

"ပြောပါ .."

"ရှင် စစ ကို သဘောမကျတာ သိပါတယ်၊ ဒါပေမယ့် ပထမဆုံး စကားပြောဖူးတာက တီးမိခေါက်မိရုံ စိတ်အကဲခတ်ကြတာလေ၊ ရှင့်



ဘက်က အင်တင်တင် လက်ခံရမယ့်အဖြစ်ကို စစ သိလိုက်ရတာပေါ့၊ အဲဒီတုန်းက စစ ကတော့ လူကြီးတွေကို ပြောပြီး ငြင်းမပေးနိုင်ဘူးလို့ ရှင့်ကို ပြောခဲ့သေးတယ် .."

"အဲဒီတော့ မင်း ဘာဖြစ်ချင်တာလဲ .."

သူမ မျက်ဝန်းလေးတွေမှာ ဒေါသကြောင့် လက်ခနဲတော့ဖြစ်သွားသည်။ ဒါပေမယ့် မျက်လွှာချပစ်လိုက်ပြီး ရှက်ရွံ့သိမ်ငယ်ခြင်းတွေရှိနေပြန်ကာ ..၊

"ရှင့်ကို ဒီ့ထက်ပိုရင်းနှီးသင့်တယ် ထင်တာလေ၊ အဲ့ဒါက .. အဲ့ဒါကို ရှင့်ဘက်က ကြိုးစားရမှာမဟုတ်ဘူးလား .."

"သူ .. အဲ .. ကိုယ့်ဘက်က စိတ်ဝင်စားမှုက မင်းလောက်ဖြစ်မနေရင် မင်းနဲ့ ရင်းနှီးချင်စိတ် ဖြစ်ချင်မှ ဖြစ်မှာပေါ့ .."

သူမ မျက်နှာလေး အရောင်ရင့်သွားပြန်သည်။

"သြော် .. အဲဒါကြောင့် ရှင်က အထာကြီးနေနေတာလား .."

"မင်းပြောလို့ ပြောပြတာ .."

"စစ က ရှင့်ကို ရင်းနှီးချင်တယ်ဆိုတာ ရှင့်ဘက်က မလိုလားဘူးဆိုတာကို ရှင် ကိုယ်တိုင်ပွင့်ပွင့်လင်းလင်း ပြောလာစေချင်ရုံပဲ .."

"ပြောလာတော့ .."

"ရှင် ပြောလာမှ စစ ကလည်း မြွောချင်တဲ့စကားကို ပွင့်ပွင့်လင်းလင်း ပြောလို့ရမှာပေါ့ .."

"ဒါဆို .. အခု မင်း ပြောချင်တာကို ပြောလို့ရပြီ .."

ဒါက သူ့ဘက်က ငြင်းမှာပဲဆိုတဲ့ သဘောလား ..၊

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားတာ သိသိသာသာဖြစ်လေသည်။ ခု ပြောပြနေတဲ့ အကြောင်းတွေက သူနဲ့တွေ့တုန်းက နေ့ မနေ့တစ်နေ့ကအထိ အမှန်တွေပါ။

ဒါပေမယ့် ခုချိန်မှာ သူမ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆို မင်းနဲ့ငါ ရင်းနှီးပြီလို့ သတ်မှတ်နိုင်ပြီမို့လား .."

"အင်း .."

စစ က သူ့ မျက်နှာကို ကြည့်ပြောနိုင်ဖို့ ကြိုးစား၍ ပင့်သက်တစ်ချက်ကြီး ရှိုက်ကာ ..၊

"ဒါဆို စစ က ပြန်ဆက်မေးရမှာပေါ့၊ ရှင် .. ရှင့်ဘက်က စစကို လက်မထပ်နိုင်ဘူးလို့ ကြေညာပြီလား .."

"ဆိုပါတော့ .."

"ကောင်းပြီလေ .. ဒါကလည်း ရှင် မမှားပါဘူး၊ စေ့စပ်ထားကြရုံဆိုတော့ အမှားပြင်ဆင်ခွင့်ရှိသေးတာကိုး၊ ခြေတစ်လှမ်းကျွံပေမယ့် ပြန်ရုတ်လို့ ရသေးတယ် .."

သူက အသံမပါဘဲ ခေါင်းပဲညိတ်၏။ စစ ရင်ထဲမှာတော့ သူ ခေါင်းညိတ်လိုက်တာက ရင်ဝကို လက်သီးဆုပ်ကြီးကြီးနဲ့ ထိုးချလိုက်သလိုပင်..။

"မနက်ဖြန် စေ့စပ်ကြမယ့်အချိန်မှာတော့ ရှင့်ဘက်က မလိုလားတာတွေမပြဘဲ ဒီပွဲပြီးမြောက်သွားချင်တာ .."

"စေ့စပ်ဖို့ကတော့ ဖြစ်သွားမှာပဲ၊ မင်းက ဘာလို့ အကြီးကြီးတွေးနေတာလဲ .."

"စေ့စပ်ထားပြီးသားဖြစ်ဖို့က ကျွန်မအတွက် အကြီးကြီးဖြစ်နေလို့ပေါ့ရှင့် .."

"ဘာအတွက်လဲ .."

"ဂေါ်မစွံတဲ့ အပျိုကြီးလို့ အခေါ်မခံချင်လို့ .."

"ဟား .. ဟား .. ဟား .."

ဟင် ..၊

ရယ်ချလိုက်တာက ဘေးလူတွေပါ လှည့်ကြည့်ကြ၏။ သူမ ခံစားနေရတဲ့အတိုင်း ပြောလိုက်တာ ဘာမှားသွားလို့လဲ ..။

သူက ရယ်နေရင်း ဆံပင်တွေကို ထိုးသိပ်တင်နေသည်။ ပြီးတော့



ရယ်လက်စနှင့် ..၊

"ရယ်ရတယ် .. ဟား .. ဟား .. ဟား .."

ရယ်နေတာကိုပဲ ရယ်ရတယ်ထပ်ပြောပြီး ရယ်နေပြန်၏။

"ရှင် ကျွန်မကို လှောင်နေတာလား .."

"ဟုတ်လား .. မသိဘူး၊ ရယ်စရာမို့ ရယ်တာပဲ .."

"ဘာ .."

"လှောင်တာမကြိုက်ရင် လှောင်ပြောစရာဖြစ်မယ့်စကား မင်းမပြောနဲ့ပေါ့ .."

"အဲ့ဒါ ကျွန်မ စိတ်ထဲရှိတဲ့အတိုင်းပဲ .."

"ဟား .. ဟား .. ဟား .."

စစ မျက်နှာလေးတစ်ပြင်လုံး ရဲချိတ်နေကာ မျက်ရည်တွေပါ ဝေ့တက်လာသည်။ ပြီးတော့ သူမ ရင်ထဲက မရည်ရွယ်ခဲ့ဘဲနှင့် သူမ ပြောဖြစ်ခဲ့သည်များဟာ ..၊

"ရှင့်ကို ကြိတ်ကြိုက်နေတယ်လို့ ရှင် ထင်နေတာလား .."

"ဒါကလည်း မင်းစိတ်ထဲမှာ ဖြစ်လာတာတွေ .. မင်း ဘာသာတွေးနေတာပဲ .."

"ရှင် အဲဒီလိုတွေးလို့ပဲ ရယ်နေတာ၊ ကျွန်မ ယောကျ်ားတွေကို မယုံခဲ့ဘူး၊ ချစ်သူတွေ ဒီတစ်ယောက်နဲ့ တွဲလိုက် ပြတ်သွားပြီး ဟိုတစ်ယောက်နဲ့ ဖြစ်သွားလိုက်၊ ပတ်ဝန်းကျင်မှာ မြင်နေရတဲ့ ချစ်သူတွေကို စိတ်ပျက်မိရာကနေ ယောကျ်ားတွေကို မယုံတော့ဘဲ ဒီနေ့ထိ ချစ်သူမရှိခဲ့ဘူး .."

"နှောင်တရနေတာလား .."

"ဟုတ်တယ် .."

"ပေါ်တင်ကြီးပါလား .."

"ကိုယ့်ဘာသာ ချစ်သူမရှာခဲ့တာပဲ၊ ကြိုက်မယ့်သူ မရှိသလိုလို–"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဖြစ်နိုင်တာပဲဟာ .."

မတည်မပြုံးမျက်နှာကို စစ မျက်စောင်းထိုးမိ၏။

"သူငယ်ချင်းတွေ ယောကျ်ားနဲ့ ကလေးတွေနဲ့ တွဲလာကြရင် ကိုယ့်ဘာသာ အိမ်ထောင်မပြုတာကပဲအပြစ် .."

"မရလို့ မပြုရတာမှန်း သိနေကြလို့ဖြစ်မှာပေါ့ .."

"ရတယ်ရှင့် ရတယ်၊ မမေတို့ကို ကမ်းလှမ်းလာကြတဲ့ သားရှင်တွေမှ အများကြီးပဲ၊ စစ ကိုက ဘယ်လိုမှလက်မခံလို့ မရခဲ့တာ .."

"မိဘ အားကိုးနဲ့ .."

"ဘယ်အားကိုးနဲ့ဖြစ်ဖြစ် အိမ်ထောင်ပြုပြု မပြုပြု ချစ်သူတွေထားခဲ့ဖူးရင် တော်သေးတာပေါ့၊ ခုတော့ ရည်းစားမထားခဲ့ဖူးတာပဲ သနားစရာသတ္တဝါလိုလို .."

"ဟား .. ဟား .. ဟား .."

"ရှင် ဘာရယ်တာလဲ၊ ကျွန်မ အသက်နှစ်ဆယ့်ခြောက်နှစ်နဲ့ သုံးလပဲ ရှိသေးတယ် .."

"အွန်လိုင်းပေါ်တက်ပါလား .. ကိုယ့်ကို မချစ်ဘဲ ဓာတ်ပုံကိုစပ်ရတာထက် မင်းကိုချစ်တဲ့သူတွေ့ရင် တွေ့မှာပေါ့ .."

"အဲဒါတွေလည်း အထင်မကြီးဘူး၊ အွန်လိုင်းမှာစကားပြောကြတယ်၊ အပြင်မှာတွေ့ရအောင်ဆိုပြီး ကြည့်ရှုအကဲခတ်၊ အခြေအနေ မဟန်ရင် လှည့်ပြန် .."

"မင်းက လှည့်ပြန်သွားချင်စရာမှ မဟုတ်ဘဲ .. ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးလား .."

"အံမာ .. ကျွန်မ လှမှန်း ကိုယ့်ကိုယ်ကိုယ် သိတယ် .."

"ဟား .. ဟား .. ဟား .."

သူ လှောင်ရယ်နေတာသိပေမယ့် စစ မေးဖျားလေးပင့်၍ သူ့ကို စူးစိုက်ကြည့်ပစ်လိုက်ပြီး ..။



"ကြွားနေတယ်ထင်လို့လား .. မရလို့ လိုချင်နေတာမဟုတ်ဘူး၊ ရတာတွေကို မလိုချင်လို့ .."

"အင်း .. ကိုယ့်ကိုယ်ကိုယ် လှကြောင်းကြွားတဲ့လူ ခုမှပဲ တွေ့ဖူးတော့တယ်၊ မင်း အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေတော့ သူများကို အထင်သေးစိတ်ဝင်မှာပေါ့၊ 'က' ခေါင်းလေးတွေ မြင်ဖူးလား အမြီးလေးဖြန့်ပြီး 'က' နေတာ အရမ်းလှတာပဲလေ၊ ဒါပေမယ့် နောက်မှာ ဘယ်လိုဆိုလား .."

"နောက်မှာ ဖင်ပြောင်းလောင်းလို့ ပြောကြတာလေ .."

"ဟား .. ဟား .. ဟား .."

"က နေတာကို မကြည့်ဘဲနဲ့ နောက်ကိုမှ ဝါသနာကြီးစွာ လေးဘက်ထောက်ပြီး သွားချောင်းတဲ့လူတွေပြောကြတာ .."

ဟင် ..။

အားပါးတရရယ်နေရင်း ဆေး ရဲ့ ပါးစပ်ကြီး ဒုက္ခရောက်သွားသည်။

"ဒါကိုကြည့်တော့ ဒါပဲ မြင်တာပေါ့ .."

"မင်း တော်တော်ရန်တွေ့ကောင်းပါလား .."

"ရန်တွေ့နေတာမဟုတ်ဘူးလေ၊ ရှင် သူများကိုပြောတော့ နားထောင်ကောင်းနေလား၊ ဒီမှာ စစ က သူများချစ်နေတာလည်း မခံနိုင်ဘူး၊ ကိုယ်က မချစ်ဘဲနဲ့လည်း မယူဘူး .."

"ဒါဖြင့် ကိုကို့ကို မင်း တော်တော်လေး ကြိတ်ပြီးစွဲလမ်းနေတာပဲ .."

"ဘာ .."

"ကိုယ့်ကိုလေ .."

စကားများသွားပြီးမှ ပြန်ထိန်းလိုက်ရသည်။ စစ ဒေါပွသွားသည်။

"ရှင်လည်း တော်တော် မာန်တက်နေပုံပဲ၊ အဲဒီတော့ ကိုယ့်စကား ဘယ်ရောက်ရောက် ကျွန်မကလည်း စကားကုန်ပြောလိုက်မယ် ရှင်ဟာ ကျွန်မအထင်ကြီးလောက်စရာ ယောကျ်ားမဟုတ်ဘူး ကိုကို .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်း လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တယ်လေ၊ များသောအားဖြင့် နှလုံးသားက ဦးနှောက်ကို အနိုင်ယူသွားတတ်တာပဲ .."

"ဟွန်း .. ကြံဖန်ဂုဏ်ယူလေ .. နေတတ်ရင် မြတ်ပါတယ် .."

နောက်ထပ် မျက်စောင်းထိုးလိုက်တော့ နှာခေါင်းလေးပါ ရှုံ့မဲ့မဲ့ ဖြစ်သွားသဖြင့် ဆေး က ကြည့်နေပြီးရယ်သည်။ ပြီးတော့ တွေးဖြစ်၏။

ယဉ်စနေ ဆိုပေမယ့် ယဉ်တာထက် ပိုလန်းပါတယ်။ ဒီကောင် ခေါင်းမကြည့်သေးလို့ ..၊



## အခန်း (၁၀)

"ကျွန်တော်တို့က ယောက်ျားလေးမိဘများရဲ့ ဖိတ်ကြားချက်အရ မိန်းကလေး မိဘထံမှာ လူငယ်နှစ်ယောက်ရဲ့ နေ့စဉ်ကြောင်းလမ်းဆော်လာ ဖြစ်မြောက်ရေးအတွက် ရပ်မိရပ်ဖအနေနဲ့ ဦးဆောင်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ် .."

"ဟုတ်ကဲ့ပါရှင် .."

"ဒီက ဦးမြတ်တင် .. ဒေါ်မွေးမွေး တို့ရဲ့ တစ်ဦးတည်းသော သားမောင်တင်ကိုကို နဲ့ .."

နှစ်ဖက်လူကြီးတွေ ပြောနေဟောနေတာကတော့ ချောမွေ့လို့ပါ။ ရပ်မိရပ်ဖဆိုသည့် ပုဂ္ဂိုလ်ကြီးတွေကလည်း ဇနီးမောင်နှံစုံညီစွာတက် ရောက်လာကြတာ တခမ်းတနား ..။

မခမ်းနားတာက ကိုကို့ ရင်ထဲမှာပဲဖြစ်၏။ ဒီပွဲမှာ သူ စိုးရိမ်ရ သည့်စကား အန်တီ မပြောလိုက်ပါစေနဲ့ ဗျာ၊

ဆုတောင်းရင်း ပူလောင်နေသည့် ကိုယ်က ပြောနေတာကိုလည်း မကြားတစ်ချက် ကြားတစ်ချက် ..။ သို့သော် ...

"ဆိုတော့ .. လူကြီးတွေ သဘောတူစီစဉ်ကြတဲ့အစွမှာ လူငယ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘက်က ကျေနပ်ကြည်ဖြူမှုရှိကြရဲ့လားဆိုတာ အားလုံးသိအောင် ပြောပြပါဦး ..”

ကိုကို နဲ့ စစ မျက်လုံးချင်းဆုံသွားသည်။ ကိုကို့ မျက်ဝန်းတွေက အရောင်အဆင်းမဲ့နေသလို ချိုစောင်းဆံစပ်မှာ ပလပ်စတာဖြူဖြူလေးနှင့် စစ မျက်နှာလေးက ဖြူဖတ်ဖြူရော် ..။

မနေ့က ဆေး နဲ့အတူတူ နေကုန်နေခမ်းလျှောက်လိုက်နေပြီး ဒဏ်ရာဒဏ်ချက်တွေတောင် ရလို့ ..၊

ဒဏ်ရာကိုကြည့်ပြီး ကိုကို မျက်မှောင်ကုတ်သွားတော့ စစ ကိုယ့်နဖူးကဒဏ်ရာကို လက်နဲ့ ပြန်စမ်းမိ၏။

သင်းကများ ငါ့ကိုပဲ ကျေနပ်ပါတယ်၊ ကြည်ဖြူပါတယ်လို့ စပြောစေချင်တာလား ..။

အတွေးကိုယ်စီဖြစ်သွားပေမယ့် တွေးကြတာက တစ်ယောက်တစ်လွဲ ..။

ဆေး ပြန်ပြောပြထားလို့ ကိုကိုက သိပြီးဖြစ်သည်။ မိန်းကလေးဖြစ်ပြီး ဒီလောက် တကောက်ကောက်လိုက်နေရလောက်အောင် ကိုယ့်ရုပ်က မင်းသားရုပ်အောင် ချောနေလို့လား ..၊

“မင်းတို့ ချိန်းထားမှန်းသိပေမယ့် ငါက သူမှန်းမှ မသိတာ၊ သိတော့ ရှော့စ်က အကြီးကြီးဖြစ်နေပြီ ..” တဲ့ ..။

ဆေး ပြန်ပြောပြသည်။ ချိန်းထားလို့ လိုက်တယ်ပဲ ထားပါဦး။ ဒီလောက်ထိ လိုက်စရာလား ..။

ဘာပဲဖြစ်ဖြစ် မပွင့်လင်းရဲခဲ့တာ သူ့အမှားပဲဖြစ်သည်။ အနီတီနှေးတလည်း တဖွဖွမေးခဲ့သည်။ ငြင်းမယ်ဆိုလည်း ငြင်းနိုင်သေးသည်။

သူကိုယ်တိုင်က ဖေဖေ့ ဆူပြောသံတွေမှာပဲ ပတ်ခွေခံစားနေခဲ့ရတာ၊ ဆေး နဲ့ သူ့အဖြစ်ကို မရှင်းနိုင်သည့်ဒုက္ခကြောင့်လည်း ခေါင်းမီးတောက်ခဲ့ရသည်။

မနေ့က ဆေး နဲ့ တွေ့ပါစေဆိုပြီး တမင်ရှောင်နေခဲ့တာက သူ



ပြောမထွက်တာမျိုးတွေ ဆေး ကတော့ ပြောမှာပဲဆိုတာသိသည်။

ဒါပေမယ့် ဆေး နဲ့ သူ ဖုန်းလည်းသေချာမပြောဖြစ်ခဲ့သလို ဒီကပို့ထားသမျှ မက်ဆေ့ချ်တွေကိုလည်း ဆေး က မဖတ်ခဲ့ပေ။ ဒါတွေ ညကျမှ ပြောဖြစ်တော့ သူကပဲ အပြစ်တင်လိုက်သေးသည်။

“ငါက မင်းလိုတိုက်ထဲမှာ ငုတ်တုတ်ထိုင် တွေးနေရုံနဲ့ ပြည့်စုံနေတာမဟုတ်ဘူး၊ စိတ်နဲ့လူနဲ့ ထပ်တူညီ ပြေးလွှားနေရတာ၊ ပြီးတော့ ဖုန်းသုံးလုံးလောက်ကိုင်ထားတာကို မင်း ဘယ်အလုံးထဲပို့ထားသလဲ ငါက သိမလား ..”

“သိတော့ရော မင်း စိတ်ဝင်တစား ဖတ်ကြည့်ဖြစ်လို့လား ..”

“ဖတ်ချိန်ကို မရှိတာ ..”

“ဖုန်းပြောဖို့လည်း မင်းပဲ မအားတာ၊ မင်း တစ်ယောက်ထဲ ကမ္ဘာပေါ်မှာ အလုပ်ရှုပ်ဆုံးလူသား၊ ဒါနဲ့တောင် မချမ်းသာသေးဘူး ..”

စိတ်တိုတိုနှင့် ပြောပစ်မိသေးသည်။ သူ့ကြောင့် ဒီမှာ ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ ..၊

“သားတို့ ပြောလိုက်ကြလေ ..”

လူနှစ်ယောက် မျက်လုံးချင်းဆုံပြီး ဟိတ်ဆိတ်နေကြသဖြင့် လူကြီးတွေ အားတုံ့အားနာတွေဖြစ်ကုန်ကြကာ ခေါ်နွေးနွေး သတိပေးရတော့သည်။

“ဟင် .. ဗျာ .. ဟုတ်ကဲ့ .. ကောင်းပါတယ် ..”

“ဟော !..”

“ဘာကောင်းတာလဲ သား၊ စေ့စပ်ကြတာကို သားတို့ ကျေကျေနပ်နပ်ရှိကြရဲ့လားလို့ လူကြီးတွေက သိချင်တာလေ ..”

“ဟုတ် .. ဟုတ်ကဲ့ပါ အဲ့ဒါကို ပြောတာပါ မေမေ .. ကျေနပ်ပါတယ် ..”

သားဖြစ်သူ မျက်နှာကိုကြည့်နေရင်း ဦးမြတ်စောင်ရဲ့ မျက်ခုံးတန်းတွေက အလိုမကျစွာ စုကျုံ့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးငေးနေတတ်တာမျိုးကို ခဏတစ်ဖြုတ် ဟန်ဆောင်သရုပ်ပြလို့ရတတ်သလား ...၊

စကားပြောတိုင်း ဒိုးဒိုးခေါက်ခေါက်နဲ့ လိုရင်းတိုရှင်း ပြီးသွားခဲ့တယ်ဆိုတာမရှိ ...။ စာမရလို့ အရိုက်ခံရလေ ပို၍ထစ်ငေါ့လာလေဖြစ်ရသည့် ကျောင်းသားလိုမျိုး ...။

စေ့စပ်ပွဲက ပင့်သက်ရှိုက်သံများနှင့် ဖြစ်မြောက်ခဲ့ရကာ ...၊

"တစ်ခုလောက် ပြောခွင့်ပြုပါရှင် ..."

ဒေါ်နွေးနွေး က ခွင့်တောင်းလိုက်ပြီးမှ လည်ချောင်းတစ်ချက်ရှင်း၍ အားလုံးကိုဝေ့ကြည့်သည်။

"ကိုယ့်ရဲ့ ရပ်မိရပ်ဖတွေလည်း စုံလင်နေတုန်း လူငယ်တွေချင်းလည်း နားလည်မှုရှိကြတယ်ဆိုတော့ ကျွန်မတို့ မိဘချင်းတိုင်ပင်ထားတဲ့ ကိစ္စလေးပါ ..."

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်နွေးနွေး ... ကျွန်တော်တို့အားလုံး ဝိုင်းစဉ်းစားလို့ရတာပေါ့ဗျာ ..."

"ဟုတ်ကဲ့ရှင် ... ဒီလိုပါ သားနဲ့ သမီးကို ဒီစေ့စပ်ပွဲပြီးတာနဲ့ အမြန်ဆုံး လက်ထပ်ရက်ရွေးကြဖို့ပါ ..."

"သြော် ... ကောင်းတာပေါ့ဗျာ ..."

"ကောင်းပါတယ် မနွေးနွေး ရယ်၊ မင်္ဂလာကိစ္စဆိုတာ နေးနေး မြန်မြန် ဖြစ်မြောက်သွားရင် မင်္ဂလာရှိတာပါပဲ၊ လူငယ်ချင်းလည်း ကြည်ကြည်ဖြူဖြူရှိနေကြတာပဲ ..."

ဘယ်သူက ကြည်ဖြူနေလို့လဲ ...၊

ကိုကို့ အကြည့်တွေ မကျေနပ်သည့်စစ်ခင်း၍ ဒိုင်းခနဲရောက်သွားသည်။ စစ ကိုယ်တိုင်လည်း အံ့သြနေတုန်းပင် ...။

ဒါ ဘယ်လိုဖြစ်သွားတာလဲ၊ မေမေ ပြောတုန်းက ဒီလိုမပါခဲ့ပါလား ...။



လူကြီးတွေကို မေးလိုက်ဖို့မလွယ်ပေမယ့် လှမ်းတော့ကြည့်မိ၏။ အားလုံးက ကိုယ့်အစီအစဉ်နဲ့ကိုယ် ကျေနပ်ထောက်ခံကြ ပြုံးရယ်ကြနှင့် ...။

ဟင် ...၊

ဒီဘက်ကို မျက်လုံးပြန်ရောက်လာလျှင် ကိုကို့ မျက်လုံးတွေတမီးပွင့်တွေ လင်းလက်နေသည့်နှယ် ...။

သူက ငါ့ကို ဘာထင်သွားတာလဲ ...၊

ကိုယ်တိုင်အံ့သြနေသည့်စိတ်က ကိုကို့ မျက်လုံးတွေကြောင့် သူ့ထက် နောက်မကျသော ဒေါသတွေနှင့် မျက်နှာကိုပါ တင်းပစ်လိုက်မိ၏။

ပွဲပြီးသွားတာနှင့် မင်္ဂလာရက်က သတ်မှတ်သွားပြီးဖြစ်ကာ ...၊

"ကိုကို ... ဒီမှာ ခဏ ..."

ကားနားကို ဦးစွာ ဆင်းသွားသည့် သူ့နောက်ကို စစ အမီလိုက်ခေါ်သည်။ ပြီးတော့ သူ့မျက်နှာရှေ့ကနေ သွားရပ်ကာ ...၊

"ရှင် ဘယ်လိုထင်လို့လဲ ..."

"ဘာထူးမှာ မို့လို့လဲ ..."

ပြောပြီး မျက်နှာလွှဲဖို့ ကြိုးစား၏။ မနေ့ကတုန်းကတော့ သူ့လောက်ကြီးတတ်တဲ့ ဒေါသမျိုး ပုံတူမရှိ။ သူ့လောက် တစ်ဖက်သားကို လက်ဦးအောင် ပြောတတ်တာလည်း သူပါပဲ။

"ရှင့်ကို စစ မေးနေတာပဲ ဖြေပါ၊ ရှင် ခုနက စစ ကို ကြည့်သွားတာ ဘယ်လိုလဲ၊ လူကြီးတွေ ခုလို စီစဉ်တာ စစ နဲ့ သက်ဆိုင်နေတယ်ထင်နေလို့လား ..."

မှုန်နံ့သာ ပြေပြေလိမ်းခြယ်ထားသည့် စတော်ဘယ်ရီရောင်နှုတ်ခမ်းလွှာလေးတွေ တလွန့်လွန့်နှင့် ရန်လိုစကားတွေ ပြောနေသည့် သူမကို ကိုကို ငေးကြည့်မိသည်။

ပြောချင်သည့်စကားတွေရော ဖြစ်မိသည့် ဒေါသတွေပါ 'ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့’ လို့ ပုံချပစ်လိုက်တဲ့ထဲ အကုန်လုံးပါသွားလေသည်။ ထို့အတူ သူ နားလည်လိုက်တာက …၊

သူမကို သူ ကိုယ်တိုင် ဥပေက္ခာနဲ့ မဆက်ဆံဖြစ်ခဲ့ဘဲ စိတ်တွေ အလဟဿ ဆိုင်းညစ်နေရခြင်းနှင့် ပတ်သက်၍ ပြောရပါမူ …၊

တကယ်တော့ သူ့စိတ်က ချမ်းသာခြင်းကိုသာ အလိုရှိနေခဲ့တာ ဖြစ်လျက် သူမကို မလိုလားတာမဟုတ် …။

“ရှင် အခု ပြောလို့လည်း အချိန်မီသေးတယ် ကိုကို …”

“မင်းကို ငါ ဘာပြောမယ်ထင်လို့လဲ …”

“ပြောစရာမရှိတော့ဘူးလို့ ထင်ခဲ့တာပဲလေ၊ ဒီကိစ္စ ရှင်နဲ့ စစ မနေ့တည်းက ပြောခဲ့ပြီးသား …”

အဲဒါ ငါမဟုတ်ဘူးလို့ ပြောလိုက်ချင်သည်။ ဒါပေမယ့် ပြောလို့ မဖြစ်၊ သို့သော် ဘာတွေပြော၍ ပြေလည်သွားခဲ့ကြသလဲဆိုတာလည်း သူ မသိ …။

“ရှင့်ဘက်က ဘယ်လိုစိတ်ကူးတွေပဲဖြစ်ဖြစ် ရှင့် မိဘတွေကို ပြောလိုက်၊ စစ ဘက်က ပြဿနာမရှိစေရဘူး …”

“ဒါဆို မင်းက ဒီ စေ့စပ်ပွဲဖြစ်သွားတာရော … ပျက်သွားခဲ့ရင် ရင်ဆိုင်ရ ကတွေပါ ဘာမှ ဂရုမစိုက်ဘူးပေါ့ …”

“ဟုတ်တယ် … အစကရော ခုချိန်ထိ စစ ဘက်မှာ ကြီးမားတဲ့ ရည်ရွယ်ချက် ဘာမှမပါခဲ့ဘူး၊ အဲဒါကြောင့် ဘာဖြစ်ဖြစ် ပြဿနာမရှိဘူးလို့ပြောတာ …”

ကိုကိုက ရှုပ်ထွေးသည့်မျက်နှာနှင့် စိုက်ကြည့်၏။ သူ ထင်လိုက်တာက သူမ ဘဝရှေ့ရေးအတွက် သူ့လို သူဌေးသားတစ်ယောက် မဖြစ်မနေလိုအပ်နေတာမို့လို့ ထွေးမြွေပျက်လောက်အောင် အမီလိုက်နေတာ ဟု …။

“သမီးတို့ စကားပြောစရာရှိသေးရင် သားကို ထားခဲ့မယ်လေ…”



“မရှိတော့ဘူး အန်တီ – သူပြောဖို့ရှိသလားလို့ စောင့်ကြည့်တာပါ–”

လူငယ်တွေ မျက်နှာကိုကြည့်၍ လူကြီးတွေ မျက်လုံးချင်းဆုံမိကြ၏။ စစ မျက်ဝန်းလေးတွေ ရူးလက်နေတာနှင့် ပြောဆိုပုံကို အကဲခတ်ခြင်းအားဖြင့် ကိုကို မပျက်နေတာကို ရိပ်မိလို့ပဲဆိုတာ ဒေါ်ရွှေရွှေ က သိသည်။

ဒေါ်ယဉ်ရွှေ ကို အားနာသလို ကြည့်မိပေမယ့် ကိစ္စမရှိဘူးဆိုသည့်အပြုံးနှင့် ဒေါ်ယဉ်ရွှေ က ခေါင်းခါပြ၏။

ကားပေါ်မှာ သားအဖနှစ်ယောက်စလုံးရှိနေသဖြင့် ဒေါ်ရွှေရွှေ အိမ်ရောက်တဲ့အထိ မနည်းမျိုသိပ်လာခဲ့ရကာ …၊

“သားက ယောကျာ်းလေးဖြစ်ပြီး ဒီလိုပုံစံလုပ်နေတာ အရမ်းအကျည်းတန်တယ် သား၊ မနေ့က သားတို့ ည ကိုးနာရီထိုးခါနီးမှ ပြန်ရောက်လာကြတယ် …”

“သူက ရှစ်နာရီတည်းက ပြန်ရောက်နေတာ မေမေ …၊ ကျွန်တော်တို့ တစ်နေကုန်သွားနေတာ ကိုယ့်ကိစ္စတစ်လုံးတစ်ပါဒမှ မပြောဖြစ်ခဲ့ဘူး၊ ဒီက ထွက်သွားပြီးကာမှ အလုပ်ကိစ္စတွေပေါ်လာလို့ ပြေးလွှားနေရတာ …”

“အဲဒါနဲ့ပဲ ရိုးရိုးသားသား တစ်နေ့ကုန်တာပါဆိုပြီး မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချောင်ထိုးထားလိုက်မှာလား …”

ဒါတွေ သူ တွေးရမှာမဟုတ်ဘူးလား …။ သူမ မျက်နှာကို မြင်လိုက်ရလျှင် ပြောမထွက်တော့ပေမယ့် သူမ လှုပ်ရှားရဲတင်းပုံတွေက ဘယ်လိုမှ ဦးအားပေးတွေးချင်စရာမရှိ …။

ဒီလို အချိန်လွန်သွားလာမိကြတာနဲ့ လက်ထပ်ခြင်းသို့ ရောက်ခဲ့ရသည့်အဖြစ်တွေကို သူမ အတုယူလိုက်တာလား …၊

ဒါမှမဟုတ် သူ့အဖြစ်ကိုက ‘ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး’ သည့်အဖြစ်မျိုးလား …၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ရိုးသားတာကို မမေတို့သိတာပေါ့ သားရယ်၊ ဒါပေမယ့် ဒါ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာယဉ်ကျေးမှုနဲ့ ရပ်တည်နေကြတာ၊ ခေတ်ပျက်ထဲကိုရောက်လာလို့ ဘယ်လိုမိန်းကလေးတွေ ဘယ်လိုရေလိုက်လွဲနေပါစေ၊ မမေ့ ယဉ်ကျေးမှုမှာ မိန်းမတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေ ထွန်းပြောင်သိက္ခာက ဘယ်တော့မှ ပြောင်းလဲပျောက်ပျက်သွားမှာမဟုတ်ဘူး.."

ဒေါ်နွေးနွေး က ခုထိမချရသေးသည့်လက်ကိုင်အိတ် အဖြူလေးကို စားပွဲပေါ်မှာချပြီးမှ ဆိုဖာမှာ ဝင်ထိုင်လိုက်ကာ ..၊

"ချည်ငင်စတစ်စဟာ တိုသည်သည်ဖြစ်စေ ရှည်သည်ဖြစ်စေ ဘယ်လောက်ထိ ရှည်လျားရှုပ်ထွေးနေပါစေ သူ့မှာ အဖျားစတစ်ဖက်ပဲရှိတယ်၊ တစ်ဖက်စကို မပျောက်အောင် ကိုင်ထားနိုင်ရင် မြုပ်နေတဲ့ တစ်စက ပေါ်လာမှာပဲ .. အတုအပဆိုတာ ခဏပဲ သား၊ ရိုးရာယဉ်ကျေးမှုဆိုတာလည်း ဘယ်တော့မှ ဆိတ်သုန်းပျောက်ကွယ်မသွားဘူး .."

ကိုကို့ မျက်နှာ မော့လာသည်နှင့် ဒေါ်နွေးနွေး ခေါင်းခါပြလိုက်ကာ ..၊

"တိုးတက်နေတဲ့ ခေတ်ရေစီးကြောင်းပေါ်မှာ လူငယ်တစ်ချို့ ရေလိုက်လွဲနေကြတာပါ၊ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းသင့်တယ်ဆိုတဲ့ အသိလေးတစ်ချက် လွတ်နေတာပဲ၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်နိုင်ပေမယ့် မမေကတော့ ကိုယ့်ယဉ်ကျေးမှု ထုံးစံတွေကို မပစ်ပယ်နိုင်ဘူး .."

"ကျွန်တော်ကလည်း မိကောင်းဖခင်သားသ   ာမ .."

"မှန်တာပေါ့ .."

"ဒါပေမယ့် ကျွန်တော် .. ကျွန်တော် ဘယ်လိုနေရ   လဲ မမေ သိပါတယ် .."

ဒေါ်နွေးနွေး က ပြုံးလိုက်ပြီး ခေါင်းခါ၏။

"အဲဒါ သားကိုယ်သား ကျေနပ်အားရမှုမရှိတဲ့ စိတ်နဲ့ပဲ ကိုယ့်



ကိုယ်ကိုယ် ပြန်မြင်နေတာ၊ မမေ သိတာက သားကို သားရဲ့အမေရော မမေရော ချစ်ကြတယ် .."

ကိုကို့ မျက်နှာမှာ စိတ်ပျက်မှုတွေ ဖြစ်ထွန်းသွားခဲ့သည်။

"ကျွန်တော် ပြောချင်တာက ဒီလိုပါ၊ ကျွန်တော် ဒီကိုရောက်တာနဲ့ လက်ထပ်ရဖို့ ချက်ချင်းကြီးဖြစ်လာတာရယ် ..၊ ဖေဖေ့ရဲ့ ကြည်ဖြူလိုလားမှုကို မရသေးဘဲ နောက်ထပ် ကိုယ်မရင်းနှီးတဲ့ မိန်းကလေးနဲ့.."

"အားလုံး အဆင်ပြေသွားမှာပါ သားရယ်၊ သားအပေါ်မှာ မမေ့ရဲ့ လိုလားကြည်ဖြူမှုကသာ အရေးကြီးတာ၊ မိထွေး တစ်ယောက်အနေနဲ့ ပြောတာနော်၊ သား ဒ ဖေက   ားကို ကြည်ဖြူပြီးသား၊ မမေက လည်း ချစ်တယ်၊ ဘာလိုသေးလို့လဲ .. သား ပိုရှင်းအောင်ပြောရရင် သားကို မမေက လိုလေသေးမရှိ ဂရုစိုက်နေလို့ သူ ဒီလိုနေနေတာ၊ မမေကသာ ဆိုးတဲ့မိထွေးမျိုးဆိုရင် .."

"အဲ့ဒါ မဟုတ်လောက်ဘူးထင်တယ် .."

"ဘယ်လို .."

ကိုကိုက ဒေါ်နွေးနွေး မျက်နှာကို လေးစားသည့်မျက်ဝန်းတို့ဖြင့် ကြည့်၍ ..၊

"မမေသာ လိုက်ရှာမခေါ်ရင် ကျွန်တော် ဖေဖေ့ မျက်စိအောက်မှာတောင် နေခွင့်ရမှာမဟုတ်ဘူး .."

ဒေါ်နွေးနွေး စိတ်မကောင်းဖြစ်သွားမိသည်။ ကိုကို အထင်လွဲနေသည့်ကိစ္စအတွက် သူမမှာ ဖြေရှင်းစရာ သက်သေရှိပါသည်။ ဒါပေမယ့် ဖြေရှင်းလို့ မဖြစ်သေး ..၊

ခုချိန်မှာ ပြောနိုင်တာက ဦးမြတ်တင် သူ့သားကိုချစ်တာ အင်တကြည့်ကြည့်နှင့် ..၊

www.burmeseclassic.com



## အခန်း (၃၁)

"အို .. မဟုတ်သေးပါဘူး ဆွေ ရယ် .."

"ဟုတ်တယ် နွေး .. ပွင့်ပွင့်လင်းလင်းပြောရရင် သမီးလေးက ကိုကို့ကို စိတ်ဝင်စားနေရှာတာ၊ သူ့ဘက်ကစပြီး ဖျက်မှာမဟုတ်ဘူးဆိုတာ ဆွေ သိတယ်၊ သူတို့ချင်း စကားပြောကြတယ်၊ ညဘက်မှာလည်း ဖုန်းပြောနေကြသံ ကြားတယ် .."

"အဲ့ဒါ သူ့အဖေရဲ့ကိစ္စတစ်ခုခုကို ရင်ဖွင့်တာနေပါလိမ့်မယ် ဆွေ ရယ် .."

"မဖြစ်နိုင်ဘူး နွေး .. မနက်ကျတော့ သမီး ငိုနေတယ်၊ တော်ရုံနဲ့ မျက်ရည်မကျတတ်တဲ့ ကလေးပါ၊ မိဘတွေ ဦးလေး ဘကြီးတွေ အုပ်စုလိုက် သူ့ကို ထားခဲ့ကြတာတောင် မျက်ရည်မကျခဲ့ဘူး၊ ကလေးဆန်သလောက် ခွဲမိရင် ဒါမှဒါ၊ အခု သူကိုယ်တိုင် လက်ထပ်ဖို့ကို ငြင်းတယ်ဆိုတာ .."

"သမီးနဲ့ နွေး စကားပြောကြည့်ပါဦးမယ် .."

"မလွယ်သောက်တော့ဘူး နွေး .."

ပြောရင်းနဲ့ ဒေါ်ယဉ်ဆွေ့ အသံတွေ တုန်ခါအက်ရှလာတော့



ဖုန်းကိုင်ရင်း ဒေါ်နွေးနွေး ရင်တွေ တလှပ်လှပ်ခုန်လာခဲ့၏။ ဆွေ တို့ဘက်မှာ ပြဿနာတွေ ဘယ်လောက်ကြီးမားသွားခဲ့သလဲ ..၊

"သမီးလေးက ခုလေ .. သူ့ .. သူ့အဖေဆီမှာ ခဏတစ်ဖြုတ်သွားနေတော့မလိုလို .."

"အို .. ဆွေ ရယ် .. အဲလိုတွေ ဖြစ်ကုန်တာလား .."

"သမီးလေးကို ဆွေ က သွေးသားမတော်စပ်ဘဲနဲ့ ကြည့်ရှုစောင့်ရှောက်ခွင့်ရခဲ့တာ၊ ကိုယ့်ကလေးလေးလိုပဲ ချစ်ခဲ့ရတာ နွေး သိပါတယ်"

"သိပါတယ် ဆွေ ရယ် .. သမီး ထွက်မသွားအောင် နွေး ကြိုးစားပေးပါ့မယ်နော် ..၊ သူလည်း တကယ်သွားရက်မှာ မဟုတ်ပါဘူး၊ ဆွေတို့က အမေတစ်ခု သမီးတစ်ခုဘဝပါ၊ သူ နားလည်မှာပါ .. နောက်ဆုံး သား ကိုယ်တိုင် .."

"အဲလိုဆို သူ ပိုဆိုးမယ်ထင်တယ်၊ မလုပ်ပါနဲ့တော့ .. လူကြီးစုံရာရှေ့မှာ သဘောတူသဘောတူ သတ်မှတ်ခဲ့ပြီးမှ လက်ထပ်ပွဲကို ဖျက်ရတဲ့အတွက် ဆွေ တို့ကို နားလည်းပေးပါ .. ဒါပဲနော် နွေး .."

"ဆွေ .. ဆွေ .. ခဏလေး .."

ဟိုဘက်က ဖုန်းချသွားပြီမှန်း သိလိုက်ရသည်နှင့် ရင်ထဲမှာ တုန်ခါကျန်ရစ်၏။ သားသမီး မရနိုင်သည့် မိခင်ချင်းမို့ ဆွေ့ ခံစားချက်ကို သူမ နားလည်နေသည်။

ထို့ကြောင့် ဖုန်းကိုကိုင်ထားလျက်နှင့် ထိုနေရာမှာပဲ မေ့လျော့စွာ ရပ်နေမိခဲ့၏။ ခင်ပွန်းသည်လည်း မရှိတော့သည့် ဆွေ့ ရင်ထဲမှာ ဒီသမီးကို ထပ်ခွဲရဦးမည်ဆိုရင် ဘယ်လိုနေရှာမလဲ ..၊

ပြီးတော့ .. နူးညံ့ရည်မွန်သည့် စစ မျက်နှာလေးကို မြင်ယောင်လာမိသည်။ သူမလေးက သဘောကောင်းမနောဖြူလေးပါ။ ကိုကို့ဘက်က မျိုးသိပ်အုံ့ဖွဲ့နေတာရှိရင်တောင် သူမလေးကတော့ ပွင့်လင်းတတ်သူလေးမှန်း သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သားဘက်က ဘယ်လိုစကားနဲ့ လွန်ကျူးပြောဆိုခဲ့ပါသလဲ…၊

စိတ်မချမ်းမြေ့ခြင်းက ရင်ကိုလောင်မြိုက်စေကာ တကိုယ်လုံး နုံးခွေလာသလိုပင် …၊

ဖုန်းကို အသာချထားလိုက်ပြီး နေရာမှ ခွာဖို့ ခြေလှမ်းလိုက်စဉ်မှာ ကိုယ်ကသာ လှုပ်ရှားသွားခဲ့ပြီး ခြေထောက်က မရွေ့ဘဲ …၊

"အ …"

မျက်လုံးထဲမှာ မည်းခနဲ ပြာမိုက်သွားကာ အမြင့်ကြီးတစ်နေရာက နေ ဇောက်ထိုးလွင့်ကျသွားသကဲ့သို့ …၊

"နွေး …"

သူမ ပြုတ်ကျတာမဟုတ်ဘဲ ရပ်နေရာမှ ပြိုလဲခြင်းသာဖြစ်ကာ ကြမ်းပြင်ပေါ်ကို ကျသွားတာလည်း မဟုတ် …။

"နွေး …"

ဦးမြတ်တင် ၏ ရင်ခွင်ထဲမှာ အလိုက်သင့်လဲကျသလို ဖြစ်သွားခဲ့သဖြင့် သက်သာရာရခဲ့ပေမယ့် သတိက လွတ်ချင်သလိုဖြစ်နေရင်း …၊

"အစ်ကို … သား … သား ကိုကို …"

"ကိုယ်ကြားတယ် နွေး၊ အဲဒီကိစ္စတွေ ဘာဖြစ်လို့ မင်း တစ်ယောက်တည်း ဒိုင်ခံ တွေးပူနေတာလဲ၊ ဘာတွေဖြစ်လာလာ မလာလာ ထားလိုက်ကွာ …"

ဦးမြတ်တင် က ဒေါ်နွေးနွေး ရဲ့ ပါးလျားသည့် ကိုယ်လေးကို ပွေ့ချီလိုက်ပြီး အိပ်ခန်းဆီ ခေါ်လာခဲ့သည်။ ပြီးတော့ ခုတင်ပေါ်မှာ အသာအယာ ချထားပေးလိုက်ရင်း …၊

"မင်းတို့ ငါတို့ ဘာမှမတတ်နိုင်တဲ့ကိစ္စက အဲဒီ လူငယ်တွေရဲ့ ချစ်ရေးချစ်ရာပဲ နွေး၊ အစတည်းက မင့်ကောင် မြဲ့စိစိနဲ့ ပုံမလာတာ ငါသိတယ် …"

ဒေါ်နွေးနွေး မျက်တောင်ဖျားတွေ မှေးစင်းလေးလံနေကာ၊ ဦးမြတ်တင်



ဒေါသထွက်နေတာကြောင့် ကိုယ့်ကိုယ်ကိုယ် သတိမလစ်အောင် ဇွဲနှင့်ထိန်းချုပ်နေရသည်။

ခုနေသာ သူမ အခြေအနေ ပိုဆိုးသွားလျှင် ကိုယ့်ကြောင့် သားအဖရဲ့ မပြေလည်မှုတွေက ပိုဆိုးတော့မှာဖြစ်သည်။

"မ … မဟုတ်ဘူး အစ်ကို … သားက …"

"မင့်သား ဒီမိန်းကလေးကို မလိုချင်ဘူး …"

ဒေါ်နွေးနွေး စကားကို ဆုံးအောင်နားမထောင်ဘဲ ဦးမြတ်တင်က တပ်အပ်ယောက်နှိုင်း[illegible]၏။

"ကောင်မလေးက လှတယ်၊ သူ့ရဲ့ မပြတ်သားမှုက ဒါကို ဥပေက္ခာမထားနိုင်ဘူး၊ ဒါပေမယ့် မလိုချင်ဘူးဖြစ်နေတယ်၊ အဲ့ဒါကို ငါ အတိအကျမပြောနိုင်ပေမယ့် သေချာဖို့ရှိတာက ငါ့လောက်မချမ်းသာလို့ပဲ…"

ဒေါ်နွေးနွေး ခေါင်းပဲခါပြနိုင်တော့သည်။ သားက အားငယ်တာလည်း မပြောနဲ့ အစ်ကို ဘာဖြစ်လို့ ဒီလိုရက်ရက်စက်စက်တွေပဲ ပြောထွက်နေတာလဲ …၊

"ငါက အဖေဖြစ်ပြီး တစ်လွဲပဲတွေးနေတယ်လို့ မင်း ထင်တယ်မို့လား နွေး …၊ ဟုတ်တယ် … ငါက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်တည်းက ဒီလိုတောင်မျိုးနဲ့ ပေါင်းလာခဲ့ဖူးတာ၊ အဲဒါကြောင့် အဲဒီ မျက်နှာမျိုးကို တစ်ချက်ဖမ်းကြည့်လိုက်တာနဲ့ တန်းခနဲ တွက်နိုင်တယ် …"

"အစ်ကိုရယ် … ဆွေ တို့ရဲ့အခြေအနေက စစ နဲ့ ဘာဆိုင်လို့လဲ…"

"မွေးစားသမီးလို့ ထပ်သိသွားတော့ မျက်နှာ ပိုပျက်သွားတယ်လေ၊ အဲဒါတွေ မင်း မသိပေမယ့် ငါသိတယ်၊ ကလေးဆန်တယ်ပဲပြောပြော နွေး … ငါ့သားကို ငါလည်း ချစ်ခင်ယုယချင်တယ်၊ ဒါပေမယ့် ငါ့သွေးကို ငါ့ပုံစံနဲ့ ပုံဖော်ခဲ့တာမဟုတ်ဘူး …"

ဒေါ်နွေးနွေး မျက်လုံးတွေကို ဖိမှိတ်ချလိုက်လျှင် မျက်ဝန်းထောင့်မှ မျက်ရည်စက်တို့ တလိမ့်လိမ့်ဆင်းကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည့် ရေရွတ်သံတွေက အမုန်းတရားတွေပေမယ့် သူမခံစားမိနေတာက အားကောင်းနေဆဲ နှစ်သက်စွဲလမ်းမှုတွေပဲဖြစ်၏။

ဘယ်လိုမှ မုန်းမေ့ဖျောက်ဖျက်မရခဲ့သည့် အချစ်တွေသာ ...၊

"ငါ့သွေးဖြစ်ပြီး ငါ့စိတ် ငါ့ဝါဒ လုံးဝမပါတဲ့ သားကို ဒီမိန်းမမွေးခဲ့တာ၊ ဒီနည်းနဲ့ ငါ့ကို ရက်ရက်စက်စက်ကြီး လက်တုံ့ပြန်သွားတာ.."

"တော် .. တော်ပါတော့ အစ်ကို .."

"ဆော်ရီးပါကွာ .. မင်း သူ့အပေါ်မှာ သိပ်မမျှော်လင့်ဖို့ပဲပြောချင်တာ .."

"မေမေ .."

စကားပြောနေတုန်း အခန်းထဲ ခြေကျွံဝင်လာသည့် ကိုကိုက ဖအေကို မြင်သည်နှင့် မျက်နှာလွှဲထားကာ ...၊

"မေမေ မူးလဲသွားတယ်လို့ ဒေါ်ကြီးက ပြောလို့ .."

"ဟုတ်တယ် .. အဲဒီကိစ္စ မင်းကို မေးစရာရှိတယ်၊ လိုက်ခဲ့ဦး .."

ဦးမြတ်တင် က ခေါင်းဆောင်ပြီး ရှေ့ကထွက်သွားပေမယ့် ဒေါက်တာ ဌေးကျော် ကို ဖုန်းဆက်ခေါ်နေရင်းမို့ ကိုကို ဒီတိုင်း တိတ်ဆိတ်စွာ လိုက်လာခဲ့သည်။

"ခု ချက်ချင်း လာပေးပါ ဒေါက်တာ၊ ချွေးတွေပြန်ပြီး နှုတ်ခမ်းတွေ ချက်ချင်းဖြူရော်သွားတာ အရေးကြီးလို့ပါ .."

ဖုန်းပြောပြီးတာနှင့် ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ကာ ကျောနောက်က သူ့ဘက်ကို ချာခနဲမျက်နှာချင်းဆိုင်လှည့်လာပြီး ...၊

"မင်း ယဉ်စစခင် ကို တစ်ခုခုပြောလိုက်သလား .."

"ဗျာ!..."

"လက်ထပ်ဖို့ ဖျက်သိမ်းသွားရလောက်တဲ့ စကားလုံးတစ်မျိုးမျိုးနဲ့"

"ကျွန်တော် .. ကျွန်တော် ပြောခဲ့မိတာက အဲ့ဒီလို .."

"ရက်(စ်) အော် နိုး .."



ကိုကို ကတုန်ကယင်ဖြစ်သွားသည်။ ပြီးမှ ဝဲတွေး[illegible] ရင်း ...၊

"ပြောခဲ့တာက .."

"မင်း .. ဒီပုံစံနဲ့ပဲ .. ကိုင်းကွာ .."

"ခွပ် ..."

မျက်လုံးတစ်ခြမ်း မီးပွင့်သွားသည်။ ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်နိုင်မီ နံရံမှာ ကျောကပ်မိကျသွားတာ အင့်ခနဲ ...။ ကိုယ့်မှာ အမြွှာရှိတာကို သိသည်။ ဒါပေမယ့် လက်သီးချက်၏ နာကျင်မှုက နှလုံးသားထဲကို တိုက်ရိုက်နာကျင်စေခဲ့လျှက် ...၊

မေမေ ဒီလောက်ထိ မုန်းနေခဲ့တာလား ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ကားစက်သံတွေ ကြားထဲမှာ ဖုန်းပြောရတာပေမယ့် ဦးကောင်းစံ၏ ခပ်ရိရိစကားသံတွေကို ပြတ်သားစွာ ကြားနေရသည်။

"ခင်ဗျားလည်း ဂျပန်ကနေတောင် ဖုန်းဆက်ပြီး စုံစမ်းရတယ်ဆိုတော့ တော်တော် ဒုက္ခများမှာပဲနော် .."

"မများပါဘူးကွာ .. မင်းလိုလူတောင် ဒီလောက် ဖတ်ဖတ်မော အောင် ပြေးလွှားရှာဖွေထားရတဲ့ ပိုက်ဆံတွေနဲ့ ထရပ်(စ်)ကား ဆယ်စီး ထောင်ပြီး လုပ်ငန်းရှင်ဖြစ်လာသေးတာ၊ ကျုပ်က ကျုပ် စားပွဲမှာထိုင် ပြီး ဖုန်းပြောရုံလောက်တော့ ဒုက္ခခံရမှာပေါ့ .."

"ကျေးဇူးပဲ .. ဒါပေမယ့် ခင်ဗျား မှားနေပြီ၊ ကျွန်တော်ပိုင်တာ ကားဆယ်စီးမဟုတ်ဘူး ဆယ့်ငါးစီး .."

"ဩော် .. ဩော် .. ထပ်ပြီး အထင်ကြီးရတာပေါ့၊ ကျုပ် မင်းကို ထွေငေါ့တာမဟုတ်ဘူးနော် .. ဒါက အတည် .."

"ထပ်ပြီး ကျေးဇူးတင်တယ်ဗျာ .. ခင်ဗျားရဲ့ အတည်တွေကိုလည်း နားမထောင်အားသေးဘူး .."

"ဟော့ နေပါဦးကွ .. မင်းကို ကျုပ်က အလုပ်အပ်မလို့ပါ .."



နားထောင်ရင်း သူ မျက်မှောင်ကုတ်သွားသည်။ နေမျိုး တို့က စက်ဆီပေနေသည့် လက်တွေကို အဝတ်စုတ်နဲ့ ပွတ်သုတ်ရင်း သူ့အနား မှာ လာထိုင်ကြ၏။ ဘာမှ မမေးပေမယ့် နားစွင့်နေကြသည်။

"ဆောက်လုပ်ရေးပြီးတဲ့အထိ အုတ် သဲ ကျောက် အားလုံးလား.."

"မင်းမှာ သုံးတန်ကားနှစ်စီးရှိတယ်မို့လား .. အဲဒီ ကားနှစ်စီးကို လည်း ငါ သုံးချင်တယ်၊ ဒီတိုက်က ငါ့စိတ်ကူးနဲ့ငါ အချစ်ဆုံးလူတစ် ယောက်အတွက် ဆောက်တာလေ၊ အားလုံး ငါ့လူတွေနဲ့ပဲ အပြင် တန် ထရိုက်မပေါ်ဘူး .."

"အင်း .."

"ဆိုတော့ .. ငါ မင်းအကြောင်းကြားလိုက်တဲ့အချိန်မှာ မင်းနဲ့ငါ ဒီလိုနည်းနဲ့ တွဲလို့ရတာ တွေးမိသွားတယ်၊ ဘယ်လိုလဲ .. အဆင်ပြေ မလား .."

"ပြေတာပေါ့ .. ဒါ ကျွန်တော့် စီးပွားရေးပဲ၊ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့အပိုင်းကို .."

"နေနေ မလိုပါဘူး၊ စီးပွားရေးလောကထဲဝင်လာကြရင် သစ္စာ ထားမှုကို အခြေခံမှ အောင်မြင်တာ၊ မင်းဘဝကို ကြာရှည်ရပ်တည်နိုင် ဖို့အတွက် ဘာအရေးကြီးဆုံးလဲဆိုတာလည်း မင်း နားလည်ပြီးဖြစ်မှာ ပါ၊ ဒါတွေမလိုပါဘူး၊ မင်းနဲ့ ငါ ရှိဖူးတဲ့ ပြဿနာမှာ ဘယ်သူဝဲလွန်ခဲ့ လွန်ခဲ့ တစ်ယောက်ပျက်စီးအောင် တစ်ယောက်က ကြံစည်ကြံစည် ပြီး လုပ်ခဲ့တာ မဟုတ်ဘူးလို့ ကျုပ် နားလည်ထားလိုက်တယ် .."

ဆေး မျက်ခုံးတစ်ဖက်ပင့်တက်သွားသည်။ ကိုယ့်ရှေ့မှာ သူ့ မြို့ ပေမယ့် အားနာသွားမိသလိုလို ...။

"ဘာတဲ့လဲ ဆေး .."

ဖုန်းချလိုက်တာနှင့် နေမျိုး က တန်းမေးသည်။ သူ ပြောပြလိုက်တော့ ခေါင်းတညိတ်ညိတ်နှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဂျပန်ကနေ မင်းအကြောင်းတွေကို သိနေတာ ထူးတော့မထူးဆန်းပါဘူး၊ သူ့လို ဟဲဗီးစတားကိုမှ မင်းက ကပ်ချိတ်ပြီး ခေါင်းစားနိုင်ခဲ့တော့ စီးပွားရေးလောကမှာ မင်းက တော်တော်လေး လူသိများသွားတာကိုး .."

"ဒါကတော့ ငါ့အလုပ် ငါလုပ်တာပဲလေ .. ငါ ဒီလိုရှာခဲ့လို့ ခုလိုဖြစ်လာတာပေါ့ .."

"အေးလေ .. တစ်ချို့လူတွေရဲ့စိတ်က ထူးဆန်းတယ်ကွ၊ ဒီလူကြီးလည်း ထူးဆန်းတဲ့လူမျိုးပဲ၊ တစ်ခုရှိတာက မင်းနဲ့ ကိုကို့ကို တစ်ယောက်တည်းလို့ ထင်နေတုန်းလား၊ သူ သိနေတာ တစ်ခုခုရှိနေမလားပဲ၊ သူနဲ့ မင်း ငြိပြီးကာမှ မင်းအဖေနဲ့ တွေ့နေကြသေးတယ်ဆိုတော့ စဉ်းစားစရာပဲ"

"စဉ်းစားမနေနဲ့ ငွေရဖို့ကလွဲပြီး ကိုယ့်စိတ်ကူးတွေကို အလကားဘယ်နေရာမှ မသုံးနဲ့ .."

ပြောပြီး စီးကရက်ထုတ်၍ မီးညှိကာ ..၊

"ဘယ်နေရာ ဘာအလုပ်ပဲလုပ်လုပ် ငါက ဆေးသားညီ ပဲ ..၊ ပုန်းလျှိုးကွယ်လျှိုး လူသိမခံရဲစရာ ဘာမှမရှိဘူး .."

စကားပြောရင်း ဂိတ်ပြန်ဝင်လာသည့်ကားတွေဆီ လျှောက်လာခဲ့ကြသည်။ ဆေး က စီးကရက်တစ်ရှိုက်ဖွာရင်း နေမျိုး ကို ငဲ့ကြည့်ကာ..၊

"မင်း ဒီညနေ အုတ်ကျင်းကို တစ်ခေါက်လောက်သွားကြည့်လိုက်ဦး၊ အလုပ်သမားတိုးဖို့လိုရင် တိုးရမယ်၊ မိုးကျလာရင် ဒီနှစ်က ငါတို့ သိပ်အဆင်ပြေမှာမဟုတ်ဘူး .."

"အေးပါ .. ငါ မသွားနိုင်လည်း ပေါ် ကို သွားကြည့်ဖို့ပြောထားတယ် .."

"ဒီက မောင်လေးက ပိုင်ရှင်လားကွယ် .."

ခပ်ဝဝ ဆံပင်တိုတိုနှင့် အမျိုးသမီးတစ်ယောက်က ဖစ်(ထ်)ကား

www.burmeseclassic.com



လေးပေါ်က ဆင်းလာ၍ ဖြစ်ကာ ဆေး ကိုပဲ ဦးတည်၍ ..၊

"အစ်မတို့က ကျောက်ကန်ငါးလုံးလောက် လိုချင်တာ၊ ငါးမွေးစက်လို့ရတဲ့ ကန်မျိုးလေ၊ အဲ့ဒါ အလုပ်သမားတွေက ကျောက်ကန် မလုပ်ဘူးဆိုလို့ .."

"ဟုတ်တယ် အစ်မ .. ကျွန်တော်တို့မှာ လူအင်အားနည်းနေသေးလို့ပါ၊ အစ်မ တခြားမှာပဲ သွားဝယ်လိုက်ပါ .."

"မောင်လေးရယ် .. အစ်မတို့က ဒီကွေ့လေးထိပ်က ဝန်းဓာလာခြံကပါ၊ ဒီမှာ နီးနီးနားနားရှိနေလို့ အဆင်ပြေမှာပဲထင်တာ၊ အော်ဒါမှာတယ်ပဲ သဘောထားပြီး ကြာမယ်ဆိုလည်း စောင့်ပါ့မယ် .."

"အစ်မ စောင့်နိုင်ပေမယ့် ကျွန်တော်တို့မှာ အလုပ်သမားမရှိလို့ပါ .."

ခေါင်းညိတ် ပြုံးပြပြီး ဆေး က လှည့်ထွက်သွားသည်။ အမျိုးသမီး ဒီတိုင်း ကျန်ခဲ့သဖြင့် နေမျိုး က အားနာကာ ဘယ်နေရာမှာ ဝယ်လို့ရသည် ဘာညာတွေ ဆက်ပြောရင်း အကြံပြုနေရ၏။

ဆေး ထိုနေရာမှ ထွက်လာခဲ့ပြီးမှ ဖုန်းလာသဖြင့် ထုတ်ကြည့်လိုက်လျှင် ကိုကို့ ဆီက ..၊

"ပြော .."

"မင်းကို ကျေးဇူးတင်ကြောင်း ပြောချင်လို့ .."

"မလိုပါဘူး၊ မင်း ပျော်နေရင် ငါ စိတ်ဆင်းရဲရကျိုးနပ်တယ်.."

"မင်းကို ငါငေါ့နေတာ .."

"သိတယ်လေ .. ဒါ ဘာကြောင့်ဖြစ်သွားပါတယ်ဆိုတာ ငါ ပြောပြပြီးပြီ၊ အစတည်းက မလုပ်သင့်တာကို မင်းလုပ်တာပဲ .."

"ဘာ!..."

"ဒါ ပုံမှားရိုက်သင့်တဲ့ကိစ္စမျိုးမဟုတ်ဘူး .."

ပုံမှားရိုက်ပြီး မင်း စိတ်ကူးတွေနဲ့ ပြောချလိုက်ဖို့ ငါ ချော်ထင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ..."

"ပြောချလိုက်ရအောင် သူက ငါ့ကို ကြိုက်နေတာမှ မဟုတ်ဘဲ၊ မင်းနောက်လိုက်တဲ့ကိစ္စ ငါက ဘယ်လိုဖီလင်နဲ့ ပြောရမှာလဲ၊ ရန်သူလည်းမဟုတ် မိတ်ဆွေလည်းမဟုတ် ..."

"ကျေးဇူးတင်ပါတယ် ..."

"တင်မနေနဲ့ နားခါးတယ် ..."

"မင်း နောက်ထပ် နားခါးစရာမလိုတော့ပါဘူး ..."

"ဘာ!..."

ကိုကို့ အသံက တစ်မျိုးဖြစ်နေသဖြင့် ဆေး မျက်မှောင်ကုတ်သွားမိသည်။ စီးကရက်ကို လက်ညှိုးနဲ့ တောက်၍ ပြာခြွေချရင်း ...၊

"ဘာတွေဖြစ်နေလို့လဲ ..."

"ဟွန်း ..."

ဒါက 'ခုမှ မေးဖော်ရပါလား' ဆိုသည့် ရယ်သံမျိုး ...။

"မင်း မှန်တယ် ညီ ... ငါမှားတယ် ..."

"တယောထိုးမနေစမ်းပါနဲ့ကွာ ... လိုရင်းကိုပြောစမ်းပါ၊ ဘာတွေဖြစ်နေတာလဲ ... ခု ..."

"ဘာမှမဖြစ်ပါဘူး ... ငါ လိုချင်တဲ့ အသိအမှတ်ပြုခြင်းတွေနဲ့ ဖေဖေက ဂုဏ်ပြုတာပါ၊ ငါ မလိုချင်ဆုံးက ဖေဖေ့ရဲ့ အားထားရတဲ့ သားနေရာကို မရသေးဘဲ မိန်းမရမှာကိုပဲ၊ အခု ငါ သူနဲ့လက်ထပ်ရတော့မယ် ..."

"ကိုကို မင်း ဒီလောက်ထိကြောင်ရလား၊ မိန်းမပဲဖြစ်ဖြစ် အဲဒီဗုဂ္ဂိုလ်ရဲ့ အရေးပေးမှုပဲပြင်ဖြစ် ဘာကိုပဲ အရင်ရရ မင်းရှိနေတာ အဲဒီအရိပ်ထဲမှာပဲမို့လား၊ ဘာဖြစ်လို့ ငါပဲလိုချင်တယ် အတင်းစွဲလမ်းနေတာလဲ ... တကယ်ပဲကွာ ကြီးကောင်ကြီးမားအရွယ်ကြီးကျမှ လိုတာရရလို့ ခြေဆင်း[illegible]ကောက်နေတဲ့ ကလေးကျနေ[illegible]၊ [illegible]ဒါတွေ



ကြောင့် ခက်တာ ..."

"ထားလိုက်ပါ ... ငါက မင်းလိုမဟုတ်တာတော့ သေချာနေတာပဲ..."

"နေပါဦး ... မင်းက ယဉ်စစခင် ကို အဲဒီလောက်[illegible] ခက်မခံနိုင်ဖြစ်နေတာလား ..."

"သူကလည်း ငါ့ကို ငြင်းလိုက်တယ်လေ၊ အဲဒါ ငါ တစ်ခုခုပြောလိုက်တယ်ဆိုပြီး ဖေဖေ ငါ့ကို ထိုးတယ် ..."

"မင်းက ပြောလိုက်လို့လား ..."

"သူ နောက်ဆုတ်ဖို့ ပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့်ကွာ ..."

"တော်ပါတော့ ..."

စီးကရက်ကို မြေပြင်ပေါ် ပစ်ပေါက်ပြီး ခြေထောက်နဲ့ ဖိနင်းခြေမိကာ ...၊

"မင်းရဲ့ ဒါပေမယ့်ကို လျှော့တော့ ကိုကို၊ မင်းကိုယ်တိုင် မင်းပြောတဲ့စကားကို ဒါပေမယ့်တွေချန်နေရင် ဆုံးဖြတ်နိုင်စွမ်းဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ ဆုံးဖြတ်ချက်တ[illegible]ခုချပြီးရင် ဒါပေမယ့်ဆိုတာ မရှိဘူး၊ မင်းရဲ့ ပုဂ္ဂိုလ်ကြေးက [illegible]မပွဲနဲ့သူ မှန်တယ်ထင်နေတာ၊ မင်း သူနဲ့ အမီလိုက်ချင်ရင် သူ့လို အတွေးမျိုး မထားနိုင်ဘဲနဲ့ မရဘူး..."

ကိုကို့ စကားသံအကြာကြီးတိတ်ကျသွားသည်။ ပြီးမှ ...၊

"သူ့အတွေးမျိုး မင်းမှာ ရှိပါတယ်၊ ငါ့အစား မင်း တိုက်ကြည့်ပါလား ညီ ...၊ ပြင်းရှတဲ့အတွေးတွေ ထိပ်တိုက်တွေ့တဲ့အခါ ဘယ်လိုဖြစ်လာမလဲဆိုတာ ..."

"စိတ်မဝင်စားဘူး ကိုကို ...၊ ကိုယ်စခဲ့တာကို ကိုယ့်ဘာသာ အဆုံးသတ်ဖို့ ကြိုးစား၊ မင်းအတွက် ငါ တကူးတက ဘာမှဆောင်ရွက်ပေးနိုင်တဲ့အတွက် ဆောရီးပဲ၊ ကြိုးပမ်းကြပုံချင်း မတူပေမယ့် မင်းနဲ့ငါ ရည်ရွယ်ချက်ချင်း အတူတူပဲ ...၊ ငါလည်း သူဌေးဖြစ်ဖို့ကြိုးစားနေတာ..."

"မင်း လုပ်နိုင်မှာပါ၊ ငါတော့ ဒီတစ်ခါ ..."

www.burmeseclassic.com

"ပြောလေ .."

"ဆင်းရဲမှာကြောက်သလို စိတ်ညစ်တဲ့ဒဏ်ကိုလည်း ငါ မခံနိုင်ဘူး ညီ၊ အခု ငါ့သူငယ်ချင်းနဲ့ အဆက်အသွယ်ရတယ်၊ ငါ သူနဲ့ စင်ကာပူ လိုက်သွားမလို့ .."

"ဘာ!..."

"ဒါကတော့ ချမ်းသာချင်လို့ မဟုတ်ပါဘူး၊ ငါ့စိတ်ချမ်းသာအောင် နေလိုက်ချင်လို့၊ သွားဖြစ်မယ်ဆို ဒီအပတ်ထဲမှာပဲကွာ ..၊ ငါမင်းကို နှုတ်ဆက်ချင်စိတ် ဖြစ်ချင်မှ ဖြစ်မှာဆိုတော့ ခုတစ်ခါတည်းပဲ .. ဗွတ်ဒ်ဘိုင် .."

"ကိုကို .."

ရင်ထဲမှာ ဘယ်လိုကြီးဖြစ်ကျန်ခဲ့မှန်းမသိပေ။ ဖုန်းကိုကြည့်ပြီး အကြာကြီး ငိုင်နေမိခဲ့၏။ 'ငါ့အလုပ် ငါလုပ်နေတာ' ဆိုတဲ့ မာနနဲ့ ကိုကို့ကို သူ ဘာမှ မကူညီခဲ့မိတာ မှားသွားပြီလား ..။

မြို့စိစိပျော့ညံ့ညံ့ကောင်အဖြစ်နဲ့ ဖေဖေက အထင်သေးနေပါသည် လို့ ကိုကို ပြောတော့ သူ တမင်တကာ ကားယူမောင်းပြီး ဝင်တိုက်ပစ် လိုက်သည်။

ဦးဇေယျာကြီး နဲ့ကိစ္စမှာ ရှုံးနိမ့်ခဲ့ရသည်ဆိုတာကိုလည်း ကိုကို အဖြစ်နဲ့ပဲ သူ ဝင်ရှင်းပေးခဲ့တာပင် ..။

"ဖေဖေ ကြိုက်တဲ့ပုံစံနဲ့ ကျွန်တော် နေတာပဲလေ" လို့ ရဲရဲရင့်ရင့် ပြောပြီး အငိုက်သင့်ပြောင်းလဲနေလိုက်ရင် ပြီးသွားမှာမဟုတ်ဘူးလား..။

ဒါပေမယ့် ကိုကိုက ငရုတ်လိုက်ငါးလိုက်လေး ပြောင်းလဲရောချလိုက်ဖို့တောင် မကြိုးစားခဲ့ပေ ..။

သူလုပ်ပေးသမျှ အပြစ်တင်ခံနေရတယ်ချည်းပဲ ကြားနေခဲ့ရသဖြင့် သူ စိတ်ပျက်ခဲ့တာ အမှန်ပင် ..။

ပြီးတော့ ယဉ်စစခင် နဲ့ကိစ္စမှာလည်း သူ ဒီထက်ဘာပြောရဦးမှာ



မှုထဲ ..။ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က ချစ်နိုင်ပါဘူးဆိုတာပေါ်လွင်အောင် ဖွင့်ပြောခါထုတ်သင့်တဲ့ ထိုနေ့လည်း မဟုတ် ..။

ယောကျ်ားလေးဆိုပေမယ့် မိန်းကလေးဘက်က ဝှတ်သိက္ခာကို ချွင်းချန် ထိပါးစော်ကားဖို့ဆိုတာ ခက်ပါ၏။

သူ အကဲခတ်မိသလောက်မှာ ယဉ်စစခင် က စိတ်ပျက်ညည်းညူ ရွယ် မိန်းကလေးမျိုးလည်းမဟုတ် ..။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"တောက် .. ဒီကောင်တော့ .."

ဦးမြတ်တင် ကြိုးဖုန်းကို ချလိုက်ပြီးတော့ လက်ကိုင်ဖုန်းကို ကိုင်မိပြန်သည်။ ဒါပေမယ့် ဘယ်ကိုဆက်သွယ်မေးမြန်းရမှန်းလည်း မသိ..။

နာရီကြည့်တော့ ည ဆယ်နာရီကျော်နေပြီဖြစ်သည်။ ဟန်းဖုန်းထဲမှာ နံပါတ်တစ်ခုရှာပြီး ဆက်မိပြန်ကာ ..၊

"ကိုကြည်ဌေးလား ဗျာ .."

"..... ..... ....."

"ညနေက ခင်ဗျားနဲ့ စကားပြောနေပြီး သူ တန်းပြန်သွားတာလား၊ တစ်ခုခုများ ပြောသွားသေးလား .."

"..... ..... ....."

"ဩော် .."

"..... ..... ....."

"အေးဗျာ .. ခုထိ ပြန်မလာဘူး .."

"..... ..... ....."

"ခြောက်နာရီမထိုးခင် ပုံမှန်ပြန်ရောက်နေကျ၊ ဒီမှာ သူ့အပေါင်း



င်းလည်း သိပ်မှမရှိတာ .."

"..... ..... ....."

"သူတို့ဆီကို မေးကြည့်ပြီးပြီ၊ ခင်ဗျား သိသလောက် မေးမြန်းကြည့်ပေးစမ်းပါ၊ ကျွန်တော် စိုးရိမ်နေတာ ကိုဖေယျာ နဲ့ပတ်သက်တဲ့ လူတစ်ချို့က အခဲမကျေသံတွေ ထွက်နေတာလေ .. အင်း .. အဲဒါကြောင့် .."

"..... ..... ....."

"ကျေးဇူးပဲဗျာ .."

ဖုန်းပြောပြီးချိန်မှာ ကြိုးဖုန်းက ထမြည်လာသဖြင့် ကမန်းကတန်း ကောက်ကိုင်လိုက်မိသည်။

"ဟလို .."

"..... ..... ....."

"အေး .. အေး .. အန်ကယ်လ်ဦးမြတ်တင် ပါ မင်းက .."

"..... ..... ....."

"အေး .. မောင်ညွန့်လွင် ပြောပါဦး၊ မင်းဆီလာတာ ဘယ်အချိန်လဲ .. ဘာတွေပြောသွားသေးလဲ .."

ဦးမြတ်တင် ဗျာများနေတာကို အခန်းတံခါးဝကနေ ဒေါ်နွေးနွေး က တိတ်ဆိတ်စွာကြည့်နေခဲ့၏။ သူမ မျက်ဝန်းမှာ မျက်ရည်တွေရွှဲသိ နေတာ ..၊

"သား ထွက်သွားပြီမို့လား .. အစ်ကို .."

ဟင် !..၊

ဦးမြတ်တင် နောက်ကို ဖျတ်ခနဲလှည့်ကြည့်သည်။ ဒေါ်နွေးနွေး ကို မြင်လိုက်တာနှင့် ပျာပျာသလဲလျှောက်လာပြီး ..၊

"ဘာဖြစ်လို့ ထထွက်လာတာလဲ နွေး .. မင့်သား ပြန်လာမှာပါ ကောင်းလေးပဲကွာ .. တစ်ခါတစ်လေလည်း အလည်လွန်တာရှိမှာပေါ့"

"ဒါပေမယ့် သား ပြန်လာရင် အစ်ကို ဒေါသတွေထွက်ဦးမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



မို့လား ..."

ဦးမြတ်တင် မျက်နှာပျက်သွားသည်။

"သူက ယောကျ်ားပီသနေပြီဆိုလည်း အစ်ကိုရှေ့ကို မျက်လွှာချပြီး ဝင်လာဦးမှာပဲ အစ်ကို၊ ငိုနေလည်းအပြစ်၊ ရယ်နေလည်း အပြစ်၊ အစ်ကို့ရင်ထဲကို နွေး နားမလည်နိုင်တော့ဘူးထင်တယ်၊ နွေး ကို နားလည်ခွင့်ပေးပါ၊ အစ်ကိုက နွေး နားလည်နေတဲ့ ခင်ပွန်းတစ်ယောက်ပဲဖြစ်နေပေးပါ .."

ဒေါ်နွေးနွေး မျက်ရည်တွေကျလာတော့ ဦးမြတ်တင် မျက်နှာရှုံ့မဲ့သွား၏။ ပြီးတော့ ခေါင်းခါပြီး မျက်နှာလွှဲနေသွားခဲ့သည်။

"နွေး အစ်ကိုနဲ့ သားအတွက် ဘာပဲလုပ်ပေးရပေးရ အားလုံးကို အဆင်ပြေစေချင်တယ်၊ အစ်ကို့ကိုရော သားလေးကိုရော ပျော်ရွှင်နေစေချင်တယ်၊ နွေး ရဲ့ ကျန်းမာရေးကို စိတ်ပူနေမယ့်အစား အစ်ကို့ရက်စက်မှုတွေကို ခံစားပြီး ကွယ်ရာမှာ တသိမ့်သိမ့်ကြေကွဲနေရှာမယ့် သားလေးကိုပဲ ညှာတာပါ .."

"နွေး .."

ဦးမြတ်တင် ဖျတ်ခနဲ့လှည့်လာကာ ဒေါ်နွေးနွေး ရဲ့ ပခုံးလေးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်၍ ..၊

"ကိုယ့်သားကို ကိုယ်ချစ်တယ်၊ ကိုယ့်ရင်သွေးကို ချစ်တာပေါ့နွေး ရယ် ..၊ သူ့ကို ကိုယ်ဒီ့ထက် မာကြောစေချင်တာ၊ ဒီ့ထက် ခိုင်မာပြတ်သားတဲ့ ယောကျ်ားကောင်းဖြစ်စေချင်တာ၊ အဲ့ဒါတွေလည်း စေတနာတွေပါ၊ သူ့ကိုရှက်အောင်ပြောတယ်၊ မခံနိုင်အောင် နှိုးဆွကြည့်တာ၊ သူ ဘယ်လိုနည်းနဲ့မှ ပြောင်းလဲမလာဘူး၊ အဲ့ဒါတွေကြောင့် .."

"မိန်းမလျာလေးလုံးလုံးဖြစ်နေတယ်ဆိုရင်တောင် ဒါက အစ်ကို့သားပဲလေ .."

ဦးမြတ်တင် ရဲ့ လက်က ခပ်ဖြည်းဖြည်းပြေလျော့သွားခဲ့၏။ ဒေါ်



နွေးနွေး က ထိုလက်ကို ပြန်၍ဆွဲကိုင်ထားကာ ..၊

"အစ်ကို သူ့ကို ဒီပုံစံတွေကြောင့် မချင့်မရဲ ဖြစ်နေရတယ်ဆိုရင် ဒီပုံစံရှိခဲ့တဲ့ လူကို မမေ့နိုင်သေးတာ၊ ဘာဖြစ်လို့ မမေ့နိုင်သလဲဆိုတာ အစ်ကို့ရင်ထဲက .."

"မဟုတ်ဘူး နွေး .. အဲဒါ လုံးဝမဟုတ်ဘူး .."

"ဘာဖြစ်ဖြစ် .. သားရဲ့ မျိုးသိပ်ခံစားတတ်တဲ့အကျင့်ကို အစ်ကို တော့မနပ်ဖြစ်နေတိုင်း အစ်ကို့အတိတ်ကို သိထားခဲ့တဲ့ နွေး ရဲ့ရင်ထဲမှာ ကောင်းနိုင်ပါ့မလား .."

"ခက်တာပဲကွာ .."

"မခက်ပါဘူး အစ်ကို၊ တစ်သက်လုံးပဲဖြစ်ဖြစ် အစ်ကို လွှမ်းခွင့်ရှိပါတယ်၊ အစ်ကို့ကို နွေး နားလည်ပေးနိုင်တယ်၊ သားလေးကိုပဲ အစ်ကို နားလည်နိုင်အောင် ကြိုးစားပေးပါ .."

ဦးမြတ်တင် ဘာတစ်ခွန်းမှ ပြေရှင်းနိုင်စွမ်းမရှိတော့ပေ ..။ ဒေါ်နွေးနွေး ရဲ့ မျက်ရည်စတွေကိုသာ တယုတယသုတ်ပေးမိကာ ..၊

"သူ နိုင်ငံခြားခရီးသွားတော့မယ်လို့ သတင်းရထားတယ် .."

"ဟင် !.."

"မစိုးရိမ်နဲ့ .. ကိုယ်ရအောင် စုံစမ်းပြီး ပြန်ခေါ်ပေးမယ်၊ သူ ပြန်ရောက်လာရင်လည်း မင်း စိတ်ဆင်းရဲစေမယ့် အပြုအမူအပြောအဆိုတွေ ကိုယ်မဖြစ်အောင် ဆင်ခြင်ပါ့မယ် ..၊ မင်းပဲ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ .."

ဒေါ်နွေးနွေး မပြုံးနိုင်ပေမယ့် ခေါင်းညိတ်ပြရှာ၏။ မေတ္တာတရား၏ ရှင်သန်ခြင်းဟာ ရေကြည်ရာ မြက်နုရာလား၊ ဒါမှမဟုတ် ပန်းပိုးရှာ၏ လက်အစုံလား ..၊

www.burmeseclassic.com



## အခန်း (၃၄)

"ဘာ!..."

လေဆိပ်အဆောက်အဦးထဲမှာ အကျအနထိုင်လိုက်ပြီးကာမှ ကိုကို့ ဖုန်းဝင်လာသည်။ ပြောချလိုက်တာက လူကို စွပ်စွပ်စွဲစွဲ ...၊

"ရှင်က အခု လေဆိပ်ထဲမှာပေါ့ ဟုတ်လား၊ ဒီဖလိုက်(ထ်)နဲ့ပဲ လား .."

မေးရင်း ပတ်ဝန်းကျင်မှာ လှည့်ပတ်ရှာမိသည်။ ဘယ်မှာမှ ကိုကို့ကို မတွေ့ ...။

"ငါက လူမသိအောင် ထွက်ဖို့ ကြိုးစားတာ၊ မင်းကတော့ ငါ့ ခြေရိပ်ကိုပဲ လိုက်ကြည့်နေတဲ့ပုံပဲ .."

"ကိုကို .. ရှင် .. ရှင် စကားပြောတာမတင်စီးနဲ့နော် ...၊ ခုနေ အနား မှာသာရှိရင် ရှင် ပါးကွဲပြီ .."

"မင်း ငါ့နောက်လိုက်လာတာမဟုတ်ရင် ငါပြောတာကို ဒေါသတွေ ထွက်နေမယ့်အစား ထပြန်သွားသင့်တာ .."

"ကျွန်မက .."

ဘာပြောရမှန်းလည်း မသိတော့ပါ။



"တောက် .."

ဒီလောက်တောင်ပဲ တိုက်ဆိုင်နေရသလား ...၊

စစ တက်ခေါက်ရင်း ဖုန်းပိတ်ပစ်လိုက်၏။ မျက်လုံးကလည်း သူ့ကိုမဲ ရှာကြည့်မိပြန်ကာ မခံချင်ဒေါသက ချက်ချင်းထပြန်သွားဖို့သာ တိုက်တွန်းနေတော့သည်။

အန်တီမွေး တို့ဘက်က အတင်းတောင်းပန်နေသဖြင့် သူမအတွက် ဆုံးဖြတ်ရခက်ခဲဖို့တွေ ဖြစ်လာတော့မည်။ လူကြီးချင်းသဘောတူပြေ လည်ကြတာနှင့် အိမ်ထောင်ရေးတစ်ခု ပြီးပြည့်စုံစွာ တည်ဆောက်နိုင်ဖို့ မလွယ်ကူမှန်း သူမ နားလည်လာပြီမို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့သည့် ဒီခရီးစဉ်ကိုသွားဖို့ ဆုံးဖြတ်ခဲ့မိတာဖြစ်သည်။

သို့သော် ...၊

"ဖြီး .."

လက်မှတ်ကို ဆုတ်ဖြဲပစ်လိုက်ပြီး နေရာမှ ထရပ်လိုက်၏။ ထိုစဉ် ခရီးစဉ်ကြေညာသံပေါ်လာကာ ခရီးသည်တွေ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။

သူမမှာ လက်ဆွဲအိတ်သေးသေးလေးတစ်လုံးနဲ့ ဆလင်းဘက်(ခ်) တစ်ခုပဲ လွယ်ထားတာမို့ အိတ်ကို ပေါင်ပေါ်တင်ကာ နေရာမှ ပြန်ထိုင် နေလိုက်၏။

ကိုကို ဘယ်မှာလဲ ...၊

သူ ဒီဘက်ထွက်ကိုလာရမည်။ သူ ပြောခဲ့သော စွပ်စွဲသည့်စကား တွေအတွက် အားပါးတရ ချေပချင်သည်။ ပြီးမှ လှည့်ပြန်ခဲ့လိုက်ဖို့ ဆုံးဖြတ်၍ ...၊

သူ့ကို မတွေ့ပါလား ...၊

သူမ အမြန်ထလိုက်သွားရန်းဆိုးနှင့် တွေဝေသွားပြီးမှ လက်မှတ်ကို ဆုတ်ဖြဲပစ်ပြီးတာ သတိရသွားသည်။ ပြောချင်တာလည်း မပြောခွင့်မရ ခရီးစဉ်လည်း ပျက်ခဲ့ရကာ နေရာမှာအကြာကြီး ထိုင်နေမိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တို့ပြင် အိမ်ကိုလည်း မပြန်ချင်ဘဲ လှုပ်လီလှုပ်လဲ့ လျှောက်ထွက်လာမိခဲ့ …၊

ကိုကို …၊

ဂျင်းဘောင်းဘီနှင့် မီးခိုးရောင် ကုတ်အင်္ကျီကို လက်တစ်ဖောင် ဆစ်လောက်ထိခေါက်တင်ပြီး ဝတ်ထားသည်။

ပြီးတော့ အတွင်းခံစပို့ရှပ်အဝါရောင်နှင့် ကုတ်အင်္ကျီကို ရင်ခွဲပုံစံ ဝတ်ထားသဖြင့် သေချာစမတ်ကျကျပုံမျိုးတော့ မဟုတ်ပေ …။

"သူ ပြည်တွင်းလေကြောင်းခရီးနဲ့သွားမှာကို ငါ မလိုက်ဖြစ်အောင် တမင် မဟုတ်ကဟုတ်က ပြောတာလား …"

လေဆိပ်ဝင်းကြီးရဲ့ အပြင်လမ်းကနေ ဆိုင်ကယ်လ်နဲ့ ဖြတ်သွားတာမို့ ဟိုဘက်ဒီဘက်ကူးနေတာလို့ပဲ ထင်လိုက်မိ၏။

ကိုကိုက သူ့အဖေ ငြိုငြင်မှာကို သေမတတ်ကြောက်တဲ့သူဖြစ်သည်။ ထို့ကြောင့် မိဘသဘောကျ ကိုယ့်ကို တားဆီးဖို့ ကြိုးစားလိုက်တာမှန်း နားလည်လိုက်၏။

ဒါပေမယ့် မနက်ဖြန်တွေ အများကြီးရှိသေးတယ် ကိုကို …၊



## အခန်း (၃၅)

"ဟောက် … ကိုကို ဘာတွေ လျှောက်လုပ်နေမှန်းမသိဘူး …"

"သူလည်း ကလေးမှ မဟုတ်ဘဲ အေး ရာ၊ ငွေလည်းအလုံအလောက် ပါမှာပါ၊ သူ စိတ်ပြေရာပြေကြောင်း နေပါစေကွာ …"

"မင်း မသိဘူး နေမျိုး၊ ကိုကို့ စိတ်က အဲဒီလို ထင်သလောက်တည်းနေလေ သူ့စိတ်ရူးတွေအတိုင်း ထင်သလိုပုံဖော်ပြီး ငုတ်နေလေပဲ ဖြစ်မှာ…"

"မင်း အဲဒါကိုက မင်းအစ်ကိုကို အထင်သေးနေတာ …"

"ကြီးစရာမှ မရှိတာ …"

"အဲဒါကြောင့်လည်း ဟိုက ရှန်းထွက်သွားတာပေါ့၊ ကဲပါကွာ— အခု သောသောအယ် ငါကို စိန့်ချိုင်မရောက်ခင် ရှုပေးခဲ့၊ [illegible] ဟောင်းကြီးနဲ့ ငါပဲ ဝင်တွေ့လိုက်မယ်၊ မင်းပြောတဲ့ရက်ပဲ [illegible] နော် …"

"အင်း …"

"အိုခေ …"

ထမ်းသောမှာ ရပ်ပေးလိုက်တော့ နေမျိုး က ဆင်းသွားတော …၊

"ဆိုင်ကယ်လ်မီး ဦးရော့်လည်း မပါဘူး၊ နေရာ[illegible]ချည်း သွား

www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူးနော် ဆေး .. သတိလည်းထားဦး .."

ခေါင်းညိတ်ပြပြီး သူ လမ်းအတိုင်း ဆက်မောင်းလာခဲ့သည်။ သို့သော် ဖုန်းသံက မြည်လာခဲ့သဖြင့် ဖွင့်ပေးလိုက်လျှင် ..၊

"ဆေးသားညီ .."

ဖုန်းကိုင်လိုက်တော့ စိမ်းသက်နေသော စကားသံက ခပ်ရိရိလှောင်ရယ်သံနှင့် ..၊

"'ပြည်တွင်းဖြစ်' အုတ်,သဲ,ကျောက် ရောင်းဝယ်ရေးနဲ့ ထရန်စပို့(ထ်) လုပ်ငန်းပိုင်ရှင်ကြီး .."

"ပြော .. ဘာကိစ္စလဲ .."

"မင်းက သူများဦးနှောက်တွေဖောက်စားပြီး တောက်ကြွားလာတဲ့ကောင်ပဲ .."

"ဟုတ်တော့ .."

"မင်းဖအေ ငတုံးမို့လို့ မသိတာ .."

စိတ်က ထောင်းခနဲဖြစ်သွားကာ ဆိုင်ကယ်ကပါ ဦးခါသွား၏။

"ဒါပေမယ့် မင်းက ကိုကို ဖြစ်ဖြစ် ဘာကောင်ဖြစ်ဖြစ် မင်း ရိတ်သိမ်းစားသုံးထားတဲ့ ဓတာနံ့တခါတွေအတွက် မင်းပဲ ပြန်ပေးဆပ်ရမှာ .."

"လုပ်စမ်းပါ .. ကိုယ်အသုံးမကျခဲ့တာတွေအတွက် တနုံ့နုံ့နဲ့ အခဲမကျေဖြစ်နေတယ်ဆိုတော့ စိတ်ချမ်းသာသွားအောင် ငါ ဆောင်ရွက်ပေးမယ်လေ ဘာဖြစ်ချင်တာလဲ ပြော .."

"မင်းကို သတ်ချင်တယ် .. ခုဗဲ .."

နောက်မှာ ကပ်ပါလာခဲ့မယ်လို့ မထင်ခဲ့ပေ ..။ သိလိုက်သည့်အချိန်မှာ တစ်ဖက်က နေရာကောင်းကို ရွေးချယ်ထားပြီး ဖြစ်နေခဲ့လျက် ..၊

"ဒုန်း .."

"ဂျိုး .."

"ဝုန်း .."



အနားကို ဘွားခနဲရောက်လာပြီး ကပ်ချိတ်ပစ်လိုက်သဖြင့် ဆိုင်ကယ်လ်ကို ဘယ်လိုမှ လွတ်အောင် ရှောင်တိမ်းချိန် မရလိုက်ပေ .. အရှိန်နှင့် လိမ့်ထွက်သွားကာ နားထဲမှာ ဆူညံသံတွေ ဝက်ဝက်ကွဲသွားသလိုပင် ..၊

ပြီးတော့ မီးပွင့် မီးပွားတွေ တအုန်းအုန်းလွှင့်စင်ထွက်သွားခဲ့ပြီး ရုတ်ချည်းအမှောင်ကျသွားပြန်ကာ ..၊

ဆေး ဘာကိုမှ မသိတော့ ..၊

ပတ်ဝန်းကျင်မှာ လူတစ်ယောက်စ နှစ်ယောက်စသာရှိကာ ဖြတ်သွားသည့်ကားဆိုတာလည်း လောလောဆယ် မရှိခဲ့ဘဲ ..၊

"စိတ်မပူနဲ့ နွေး .. လေယာဉ်နဲ့ပါမသွားဘူးလို့ အဲ့ဒီဝန်ထမ်းမိန်းကလေးက အတိအကျပြောလိုက်တာ၊ ကိုယ်ရအောင် စုံစမ်းပြီး လိုက်ရှာပါ့မယ်၊ ဧကာနော် .."

ရှေ့မှာ ဆိုင်ကယ်လ်တစ်စီး မှောက်လျက်သားနှင့် မတ်တပ်ရပ်ကြည့်နေသူတစ်ချို့ကို လှမ်းမြင်ကာ ဦးမြတ်တင် ကားကို အနီးဆုံးမှာ ရပ်လိုက်၏။

"ဟိုမှာ ကားတစ်စီးလာပြီ .."

"ဒီကောင်လေး ဆိုင်ကယ်လ် မှောက်သွားတာ ခေါင်းမှာ သွေးတွေမနည်းဘူးဗျာ .. ဆေးရုံ အမြန်ပို့ပေးလိုက်ပါ၊ ကူညီပေးပါ .."

"လုပ်ပါ ဦးလေးရာ .. ကားအနက်တစ်စီးနဲ့ ငြိသွားတာဗျ ဟိုကားက မောင်းပြေးတာ .."

"ခဏလေး .."

ဦးမြတ်တင် လူငယ်၏ မှောက်ရုံအနေအထားကို လှမ်းမြင်လိုက်တည်းက ရင်တွေတဒိန်းဒိန်းဆောင့်ခါလာခဲ့၏။ အနားရောက်တော့ သူ သေချာသိလိုက်သည်။

ဘယ်လို ထိတ်လန့်တုန်ယင်လာမှန်းမသိသောလက်နှစ်ဖက်က

www.burmeseclassic.com



ကိုကို့ ပခုံးကို ဆုပ်ကိုင်မိကာမှ တဆတ်ဆတ်တုန်လာသည်။ ဆွဲလှန်လိုက်တာကို ငွန်းအားမဲ့နေခဲ့၏။

"လာဗျာ .. ကျုပ်တို့ ပိုင်းထုလိုက်ရအောင် .."

ဘေးလူတွေ ဝင်ပါလာမှ မျက်နှာမော့လှန်လာသည့် ကိုကို့ မျက်နှာသည်။

"သား .."

ဦးမြတ်တင် နှုတ်ခမ်းတွေ လှုပ်ခတ်သွား၏။ အသံမထွက်သော်လည်း မျက်ရည်တို့ စို့စွတ်လာခဲ့ပြီး ...။

ငါ့ကြောင့် ...။



## အခန်း (၃၆)

"ကျွန်တော် အိုသွားပါ ဒေါက်တာ . ကျွန်တော့်သွေးကိုယူပါ.."

စကားသံတွေကို ကြားနေရသည်။ အသိစိတ်က ကိုယ်မှာစတော်သေးဘဲ လူအများကြီး၏ စကားသံတွေ၊ လှုပ်ရှားသွားလာသံတွေ အားလုံးကို သိနေခဲ့၏။

သို့သော် ခဏအတွင်းမှာပဲ ပြန်လည်မှောင်ကျသွားခဲ့၏။ လူကြီးတွေ ပျာယာခတ်လှုပ်ရှားနေကြတာကို သူ ကြားမိလိုက်၊ မှောသွားလိုက်နှင့် အချိန်တွေ တရွေ့ရွေ့ကုန်သွားခဲ့သည်။

"အိမ်လည်းပြန်ရောက်နေပြီ .. သူ့အခြေအနေလည်း စိတ်ချရပြီမို့လား မေမေ .. သမီး ပြန်မယ်၊ ပြီးမှ မေမေ့ကို ပြန်လာကြိုမယ်လေ.."

ဒေါ်ယဉ်ရွှေ ကားပေါ်က ခြေတစ်ဖက်ချဆင်းပြီးမှ ပြန်ရှုပ်လိုက်ပြီး စစ ကို တောင်းပန်သလိုလှည့်ကြည့်သည်။

"မကောင်းပါဘူး သမီးရယ်၊ ပြီးတော့ ကိုကိုက ငြင်းခဲ့လို့ မေမေတို့က စိတ်ဆိုးနေတယ်ဆိုရင် သဘောထားသေးသိမ်ရာကျတာပေါ့ကွယ်၊ အခု ရွှေ ကလည်း လူမမာ၊ ကိုတင် ကလည်း မူသားအတွက် သွေးပေးရတာနဲ့ စိုးရိမ်နေရတာနဲ့ သောကရောက်နေရတယ်၊ သူတို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



အရင်းနှီးဆုံး မေမေတို့က ဒီတိုင်းကြည့်နေသင့်သလား ..."

မေမေ့စကားတွေက ကျိုးကြောင်း ဆီလျော်နေတာမို့ စစ မသွားချင်သည့် အရိပ်အာဝါသထဲကို ခြေချခဲ့ရ၏။

"သမီးလေး ပါလာတယ် ..."

ဒေါ်နွေးနွေး မျက်နှာက ချက်ချင်းပြုံးကြည်သွား၏။ အနွေးထည် ပါးပါးနှင့် မျက်နှာလေး ဖျော့ကျနေပေမယ့် ကြည်လင်နေသည့် အပြုံးဖြင့် ကောင်းကောင်းနလံထနေပြီဖြစ်သည့် လူမမာနဲ့ တူနေ၏။

ဦးမြတ်တင် က ဒါကိုကြည့်ပြီး ကျေနပ်သွားသည်။ အဖြစ်အပျက် အခြေအနေတွေကြောင့် ဇနီးသည် ဘယ်လောက်ထိ စိတ်နှလုံးညှိုးနွမ်းပြီး ချုံးချုံးကျနေသလဲဆိုတာ သူ အသိဆုံး ...။

"ထိုင်ဗျာ မဆွေ .. အိမ်မှာတော့ လူမမာတွေချည်းပဲ ..."

"ကိုကို့ အခြေအနေ စိတ်ချရပြီမို့လားဟင်၊ ကျွန်မ နောက်ကျမှ သိရလို့ပါ .."

"စိတ်ချရပါပြီ .. ဒါပေမယ့် လွှတ်မထားနိုင်တော့ အိမ်ကိုအပါ ခေါ်လာခဲ့ရတယ်လေ၊ သူ့ အမေကို စိတ်ချမ်းသာစေချင်လို့ပါ၊ ပြီးတော့ ဆေးရုံမှာဆို ထူထောင်လာတာနဲ့ ပြန်ထွက်သွားမှာလည်း စိုးနေလို့ .."

"ကောင်းပါတယ်ရှင် .. ကိုယ့်အိမ်မှာကိုယ် ပိုပြီးလွတ်လပ်တာပေါ့၊ လူလေးမှာ ဒဏ်ရာတွေ အများကြီးပါလား .."

အားလုံးအတူတူ ကိုကို့ အခန်းရှေ့ရောက်လာကြသည်။ ကိုကိုက အိပ်ပျော်နေလျက် ပတ်တီးစည်းထားရသည့် လက်ကို ဗိုက်ပေါ်တင်ထားတာ နဖူးမှာလည်း ပတ်တီးနဲ့ဖြစ်၏။

ရင်ဘတ်ဖွင့်ထားသည့် အင်္ကျီထဲကနေ ပခုံးကနေ သိုင်းစည်းထားသည့် ပတ်တီးကိုလည်း မြင်နေရသည်။

"ငြိမ်းတဲ့ကားက မှောင်းပြေးတာလေ .. ဆိုင်ကယ်လ်စီးဦးထုပ်လည်း မပါတော့ မှောက်တဲ့အရှိန်နဲ့ တော်ဘော်ထိသွားတာ ..."



"ဖြစ်ရလေကွယ် .. ဆိုင်ကယ်လ်တွေ ချင်ပြချက်ရှိတဲ့ စီးသာ အန္တရာယ်များပါတယ် ..."

ဒေါ်ယဉ်ဆွေ က ကိုကို့ဘေးမှာ ထိုင်လိုက်ပြီး ပါးလေးတစ်ချက် လက်နှံ့ကိုင်လိုက်နှင့် စိတ်မကောင်းဖြစ်နေရှာ၏။ စစ ကတော့ တတ် တပ်လေးရပ်နေရာကနေ ဘာမှ ဝင်မပြောပေ ...။

ဘယ်မှာမှလည်း မထိုင်ဘဲနေသဖြင့် ...၊

"သမီးလေး ထိုင်လေ ..."

"ဟုတ် ..."

"သားနဲ့ လူငယ်ချင်း ခဏတစ်ဖြုတ် စကားပြောအဆင်မပြေဖြစ်ကြတာနဲ့ အန်တီတို့ကို စိမ်းမသွားပါနဲ့ သမီးရယ် ..."

"ဟင့်အင်း .. မဟုတ်ပါဘူး ..."

"မဟုတ်ဘူးဆိုရင် အရင်လိုပဲ ပြုံးပြုံးရယ်ရယ်လေးနေဝါ သမီးရဲ့ သားကို လာကြည့်ပါဦး ဒဏ်ရာတွေကိုလေ ..."

ဒေါ်နွေးနွေး ဘယ်လောက်ထိဆန္ဒရှိနေသလဲဆိုတာ သိလိုက်ရသဖြင့် စစ စိတ်မကောင်းဖြစ်သွားမိသည်။ ဖုန်းတွေဆက်ပြီး အကြိမ်ကြိမ် တောင်းပန်တုန်းကလည်း ဒေါ်နွေးနွေး ပဲ ဖြစ်ကာ ...၊

"သမီးကိုလေ အန်တီက ကိုယ့်သမီးလေးလိုချစ်တာ၊ သားကို သမီးနဲ့ပဲ နီးစပ်စေချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးက ကိုယ့်ရဲ့အမိ ခြေကို ခင်တွယ်တယ်၊ ယဉ်ကျေးမှုကို ကျော်လွှန်ပြီး မတွေးဘူး၊ မဝတ်ဘူး၊ အဲဒါလေးကိုပဲ အန်တီက သဘောကျခဲ့ရတာ သိလား ..."

"နိုင်ငံခြားကို လိုက်သွားတော့ဖို့ သမီး ဆုံးဖြတ်တယ်ဆိုတည်းတော့ သားရဲ့ အပြောအဆိုတွေ လွန်ကျူးခဲ့တယ်ဆိုတာ အန်တီ သိတယ် သမီး ...၊ ဆွေ တို့နဲ့ ဆိုးတူကောင်းဘက် နေလာခဲ့တဲ့ နှစ်တွေလည်း မနည်းဘူးပဲကွယ်၊ ခုကျမှတော့ ထွက်မသွားပါနဲ့နော် ..."

"အန်တီတို့ကို စိတ်ဆိုးရင်တောင် ကျန်ခဲ့မယ့် ရပ်ခွင်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



သမီး ငုံညှာပါ၊ မွေ့ ဘဝက သမီးလေးကြောင့် ရှင်သန်နေခဲ့ရတာဆို ရင် သမီးမရှိတော့ရင် ဘယ်လိုနေမလဲ .. " တဲ့ ..။

ညစဉ် ရန်တွေဆက်နေသဖြင့် သူမရဲ့ ဒေါသမာနတွေလည်း အရှည် ချော်လုလုပါ။ ဒါပေမယ့် စေတဖြစ်ဖြစ် သွားကိုသွားချင်နေတာကို မမေ ကိုလည်း သေချာပြောပြခဲ့ပြီဖြစ်၏။

သူမ ခုလို မသွားဖြစ်ဘူးဆိုတာ အရာရာကို ငုံညှာထောက်ထား၍ သာလို့ လူကြီးတွေက ထင်နေကြပေမယ့် တကယ်တော့ ..၊

"ယော .. သား နိုးလာပြီ .."

တွေးနေမိတုန်းမို့ ကိုကို့ဆီ လှမ်းကြည့်လိုက်မိတာ အလျှင်စလို ဖြန်သွားသလား မသိ ..။

သို့သော် ကိုကို့ မျက်လုံးတွေက သူမထက် လက်ဦးမှုရယူထားပြီး ဖြစ်ကာ မျက်လုံးချင်းဆုံသွားကြ၏။

'သူမက ငြင်းခဲ့သည်ဆိုပြီး ဘာဖြစ်လို့ ဒီရောက်နေတာလဲ' လို့ လေး က တွေးလိုက်မိကာ ..၊

'ဒါတော့ သူကိုကြိုက်လွန်းလို့ ကြိုးစွဲရာ ကနေရသလိုဖြစ်နေ ပြီ .. ဒါလုပ်မိသျှ ဒီလူ အထင်မြင်သေးဖို့ပဲ ဘာဖြစ်လို့ဖြစ်နေရတာလဲ..'

စေ က ဤကဲ့သို့ တွေးရင်း နှုတ်ခမ်းလေးကိုက်၏။ တစ်ယောက် တစ်မျိုးအတွေးနှင့် မျက်နှာလွှဲမိကြတာလည်း ပြိုင်တူပဲဖြစ်၏။

လူကြီးတွေကတော့ သူတို့နှစ်ယောက်ကို ရန်ဖြစ်ထားကြသည့် ကလေးနှစ်ယောက်လို နားလည်သည့်အပြုံးတို့နှင့် တစ်ချက်ကြည့်ကာ..၊

"သေလေ သမီး .. ဒီမှာ လာထိုင် .."

"ရပါတယ် အန်ဟဲနေး ရဲ့ .."

စေ က လူကြီးတွေရဲ့ နောက်မှာပဲ ခုံသွဲထိုင်လိုက်၏။ ဒေါ်နွေးနွေး မျက်နှာတော့ ပျက်သွားပေမယ့် အားတင်းပြုံးလိုက်ကာ ..၊

"အစ်ကိုလည်း ပင်ပန်းနေပါပြီ၊ သွားနားလိုက်ပါလားဟင် .."



"ဟုတ်တာပေါ့ .. ကိုတင် က အလုပ်ကိုလည်း လွှတ်ထားလို့မရ သား အတွက်လိုတဲ့ သွေးလည်းပေးထားရသေးတယ်၊ ခုထိ ကောင်း ကောင်း မနားရသေးဘူးမို့လား .."

"ကျွန်တော်က ပြဿနာမရှိပါဘူးဗျာ .. လူနာကို လူမောက ဖြစ် စောင့်လို့မှ မဖြစ်တာ၊ ဒီရက်ပိုင်းကျမှ ညလာစောင့်ပေးပါခေါ်တာလည်း အလုပ်သမားတွေက အဆင်မပြေဘူး၊ သူတို့က မနက်လာ ညပြန် အသား ကျနေလို့ပါတဲ့ .."

"ဒါပေမယ့် ဒီနေ့တော့ ဆွေ လည်းရှိတုန်း စကားပြောရင်း နွေး ဝဲ နေလိုက်ပါ့မယ်၊ အစ်ကို နားလိုက်ပါနော် .."

"ကျွန်တော့်အတွက် မလိုပါဘူး၊ ထိုင်မရ ထမရတဲ့ လူမမာမှ မဟုတ်တာ .."

ရုတ်တရက် ဝင်ပြောလိုက်သည့် ကိုကို့ လေသံက ကိုကို လို့ပင် ထင်ချင်စရာမရှိ ..။

တင်းနေသည့် မျက်နှာကို မျက်မှောင်ကုတ်ထားသေးသည်။ သူ့ ဘက်ကို အားလုံးလှည့်ကြည့်ကြတော့ မျက်နှာလွှဲပစ်၏။ အပြင်ထွက် တော့မလို့ ခြေလှမ်းပြင်လိုက်သည့် ဦးမြတ်တင် နေရာမှာတင် တုံ့ခနဲ ဖြစ်သွားသည်။ ဒေါ်နွေးနွေး သွေးမရှိတော့သလို ဖြူဖျော့ကျသွားလေသည်။

သားလေး သူ့အဖေကို စိတ်နာသွားပြီလား ..၊

မော့ကြည့်လိုက်တော့ ဦးမြတ်တင် ၏ မျက်နှာတစ်ပြင်လုံးသည် ဒဏ်ရာအနာတရတို့နှင့် ဗုန်းဗုန်းလဲကျတော့မည့် စစ်သူကြီးတစ်ဦးကဲ့သို့ ရှိတရိမာနတို့ဖြင့် ..၊

"သား .. သား မထနဲ့ဦးလေ .."

ဒေါ်နွေးနွေး အသံကြောင့် ဦးမြတ်တင် တင်းခနဲ အံကြိတ်သည်။ ပြီးတော့ အခန်းထဲက ထွက်ခွာသွားလေသည်။ ဒေါ်နွေးနွေး လှည့်ကြည့် သေမယ့် ဘာမှမတတ်နိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ လက်မောင်းကိုပဲ ခပ်ဖွဖွဆုပ်ကိုင်ကာ …၊

"သား ရင်ဘတ်မှာ ဒဏ်ရာတွေ မနည်းဘူး၊ နံရိုးလည်းထိထားတယ်၊ အနည်းဆုံး သုံးရက်လောက်တော့ …"

"ကျွန်တော် ဘာမှ မဖြစ်နိုင်ပါဘူး …"

"ဟုတ်တာပေါ့ လူလေးရယ် … မင်းကို ကိုတင် က အချိန်မီတွေ့ပြီး ဆေးရုံတင်ခဲ့တာကိုး …"

ဒေါ်ယဉ်ဆွေ က ကြားဝင်ရှင်းပြရင်း …၊

"သား … နိုင်ငံခြားထွက်တော့မယ်ဆိုလို့ နွေး ကလည်း အိပ်ရာထဲလဲ၊ ကိုတင် လည်း အရှူးမီးဝိုင်းဖြစ်ပြီး သတင်းအတိအကျရတာနဲ့ လေဆိပ်ကို တန်းလိုက်တာ၊ သူ လေယာဉ်မမီဘူးတဲ့၊ ဒါပေမယ့် အဲဒီက လှည့်ပြန်လာတော့ သားကိုတွေ့တာပဲ၊ အဲဒီအချိန်မှာ မိဘက သွေးသားတင်မကဘူး အသက်ပါပေးရဲတဲ့မေတ္တာတွေနဲ့ သားကို ကယ်တင်ခဲ့တာပါကွယ်…"

ဒါကတော့ လွတ်တဲ့ငါး ကြီးတာပဲနေမှာပေါ့။ ကိုကို့ကို ဒီလောက်ထိ သင်ပြထားခဲ့ပြီးမှ ခိုင်းစားလို့ရခါနီးမှာ ထွက်သွားတာ ဘယ်ကြိုက်မလဲ …။

ဆေး က ရင်ထဲမှာ တစ်ခွန်းချင်း တုံ့ပြန်နေလျက်၊ သူ့မျက်နှာကို ထိုစကားရပ်များမှ ဖြစ်သော ခါးသီးမှုတွေက စာတမ်းတွေပေါ်နေခဲ့၏။

ထို မျက်နှာကို ခပ်လှမ်းလှမ်းကနေ စစ က စူးစိုက်အကဲခတ်နေလျက် …၊

ခုတော့ သူ့ရဲ့ ရိုးသားဟန်တွေ ဘယ်ရောက်ကုန်ပြီလဲ …။ သားလိမ္မာဖြစ်မလားလို့ တမင်ကြောက်ရွံ့ရိုသေဟန်ပြနေတာလား …၊

စိတ်ထဲပေါ်လာတဲ့အတိုင်း တွေးလိုက်မိသည်။

"ဟုတ်ပါတယ် သားရယ် … သားအဖေ သားကို ကိုယ်ထိလက်ရောက် ဆုံးမခဲ့တာကလည်း မေတ္တာဓာတ်နဲ့ပါ၊ နောက်ဆိုရင်လေ နောက်ဆိုရင် သားကို သူ ဒီလို …"



"ကျွန်တော် တစ်ယောက်တည်း နေပါရစေ …"

ဒေါ်နွေးနွေး စကားဆက်ခွင့်မရတော့ပေ။ ဒေါ်ယဉ်ဆွေ က ဒေါ်နွေးနွေး ...နှာသိမ့်သလို လှမ်းကြည့်၏။ ကိုယ်ထိလက်ရောက်ဆုံးမလိုက်သည့် ...ကို စစ က ခုမှသိလိုက်ရတာဖြစ်သည်။

ဒီကိစ္စ သူမနဲ့သာ လုံးဝသက်ဆိုင်နေမှန်းလည်း နားလည်လိုက်၏။ ...ကြောင့် လေဆိပ်ထဲကနေ ပြန်လာမိတဲ့အထိ ဒေါ်သမာနကို နှီးဆွ...စကားတွေ ပြောခဲ့တာကိုလည်း တွေးလိုက်မိလေသည်။

"ထိုင်ပါဦး ဆွေ ရယ် … သားရဲ့ ဆက်ဆံရေးကြောင့် စိတ်ပျက်...ပါနဲ့နော်၊ သူ့အဖေက သိပ်မနူးညံ့တတ်တော့လေ …"

"ပြောရမယ့်လူတွေမှ မဟုတ်တဲ့ နွေး ရယ် … တို့က နွေး တို့မိသားစု...လို နားလည်မှုတွေ လွဲနေကြတာကိုပဲ စိတ်မကောင်းဖြစ်နေတာ၊ ကိုယ်...တ်နိုင်တဲ့ကိစ္စမို့လို့သာပါ၊ တို့ တကယ်ကို ကူညီပေးချင်ပါတယ်…"

"ခုလို ကြားရတာ ဝမ်းသာလိုက်တာ …"

အပြင်ထွက်လာကြပြီးမှ ထိုင်ရပြန်တော့ စစ ပင့်သက်လေးရှိုက်...။ ဒေါ်နွေးနွေး က သူမတို့သားအမိကို တောင်းပန်သည့်အပြုံးယဲ့ယဲ့...နှင့် ကြည့်၍ …၊

"တကယ်ကူညီချင်တယ်ဆိုရင် နွေး တစ်ခုလောက်ပြောချင်ပါ...တယ် …"

"တင် … ပြောလေ နွေး၊ ဆွေ တို့ တတ်နိုင်တာကို ကူညီမှာပေါ့…"

"အားတော့နာပါတယ် ဆွေ ရယ်၊ တို့လူကြီးချင်းက နားလည်မှု...သာမို့ ကူညီချင်တာသိပေမယ့် သမီးလေးကို ပြောရမှာ အရှမ်းကို ...တယ် …"

"တင် … စစ ကိုလား …"

"ဟုတ်တယ် … သမီးရယ် …၊ အန်တီတို့မှာ သမီး အန်တီ...ယ်လ...ည်း သားနဲ့ သိပ်အဲဆင်မပြေသေးဘူးလေ၊ အခု အန်တီ့ ...ကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



သားက ခပ်စိမ်းစိမ်းလုပ်နေတာ၊ သူ ဘယ်လိုပဲအထင်လွဲနေပေမယ့် အန်တီ ပစ်မထားနိုင်ဘူး၊ သမီးကို အကူအညီတောင်းချင်တာက နေ့ခင်းဘက်မှာ သားအတွက် အချိန်နည်းနည်းပေးပြီး စကားပြောဖော်လေး ဖြစ်ဖြစ်ပေါ့ ..."

"အဲဒါဆို ပိုဆိုးသွားပြီထင်တယ် အန်တီ၊ သူနဲ့ စစ က စကားပြောတိုင်း တစ်ခါမှ အဆင်ပြေခဲ့တာမရှိဘူး၊ ခုလို သူ့စိတ်ပြောင်းလဲနေတုန်းဆို ပိုဆိုးမှာ ..."

"ဒါကတော့ လူမမာဆိုတာ ကိုယ်လက်မအီမသာဖြစ်နေတိုင်း စိတ်က အလိုလိုတိုနေတတ်တာပဲ သမီးရဲ့၊ ဒီမှာ မိဘဆုံးမတာကိုလည်း အထင်လွဲနေတဲ့အချိန်မှာ သမီးက မိတ်ဆွေကောင်းတစ်ဦးလိုပဲ ဖြစ်ဖြစ် လူနာစောင့်လုပ်ပေးသင့်တယ်လို့ မေမေ ထင်တယ် ..."

သတ်မှတ်တဲ့အတိုင်းဆို တစ်လအတွင်း လက်ထပ်ဖို့သေချာပြီးနေသည့် စေ့စပ်ပြီးသားလူတွေပဲ ...။

ကြားထဲမှာ ဘယ်လိုပြဿနာပဲရှိခဲ့ရှိခဲ့ နာမကျန်းဖြစ်နေတုန်းမှာတော့ ကူညီသင့်တယ်လို့ ဒေါ်ယဉ်ဆွေ က တစ်ထစ်ချတွက်၍ ...၊

"တစ်ချို့ ငယ်ငယ်တည်းက သူငယ်ချင်းဆိုတဲ့လူတွေတောင် ရန်တကျက်ကျက်ဖြစ်ရင်း ကြီးပြင်းလာကြသေးတာ၊ သမီးတို့က ကလေးတွေလို ရန်ဖြစ်စိတ်ကောက်နေကြတာလည်း မဟုတ်ဘူး၊ စကားပြောများကြတဲ့အပေါ်မှာ မာနတွေနဲ့ တုပြိုင်တိုက်ခိုက်နေကြတာ ..."

ဘယ့်နှယ် ကိုယ့်အမေက ကိုယ့်ဘက်က မပါရတာလဲ ...။

နဂိုတည်းက အထင်သေးစကားတွေနဲ့ ပစ်ပေါက်ခဲ့တဲ့လူကို ...။

"အဲ့ဒါ မလွယ်လောက်ဘူး မေမေ .. အန်တီ့ကိုလည်း အားနာပါတယ်၊ သူလည်း အဲဒီလိုကြိုက်မှာမဟုတ်ဘူး စစ သိတယ်၊ အခု စစ ခရီးမထွက်ဖြစ်ဘဲ ပြန်လှည့်လာတာကလည်း တခြားအကြောင်းကြောင့်ပါ၊ မင်္ဂလာကိစ္စကို ပြီးသွားပြီလို့ ထားခဲ့ပြီးသား ..."



"မင်္ဂလာကိစ္စကြီးနဲ့ တုတ်နှောင်ပြောတာမဟုတ်ရပါဘူးကွယ်၊ ဒီတစ်ရက်နှစ်ရက်တည်းပဲ ကူညီဖို့ပါ၊ နောက်ဆုံး သမီးနဲ့ စကားနိုင်လုရှုံးဖြစ်နေရရင်တောင် သား အန်တီတို့ရဲ့ အရိပ်ထဲမှာ မေ့မေ့ပျောက်ပျောက်နေနေမှာလေ၊ မဟုတ်ရင် သူ ဘာလုပ်သွားဦးမလဲ မသိဘူး ..."

ဘယ်လိုငြင်းပေမယ့် လူကြီးနှစ်ယောက်၏ သွယ်ဝိုက်တင်းကျပ်၍ အမျိုးမျိုးတောင်းဆိုခဲ့ခြင်းမှာ စစ ခေါင်းညိတ်ခဲ့ရသည်။

ကြိုတင် စိတ်ကူးထားခဲ့သမျှ ဘာတစ်ခုမှ ဖြစ်မလာခဲ့ဘဲ မထင်တာတွေသာ ဖြစ်ခဲ့ရလျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"မင်းရောက်လာတာ အတော်ပဲ .. ငါ့ကို အကျိုးချုတ်ပေးစမ်းပါ"

"ဘာ!..."

တကယ်ကို အထိတ်တလန့်ဖြစ်သွားသဖြင့် အသံကျယ်လောင်သွားသည်။ ဆေး က 'ဘာဖြစ်တာလဲ' ဆိုသည့် ခပ်ချဉ်ချဉ်အကြည့်နှင့်..

"မင်း ငါ့အတွက် လာတာမဟုတ်ဘူးလား .."

"ဘာပြောတယ် .."

"လူမမာ စောင့်ပေးဖို့လေ၊ ရိုးရိုးလေးပြောတာ ပြူးပြဲမနေနဲ့ .."

"ရိုးရိုးပေမယ့် ကြားကောင်အောင်ပြော၊ ဒီက မကောင်းတတ်လို့ လာရတာ .."

"မင်းကိုလည်း ကောင်းမှန်းသိလို့လာပါတယ် ငါပြောမိလို့လား.."

"ရှင်နော် .."

စိတ်က ထောင်းခနဲဖြစ်သွားသည်။ ကိုင်လာသည့် သူ့အတွက် လူမမာစာ အိတ်ကို စားပွဲပေါ်ခပ်ဆောင့်ဆောင့်ချကာ လှည့်ပြန်မှာ ဖို့ စိတ်ကူးနှင့် ..၊

"ဟော့ .."



"အို .. ဘာလုပ်တာလဲ .."

"ဆွဲထားတာလေ .. ဒီမှာထိုင်ဦး .."

"လွှတ် .."

သူ့လက်ကိုခါပစ်လိုက်ပြီး မွေ့ရာနားကခုံမှာ ဝင်ထိုင်လိုက်တာ..၊

"စကားကို ဆင်ခြင်ပြော .."

ဆေး က ပြုံးသည်။ တည်သည်မမည်သော အကြည့်နှင့် ပြုံးကာ..၊

"ငါက စကားပြောမယ့်သူ ရောက်လာလို့ ကျေနပ်သွားတာ .."

"ရှင့်အတွက် စကားပြောဖော်ပဲ လိုတာလား .."

"ဟင် .."

"အန်ကယ်လ်တို့ အနားကပ်ရင်တော့ မျက်နှာပုပ်ကြီးချထားတယ်၊ ရှင့်ကြောင့် မိဘတွေ .."

"don't stop .."

သူက လက်ကာတားဆီး၍ ..၊

"တခြားအကြောင်းပဲပြော .."

"ရှင် ဘယ်လိုဖြစ်သွားတာလဲ ကိုကို .. အစကတော့ အန်ကယ်လ်ဆီက နွေးထွေးမှုရဖို့ပဲ ရှင် မျှော်လင့်တကြီးဖြစ်နေခဲ့တာ .."

"အစက ဟုတ်မှာပေါ့ .. အခု အဆုံးသတ်ရောက်သွားပြီ .."

"ဘာကို အဆုံးသတ်လဲ .."

"တစ်ခုခု .."

"အန်ကယ်လ် လက်သီးတစ်ချက်ကြောင့် ရှင် ဒီလောက်ထိ စိတ်နာသွားတာ မယုံနိုင်အောင်ပဲ .."

"တခြားအကြောင်းပြောလို့ရမလား .."

"မဟုတ်ဘူးလေ .. မိသားစု နွေးထွေးဖို့ဆိုတာလည်း .."

"ငါ့အတွက် မလိုဘူး .. သစ္စာ မေတ္တာတွေဆိုတာ ငွေရှိမှဖြစ်တာ၊ ငွေမရှိတဲ့လူ ဘာတွေကောင်းအောင်လုပ်လုပ် ရေပေါ်အရုပ်ရေးသလိုပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ငွေကအဓိကမှန်းသိရင်လည်း အန်ကယ်လ်က ချမ်းသာတာပဲ၊ ကိုယ့်အဖေနဲ့ အဆင်ပြေအောင်နေဖို့ကို ရှင် ကြိုးစားရမှာ မဟုတ်ဘူးလား .."

"ငွေက အဓိကဆိုပြီး ငွေရဖို့အတွက်နဲ့ ငွေရှိတဲ့လူကိုတည့်အောင်ပေါင်း .. ဟုတ်လား .."

ငွေချင်းထပ်အောင် ပြောပြီးမဲသည်။ စစ ထိုမျက်နှာလေးသံတွေကို အမြင်ကပ်သွားမိကာ ..၊

"ငွေရှိတဲ့လူက ရှင့်အဖေပဲလေ .."

"သိကြားမင်းဖြစ်ဖြစ် ဂရုစိုက်စရာမလိုဘူး၊ မင်းလည်း ငါ့ကို အကြံဉာဏ်တွေပေးမနေနဲ့ ..၊ အခု လောလောဆယ် ငါ့ကို ဒီအင်္ကျီဝိုင်းချုပ်ပေးစမ်းပါ .."

"အို .. ဘယ်လိုလုပ်သင့်တော်မှာလဲ .."

"ငါ့လက်တစ်ဖက် မလှုပ်နိုင်လို့ ယဉ်စစခင် .. လူမမာလို့ပဲ မင်းသဘောထားလိုက်၊ ငြိမ်းချမ်းသွားလိမ့်မယ် .."

သူမ မနေသာတော့ပေ ..။ လူမမာစောင့်ဖို့ လာနေပြီးမှ ငုတ်တုတ်ထိုင်ကြည့်နေပြန်ရင်လည်း မကောင်း ..။

"ပတ်တီးတွေရော သိုင်းကြိုးတွေရော ရှုပ်နေတာပဲ၊ ဒဏ်ရာတွေကို ထိသွားရင်လည်း ဒုက္ခ .."

သူမ ပွစိပွစိရေရွတ်ရင်း မွေ့ရာစပ်မှာ တင်ပါးလွှဲလေးဝင်ထိုင်သည်။ သူ ချုပ်ဖို့ကြိုးစားနေသည့် အင်္ကျီကို ဝိုင်းကူပေးဖို့ ဟိုအစကိုင် ဒီအနားက ကိုင်နှင့် လုပ်နေပြီးမှ အဆင်မပြေတော့ ထိုင်ရာက ပြန်ထ၏။

မွေ့ရာပေါ်ကို ခြေထောက်နှစ်ဖက်စလုံး ဒူးထောက်လျက်လေး တင်လိုက်ပြီးမှ သူ့ဘေးကို ပုံစံတကျရောက်သွားခဲ့သည်။

"နာရင်ပြောနော် .. ဒီက သိပ်ကိုင်ရဲတာမဟုတ်ဘူး .."

"လုပ်ပါကွာ .. ဒီမှာ လက်တစ်ဖက်မြှောက်ပေးထားရတာ ညောင်းလာပြီ .."





"ဟုတ်လား .."

"အား .."

"အောင်မယ်လေး .."

"မင်းက ဘာလို့အော်တာလဲ .."

"ရှင် အော်တော့ လန့်သွားတာပေါ့ .."

နာသည့်အထဲကနေ ဆေး ရယ်ချင်သွားသည်။ သူမနဲ့ နီးကပ်နေသဖြင့် သူမကိုယ်က ပျံ့လွင့်နေသော ကိုယ်သင်းနံ့ကြောင့် နည်းနည်းတော့ စိတ်ထဲမှာ ကသိကအောက်ဖြစ်နေမိသည်။

မနှစ်သက်တာလား၊ မနေတတ်သလိုမျိုးလား ..။ ဒါပေမယ့် ဘာမှန်းလည်းမသိ ..။

"အခု ဘယ်နားက နာသွားတာလဲဟင် .."

"ဘယ်ကမှ မဟုတ်ဘူး၊ မင်းက ပတ်တီးကိုပါ အတင်းဆွဲယူနေလို့ .."

"ဟုတ်လား .. ဆောရီးနော်၊ စစ ဒီတစ်ခါ သေချာကြည့်လုပ်ပေးမယ် .."

စေတနာရှေ့ရောက်သွားပြီး သူမ သတိမေ့သွားတာလားမသိ ..၊ လူကပါ သူ့ရှေ့မှာ ဒူးထောက်လေးရွှေ့ရောက်လာကာ ကြိုးသိုင်းထားရသည့်လက်ကို သေချာလုပ်ပေးနေ၏။

သူမက အလုပ်ထဲမှာ စိတ်ရောက်နေပေမယ့် ကိုယ့်ရှေ့ နီးနီးလေးမှာ သူမက မျက်လွှာလေးစင်းချထားသည်။ စိုအိနေသည့် နှုတ်ခမ်းလေးတွေက အလုပ်ပေါ်မှာ မချင့်မရဲ ဖြစ်နေသဖြင့် ဖိဖိတ်သွားပုံက မဟုတဟုလေး လှုပ်ခတ်နေလိုက်နှင့် ..၊

ဒါကို စူးစိုက်ကြည့်မိကာ ဆေး ပူထူရှိန်းဖိန်းသွားသည်။ ရုတ်တရက် ဘာဖြစ်သွားမှန်းမသိလိုက်ဘဲ ..၊

www.burmeseclassic.com



"ရပြီ .."

"ဟင် .. မပြီးသေးဘူးလေ .."

သူ့လက်ကို အမှတ်တမဲ့လှဲရှောင်ပစ်လိုက်လျှင် စူးစိုက်လုပ်နေသည့် စစ က ဘာမှန်းမသိဘဲ လက်စမသတ်ရသေးသည့်အဖြစ်ကြောင့် အတင်း ပြန်လိုက်ဆွဲ၏။

လူက ဒူးထောက်နေရတာမို့ ဟန်ချက်ပျက်ကာ သူ့ရင်ဘတ်ပေါ် ဟပ်ထိုးပုံကျသွားသည်။ ဒဏ်ရာတွေကို ထိမိမှာစိုးပြီး ဆေး ကိုယ်ကို နောက်ပြန်ရှို့လိုက်သဖြင့် နှစ်ယောက်စလုံး ထပ်လျက်သားလဲလေသည်။

ခေါင်းအုံးပေါ်မှာ ဆေး က ပက်လက်ဖြစ်သွားလျက် စစ က သူ့ ရင်ဘတ်ပေါ်မှာ ..။

မျက်နှာနှစ်ခုသည် ထိကပ်မိသွားပြီးမှ အနည်းငယ်ပြန်ကွာသွား ၏။ ပြီးတော့ တစ်ယောက်မျက်နှာကိုတစ်ယောက် ငေးကြည့်နေမိကြ၏။

ဆေး ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားလာရကာ ဒီလောက်ထိတော့ သမာဓိမကောင်းနိုင်ဘူးဆိုတာ ကိုယ့်ဘာသာအတည်ပြုထောက်ခံမိ လျက် ..၊

စစ ရဲ့ ပါးပြင်နုနုလေးကို လက်ခုံနဲ့ ဖွဖွလေးတို့ထိနေရင်း သူမ မျက်နှာလေးငုံ့ကျလာအောင် ဆွဲယူလိုက်မိလျှင် ...

"ဟင့်အင်း .."

စစ ဖျတ်ခနဲအသိဝင်လာသည်နှင့် သူ့လက်ကို ဖယ်ချပစ်လိုက်သည်။ သူ့မျက်နှာသေးက ခေါင်းအုံးစပ်မှာ လက်ထောက်၍ နေရာမှထဖို့ပြင် ၏။ သို့သော် ...

ဆေးသားညီ ဆိုတာ အဲဒီလိုကြမ်းပြီဆို ဘယ်တော့မှ အရှုံးပေးခဲ့ တာမရှိ ..။



## အခန်း (၃၈)

"မင့်သား နေကောင်းရဲ့လား .. ဒဏ်ရာတွေ ဘယ်လိုနေလဲ ..

"သက်သာတယ်ထင်တာပဲ အစ်ကို .. ခေါင်းအုံးတွေဆင့်ပြီး ထိုင်နေတာ လှဲကိုမလှဲဘူး၊ ဖုန်းတွေခေါ်လိုက် ပြောလိုက်နဲ့ပဲ .."

ဖြေပုံအရ နွေး ကိုလည်း သိပ်အကဲမခံဘူးဆိုတာ ဦးမြတ်တ သိလိုက်သည်။ သူ့စိတ်တွေရော ဘာတွေဖြစ်နေတာလဲ ..။ ဒီသား ဆုံးရှုံးလိုက်ရမလို ဖြစ်သွားပြီးမှ အစက မကျေနပ်မရောင့်ရဲနိုင်သ လောဘ ဒေါသတွေက ဒီကလေးကို မျက်စိအောက်မှာမြင်ခွင့်ရနေရ နဲ့တင် ကျေနပ်နိုင်နေ၏။

ဒါပေမယ့် 'အဖေ ဒီလိုချစ်ပါတယ် သားရယ်' လို့ မျက်နှာ ထိုး တောင်းပန်ရအောင် 'ငါကမိဘ' ဆိုသည့် မာနကတော့ရှိနေ သည်သာ ..။

"အစ်ကို အလုပ်က ပြန်လာတာ စောလှချေလားမောင်၊ နေ လည်း မကောင်းပါလား .."

ဒေါ်နွေးနွေး က ဦးမြတ်တင် ရဲ့ လက်ကိုင်အိတ်ကို ဝိုက်ဆွဲယ ရင်း သောကနေ တမော့မော့နှင့် ပါလာကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သားကို စိတ်မဖြောင့်ဖြစ်နေလို့လား အစ်ကို .. လှူငယ်ဆိုတာ.."

"မဟုတ်ပါဘူး နွေး ရယ် .. သူ ကလေးလေးမှ မဟုတ်တာ၊ ဒီ လောက်ထိ လိုက်ပူနေစရာမလိုပါဘူး၊ ခုတစ်လော ဖုန်းတွေဝင်ဝင်လာ တာ ဘာတွေမှန်းမသိဘူးကွာ .."

"ဘယ်သူ့ဆီကလဲ .."

"မသိဘူး .. ဘာမှန်းမသိဘဲနဲ့ သက်သက် စိတ်အနှောင့်အယှက် ပေးနေတာ .."

"ဒါဆိုလည်း ခေါင်းထဲမထည့်နဲ့ပေါ့ အစ်ကိုရယ်၊ ဖုန်းလာတိုင်း မကိုင်နဲ့ပေါ့ .."

"ကိုယ်တို့က ဖုန်းနဲ့ပဲ အလုပ်လုပ်နေကြတာလေ၊ အရေးကြီးဖုန်း တွေကို မပြောလိုက်မိတာမျိုး အဖြစ်မခံနိုင်ဘူး၊ ပြီးတော့ နံပါတ်တွေ အမျိုးမျိုးနဲ့ ဆက်နေတာကို ဘယ်လိုရွေးချယ်ကိုင်လို့ရမှာလဲ .."

"ဟုတ်လား .. ကြာပြီလားအစ်ကို၊ ဖုန်းဆက်ပြီး ဘာတွေပြောနေ လို့လဲဟင် .."

ဦးမြတ်တင် ခေါင်းတခါခါဖြစ်နေကာ ဒေါ်နွေးနွေး မျှော်ပေးထား နေကျ သံပုရာရည်ဖန်ခွက်နားကို လျှောက်သွားသည်။

သူ့ဘာသာယူသောက်လိုက်ပြီးမှ တစ်ဝက်ကျော်ကုန်သွားတော့ ဒေါ်နွေးနွေး ကို ပြန်ငဲ့ကြည့်၍ ..၊

"ဘာလို့ ဒါတွေလုပ်ထားတာလဲ နွေး ရယ် .. ကိုယ့်ဘာသာ သက် တောင့်သက်သာနေပါလား၊ ကိုယ် ပြန်လာမယ်လို့ ဖုန်းဆက်လိုက်တာ က မင်းကို အသိပေးချင်လို့မဟုတ်ပါဘူး .."

"အစ်ကိုရယ် .."

"ဟုတ်တယ် .. မင်း အိပ်နေရင် ကောင်မလေးတွေ လာကိုင်မှာ ဝဲလေ၊ အိပ်နေလားသိချင်လို့ပါ၊ မင်း လာကိုင်လိုက်တော့ .."

"ဘာဖြစ်လဲ အစ်ကိုရယ်၊ နွေး က စိတ်လက်မအီသာဖြစ်တာမျိုး



ပါ၊ သားလေးလည်း နေမကောင်းဖြစ်နေတယ်၊ နွေး က လှဲစောင့်ပြီးလှုပ် နေရမှာလား .."

ပြောနေရင်း ပြုံးပြလိုက်ကာ ..၊

"အစ်ကို အိမ်ပြန်လာရင် နွေး ရဲ့ သံပုရာဖျော်ရည်ကို သောက်လိုက် ရမှ အမောပြေတတ်တာလည်း နွေး သိတယ်၊ ဘယ်အချိန်ပြန်လာလာ နွေး က ဒီတိုင်းမပျက်မကွက် ပြုစုချင်တာ .."

ဒေါ်နွေးနွေး က စကားလုံးအနုအရွလေးတွေ ပြောပြနေသော်လည် မျက်ဝန်းတွေကတော့ နားလည်ခွင့်လွှတ်နိုင်လွန်းသော တည်ငြိမ်ရင့် ကျက်မှုအပြည့်နှင့် ရှိနေ၏။

"လာလေ အစ်ကို .. သားဆီသွားရအောင် .."

"အင်း .."

ဇနီးသည်ပေါ် အားနာသည့်စိတ်တို့ဖြစ်နေရင်း အမှတ်တမဲ့ခေါင်း ညိတ်လိုက်မိ၏။ သို့သော် ခြေလှမ်းတုံ့သွားကာ ..၊

"နေပါစေတော့ .. တော်ကြာ ကိုယ့်ကြောင့် .."

"အစ်ကိုသာ သူ့အပြုအမူအပြောအဆိုတွေကို ဆောလောတ် ဥစ ကွာ ထားပေးလိုက်နိုင်ရင် အဆင်ပြေသွားမှာပါ အစ်ကို .."

ပြောနေရင်း ပြုံးကာ ..၊

"ဝါလိုလူနဲ့တွေပြီဆိုပြီး အစ်ကို ကျေနပ်တဲ့စိတ်တွေ ဖြစ်လာမှာ ပါ .. နွေး ပြောရဲတယ် .."

ဦးမြတ်တင် သက်ပြင်းချမိ၏။ ခြေလှမ်းတွက ကိုကို့ အိပ်ခန်းဆီ တို့ ရောက်လာလျှင် ဒေါ်နွေးနွေး က နောက်တစ်လှမ်းဆုတ်၍ ချန်ရစ် ခဲ့၏။

ဦးမြတ်တင် ဖွဲထားသည့်တံခါးကို တွန်းပြီးဝင်လိုက်လျှင် ..၊

"အ .."

"သား .."

www.burmeseclassic.com

www.burmeseclassic.com



တံခါးနားကို ယိမ်းယိုင်လဲကျလာသည့် ကိုကို့ ရဲ့ ခန္ဓာကိုယ်က ဦးမြတ်တင် ကိုယ်ပေါ်ကို ပစ်မှီလိုက်သည်နှင့် …၊

"အား … ကျွတ် … ကျွတ် …"

"သား … မင်း … ဘာဖြစ် …"

"ရတယ် …"

နံရံပေါ်ကို နောက်ပြန်မှီကျကာ တစ်ကိုယ်လုံး၏ ဖိအားကို တောင့်ခံလိုက်ရသော်ငြား ဒဏ်ရာတွေနဲ့ သားဖြစ်သူကိုပဲ စိတ်ပူသွားကာ ဦးမြတ်တင် မေးထားသည့် လက်တွေကို မခွာနိုင် …။

ကိုကိုက ခပ်မတ်မတ်ပြန်ရပ်ပြီး ထိုလက်တွေကို ဖယ်ချပစ်၏။ ဒါပေမယ့် နီးကပ်နေသည့် မျက်လုံးချင်းဆုံသွားမိကာ သံလိုက်ကဲ့သို့ ဆွဲငင်သွားခဲ့ကြပြီး …၊

"သား ဘာဖြစ်သွားတာလဲဟင် …"

ဒေါ်နွေးနွေး ပျာပျာသလဲ ဝင်လာပေမယ့် နောက်ဆက်တွဲစကား ပါမလာတော့ပေ။ ထိုအချိန်ထိ မျက်လုံးတွေ စူးစိုက်နေဆဲဖြစ်ကာ ဆေး က ထိုမျက်လုံးအစုံထဲက 'သား' လို့ ခေါ်လိုက်သော နွေးထွေးသည့် အကြင်နာကိုရှာ၏။

ဘယ်မှာလဲ အမြဲတမ်း မကျေနပ်မောင်းမဲနေခဲ့တဲ့ နှုတ်များက 'သား' လို့ ခေါ်လိုက်ရတဲ့အကြောင်းရင်း၊ ဘာအကြောင်းနဲ့ ပြောင်းလဲလိုက်နိုင်တာလဲ …။

ဆေး က တွေးသလို ထိုမျက်လုံးစိမ်းတွေကိုကြည့်ပြီး ဦးမြတ်တင် ရင်နင့်သွားခဲ့သည်။

ကိုယ့်ဆီက ဒီလိုသွားခဲ့တဲ့အကြည့်တွေကြောင့် တစ်ဖက်သား ဘယ်လိုနာကျင်ခဲ့ရသလဲဆိုတာကိုပါ နားလည်သွားခဲ့သည်။ သူ့ပဲ မျက်ဝန်းတွေကို အရင်လွှဲလိုက်ကာ ဒေါ်နွေးနွေး ဘက်ကိုလှည့်ပေမယ့် မျက်နှာ ခပ်လွှဲလွှဲနှင့် …၊



"ဒဏ်ရာတွေ နည်းနည်းလောက် မေးကြည့်လိုက်ပါဦး …"

ဒါပဲပြောပြီး ထွက်သွားခဲ့သည်။ နီမြန်း၍ နှုတ်ခမ်းတွေကို တင်းတင်း စေ့ပိတ်ထားခြင်းကြောင့် ဦးမြတ်တင် ၏ ဝေဒနာကို ဒေါ်နွေးနွေး နား လည်သွားသည်။

သို့သော် ခင်ပွန်း၏ ကျောပြင်ကိုငေးကြည့်မိရင်း ကိုကို့ဘက်ကို လှည့်လိုက်တော့ နွေးထွေးသည့်အပြုံးနှင့် ဖြစ်ကာ …၊

"သားလေး ဘာဖြစ်လို့ ခုတင်ပေါ်က ထလာတာလဲ သားရယ်၊ ခါးရိုးထိသွားတယ်ဆိုတော့ ရုတ်တရက် မတ်တပ်ရပ်လို့ ဘယ်အဆင် ပြေမလဲ …"

"ဒါပေမယ့် စမ်းလျှောက်ကြည့်မှ သိမှာမို့လို့ပါ …"

"လာ … မေမေ့ကို တွဲလိုက် သား …"

"ရပါတယ် …"

ကိုယ့်ချိုင်းကြားထဲက ခေါင်းလျှိုဝင်ထမ်းဖို့လုပ်တော့ သူ ခါးခါး သီးသီး ခေါင်းခါမိသည်။ အထိအကိုင် မခံလောက်အောင် စိမ်းကားသွား တာလားလို့ ယင်သော ရီဝေသည့်အကြည့်တွေ သူ့ဆီရောက်လာသည်။

ဆေး က ပြန်မကြည့်ဘဲ ကိုယ့်ဘာသာထိန်းရင်း အံကြိတ်လျှောက် သည်။ တကယ်တော့ ဒေါ်နွေးနွေး က လူမမာဖြစ်သည့်ပြင် လူကြီး တစ်ယောက်ကို သူ မမှီရက်ခဲ့ခြင်းဖြစ်လေသည်။

မေမေဆိုသော ပုဂ္ဂိုလ်ကြီးနှင့် မိတွေး ဖြစ်နေပေမယ့် မယုံနိုင်အောင် ရင်စိုက်တတ်လွန်းသည့် ဒေါ်နွေးနွေး ကြောင့် သူ့စိတ်တွေ ရှုပ်ထွေးနေခဲ့ ပြီဖြစ်၏။

"ငါ့ပုံစံကို မေမေ အရမ်းအထင်သေးနေတာ၊ မင်းကမှ အမေ့ သားပါ …" တဲ့ …။

ကိုကိုက ဒီတိုင်းပြောပြီး ညည်းညူခဲ့ဖူး၏။ ကိုယ့်ကိုကျမှ ဒီလို ခုံစံဖြစ်သွားပါသည်ပြောလျှင် 'ငါမပြောဘူးလား' လို့ သူ့ကို ပြောဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝဲခြစ်သည်။

ဒါပေမယ့် မေမေ အမှာညီအစ်ကိုမွေးခဲ့တယ်ဆိုတာ ဒီပုဂ္ဂိုလ်သိထားခဲ့တာမဟုတ်ပေ ..။

"သား .."

သူ့ စားပွဲရှေ့က ခုံမှာ ထိုင်လိုက်တော့ ဒေါ်နွေးနွေး က သားမှာပဲ ခုံဆွဲထိုင်လိုက်ကာ ..၊

"အိပ်ရာထဲမှာ တစ်ရက်လောက်တော့ သက်သက်သာသာ နေစေချင်တယ် သားရယ်၊ အစ်နဲ့ ထွင်းရမှာ ပေါက်ဆိန်နဲ့ ပေါက်နေရမှာစိုးလို့ပါ .."

"ငုတ်တုတ်ထိုင်ပြီး အစ်နဲ့ထွင်းခံနေရတာ ပိုဆိုးတယ် အန်တီ.."

ဒေါ်နွေးနွေး အပြုံးတွေလျော့ရိလျော့ရဲဖြစ်သွား၏။ 'အန်တီ' လို့ ခေါ်သံက ရင်ထဲကို ဆူးတစ်ချောင်းလို ဝင်သွားခဲ့လျက် ..၊

"သားက .. သားက အိမ်မှာ မနေချင်တော့ဘူးပေါ့ .."

မဖြေပေမယ့် မျက်နှာလွှဲပစ်လိုက်ပုံက ဖြေတာထက် ရှင်းသွားခဲ့၏။ ဒေါ်နွေးနွေး မျက်ဝန်းမှာ မျက်ရည်ရောင်တွေနဲ့ လက်လာခဲ့၏။ ဒါပေမယ့် မျက်တောင်တွေနဲ့ ဝှတ်ခတ်ဖယ်ရှား၍ ..၊

"သား နောက်ထပ် ထွက်သွားဖို့ကြိုးစားဦးမယ်ဆိုရင် မေမေတို့က တားဆီးထားနိုင်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် သားရယ် ခဏတွေ့ပြီး ခဏနဲ့ကွဲကြတယ်ဆိုတာ မိသားစုသဘာဝမဟုတ်ပါဘူး .."

"အမုန်းတစ်ခု အရင်းပြုပြီး သားမယားကို ပစ်ထားတဲ့ ယောကျ်ားတွေကပေ့ သဘာဝကျတယ်ပေါ့ .."

ပြန်လှန်မေးခွန်းနှင့်အကူ စူးရဲနေသည့်မျက်ဝန်းတွေက တစ်ဖက်လူကို သိမ်ငယ်သွားစေတဲ့အထိ ပြင်းထန်နေသဖြင့် ဒေါ်နွေးနွေး က တအံ့တသြဖြစ်သွားပြီး ပြန်ဖြေဖို့မေ့နေခဲ့၏။

ပြီးတော့ .. မထိမဲ့မြင် မဲ့ပြုံး ..၊



"ဖွှန်း .. မိန်းမတစ်ယောက်ကနေ နှစ်ယောက်ထပ်ယူတဲ့လူထားသားတွေ .."

စကားသည် ဒီနေရာမှာ ထစ်ငေါ့ပြတ်တောက်သွားခဲ့လျက် ပြီးနောက်..၊

"သားသမီးတွေကို လက်ဆွဲပြီး သေတဲ့အထိ တစ်ယောက်တည်းရုန်းကန်သွားခဲ့တဲ့ မိန်းမတစ်ယောက်ကို အထင်လွဲပြီး မုန်းနေသတဲ့၊ ရယ်စရာအကောင်းဆုံး ဟာသပဲ .."

"သားအတွက် ရယ်စရာဖြစ်ခဲ့ပေမယ့် မေမေကတော့ တစ်သက်လုံး ငိုနေခဲ့ရတာပါ .."

ခံစားချက်အပြည့်နှင့် ဒေါ်နွေးနွေး အသံက ဖြည်းလေးတုန်ယင်နေကာ ..၊

"အဲဒီ သဘာဝမကျခဲ့တဲ့လူရဲ့ မယားသိုဖြစ်ခဲ့ရတဲ့ အန်တီအတွက်တော့ ဘယ်လိုဟာသမှ ရှာမရခဲ့ပါဘူး၊ အမုန်းမခံရပေမယ့် အချစ်ကိုမရခဲ့တဲ့ငရဲမှာ ခြေကုန်လက်ပမ်းလည်းကျခဲ့ပါပြီ .."

မျက်ရည်တစ်စက်ပေါက်ခနဲ ကြွေဆင်းသွားတော့ မျက်ရည်စက်ကို မြင်လိုက်သည့် ဆေး ရဲ့ အကြည့်တွေ ဒေါ်နွေးနွေး မျက်နှာဆီ ရောက်လာခဲ့၏။

"အချစ်ကိုမရတဲ့အတူတူ အမုန်းခံနေရရင်ကောင်းသားလို့ တောင် တလာမိတယ် .."

ဒေါ်နွေးနွေး က ကိုင်ထားဆဲရှိသည့် ဦးမြတ်တင် ရဲ့ လက်ကိုင်အိတ်ထဲ တတုန်ကယင်ဖွင့်သည်။ ဆေး ရဲ့ မျက်လုံးတွေကလည်း ထိုဆီရောက်သွားခဲ့၏။

အထဲက ကတ္တူစာရွက်ဖြူလေး ထုတ်ယူလိုက်သည်လို့ထင်ရပေမယ့် တကယ်က ဓာတ်ပုံတစ်ပုံဖြစ်နေ၏။

"ဒီပုံထဲက ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက်က ဘယ်သူတွေလဲ သား သိလား .."

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေသည့် မျက်နှာတွေကို မြင်လိုက်တာနှင့် သူ ခန့်မှန်းမိလိုက်သည်။ ကောင်လေးသည် ဖေဖေဆိုသော ပုဂ္ဂိုလ်ဖြစ်လျက် မိန်းကလေးက မေမေ ..။

ဒေါ်နွေးနွေး က သူ့မျက်လုံးတွေကို စိုက်ကြည့်ကာ ..၊

"သား သိသွားပြီနော် .. ဒီမှာရော .."

နောက်ထပ် ထုတ်လိုက်တော့ ပလတ်စတစ်ကဒ်လောင်းထားသည့် မှတ်ပုံတင်ဟောင်းတစ်ခု ..၊

"ဒီပုံက ဒေါ်မြူမြူဖွေး ရဲ့ပုံမှန်း သိတော့ သား ဘယ်လိုခံစားရလဲ.."

သူ မျက်နှာလွှဲပစ်တော့ ဒေါ်နွေးနွေး က ပြုံးဖို့ကြိုးစားရင်း မျက်ရည်သုတ်၍ ..၊

"သူ့ပိုက်ဆံအိတ်ကို မဖွင့်နဲ့လို့တော့ မမှာပေမယ့် ဘယ်အခြေအနေမှာဖြစ်ဖြစ် ဒီထဲက ဘာပဲလိုလို သူ မေမေ့ကို ဘယ်တော့မှ အိတ်ကို မဖွင့်ခိုင်းဘူး၊ အိတ်ထဲမှာယူလိုက်ပါ၊ အိတ်ထဲထည့်ပေးပါဆိုတာမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး၊ ဒါပေမယ့် မေမေ ရှေ့မှာပဲထားတယ်၊ ကိုင်တာကိုလည်း မတားဘူး၊ မေမေ့ကို ယုံကြည်တာပဲဖြစ်မှာပေါ့ .. ဒါပေမယ့် .."

ဒေါ်နွေးနွေး က ပုံတွေကို နေရာတကျပြန်ထည့်လိုက်ပြီးမှ အိတ်ကို ပိတ်ကာ ..၊

"မေမေ ဖွင့်ကြည့်ခဲ့တယ် .. ပြီးတော့ .."

သူ့မျက်နှာကို တောင်းပန်သလိုကြည့်လာတော့ ဆေး ဂက်တရက်နားမလည်ခဲ့ပေ ..၊

"ပြီးတော့လေ သားရဲ့ ဒိုင်ယာရီကိုလည်း မေမေ ဖတ်ခဲ့တယ် .."

သူ့ကို ကိုကို လို့ ထင်နေသည်ပဲ။ မျက်နှာတော့ ပူသွားမိသည်။ သို့သော် တောင်းပန်နေတာက ဒေါ်နွေးနွေး ပဲ ဖြစ်ကာ ..၊

"မေမေ့ကို ခွင့်လွှတ်ပါ .. သား ထွက်မသွားခင် ဒိုင်ယာရီရှာ



တာ မေမေ တွေ့တယ်၊ မေမေက ယူဖတ်ထားမိတော့ ရှုတ်ထဲရှုတ် ပြန်ထုတ်ပေးရမှာ ခက်နေလို့ပါ၊ မေမေက ဒီအိမ်မှာ နမ်းခွင့်မရှိတဲ့ ဝန်း၊ ပြီးတော့ ထီးတစ်ချောင်းလို မိုးပေးထားခဲ့ပေမယ့် စုတ်ပြဲနေတဲ့ ထီးပါ.."

ပြောနေရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလေသည်။ ဆေး ရင်ထဲ ဘယ်လိုကြီးဖြစ်လာမှန်း မသိတော့ပေ။ ဒီလိုအဖြစ်တွေရှိနေခဲ့မယ်လို့လည်း မထင်။ ဒေါ်နွေးနွေး လို အမျိုးသမီးကြီးတစ်ယောက်ထံမှ ဒီလို ရှိုက်သံတွေကို ကြားလာရလိမ့်မယ်လို့ မထင်ခဲ့တာလည်း အမှန်ပင် ..။

သူ ကြုံတွေ့နေရတာ ဘာတွေလဲ ..။

"သူ့ရဲ့ဘေးမှာ ရှိနေခွင့်ရခဲ့ပေမယ့် ကိုယ့်ကို ကျွေးတာမဟုတ်မှန်း သိရက်နဲ့ စားလိုက်ရတဲ့ ထမင်းပွဲလိုပဲ .."

စကားသံတို့က ခံစားချက်ကြောင့် နင့်နေခဲ့၏။

"သူ့ရဲ့ သားလေးကို ချစ်ပေမယ့်လည်း မိထွေးတစ်ယောက်ရဲ့ မေတ္တာမို့ မြေပြင်မှာ စက္ကူနဲ့ အရုပ်ရေးသလိုပါပဲ .."

ထိန်းချုပ်နေသည့်ကြားက မျက်ရည်တွေကို တားဆီးမနိုင်ခဲ့ဘဲ ဒေါ်နွေးနွေး ရှိုက်သံမပွင့်တပွင့်ထွက်လေသည်။

"သားရဲ့ အဖေက မေမေ့ကို သနားငဲ့ညှာမှုနဲ့ ဆက်ဆံတယ်၊ သားကတော့ မေမေ့ကို အားနာခဲ့တာဖြစ်မှာပါ၊ အဲဒီလူနှစ်ယောက်ရဲ့ ရင်ထဲကို မေမေ ဘယ်လိုမှ ကြည့်ခွင့်မရှိလို့ စည်းကမ်းမဲ့တဲ့အလုပ်တွေ လုပ်ခဲ့မိတာ ခွင့်လွှတ်ပါ သားရယ်၊ အဲ့ဒါတွေကို ခုလို ဝန်ခံနေရတာလည်း သားက ထွက်သွားတော့မယ့် ဆုံးဖြတ်ချက်တွေ ခိုင်မာနေလို့ပါ .."

ဆေး က တိတ်ဆိတ်နေဆဲရှိ၏။

"ပြီးတော့ သား ဒိုင်ယာရီထဲမှာ ရေးထားသလိုမျိုး သားရောက်လာတာနဲ့ ဘာမဟုတ်တဲ့ မွေးစားသမီးတစ်ယောက်နဲ့ ချက်ချင်း လက်ထပ်ပေးပြီး ရှင်းထုတ်ဖို့ကြံခဲ့တယ်ဆိုတာ .."

ဆေး မျက်နှာရဲခနဲဖြစ်သွားသည်။ ပြည့်ကြည့်လိုက်တော့ ဒေါ်နွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



လက်ကာပြ၍ ..၊

"မေမေက စိတ်ဆိုးလို့ ပြောနေတာမဟုတ်ဘူး၊ ရှင်းပြချင်လို့ပါ၊ မေမေလေ မိတွေးနေရာပဲ ရခဲ့ပေမယ့် သားလေးကိုတော့ ကိုယ့်ဝမ်းနဲ့ လွယ်မွေးခဲ့ရတဲ့ သားလေးလို ချစ်ခဲ့တာပါ .."

ဒါ ယုံချင်စရာမဟုတ်ပေမယ့် ဆေး ရုတ်တရက်တော့ မျက်နှာလွှဲဖို့ မေ့နေခဲ့၏။

"သား ယုံချင်မှ ယုံပါ၊ ဒါပေမယ့် သားရယ် .. မေမေ ကိုယ့်ရင်သွေးကို လွယ်မွေးနိုင်ပေမယ့် ကလေးမရနိုင်တဲ့ မိန်းမအဖြစ် ဒီနေ့ထိ သား အဖေရဲ့ဘေးမှာ နေပေးခဲ့တယ် .."

ဟင်၊.. ဒါက ယုံတမ်းစကားလား ..။ အမိပွာယ်မရှိတာတွေပေါ်လာပြီလို့ တွေးမိပြီး ဆေး မျက်မှောင်ကုတ်သွားသည်။

"ဒီတိုင်းကြားလိုက်ရလို့ သား နားထဲမှာ မှသားဆန်သွားမှာပဲ၊ တကယ်တော့ မေမေ သားရဲ့ အဖေပေါ်မှာ နားလည်သွားခဲ့တဲ့အတွက် ဒီ ဆုံးဖြတ်ချက်ကို ချခဲ့တာ၊ 'တို့ ကလေးမယူသေးဘူး' လို့ သူ ပြောခဲ့တုန်းက ဘာမှမသိခဲ့ရသေးပေမယ့် အိမ်ထောင်သက် နှစ်နှစ်ကျော် သုံးနှစ်အထိ ကလေးယူဖို့ ပြောမလာတော့ မေမေ ဝေဒနာတွေဖြစ်လာခဲ့တယ် .."

ဦးမြတ်တင် ရဲ့ အေးစက်သည့်တုံ့ပြန်မှုတွေကြောင့် တစ်စစ ဆေးကွာသလိုခံစားလာခဲ့ရခြင်းတွေဟာ 'မိသားစုဘဝလေးကို သူ ဘာဖြစ်လို့ မတောင့်တခဲ့တာလဲ' လို့ မျှော်လင့်လာမိလေ နာကျင်ရလေ ..။

သူမှာ ချစ်သူနဲ့ အိမ်ထောင်ကျခဲ့ဖူးသည်ဆိုတာ သိခဲ့သည်။ ကလေးရှိခဲ့မှန်းလည်း သိထားတာပဲဖြစ်သည်။ ဒါပေမယ့် ဒေါ်နွေးနွေး တစ်ဖက်သက် ချစ်နေရခြင်းဖြင့် အားလုံးကို အမှတ်တမဲ့ဖြစ်သွားခဲ့၏။

ပိုချစ်လာလေ ပိုနင့်လေဖြစ်ရသည့်အခါမှာ သူ့ ဒိုင်ယာရီကို ခိုးဖတ်ခဲ့မိသည်။ သူ မကိုင်စေချင်သော အရာမှန်သမျှကို ကိုင်ကြည့်ခဲ့သည်။



မသွားစေချင်သည့် အခန်း၊ နေရာ ဘယ်ဖြစ်ဖြစ် ရအောင်ဝင်ကြည့်ခဲ့၏။ ထိုအခါမှ ဦးမြတ်တင် ၏ စုဆောင်းသိမ်းဆည်းထားသမျှ အရာရာသည် ဖြူဖြူဖွေး ဆိုသော မိန်းကလေးနှင့်ပတ်သက်နေတာတွေသာ ဖြစ်နေခဲ့မှန်း သိလိုက်ရပြီး ..၊

"လူဟာ အရှင်လတ်လတ်ငရဲကျသွားသလိုပါပဲ၊ အဲ့ဒီအချိန်ထိ မေမေ ခံစားရပေမယ့် တစ်နေ့နေ့ဆိုတာကို မျှော်လင့်နေတုန်းပဲ၊ သူ့ရင်ထဲကဒဏ်ရာ ပျောက်ပျက်သွားမယ့်နေ့ပေါ့နော် ..၊ ဒါပေမယ့် တစ်နေရာမှာ မေမေ ရှာတွေ့မြင်ဖူးထားတဲ့ ဓာတ်ပုံတွေကို သူ့ လက်ကိုင်အိတ်ထဲ ရောက်နေတာ မြင်လိုက်ရတဲ့အချိန်မှာတော့ ကိုယ့်ကံကြမ္မာကို နားလည်သွားတယ် .."

ပါးပြင်မှာ မျက်ရည်တို့သွေ့နေပေမယ့် မျက်ဝန်းထဲမှာ မျက်ရည်တို့နှင့် သူ့ လက်ခုံတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ ..၊

"သူ့ရင်ထဲက ချစ်တဲ့အချစ်စိတ်တွေက မုန်းပါတယ်လို့ အော်နေသလောက် ပြင်းပြင်းထန်ထန် ချစ်နေခဲ့တာ၊ အဲဒီအချစ်တွေကို အချိန်ကာလကလည်း ဖျောက်ဖျက်မပစ်နိုင်ဘူး၊ မေမေ ဘယ်လောက်ပဲ ပါရမီဖြည့်နိုင်ပေမယ့်လည်း အစားမထိုးနိုင်ဘူး၊ သူ အဲလောက်ချစ်နေတဲ့ မိန်းမက သားရဲ့ မေမေလေ .."

ဆေး မျက်လွှာချနေမိကာ လူကြီးတွေရဲ့ အရေးအခင်းကြောင့် လူ တစ်ကိုယ်လုံး ချုံးချုံးကျလာသလိုပင် ..။

"ဖွေး နဲ့ ပတ်သက်ပြီး ဟိုးငယ်ငယ်လေးတည်းက အမှတ်တရတွေ၊ ကွဲကွာခဲ့တဲ့အထိ မုန်းခဲ့ရတဲ့ အချစ်ကြီးတာတွေ၊ ပြီးတော့ ဘယ်တော့မှ မမေ့နိုင်တာတွေ၊ အဲဒါတွေက သူ့ ဒိုင်ယာရီထဲမှာပဲ ပြည့်နှင့်နေခဲ့တာမဟုတ်ဘူး၊ သူ့ရင်ထဲမှာ ရှိနေခဲ့တာ၊ သူ့ရင်သွေးလေးကို ကောင်းကောင်းခွင့်မရခဲ့တဲ့အတွက် သူ့ကို အဲလောက်ထိ မာနပြသွားတဲ့အတွက်နဲ့ ဖွေး ကို သူ စိတ်နာနေတာ၊ သားတို့ သားအမိကို ချစ်လွန်းလို့ မုန်းနေ

www.burmeseclassic.com

www.burmeseclassic.com



တာ .."

ဒေါ်နွေးနွေး က တုန်လှိုက်စွာပြောနေရင်း မျက်ရည်စတို့ကို လက်ခုံနဲ့ ကပ်သုတ်လိုက်သည်။

"အဲ့ဒါတွေကို နားလည်သွားခဲ့တဲ့အတွက် နှစ်ယောက်စလုံး စိတ်ဆင်းရဲရမယ့်အလုပ်မျိုး ထပ်မလုပ်တော့ဖို့ မေမေ ဆုံးဖြတ်ခဲ့တာ၊ တစ်ချိန်ချိန်မှာ သူ အခက်တွေ့လာနိုင်တဲ့ပြဿနာမျိုးလည်း မဖန်တီးချင်ဘူး၊ မွေး ရဲ့ ကလေးကို ပြန်ရှာမယ်လို့ ဆုံးဖြတ်ခဲ့မိတာလည်း မွေး ဆုံးသွားပြီလို့ ကြားလိုက်ရတဲ့အချိန်တည်းကပဲ၊ ဒါပေမယ့် သားကို အလွယ်တကူမတွေ့ခဲ့ဘူး .."

မေမေက သူတို့ ကိုယ်ဝန်နဲ့ စပြီး တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့နေခဲ့တာလို့ ဒေါ်လေး ပြောပြခဲ့ဖူးသည်။

"ကိုတင့် ကို မမ စိတ်နာချက်ကတော့ ကမ်းကုန်ပါပဲ၊ နာမည်တူတောင် အပြောမခံခဲ့တာ တကယ်ပဲ .."

ကိုကို့ကို ဖအေဆီ သွားပါလားလို့ တိုက်တွန်းနေတော့ ဒေါ်လေးကို သူ စိတ်တိုတိုနှင့် ပြောမိသေးသည်။

"မေမေတောင် သေတဲ့အထိ ပြတ်တောက်နေခဲ့တာ၊ ဒေါ်လေး ဘာတွေတိုက်တွန်းနေတာလဲ၊ စိတ်နာတဲ့သူက နာစရာရှိလို့ နာတာ.. လူကြီးတွေဘာဖြစ်ကြသလဲ သေချာမသိပေမယ့် ကျွန်တော်တို့လည်း မေမေ့လိုပဲ နာတယ် .."

"ဟဲ့ .. စိတ်နာပေမယ့် ဖအေက ဖအေပဲ .. ဟိုမှာလည်း သားသမီး ရှိကြတာမဟုတ်ဘူး၊ မိတွေး ဆုမှာပြောမှာလည်း ကြောက်စရာမလိုဘူး၊ ဟိုကိုယ်တိုင်က လိုက်ရှာနေတာ .."

"ခိုင်းစားချင်လို့နေမှာပေါ့ .. ဒီလိုအိမ်မျိုးကို စိန်စီထားပါတယ်ဆိုတာတောင် မသွားဘူး၊ ကိုကိုနော် .. လုံးဝ စိတ်မကူးနဲ့ .."

"အေး .. မပြောမရှိနဲ့နော် .. မမက သူ့စိတ်ခံစားရပ်တာရှိပေမယ့်



သူတို့ကိုတော့ ဖအေမှန်းသိစေချင်သေးတာ အသိသာကြီး၊ သူ ဆုံးကာနီးတော့ ပြောသွားတယ် .."

"သူ့အဖေဆီ ဘယ်တော့မှ မပေးလွှတ်နဲ့တဲ့၊ ဒေါ်လေး ဒီတိုင်းဆောက်လျှောက်ပြောလာပြီးမှ ခုမှ ပြန်ပြင်ပြောချင်လို့လား .."

"ပြန်ပြင်မှာမဟုတ်ဘူး .. ထပ်ဖြည့်ပြောစရာကျန်နေတာ၊ သူ့အဖေကိုယ်တိုင် လာမခေါ်ဘဲ လုံးဝမလွှတ်နဲ့လို့ပြောသွားတာ .."

"အခု မိထွေးတော်ကြီး ခေါ်တာလေ .. ဟို ပုဂ္ဂိုလ်ကြီးကခေါ်လို့သား .."

"အောင်မယ်လေး ဖအေကို ဟိုပုဂ္ဂိုလ်ကြီးတဲ့ ခက်တော့တာပဲ .."

ကြားခဲ့ရသမျှကို သူ မှတ်မိနေသည်။ ကိုယ်ပြောခဲ့တာတွေကိုလည်း သတိရပါ၏။ သို့သော် ဒီနေ့ထိ သူသိထားခဲ့တွေက ခု တစ်ထိုင်တည်း နားကြားနေရတဲ့ ငိုရှိုက်သံတွေ မပါခဲ့ ..။

"သား .."

သူ့အတွေးတွေထဲကို ဒေါ်နွေးနွေး ရဲ့ ခေါ်သံတိုးတိုးက ကျယ်လောင်စွာဝင်လာ၏။

"မေမေ ပြောနေတာတွေက မေမေ့ဘဝနဲ့ ရင်းခဲ့ရတဲ့ အဖြေတွေပါ၊ မေမေ့ကို မယုံရင်တောင် သားအဖေရဲ့ အမှန်တွေကို သား နားလည်ပေးရင် မေမေ ကျေနပ်ပါတယ် .. ပြီးတော့လေ .."

ဒေါ်နွေးနွေး က ပြောမယ့်စကားတွေအတွက် အားယူသလိုပင် သက်တစ်ချက်ရှိုက်ရင်း ..၊

"မေမေ့ စေတနာကို မတုံ့ပြန်နိုင်ရင်တောင် နည်းနည်းလေးတော့ နားလည်ပေးပါ၊ မွေးစားသမီးနဲ့ လက်ထပ်ပေးပြီး ရှင်းထုတ်ပေးဖို့ကြံခဲ့တာ လုံးဝမဟုတ်ပါဘူး သားရယ်၊ မေမေကလေ သားအဖေရဲ့ အချစ်တွေကို နားမလည်သေးခင် သား ခုလိုမျိုးတွေ ဆုံးဖြတ်သွားရင် ခက်ရချည့်ရဲ့လို့ တွေးပူခဲ့တာပါ .."

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကိုကြည့်၍ နားလည်ဖို့ ခေါင်းတညိတ်ညိတ်တောင်း ပန်နေကာ ...၊

"သားတို့ သားအမ ပြေလည်ငြိမ်းချမ်းသွားမှ သားအဖေလည်း ပြည့်စုံသာယာတဲ့ဘဝကို ရမယ်၊ မေမေ လိုချင်ခဲ့တဲ့ မိသားစုဘဝလေးကို လည်း ရမယ်၊ အဲဒါတွေ ပြီးပြည့်စုံဖို့က သားလေး အိမ်မှာရှိနေမှဖြစ် မှာ ...၊ ဒါကြောင့် လက်ထပ်ပေးဖို့စီစဉ်ခဲ့တာပါကွယ် ..."

ဆေး နဖူးပွတ်ရင်း စိတ်အိုက်လာသည့် ပုလောင်ခြင်းကို ဆံပင် တွေ ဖွ၍ ဖြေမိ၏။ တစ်ခုခုတော့ အလွဲကြီးလွဲနေပြီဖြစ်သည်။

သူ့နေရာမှာ ကိုကို ဆိုရင် ဘယ်လိုနေမလဲ ...။

ကိုယ့်ရင်ထဲမှာ ဘယ်လိုတွေဖြစ်ပျက်နေမိသလဲဆိုတာ အဖြေမရှာ ချင်ဘဲ ကိုကို့ကို ဆွဲတွေးလိုက်မိသည်။ လော့လောဆယ် သူတွေးမိတာ ကတော့ ဒီနေရာကနေ အမြန်ဆုံးထွက်သွားလိုခြင်းပဲဖြစ်သည်။

သူ အမြဲပြောဖြစ်နေတဲ့ စကားအတိုင်း ပြောရပါမှ ကိုယ်ကျိုးမရှိ ဘဲ မိးတောက်မတတ် ခေါင်းပူခဲ့ရခြင်းက ဒါဖထမဆုံး ...၊



## အခန်း (၃၉)

"ရှင် သက်သာနေပြီပဲ .. ဒီနေ့ စစ နေပေးဖို့မလိုတော့ဘူး .."

"ကိုယ့်ဘာသာ ဆုံးဖြတ်နေတာလား .."

"ကိုယ့်ဘာသာ မဆုံးဖြတ်လို့ ကျွန်မက ဘယ်လူကြီးဆီမှာ ပါမစ် ယူနေရမှာလဲ .."

"ငါ မသက်သာသေးဘူး .."

"ဘာ ..."

သူ့ကိုကြည့်တော့ ပြတင်းပေါက်နားမှာ လက်ပိုက်ရပ်နေတာ အကောင်း ...၊

စစ ခြေဆုံးခေါင်းဆုံးကြည့်တော့ ဆေး က မျက်နှာကိုတည်၍—

"ဘာလဲ .. အိပ်ရာထဲမှာ လဲနေမှ မင်းက လူမမာထင်တာလား .."

"အသိသာကြီးပဲ .."

မျက်စောင်းရွယ်ပြီး ယူလာသည့် ချိုင့်ကို စားပွဲပေါ်တင်လိုက်သည်။ သူမ မနက်တိုင်းရောက်လာတာ ဒီနေ့နဲ့ဆို လေးရက်ရှိပြီဖြစ်သည်။

လာတိုင်းပဲ လူမမာစာတစ်ခုခု ချက်ပြုတ်ယူလာခဲ့တာ ...

"ဒီမှာ ဆိတ်သားနှပ်နဲ့ သရက်သီးသနပ် ..."

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ကို ဖြုတ်ပြီး တစ်ဆင့်စီချခင်း၍ နှစ်လုံးကို တစ်ဖက်စီကိုင်ထားတာ ..၊

"ရှင်က ဘာရှုံ့မဲ့တာလဲ .."

"ဆိတ်သားကို ငါ အမုန်းဆုံးပဲ .."

"ဟိုတစ်ခါ ထမင်းစားကြတုန်းကတော့ ရှင်ပဲ ဆိတ်သားနှပ် တစ်မျိုးတည်း စားသွားတာ .."

"မင်း မှတ်ထားတာလား .."

"ဟုတ်တယ် .. ကျွန်မက ဆိတ်သားမကြိုက်တော့ စိတ်ပျက်သွားလို့ ကြည့်လိုက်မိတာ .."

"ငါလည်း မကြိုက်ဘူး .."

"ဘယ်လို .."

"ခု မကြိုက်တော့ဘူး .."

စစ ဘယ်လိုအဓိပ္ပာယ်ကောက်သွားသည် မသိ ..။

"မတတ်နိုင်ဘူး .. မေမေက ဒါပဲ လုပ်ပေးလိုက်တာ .."

"မင်း ချက်ပြုတ်လာတာ မဟုတ်ဘူးလား .."

"မဟုတ်ဘူး .. ဘာလဲ ရှင်က စစ ကို အဲလိုထင်နေတာလား၊ မီးဖိုချောင်ထဲဝင်ရမှာ ဒီက အကြောက်ဆုံးပဲ၊ ဝါသနာလည်း မပါဘူး၊ ချက်လည်း မချက်တတ်ဘူး၊ ချက်တတ်ဖို့ ကြိုးစားချင်စိတ်ကိုမရှိတာ .."

"နောက်ထပ် မရှိတာ ဘာရှိသေးလဲ .."

"ရှင် အထင်တကြီးဖြစ်လောက်ဖွယ် ဘာမှမရှိတာတော့ သေချာတယ် .."

ပြောရင်း သူ ဝတ်ထားသည့် တီရှပ်အပြာရောင်ကို ကြည့်လိုက်မိသည်။ ပြီးတော့ အောက်က ခရမ်းရင့်ရောင် ပုဆိုးနှင့် အထူးတဆန်း..။

ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်မိသည်။ အပြင်မှာ လူရမ်းကားလို ထင်တိုင်းကြဲနေတော့ ပုံစံတစ်မျိုး .. အိမ်ရောက်လာတော့ ဒီတိုင်းနဲ့..။



"အဲ့ဒါ ဘာတွေလဲ .."

"အန်တီတို့အတွက် မေမေ ပေးလိုက်တာ၊ မြင်းခွာရွက်သုပ်နဲ့ ကြက်သားကြော်ချက် .."

"အဲဒါ ကိုယ်ကြိုက်တယ် .."

"ဒါပေမယ့် ရှင့်အတွက်မဟုတ်ဘူး .."

စစ ပက်ခနဲပြောပြီး တစ်ချက်မှ နောက်မတွန့်ဘဲ အပြင်ထွက်သွားသည်။ ဆေး က ပြုံးလိုက်ရင်း ..၊

"မင်း ဒီထဲကဟာတွေပါ လာသိမ်းနော် .. အဲဒီအနံ့တွေ ငါ မခံနိုင်ဘူး .."

သေလိုက် ..၊

တိတ်တိတ်ကြိတ်ပြောမိစဉ် ဒေါ်နွေးနွေး အနားရောက်လာတာ..။

"သမီးနဲ့ သား သူငယ်ချင်းတွေ ပြန်ဖြစ်သွားပြီလားဟင် .."

"ဟင် .."

"သားက အန်တို့ကိုတောင် စကားဟက်ဟက်ပက်ပက်မပြောရတော့ဘူး၊ ခုလို အသံမျိုး သမီးရောက်လာမှ ကြားရတာ .."

စစ စိတ်မကောင်းဖြစ်သွားမိသည်။ ပြီးတော့ လူကြီးတွေ အဓိပ္ပာယ်ကောက်လွဲသွားမှာကိုလည်း စိုးရိမ်မိ၏။

သူမ ပြန်တော့မလို့ ဆုံးဖြတ်ထားပြီးမှ ..၊

"ဒီမှာ သားအတွက် ပြောင်းဖူးပူတင်းလေး လုပ်ထားတာ၊ သမီးပဲ ယူသွားပေးနော် .."

"ဒါ သူ ကြိုက်လို့လား အန်တီ .."

"ဟိုတစ်ခါ လုပ်တုန်းကတော့ အားပါးတရစားတယ် သမီးရဲ့၊ အန်တီက သမီး အန်ကယ်လ်ကို ထမင်းကျွေးပြီးရင် ဆေးတိုက်ဦးမှာမို့လို့ .."

"အန်ကယ်လ် ဘာဖြစ်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချွေးချွေး သက်ပြင်းချ လိုက်ပြီး ကိုင်ထားသည့် ပန်းကန်လေး ကို စားပွဲပေါ်မှာ ချထားလိုက်သည်။

"စိတ်ကြောင့်ပဲ သမီးရယ် … အလုပ်ထဲမှာလည်း မညီညွတ်မှုတွေ ဖြစ်၊ အိမ်မှာကလည်း သားအတွက် စိတ်ပူနေရတယ်လေ၊ ဒီကြားထဲ စိတ်အနှောင့်အယှက်ဖြစ်စရာ ဖုန်းတွေ လာနေတာကတစ်မျိုး၊ အကုန် ထုံး ရုပ်ပြီး ဖိစီးနေတာ သမီးရဲ့ …"

စစ ဘာမှ မတတ်နိုင်တော့ပေ …။ ဒီလူနဲ့ သူမ ကြားမှာ ကိုယ့်ဘက် က တစ်ဖက်သတ် လိုလားနေခဲ့သည့်အဖြစ်ကို ဘယ်တော့မှ ဖျောက်ဖျက် ရလွယ်တော့ပြီမှန်းလည်း နားလည်သွားသည်။

လူကို အထင်မြင်သေးနေ၍သာ ချစ်သူလည်း မဟုတ် ဘာလည်း မဟုတ်ဘဲ ခွတ်တရွတ် အနမ်းတွေ ခြွေခဲ့သည်။ သူ့ကိုယ်သူ ဘာအမှားမှ မကျူးလွန်ခဲ့သလို နေခဲ့သည်။

သူမကရော ကိုယ့်ကို လက်မထပ်လိုပါလို့ ငြင်းခဲ့သည့် ယောကျ်ား ကိုမှ …၊

"အမေ့ …"

သူ့ အခန်းထဲ ပြန်ရောက်လာမှ ခြေထောက်မှာ စူးခနဲနာကျင် သွားကာ ခလုတ်တိုက်မိသလိုဖြစ်သွား၏။ ကြမ်းပြင်ကို ငုံ့ကြည့်လိုက် တော့ ဆူးချွန်တွေပါသော လက်ပတ်လေးတစ်ခု …၊

စိတ်ဝင်စားပြီး ကောက်ယူကြည့်လိုက်မိသည်။ အနက်ရောင် လက်ပတ်က စတီးလုံးချွန်တွေ တလက်လက်နှင့် လှတော့လှပေမယ့် ကြောက်စရာကောင်းနေ၏။

ဒါမျိုးတွေ ကိုကို့ ဆီမှာ တစ်ခါမှ မမြင်ဖူးခဲ့ပေ။ ဒါပေမယ့် အပြင်မှာ တော့ ဒီလိုလက်ပတ်မျိုး သူ့လက်မှာ တွေ့ခဲ့ဖူးတာ ခပ်ရေးရေး ပေါ်လာသည်။

ကိုကို့ ပုံစံက အိမ်မှာနဲ့ အပြင်မှာ ဘာဖြစ်လို့ ကွဲပြားနေခဲ့တာလဲ…။ ဒါပေမယ့် အဆာရာတွေနဲ့ အိမ်ပြန်ရောက်လာကာမှ အပြင်ကပုံစံမျိုးပဲ



ဖြစ်နေပြန်သည်။

အနက်တီ ပြောသလို အနက်ကယ့်လ်ကို တကယ်စိတ်နာပြီး အရွဲ့တိုက် နေတာလား၊ ဘယ်ဟာက အမှန်လဲ …။

တွေးနေရင်း သူ့ရဲ့ အဝတ်စင်တွေဘက်ကို လျှောက်သွားခဲ့မိ၏။ ကိုကို ဘယ်ရောက်သွားသလဲဆိုတာ မသိပေမယ့် သူမ ရှာဖွေချင်တာ က ဂျင်းဘောင်းဘီနဲ့ ဂျင်းဂျက်ကက်တွေ …။

အပြင်မှာဆို ဂျင်းတွေ အမျိုးမျိုးဝတ်ပြီး အိမ်မှာကျတော့ လုပ်ငန်း ရှင် သူဌေးပေါက်စလို ဒါမှမဟုတ် လူတော်လူကောင်းတော်ကိုင်လ်မျိုးနှင့် အေးအေးလူလူ …။

မြင်နေရသည့် ချိတ်စင်တွေထဲမှာတော့ ဂျင်းအင်္ကျီ ဘောင်းဘီနဲ့ တူတာ တစ်ထည်မှ မတွေ့ပေ။ အပြင်ရောက်သွားမှ တစ်နေရာမှာ ပုံစံ ချိန်းပြီး ဝတ်ထွက်သွားတာများလား …။

အေးတိအေးစက် တုံ့ဆိုင်းဆနေတာကို မကြိုက်သည့် အနက်ကယ့်လ် ရှေ့မှာ ဒီတိုင်းနေပြီး ဘာဖြစ်လို့ အပြင်ရောက်မှ ထင်တိုင်းကြဲနေတာလဲ…။

မတူညီဘဲဖြစ်နေသည့် စရိုက်နှစ်မျိုးကြောင့် ကိုယ်တွေးမိနေတာ တွေ အဓိပ္ပာယ်ရှိသလား မရှိဘူးလားတောင် သတိမရနိုင်ဘဲ ဗီရိုထဲကိုပါ စိတ်ဝင်စားနေမိ၏။

ဒီဗီရိုထဲမှာတော့ ဂျင်းဝတ်စုံတွေ ရှိကောင်းရှိနိုင်၏။ သို့သော် သူမလက်ကိုင်ပေါ်မှာ ထိကိုင်လိုက်သည်နှင့် …၊

"မင်း သိချင်တာတွေ ဗီရိုထဲမှာ ရှိမှာမဟုတ်ဘူး …"

နောက်က ထွက်လာသည့်အသံကြောင့် စစ ထိတ်ခနဲဖြစ်သွားသည်။ သူ့ကို ရဲရဲရင်ဆိုင်ဖို့ စိတ်ကိုတင်းနေမိသည်။ ကိုကိုက အေးတိုးတေး လာကာ …၊

"ဒီ ဗီရိုကို ငါတောင် တစ်ခါမှ ဖွင့်မကြည့်ဖူးဘူး…"

၊ သူ့ကို မော့ကြည့်လိုက်တော့ သူက မေးငေါ့တ်၍ …၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာသိချင်လို့လဲ .."

"ဘယ်သူမှ မသိစေချင်လို့ ဖုံးကွယ်လှုပ်ရှားနေတာကို ဒီကမေး တော့ရော ရှင်က ဖြေမှာမို့လို့လား .."

"ဖြေချင်စိတ်ရှိရင် ဖြေမှာပေါ့ .. မင်း နောက်ထပ် သူများပစ္စည်းကို.."

"ဒီမှာ ကျွန်မက စည်းကမ်းမဲ့မိတာဆိုရင်လည်း တခြားသူတွေ စိတ်ချမ်းသာဖို့အတွက် ကိုယ့်ရဲ့ စာရိတ္တကို စတေးတာပဲ .."

"ဟုတ်လား .. တိုင်တယ်လ် ကောင်းသားပဲ .."

"အားလုံး ကောင်းဖို့အတွက်ပါ၊ ရှင့်ကြောင့် လူကြီးတွေ ဘယ် လောက် စိတ်ဆင်းရဲနေရသလဲဆိုတာ ရှင် ဂရုမစိုက်ပေမယ့် စစ တို့က မကြည့်ချင် မြင်လျက်သား .."

"ကြည့်လို့ မြင်တာပါကွာ .. လက်ကြဲကြီးနဲ့ကာထားပြီးတော့ မကြည့်ရဲပါဘူးလုပ်နေတာ .."

"ရှင်နော် .."

"ဟုတ်တယ်လေ .. မင်း ဒီအိမ်ကိုလာနေရင် ဒီက အကြောင်းတွေ ကြားရမှာပေါ့ .."

"ကျွန်မက ကြားချင်လွန်းလို့ လာနေတယ်ပေါ့ .."

"မသိဘူး .."

စစ မျက်နှာလေး ခင်းသွားလျက် သူ့ကို စိုက်ကြည့်သည်။ ပြီး တော့ နေရာက ခွာဖို့ပြင်လိုက်လျှင် ဆေး က သူမရှေ့ကနေ လက်ဆန့် ပြီး ဗီရိုမှာ ထောက်ထားလိုက်၏။

"မင်း ကိုကို့ကို စိတ်ဝင်စားနေတာလား .."

"ရှင် မေးပြန်ပြီ .."

"အခု ဗီရိုကို စိတ်ဝင်စားတာက ဘာရှာချင်လို့လဲ .."

"ရှင် အသွင်ပြောင်းနေတဲ့ ဂျင်းဝတ်စုံတွေ ဒီထဲမှာပဲထားတာလား.. အပြင်မှာ အရေခွံလဲတာလား သိချင်လို့ .."



သူက ခပ်မိန့်မိန့်ပြုံးသည်။ ထို မျက်နှာကို အမြင်ကတ်ကတ်နှင့် စစ ဒီဘက်ကနေ ချာခနဲလှည့်ထွက်၏။ ထိုဘက်လက်က နာနေသဖြင့် ဆေး သူ့ပခုံးစောင်းနဲ့ ကပ်ပိတ်ထားလိုက်ကာ ..၊

"မင်း စိတ်ထဲမှာ ငါက စရိုက်နှစ်မျိုးဖြစ်နေတယ်လို့ ထင်ဝ .. သဲပေါ့.."

"နှစ်မျိုးတောင် ကချင်မှကဦးမှာ .."

"ဟား .. ဟား .. ဟား .."

သူက ဆံပင်တွေဖွပစ်ရင်း ရယ်ကာ ..၊

"ဒါဆို ထပ်ဖြေ .. ဘယ်ပုံစံကို မင်း ကြိုက်လဲ .."

"ဘယ်ပုံစံကိုမှ မကြိုက်ဘူး .."

"လိမ်နေရင် ငါက အလိမ်ဖော်တတ်တယ် .."

ဆေး က မတ်မတ်ပြန်ရပ်လိုက်ပေမယ့် စစ ကိုယ်လေးကို သူတိုင် နဲ့ ထိကပ်ထားတော့မတတ် ရှေ့တိုးလိုက်ကာ ..၊

"ပုံစံတင်ကွဲတာမဟုတ်ဘဲ အဲဒါက လူနှစ်ယောက်ဖြစ်နေခဲ့ရင် မင်း တစ်ခုခုကို ခွဲခြားတွေးဖြစ်လာမှာပါ .."

သူ ဘာပြောမှန်းမသိဘဲ ဘာပြောလိုက်တာလဲဆိုတာကို အဖြေ အလွှားစဉ်းစားရင်း စစ သူ့ကိုပဲ ငေးစိုက်ကြည့်နေမိသည်။

ထူးထူးခြားခြား စူးရဲနေသည့် သူ့မျက်လုံးတွေက တစ်ခုခုကို ပြော နေသလိုလို သိချင်နေသလိုလို ..၊ ပြီးတော့ ပြုံးတော့မလို တည်တောင်လို နှင့် သူမ မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်နေခဲ့၏။

ထို့နောက် တစ်ခွန်းချင်း ပီပြင်စွာ ပြောသွားခဲ့သည့် စကားတွေ ကြောင့် သူမ မှင်တက်မိကျွန်ရစ်လေသည်။

"ငါက သူ့ရဲ့ အမွှာညီ ဆေးသားညီ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"ကျွန်တော်က တင်ကိုကို ပါ .."

"ဟင် !..."

"ကိုကို .."

အမှတ်တမဲ့ နှုတ်ဆက်လိုက်ခြင်းတွေက လည်ပင်းတွေရှည်ကုန်ကြ၏။ ဒေါ်နုရီ လည်း တွက်ရေးနေသည့် ပေးရမည့်ကြွေးစာရင်းတွေကို စားပွဲပေါ် ပြန်ချထားလိုက်၏။

ဦးသူအောင် က ဆေးလိပ်မီးညှိမလို့ ကိုင်ထားသည့် မီးခြစ်ကို နှုတ်ခမ်းမှာ မှားယွင်းတပ်လိုက်၊ ပြီးတော့မှ ဆေးလိပ်ရော မီးခြစ်ပါ စားပွဲပေါ်မှာ ချထားလိုက်ရကာ ..၊

"ကိုကို .. ဟုတ်လား .."

"မင်း အိမ်ပြန်လာတယ် .."

မယုံနိုင်သလိုထပ်မေးမိကြသည်။ ကိုကိုက အစိမ်းရင့်ရောင် ရှပ်အကျီလက်ရှည်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားကာ ဆေး ထက် ပို၍ တိုတိုရှင်းရှင်းရှိနေတတ်သည့် ဆံပင်တွေကလည်း ခုကျတော့ ဆေး



နဲ့ တစ်ပုံစံတည်း ..။

"မင်းမျက်နှာကို သေချာကြည့်လိုက်မိလို့သာ ယုံလိုက်ရတယ်၊ ဂျင်းဘောင်းဘီနဲ့ ဘာနဲ့ဆိုတော့ ညီ ပဲ မှတ်တာ .."

ဦးသူအောင် က စိတ်ထဲရှိတဲ့အတိုင်း ပြောပြီး သူတို့ရှေ့မှာ ထိုင်ဖို့ ဝင်ထိုင်လိုက်တဲ့အထိ တစိုက်မတ်မတ်ကြည့်နေဆဲ ..။

အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် အိမ်ပေါ်တက်လာတတ်တာ ညီ ပဲ ဖြစ်ကာ လာချင်တဲ့အချိန် ရောက်လာသည်။ ပြန်ချင်တဲ့အချိန် ထ ပြန်သွားတာပဲဖြစ်၏။

ဝင်လာရင်လည်း ဘာပစ္စည်းမှ သယ်ဆောင်မလာတတ်သလို ပြန် ထွက်သွားရင်လည်း လက်ချည်းသက်သက်နှင့် ..။

"နေပါဦး သားရယ် .. မျက်စိတွေတောင် လည်ကုန်ပြီ၊ ဘယ့်နှယ် မြန်းစားကြီး အထုပ်မပါ အပိုးမပါနဲ့ .."

"ဒေါ်လေးက ဘာတွေ ထုပ်ပိုးလာစေချင်လို့လဲ .."

"မဟုတ်ဘူးလေ .. အလည်လာတာဆိုရင်တောင်မှ .."

"ကျွန်တော် အပြီး ပြန်လာတာ .."

"ဟင် !..."

"မင်း ဘာဖြစ်လာလို့လဲ .."

ကိုကိုက ခေါင်းပဲခါပြကာ နောက်မှီပေါ် မျက်နှာပါ မှောလှန်ဝစ် လိုက်သည်။ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိဆဲ ..၊

"ညီ ပြောတာမှန်တယ် .."

"ဘာပြောတာလဲ .."

"မင်းနဲ့ ညီ နဲ့ အဆင်မပြေဖြစ်လာတာလား၊ မင်းဆီကို ရောက်သွားလို့လား .. ဟင် .. ကိုကို .."

ဒေါ်နုရီ က သိချင်ဇောနှင့် မေးခွန်းတွေ ဆက်တိုက်ထုတ်၏။ ကိုကိုက ခေါင်းမညိတ် ခေါင်းမခါနှင့် ဘယ်သူ့ကိုမှလည်း မကြည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မော့နေရင်း …၊

"ကျွန်တော် မသွားခင်တည်းက သူ တားနေတာပဲ၊ ကျွန်တော်ကိုက အမိုက်ခံမိတာ …"

သစ်ခြောက်ပင်အောက်မှာ ပန်းကောက်ဖို့ စောင့်နေတဲ့ လူလို သူ့လောက်မိုက်မဲတာရှိရဲ့လား …။

"မင်းကို ကိုတင် က ဂရုမစိုက်ဘူးလား ကိုကို၊ ဘယ်လိုဆက်ဆံလိုက်လို့လဲ …"

"အဟမ်း …"

ကိုယ့်အပူနဲ့ကိုယ် ရှင်းမရနေတုန်းမှာ အိမ်ရှေ့က ချောင်းဟန့်သံကြောင့် လှမ်းကြည့်လိုက်မိသည်။ ဘောင်းဘီရှည်အနက် ကုတ်အင်္ကျီအနက်နှင့် အပြာရောင်ရှပ်အင်္ကျီဝတ်ထားသည့် လူတစ်ယောက် …၊

"ကျွန်တော် အထဲဝင်လာလို့ရမလား … အရီ …"

ဟင် …၊

ဒီအသံ … ဒီအသံကို ဒေါ်နုရီ ကောင်းကောင်းသိနေခဲ့သည်။

ဒါပေမယ့် ရုတ်တရက် စဉ်းစားမရဘဲ နေရာမှ ထလာခဲ့ကာ …၊

"ဝင်ပါရှင် … ဒါနဲ့ ရှင်က … ဟင် …"

မျက်နှာချင်းဆိုင်မြင်လိုက်ရသည်နှင့် တအံ့တသြဖြစ်သွားမိလေသည်။

ကိုချိုအေး …၊

"ဟုတ်ပါတယ် … ကျွန်တော်ပါ … အဟွန်း … နည်းနည်းဝလာလို့ မမှတ်မိတာဖြစ်မယ် …"

"အင်း … ဟို …"

ဒေါ်နုရီ ပြုံးပြလိုက်တာပေမယ့် မဲ့သလိုဖြစ်သွားခဲ့၏။ ချိုအေး ဆိုသည့် လူတစ်ယောက်ကြောင့် မိသားစု ဖရိုဖရဲပြိုကွဲသွားခဲ့တာ ခုချိန်ထိ သေကွဲရှင်ကွဲတွေ ကွဲနေကြတုန်း …။

ဦးချိုအေး က ခပ်ပြုံးပြုံးနှင့် ဝင်လာကာ သူ့ကို စူးစမ်းကြည့်နေ



ကြခဲ ဦးသူအောင် နဲ့ ကိုကို တို့ရှေ့မှာ တရင်းတနှီးထိုင်လိုက်၏။

"နေကောင်းလား ကိုသူ …"

"ကောင်းတယ်ဗျ … ဒါနဲ့ … ခင်ဗျားက …"

"ချိုအေး လေ … ကျွန်တော် ဝလာလို့ထင်တယ်၊ မိတ်ဆွေတွေက သိပ်မမှတ်မိကြတော့ဘူး …"

"ဪ …"

ဦးသူအောင် က မျက်နှာချက်ချင်းပျက်သွားသည်။ ကိုကို့ကို လှည့်ကြည့်လိုက်တော့ ဦးချိုအေး ကိုပဲ သေချာကြည့်နေကာ …၊

"ငါ့တူက ဖအေတူသားပဲကွ … အဟွန်း … မင်းအဖေတုန်းကလည်း ချောင်းမှာဆို မင်းသားပဲ …"

"အန်ကယ်လ်က မေမေ့ သူငယ်ချင်းဆိုတာလား …"

"ဟုတ်ပကွာ …"

တုတ်တုတ်ခိုင်ခိုင် အသားလတ်လတ်နှင့် လူကြီးက ခန့်ချောကြီးဖြစ်သည်။ ဒါပေမယ့် သူ အမြဲတမ်းကြားနေခဲ့သည့် ချိုအေး ဆိုသူကတော့ နယ်က တက်လာသည့် ခပ်နုံနုံခပ်မွဲမွဲ ပြီးတော့ …၊

"အရီ တို့ အံ့သြနေလား မသိဘူး၊ ကျွန်တော်က မွေး ဆီကပြန်သွားတည်းက သင်တန်းတွေလျှောက်တက်ပြီး တစ်ယောက်တည်း ထင်သလို လိမ့်နေတာလေ၊ ကံကောင်းချင်တော့ မိတ်ဆွေကောင်းတစ်ယောက်အကူအညီနဲ့ မလေးကို ပါသွားတာ၊ အစကတော့ အဆင်မပြေဘူးပေါ့လေ၊ ဟိုမှာလည်း လူးလူးလိမ့်လိမ့်နဲ့ ဒုက္ခရောက်နေသေးတာ၊ နောက်တော့လည်း ကြိုးစားမှုက အချည်းအနှီးမဖြစ်ပါဘူး …"

"ကိုချိုအေး လိုလူက အရမ်းကြိုးစားခဲ့တယ်ဆိုတော့ ဂုဏ်ယူစရာပါရှင် … တကယ်ဆို ရှင် အဲ့ဒီလို အစတည်းက တွေးမိခဲ့ရင် အားလုံးအဆင်ပြေချောမွေ့သွားကြမှာ …"

ဒေါ်နုရီ က တမင်ရိလိုက်တာဖြစ်သည်။ ဦးချိုအေး က သည်းသိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်ဝန်းမှာ နာကျင်ဟန် ရိပ်ခနဲဖြစ်သွားခဲ့ပေမယ့် အပြုံးမပျက်။

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး အရီ .. ငါသာ ဒီလိုအစတည်းက ကြိုးစားခဲ့ရင် ယှဉ်ပြိုင်မှုတိုင်းမှာ အနိုင်ရခဲ့မှာပဲလို့ .."

"အရာရာဟာ ဆင်းရဲချမ်းသာမှုတွေနဲ့ချည်းပဲ ဆုံးဖြတ်ကြတာ မဟုတ်ပါဘူး ကိုချိုအေး ရယ် .. အခုရှင် ချမ်းသာလာပေမယ့် ပြီးဆုံးသွားတဲ့ အရာတွေကို ဘာမှ ပြန်မရနိုင်တော့တာ ကြည့်ပါလား' .."

"ဒါကလည်း အရီ ထင်လို့ပါ၊ ဘယ်သံဃာတော် ဘယ်သော ပ်ဝိ ဆွမ်းခံထွက်စောစော ဆွမ်းဘုဉ်းပေးချိန်က အတူတူပဲ၊ ဆယ့်နှစ်နာရီ မွန်းမလွဲသေးရင် ကျွန်တော်လည်း မျှော်လင့်လို့ရသေးတယ်မို့လား .."

ဒေါ်နုရီ မျက်နှာ သိသာစွာ တင်းသွားသည်။ ဦးသူအောင် က ဇနီး သည်မျက်နှာကို ကြည့်၍ ဒီစကားဘယ်ကို ဦးတည်နေတာမှန်း မသိ ပေမယ့် ..၊

"ဒါနဲ့ ခရီးရောက်မဆိုက်ဗျာ စိတ်တော့မရှိပါနဲ့ ကိုချိုအေး က ဘယ်ကို ဦးတည်လာတာလဲ မသိဘူး .."

"ဗျာ .."

"ဩော် .. အထုပ်အပိုးတွေဘာတွေလည်း မပါတော့လေ .."

"ဟုတ်တယ် ကိုသူ .. ကျွန်တော် စကားခဏပြောရုံပဲလာတာ ဒါပေမယ့် .."

မျက်လုံးက ကိုကို့ဆီ ဝေ့သွားသည်။ သူတို့သတိထားမိပေမယ့် ဘာကြောင့်ဆိုတာတော့ မသိကြပေ။

ကိုကို ခုချိန်ထိ ပါးစပ်ပိတ်နေနိုင်တာကိုလည်း အံ့ဩနေမိကြ၏။

ဟိုတုန်းကတည်းက ကိုချိုအေး ဆိုသည့်လူ ဘယ်လိုလူမှန်း သူတို့ တွေ တတွတ်တွတ်ပြောနေခဲ့ကြတာ ညီအစ်ကိုနှစ်ယောက်စလုံး မသိလို့ လည်း မဟုတ် ..။

"ဒီလူကိုက မရိုးသားတာပါကွာ .. ကိုယ့်ကြောင့် ဒီမှာ သူများ



ချင်မယားအကြိမ်ကြိမ် ပြသနာတက်နေတာ မသိတာကျနေတာပဲ.."

"သူ့မှာလည်း ဒီလောက်ပဲ မိန်းမရှားနေသလား မသိဘူး၊ မမ်ကိုပဲ ယာ ဒုက္ခပေးနေတယ် .."

စသဖြင့်သော စိတ်တိုမှုတွေက ကလေးတွေရှေ့မှာဆိုပြီး ရှောင်ခဲ့ ကြတာမှမဟုတ်ဘဲ ရုတ်တရက် လူကို မမှတ်မိရင်တောင် ချိုအေး ဆိုတာ ကြားလိုက်တာနှင့် သိရမည်သာ ..။

ဒါပေမယ့် ကိုကို ကတော့ ဦးချိုအေး ဆိုသည့်လူ ဘယ်လိုချမ်းသာ အောင် လုပ်လာနိုင်ခဲ့သလဲဆိုတာကိုသာ စိတ်ဝင်တစားဖြစ်နေခဲ့လျှက်။

"အန်ကယ့်လိပ်စာကြည့်ရတာ တော်တော်ကြီးပွားလာခဲ့တဲ့ပုံပဲ .."

မထင်မှတ်သည့် စကားကို ဝင်ပြော၏။ ဒေါ်နုရီ မျက်လုံးပြူးသွား ကာ တူဖြစ်သူကို မယုံနိုင်စွာ ကြည့်လိုက်မိ၏။

ဦးချိုအေး ၏ သဘောကျသွားသောမျက်နှာကြီးက ဒေါ်နုရီ ထံသို့ 'တွေ့ပြီလား' ဆိုသည့် မေးခွန်းမျိုးနှင့် ရောက်လာခဲ့၏။

ပြီးမှ ခေါင်းညိတ်ပြီး ကိုကို့ဘက် လှည့်ကာ ...

"ဘယ်လောက်ပြေလည်လာတယ်ဆိုတာထက် ဘယ်လိုကြိုးစား ခဲ့ရသလဲဆိုတာ မေးကြည့်တာနဲ့တင် ဘယ်လုံလောက်မလဲ သားရယ်.. သား လက်တွေ့လိုက်ကြည့်လိုက်ရင် အန်ကယ့်လိုလို ကြိုးစားချင်စိတ် တွေ ချက်ချင်းဖြစ်လာမှာ .."

"ကိုချိုအေး .."

"ဒီလိုရှိပါတယ် ကိုသူ .. ကျွန်တော်က စိတ်မာဝင်ကျအင်းနေတဲ့ လူငယ်တစ်ယောက်ကို ခွန်အားဖြစ်စေမယ့်စကားမျိုး ပြောချင်တာပါ.."

"ဒီအိမ်မှာ သူ့စိတ်နဲ့ သူ့ကိုယ် လွတ်လပ်စွာ နေထိုင်ခဲ့ကြတာပါ၊ ဘယ်သူက စိတ်မာတ်ကျစရာရှိ .."

"ကိုကို သူ့အမေကြောင့် ဘယ်လောက်ထိ စိတ်မာတ်ကျအင်းနေ သလဲဆိုတာ ကျွန်တော် သိပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!..."

"ရှင်က .."

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နောက်ထပ် ဘာစကားပြောရမည်ဆိုတာတောင် ရုတ်တရက်မေ့လျော့ကုန်ကြသည်။

ကိုကို ကလည်း တအံ့တသြကြီးရှိနေခဲ့လျက် ဦးချိုအေး ကို ငေးကြည့်နေခဲ့တာ မျက်လုံးမခွာနိုင် ..။

"ကျွန်တော် အရီ နဲ့ စကားပြောချင်ပါတယ် .."

"ကျွန်မနဲ့ .."

"ဟုတ်ပါတယ် .."

"ဘာကိစ္စလဲ .."

"ကိုကို နဲ့ ပတ်သက်လို့ပါ .."

"အဲဒါ ရှင်နဲ့ ပြောစရာဘာမှမရှိဘူး ကိုချိုအေး .."

"ဟုတ်တယ် ကိုချိုအေး .. ခင်ဗျားပါဝင်လာခဲ့တဲ့ ကဏ္ဍက ဘောင်ကျော်နေပြီထင်တယ် .."

ဦးချိုအေး က အေးစက်စ(...)ပြုံးလိုက်သည်။ သူ့ရွှေးကြီးစတိုင်လ် အပြည့်နှင့် လုံးဝပြောင်းလဲလာသည့် ဦးချိုအေး သည် လူသာမကဘဲ အကြည့်တွေ အပြုံးတွေကအစ ယုံကြည်ချက်အပြည့်နှင့် ခပ်မိန့်မိန့်..။

ထို့ပြင် သူ့ကိုအထင်ကြီးသည့် မျက်ဝန်းတို့နှင့် ကြည့်နေသည့် ကိုကို့ထံ မျက်လုံးဝေ့သွားခဲ့ပြီး ..၊

"လူငယ်တွေဆိုတာ အထင်ကြီးလောက်အောင် ဦးဆောင်ပြနိုင်မှ ဆရာတင်ချင်တာ၊ ခုခေတ်လူငယ်တွေကို လှည့်စားလို့မရနိုင်ဘူးဆိုတာ"

"ဘယ်သူက ဘယ်သူ့ကို လှည့်စားနေတာမို့လို့လဲ ကိုချိုအေး၊ ဟိုတုန်းကလည်း ရှင် အနေအထိုင်မတတ်လို့ သူများအိမ်ထောင်ရေး ပြဿနာတွေ တက်ခဲ့ရတယ် .."

"ကျွန်တော့်အကန့်က ရှင်းပါတယ်၊ ရိုးသားမှုကို အရောင်ဆိုးတာ



ဘယ်သူလဲ အရီ .."

"ဒါတွေကို ပြန်တူးဖော်ပြီး ရန်မဖြစ်ချင်ဘူး ကိုချိုအေး အခု လောလောဆယ် ရှင် ဒီကိုအလည်လာတာဆိုရင် ညှိသည်ဝိဝိ အိမ်ရှင် မျက်နှာကိုကြည့်ပါ .."

"ကျွန်တော်ကတော့ ဒီအိမ် ဒီမိသားစုမှာ ဧည့်သည်လိုနေရမယ့် လူမဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားတာ .."

"ဘာ!..."

အံ့သြလွန်းလို့ ဘယ်စကားနဲ့ တိုက်ခိုက်ရမှန်းတောင် မသိတော့ပေ။ ဒီလူ ဘယ်လိုအဓိပ္ပာယ်တွေနဲ့ ပြောနေတာလဲ ..။ ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ ..။

"ခုချိန်မှာ ကျွန်တော့်ကို အရီ တို့ သူတို့နားလည်မှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကာယကံရှင်ဖြစ်တဲ့ မွေး က လောကကြီးမှာ ရှိမှမရှိတော့တာ၊ ဒါပေမယ့် ကျွန်တော်ကတော့ ကိုယ်လုပ်စရာရှိတာကို တာဝန်ကျေအောင် ကြိုးစားခဲ့တယ်၊ ခု ပြန်လာတာလည်း ဒီ တာဝန်ကြောင့်ပဲ .."

"နေပါဦး .. ရှင် ပြောနေတာတွေက ဘာတွေလဲ .. ဒီစကားတွေကြောင့် .."

"အားလုံး သိသင့်ပြီထင်လို့ ပြောပြနေရတဲ့ စကားတွေပါ၊ ဒါပေမယ့် အခု ဒီနေရာမှာ ပြောတာကို သဘာမကျဘူးဆိုရင်တော့ အရီ နဲ့ ကျွန်တော် သီးသန့်ဆွေးနွေးလို့ရပါတယ် .."

ဦးသူအောင် မျက်နှာပျက်သွားကာ ကိုကို့ကို လှမ်းကြည့်လိုက်မိသည်။ ကိုကို ကလည်း အခြေအနေတွေကို နားမလည်နိုင်သောမျက်နှာနှင့် သူ့ဘက်ကို ပြည့်လာ၏။

မေမေနဲ့ ဦးချိုအေး က ဘယ်လိုကတိကဝတ်တွေရှိခဲ့ကြတာလဲ..။ ဘာပဲဖြစ်ဖြစ် ဒီလူကြီးက ချမ်းသာနေတာတောင်မှ သူ့ဘာတီတည်

www.burmeseclassic.com

www.burmeseclassic.com

ဖို့အတွက် သစ္စာရှိရှိ ရောက်လာတယ်ဆိုတာ လေးစားစရာပဲမဟုတ်ဘူး လား ..။

ခုချိန်မှာ ဒီလိုလူမျိုးတွေနဲ့ ချိတ်ဆက်မိထားတာက တိုးတက်လမ်း ပွင့်တာပဲမို့ ဒါက ကျေနပ်စရာပဲဖြစ်၏။ ကြိတ်တွေးပြီး မှတ်ချက်ချ တတ်သည့် အကျင့်အတိုင်း ကိုကိုက သူ့တစ်ယောက်တည်း တိတ်ဆိတ် စွာ စီစဉ်ရေးဆွဲနေခဲ့၏။

ဦးသူအောင် စိတ်ထဲမှာ မူလောင်နေတာတွေက ကိုကိုနဲ့ ဆန့်ကျင် ဘက်တွေဖြစ်နေခဲ့လျက် လင်မယားနှစ်ယောက်စလုံး ကမ္ဘာပြိုမလို ချောက် ချားသွားခဲ့သည့်အတိုင်းပင် ..။

ချိုအေး ပြောလိုက်သည့်ပုံက ဖွေး နဲ့ သူနဲ့ ဘာလိုလို ..၊



## အခန်း (၄၁)

"ဘာ .. မင်း ဘာပြောတယ် .. ဟေ့ .."

"---- ---- ----"

"အဟွတ် .. အဟွတ် .. ဟေ့ ရှင်းအောင်ပြော .. အဟွတ် .."

ချောင်းဆိုးနေသည့်ကြားက ဒေါသထွက်နေတာကိုလည်း ထိန်း မရပေ။ ဖုန်းကိုင်ရင်း အပြင်ထွက်လာတော့ အထဲကနေ ထွက်လာသည့် ဆေး ခြေလှမ်းတွေကို နေးပစ်လိုက်၏။

ဦးမြတ်တင် က ညဝတ်အင်္ကျီကြီးဖားဖားနဲ့ပဲဖြစ်ကာ ပိုးဖဲလို ချော့ချော့ဖတ်ဖတ်မဟုတ်ဘဲ ကတ္တီပါအထူကြီးနဲ့ဖြစ်၏။

ထို့ပြင် ခြံထဲကိုဆင်းထွက်သွားသည့် တောက်လျှောက်မှာ ချောင်း တွေဆိုးသွားသေးသည်။ သူ ဒီတိုင်းရပ်ကြည့်နေမိပြီးမှ ဆက်ထွက်လာ ခဲ့၏။

ဘယ်သူမှ သတိမထားမိခင် အပြင်ကို ရောက်အောင်ထွက်ခဲ့နိုင် ဝေမယ့် ဖုန်းသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရ၏။ ထုတ်ကြည့် လိုက်တိုင်း ဒေါ်လေးဆီကပဲ ဖြစ်နေကာ ခါတိုင်းဆို တစ်ခါခေါ်လိုက် ကိုင်ဘဲ ထားလိုက်တာနှင့် ဒေါ်လေး နားလည်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ မကိုင်ချင်လို့ ဒါမှမဟုတ် သူ မပြောအားလို့ဆိုတာသိပြီး သူ ပြန်ခါမည့်တစ်ချိန်ချိန်ကိုသာ စောင့်နေတတ်ခဲ့တာ .. ခုကျမှ ..၊

"ကျွတ် .."

ဖုန်းသံဖျောက်ပစ်လိုက်ကာ နေမျိုး ဆီကို နောက်ဖုန်းတစ်လုံးနဲ့ ခေါ်၍ အကျိုးအကြောင်းမေးသည်။

"ဟုတ်တယ် .. ငါ ဆိုင်ကယ်လ်မှောက်ပြီး ဝှအောင်းနေရလို့ .."

".... .... ...."

"ဘယ်မှာဖြစ်ဖြစ်ကွာ .. မင်းတို့ ဦးကောင်းခံ နဲ့ အလုပ်ကိစ္စပြော ဖြစ်ကြလား .."

".... .... ...."

"ပြီးရော ငါ ဒီနေ့ ပြန်ခဲ့မယ် .."

ပြန်ခဲ့မယ်ဆိုပြီး တစ်ယောက်တည်း ကော်ဖီဆိုင်ထဲဝင်ခဲ့သည်။ စားပွဲမှာ ထိုင်လိုက်မိတဲ့အထိ စိတ်က တစ်စုံတစ်ရာကြောင့် ဖင့်လေးနေခဲ့တာကို အဖြေမရှာနိုင်ခဲ့ ..။

ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်လာခဲ့တဲ့အထိ သူ လုပ်သင့်သလား ..၊

သူ့ရှေ့မှာ မျက်ရည်တွေတွေ ကျနေခဲ့လျက် အဖြစ်အပျက်တွေကို တစ်ဆုံးထိ ရှင်းပြသွားခဲ့သည့် ဒေါ်မွေးမွေး ဆိုသော အမျိုးသမီးကြီး၏ တောင်းပန်ခယခြင်းတွေကို နင်းချေဖျက်ဆီးခဲ့ရာရောက်သွားသလား..၊

"သားတို့ သားအမိကို သူ သိပ်ချစ်ပါတယ် သားရယ်၊ ချစ်လွန်းလို့ မချင့်မရဲဖြစ်နေရတဲ့ လောဘတွေပါ .."

"မေမေ့ကို မိတွေးမို့ မိတွေးလိုပဲ သဘောထားနိုင်မယ်ဆိုရင်လည်း မေမေ ကျေနပ်ပါတယ်၊ သား အဖေကိုတော့ အထင်မလွဲလိုက်ပါနဲ့၊ ခုချိန်မှာ သူ့စိတ်ဖိစီးမှုတွေ ပိုများနေတယ်၊ သားက ကူညီပါနော် .."

စကားတွေ အများကြီးပြောပြသွားပြီးတဲ့အချိန်မှာ ကူညီပါဆိုတဲ့



စကားဖြင့် အဆုံးသတ်၏။ သူ ခေါင်းမညိတ်ခဲ့ပေမယ့် ခေါင်းခါနိုင်အောင် ဖြစ်နေခဲ့တာတော့ သေချာပါ၏။ ဒါဆို တစ်ဖက်သားကို နားလည်သလိုလို မျှော်လင့်ချက်တွေပေးခဲ့ပြီးမှ ..၊

"သား .."

တွေးနေတုန်း ရှေ့မှာ ဘွားခနဲရောက်လာသဖြင့် ဆေး ရှုတ်တရက် အံ့အားသင့်သွားသည်။ ဒေါ်မွေးမွေး က ကြက်သွေးရောင် အမွေးထည်လေးနှင့်ဖြစ်ကာ သူမ နောက်မှာ စစ ..။

"သားကို ဒီမှာလာတွေ့တာ တော်သေးတာပေါ့ .."

နေမကောင်းနေသဖြင့် ဒေါ်မွေးမွေး ကို ခြံထဲတောင် မဆင်းနဲ့ ဦးလို့ ဆရာဝန်က တားဆီးထားတာ သူသိသည်။

အခု သူ့နောက်ကို လိုက်လာခဲ့ပေမယ့် စိတ်ပျက်ဟန်မရှိဘဲ တကယ့် ဝမ်းသာသွားသည့် မျက်နှာလေးက အပြုံးကြောင့် ကြည်လင်နေ၏။

စစ ကတော့ သူ့ကို အပြစ်တင်ချင်နေသည့် မျက်ဝန်းလေးတွေနဲ့ ဖြစ်ကာ ပန်းရောင်နှင့် အပါးသားလည်စည်းလေးပါသော ကိုယ်ကျစ်ဝတ်စုံလေးဝတ်ထား၏။

"သား .. ကော်ဖီ လာသောက်တာလားဟင်၊ သောက်ပြီးရင် မေမေတို့နဲ့ ပြန်လိုက်ခဲ့မှာမို့လား .."

အချိန်မရွေး ခေါင်းခါပစ်ဖို့ အဆင်သင့်ဖြစ်နေခဲ့သည့်စိတ်က ဒီတစ်ခါ မျက်ဝန်းတွေကို အရင်လွှဲပစ်မိကာ ..၊

"ကျွန်တော် ပြန်မလိုက်တော့ဘူး .."

"ဟင်!..."

"ရှင် အဲ့ဒီလို သစ်စိမ်းချိုးချိုးသွားတာ အချိန်မရွေး ဗုန်းဗုန်းလဲကျသွားနိုင်တဲ့ ရှင့်အဖေကိုနော်၊ အဲဒါ နည်းနည်းလောက် ပြန်တွေးဦး.."

"ပြန်တွေးတာ နှိုင်းယှဉ်တာတွေ ငါဘယ်တုန်းကမှ စကိုပ်ခဲ့ဘူး မြင်တာကိုကြည့်တယ်၊ လက်တန်းထိုး ဆုံးဖြတ်တယ် ထွက်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချေ ဘာဖြစ်ဖြစ် ..."

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ သားရယ်၊ သား .. သားလေးက ကိုကို့ရဲ့ ညီလေးမှန်း သမီး ပြောပြလို့ အန်တီ သိပြီးပြီ၊ သားရဲ့ အဖေများ သူ့သားနှစ်ယောက်စလုံးက သူ့ကို မုန်းတီးနေကြတယ်ဆိုတာ သိရင် .."

"သူက အဲဒီနှစ်ကောင်ကို မွေးမလာခင်တည်းက မုန်းနေခဲ့တာ.."

"သားရယ် .."

"မိဘဖြစ်ဖြစ် သူစိမ်းဖြစ်ဖြစ် အန်တီ့စိတ်ရင်းကို သိခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့် သူ့ကို လိုအပ်နေတာက ကျွန်တော်မဟုတ်ဘူး .."

"အဲဒါက မှန်ပါတယ်၊ လူကြီးတွေရဲ့ ချစ်ကြမုန်းကြတဲ့ ဂယက်ကကလေးတွေနဲ့ မဆိုင်ပါဘူး သားရယ် .."

"သိပ်ဆိုင်တာပေါ့ အန်တီ၊ ဆိုင်လို့ ကိုကို ဒီနေ့ အဲဒီ အရိပ်အောက်မှာ မရှိတော့တာပေါ့၊ ကျွန်တော်သာ ဆိုင်ကယ်လ်မှောက်ပြီး အဲဒီအိမ်ထဲမှာ သုံးလေးရက် ခိုလှုံမနေခဲ့ဘူးဆိုရင် ဦးမြတ်တင် ဆိုတဲ့ပုဂ္ဂိုလ်ရဲ့ ဒီးပွားရေးတွေကို အပြုတ်ဖြုတ်ပစ်ဖို့ထိ ခေါင်းထဲထည့်ခဲ့တာတွေ ခုလောက်ဆို စနေပြီ .."

"ဘုရား .. ဘုရား .."

"စစ .. မင်းတို့ ပြန်ကြတော့ .."

"ရှင် နည်းနည်းလောက် စဉ်းစားကြည့်ပါဦး ကိုညီ ..၊ ခုချိန်မှာ သူ့ဒေါ်သတွေအတွက် နောင်တရနေတဲ့ အန်ကယ်လ်က တခြားစိတ်ဖိစီးမှုတွေကို ရုပ်ပြုံခံစားနေရတာ ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘူး.."

သူ ထွက်လာခဲ့တော့ ချောင်းတွေဆိုးနေရင်း စိတ်တိုနေသည့် ဦးမြတ်တင် ရဲ့ ပုံရိပ်က ထင်လာသည်။ ဒါပေမယ့် တင်းခနဲအုံကြိတ်၍ ဖျောက်ပစ်လိုက်သည်။



ဥပေက္ခာတရားဆိုတာ ခံရဖူးမှ နာရမှန်းသိကြတာ ..

ဘယ်သူ ပိုခံခဲ့ရသလဲဆိုတာ ယှဉ်ကြည့်ရင် အလေးတင်လို့တောင် ရနိုင်သေးသည်။

အလှည့်ကျ မနွံ့စတမ်းပေါ့ ..။

"ကျွန်မက ရှင်တို့အတွင်းရေးတွေ သိပ်မသိပါဘူး၊ ဒါပေမယ့် အန်ကယ်လ်က ဒေါသထွက်တာ မုန်းတာရှိရင်တောင် .."

"ငါ့ကို တရားလာမပြနဲ့ ယဉ်စစခင် .. အဲ့ဒီတရားတွေကို ကိုကို နာမိရင် နိဗ္ဗာန်တစ်ခါတည်း ကူးရင်ကူးသွားလိမ့်မယ်၊ ငါက ကျွတ်တမ်းမဝင်ချင်တဲ့သူ .. မချွတ်ထိုက်တဲ့လူလို့ သတ်မှတ်ပြီး လက်လျှော့လိုက်တော့.."

"သားရယ် .. မေမေ ပြောပါရစေ .."

"တော်ပါတော့ အန်တီ .."

ရောက်လာသည့် ကော်ဖီကို ဒီတိုင်းသောက်ရှေ့လိုက်ကာ သေး ရဲ့ မျက်နှာက တင်းမာနေခဲ့လျက် ..၊

"ကိုကိုက အစတည်းက အဖေဆိုတာကို တမ်းတပြီး အဲဒီထိ ရောက်အောင်သွားခဲ့တာ၊ သူ့မေတ္တာကို လိုအပ်လို့ အမျိုးမျိုးမျိုသိပ်သည်း ခံနေတဲ့လူကိုတောင် အမုန်းတွေပြပြီး ဥပေက္ခာတွေအထပ်ထပ်ထားခဲ့ တာကို .. ဟွန်း .. ကျွန်တော်က အဖေဆိုတဲ့ ပုဂ္ဂိုလ်ကိုစိတ်ကူးနဲ့တောင် ပုံဖော်မကြည့်ခဲ့ဘူး .."

"အဲဒါကို မေမေက .."

"သူနဲ့ ကျွန်တော်က ပြဒါးတစ်လမ်းသံတစ်လမ်းပဲ၊ ကိုကို စိတ်ဝင်စားသေးတယ်ဆိုရင် သူ ပြန်လာလိမ့်မယ် .."

"သား .."

ကိုကိုက ကော်ဖီဖိုးပိုက်ဆံထုတ်ချထားခဲ့ကာ နေရာမှ ထွက်လာခဲ့သည်။ မျက်ရည်တွေဝေနေသော ဒေါ်မွေးမွေး ၏ မျက်ဝန်းအစုံ နှင့် ဒေါသရောင်လက်နေသည့် မျက်ဝန်းလေးတွေကို မှတ်တရတ်ချော့တ

www.burmeseclassic.com

www.burmeseclassic.com



မရသဲ ချောင်းဆိုးသံတွေလည်း စိတ်အာရုံမှာ ကပ်ငြိနေဆဲဖြစ်၏။

ခြေလှမ်းကို ပိုမြန်လိုက်ကာ တံခါးကို တွန်းပြီး ထွက်လာခဲ့သည်။ နောက်က 'အ' ဆိုသည့် ညည်းသံသဲ့သဲ့လေးကို ကြားလိုက်ရ၏။

သူ လွှတ်လိုက်သည့် မှန်ချပ်ကြီးနှင့် အလောတကြီးထွက်လိုက်လာသည့် စစ မျက်နှာလေး မိတ်ဆက်တော့မလို့ နည်းနည်းပဲလိုတော့၏။

နောက်ကို လှည့်မကြည့်ဘဲ ခြေလှမ်းတွေကို ပိုမြန်လိုက်ကာ ...၊

"ဘာဖြစ်လို့ လိုက်လာတာလဲ .."

"အန်တီ အရမ်းငိုနေတယ် .."

"အဲ့ဒါ ဘာကိစ္စ ငါ့နောက်လိုက်လာတာလဲ .."

"ရှင်တော်တော် ရက်စက်ပါလား ကိုညီ .."

"ဒီ့ထက် ရက်စက်တာတွေ ငါ ထပ်မပြောချင်ဘူး၊ မင်း ပြန်တော့"

"ရှင် ခဏလောက် ပြန်လိုက်ခဲ့ပါ .."

သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကာ ကိုယ်တစောင်းလှည့်လိုက်သဖြင့် အရှိန်လွန်ပြီး မျက်နှာချင်းဆိုင်ပြီးသားဖြစ်သွားသည်။

ကိုယ့်ဘာသာ ဒယိမ်းဒယိုင်ဖြစ်သွားပြီး ခြေခေါက်မလဲအောင် တော်တော်ထိန်းလိုက်ရကာ ...၊

"ရှင့်မာနတွေကို ခဏလေးမျိုသိပ်ပြီးတော့ ဘာဖြစ်သင့်တယ်ဆိုတာ ဦးစားပေး စဉ်းစားကြည့်စမ်းပါ၊ ဒါလေးတစ်ခုပဲ ရှင် လုပ်ပေး .."

"ကောင်းပြီ .."

ဆောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်၍ ကျုကျုနနလိုက်လျှောလိုက်သဖြင့် စစ ဝမ်းသာသွားမိ၏။ သို့သော် ...

"မာနကို ခဏလေးမျိုသိပ်လို့ရတယ်ဆိုရင် အခု မင်းရဲ့ မာနတွေကို ခဏမျိုသိပ်ထားလိုက် .."

"ဘာ ..."

"ဒီနေရာမှာ လူလည်းရှင်းတယ်ဆိုတော့ စုံတွဲတစ်တွဲနမ်းနေကြ



တယ်ဆိုတာ ဖြစ်သင့်တာပဲ၊ မင်းကို နှစ်စက္ကန့်လောက် နမ်းချင်တယ်"

"ရှင် .. ရှင် .. ယုတ်ယုတ်မာမာတွေ ပြောတယ် ဟုတ်လား ရူးညစ် .. လူရမ်းကား .. ကဲ .. ကဲ .."

မျက်နှာလေးတစ်ပြင်လုံး နီရဲသွားကာ ဆလင်းဘက်ခ်နဲ့ တအားလွှဲရိုက်မိ၏။ အရှိန်ကို မသေးပေမယ့် တစ်ချက်မှလည်း မထိသည့်ပြင် သူမ လက်နှစ်ဖက်စလုံးကို ဆေး က ပိုင်နိုင်စွာ ဖမ်းချုပ်ထားလိုက်ပြီး...

"မင်း မာနတွေကို အရင် လိုတိုးပိုလျှော့လုပ်ကြည့်ဦး။ အဆင်ပြေတယ်ဆိုရင် ငါ့နောက်လိုက်ခဲ့ .."

"အဲ့ဒီမှာ လဲသေလိုက် .."

သူ့ကြောင့် နာကျင်ကျန်ရစ်ခဲ့သည့် လက်ကောင်ဝတ်လေးတွေကို ဖိဆုပ်ထားရင်း ကျိန်ဆဲနေမိသည်။ ကမ္ဘာပေါ်မှာ ဘယ်လိုသတ္တဝါမှ မျိုးတုံးမသွားအောင် ကာကွယ်သင့်ပေမယ့် ဆေးသားညီ ဆိုတဲ့ သတ္တဝါမျိုးကိုတော့ မျိုးတုံးစေချင်၏။

နေရာတကာ ကန့်လန့်တိုက်ချင်တဲ့ အရိုင်းအစိုင်းသတ္တဝါ ...၊

အခု ငါ ကျိန်ဆဲနေလို့ လျှာ ကိုက်မိပါစေ၊ ပုရွက်ဆိတ်အုံ ခလုတ်တိုက်ပြီး ပျားအုံနဲ့ မျက်နှာကပ်မိပါစေ။

ရင်ထဲမှာ မေတ္တာတွေအသချေအနန္တဖြင့် ပြန်လှည့်လာခဲ့စဉ် ဆိုင်ဘက်ကို ကွေ့ဝင်လာသည့်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ...၊

"အမလေး .."

လန့်ဖျပ်ပြီး မျက်လုံးတွေပါ မှိတ်ပစ်လိုက်မိ၏။ သို့သော် .. ဘာနဲ့မှ ပုစ်မတိုက်မိဘဲ ရယ်သံသဲ့သဲ့က နားထဲမှာ ကျန်ရစ်ခဲ့၏။

ကံကောင်းလို့ ...၊ မောင်မင်းကြီးသား ဆေးသားညီ သေးသေချာပါစေနဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"တောက် .."

ကားထဲကို ကုန်းကွကြည့်ရင်း တက်ခေါက်လိုက်သံကြောင့် ဆေး လှည့်ကြည့်လိုက်မိသည်။ ပြီးတော့ အနားတိုးကြည့်လိုက်ရင်း ...။

"ကား .. ဘာဖြစ်လို့လဲ .."

"ဟော .."

ကုန်းနေသည့်ကိုယ် မတ်စန်ဖြစ်သွားက၊ သူ့အသက်သာသာ မတိမ်းမယိမ်းလောက်ရှိမည့်လူက ဝမ်းသာအားရနှင့် ...။

"ကား ဘာဖြစ်သွားမှန်းမသိလို့ကွာ .. ငါ့ညီ နည်းနည်းပါးပါး ကြည့်တတ်ရင် ကြည့်ပေးစမ်းပါ၊ သူ့ဒွေးနဲ့ ချိန်းထားတာ တိုင်ပင်တွေ့ လွဲကုန်ရင် ကိုယ်ကျိုးနည်းမှာ .."

"ခဏဖယ်ပေး .."

'အေး .. အေး' ဆိုပြီး ပျာပျာသလဲ ဖယ်ပေး၏။ သူ ကားနားရောက် သည်နှင့် သိပ်မကြည့်လိုက်ရဘဲ ...။

"ကား ဟိ(တ်)တက်နေတာတောင် ခင်ဗျား မသိဘူးလား .."



"အေး .. အဲဒါကို နားမလည်တာကွာ .. ဟိ(တ်)တက်လို့ဆိုပြီး ဘာလဲ .. အင်ဂျင်နဲ့ ရေတိုင်ကီကြားက ဟိုဥစ္စာလေး .."

"သာမိုစတက် .."

"အေး .. အဲဒါလဲထားတာ တစ်ပတ်တောင် မကြာသေးဘူး .."

ဆေး က ဘာမှမပြောဘဲ တိုင်ကီအဖုံးကိုဖွင့်ကြည့်ပြီး ပြန်ပိတ် သည်။ ပြီးတော့ ပြန်ဖွင့်လိုက်နှင့် ...။

"ခင်ဗျား ပြောတဲ့ဟာ မဟုတ်လောက်ပါဘူး .."

"ဟင်!.."

"ရေတိုင်ကီ အဖုံးမကောင်းဘူး၊ ဒီမှာ တောက်လျှောက်အနာရှိ နေတာ .."

"ဟုတ်လား .."

"လောလောဆယ် မောင်းလို့ရအောင်တော့ လုပ်ပေးလိုက်မယ်၊ ဟိုနားမှာ ရေခဲစိမ်ရေသန့်ဘူး နှစ်ဘူးသုံးဘူးလောက် သွားဝယ်ပေး .."

"ဝယ်ပေးမယ် .. ဝယ်ပေးမယ် .."

သူ ရေတိုင်ကီအဖုံးကိုဖွင့်၍ အိတ်ထဲက စက္ကူခေါက်တစ်ခုကိုပါ ဆုတ်ယူလိုက်သည်။ ပြန်ပြေးလာသည့်သူက သူလုပ်သမျှကို စိတ်ဝင် တစားငုံ့ကြည့်နေခဲ့လျက် ...။

"ငါ့ညီက ကားပြင်ဆရာလား .."

"မဟုတ်ပါဘူး .."

"ဒါပေမယ့် တော်တော် ကျွမ်းကျင်နေသလိုပဲ .."

"ကိုယ် မကျွမ်းကျင်တာတစ်ခုခုကို လုပ်ပြနိုင်တိုင်း အထင်ကြီး သွားနဲ့ အဲဒါကြောင့် ခင်ဗျားခံရတာ .."

"ဟင် .. ငါ့ကိုလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

ဆေး က ပြုံးလိုက်ပြီး သူပေးသည့် အဝတ်စုတ်နဲ့လက်ကို ပွတ်သုတ်ရင်း ..၊

"သာမိုစတက် လဲထားတယ်ဆိုတာ သေချာလည်း စစ်ကြည့်ပါဦး၊ အဲဒီကောင် ဖြုတ်တာ လဲတာက အင်ဂျင်တစ်အုံနဲ့ဆိုင်တယ်၊ အလွယ်လေး ဖြုတ်ထုတ်ပစ်လို့ရတာမဟုတ်ဘူး .."

"ဟုတ်လား .. အေး .. ဖြစ်နိုင်တယ်ကွ၊ ငါ အဲ့ဒါ လဲရတုန်းက သုံးနာရီလောက်ကြာမယ်ဆိုပြီး တစ်နာရီလောက်နဲ့ရလာတာ .."

"ဟား .. ဟား .. ဟား .."

"ဟုတ်လား .. ဒါမဖြစ်နိုင်ဘူးလား .."

ဆေး က ရယ်နေရင်း ဘာမှမပြောဘဲ လှည့်ထွက်လာခဲ့၏။ သို့သော် သူ ဒီတိုင်းလျှောက်နေရင်း ကားက သူ့နောက်ကို မောင်းလိုက်လာကာ ..၊

"ညီလေး .. လာပါကွ၊ ရှေ့နားမှာ လက်ဖက်ရည်သောက်ရအောင် ငါ့သူဌေးက သူ ဖုန်းဆက်မှ လှုပ်ရှားရမယ်ဆိုတော့ ဖုန်းစောင့်ရင်း အချိန်ရသေးတယ်၊ မင်းကို ပြုစုချင်လို့ပါ .."

သူ့စိတ်တွေ ဘယ်လိုလေလွင့်ချင်နေမှန်း မသိဘဲ ခြေဦးတည့်ရာ သွားနေခဲ့မိတာ လက်ဖက်ရည်ဆိုင်ထဲ ရောက်ခဲ့ပြန်၏။

"တော်ပြီလား မှာလေကွာ .. လက်ဖက်ရည်ဆိုင်ဆိုပေမယ့် ဒီမှာ စားစရာတွေ တော်တော်များများရမယ့်ပုံပဲ .."

"ရတယ် .. ဒါနဲ့ ခင်ဗျားတို့က ရိုးရိုးစီးပွားရေးသမားတွေမှ ဟုတ်ရဲ့လား .."

"ဟင် .. ဩော် .. ဟား .. ဟား .. ဟား .."



အသားညိုညိုနှင့် ပါးစုံ့ပြဲသလို ရှိပေမယ့် အားပါးတရ ရယ်လိုက်တော့ သဘောကောင်းသည့်ပုံ ပေါက်၏။

"မင်းက ပေါ်တင်ကြီးပါလား .."

"ခင်ဗျားလည်း ပေါ်တင်ပြောနေတာပဲလေ .. လှုပ်ရှားရမှာတွေ ဘာတွေ .."

"ဩော် .. ဒါက ဒီလိုရှိတယ်၊ မင်း စိတ်ဝင်စားရင်တော့ ပြောပြလို့ရပါတယ်၊ ငါတို့က ခုမှ သိကြတာပေမယ့် စကားပြောဖော်ဖြစ်ဖို့က ပြောစရာလိုသေးတယ်လေ .."

ဆေး က စီးကရက်မီးညှိရင်း ပြုံးနေလိုက်၏။

"ဒါနဲ့ မင်း နာမည်တောင် မမေးရသေးဘူး၊ ငါ့နာမည်က ရန်နိုင် [illegible] .."

"နာမည်က အရေးမကြီးပါဘူးဗျာ .. နာမည်မသိတော့ နောက် [illegible]ခါတွေ့ရင် မခေါ်ဘဲ နေလိုက်ရုံပဲ၊ အားနာစရာမလိုဘူး .."

"ဟမ် .."

"ပြောလို့ရပြီ .."

ဒါလည်း ရန်နိုင် က ရယ်မောမပျက် ခေါင်းညိတ်၏။

"အေးကွ .. ပြောရမယ်ဆိုရင်တော့ စတင်လောက်တဲ့ အချစ် [illegible]ကြောင်းက စရမှာပဲ၊ လူတစ်ယောက်ကကွာ .. အချစ်ဘာစ်ခုကို မျိုသိပ် [illegible]ရမယ်ဆိုရင် ဘယ်လိုအတိုင်းအတာမျိုးထိ သူ မျိုသိပ်နိုင်မလဲ .."

"အဲ့ဒါ သူပဲ သိမှာပေါ့ .."

"သူကိုယ်သူလည်း မသိဘူးကွ၊ အဲဒီ မိန်းမကို သူ ဒီလောက်ထိ [illegible]ခဲ့တယ်ဆိုတာ သူ ဘာတွေလုပ်နေမိခဲ့မှန်း သတိရလာတဲ့အချိန် [illegible]သိတာ၊ အဲဒီအချိန်က ဘယ်အချိန်လဲ သိလား .. သူ့အသက် [illegible] [illegible] ငါးဆယ်တွင်း၊ အဲဒီမိန်းမလည်း လူ့လော[illegible]မှာ မရှိတော

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ ..."

"မရှိတော့တဲ့ လူကို စွဲလမ်းနေခဲ့တာလား ..."

"ဟုတ်တယ် .. ဟိုတုန်းကတော့ သူ့ဘဝက နိမ့်ပါးခဲ့တယ်ပေါ့ကွာ ..."

"ကိုယ့်ကို ဆင်းရဲလို့ထားခဲ့တာကိုများ ဒီလောက်ထိ ..."

"မဟုတ်ဘူး ငါ့ညီရ .. သူချစ်နေတာကို ဟိုက သိတောင်မသိခဲ့တာ ..."

"တော်ပါဗျာ .. စိတ်ဝင်စားဖို့မကောင်းပါဘူး၊ ကျွန်တော် အဲဒီလို အရူးမျိုးကို ဘယ်တော့မှလည်း သနားမှာမဟုတ်ဘူး ..."

"ဟိုး .. ဟိုး .. အဲ့ဒါ ငါ့သူဌေးပဲလေ သိပ်တော့ မကဲ့ရဲ့ပါနဲ့၊ ဒါ့ထက် စိတ်ဝင်စားစရာကောင်းတာတွေရှိပါသေးတယ် ..."

စားစရာတွေ လာချပေးသွားပေမယ့် သူမှာထားတာက ကော်ဖီမို့ ကော်ဖီကိုမွှေရင်း မြည်လာသည့်ဖုန်းကို ထုတ်ကြည့်လိုက်မိသည်။ ဒေါ်လေးတို့ ဘာဖြစ်လို့ ဒီလောက်အရေးတကြီး မရမက ခေါ်နေတာလဲ။

ငွေလိုတာတစ်ခုအတွက်နဲ့တော့ သူ အပြောဆိုးတာသိလျက်နှင့် ဒီလောက်ခေါ်နေမှာ မဟုတ်ပေ။ စိတ်တော့ ဝင်စားပေမယ့် အရင်တိုင်းပဲ အသံပိတ်ပြီး ဘေးမှာ ချထားလိုက်သည်။

"ဟွန်း .. ငါက အဲဒီအကြောင်းကိုပြောနေရရင် သိပ်ပီတိဖြစ်တာ ငါ့သူဌေးလို ချစ်တတ်တဲ့ ယောက်ျားရှိနေတာ ငါတို့ယောက်ျားတွေအတွက် ဒဏ္ဍာရီဆန်ဆန် ရာဇဝင်တွင်မယ့် သမိုင်းသစ်တစ်ခုပဲလေ..."

ဒီဘက်က စကားကို ပြန်နားထောင်မိတော့ ဆေးက ခပ်မှဲမှဲ့ရယ်မိသည်။ ရန်နိုင် က မဖူးဘဲနှင့် အဖူးသမားနှင့် တူနေတဲ့အထိ အာဝဇ္ဇန်းရှင်နေ၏။

သူ့စိတ်တွေ လေးလံရှုပ်ထွေးနေသဖြင့် အားလုံးကိုဘေးဖယ်ပြီး



ချိုင်တဲ့အကြောင်းအရာတွေပြောနေဖြစ်တာလည်း ကောင်းတာပါပဲလို့ တွေးမိတော့လည်း ...

"ဆက်ပြောပါ ခင်ဗျား သူဌေးရဲ့ သမိုင်းသစ်ကို ..."

"အဲ့လိုလုပ်စမ်းပါ ညီလေးရာ၊ ပြောရတာ စကားထောက်မှ အားရှိတာကွ အဟွန်း .. ငါ့ဆရာက သူ့ဘဝကို မြင့်မားအောင် ကြိုးစားတယ်၊ သူ ရည်မှန်းထားတဲ့ အဆင့်ထိ မရောက်ရောက်အောင် သွားနိုင်ခဲ့တယ်၊ ဒါပေမယ့် သူချစ်တဲ့မိန်းမက အဲဒီမတိုင်ခင်တည်းက သေသွားခဲ့တာ ခင်း စဉ်းစားကြည့် .. အဲဒါ ဘယ်လိုအချစ်မျိုးလဲ ..."

"ကြိုးစားခဲ့တဲ့ ရည်ရွယ်ချက်က ဒီလိုဖြစ်ခဲ့ပေမယ့် သေသွားပြီဆိုတဲ့အချိန်မှာ ..."

"မဟုတ်ဘူးကွ .. သူ အဲဒီလိုလုံးဝမဟုတ်ဘူး၊ ဒီမိန်းမကို သူ ဘယ်လောက်ထိ စွဲလမ်းခဲ့သလဲဆိုရင် ကျန်ရစ်ခဲ့တဲ့သားကို ပိုင်ဆိုင်ဖို့ထိ သူ ကြိုးခဲ့တာ ..."

"ဘယ်လို!..."

"သူ ပိုင်သင့်တယ်လို့ကို တရားသေတွက်ပြီး သူ့ဘဝလောက် အရေးပါတဲ့ ပလန်တစ်ခုကို စနစ်တကျရေးခဲ့တာ ..."

"သူနဲ့ပတ်သက်မှုရှိခဲ့လို့ပဲ ဖြစ်မှာပေါ့ဗျာ ..."

"ဘာလဲ .. မင်း သူ့သားမို့လို့ ပြန်လိုချင်တာမျိုးထင်လို့လား ..."

"ဘာရှိသေးလို့လဲ .. သူများရဲ့ သွေးသားကို ချစ်မြတ်နိုးစရာလည်း အကြောင်းမရှိဘူး၊ ဒါကို လိုချင်ပါတယ်ဆိုရင်လည်း သူ့မှာ တခြား ရည်ရွယ်ချက်တစ်ခုခုရှိလို့ပဲ .. နေစမ်းပါဦး ခင်ဗျားသူဌေးက သူ့ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ခင်ဗျား ဒီလောက်စပ်စုထားတာ ဘာမှမပြောဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



"သိမှမသိဘဲ .. ဒါပေမယ့် သူ ရင်ဖွင့်သင့်တယ်ထင်လို့ အားလုံးကို သိခွင့်ပေးထားတဲ့သူက ငါ့လူဖြစ်နေတာလေ၊ ဒါပေမယ့်ကွာ ငါတို့အားလုံးက သူ့အချစ်ကို လေးစားကြတဲ့ဘက်ကပါ .."

"ကွယ်ရာမှာ တွေ့ကရာလူကို ဖွင့်ပြောပြတာကရော .."

"ဒါလည်း ငါ့မှာ အပြစ်မရှိပါဘူး၊ ငါ့လိုမျိုး ဒါကိုသိတဲ့လူတိုင်း အံ့သြခေါင်းခါသွားကြတာပဲ၊ သူ့လို ဘယ်သူမှ မချစ်နိုင်ဘူးလေ .."

"အဓိပ္ပာယ်မရှိတာကို .."

"အဲဒါမျိုး မင်းတစ်ယောက်ပဲ ပြောဖူးသေးတာ .."

သူ့ကို ဝေဖန်လိုက်ပေမယ့် ရန်နိုင် က စိတ်ဆိုးပုံမရှိဘဲ ရယ်နေသေးသည်။ ပြီးတော့ ...၊

"ပိုရှုံးအောင် ခြုံငုံပြောရရင်ကွာ သူငယ်ချင်းသုံးယောက် ဖြစ်ကြပေမယ့် သူက ဒီမိန်းမကို တစ်ဖက်သက်ကြိတ်ချစ်ခဲ့ရတာ၊ ကျန်တဲ့နှစ်ယောက်ကတော့ ညားကြလေသတည်းပေါ့၊ အဲဒီမှာ သူ ဒီတိုင်းကျန်ရစ်ဖြစ်ခဲ့တာမဟုတ်ဘူးဆိုတဲ့ စိတ္တဇကို ဖြစ်သွားစေတာက အမွှာထဲက တစ်ယောက်က သူ့ရဲ့ ကာရိုက်တာနဲ့ ပုံစံတူလေးဖြစ်နေတဲ့အချက်ပဲ.."

အမွှာ ..၊

ကော်ဖီကို မျိုချလိုက်ပြီးပေမယ့် လမ်းကြောင်းတွေမှားကာ လည်နင်သွား၏။

"အဟမ်း .."

ပါးစပ်ပိတ်ပြီး ထိန်းချုပ်ထားလိုက်ရပေမယ့် လည်ချောင်းတစ်လျှောက်လုံး အောင့်တက်နာကျင်သွားခဲ့၏။ ထိုစဉ် မက်ဆေ့ချ်ဝင်လာသဖြင့် ဘေးမှာချထားသည့် ဖုန်းက ဖျတ်ခနဲလင်းလာ၏။

ဒေါ်လေးတို့ ဖုန်းဆက်မရသဖြင့် မက်ဆေ့ချ်ပို့လိုက်မှန်းသိကာ





ဖွင့်ဖတ်ဖို့သင့်ပေမယ့် နားထဲမှာ ရန်နိုင် ဆိုသူ ပြောနေသည့်အကြောင်းအရာကြောင့် စိတ်နဲ့လူ မကပ်ချင် ..။

မက်ဆေ့ချ်ဖတ်ရန်း မဖတ်ရန်းဖြစ်နေသည့် သူ့ကိုကြည့်၍ ရန်နိုင်က သူ့စကားအရှိန်နဲ့သူ ..၊

"ဒီမိန်းမရဲ့ စိတ်ထဲမှာ သူရှိခဲ့တယ်ဆိုတဲ့ အဖြစ်လေးတစ်ခုကို ဆုပ်ကိုင်ထားပြီး ဒီကလေးကို သူ အရယူဖို့ ကြိုးစားနေခဲ့တာ နှစ်ရှည်လများလေ ..၊ မင်း အဲဒါကို အဓိပ္ပာယ်မရှိဘူး ပြောချင်သေးလား –"

သူ မဖြေနိုင်ပေ ..။ သို့သော် အမွှာနှစ်ကောင်နှင့် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတစ်ပုဒ်က သူ့စိတ်ကို ကောင်းကောင်းကြီး ထိန်းချုပ်ညှန်ကြားနေပြီဖြစ်ကာ မက်ဆေ့ချ်ကို ဖွင့်နေပေမယ့် လက်က သူ့ခရီးသူရှေ့ဆက်နေပေမယ့် စိတ်ကတခြား ..။

... *ညီညီ မင်းနဲ့အဖေမုန်းနေတဲ့ ချိုအေး ဆိုတဲ့ လူရောက်လာပြီး ကိုကို့ကို ဘာလိုလိုစကားတွေနဲ့ ခေါ်ထုတ်သွားတယ်၊ သူက တအားချမ်းသာနေတော့ မင်းအစ်ကိုကလည်း ဖအေကို တစ်မျိုးထင်နေတုန်းတန်းပါသွားတာပဲ ..၊ နိုင်ငံခြားကို တန်းသွားကြမယ်ပြောတယ်၊ ကိုတင့်ကို အကြောင်းကြားပြီး တစ်ခုခုလုပ်ပါဦး ...၊*

မက်ဆေ့ချ်ဖတ်လိုက်ရသည့်အချိန်မှာ ရန်နိုင် ထရပ်လိုက်သည့် အရိပ်ကို မြင်လိုက်ရလျှင် သူ့လက်တစ် ဖျတ်ခနဲလှုပ်ရှားသွား၏။

"ခင်ဗျား သူ့ဒွေး နာမည် ဘယ်သူလဲ .."

"ဟင် ..."

အံ့သြသည့်မျက်နှာနှင့် မျက်ခုံးတန်းတွေပါ မြင့်တက်သွား၏။ ပြီးတော့ ဖိဆုပ်ခံလိုက်ရသည့်လက်ကို ငုံ့ကြည့်ပြီး ရန်နိုင် က ရယ်[illegible] နှင့် ..၊

"ဘယ့်နှယ် သိချင်တော့လည်း ငါ့သူ့ဒွေးကိုမှလား .. [illegible]ပြောသား

www.burmeseclassic.com

www.burmeseclassic.com



ပဲ မင်း စိတ်ဝင်စား ..."

"အပိုတွေ ပြောမနေနဲ့ ကိုရန်နိုင် .. ခင်ဗျားသူဌေးဆိုတာ ဦးချိုအေး လား .."

"မင်း ဘယ်လိုသိသွားတာလဲ .."

"အခု သူ ဘယ်မှာလဲ .."

"နေပါဦး .. မင်း .. မင်းက .."

"အမှာ့ထဲက တစ်ယောက် .."

"ဟင်!..."

ရန်နိုင် မျက်လုံးပြူးသွားကာ မျက်နှာပေါ်မှာတင်ခဲ့သမျှ အပြုံးတွေ ပျောက်ကွယ်ကုန်၏။ စားပွဲနောက်ကို ဆုတ်ရင်း ဖုန်းခေါ်ဖို့ကြိုးစား သည်နှင့် ဆေး က ဖုန်းကိုဆွဲယူထားလိုက်ကာ ..၊

"သတင်းပေးနေဖို့မလိုဘူး .. အခု ကျွန်တော့်ကိုခေါ်သွား .."

"မဖြစ်ဘူး .. မဖြစ်ဘူး .. မင်းက .. မင်းက ဘာဖြစ်လို့ အမှာ့ထဲက ကောင်လေးဖြစ်နေရတာလဲ .. အဓိပ္ပာယ်မရှိတာ .."

ကယောင်ကတမ်းတွေဖြစ်နေသည့် ရန်နိုင် ကို ကြည့်၍ ဆေး က အေးစက်စက်ပြုံးသည်။

ခင်ဗျား အစတည်းက အဓိပ္ပာယ်မရှိတဲ့စကားတွေကို တွေ့ကရာ လူနဲ့ မပြောဘဲနေရမှာ ..၊



အခန်း (၄၃)

"မှန်နက်တွေကာရံထားတဲ့ထဲမှာ မင်းကိုမင်း ရုပ်ပါမင်းသားလို နေနေတာလား .."

ကိုကို ထိတ်ခနဲဖြစ်သွားသည်။ အပြင်က ဖွင့်လိုက်သဖြင့် မှန်က လျှောခနဲကျသွားကာ သူ့ရှေ့မှာ ဆေး ရဲ့ မျက်နှာက အနီးကပ်ပေါ်လာ၏။

"ဟိုတယ်လ်ကြီးပေါ်က ဆင်းပြီး လေယာဉ်ပေါ်တန်းတက်တော့ မယ့် ကမ္ဘာ့ကုန်သည်ကြီးများအသင်းရဲ့ ဥက္ကဋ္ဌကြီးလိုလား .."

"မင်းနဲ့ ဘာဆိုင်လဲ ညီ .. ငါ့တက်လမ်းကို မင်း မနှောင့်ယှက်နဲ့–"

"ဘာရွှ .."

ကိုကိုက အထဲက ခလုတ်ဆီ လက်ရောက်သွားလျှင် ဆေး က မှန် ကို ဖမ်းကိုင်ထားလိုက်ကာ ..၊

"ဒီသော့ ဘာလို့ ငါ့ဆီရောက်နေသလဲ မင်းသိရင် ဘယ်လိုအကူ အညီနဲ့မှ မင်း ငါ့ရှေ့က ပုန်းကွယ်ထွက်လို့မရဘူးဆိုတာ သဘောပေါက်–"

ပြောပြီးတာနှင့် ကားသော့ကို ကိုကို့ ရင်ခွင်ထဲ ပစ်ထည့်ပေးလိုက် ၏။ ပြီးမှ ..၊

"ကားပေါ်က ဆင်းမှာလား .. ငါ ဆွဲချရမလား .."

www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

ကိုကို အကြီးအကျယ် ဒေါကန်သွားသည်။ လေဆိပ်အဆောက်အဦးထဲကို လှမ်းဝင်ဖို့ ခြေဘယ်နှစ်လှမ်းစာပဲရှိတော့တာလဲ ..၊ ကိုယ့်အဖြစ်ကို ချေနိုင်မရဲတွေးရင်း ကားပေါ်ကဆင်းလိုက်ရ၏။

ဦးချိုအေး ဘယ်ဆီဘယ်ဝယ်မှာမှန်းမသိပေမယ့် သူကတော့ လေဆိပ်အပြင်ကို ပြန်ပါလာခဲ့ရပြီဖြစ်ကာ ..၊

"ဒါ ဘယ်ကိုသွားနေတာလဲ ညီ၊ ငါ အန်ကယ်လ်ချိုအေး နဲ့ နိုင်ငံခြားမှာ ပညာသင်လိုက်မလို့ .."

"ဘာပညာတွေလဲ .. အဲ့ဒီလူကြီးဆီက မင်း ဘာတွေရမယ်ထင်နေလဲ .."

"သူက မေမေ့ သူငယ်ချင်းမို့လို့ ငါကလည်း သူ့စိတ်မျိုးပဲဆိုပြီး သံယောဇဉ်နဲ့ ကူညီချင်တာ .."

"အရူး .."

"ခုန်း .."

ဒေါသသံနှင့်အတူ ကားက ကုန်းတက်နားမှာ ဆောင့်ခုန်ရပ်သွားခဲ့၏။ နှစ်ယောက်စလုံး တစ်ဖက်စီကနေ ဆင်းလိုက်ကြကာ၊ ဆေး က ကိုကို့ ဘက်ကို ခြေလှမ်းကျဲများနဲ့ လျှောက်သွားခဲ့လျက် ..၊

"မင်းစိတ် မင်းရဲ့ ကာရိုက်တာက သူနဲ့ တူလို့ဟုတ်လား .."

"မင်း ငါ့အကျီကိုလွှတ်လိုက်နော် .."

"လွှတ်မယ် .. မင်းကို ဆုလည်းချဦးမှာ၊ ဟိုရှေ့မှာ ကားပျက်လို့ မတ်တပ်ထွက်ရပ်နေတဲ့ လူကြီး တွေ့လား၊ အဲဒီ လူကြီးက သူ့ကို အဖေခေါ်မယ်ဆိုရင် မင်းကို သူ စီးနေတဲ့ကားကြီးပေးခဲ့မယ်တဲ့ .."

"ဘာကွ .."

ကိုကို မျက်နှာကြီးနီရဲသွားကာ ဆေး ရဲ့ အကျီစကို ပြန်ဆုပ်ဆွဲ၏။

"ဘာဖြစ်သွားတာလဲ .. မင်းက ရှက်တတ်သေးလို့လား၊ လုပ်လေ





ထိုးချလိုက် .."

"တောက် .."

မျက်ရည်တွေဝေ့ဝဲလာကာ ကိုကို လက်တွေဆတ်ဆတ်တုန်နေ၏။ ဆေး က ဒီတိုင်းကိုင်ထားလျက်နှင့် လက်ကို ဆောင့်ဆွဲ၍ ..၊

"မင်းကို ဘယ်သူမှန်တယ် ဘယ်သူမှားတယ်လို့ ငါမပြောဘူး။ မင်း ဒီလူကြီးနဲ့ လိုက်သွားရင် သူပေးတာကိုယူပြီး သူ့ကို အဖေခေါ်ရို့ပဲ၊ အဲဒီ အရူး လိုချင်နေတာ အဲဒါ .."

ကိုကို မဆဲ့ငင်ကာ ခံစားလိုက်ရခြင်းဖြင့် မျက်ရည်တွေတဝေ့ဝေ့ တက်လာခဲ့၏။ ပြီးတော့ အံကြိတ်၏။

သူ ဘာမှားခဲ့သလဲ ..၊

www.burmeseclassic.com



## အခန်း (၄၄)

"ငါ ဘယ်တုန်းကမှ မမှားခဲ့ဘူး ချိုအေး၊ သူ မရှိတော့တဲ့အတွက် ငါ မျိုသိပ်ထားခဲ့ရတာကို ပြောပြလိုက်မယ်၊ သူလည်းမမှားခဲ့ဘူး၊ ငါ မွေး ရဲ့ အချစ်၊ မွေး ရဲ့ ဂုဏ်သိက္ခာကို အကြွင်းမဲ့ယုံတယ်၊ ဖြစ်ခဲ့တာတွေ အားလုံးက မင်းကြောင့် .."

ဦးမြတ်တင် ရဲ့ လက်ညှိုးက ဦးချိုအေး ရဲ့ မျက်နှာကို တည့်တည့် ထိုးညွှန်လာခဲ့လျက် ..၊

"ဒီအခြေအနေတွေဖြစ်အောင် မင်း လုပ်ကြံခဲ့တာ၊ မင်း လုပ်ကြံ နေတာကို ကာကွယ်ပေးခဲ့တဲ့ သူ့စိတ်ကိုပဲ ငါ တစ်သက်လုံး ခွင့်မလွှတ် နိုင်ခဲ့တာ .."

"ဟား .. ဟား .. ဟား .. ရှင်းနေတာပဲ မြတ်ထွတ် ရာ၊ တစ်ယောက် နဲ့ တစ်ယောက် ချစ်တာတွေ ဘယ်လောက်နှောင်ဖွဲ့ကြပါစေ၊ တစ်ယောက် ရဲ့ စိတ်ကိုတစ်ယောက်က မရရင် သူ့အချစ်ကို ပိုင်ဆိုင်နေရပြီဆိုတာ အလကားပဲကွ၊ အချစ်ကကွဲရှပျောက်ပျက်လွယ်ပေမယ့် သနားညှာတာ ချင်တဲ့စိတ်က မေတ္တာတရားနဲ့ဆိုတော့ မေတ္တာဟာ အခိုင်မြဲဆုံး၊ ဒါကြောင့် သူ့စိတ်က ငါ့ဆီမှာ .."



"မင်းပြောလို့ပြီးရင် ငါ့သားနဲ့ ငါ .."

"လိုရင်းမရောက်သေးဘူး မြတ်ထွတ် .. ဘယ်သားထိုမှ မင်း ဇယို ကြည်လို့ ပစ်ထားခဲ့ပြီးမှ .."

"မယုံကြည်တာမဟုတ်ဘူးကွ .. ဟိတ်ကောင် ၊ ငါးလိုကောင်ကို ငါ ဘာမှရှင်းပြနေဖို့မလိုဘူး၊ ငါနဲ့ ငါ့သားရဲ့ကြားမှာ လွဲနေတဲ့ နားလည် မှု တစ်ချက်လေးကို ညှိလိုက်ရုံပဲ၊ ငါ့သားနဲ့ ငါ စကားပြောမယ် .."

"ဘယ်မှာလဲ မင့်သား .. မင်းနဲ့အဆင်ပြေနေတဲ့ကောင် မင်းရပြီး ပြီလေ .. ကိုကို က ငါ့သားပါ .."

"ဟာ .. ဒီ ခွေးဝဲစားကောင် .."

"အသက်ကြီးမှ ဆဲရေးတိုင်းထွာနေလိုက်တာကွာ .. ဟား .. ဟား.. ဟား .. ပစ်ထားတုန်းကထားပြီး ပိုင်ရှင်ပေါ်တော့မှ အစွမ်းမီးပိုင်းဖြစ်နေ တာလား၊ ကိုကိုက ကလေးလေးမဟုတ်တော့ဘူးကွ .. အယုံသွင်းလို့ရ တဲ့ အရွယ်လည်းမဟုတ်ဘူး၊ သူကိုယ်တိုင် ငါ့ကို လက်ခံလို့ ငါ့နောက် လိုက်လာတာ .."

"မင်း မဟုတ်တမ်းတရားတွေဟောပြီး စိတ်လေနေတဲ့ လူငယ် တစ်ယောက်ကို စည်းရုံးထားတာ၊ ငါ့သား ငါ့ကို အထင်လွဲနေတုန်းမို့ မင့် စကားတွေ အောင်သွားတာ၊ အခု ငါ့သားဘယ်မှာလဲ .."

"ငါ့သားချင်းထပ်အောင် ရှုတ်နေတာ နားငြီးလိုက်တာကွာ .."

ဦးချိုအေး က စားပွဲပြင်ကျယ်ကြီးရဲ့တစ်ဖက်မှာ လှောင်ရယ်နေ သည့် မျက်နှာနှင့် ခေါင်းမော့ရယ်လိုက်၊ ခါးထောက်ရယ်လိုက်နှင့် အတော်ကြီး ကျေနပ်အားရနေခဲ့၏။

"မင်းလောက် ဒေါသအတ္တတွေကြီးတဲ့ကောင်နဲ့ဆိုရင် တိုတို့ ဒီပုံစံဖြစ်နေစရာလား၊ ဟား .. ဟား .. ဟား .. သူ မသေဆုံးခင်သူ့ရဲ့ စိတ်ကို ငါရခဲ့တယ်၊ သူ့အတွက် ငါ ကြိုးစားခွင့်မသာခဲ့ဘဲ သူ ဆုံးသွား တယ်၊ သူ့ညီမ လင်မယားက ခြေရာပျောက်သွားလို့သာမဟုတ်ခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးတွေက ငါ့လက်ပေါ်မှာပဲ ..."

"အေး .. မင်းက ကလေးတွေရဲ့ ချေးသေးလျှော်ဖို့တောင် မထိုက်လို့ကံကြမ္မာကလွဲစေခဲ့တာလေ၊ မင်း တော်တော်အရူးရင့်နေပြီ ချိုအေး၊ မင်း ချမ်းသာနေပြီဆိုရင်လည်း အဲဒီ စည်းစိမ်တွေကို မင်းရဲ့ အရူးရောဂါကုဖို့ သိမ်းထားဦး ..."

"လူတွေကတစ်မျိုးစီ ရူးနေကြတာပဲကွ .. မင်းက ဦးတော့ပြောထားပေါ့၊ ယောဒီ ဟိုတယ်လ်က ငါ့ဟိုတယ်လ်၊ နောက်ထပ် မင်းထက်သာတာတွေ ငါ ထပ်ရှုတ်ပြလိုက်ရင် မင်းပြောနေတဲ့ အရူးကိုမင်း ဘယ်တော့မှ လိုက်လို့မီမှာမဟုတ်တော့ဘူးဆိုတာ ပိုနားလည်သွားလိမ့်မယ် ..."

ပြောပြီး အားပါးတရရယ်နေသည်။ 'စပယ်ဖြူဖွေး' ဆိုသည့်နာမည်နှင့် ဟိုတယ်နာမည်ကို ခုမှ စဉ်းစားမိသွားခဲ့သည်။ ချိုအေး ရဲ့ စိတ္တဇဘယ်အထိ သက်တမ်းရင့်နေပြီကို သိလိုက်တာ ဦးမြတ်တင် မျက်စိမျက်နှာပျက်လာ၏။

ရင်ခုန်သံတွေက စိုးရိမ်ထိတ်လန့်ခြင်းနဲ့အတူ လူတစ်ကိုယ်လုံးရဲ့ အင်အားတွေကိုပါ သိမ်းကျုံးလှုပ်ချပစ်နေသလိုပင် ...။ မတ်တပ်ရပ်နေရင်း ထိုင်ကျသွားတော့မလောက် ကတုန်ကယင်ဖြစ်လာခဲ့လျက် ...၊

"မင်း .. မင်း တော်သင့်ပြီ ချိုအေး ...၊ ငါတို့မိသားစုအပေါ် မင်း ဒုက္ခပေးခဲ့တာတွေ ..."

"မင်းကြောင့် ငါချစ်တဲ့မိန်းမ ဒုက္ခပင်လယ်ဝေပြီး သေခဲ့ရတာကို ငါပေးတဲ့ဒုက္ခလို့ မင်း ပြောလိုက်တာလား ..."

"မဟုတ်ဘူး .. အဲ့ဒါ မင်းကြောင့် အားလုံးပျက်စီးကုန်တာ၊ ဖွေးနဲ့ ငါက ဖြိုင်လာပြီဆို ဘယ်တော့မှ အရှုံးပေးခဲ့ကြတာ ထုံးစံမရှိဘူး၊ မင်း လုပ်ကြံမှန်း ငါသိတယ်၊ သူ မသိသေးခင်မှာ မင်းဘက်က သူ ကာကွယ်ခဲ့တယ်၊ မင်းကြောင့်ဆိုတာ သိလာပေမယ့် သူ ငါ့ကို အရှုံးမပေးနိုင်ကဲစိတ်နဲ့ ငါ့ကို လုံးဝ အလျှော့မပေးခဲ့ဘူး ..."



"မင်း စိတ်ကူးတွေထဲမှာ တော်တော် မှုတတွေးထားတာပဲ –"

"အေး .. အမှန်တရားဆိုတာ သိနေပေမယ့် လက်မခံနိုင်ခဲ့နေတဲ့ အခြေအနေတွေမှာ နောက်ရောက်နေတတ်တယ်၊ မင်းလို အရူးတွေ စိတ်ကူးယဉ်စရာ အခွင့်အရေးပေါ့ ..."

ဦးချိုအေး အံကြိတ်ထားသည့်မျက်နှာကြီးက နီရဲလာလေ ကြောက်စရာကောင်းလေဖြစ်နေခဲ့လျက် ...၊

"ငါတို့ တစ်ယောက်အချစ်ကို တစ်ယောက်က သိတယ်၊ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုလည်း တစ်ယောက်က နားလည်တယ်၊ ဘယ်ဘက်ကမှ လျှော့မပေးနိုင်တဲ့ သေရာပါမာနတွေကြောင့် ..."

စကားသံတို့ တုန်ယင်အက်ရှလာခဲ့ပြီး ဦးမြတ်တင် စားပွဲစွန်းမှာ တင်ပါးနဲ့ ကပ်မှီထားလိုက်ရသည်။ ကိုယ့်ရဲ့အတ္တလွန်ကဲခဲ့မှုကြောင့် ဖြိုင်ဘက်မဟုတ်ခဲ့သည့် လူတစ်ယောက်ကိုတောင် အနိုင်တိုက်နိုင်ဖို့ အလဲလဲအပြိုပြို ကြိုးစားနေခဲ့ရလျက် ...၊

"ငါ့သားတွေအပေါ်မှာ ငါ မှားခဲ့တာဟာ ..."

"မင်း အခု ဝန်ခံပြီပေါ့ ..."

"ဘာကိုလဲ ချိုအေး .. ဖခင်တစ်ယောက်အနေနဲ့ တာဝန်မကျေခဲ့တာ ငါ မှားတယ်၊ အိမ်ထောင်ရေးပြိုကွဲခဲ့ရတဲ့ပြဿနာမှာ ငါ မမှားဘူး ..."

"ဒါဖြင့် သူ မှားတယ်လို့ မင်းပြောနေတာပဲကွ ...၊ ဒါက မင်းနဲ့ နောက်ပိုင်းမှာ သူနဲ့ငါ နားလည်မှုတွေနဲ့ စိတ်ချင်းပေါင်းခဲ့တယ်ဆိုတာကို မင်းကိုယ်တိုင် အတည်ပြုလိုက်တာပဲ ..."

"ဘာကွ ..."

"ဟား .. ဟား .. ဟား .. မင်း မမှားရင် သူမှားတာပဲ၊ ငါလိုချင်တာ အဲဒါပဲ မြတ်ထွတ်၊ သူ့စိတ်ကို ငါရခဲ့လို့ ငါ့ကို သူပေးခဲ့တဲ့ လက်ဆောင်က ကိုကို ဖြစ်လာခဲ့တာ၊ ကိုကို့ကို ပိုင်သင့်တာ ငါတစ်ယောက်ပြီး

www.burmeseclassic.com



ဘယ်သူဖြစ်နိုင်မှာလဲ ..”

“ပြောလေ .. ရှူးလေ ခွေးသူခိုးကောင် ..”

“ဒုန်း ...”

“ဟား .. ဟား .. ဟား ..”

ဦးမြတ်ထွက် က စိတ်နောက်ကိုယ်ပါ လုပ်တတ်သည့်အတိုင်း မိမိကိုယ်ကို ဘာတွေဖြစ်နေတာကို မေ့လျော့လျက် စားပွဲပေါ်က အလုပ်ပန်းအိုးကို ဦးချိုအေး ရှိရာ တအားတွန်းပစ်လိုက်၏။

စားပွဲပြင်ကျယ်ကြီးကို လျှောတိုက်ဖြတ်သန်းလာသည့် ပန်းအိုးအရှိန်ကို ဦးချိုအေး က အသာလေးရှောင်လိုက်ပြီး အားပါးတရရယ်လေသည်။

ထိုစဉ် ပြိုလဲကွဲရှ သံတွေကြောင့် ဟိုတယ်လ်ဝန်ထမ်းနှစ်ယောက် ပြေးလာကြလျှင် ဦးချိုအေး က လက်ပြတားလိုက်ပြီး ...၊

“ဒါက ကြွက်နဲ့ ကြောင် ကစားပွဲပါ .. မလိုဘူး .. သွားကြ ..”

“တောက် ..”

ဦးမြတ်တင် ဒေါသကြောင့် မျက်လုံးတွေပါ ပြာမိုက်လာ၏။ ဒေါသအမျက်ဆိုတာ လူလိမ္မာတွေရဲ့ ရှောင်ကြဉ်အပ်သည့်အရာဆိုတာ သိသော်လည်း သူ့စိတ်တွေက မိုက်ရိုင်းချင်နေ၏။

ဒေါသအမှောင်က အသက်ကိုလည်း မေ့ကာ ခပ်ပြင်းပြင်းရှိုက်သွင်းနေသည့် အသက်ရှူသံကိုလည်း သတိမထားမိခဲ့ပေ။

“ငါ အခု လေဆိပ်ကို မဆင်းခင် သူ နောက်ဆုံးပေးသွားခဲ့တဲ့ ပစ္စည်းတစ်ခု မင်းကိုပြမယ်၊ ဒါကို မြင်လိုက်ရင်တော့ ကိုကို့ကို ‘ငါ့သား’ လို့ အကြိမ်တစ်ရာထပ်အောင် အော်ပြီး ပြန်လုဖို့ မင်း ကြိုးစားနေတာတွေ ရပ်သွားမှာပါ ..”

“ဘာ !...”

ပြောပုံက ဖွေး နဲ့ သူနဲ့ပဲ ဘာတွေညာတွေဖြစ်ဂျက်ခဲ့သလိုလို ...။



ဦးမြတ်တင် ဒေါသမထိန်းနိုင်တော့ဘဲ စားပွဲရှေ့ကနေ ဝတ်လျှောက်ကာ ဦးချိုအေး ရှိရာကိုသွားမိသည်။ ပြီးတော့ လက်မောင်းတစ်ဖက်ကို ဆွဲလှည့်၍ မျက်နှာချင်းဆိုင် ကြည့်လိုက်ပြီး ...၊

“ဘာလဲ .. ဘာပစ္စည်းလဲ .. မင်းရဲ့ မျိုးသိပ်ကောက်ကျစ်တဲ့ ညာထိနိညာထိနက်တွေ မကုန်သေးဘူးလား ..”

“ညာထိမဟုတ်ဘူး မြတ်ထွက် .. ဒါ ဖွေး ကိုယ်တိုင်ပေးခဲ့တာ၊ မင်း မရခဲ့တဲ့ တစ်စုံတစ်ရာပေါ့ကွာ ..”

ဦးချိုအေး က ကုတ်အကျႌထဲကနေ မီးခိုးရောင်ဖိုင်ဘာဘူးလေးတစ်ဘူးကို ထုတ်ယူပြ၏။ ဦးမြတ်တင် က ထိုဘူးကို လက်ပြန်လွှဲရိုက်ခပ်လိုက်လျှင် ဘူးက အရှိန်နဲ့ လွင့်ထွက်သွား၏။

သို့သော် မာကြောသည့် တစ်ခုခုနှင့် မထိခိုက်ဘဲ အခန်းတံခါးဝအားက သစ်တောအတုလေးထဲ ပစ်ဝင်သွားလေသည်။

သစ်လုံးအိမ်ကလေး၏ ရှုမြက်ခင်းပြင် ပုံစံခွက်လေးထဲမှာ ဘူးက သက်ရာမပျက်နေရာယူသွားသည်အထိ ဦးချိုအေး က အစအဆုံးလိုက်ကြည့်နေကာ ...၊

“ဟား .. ဟား .. ဟား ..”

လိုဏ်သံပေါက်အောင် အားပါးတရရယ်နေပြီးမှ ခေါင်းတညိတ်ညိတ်နှင့် ...၊

“ငါတွက်ပြီးသားပါ၊ မင်း မကြည့်ရဲပါဘူး၊ ဟား .. ဟား ..ဟား”

“မကြည့်ရဲတာမဟုတ်ဘူး .. ကြည့်စရာကိုမလိုတာ၊ ဖွေး ဆီက မင်း ဘာမှရမှာမဟုတ်သလို သူ့ဆီက ငါ ရသင့်တာမှန်သမျှ မရခဲ့တဲ့ တစ်စုံတစ်ရာဆိုတာမရှိဘူး၊ မင်း ရူးတိုင်း လုပ်ကြံဖန်တီးပြောနေတာတွေကို ငါက အရူးမို့လို့ ယုံရမှာလား ..”

ဦးချိုအေး မျက်လုံးတွေက ဦးမြတ်တင် ရဲ့ စကားလုံးတိုင်းမှာ အရောင်တွေအမျိုးမျိုး ပြောင်းလဲနေကာ တင်းမာလာသည့် မျက်နှာပြင်

www.burmeseclassic.com

သည် တစစနီရဲလာတာ ကြေးနီရောင်သမ်းလာတဲ့အထိ ..။

ထို့နောက် ..၊

"မင်း .."

ဦးမြတ်ထင် ရဲ့ အင်္ကျီရင်ဘတ်စကို ဒေါသတကြီးဆုပ်ဆွဲကိုင်လိုက်၏။

"မင်း ခု သွားယူလိုက်၊ ငါ့ရှေ့မှာ ခု ဖွင့်ကြည့်၊ ဒါကိုမကြည့်ဘူးဆိုရင် ကိုကို နဲ့ပတ်သက်ပြီး မင်းနဲ့ငါ ညှိနှိုင်းစရာ ဘာမှမရှိတော့ဘူး.."

"မင်းလို မိန်းမလျာကောင်ကများ .."

ဦးမြတ်တင် ဒေါသအပြည့်နှင့် လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။ သို့သော် ဟိုတစ်ချိန်ကလို သူ့ လက်သီးတစ်ချက်နှင့် လူတစ်ယောက်ကို ပက်ခနဲလန်ထွက်မသွားစေခဲ့ဘဲ ..၊

"ခွပ် .."

မျက်နှာအနည်းငယ်လည်သွားသည့် ဦးချိုအေး ၏ တုံ့ပြန်လက်သီးကြောင့်သာ ..၊

"ဒုန်း .."

ဦးမြတ်တင် နောက်ပြန်ပြိုဆင်းသွားကာ ဖင်ထိုင်ခုံနှင့်အတူ အလဲလဲအပြိုပြို ..၊

"ကိုကို့ကို ငါ ခေါ်သွားမယ်၊ သူ ကိုယ်တိုင် ငါ့ကို အဖေလို့ခေါ်လာတဲ့အထိ မင်းထက်သာအောင် ငါထားမယ်၊ သူ့စာရင်းထဲမှာ မင်းနာမည်ကို ဖျက်ပစ်လိုက်တဲ့နေ့ .."

"မင်း .."

"မင်းရှေ့ကို ငါခေါ်လာပြမယ် .. အဲဒါ ကတိ .."

"မသွားနဲ့ .. မင်း ငါ့သားကို မခေါ်ရဘူး.."

ဦးမြတ်တင် လဲကျနေရာမှ ရုတ်ခနဲထရပ်သည်။ ချက်ချင်း ပြန်လဲကျ၏။



"ဟား .. ဟား .. ဟား .."

"ချိုအေး မင်း ငါ့သားကို သွေးမထိုးနဲ့၊ မခေါ်သွားနဲ့ ဟိတ်ကောင်.. ငါ့သားတွေကို မင်း မထိနဲ့ .. ရပ် .. ရပ်စမ်း .."

"ဟား .. ဟား .. ဟား .."

နောက်က ပြိုလဲသံထပ်ကြားလိုက်တော့ ဦးချိုအေး တုံ့ခနဲပြန်ရပ်သည်။ သို့သော် လှည့်မကြည့်တော့ဘဲ မျက်နှာမော့၍ အားပါးတရ ရယ်သသည်။ ပြီးတော့ တစ်ယောက်တည်း အရူးလို စကားတွေပြောရင်း ရှေ့ဆက်ထွက်လာခဲ့လျက် ..၊

"ဟုတ်တယ် .. မင်း တစ်သက်လုံး အထင်သေးခဲ့တဲ့ အရူးကို မင်း ရှုံးပြီ၊ ငါ့ရဲ့ နှလုံးသည်းပွတ်ကို မင်း ထုတ်ယူသွားခဲ့သလို မင်းရဲ့ သည်းနှလုံးကို ငါ ထုတ်ယူနိုင်ခဲ့ပြီ မြတ်ထွတ်၊ မင်းရဲ့သားကို ငါ ဘာလုပ်မလဲဆိုတာ .."

စကားသံရော ခြေလှမ်းတွေပါ တုံ့ခနဲရပ်သွားခဲ့၏။ သူ့ရှေ့မှာ ..တူ မျက်နှာတူနှင့် လူသားနှစ်ဦးက ဆီးကြိုနေခဲ့လျက် ..၊

"အရူးက အရူးလိုလုပ်တာပဲ ဦးချိုအေး၊ ကောင်းနေတဲ့လူတွေကို ..တာ လှည့်စားနိုင်တယ်ဆိုတာ မရှိဘူး .."

ပြော၍ ရှေ့တက်လာသည့် လူငယ်ကို ဦးချိုအေး က စူးစိုက်ကြည့် ..ပြီးတော့ နောက်မှာ ကျန်ရစ်တဲ့လူရွယ်ဆီ ဖျတ်ခနဲအကြည့်ရောက် ..တာ ..၊

"မင်းက ငါ့သား .."

တုန်လှိုက်နေသည့် စကားသံနှင့်အတူ ကိုကို့ထံ ခြေလှမ်းတွေ ..ည့်လိုက်လျှင် ..၊

"ကျွန်တော့်အဖေက ဦးမြတ်ထွတ်တင် .."

ဦးချိုအေး ခြေလှမ်းတွေ တုံ့ခနဲပြန်ရပ်၏။ သူ့ကို ကျော်ဖြတ်ပြီး ..ဆီကို ပြေးဝင်သွားကြသည့် ခြေလှမ်းတွေကို ကျောခိုင်းလျက်တနေ

www.burmeseclassic.com

www.burmeseclassic.com



နားစွဲ့ထားရင်း ...၊

"ဟား .. ဟား .. ဟား .."

အရင်အတိုင်းပဲ ရယ်ချလိုက်သည်။ မျက်ဝန်းမှာ စိုစွတ်လာသည့် မျက်ရည်များက ပန္နပွန်ကို ဝေဝါးစေခဲ့လျက် ဒေါသထန်နေသော မျက်နှာလေးတစ်ခု သူ့မျက်နှာရှေ့မှာ ပေါ်လာသည်။

"ငါ သူ့ကို ဘယ်တော့မှ အရှုံးပေးမှာမဟုတ်ဘူး ချိုအေး၊ ဒါပေမယ့် ငါ့ကိုဘယ်တော့မှ အရှုံးပေးလာမှာမဟုတ်တဲ့ အဲဒီယောကျ်ားကိုမှ ငါက အသည်းနှင့်အောင်ချစ်တာ၊ ဟိုတုန်းကနေ ခုထိ နောက်သေတဲ့အထိ ငါ့တစ်သက်လုံးမှာ အချစ်ဆုံးယောကျ်ားက သူပဲ .."

"မယုဉ်စမ်းပါနဲ့ .. သူ့မှာ ရှိသမျှအရည်အချင်းတွေကို နင်ဘယ်တော့မှ လိုက်လို့မီမှာမဟုတ်ဘူး အဲဒါသိလား .. နင်က အမြဲတမ်းမရှိုးသားခဲ့တဲ့သူ၊ နင့် ရင်ထဲမှာ ရွံစရာကောင်းတဲ့ လျှို့ဝှက်မှုတွေရှိတယ်၊ နင့်ကို ငါ သိပ်မုန်းတယ် ချိုအေး .."

"အဲဒီ ရွံစရာအရှုပ်ထွေးတွေ ငါ့ကလေးမွေးတဲ့အထိ မပါစေရဘူး။ နင့်လိုလူ နင့်ရဲ့စရိုက်တွေကို ငါ့ကလေးမမြင်စေရဘူး၊ ငါ့ရှေ့ကို နောက်ဘယ်တော့မှ မလာနဲ့၊ ငါ့ယောကျ်ားနဲ့ ဝေးကွာနေသမျှ စက္ကန့်မိနစ်တိုင်း နင့်ကို တဖျစ်ဖျစ်မြည်အောင် မုန်းနေမယ့် မိန်းမက ငါပဲ .."

"ဟား .. ဟား .. ဟား .."

ခြေလှမ်းတွေက ယိုင်နဲ့လာသည်။ ရယ်သံက ငိုသံနှင့်အတူလာခဲ့၏။

"မုန်းစမ်းပါ .. မင်း ငါ့ကို ဟိုဘက်ကမ္ဘာထိမုန်းနေတုန်းမို့လား .. မင်း မုန်းနေသရွေ့ ငါ့ နှလုံးသားကလည်း မင်းကိုမမေ့နိုင်ဘူး ဖွေး .."

သူ လှေကားထိပ်ကိုရောက်လာတော့ လှေကားဆိုသည့်အသိနှင့် ခြေလှမ်းက နှေးကျသွားသည်။ သို့သော် .. နောက်ထပ် စိမ့်ယိုလာသည့် မျက်ရည်က မြင်လွှာအားလုံးကို ဟဝါပါးတစ်စလို ဖုံးလွှမ်းသွားပြန်၏။

"ငါ မင့်သားကိုခေါ်သွားနိုင်ရင် မြတ်ထွတ် ကို မုန်းတဲ့ အမုန်းတွေ



နဲ့ လက်သပ်မွေးမယ်၊ သူ့ကို မခေါ်နိုင်ရင်တော့ .."

ပြောနေရင်း ရင်ထဲမှာ နင့်ခနဲဖြစ်၏။

"မခေါ်နိုင်ရင်တော့ ငါက ဗီလိန်ပေါ့၊ ငါ့ကြောင့် – ငါ့ကြောင့် သူတို့စည်းလုံးချစ်ခင်သွားကြတယ်ဆိုရင် ဒါ နင့်အတွက်ဝါဝဲ၊ အသည်းကို နှစ်ခြမ်းကွဲပြီး ဗရမ်းဗတာ ပစ်ခွင်းခဲ့ပေမယ့် ဘယ်ကိုထိပါစေ၊ တစ်မှတ်တိုင်း မင်းကို ချစ်လွန်းလို့ပါ ဖွေး ရယ် .."

"ခုန်း .. ခုန်း .."

"ဟာ၊.. သူဌေး .."

ဟိုတယ်လ် တတိယတစ်ထပ်လုံး ဝရန်းသုန်းကား ပြေးလွှားထွက်လာကြ၏။ သိပ်မကြာသေးမီမှာ ဆေးရုံကား၏ အချက်ပေးသံ ဆူညံစွာ ထွက်ပေါ်လာကာ ..၊

ရှေ့နောက် ပွေ့ချလာသည့် လူနာနှစ်ယောက်သည် တစ်ယောက်က အရှုံးသမား၏ မချိပြုံးယဲ့ယဲ့နှင့်ရှိနေကာ တစ်ယောက်သည် ပြိုင်ဘက်တင်းသည့် ပထမဆုနှင့် ..၊

"ဘာတွေဖြစ်ကြတာလဲ .."

"မသိဘူး .."

တီးတိုးသံတွေထဲမှာလည်း သိထားသည့်စကားတစ်ခွန်းမှ မပါ။

ကားတစ်စီးထဲမှာ အတူယှဉ်တွဲပါလာခဲ့ကြသော ဦးမြတ်တင် နှင့် ဦးချိုအေး တို့ကတော့ မျက်နှာပေါ်မှာ ခံစားချက်တွေ အသီးသီးတင်နေဆဲပေမယ့် သတိလစ်မေ့မျောနေခဲ့ကြပြီး ပန္နပွန်ကို ဘာမှမသိ ..၊

ထိုလူနှစ်ယောက် တစ်နေရာရာမှာ ဆက်လက်ရန်ဖြစ်နေကြသည်လား ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"ဟိတ်ကောင် .. မင်း .. မင်း ငါ့သားကို ထားခဲ့စမ်း .."

"အစ်ကို .. အစ်ကို သတိထားပါဦး .."

ဟင် !...၊

တအားအော်လိုက်မိတာ ကိုယ့်ဘာသာ သိလိုက်သည်။ မျက်လုံးတွေ သေချာပွင့်လာတော့ မောဟိုက်နေသည့် ရင်ဘတ်က မို့မောက်ရှန်းကြွနေဆဲရှိကာ လည်ချောင်းထဲမှာ ကျင်ရှနေခဲ့၏။

ပြီးတော့ သူ့ဘေးမှာ ဒေါ်နွေးနွေး ရှိနေလျက် တစ်ဖက်မှာ ဒေါက်တာ၊ ခြေရင်းဘက်မှာ အိမ်က အလုပ်သမားနှစ်ယောက် စိုးရိမ်သည့်မျက်နှာတွေနှင့် ရှိနေကြပေမယ့် ...၊

"ငါ့သား .. ငါ့သား ပါသွားပြီလား၊ ငါ ဘယ်လိုလုပ် အိမ်ပြန်ရောက်နေတာလဲ .. ဟိုကောင် .."

"အစ်ကို .."

သူ အတင်း ငုတ်တုတ်ထထိုင်တော့ ဒေါ်နွေးနွေး က မွေ့ရာစပ်မှာ ပြောင်းထိုင်လိုက်ကာ သူ့ ရင်ဘတ်နဲ့ လက်ကို တယုတယထပ်ဆုပ်ကိုင်ထားကာ ...၊



"စိတ်အေးအေးထား အစ်ကို၊ သားကြီးရှိတယ် .. တစ်ချိန်လုံး သူ့အစ်ကို့ဘေးမှာရှိနေခဲ့တာ .."

ပြောပြနေတုန်းမှာ ကိုကို တံခါးဝမှာပေါ်လာ၏။ လူနာလည်း သတိရပြီမို့ ဆရာဝန်က နားလည်သည့် အပြုံးနှင့် ထွက်သွားခဲ့သည်။ ဒေါ်နွေးနွေး နေရာရွှေ့ထိုင်လိုက်ရင်း ...၊

"လာလေ သား .."

"သား .."

ဦးမြတ်တင် ထံမှ ခေါ်သံတိုးတိုးကြောင့် ရှေ့တိုးဖို့ တုံ့နှေးနေသည့် ကိုကို့ ခြေလှမ်းတွေ ပိုမြန်သွား၏။ ပြီးတော့ ဝမ်းသာတော့လည်း မျက်ရည်ဝေ့ပြန်ကာ ...၊

"ဖေဖေ .. ဖေဖေ ကျွန်တော့်ကိုခွင့်လွှတ်ပါ .."

"မဟုတ်ဘူး .. ဖေဖေက တောင်းပန်ရမှာ .."

ဦးမြတ်တင် ကမ်းထားသည့်လက်ကို ကိုကိုက ဆုပ်ကိုင်လိုက်ပြီး ဘေးကခုံမှာ ဝင်ထိုင်လိုက်၏။ မျက်နှာချင်းဆိုင်မိကာမှ နှစ်ယောက်စလုံး၏ မျက်ဝန်းအိမ်တို့မှာ မျက်ရည်တွေပြည့်သိပ်လာကြကာ ...၊

"ကျွန်တော် မှားခဲ့တာပါ ဖေဖေ၊ ညီသာ အချိန်မီရောက်မလာခဲ့ရင် ခုလောက်ဆို .. ကျွန်တော် .."

"ညီ .. သားငယ်လား .."

"ဟုတ်တယ် .. ညီက .. ကျွန်တော့်ထက် ငယ်ပေမယ့် .."

ရှက်ရွံ့သိမ်ငယ်သည့် မျက်ဝန်းတို့ကို ခပ်စိုက်စိုက်လွှဲပစ်မိကာ...၊

"ဖေဖေ့ ကိုလည်း အထင်လွဲနေတယ်လို့ ထင်ရပေမယ့် ကျွန်တော့်ထက်ပိုတော်ပါတယ်၊ အတုနဲ့ အစစ် အမှားနဲ့ အမှန်ကို သူ ခွဲခြားနိုင်တယ်၊ ကျွန်တော့်ကတော့ ဖေဖေ ပြောသလို .."

"တော်ပါတော့ကွာ .. မင်း ဖေဖေ့ကို တကယ်နားလည်ရင် အဲဒီအတ္တတွေနောက်ထပ်ရှုတ်မပြပါနဲ့တော့၊ ငါ့သားတွေ ဘယ်လိုလျှပ်ခြစ်ခြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့သားတွေပါ၊ ဖေဖေ မင်းတို့ကိုသာ ဆုံးရှုံးလိုက်ရမယ်ဆိုရင် ဘာဖြစ်သွားနိုင်မလဲ တွေးတောင်မတွေးရဲတော့ဘူး၊ အဲ့ဒါ သစ္စာစကားပါ ..."

ဦးမြတ်တင် ငိုနေရင်း ပြုံးနေခဲ့လျက် ...၊

'နောက်ဆို ဖေဖေတို့မိသားစု အေးအတူပူအမျှ သိုက်သိုက်ဝန်းဝန်း နေသွားနိုင်ပြီ၊ ဒီအတွက်စိတ်တွေကိုလည်း ဖေဖေ စွန့်လွှတ်ဖို့ကြိုးစားမယ် .. သားငယ်ရော ..'

"သူ့ အပြင်မှာရှိတယ် ဖေဖေ .. ဖေဖေ ပြောသလို သူ့ကိုလည်း ဖေဖေ နားလည်ပေးလိုက်ပါ၊ ညီက ဖေဖေ့ကို ချစ်ပါတယ် .."

ဒီစကားကိုပြောရင်း ကိုကိုက ဦးမြတ်တင် လက်ထဲကို ဘူးလေးတစ်ဘူးထည့်ပေးသည်။ ကြည့်လိုက်တော့ ဦးချိုအေး သူ့ကို ဖွင့်ကြည့်နိုင်းခဲ့သည့် ဘူးလေးဖြစ်သည်။

"အဲ့ဒါတွေ မလိုဘူး သား .. မင်းအမေ အပေါ် ဖေဖေချစ်တဲ့အချစ်က သံသယကင်းတဲ့ အချစ်ပါ၊ ဒါပေမယ့် ရှင်းပြဖို့တော့ တော်တော်ခက်တယ်၊ သူ့အချစ်ကိုယုံတယ်၊ သူ့စိတ်ကိုလည်း နားလည်တယ်၊ ဒါပေမယ့် ဖေဖေ မရောင့်ရဲနိုင်ခဲ့ဘူး၊ သူ့ရဲ့ အရာရာမှာ ဖေဖေက နံပါတ်တစ် ဦးစားပေးမဟုတ်ခဲ့ဘူးဆိုတဲ့အသိက အတ္တကို အဆိပ်တက်စေခဲ့တယ်.."

"ဒါပေမယ့် ဖွင့်ကြည့်လိုက်ပါ ဖေဖေ .. မေမေ့ကို ဖေဖေ ယုံကြည်တယ်ဆိုရင် ဒါကိုဖွင့်ကြည့်ရဲရမှာပေါ့ .."

ဦးမြတ်တင် က ဘူးကိုစိုက်ကြည့်နေရင်း ဘေးက တိတ်ပ်နှစ်ချက်ကို ခွာပစ်လိုက်ပြီးဖွင့်၏။ အထဲမှာ ဂွမ်းစဖြူဖြူလေးနှင့်ခံပြီး ထည့်ထားသော သံချေးကိုက်ရာတစ်ချို့နှင့် စတီးချိတ်လေးတစ်ချောင်း ...၊

ဒေါ်နွေးနွေး ကိုယ်တိုင် လည်ပင်းရှည်ကြည့်နေမိကာ သံချိတ်လေးကို မြင်လိုက်တော့ အံ့ဩသွား၏။

ကိုကိုက စိုက်ကြည့်နေရင်း ဖခင့်မျက်နှာကို အကြည့်ရောက်လျှင် ...

"အဟွန်း .."



ဦးမြတ်တင် ၏ မျက်ဝန်းနှင့် နှုတ်ခမ်းသားတို့မှာ ဘယ်လိုတင်စား ဖွဲ့နွဲ့ရမှန်းမသိလောက်အောင် ကြည်နူးပီတိနှင့် စွဲထင်လာသော အပြုံးတို့က လက်ဆတ်နေခဲ့ပြီး ...၊

"အဟွန်း .."

နှစ်ဖက်ကောက်ကွေးထားသော မသေမသပ်နှင့် ခပ်တွန့်တွန့်သံချိတ်လေးကို တုန်ယင်သောလက်တို့နှင့် ထုတ်ယူပြီးရယ်၏။ ပြီးတော့ ...

"ဒါ .. ဒါလေးကလေ မင်းအမေနဲ့ ဖေဖေတို့ ခိုးပြေးတဲ့နေ့က သူ့ဖိနပ်လေးပြတ်သွားလို့ ဆောင်းထားတဲ့ထီးကနေ ဒါလေးကို ရေမထာ ဖြုတ်ယူပြီး သူ့ ဖိနပ်မှာ ဖေဖေ ချိတ်ပေးခဲ့တာ .."

မြင်လိုက်တာနှင့် ချက်ချင်းမှတ်မိသွားသည့်အဖြစ်ကြောင့် ဦးမြတ်တင်ကိုကြည့်ရင်း ကိုကို ကျေနပ်စွာပြုံးမိ၏။ မိဘနှစ်ပါး၏အချစ်နှင့် သစ္စာတရားကို လေးစားဂုဏ်ယူရမှာလား၊ ကြောက်စရာကောင်းအောင် ကြီးမားခဲ့သည့် မာန်မာနတွေကိုပဲ ဆရာခေါ်ရမလား ...၊

"ဒါကို ငါ မဖွင့်ဘူးဆိုတာသိလို့၊ ချိုအေး တမင်လျှောက်ပြောသွားတာ၊ ဒီချိတ်လေးကို အမှတ်တရသိမ်းထားတယ်ဆိုတဲ့အကြောင်း မွေး ခဏခဏပြောနေသေးတယ်၊ ဒီကောင် တမင်ခိုးယူခဲ့တာပဲ .."

"ခုလည်း ဒီဘူးလေးကို ညီ ပြန်ယူလာခဲ့တာ ဖေဖေ .."

"အင်း .."

ပီတိအဟုန်နှင့် ပြုံးနေမိဆဲမှာ နေရာမှ ရှောင်ထွက်သွားဖို့ ပြင်နေသည့် ဒေါ်နွေးနွေး ကို သတိထားမိသွားကာ ...၊

"နွေး .."

ဒေါ်နွေးနွေး ကျောခိုင်းထားရင်း ရပ်တန့်သွား၏။ ဒီဘက်ကို ချက်ချင်းလှည့်မလာခဲ့ခြင်း၏အကြောင်းရင်းကို နားလည်လိုက်ကာ ...၊

"ငါ့ကိုခွင့်လွှတ်ပါ နွေး ရယ် .. ဒါတွေက အားလုံးပြီးခဲ့ပါပြီ၊ ဒီတစ်ခါလေးပဲ နားလည်ပေးပါ .."

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို .."

မျက်ရည်တွေကို ဘယ်လိုဖယ်ရှားလိုက်မှန်းမသိပေမယ့် ဒေါ်နွေးနွေး မျက်ဝန်းအိမ်တွေ နီရဲနေဆဲနှင့် ..၊

"ဘာလို့ တောင်းပန်နေတာလဲ အစ်ကိုရယ်၊ သားတွေနဲ့ အစ်ကို့ကို ချစ်ချစ်ခင်ခင်ရှိနေကြတာက နွေး လိုချင်ဆုံးဆန္ဒပါ၊ အစ်ကို့ စိတ် ချမ်းသာမှုက နွေး ရဲ့ ချမ်းသာမှုပဲ၊ ဘာမှထည့်တွေးမနေပါနဲ့၊ နောက်ဆို သားနှစ်ယောက်နဲ့ နွေး တို့ ပျော်ပျော်ရွှင်ရွှင်နေကြရမှာလေ .."

သူမကတောင် ပြန်အားပေးနေခဲ့သေးသည်။ ဦးမြတ်တင် ပြုံးနေရ ပေမယ့် ဒေါ်နွေးနွေး အတွက် သာယာမှုပေးနိုင်အောင် ကြိုးစားဖို့လည်း သတိတရရှိနေခဲ့လျက် ..၊

## အခန်း (၄၆)

"ဘာအတွက်နဲ့ ဒီကိုလာတာလဲ ကိုကို .. ဒီဆိုင်မှာ ချစ်သူတွေ အတွက် အစီအစဉ်တွေ ဘာတွေနဲ့ သိပ်ရှုပ်တာ .."

"ကိုယ်တို့က စေ့စပ်ပြီးသားပဲ .."

"အခု အားလုံး ဖျက်ပြီးခဲ့ပြီ .."

ကိုကိုက စစ မျက်နှာလေးကို အကဲခတ်နေရင်း ပြောဖို့စကားကို ချင့်ချိန်နေရကာ ..၊

"စစ လုပ်စရာတွေရှိသေးတယ်၊ တွေ့တွေ့ထူးထူးကိစ္စမရှိရင် ပြန်မယ်"

"ရှိတာပေါ့ကွ .. မင်းကို .. အဲ .. မင်းပဲ ကိုယ့်ဘက်က ပွင့်လင်း တာကို လိုချင်ခဲ့တယ်ဆို .."

"အဲ့ဒီတော့ .."

"အခု ပွင့်ပွင့်လင်းလင်း မေးချင်လို့ .."

"ဘာလဲ .."

"ကိုယ့်ကို ပြန်မမေးနဲ့ .. ကိုယ်မေးတာပဲဖြေ .."

"အံမယ် .."

"ဟုတ်တယ် .. အခု လူကြီးတွေရှေ့မှာ ကိုယ်တို့ဖက်လာထိန္နတို

www.burmeseclassic.com

www.burmeseclassic.com



မင်းဘက်က လုံးဝရှေ့မဆက်နိုင်ပါဘူးလို့ ယတိပြတ်ပြောထွက်သွားတာ ဘာကြောင့်လဲ ..."

"အဲဒါ ဘာများမရှင်းတာပါသွားလို့လဲ .. ရှေ့မဆက်နိုင်ပါဘူးဆိုမှတော့ ရှင်ကြီးကို လက်မထပ်ချင်လို့ပေါ့ .."

"အစတုန်းကတော့ မင်းဘက်က သာသာထိုးထိုး လိုလားခဲ့တာလားလို့ .."

"ဘာ ..."

"ဆောရီး .. တည့်တည့်ပြောမှ မြန်မြန်ပြီးမှာမို့လို့ .."

တစ်ဖက်သားအပေါ် တုတ်ထိုးအိုးပေါက်ပြောတတ်လွန်းသည့် ဆေး ကို သတိရသွားကာ ကိုကို့ မျက်နှာကို စိုက်ကြည့်မိသည်။

"ဟုတ်တယ်လေ .. ချောတောမောတောလေးဆိုတော့လည်း ရှုသာ ရှိုက်သာတော့ရှိမှာပဲလို့ တွက်ခဲ့တာ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"အခု မရှုသာ မရှိုက်သာဘူးလို့ မင်း ပြောချင်တာလား၊ ဘယ်လိုပိုးကျားတာလဲ .."

"ရှင်နော် .."

ထိုစဉ် ကော်ဖီနှစ်ခွက်ရောက်လာတော့ အသည်းပုံလေးတွေ လှုပ်လီလှုပ်လဲ့တင်လျက် ...၊

"အဲဒါပဲ .."

နှာခေါင်းလေးရှုံ့ပွပွနှင့် ပြောကာ ဖွန်းနဲ့ထိုးမွှေပစ်လိုက်၏။ ကိုကိုက မျက်တောင်ဖျားတွေ မေးစင်းကြည့်နေကာ ...၊

"အင်း .. တကယ်ပြတ်ပြတ်သားသား ဖြစ်သွားလို့ ငြင်းခဲ့တာပဲ.."

"ဟွန်း .. ညီကိုများ ကြိုက်သွားတာလား .."

"ပြောလို့မရဘူး .."



"တည့်တည့်ဖြေပါကွာ .."

"ဖြေချင်မှ ဖြေမှာပေါ့ .."

ထိုစဉ် ဆိုင်ထဲကိုဝင်လာသည့် စုံတွဲတစ်တွဲဆီ အမှတ်တမဲ့မျှော်လှမ်းကြည့်မိ၏။ သို့သော် စစ ပန်ထားသည့် နှားဆွဲလေးနှစ်ဖက် လှုပ်ခါသွားတဲ့အထိ လိုက်ထပ်မော့ကြည့်လိုက်မိတာ မယုံနိုင်စွာ ...၊

ဆေးသားညီ ...၊

လည်ကပ်အင်္ကျီအနက် ဂျင်းဂျက်ကက်နှင့် အုန်းခွံရောင်လှဲ့နေသည့် ရွှေကိုင်နဲ့ မျက်မှန်ကို တပ်ထားသေးသည်။ ထို့ပြင် သူနဲ့ပါလာသည့် အမျိုးသမီးကလည်း သူနဲ့ မျက်မှန်ဆင်တူဖြစ်ကာ ကြေးညိုစိမ်းရောင် ခေတ်ဆန်ဆန် မြန်မာဝတ်စုံနဲ့ဖြစ်သည်။

အနီနဲ့ အဝါရောင်ပိုးချည်နှင့် ပန်းခက်တွေက အင်္ကျီနဲ့ ထမီမှာ မဟာဆန်အောင် လှနေပေမယ့် ရင်ဘတ်နဲ့ လက်မောင်းတွေမှာ အဝါသား ထည့်ထားပုံက ဘာအကာအကွယ်မှ မပါသည့်အတိုင်း ...။

ဒါပေမယ့် တော်တော်လှနေတာ အမှန်ပဲဖြစ်သည်။ ဆိုင်ထဲမှာရှိသမျှ စုံတွဲတွေတောင် သူတို့အတွဲကို လှည့်ကြည့်ကြတဲ့အထိ နှစ်ယောက်က လိုက်ဖက်၏။

စစ ပို၍ ကြေကွဲသွားခဲ့တာက သူမက ဆံပင်ရှည်ကြီးတနွဲ့နွဲ့နဲ့ ဖြစ်ကာ ကိုယ့်ပုံစံနဲ့တော့ ဘာမှမဆိုင် ...။ ကိုကို ကတော့ သူတို့ဝင်ထိုင်လိုက်သည့် စားပွဲကို ကျောပေးထားတာမို့ ဘာကိုမှ မမြင်၊ သတိလည်း မထားမိပေ ...။

"ကိုယ်တို့နှစ်ယောက်ထဲက မင်း ဘယ်သူ့ကိုပဲ ရွေးရွေး .."

စကားသည် ရှေ့ဆက်မရခဲ့ဘဲ စစ ရဲ့ မျက်ရည်ဝေ့နေသော မျက်ဝန်းလေးတွေကို သတိထားမိသွားကာ ...၊

"မင်း ဘာဖြစ်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



သူမက ဖျတ်ခနဲမျက်နှာလွှဲလိုက်သော်လည်း ကိုကိုက ရိပ်မိသွားခဲ့ပြီး နောက်ကို လှည့်ကြည့်လိုက်၏။ ထိုအခါကျမှ စစ နဲ့ မျက်နှာချင်းဆိုင် နေရာယူထားသည့် ဆေး ကို မြင်သွားသည်။

ဝိတ်တာကို တစ်ခုခုပြောနေသည့် ဆေး က သူတို့ကိုမြင်ပြီးပြီ လား၊ မမြင်သေးဘူးလား ဒါမှမဟုတ် မြင်ခြင်းမမြင်ခြင်းက အရေးမပါ ခဲ့တာလားဆိုတာ မသိ ...။

ဒီဘက် ပြန်လှည့်လိုက်တော့ သူ တအံ့တသြကြီးဖြစ်သွားလေသည်။ စစ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်နေခဲ့လျက် ...၊

"ဟာ ... ငိုနေတာလား ..."

လို့ မေးလိုက်ကာမှ ပေါက်ခနဲကြွေကျ၏။ ထိုစဉ် ကောင်တာကနေ မိန်းကလေးတစ်ယောက်ထွက်လာပြီး ထိပ်ဆုံးက စားပွဲကို စာအုပ်နဲ့ ဘောလ်ပင်ပေးပြီး ဘာတွေပြင်ဆင်ခင်းကျင်းနေသည်မသိ ...။

စစ မမြင်သော်လည်း ကိုကိုက လှမ်းကြည့်ကာ ...၊

"မင်း မကြိုက်တဲ့ အစီအစဉ်တွေတော့ စပြီကွ ..."

သူပြောမှ လှမ်းကြည့်ပြီး စစ က ဆလင်းဘာတ်ခ်ကို ကောက်ကိုင် လိုက်သည်။

"ဘာလုပ်တာလဲ ... သူတို့ပြောတာလေးလိုက်ပြောပြီး ကံကောင်းရင် မဲတွေဘာတွေတောင် ပေါက်ဦးမှာ ..."

"ဒါဆိုလည်း ရှင့်ဘာသာ စောင့်နေလိုက်တော့ ..."

"စစ ... မင်း အဲလို ရုပ်ပျက်ဆင်းပျက် မလုပ်နဲ့လေ ..."

"ရှင် ... စစ လက်ကိုလွှတ်နော် ကိုကို ..."

"မင်းက ဘာဖြစ်လို့ ထွက်သွားဖို့လုပ်နေတာလဲ၊ လူတစ်ယောက် လုံးရှေ့မှာထားပြီး အသည်းကွဲမျက်ရည်တွေကျပြနေတာ ဖြစ်ချင်းဖြစ် ငါက ဖြစ်ရမှာ ..."



"ကိုကို ..."

"ပြော ..."

"ရှင်တို့ညီအစ်ကိုတွေ စစ ကို လှည့်ပတ်လှောင်ရယ်နေကြတာ မကျေနပ်နိုင်သေးဘူးလား ..."

စားပွဲပေါ်မှာ အတင်းဖိဆွဲကပ်ထားသည့်လက်ကို ရုန်းနေရင်း စစ မျက်ရည်တွေ နောက်ထပ်အားကောင်းလာကြသည်။ ကိုယ့်ဘက်ကို လှည့်ထိုင်နေသည့် ဆေး ကို မမြင်စေချင်သော်လည်း ဘာမှမတတ်နိုင်တော့ ဘဲ ဒီတိုင်းပဲ မျက်ရည်တွေကို ပွတ်သုတ်ပစ်လိုက်မိကာ ...၊

"ဖယ် ... လွှတ် ..."

"ညီ ကို မင်း သဝန်တိုနေတာလား ... သူက အလုပ်လုပ်နေတဲ့သူ ပဲ တွဲလာတိုင်း ချစ်သူ ဟုတ်ချင်မှဟုတ်မှာပေါ့ကွ ..."

"ဟုတ်ဟုတ် မဟုတ်ဟုတ် ဖယ်ပေး ..."

လက်ကိုဆောင့်ရုန်းပစ်ကာ စစ ဆိုင်ထဲကနေ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ ကားကိုဖြတ်ကျော်လျှောက်ခဲ့သော်လည်း နောက်ကနေ လက်ကို ဆောင့်ဆွဲလိုက်သဖြင့် ကိုယ်က တစ်ပတ်လည်ပါသွား၏။

ဆေး အပေါ်မှာ နာကျင်ခံစားနေရသည့်စိတ်က လူကို အရုပ်တစ် ရုပ်လို ဆွဲခါပစ်လိုက်တာကြောင့် သည်းခံစိတ်တို့ ပျောက်ရှသွားခဲ့ပြီး...၊

"ကဲ ... ဟာ ..."

"ဟော့ ... မင်း ..."

ဘယ်လိုမှ မထင်မှတ်လိုက်သဖြင့် ကိုကို ဒေါသူပျောဝါးရှောင် လိုက်ရ၏။ သို့သော် မြန်လွန်းသည့် ရိုက်ချက်က ပါးတစ်ဖက်ထိုရှင် ၍ ဆံပင်တွေကို ဖွာခနဲလွင့်ထွက်သွားစေလျက် ...၊

"ယဉ်စစခင် ... မင်း ... မင်းနော် ... ငါ အဲဒါမျိုးဘာတ်သွန်းထာမှ သည်းခံခဲ့တာမဟုတ်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"အား .."

"ဂျိမ်း .."

တံခါးဆွဲဖွင့်ကာ လှကို တွန်းထိုးပစ်ထည့်လိုက်သည်။ အဝတ်ထုပ်တစ်ထုပ်လို တွန်းချလိုက်ပြီး တစ်ချက်မှ လှည့်မကြည့်ဘဲ ကားကို လီဗာတွေဖိနင်းပြီး မောင်းထွက်၏။

ယဉ်စစခင် လို့ ခေါ်လိုက်သည့်အသံကြောင့် စစ ခဏလေးအငိုက်မိသွားစဉ် သူ ထင်သလို အကြမ်းပတမ်းတွန်းထိုးသမျှ ဘာမှကို မကာကွယ်နိုင်ဘဲ ပါသွားခဲ့၏။

ကိုကို ဒီလောက်ခေါ်သကြီးတာ မမြင်ခဲ့ဖူးပါ။ ဘယ်တုန်းကမှလည်း သူမကို နာမည်အစအဆုံး ခေါ်ခဲ့တာမရှိ ..။ အမြန်နှုန်းနှင့် မဆင်မခြင် မောင်းနေသည့်ကားက လမ်းမပေါ်ကနေ ဖုံဆင်းကာ ဘယ်ကိုဦးတည်နေသည်ဆိုတာလည်း မသိခဲ့ဘဲ စစ တွေးချင်ရာတွေးနေမိသည်။

သူက ကိုကို ဟုတ်ရဲ့လား ..၊

"ဒုန်း .."

"အ .. ရှင့်ကား .."

ကား ဘယ်ကိုမောင်းနေတာလဲလို့ မေးဖို့ သတိရတော့ ကားသည် ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ ထိုးရပ်သွားပြီဖြစ်၏။ အထဲမှာ ထရပ်ကားကြီးတွေလည်းရှိနေကာ အတွင်းပိုင်းမှာ တစ်ထပ်တိုက်ပြားလေးနှင့် ဘေးမှာ အလုပ်သမားတန်းလျားပုံစံ အဆောက်အဦးတွေလည်းရှိနေသည်။

ကျောက်စရစ်ပုံ အုတ်ပုံကြီးတွေ တစ်ဖက်စီမှာ ပုံထားနေသဖြင့် အုတ်သဲကျောက် ရောင်းတဲ့နေရာ သို့မဟုတ် အဆောက်အဦးတစ်ခုခု ဆောက်လုပ်ရန် ဆိုက်ဒ်ဝန်းတစ်ခုလည်း ဖြစ်နိုင်၏။

သူ ကားပေါ်ကဆင်းပြီး တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်လိုက်တာနှင့် ကားနားက လူရှယ်တစ်ချို့ အံ့ဩသလို လှည့်ကြည့်ကြသည်။



"အောက်ဆင်း .."

မျက်တောင်ဖျားမှာ မျက်ရည်စတို့ စိုကပ်နေဆဲ မျက်နှာလေးဟာ ဖတ်ဝန်းကျင်နဲ့ သူ့ကို နားမလည်သလိုမော့ကြည့်နေပြီး မဆင်းဘဲ ခပ်ကုပ်ကုပ်လေးလုပ်နေသဖြင့် ..၊

"ဆင်း ဆိုမှကွာ .."

သူမ လက်မောင်းလေးကို ဆုပ်ကိုင်ပြီး အတင်းဆွဲချလိုက်၏။ လှမ်းကြည့်နေကြသည့် မျက်လုံးတွေက အနားကိုလည်း မလာကြဘဲ ဘယ်သူမှလည်း ဘာမှ မမေးပေ ..။

"ဒီမှာ ငိုလို့ရပြီ .. စိတ်ကြိုက် ငိုတော့ .."

သူမကို ရုံးခန်းလေးထဲ ထည့်လိုက်ပြီး ချာခနဲပြန်ထွက်သွား၏။

"ဆေးသားညီ .."

အပြာရောင် ခန်းဆီးကို လက်ကဆွဲဖယ်လိုက်ပြီးမှ ဆေး ခြေလှမ်းတုံ့သွားသည်။

"ရှင်က ဆေးသားညီ မို့လား .."

"သိသွားပြီလား .."

သူမဘက်ကို ပြန်လှည့်လာသည့် မျက်နှာက ရယ်မြူးခြင်းတစ်စက်မှ မရှိသည့်ပြင် ဒေါသတွေနှင့် တင်းနေလျက် ..၊

"လူတစ်ယောက်က ကိုယ့်အတွက် မေ့ပစ်စရာမဟုတ်တော့ဘူးဆိုရင် အဲ့ဒီလူရဲ့ အနီးအနားမှာ ရောက်နေရင်တောင် သူ့ရဲ့ အငွေ့အသက်ကို သိနေရမယ်၊ မင်းကတော့ မင်းရှေ့မှာ နာရီနဲ့ချီပြီး ငုတ်တုတ်ထိုင်စကားပြောနေတာတောင် .."

"အဲ့ဒီလူကိုယ်တိုင်က ပိပိရိရိ လိမ်ညာနေတာကို စစ က ဘယ်လိုလုပ်ပြီးသိမြင်နိုင်မှာလဲ .."

"မင်း မကြည့်လို့ မသိတာ ယဉ်စစခင်၊ အရာရာတိုင်းကိုသိဖို့

www.burmeseclassic.com



*မျက်လုံးနှစ်လုံးကိုပဲ အားကိုးလို့မရဘူး၊ ငါကလည်း မင်း မြင်လို့ သိသွား*တာကို မလိုချင်ဘူး၊ မင်း မှတ်ထားတာ ဘာလဲ .. ဂျင်းဝတ်ထားတာက ဆေးသားညီ လား .."

ဒါကိုပဲ ဆေး တော်တော် မကျေနပ်ဖြစ်နေပုံရှိကာ ..၊

"ငါနဲ့ အဲ့ဒီလို ချွတ်စွပ်တူနေတဲ့ အမွှာရှိနေတော့ မင်း အမြဲတမ်းပဲ ခွဲခြားမရဖြစ်နေရင် .."

"ဟုတ်တယ် .. မှားနေမှာပဲ ရှင်က ဘာကို မကျေမနပ်ဖြစ်နေတာလဲ ဆေးသားညီ .. ရှင်နဲ့ စစ ဘာဆိုင်လို့လဲ ..၊ ဆေးသားညီ ဖြစ်ဖြစ် ကိုကို ဖြစ်ဖြစ် ဘယ်သူကမှ အရေးမပါဘူး .. ဖယ် .. ကျွန်မပြန်မယ်.."

စစ ခြေလှမ်းပြင်တာနှင့် သူက ရှေ့က ပိတ်ရပ်ထားကာ ..၊

"မင်းရဲ့ မျက်ရည်တွေ ခုထိ မခြောက်သေးဘူး .."

"မျက်ရည်ကိုက လွယ်တာ .. အရှုံးမို့ကျတာ .. ယဉ်စစခင် က အစတည်းက ရှင်တို့အတွက် အရှုံးမပဲ .."

"မင်းကို ငါ အပြစ်တင်မလို့ခေါ်လာတာ .. မင်းက ပြန်ပြီး ဦးအောင်တွယ်နေတာပါလား .."

"ရှင် အပြစ်တင်တာခံရအောင် ရှင့်အတွက် စစ က တာဝန်ထမ်းဆောင်နေတာမို့လို့လား၊ ရှင့်အစ်ကိုကိုလည်း လက်မထပ်နိုင်ပါဘူးလို့ အားလုံးရှေ့မှာ ငြင်းခဲ့ပြီးပြီ အားလုံးလည်း ကျေနပ်တယ် .."

"ကျေနပ်တာပေါ့ .. ကိုကို ကိုယ်တိုင်က မင်း ငါ့ကို စိတ်ဝင်စားနေတာ သိထားတာကိုး .."

"ရှင်လည်း ရူးသွားပြီး .. ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့ ဘဝင်ရူး .."

"ဒါဆို မင်း ငါ့ကို နည်းနည်းလေးတောင် စိတ်မဝင်စားခဲ့ဘူးပေါ့.."

"အပိုတွေ လျှောက်မေးမနေနဲ့ .. ရှင် ဖယ်နော် .."



ထိုစဉ် ခန်းဆီးအပြင်မှာ လူရိပ်တစ်ရိပ်ရောက်လာ၏။ ဒါပေမယ့် ဖျတ်ခနဲပြန်လှည့်သွားသည်။

စစ လှမ်းမြင်လိုက်သဖြင့် မျက်နှာပူသွားကာ ..၊

"ကျွန်မတို့ ဟိုတစ်ခါကလို ပြဿနာတက်လိမ့်မယ် .. ဖယ်ပေးပါ .."

"ပို့ပေးမယ် .. ဒါပေမယ့် ဒီမှာ မင်း ကိုယ့်ကိုကြည့် .."

ကြည့်ဆိုတော့လည်း ကြည့်မိပြန်၏။ မျက်ခုံးထူထူနှင့် စူးရဲနေသော သူ့မျက်လုံးတွေက ကိုကို့ မျက်လုံးတွေနဲ့ ဘယ်တုန်းကမှ မတူခဲ့ပါ။

ဒါပေမယ့် သူမ မသိခဲ့ပေ။ မသိစိတ်ကနေပဲ သူ့အပေါ်မှာ ဆေးသားညီကို ပြောဆိုဆက်ဆံသလိုမျိုး ပြောဆိုနေခဲ့တာဖြစ်၏။

တစ်ချက်တစ်ချက် အကြည့်တွေ ပြောလိုက်သည့် စကားလုံးတွေမှာ ဖျတ်ခနဲ ဖျင်းခနဲတွေဝေအုံ့ဩသွားခဲ့တာလည်းရှိသည်။ ဒါပေမယ့် ခွဲခြားမကြည့်မိခဲ့ပေ ..။

ဒါတွေသာ အပြစ်တစ်ခုဖြစ်ခဲ့ပါလျှင် ..၊

"ပြောလေ .. ရှင့်ကို မကြည့်ရဲရအောင် ကျွန်မက ဘာတွေလိမ်ညာလှည့်ဖျားထားတာရှိလို့လဲ .."

"ရှိနေမလားသိချင်လို့ပေါ့ .. မင်း ငါ့မျက်လုံးတွေကိုကြည့်ဖြေ၊ ခုန ဘာဖြစ်လို့ ငိုတာလဲ .."

မျက်ဝန်းလေးတွေ လွှဲပစ်တော့မလို လှုပ်ရှားသွားခဲ့၏။ သို့သော် သူ့နှုတ်ခမ်းက ခပ်လွန့်လွန့်မဲ့ပြုံးကြောင့် မျက်နှာကို တင်းထားလိုက်မိကာ ..၊

"သိပ်ကြီးချင်တယ် ဟုတ်လား .."

"ဟုတ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းမှန်းလွန်းလို့ .."

"သြော် .."

"ရှင် .. ရှင်ဟာ သိပ်ကိုကြောတဲ့လူ၊ စကားပြောတာရော လူကို ပိုင်စိုးပိုင်နင်းဆက်ဆံတာရော .."

"ဟာ !..."

"ဖယ်ပေး .. သွား .. ရှင် လက်ကိုလွှတ်နော် .."

စစ ပြောရင်းငိုရင်းနှင့် သူ့ကို ထုနက်ရိုက်ပုတ်တော့သည်။ ဆေး က သူမ ပခုံးလေးကို အတင်းလှည့်ယူဖြီး မျက်နှာချင်းကပ်၍ ...

"ကိုယ် ဘာတွေပြောခဲ့လို့လဲ .."

"မသိဘူး .. သွား .."

"ပိုင်စိုးပိုင်နင်း ဆက်ဆံတယ်ဆိုတာက ကိုယ်နမ်းခဲ့မိတာကိုလား"

"ရှင်နော် .."

"ဒီမှာ ကိုယ့်ကိုကြည့် .."

"ဟင့်အင်း .."

"မျက်ရည်သုတ်ပေးမလို့ .."

"မသုတ်နဲ့ .."

"ဟာ .. အတင်းရုန်းနေတာပဲကွာ .. ဒီက ကြိမ်းမောင်းရမလား မှတ်တယ်၊ လူကို ပါးလည်းရိုက်သေးတယ် ပြန်လည်းချော့ရဦးမယ် လုံးဝ မတရားဘူး .."

"မတရားဘူးထင်ရင် လွှတ်လိုက် .. စစ ဘာသာပြန်မယ် .."

"မင်း ငိုပြီး ထွက်သွားရင် အပြင်က ကိုယ့်ကောင်တွေ ဘယ်လို ထင်ကုန်ကြမလဲ .."

စစ မရုန်းတော့ဘဲ မျက်ရည်တွေသုတ်ပြီး ရှိုက်နေ၏။ ဆေး က မေးဖျားလေးကို မော့ယူလိုက်ပြီး မျက်ရည်တွေကို သုတ်ပေးလျှင် ငြိမ်



နေပြီးမှ လက်ကိုပုတ်ချပစ်၏။

"ပြန်မယ် .."

"မရဘူး .. မင်း မသိတာရော ပါးရိုက်ခဲ့တာအတွက်ရော ကိုယ့်ကို ပြန်လျော်ပေးရမယ် .."

"အို .. မထိနဲ့ .."

သူ့မျက်နှာအောက်က အတင်းရုန်းပစ်ပြီး ခါးခါးသီးသီးငြင်းဆန်တာ။

"ရှင်တို့နှစ်ယောက်ကို မခွဲခြားနိုင်တဲ့အတွက် ကျွန်မအသားကို ထုံးဝထိဖို့ မကြိုးစားနဲ့ .."

"ဒါ လွယ်ပါတယ် .. မင်း မှတ်မိသွားအောင် ဟိုတစ်ခါတုန်းက အတိုင်း တစ်ထပ်တည်းတူအောင် နမ်းပေးမယ် .."

"အို .. မရပါဘူး .. ရှင်နော် .."

စစ သူ့ရင်ခွင်ထဲရောက်သွားကာ ရောင်စုံမွေ့ရာပြင်ထက်မှာ ပန်းရနံ့တို့နှင့် မွှေးထုံနေခဲ့၏။ ပြီးတော့ လိပ်ပြာတောင်ပံခတ်သံလေးတွေကို ကြားနေရသည်။

ပြီးတော့ လေညှင်းနုနု၏ စိမ့်သက်ခြင်းသည် လေငွေ့နွေးတို့ဖြစ် နေခဲ့လျက် စိမ်းသက်သော ကမ္ဘာခြားတစ်ခုမှာ လွင့်မျောနေခဲ့၏။

ဖလှပ်လှပ်စီးမျောနေသည့်နောက်မှာ သူ့ကို သူမ နှစ်သက်မြတ်နိုး စွာ ပြန်၍ ဖက်တွယ်ထားခဲ့မိလျက် ...၊

"ဆေး .. ရေ .."

ခေါ်သံကြောင့် စစ ဖျတ်ခနဲ သတိဝင်လာကာ သူ့ကို တွန်းဖယ် လိုက်မိ၏။

"ဆေး .. အပြင်မှာ ဦးကောင်းဖဲ ရောက်နေတယ်ကွ၊ သူ ကိုယ်တိုင် လိုက်လာတာ မင်းနဲ့ တွေ့ချင်လို့တဲ့ .."

နေမျိုး က ကိုယ်ပျောက်သံပေးသွားသည်။ ဆေး က စစ ကိုယ် သားကို ပြန်ဖက်ထားလိုက်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲ စောင့်နေနော် .. ကိုယ်တို့ ဒီနေ့ အပြင်က အဆောင်ပြေတဲ့ တစ်နေရာမှာ သွားထိုင်ပြီး စကားပြောမယ်၊ မင်းသွားချင်တဲ့ နေရာရှိ ရင်လည်း လိုက်ပို့မယ် .. ပြီးရင် .."

သူ စစ နဖူးလေးကို ငုံ့နမ်းလိုက်ကာ ..၊

"မင်းကို လက်ထပ်ခွင့်တောင်းမယ် .."

"ဟာ .. အဲ့လိုမလုပ်ပါနဲ့ .. ကိုကို နဲ့ ခုပဲ ဖျက်ခဲ့တာ .."

"အဲ့ဒါနဲ့ မင်းကို ကိုယ်က ရပိုင်ခွင့်မရှိတော့ဘူးလား .."

"ဒါပေမယ့် ချက်ချင်းကြီး .."

"ကိုယ် တစ်ခုခု ဆုံးဖြတ်ပြီးရင် ချက်ချင်းအကောင်အထည်ဖော် ရမှ ကျေနပ်တာ .."

"ဒါက အိမ်ထောင်ရေးလေ .."

"ဒါကြောင့် ပိုအရေးကြီးတာ၊ မင်းကို ကိုယ်ရမှဖြစ်မယ် .."

သူမ ပါးပြင်လေးကို တစ်ချက်ဖျစ်ပြီး ဖက်ခနဲပြန်ပုတ်သွား၏။ စစ ထို ပါးလေးတစ်ဖက်ကို လက်နဲ့ပြန်စမ်းကိုင်ရင်း တစ်စုံတစ်ခုကို သတိရသွားသည်။

ဦးကောင်းခံ ..၊

ဘုရား .. နာမည်တူတာဖြစ်ပါစေ ..၊

ခန်းဆီက ဓာခန်းဆီးမို့ ပြတင်းပေါက်ရှာကာ ထိုဆီပြေးသွားမိ သည်။ တရုတ်ကပ်မှန်တွေကို အကုန်တင်မထားသဖြင့် အဆင်ပြေသွား သည်။

ချောင်းကြည့်လိုက်မိတော့ အပြင်စားပွဲရဲ့ဘေးမှာ ဆေး ကလည်း မတ်တပ်ရပ်နေတာဖြစ်ကာ ဦးကောင်းခံ က မျက်နှာချင်းဆိုင်ရပ်ပြီး စကားပြော၏။

ဆေး ရဲ့ အရပ်ကြီး မိုးနေသဖြင့် ဦးကောင်းခံ ရဲ့ ပခုံးစွန်းနဲ့ မျက်နှာ တစောင်းကို မဈို့မဝို့ပဲဖြစ်ရပေမယ့် ထိုမျှလောက်နဲ့ပဲ စစ အသက်ရှူ



ရုပ်မတတ်ဖြစ်သွားခဲ့၏။

"ဖေဖေ .."

နှုတ်မှ တီးတိုးခေါ်ရင်း တံတွေးမျိုချမိ၏။ မိဘဆွေမျိုးတွေအားလုံး နိုင်ငံခြားမှာပဲ အခြေချတဲ့သူချ၊ အလုပ်လုပ်တဲ့သူတွေလည်း လုပ်ကြနှင့် ဖေဖေလည်း ထိုနည်းတူစွာ ဖက်စပ်လုပ်ငန်းတွေကနေ ဂျပန်ကို လုံးလုံး လျားလျား ရောက်သွားခဲ့သည်။

ဘွားဘွားတစ်ယောက်သာ နိုင်ငံခြားတိုက်ဖျက်ရေးသမားဖြစ် လျှတ် စစ လည်း ဘွားကိုချစ်တဲ့ မြေးပဲဖြစ်သည်။ ဖေဖေတို့ စိတ်ဆိုး ပြီး သူမကို ထားခဲ့ကြတော့ ဘွား ရှိပါသေးသည်။

ဘွားဆုံးသွားတော့လည်း ချမ်းသာသမျှကို အားလုံးသိမ်းပစ်လိုက် ပြီး ဂျပန်လိုက်ခဲ့ဖို့ခေါ်သည်။ အဒေါ်ဖြစ်သူတွေလည်း စင်ကာပူမှာရှိ နေကြသဖြင့် ကြိုက်တဲ့ဆီမှာနေဖို့ ..။

ဒါပေမယ့် သူမ မနေခဲ့ပေ ..။ ဘိုးဘိုးတို့ ရှိတုန်းတည်းက စက်ရုံ မှာ မန်နေဂျာလုပ်ခဲ့သည့် သစ္စာရှိအလုပ်သမားကြီး ဦးမြင့်ဆွေ တို့လက် ခေါ်မှာ စစ ပျော်နေခဲ့၏။ ဖေဖေ ဘက်ကလည်း သိပ်တော့ မမှားပါ။ မေမေလည်း မရှိတော့ပြီမို့ သမီးကိုလက်ဆွဲပြီး စီးပွားရေးအဆင်ပြေရာ မှာနေဖို့သာရှိတော့သည့်အဖြစ်မှာ သူမက သွေးမတော်သည့် သူစိမ်း ခြံသားစုကို အားကိုးခဲ့၏

ဘဘဦးမြင့်ဆွေ တို့ သားအဖကလည်း သစ္စာရှိလူယုံတွေမို့ ဖေဖေ ခိတိုင်းထားသွားခဲ့သည်။ စိတ်ချသည်တော့ မဟုတ်ပေမယ့် စိတ်ဆိုးလို့ အဆွေဖြတ်စွန့်လွှတ်ခဲ့တာလည်း မဟုတ်သော်ငြား ..၊

"သမီးကို ဖေဖေ ဘာမှထောက်ပံ့မှာမဟုတ်ဘူးနော်၊ ပျော်ရာမှာ နေချင်တယ်ဆိုတော့ တော်သလိုနေတတ်မှ ဖြစ်မယ်၊ သမီး သူတို့ဘာသိ ထဲမှာ နေနိုင်သလား .."

ခေါင်းညိတ်လိုက်သည့် သူမကို ဖေဖေ တော်တော်စိတ်ဆိုးသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဏ်။ ဦးမြင့်စိုး တို့ကို လုပ်ငန်းလေးတစ်ခု ရင်းနှီးထားခဲ့ပြီး သမီးကို စောင့်ရှောက်ဖို့မှာသွားသည်။

ဒါပဲဖြစ်ကာ ဖေဖေ လုံးဝအဆက်အသွယ်မလုပ်ဘဲနေခဲ့တာ သုံးနှစ် ...။ နောက်ပိုင်းမှာမှ ဘက်သ်ဒေးပရဲယ့်ဆန်း(ထ်)တွေပို့၊ ကျောင်းတစ်နှစ်ပြီးတိုင်း ဆုအဖြစ် လက်ဆောင်တွေပို့ပေး အမျိုးမျိုးဆက်သွယ်လာခဲ့ဏ်။

"သမီး မသိလို့ပါ .. ကိုစိုး မဆုံးခင်တည်းက သူ့ဒွေးကြီးက သမီးအတွက် လိုလေသေးမရှိ ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေခဲ့တာ ပြောရရင် အဝေးမှာနေပေမယ့် သူ သမီးကို ဂရုစိုက်ကြည့်နေတာ သမီးရဲ့ ပြီးတော့ သမီး မေမေတို့နဲ့ ဒီလောက်ထိနေနိုင်တာကိုလည်း အံ့သြနေတယ် .."

မေမေ ပြန်ပြောပြတုန်းကလည်း စစ ဖေဖေ့ကို လွမ်းလွမ်းဆွေးဆွေး မဖြစ်ခဲ့ပါ။ ပြီးတော့ ဖေဖေ ဂရုစိုက်စောင့်ကြည့်နေသည်ဆိုတာကိုလည်း ဝမ်းသာပီတိဖြစ်တာမျိုး ထူးထူးခြားခြားမခံစားခဲ့ရပေ ..။

သူမအတွက်က မွေးတည်းက ရှေ့ဘုံပေါ်မှာ စံလာခဲ့ရတာဖြစ်သလို ဒါတွေကို မခံစားရတော့ဘူးဆိုရင်လည်း ထူးခြားဝမ်းနည်းမှာ မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် သူမ မက်မောတာက မိသားစုအသိုက်အဝန်းတစ်ခုပဲဖြစ်သည်။ ဆွေမျိုး တွေက တစ်နေရာစီ မေမေကလည်း မရှိတော့ပေ။ ဘွားဘွားကို တစ်ယောက်တည်းထားခဲ့ရမယ့်အပြင် အလုပ်ဖိလုပ်ကြိုးစားတော့မည့် ဖေဖေ့ဆီမှာ လိုက်နေရာမှာ သူမ တစ်ယောက်တည်း ..။

ထိုအချိန်မှာ သူမ ကလေးပေါက်စလေးမဟုတ်တော့ပါ။ ထို့ကြောင့် ကိုယ့်ကို ငယ်ငယ်တည်းက ဘိန်းကျောင်းလာခဲ့ကြသည့် ဦးမြင့်ဒွေးတို့ သားအဖကိုလည်း မိသားစုလို ခင်တွယ်နေပြီဖြစ်ဏ်။

အထူးသဖြင့် သားဖြစ်သည့် ဦးမြင့်စိုးနှင့် ဓနီး ဒေါ်ယဉ်ဆွေ ကို



အမေ အဖေလိုချစ်ခင်နေခဲ့ပြီဖြစ်ကာ ဖေဖေ့နောက်ကို မလိုက်ချင်သည့်ဆန္ဒက ပြတ်သားစွာဖြစ်ခဲ့ဏ်။

ဒီနေ့ထိ ဖေဖေနဲ့ သူမ အွန်လိုင်းမှာ စကားပြောဖြစ်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားပြောဖြစ်သည့်အခါတိုင်း ဖေဖေ့အကြည့်တွေက နာကျင်မှုတွေနဲ့သာ ..၊

"ဖေဖေ့ဆီကို သမီး လိုက်လာဖို့စိတ်ကူး ဘယ်တော့လောက်ဖြစ်မလဲ .."

"သမီးကလည်း ဖေဖေ့ကို ချော်နေတာ၊ မြန်မာပြည်က ဖေဖေ့အမိနိုင်ငံပါ၊ အလုပ်ကိစ္စရှိလို့ ခြေသည်လိုရောက်လာတာမျိုးမဟုတ်ဘဲ ဖေဖေ ချမ်းသာနေတာတွေ မြန်မာပြည်မှာ အထိုင်ချလို့ရပါတယ်.."

"ဒါကြောင့် ဖေဖေ ရောက်လာတိုင်း သမီးက ဖေဖေနဲ့ ဆော့ဖြစ်အောင် ရှောင်နေတာလား .."

"လွမ်းရမှာစိုးလို့ပါ ဖေဖေက ခဏတစ်ဖြုတ်လာတာလေ .."

"ငါ့သမီး စာတွေတော်တော်တတ်နေပြီပဲ .."

ဖေဖေ ဤသို့နာကျင်စွာရေရွတ်တတ်ခဲ့ဏ်။ သူမကတော့ ဖေဖေ နာကျင်သွားရှာပြီလို့ ဘယ်တုန်းကမှ မသနားခဲ့ပါ။ မေမေက ဤသို့ ပြောလာတိုင်းလည်း သူမမှာ ပြန်ပြောစရာ အဆင်သင့် ..၊

"သမီးကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ သနားတယ် .."

"မဟုတ်ဘူးလေ .. သမီးကို စွန့်ပစ်ခဲ့သလိုလို အများကဲ ထင်ပေမယ့် တကယ်က မထားချင်ဘဲထားခဲ့ရတာ ..၊ သူ့ဒွေးခင်မျာ ခုထိလည်း တစ်ပင်လဲလို့ တစ်ပင်ထူတာမျိုး မလုပ်ခဲ့ဘူး၊ ဘယ်လောက် အထီးကျန်ရှာမလဲ .."

"ဘာကြောင့် အထီးကျန်ရသလဲဆိုတာပဲ ဖေဖေ့ကို သိစေချင်တာ.."

သူမ ပြောခဲ့တာတွေရော ဖြစ်ပျက်ခဲ့တာတွေကိုပါ တွေးရင်းတွေးရင်း ခြေလှမ်းတွေက တံခါးဆီကို ရွေ့လျားသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ တွေးမိနေတာက မကြာသေးမီက ဒေါ်မွေးမွေး ပြောခဲ့သည့်စကားတွေ …၊

"ဆေးသားညီ ဆိုတဲ့ နာမည်နဲ့ပေမယ့် ကိုကိုပဲ သမီးရယ်၊ ဦးကောင်းဓံ တို့က တကယ့်နာမည်ကျော် စီးပွားရေးသမားတွေ၊ အစ်ကိုလည်း သူတို့နဲ့ ကင်းလို့ရတာမဟုတ်ဘူးလေ၊ အခု ဦးကောင်းဓံ တို့ကို ပြဿနာရှာခဲ့တာ သားကိုကို ဖြစ်နေတယ်၊ သူ့အဖေ စိတ်ဆိုးနေတာ အဲ့ဒါပဲ၊ ဦးကောင်းဓံ က ကိုကို့ကို ဒီက ကလေးမှန်းသိသွားတော့ ပိုဆိုးကုန်တာပေါ့ …"

ဖေဖေနဲ့ ကိုကို နဲ့ အဆင်မပြေကြဘူး …။ ခု တကယ့်အလုပ်သဘော ဆွေးနွေးနေကြတဲ့ပုံက ဆက်ဆံရေးမပျက် မျှသိပ်မှုတွေနဲ့လား …

ဒါမှမဟုတ် ကိုကို နဲ့ ဆေးသားညီ ပုံမှားရိုက်ပြီး လှုပ်ရှားခဲ့တာတွေကို ဖေဖေ မသိဘဲ ကိုကိုနဲ့ ဆေး ဘာမှ မဆိုင်ဘူးလို့ တွက်လိုက်တာလား …၊

ဒါမှမဟုတ်လျှင် ဖေဖေ ကိုယ်တိုင် လူငယ်တွေပဲဆိုပြီး ခွင့်လွှတ်နိုင်သည့်ကိစ္စလောက်မို့ ခွင့်လွှတ်ပေးလိုက်တာလား …၊

ဒီလိုလုပ်ငန်းလေးလောက်နဲ့ ဆေး ကို ဖေဖေ ဆက်ဆံရေးအပျက်မခံနိုင်လောက်အောင် ဂရုစိုက်စရာတော့ မလိုဘူးထင်သည်။

ရှုပ်ထွေးသည့် အတွေးတွေကြောင့် ဖေဖေ့နားက ဆေး ခွဲထွက်သွားသည်နှင့် သူမ အပြင်ထွက်လိုက်သည်။

ဆေး က ဆုတ်ပုံကြီးနားမှာ ကားသမားတွေနဲ့ ဘာတွေသွားပြောနေသည်မသိ …။

ဖုန်းထုတ်ပြီး ပြောနေတာလည်း တွေ့ကာ …၊

"ဖေဖေ …"

ဦးကောင်းဓံ ကလည်း ဖုန်းထုတ်၍ တစ်နေရာကိုခေါ်ဖို့ ကြည့်နေစဉ် ခေါ်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်သည်။



"သမီး …"

မျက်နှာတွေမြင့်တက်သွားတဲ့အထိ အံ့ဩသွားကာ စစ တို့ တော့နိုင်သလို ခြေဆုံးခေါင်းဆုံးကြည့်၏။ ပြီးတော့ သူ ဒီကိုရောက်တော့ …၊

"ကိုဆေး က လက်ထပ်တော့မှာ … အဲ့ဒါကြောင့် အလုပ်ရှုပ်နေတာလေ၊ ခဏလေးနော် အန်ကယ်လ် ခေါ်ပေးမယ် …" တဲ့ …။

ဦးကောင်းဓံ မျက်လုံးက စစ ထွက်လာတဲ့ ရှုံ့ခနဲဆိုတွေခနဲရောက်သွားပြီး ချက်ချင်းဆက်စပ်မိသွားလျက် …၊

"သမီးက ဆေးသားညီ နဲ့ …"

"သမီးကို မေမေတို့ သမီးလို့ပဲ သူက သိထားတာ …"

ဦးကောင်းဓံ မျက်မှောင်ကုတ်သွားသည်။ ဖအေနဲ့ အပြင်မှာ တစေ့ဆုံး ရင်ဆိုင်မိတာပေမယ့် သမီးဖြစ်သူ မျက်နှာထက်မှာ ဝမ်းသာလှိုက်လှဲခြင်းကို ရှာမတွေ့ …။

ဖေဖေ သဘောတူပါ့မလားလို့ စိုးရိမ်နေသည့် စကားမျိုးလည်း မဟုတ်နိုင် …။

"အန်ကယ်လ် ဦးမြတ်တင် ရယ်၊ ကိုဆေးရယ်၊ ဖေဖေရယ် ပြဿနာရှိခဲ့တယ်မို့လားဟင် …"

"အဲ့ဒါတွေကို သမီးက သိထားခဲ့တာလား …"

စစ ခေါင်းညိတ်လိုက်ကာ …၊

"ဖေဖေက သမီး လက်ထပ်တော့မယ်ဆိုတာ သိတာတောင် ဘယ်သူနဲ့ဆိုတာ မမေးခဲ့ဘူး …"

"နို့ … ဖေဖေက ဘာမှမပြောရသေးပါဘူး၊ သမီးက ဘာဖြစ်လို့ ဖေဖေ့ကို ကြိုပြီး အပြစ်ထောက်နေတာလဲ …"

"ကိုယ် ပြဿနာရှိခဲ့တဲ့ လူနဲ့ ဖေဖေ ပြန်ပြီး ဆက်ဆံနေတော့ …"

"အဲဒါ သမီးနဲ့ သက်ဆိုင်တယ်ထင်လို့လား …"

"အံ့ဩလို့ပါ … ဖေဖေက ပညာမာနအရမ်းကြီးတဲ့သူပဲ …"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးသားညီ ဘယ်လိုလူလဲဆိုတာ သမီး မသိဘူးထင်တယ် .."

"သိပါတယ် .."

"သူက ဖေဖေ့ထက် မာနကြီးတဲ့လူမျိုး .."

"မဟုတ်ပါဘူး ဖေဖေ .. သူက ကိုယ့်ဒူးကိုယ်ချွန်ခဲ့တဲ့သူပါ၊ အများကြီးသိနေတဲ့လူက သိနေတာတွေကြောင့် လူတွင်ကျယ်လုပ်သလိုဖြစ်နေတတ်ပါတယ်၊ ဖေဖေ သူ့ကို ဒေါက်ဖြုတ်ဖို့ စိတ်ကူးတစ်ခုခုနဲ့ .."

"အဟွန်း .. ဟွန်း .. သမီး စိုးရိမ်သလို စိုးရိမ်နေရင် သူ ဖေဖေ့အလုပ်ကို ဘယ်လက်ခံမလဲ .."

စစ သူ့ကိုလှမ်းကြည့်ရင်း မျက်နှာလေးပျက်နေခဲ့၏။ ဆေး က ဖုန်းပြောရင်း သူမ အပြင်ထွက်နေတာကို ဖျတ်ခနဲကြည့်ပြီးမှ အံ့သြသလို နောက်ထပ်ပြန်ကြည့်၏။

သို့သော် စကားပြောရင်း အုတ်ပုံတွေနောက်ကို လူနှစ်ယောက်နဲ့ ဝင်သွား၏။

"သူ ဖေဖေ့အကြောင်း တစ်ခါမှ မပြောဖူးဘူးလား .."

"ဟင့်အင်း .."

"ဘယ်ပြောမလဲ .. သမီး စိတ်ပူနေသလိုမှ မပူတာ၊ သမီးက သူ့ကို လက်ထပ်ဖို့ရွေးချယ်ထားတယ်ပေါ့ .."

"လက်ထပ်ဖို့ ရွေးချယ်ခဲ့ဖူးတာက ကိုကိုပါ .. သူက ကိုကို့ ညီ.."

"သူ့ကိုတော့ သမီး သဘောကျရွေးလိုက်တယ်လို့ဆိုလိုတာလား မယဉ်ဆွေ ကရော .."

"နှစ်ဦးနှစ်ဖက်က တားမယ့်သူ မရှိပါဘူး .."

"ဖေဖေ့ကို သမီး ထည့်မတွက်ခဲ့ဘူးပေါ့ .."

သားအဖ မျက်လုံးချင်းဆုံသွားကြသည်။ စစ မျက်ဝန်းလေးတွေက ညှိုးငယ်ဟန်ရှိပေမယ့် စိတ်ရှုပ်ထွေးခြင်းကသာ ပိုနေကာ ..၊

"ဖေဖေလည်း သမီးရဲ့သတို့သားကို စိတ်မဝင်စားခဲ့ဘူးမို့လား



ဖေဖေ၊ သမီး ထည့်မတွက်တာမဟုတ်ပါဘူး၊ ဖေဖေ ခေါင်းရှုပ်ရတိုးသွားမှာစိုးလို့ပါ .."

ဦးကောင်းဖဲ က ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ပြီး ခေါင်းတညိတ်ညိတ်နှင့် ပြုံး၏။ လူကြီးရက်တော့ ရယ်ဆိုတာလို ပြုံးလိုက်ရပေမယ့် မဲ့နေသလိုပင် ..၊

"ဖေဖေ ပြောစရာဖြစ်ခဲ့တာကိုး၊ အေးလေ .. ဒါပေမယ့် ဖေဖေ သူ့ကို ဘယ်အလုပ်အတွက် ဆက်သွယ်ခဲ့တာလဲဆိုတာ သမီးသိရင် ဖေဖေ့ကို အနည်းအကျဉ်းတော့ နားလည်သွားမှာပါ၊ ဒါပေမယ့် သမီးရယ် .."

ဦးကောင်းဖဲ သမီးမျက်နှာလေးကို ချွေးမြေ့စွာကြည့်၍ ..၊

"ဖေဖေ သမီး အိမ်ထောင်ရေးကို စိတ်ဝင်စားပါတယ်၊ သမီးရဲ့ စိတ်ကိုသိနေလို့ သမီး စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေဆိုပြီး ကြည့်နေတာပါ၊ ပြီးတော့ သမီး ဘာလုပ်လုပ်ဆိုပြီး ဖေဖေ ပစ်မထားခဲ့ဘူး၊ ဖေဖေ ချေးထားတဲ့ သမီးကို ဖေဖေ စီစဉ်ညွှန်ကြားဖို့ ခက်ခဲနေလို့ပါ .."

"သမီး အဲ့လိုမဟုတ်ပါဘူး ဖေဖေ .. သမီး ဖေဖေ့ကို .."

"ဖေဖေ့ကို သမီးဘက်က အပြစ်ပြန်တောက်စရာတွေ အများကြီးပါ၊ ဒါကြောင့် ဖေဖေ ခပ်မဆိတ်နေနေခဲ့တာ၊ ဒီကောင်လေးကို သမီး ရည်ရွယ်လိုက်တာ မသိခဲ့တာ တစ်ခုကလွဲရင် .."

"အခု သိသွားတော့ ဖေဖေ သဘောမတူနိုင်ဘူးလားဟင် .."

"ဟုတ်တယ်ဆိုရင် သမီး နောက်ဆုတ်မလား .."

စစ တွေတွေလေး ဖြစ်သွားကာ ..၊

"သမီး နောက်မဆုတ်ဘူးဆိုရင် ဖေဖေက ခုနကလို သမီးက ဘက်တိုက်တယ်လို့ ထင်သွားမှာလား .."

ဦးကောင်းဖဲ က ပြုံးလိုက်၏။ ပြီးတော့ ခေါင်းခါ၍ ..၊

"သမီးစိတ်ထဲရှိသလို ဖြေပါ .."

"ဖေဖေနဲ့ ဘာတွေဖြစ်ထားမှန်း မသိပေမယ့် သူက လူကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ..”

“လူဆိုးပါလို့ ဖေဖေ မပြောခဲ့ဘူးထင်တယ် ..”

“ဒါဆို ..”

ဦးကောင်းဖဲ့ အပြုံးမပျက်ကြည့်နေတာကြောင့် စစ နားလည်သွားသည်။ ဒါပေမယ့် သူမ ဝမ်းမသာနိုင်ဘဲ ..၊

“ဖေဖေ့ကို တစ်ခုလောက် တောင်းပန်ပါရစေနော် ..”

“ဘာကိုလဲ ..”

“ဖေဖေက သမီးရဲ့ အဖေမှန်းသူသိရင် ..”

“ပြောလေ .. ဘာဖြစ်လို့လဲ .. သူ့ရွှေသမီးမှန်းသိသွားတော့ သမီး ချက်နာ့ပွင့်တာပေါ့၊ သူ့ဘက်က ဘာနစ်နာတာရှိလို့လဲ ..”

“သူ ကြိုက်မှာမဟုတ်ပါဘူး ..”

“ဟင်!...”

နောက်ထပ် မျက်ခုံးတွေ စုကျုံ့သွားရခြင်းမှာ စစ မျက်လွှာလေးချ၍ ..၊

“ကြိုက်သည်ဖြစ်စေ .. မကြိုက်သည်ဖြစ်စေ လောလောဆယ် မသိစေချင်လို့ပါ ဖေဖေ ..”

“သမီးက ဖေဖေ့ကို ဆွေမျိုးနေးဖြတ်တာတော့ မဟုတ်ပါဘူးနော် ..”

“ကန်တော့ပါ ဖေဖေရယ်၊ မဟုတ်ရပါဘူး .. ဟို .. ဟိုလေ .. သူ့စိတ်ဘယ်လိုနေမလဲမသိလို့ပါ၊ သမီးတို့ ဒီတိုင်းလေးပဲရှိနေချင်သေးတယ်၊ လက်ထပ်ဖြစ်ဖို့ကလည်း ..”

“ကောင်လေးတွေပြောတော့ လက်ထပ်တော့မှာဆို ..”

“အဲ့ဒါ ..”

“ကောင်းပြီလေ .. ဖေဖေ ဒီတိုင်းနေပေးမယ်၊ သမီးတို့ လက်ထပ်ပြီးရင်တော့ ဖေဖေ့ဆီမှာ ဟန်နီးမွန်းအဖြစ် သုံးလတိတိလာနေရမယ်..”



“သုံးလ ..”

“ဖေဖေက သမီး လက်ထပ်ရင်မလာတော့ဘူးလား ..”

“ခုထိ မသိသလိုနေပေးရမယ့် ဖအေတစ်ယောက်က အုန်းနဲ့လည်း အဆင်မပြေဖြစ်ခဲ့တဲ့ လူအဖြစ်နဲ့ ဖေဖေလည်း စိတ်ကောက်နေချင်သေးတာပေါ့ ..”

စစ အံ့ဩသလိုလေး ကြည့်နေပြီးမှ ရယ်မိ၏။ ဦးကောင်းဖဲ့ က ပြုံးနေကာ ..၊

“သမီးတို့ ဖေဖေ့ကို လာကန်တော့ပြီး ချော့ရမယ်၊ ဘယ်လိုလဲ ဖေဖေတို့ ပြဇာတ်ကကြည့်မလား ..”

တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရယ်မိကြ၏။ ပြီးတော့ ဦးကောင်းဖဲ့ က စစ ခေါင်းလေးကို လှမ်းပုတ်ကာ ..၊

“ဖေဖေ့အလုပ်တွေကို စိတ်ဝင်စားမယ့် သားတစ်ယောက်ဖြစ်ခဲ့ရင် ဖေဖေ့အိမ်မက်တွေပြည့်စုံပြီပေါ့ ..”

ဟင် ..၊

ရယ်နေသည့် စစ အပြုံးလေးတွေ ခရီးမဆုံးဘဲဖြစ်သွား၏။ ဆေး က ဖေဖေ့အလုပ်တွေကို စိတ်ဝင်စားသွားရင် ဖေဖေ့လိုပဲ နိုင်ငံရပ်ခြားမှာပေါ့ ..။

တစ်ခုခုပြောမလို့ ပြင်လိုက်တော့ ဆေး က လူတစ်ယောက်နဲ့အတူ ဒီဘက်ကို လျှောက်လာနေပြီဖြစ်ကာ ဖေဖေကလည်း အပြင်ကိုလျှောက်ထွက်သွားပြီဖြစ်၏။

အဲ့လိုကြီးတော့ မရပါဘူး ..၊

ဖေဖေ ကားပေါ်တက်သွားတဲ့ထိ စစ စိတ်ညစ်လို့ကောင်းနေတုန်း

“ဘာထွက်လုပ်နေတာလဲ .. ချာတိတ်မ ..”

ဆေး က စစ ပခုံးလေးကျုံ့ပါသွားအောင် ဆွဲဖက်လိုက်ပြီး နားသယ်စပ်လေးကို နမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေ ဒီဘက်မှာ အာရုံမရှိကြတာ သိပေမယ့် ဘက်နိဆုတ်နေသည့် ကားပေါ်ကနေက ဖေဖေ မြင်သွားမလား ...၊

စစ သူ့လက်ကို ဖယ်ချပစ်ရင်း မျက်နှာပူသွားတာကို ဘယ်ဝှက်ထားရမှန်းမသိ ...၊

"ဘာဖြစ်တာလဲကွာ ... မျက်နှာတစ်ခုလုံး နီရဲနေတာပဲ၊ အဲ့လို ရှက်နေရင် ပိုနမ်းချင်တယ် ..."

"ဆေး နော် ..."

"ဟား ... ဟား ... ဟား ..."

လှကို ဖက်မလို့ ကိုယ့်ကိုကားယားလုပ်နေသည့် လက်တွေကို ပုတ်ခတ်ဖယ်ချနေရင်း ဖေဖေ့ကားကိုလည်းကြည့်မိ၏။

မရှိတော့ပေမယ့် ရှက်တာက ရှက်တာပဲဖြစ်ကာ၊

ရှင်ကြီး မြန်မာနိုင်ငံမှာ ငြိမ်ငြိမ်မနေဘူး ပြောလာကြည့် ...၊

ပြောတဲ့နေ့က ဖြတ်ပစ်တဲ့နေ့ပဲမှတ် ...၊

ခြေထောက် ...၊

ဝရီသတ်အတွက်
ထာဝရ

BURMESE CLASSIC

www.burmeseclassic.com